
# အသုံးချကျင့်လမ်း မြတ်ပဋ္ဌာန်း

ဦးယောသိတာဘိဝံသ
(ကာလီဖိုးနီးယား)



# အသုံးချကျင့်လမ်း ဖြတ်ပဋ္ဌာန်း


**ဦးဃောသိတာဘိဝံသ**

**(ကာလီဖိုးနီးယား)**


စုစည်းပူဇော် သင်ကြားပို့ချသည်။


သာသနာ – ၂၅၆၇ ကောဇာ – ၁၃၈၅ ခရစ် – ၂၀၂၄

# အမှာစကား

ဝင်းမေတ္တာ ဓမ္မသင်တန်းမှ ပဋ္ဌာန်းတရားတော်ကို သင်ကြားပေးဖို့ စီစဥ်သောအခါ မြန်မာပြည်မှ ရဟန်းလူပညာရှိများ ဟောကြားသင်ကြားရေးသားထားသော ပဋ္ဌာန်းနှင့် ပတ်သက် သော စာအုပ်များကို ရနိုင်သမျှစုဆောင်းရှာဖွေခဲ့ပါတယ်။

ပဋ္ဌာန်းတရားတော်ကို သင်ပေးသည့်အခါ မိမိကိုယ်တိုင်က ကမ္မဋ္ဌာန်းဆရာ ဖြစ်နေသဖြင့် စာသဘော သက်သက်မျှသာ မဟုတ်ဘဲ၊ လက်တွေ့သဘောကျင့်သုံးနိုင်အောင် သင်ပေးမှ ကောင်းမယ်လို့ စဥ်းစားမိသည့်အတွက် "အသုံးချကျင့်လမ်း မြတ်ပဋ္ဌာန်း" ခေါင်းစဥ်ဖြင့် ပဋ္ဌာန်းတရားတော်ကို Zoom Online ကနေပြီး ရက်ပေါင်းများစွာ ယောဂီဖြစ်သည့် ဓမ္မ သင်တန်းသူ/သင်တန်းသားများကို သင်ပြပေးခဲ့ပါတယ်။

ယင်းသို့ သင်ပေးရာတွင် ရဟန်းလူပညာရှိ ဟောကြားသင်ကြားရေးသားထားသော စာအုပ်များမှ ကောင်းနိုးရာရာ အချက်အလက်များကို အနှစ်ချုပ် ထုတ်နှုတ်ပြီး မှတ်စုများကို ပေးခဲ့ပါတယ်။

ပဋ္ဌာန်းတရားတော်ကို စိတ်ဝင်စားသဖြင့် လေ့လာလိုသူများသည် ဤမှတ်စုစာအုပ်ကို လေ့လာရုံမျှဖြင့်လည်း နားလည်သဘောပေါက်နိုင်ဖို့ မလွယ်ကူနိုင်သလို၊ သင်ကြားထားသည့် အသံကို နားထောင်ရုံမျှဖြင့်လည်း နားလည်သဘောပေါက်ဖို့ မလွယ်ကူနိုင်ပါ။

သင်ကြားထားသည့်အသံကိုနားထောင်ရင်း ဤမှတ်စုစာအုပ်ကိုကြည့်ပြီး လေ့လာနိုင်လျှင် ပိုပြီးအကျိုးကျေးဇူးများနိုင်မှာပါ။ ပဋ္ဌာန်းတရားတော်ကို လေ့လာသင်ယူသဖြင့် အပြည့်အစုံ နားလည်သဘောပေါက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်သည့် ကိစ္စပါ။ အကြောင်းကတော့ ပဋ္ဌာန်းတရား တော်သည် မြတ်ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်အစွမ်းကို ပြသထားသည့်တရား ဖြစ်တော်မူ သောကြောင့် ဖြစ်ပါတယ်။

ထိုသင်ကြားထားသည့်အသံနှင့် ဤမှတ်စုစာအုပ်သည် ပဋ္ဌာန်းတရားတော်ကို လေ့လာ သင်ယူသူများအတွက် အလွန်ကျယ်ဝန်းသည့် သမုဒ္ဒရာကို ကြည့်သည့်အခါ မိမိမျက်စိတစ်ဆုံး မြင်ရုံမျှဖြင့် သမုဒ္ဒရာကို မြင်ဖူးတယ်လို့ ပြောနိုင်သလို ပဋ္ဌာန်းတရားတော်ဆိုတာ အလွန် ကျယ်ဝန်း နက်နဲသဖြင့် နားလည်သဘောပေါက်ဖို့ ခက်ခဲသည့်အတွက် အကြောင်းအကျိုး ဆက်စပ်ဖြစ်နေ သည့် ရုပ်နာမ်ပညတ်တရားများကို ဟောကြားထားခြင်းဖြစ်တယ်လို့ သဘောပေါက်ရုံမျှသာ နားလည်နိုင်မှာပါ။

ဘယ်အရာမဆို အခြေခံသဘောတရားကို ပိုင်နိုင်မှသာ အထက်သို့တက်ရမှုမှာ လွယ်ကူ ပါတယ်။ အခြေခံသဘောတရားကို မပိုင်နိုင်ရင်တော့ အထက်တက်လေ ခက်လေ ဖြစ်တတ်ပါ တယ်။ အထက်သို့တက်ဖို့ရာ အခြေခံကောင်းရဖို့အတွက် ဤသင်ကြားချက်များကို သေချာ လေ့လာနိုင်လျှင် အထောက်အကူပြုပါလိမ့်မယ်။

အခြေခံ အသိဉာဏ်ရသွားလျှင် ပဋ္ဌာန်းတရားတော်ကို ရွတ်ဖက်ပူဇော်ရသည့်အခါ ဖြစ်စေ၊ ကျင့်ကြံအားထုတ်ရသည့်အခါဖြစ်စေ လေးနက်စွာ ရွတ်ဖတ်ပူဇော်နိုင်ခြင်း၊ အခြေခံဉာဏ်များ ဖြစ်ဖို့ အလွန်အထောက်အကူပြုခြင်း အကျိုးကျေးဇူးများကို ရနိုင်မှာပါ။

ဤ ပဋ္ဌာန်းသင်တန်းဖြစ်ပေါ်လာအောင် အားပေးကူညီကြသည့် ဝင်းမေတ္တာ ဓမ္မသင်တန်း ကို ဦးစီးဆောင်ရွက်နေကြသော ကိုကြည်ရှိန်နှင့် အဖွဲ့ဝင်များ၊ ဓမ္မသင်တန်းသူ သင်တန်းသားများ ကိုငှင်း၊ ဤမှတ်စုစာအုပ်ကို အမှားအမှန်ကြည့်ရှုပေးကြသော ဦးခေမိဿရ (ဓမ္မဒူတ၊ မန္တလေး)၊ ဦးဉာဏိန္ဒ (မင်္ဂလာဒုံ)၊ ဒေါက်တာစန္ဒာဝရ တို့ကိုငှင်း၊ အထူးသဖြင့် ဤမှတ်စုစာအုပ်ကို သင်ကြား နေစဉ်အချိန်မှာရော သင်ပြီးစာအုပ်ထုတ်ဖို့ စီစဉ်သည့်အခါပါ စိတ်ရှည်စွာ စာရိုက်ပေးခဲ့သော မသွယ်ဇင်စိုးကိုငှင်း အထူးမှတ်တမ်းတင် ဂုဏ်ပြုဖော်ပြပါရစေ။

သတ္တဝါအားလုံး ချမ်းသာစွာဖြင့် သူတော်ကောင်းတရားတွေကို ကျင့်နိုင်ကြပါစေ။

ကျင့်သည့်အတိုင်း သူတော်ကောင်းတရားတွေကို ရရှိကြပါစေ။

ဦးဃောသိတာဘိဝံသ
မေတ္တာနန္ဒဝိဟာရဆရာတော်
အောက်တိုဘာလ (၃)ရက်၊ ၂ဝ၂၃ ခုနှစ်။

# အသုံးချကျင့်လမ်း မြတ်ပဋ္ဌာန်း

## မာတိကာ

စာမျက်နှာ နံပါတ်


- ပိဋ္ဋကသုံးပုံ နှင့် ဒေသနာသုံးရပ် 1
- ပိဋ္ဋကသုံးပုံ နှင့် သာသနာသုံးရပ် 1
- ပိဋ္ဋကသုံးပုံ နှင့် ကထာသုံးမျိုး 2
- ပိဋ္ဋကသုံးပုံ နှင့် သိက္ခာသုံးပါး 2
- ပိဋ္ဋကသုံးပုံ နှင့် ပဟာန်သုံးမျိုး 3
- အဘိဓမ္မာပိဋ္ဋကတော်၏ နက်နဲခြင်း လေးပါး 4
- သာဂရ = ပင်လယ်လေးမျိုး 4
- အဘိဓမ္မာ (၇)ကျမ်း (၁၂)အုပ် 5
- အကျယ်ဝန်းဆုံးသော ပဋ္ဌာန်းကျမ်းကြီး 7
- ပထမဦးဆုံး ပျောက်ကွယ်မည့်ကျမ်းကြီး 8
- အဘိဓမ္မတ္ထသင်္ဂဟ 8
- သဗ္ဗညုတဉာဏ်တော် အစွမ်း (၃) ပါး 8
- ပဋ္ဌာန်းဟူသည် 9
- “ပဋိစ္စသမုပ္ပါဒ်နည်း” နှင့် “ပဋ္ဌာန်းနည်း” ထူးခြားမှု 9
- (၂၄) ပစ္စည်း (ပစ္စယနိဒ္ဒေသပါဠိ) 11
- (၂၄) ပစ္စည်း အဓိပ္ပါယ် (ဘုရားရှိခိုး) 12

## အာရမ္မဏပစ္စယော


- အာရမ္မဏပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 18
- အာရမ္မဏပစ္စည်း အဓိပ္ပါယ် 18
- ပစ္စယော = “ကျေးဇူးပြုသည်”ဟူသည်... 19
- ပဌာန်းနည်း 20
- အာရုံ (၆) ပါး 20
- ဝိညာဏဓာတ် (၇) ပါး 21
- “အာရုံ (၆) ပါး” နှင့် “အာရမ္မဏိကတရားများ 22
- စိတ်ဖြစ်စဉ် 25
- ကုသိုလ်ဖြစ်ဖို့ အရေးကြီးခြင်း 26
- အာရုံများကို ဖြစ်ကာမျှဖြင့် ဖြစ်ပြီးပျက်နေမှုကို သိအောင်ရှုရခြင်း 27
- ” အာရမ္မဏပစ္စည်း”၏ “အချိန်ကာလ၊ ဒေသ နှင့် ပုဂ္ဂိုလ်” 28
- အဆုံးအမစကား 29
- ပရမတ္ထတရား (၄) ပါး 30
- အာရမ္မဏပစ္စည်း (ပဥ္စာဝါရ - ပါဠိ) 31


## ဟေတုပစ္စယော


- ဟေတုပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 35
- ဟေတုပစ္စည်း အဓိပ္ပါယ် 35
  - ➯ ရှင်းလင်းချက် 35
- အကုသိုလ်ဟိတ်များ ကျေးဇူးပြုခြင်း 38

စာမျက်နှာ နံပါတ်


- ကုသိုလ်ဟိတ်များ ကျေးဇူးပြုခြင်း 38
- “ဟိတ်တရား” နှင့် “စိတ်” 39
- “ဟိတ်” နှင့် “ရုပ်များ” 40
- “ပဋိသန္ဓေအခါ” နှင့် “ပဝတ္တိအခါ” ခွဲခြားခြင်း 40
- “သဟိတ်ကမ္မဇရုပ်” ၊ “သဟိတ်စိတ္တဇရုပ်” 41
- “ဟေတုပစ္စည်း”၌ “ဥတုဇရုပ်၊ အာဟာရဇရုပ်”များ မရ 41
- အကျိုးနာမ်ခန္ဓာအား သက်ရောက်ခြင်း 42
- အကျိုးရုပ်ခန္ဓာအား သက်ရောက်ခြင်း 42
- “ဟေတုသတ္တိ”၏ “အချိန်ကာလ၊ နေရာဒေသ နှင့် ပုဂ္ဂိုလ်” 42
- အသုံးချ ကျင့်စဉ် 43
- “သုတ္တန်နည်း” နှင့် “အဘိဓမ္မာနည်း” 43
- အဝိဇ္ဇာ၊ တဏှာ၏ လှည့်စားမှု 44
- ဟေတုပစ္စည်း (ပဉှာဝါရ - ပါဠိ) 45
- (၂) ချက်စု 47
- (၃) ချက်စု 47
- ” အမောဟ” ၏ အမည်ငါးမျိုး 50
- အဆုံးအမစကားများ 50


## အဓိပတိပစ္စယော


- အဓိပတိပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 51
- အဓိပတိ အဓိပ္ပါယ် 51
- အဓိပတိ (၂) မျိုး 52

စာမျက်နှာ နံပါတ်


- သဟဇာတာဓိပတိ 53
    - ဇောစိတ် (၅၅) ပါး 54
    - "အဓိပတိ မဖြစ်နိုင်သောစိတ်များ" နှင့် "အဓိပတိ ထိုက်သောစိတ်များ" 54
    - "ရုံခါသာ အားကောင်းထက်သန်သောဇော" ၊ "အမြဲတမ်း အားကောင်းထက်သန်သောဇော" 55
    - "အဓိပတိ"ဟူသည်မှာ တစ်ဦးတည်းသာ 56
    - အဓိပတိတရားတို့၏ အစွမ်းသတ္တိ 58
    - "ဆန္ဒ" နှင့် "လောဘ" 60
- အာရမ္မဏာဓိပတိ 62
    - "ပစ္စည်း"မတပ်နိုင်သော တရားများ 66
    - "အဓိပတိသတ္တိ"၏ "အချိန်၊ နေရာ နှင့် ပုဂ္ဂိုလ်" 66
    - အဓိပတိသတ္တိစွမ်းအင် (၁၀) မျိုး 67
    - အောင်မြင်သူတို့၏ နည်းလမ်း 67
    - "သခင်နှင့်တူသောတရား" ၊ "ကျွန်နှင့်တူသောတရား" 68
- သဟဇာတာဓိပတိ ပစ္စယသတ္တိ 68
- အာရမ္မဏာဓိပတိသတ္တိ 69
- အတွင်းအဇ္ဈတ္တကို အကောင်းဘက်ပြောင်းလဲသွားအောင် အလေးအနက်ထားရမည့် အာရုံ (၃)မျိုး 70
- အဓိပတိပစ္စည်း (ပဉ္စာဝါရ - ပါဠိ) 72

## အနန္တရပစ္စယော၊ သမနန္တရပစ္စယော


- အနန္တရပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 74
  - အနန္တရ အဓိပ္ပါယ် 75
  - အနန္တရပစ္စယော 76
  - ထင်ရှားအောင် ဖော်ပြခြင်း 76
  - လျှပ်တစ်ပြက်အတွင်း၌ စိတ်ကုဋေတစ်သိန်း ဖြစ်ခြင်း ပျက်ခြင်း 77
  - နိယာမတရား (၅) ပါး 79
  - “အာရမ္မဏပစ္စည်း” နှင့် “အနန္တရပစ္စည်း” “သမနန္တရပစ္စည်း” တို့၏ ဆက်စပ်မှု 80
  - “အကြောင်းစိတ်”၊ “အကျိုးစိတ်”၊ “အကြောင်းအကျိုးလွတ်စိတ်” 80
  - စိတ်တို့၏ လုပ်ငန်းကိစ္စများ 81
  - စိတ်သံသရာ 84
  - အထူးမှတ်ဖွယ်များ 85
  - အာရုံ “သိစိတ်” နှင့် “မသိစိတ်” 86
  - “ဧည့်သည်စိတ်” နှင့် “အိမ်ရှင်စိတ်” 86
  - ရုပ်တရား၌ အနန္တရပစ္စည်း မရှိ 87
  - “ရုပ်တရား” နှင့် “နာမ်တရား မတူခြင်း 87
  - အနန္တရ (၃) မျိုး 87
  - “ရုပ်ဖြစ်ပျက်ခြင်း” နှင့် “နာမ်ဖြစ်ပျက်ခြင်း” ကွဲပြားမှု 88
  - “ရှုပ်ထွေးစွာ နေရာဖယ်ပေးခြင်း” နှင့် “ရှင်းလင်းစွာ နေရာဖယ်ပေးခြင်း” 88

- “အနန္တရသတ္တိ”၏ အချိန်၊ နေရာ နှင့် ပုဂ္ဂိုလ် 89
- ဝီထိ စိတ်ဖြစ်စဉ်များ 89
  - ♦ အာဒိကမ္မိက ဈာနဝီထိ 91
  - ♦ သမာပဇ္ဇန ဈာနဝီထိ 91
  - ♦ မဂ္ဂ ဝီထိ 91
  - ♦ ဖလသမာပတ္တိ ဝီထိ 91
  - ♦ ပစ္စဝေက္ခဏာဝီထိ 92
- မနသိကာရ (၃) မျိုး 93
- နည်း (၄) နည်း 94
- အနန္တရပစ္စည်း (ပဉ္စာဝါရ - ပါဠိ) 96

- ○ သမနန္တရပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 97
  - သမနန္တရ အဓိပ္ပါယ် 98
  - “အနန္တရ” နှင့် “သမနန္တရ” ဥပမာများ 99
  - ”သမနန္တရ” ၌ “သံ”ပုဒ် အဓိပ္ပါယ် 99
  - သမန္တရပစ္စည်း (ပဉ္စာဝါရ - ပါဠိ) 100

**သဟဇာတပစ္စယော ၊ အညမညပစ္စယော ၊ နိဿယပစ္စယော**

- ○ သဟဇာတပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 101
- ○ အညမညပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 101
- ○ နိဿယပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 101
- ○ သဟဇာတ အဓိပ္ပါယ် 102

- အတူဖြစ်သော တရားတိုင်းသည် "သဟဇာတသတ္တိ" မရှိ 105
- ဘုံအလိုက် ကျေးဇူးပြုခြင်း 106
- "သဟဇာတပစ္စည်း" နှင့် အခြားပစ္စည်းငါးမျိုး 108
- "ရုပ်" နှင့် "နာမ်" တို့ အတူဖြစ်ခြင်းအားဖြင့် ခွဲခြားမရအောင် ရောနှောမှုမဟုတ် 109
- "သဟဇာတသတ္တိ"၏ အချိန်၊ နေရာ နှင့် ပုဂ္ဂိုလ် 109

- အညမည အဓိပ္ပါယ် 110
  - "အညမညပစ္စည်း" အင်္ဂါ (၂) ပါး 110
  - အခြားပစ္စည်းတို့လည်း ကျေးဇူးပြုခြင်း 111
  - "သဟဇာတပစ္စည်း"၊ "အညမညပစ္စည်း"တို့၏ သဘောများ 112
    - အနာထပိဏ်သူဌေးသား မောင်ကာလ 112
    - ရာဇရဟန်း 113
    - ဘုရားအလောင်း မျောက်မင်း 113

- နိဿယ အဓိပ္ပါယ် 115
  - သဟဇာတနိဿယ 115
    - အဆုံးအမ စကားများ 116
  - သဟဇာတပစ္စည်း (ပဥ္စာဝါရ - ပါဠိ) 118
  - အညမညပစ္စည်း (ပဥ္စာဝါရ - ပါဠိ) 120
  - ဝတ္ထုရုပ်(၆)ပါး 123
    - အဆုံးအမ စကားများ 124
  - အဘိဓမ္မာနည်း 126

- ➢ သုတ္တန်နည်း 126
- ➢ အညမညပစ္စည်း (ပဉ္စာဝါရ - ပါဠိ) 127
- ➢ နိဿယပစ္စည်း (ပဉ္စာဝါရ - ပါဠိ) 127
- ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော 130
- ကမ္မဇရုပ် အစဖြစ်/အလယ်ဖြစ်/အဆုံးဖြစ်/အဆုံးချုပ် 131
- သဟဇာတနိဿယ 132
- ပုရေဇာတနိဿယ 132
- ဝတ္ထုပုရေဇာတပစ္စည်း၏ အင်္ဂါ (၄) ပါး 132
- နာမ်တရားတို့ ရှေးရှေးဝတ္ထုရုပ်ကို မှီရခြင်း 134
- ပဋိသန္ဓေစိတ်၏ မှီရာ 135
- သေခါနီးစုတိစိတ်၏ မှီရာ 135
- "ဝတ္ထုပုရေဇာတနိဿယသတ္တိ" နှင့် အချိန်၊ နေရာ၊ ပုဂ္ဂိုလ် 135
- ရုပ်နှင့်နာမ်သည် အဘယ်တရားက အရေးကြီးသနည်း။ 136
- ဝိပဿနာရှုနည်း 137
- "သဟဇာတ", "အညမည", "နိဿယပစ္စည်း"တို့၏ လက်တွေ့ကျင့်စဉ် 138
- ရုပ်ရှုနည်း (၂) မျိုး 139
- ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းရှုနည်း 140


## ဥပနိဿယပစ္စယော


- ဥပနိဿယပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 142
- ဥပနိဿယပစ္စည်း အဓိပ္ပါယ် 143
- ဥပနိဿယ (၃) မျိုး 143

- "ကေသဍ္ဍိ" ဟု ဟောတော်မူရခြင်း 146
- ဥပနိဿယပစ္စည်း (ပဥှာဝါရ - ပါဠိ) 148
- သမ္ပတ္တိစက် (၄) ပါး 156
- "ဥပနိဿယ" နှင့် "နိဿယ" 156
- "အနန္တရူပနိဿယ" နှင့် "ပကတူပနိဿယ" 157
- "ဥပနိဿယသတ္တိ" ၏ အချိန်, နေရာ, နှင့် ပုဂ္ဂိုလ် 158
- ဥတုဘောဇနမှ...စသည်၌ "ပိ"ပုဒ်များ ထည့်ဟောရခြင်းအကြောင်း 159


## ပုရေဇာတပစ္စယော


- ပုရေဇာတပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 160
- ပုရေဇာတ အဓိပ္ပါယ် 161
- ပုရေဇာတပစ္စယသတ္တိ 161
- အာရမ္မဏပုရေဇာတပစ္စည်း 161
- ပုရေဇာတပစ္စည်း (ပဥှာဝါရ - ပါဠိ) 164
- "ပုရေဇာတသတ္တိ" ၏ အချိန်, နေရာ, နှင့် ပုဂ္ဂိုလ် 166
- ကိဉ္စိကာလေ 167


## ပစ္ဆာဇာတပစ္စယော


- ပစ္ဆာဇာတပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 168
- ပစ္ဆာဇာတပစ္စည်း အဓိပ္ပါယ် 168
- ရုပ်နာမ်ခန္ဓာဖြစ်ပုံ 169
- ပစ္ဆာဇာတပစ္စည်း (ပဥှာဝါရ - ပါဠိ) 174

စာမျက်နှာ နံပါတ်


- အာဟာရဇရှပ် နှစ်မျိုး 175
- "ပုရေဇာတ" နှင့် "ပစ္ဆာဇာတ" သဘော 175
- "ပစ္ဆာဇာတပစ္စည်း"သည် "အထောက်အကူပြုပစ္စည်း" 176
- အဆုံးအမ ဩဝါဒစကား 179
- သားသမီး၊ တပည့် (၃) မျိုး 180


## အာသေဝနပစ္စယော


- အာသေဝနပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 181
- အာသေဝန အဓိပ္ပါယ် 181
- အာရုံ နှင့် ဝီထိစိတ် 182
- ပစ္စည်းတရား 184
- ပစ္စယုပ္ပန်တရား 184
- "ဥပနိဿယ" နှင့် "အာသေဝန" 185
- တိက္ခပညာ ပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ ပုံစံ 186
- မန္ဒပညာ ပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ ပုံစံ 186
- အာသေဝနပစ္စည်း (ပဋ္ဌာဝါရ - ပါဠိ) 186
- "အာသေဝနသတ္တိ"၏ အချိန်, နေရာ, နှင့် ပုဂ္ဂိုလ် 187
- ဇောစေတနာ နှင့် အကျိုးပေးရာဘဝ 187
- ဒါန၏ ဒိဋ္ဌဓမ္မအကျိုး 187
- ကုသိုလ်ဖြစ်ကြောင်းတရား (၄) ပါး 188
- အဆုံးအမ ဩဝါဒစကားများ 188

- အကျိုးပေးရာတွင် အကုသိုလ်ကံသည် ကုသိုလ်ကံထက် ပိုမိုမြန်ဆန်လွယ်ကူနေခြင်း 189
- "အာသေဝနပစ္စည်း"ဟူသည်... 190
- "အာသေဝနပစ္စည်း" နှင့် အမျိုးတူပစ္စည်းများ 190
- "ပစ္စေကဗုဒ္ဓ" နှင့် "သာဝကရဟန္တာမြတ်" များသည် စရိုက်ဝါသနာများကို မပယ်နိုင်ကြခြင်း 191

## ကမ္မပစ္စယော

- ကမ္မပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 192
- "စေတနာ" နှင့် "ကမ္မ (ကံ)" သဘောများ 192
- သတ္တဝါတို့၏ အရှင်သခင် 193
- "စေတနာ" မည်သော ကံနှစ်မျိုး 194
- မရှိပဲနှင့် အကျိုးပေးမှု 196
- "စေတနာ" နှင့် "ကံ" 197
- လောကုတ္တရာ ကုသိုလ်ကံ 198
- စေတနာသည် ခန္ဓာကိုယ်ကို ဖြစ်စေခြင်း 199
- သဟဇာတကမ္မ 199
- ပဋိသန္ဓေ (၄) မျိုး 200
- ကုသိုလ် (၂) မျိုး 200
- ကမ္မသတ္တိ၏ ဥပမာများ 200
- ကမ္မသတ္တိ (၂) မျိုး 201
- ကမ္မပစ္စည်း (ပဉ္စာဝါရ - ပါဠိ) 203

- ပုဂ္ဂိုလ် ၊ သန္တာန် ၊ ကာလ နှင့် ကမ္မသတ္တိ 204
- ကံ (၂) ခု 204
- " ဗျာပါရ" ဟူသည်... 205
- ကုသိုလ်ကံ (၃) မျိုး 206
- အဆုံးအမ စကားများ 207
- လူ့ဘဝ၏ အရေးအကြီးဆုံးသော လိုအပ်ချက် 208
- ပစ္ဆိမဘဝိက ပုဂ္ဂိုလ် (၂) မျိုး 209
- စေ့ဆော်မှု (စေတနာ) နှင့် အတ္တဘော (၄)မျိုး 210
- တန်ဖိုးရှိသော အဆုံးအမများ 211
- ခေါင်းဆောင်၊ မိဘ၊ ဆရာ၊ အကြီးအကဲ ဟူသည်... 211
- ပယောဂ (၂) မျိုး 212
- လုံ့လဝီရိယ (၂) မျိုး 212
- မဃဒေဝလင်္ကာ 213
- အသက်မွေးဝမ်းကျောင်းပြုသူ လေးမျိုး 214
- အဆုံးအမစကား 214
- သမ္ပတ္တိ ငါးပါး 215
- ဥပဓိသမ္ပတ္တိ (၂) မျိုး 216
- ပယောဂသမ္ပတ္တိ (၂) မျိုး 216
- ဉာဏသမ္ပတ္တိ (စံကျောင်းဆရာတော်) 217
- လုပ်ငန်းဆောင်ရွက်ပုံ ကိစ္စအစွမ်းအားဖြင့် ကံ (၄) ပါး 218
- "အတိတ်ကံ (၃) ပါး" နှင့် "ပစ္စုပ္ပန်ကံ (၃) ပါး" 218

- အကျိုးပေးကွဲပြားမှု 219
- အကုသိုလ်ကံမှ လွတ်အောင်ပြုလုပ်နည်း 221
- ကံ နှစ်မျိုး 223
- ခံစားခွင့်ရှိသည် အားလျော်စွာ ခံစားရ 224
- ကံတရား 225


## ဝိပါကပစ္စယော


- ဝိပါကပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 226
- ဝိပါက အဓိပ္ပါယ် 226
- " ဝိပါကပစ္စည်းတရား" နှင့် "ဝိပါကပစ္စယသတ္တိ" 228
- စိတ်ကို သုံးမျိုး ခွဲခြားခြင်း 230
- ဝိပါက်စိတ်တို့၏ သဘော 232
- " ကာလ ၊ ဌာန ၊ ပုဂ္ဂိုလ်" နှင့် " ဝိပါက သတ္တိ" 234
- ဝိညတ်ရုပ် နှစ်ပါးတို့ကို ကျေးဇူးမပြုခြင်း 234
- " ကံ" နှင့် " ဝိပါက်" တွဲစပ်ခြင်း 235
- အကျိုးကောင်းလိုချင်လျှင် အကြောင်းကံ ကောင်းအောင်ပြု 235
- အဆုံးအမ ဩဝါဒစကား 236
- ကုသိုလ်ကံ၏အကျိုး ထက်သန်ဖွံ့ဖြိုးစေရန်... 236
- "တိဟိတ်ဥက္ကဋ္ဌကုသိုလ်" နှင့် "တိဟိတ်ဩမကကုသိုလ်" 237
- အဆုံးအမ စကားများ 238
- ပစ္စယနိဒ္ဒေသ၌ ဝိပါကပစ္စည်းဟောခြင်းသည် "သာဝသေသ ဒေသနာ" 239
- ဝိပါကပစ္စည်း (ပဉှာဝါရ) 240

## အာဟာရပစ္စယော


- အာဟာရပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 241
- အာဟာရပစ္စည်း အဓိပ္ပါယ် 241
- အာဟာရ (၂) မျိုး 242
- အာဟာရပစ္စည်း (ပဉှာဝါရ - ပါဠိ) 243
- ရုပ်အာဟာရ (၂) မျိုး 244
- အာဟာရနှစ်မျိုး ကျေးဇူးပြုခြင်း 246
- နာမ်အာဟာရ 248
- ကျေးဇူးပြုခြင်း 249
- "ကာလ ၊ ဌာန ၊ ပုဂ္ဂိုလ်" တို့နှင့် "အာဟာရသတ္တိ" 250
- သုတ္တန်နည်း (ပဋိစ္စသမုပ္ပါဒ်နည်း) နာမ်အာဟာရတို့သည် ကျေးဇူးပြုခြင်း 250
- အသက်ကို ဉာဏ်စောင့် 251
- အာဟာရအတွက် သုံးဆောင်မှု ရည်ရွယ်ချက်များ 253
- အဆုံးအမ ဩဝါဒစကား 253
- အာဟာရလေးပါးတို့နှင့် ဥပမာများ 255
- အဆုံးအမ ဩဝါဒစကား 260
- ဖြစ်စဉ် (ပဋိစ္စသမုပ္ပါဒ်အရ ကြည့်ခြင်း) 261
- သတ္တဝါဖြစ်ခြင်း 263
- ဂဗ္ဘသေယျကပုဂ္ဂိုလ် ပဋိသန္ဓေတည်နိုင်ဖို့ အကြောင်း (၃) မျိုး 264
- အသက်ကို ဉာဏ်စောင့်၊ ဥစ္စာကို ကံစောင့် 266

## ကုန္ဒြိယပစ္စယော


- ကုန္ဒြိယပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 267
- ကုန္ဒြိယပစ္စည်း အဓိပ္ပါယ် 267
- ကုန္ဒြိယ (၃) မျိုး 268
- "အဓိပတိပစ္စည်း" နှင့် "ကုန္ဒြိယပစ္စည်း" ထူးခြားချက် 268
- ၁။ ဝတ္ထုပုရေဇာတိန္ဒြိယ 269
  - ➢ ဟဒယဝတ္ထုရုပ် 270
- ၂။ ရူပဇီဝိတိန္ဒြိယ 271
  - ➢ ရုပ်ဇီဝိတကို သီးခြားထုတ်ဟောရခြင်း 271
- ၃။ သဟဇာတိန္ဒြိယ 272
- ကုန္ဒြေများ 274
- ဘာဝရုပ် ကုန္ဒြေနှစ်ပါးသည် ကုန္ဒြိယပစ္စည်း မထိုက်ခြင်း 276
- "သဟဇာတိန္ဒြေ" နှင့် "အဓိပတိ" ထူးခြားမှု 277
- ဇီဝိတရုပ်သည် ရုပ်တို့ကို အစိုးရခြင်း 278
- သဟဇာတိန္ဒြိယ ကျေးဇူးပြုပုံ 278
- ကုန္ဒြိယပစ္စည်း (ပဥှာဝါရ - ပါဠိ) 279
- "အချိန်ကာလ ၊ ဌာန ၊ ပုဂ္ဂိုလ်" နှင့် "ကုန္ဒြိယသတ္တိ" 280
- တိပိဋကဓရဆရာတော် အရှင်ပေါဋ္ဌိလ၏ ကမ္မဋ္ဌာန်း ရှုနည်း 282
- နာမ်ကုန္ဒြေတရားတို့ကို အသုံးချခြင်း 283
- အဆုံးအမ စကား 283
- မီး (၁၁) မျိုးဖြင့် တောက်လောင်နေသော အရာများ 284

- စောင့်စည်းမှုအကျိုး 285
- ဣန္ဒြေသိက္ခာရှိခြင်း (သန္တိန္ဒြိယော) 287


## ဈာနပစ္စယော


- ဈာနပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 288
- “ဈာန်” ဟူသည်... 288
- “ဈာန်အင်္ဂါ” နှင့် “ဈာန်” 289
- ဈာန်အင်္ဂါ (၅) ပါး နှင့် (၇) ပါး 290
- ဈာန်အင်္ဂါတို့၏ စွမ်းရည်များ 291
- ဒွေပဉ္စဝိညာဏ် (၁၀) သည် ဈာနသတ္တိဖြင့် ကျေးဇူးမပြုခြင်း 292
- ဈာန်စွမ်းရည်ရှိသော စိတ်များ 293
- ဈာန်စွမ်းရည် သတ္တိ (၂) မျိုး 293
- ဈာန်အင်္ဂါတို့၏ လောင်ကျွမ်း (ဖယ်ရှား) မှု စွမ်းရည် 294
- ဈာနပစ္စည်း (ပဥှာဝါရ - ပါဠိ) 297
- “ကာလ ၊ နေရာ ၊ ပုဂ္ဂိုလ်” တို့နှင့် “ဈာန်သတ္တိ” 299
- အာရုံတစ်ခု၌ ဈာန်ဖြစ်ပုံ 299
- “ကုသိုလ်ဈာန်” နှင့် “အကုသိုလ်ဈာန်” 299
- “ဈာနပစ္စည်း” ဟူသည်... 300
- အကုသိုလ်ဝိတက် (၉) မျိုး 301
- ကုသိုလ်ဝိတက် (၃) မျိုး 302
- နေက္ခမ္မ (၅) မျိုး 302
- ဈာန်တရား၌ ဝေဒနာအားလုံးကို ဝိပဿနာ ရှုသင့် မရှုသင့် 303

- ဉာဏ်အမြင် မကြည်လင် မထင်ရှားခြင်း၊ ကြည်လင် ထင်ရှားခြင်း အကြောင်း 303
- ဈာန် (၂) မျိုး 305


## မဂ္ဂပစ္စယော


- မဂ္ဂပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 306
- မဂ္ဂပစ္စည်း အဓိပ္ပါယ် 306
- မဂ္ဂပစ္စည်း၏ ဥပမာ 307
- မဂ္ဂင် (၁၂) ပါး 308
- ကျေးဇူးပြုခြင်းများ 309
- မဂ္ဂပစ္စည်း (ပဋ္ဌာဝါရ - ပါဠိ) 311
- "အချိန်၊ နေရာ၊ ပုဂ္ဂိုလ်" နှင့် "မဂ္ဂသတ္တိ" 312
- "လမ်းစဉ်" နှင့် "ပန်းတိုင်" 312
- "လမ်းစဉ်မှန်" နှင့် "လမ်းစဉ်မှား" 313
- "လမ်းမှန်" "လမ်းမှား" တို့၏ အကြောင်းတရား 313
- "သမ္မာဒိဋ္ဌိ" ဖြစ်ကြောင်း (၂) ပါး 314
- "မိစ္ဆာဒိဋ္ဌိ" ဖြစ်ကြောင်း (၂) ပါး 314
- "ဒိဋ္ဌိ" ဖြစ်ကြောင်းတရား (၈) ပါး 314
- မိစ္ဆာဒိဋ္ဌိ 315
- လမ်းစဉ်မှန် 317
- ရှစ်ဖြာမဂ္ဂင် အလုပ်ခွင် 319
- မဂ္ဂင် (၂) မျိုး 319
- သမ္မာဒိဋ္ဌိ (၆) မျိုး 320

- အနတ္တသဘောကို သိနိုင်ခြင်း 323
- "ဈာနပစ္စယသတ္တိ" နှင့် "မဂ္ဂပစ္စယသတ္တိ" အထူး 323

## သမ္ပယုတ္တပစ္စယော

- သမ္ပယုတ္တပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 324
- သမ္ပယုတ္တပစ္စည်း အဓိပ္ပါယ် 324
- "သမ္ပယုတ္တပစ္စည်း"၏ ဥပမာ 324
- သမ္ပယုတ္တပစ္စည်းကိုဟောရခြင်း 326
- စိတ် စေတသိက် တို့၏ "သမ္ပယုတ္တ" ဖြစ်ခြင်း 327
- ကျေးဇူးပြုခြင်း 328
- သမ္ပယုတ္တပစ္စည်း (ပဥာဝါရ - ပါဠိ) 329
- "သဟဇာတသတ္တိ" နှင့် "သမ္ပယုတ္တသတ္တိ" 330
- "အညမညသတ္တိ" နှင့် "သမ္ပယုတ္တသတ္တိ" 330
- "အချိန်" "နေရာ" "ပုဂ္ဂိုလ်" နှင့် "သမ္ပယုတ္တသတ္တိ" 331
- ပစ္စည်း အစုံသုံးစုံကို ဟောရခြင်း 331
- "သမ္ပယုတ္တပစ္စည်း"၏ အစွမ်းသတ္တိ 333
- ပိုကောင်းသည့် အရာများ 334
- ဓါတ်တူမှ အသွင်တူ 334
- တွေ့ဆုံရင်းနှီးရခြင်းအကြောင်းရင်းများ 335

# ဝိပ္ပယုတ္တပစ္စယော

- ဝိပ္ပယုတ္တပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 336
- ဝိပ္ပယုတ္တပစ္စည်း အဓိပ္ပါယ် 336
- "သမ္ပယုတ္တ သဘော" နှင့် "ဝိပ္ပယုတ္တ သဘော" 336
- သဘာဝချင်းမတူသော တရားများ 337
- အကြောင်းတရားနှင့်တကွ မမြဲခြင်း 338
- အကြောင်းနှင့်တကွ ဆင်းရဲခြင်း၊ အတ္တမဟုတ်ခြင်း 339
- "ဝိပ္ပယုတ္တ" ဟူသည်... 340
- "ဝိပ္ပယုတ္တပစ္စည်း" ၏ ဥပမာ 340
- ဝိပ္ပယုတ္တပစ္စည်း (၃) မျိုး 341
  - ၁။ သဟဇာတဝိပ္ပယုတ် 343
    - အကျယ် ရှင်းလင်းချက် 343
    - ရုပ်တရားအချင်းချင်း သဟဇာတဝိပ္ပယုတ် ဖြစ်/မဖြစ် 344
    - သာဓကပြခြင်း 345
  - ၂။ ပုရေဇာတ ဝိပ္ပယုတ် 345
    - ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ 346
    - အာရုံ (၆) ပါးတို့သည် ဝိပ္ပယုတ္တပစ္စည်းတရား၌ မပါဝင်ရခြင်း 347
  - ၃။ ပစ္ဆာဇာတ ဝိပ္ပယုတ် 348
    - "ပစ္စည်း" "ပစ္စယုပ္ပန်" ခွဲယူခြင်း 348
- ဝိပ္ပယုတ္တပစ္စည်း (ပဉှာဝါရ - ပါဠိ) 350
- "ဝိပ္ပယုတ္တသတ္တိ" ၏ အချိန်၊ နေရာ နှင့် ပုဂ္ဂိုလ် 351

- ဝိပ္ပယုတ္တ၏ စွမ်းအင် 352
- သူတော်ကောင်းများ နေနည်း 353
- ဩဝါဒစကား 353
- မိဘ နှင့် သားသမီး နေထိုင်နည်း 354
- "ဝိပ္ပယုတ္တပစ္စည်း" ကို သဘောပေါက်လျှင် "နာမရူပပရိစ္ဆေဒဉာဏ်" ရနိုင် 354
- "သမ္ပယုတ်" "ဝိပ္ပယုတ်" ဥပဒေ 355
- "ပဋ္ဌာန်းဝိပဿနာ" သည် သာမန်အသိမျိုးမဟုတ်ခြင်း 355
- ယုဂဠပစ္စည်း (စုံတွဲပစ္စည်းများ) 356


## အတ္ထိပစ္စယော


- အတ္ထိပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 357
- အတ္ထိပစ္စည်း အဓိပ္ပါယ် 358
- အကြောင်းတရား (၂) မျိုး 358
- အဋ္ဌကထာကျမ်းတို့ ဖွင့်ဆိုချက် 359
- ရှိခြင်းသဘောတရား (၃) မျိုး 359
- အတ္ထိသတ္တိ 360
- အတ္ထိဥပမာ 360
- ပစ္စယ အဓိပ္ပါယ် 360
- အတ္ထိပစ္စည်း (၅) မျိုး 361
- အတ္ထိပစ္စည်း၏ ဥပမာ 361
- အကျယ်ရှင်းလင်းချက် 363
- အတ္ထိပစ္စယော (ပဥှာဝါရ - ပါဠိ) 366

စာမျက်နှာ နံပါတ်

- "နိဗ္ဗာန်" သည် "အတ္ထိပစ္စည်း" ထိုက်-မထိုက် 369
- "အတ္ထိသတ္တိ" နှင့် အချိန် ၊ နေရာ ၊ ပုဂ္ဂိုလ် 370
- "အတ္ထိသတ္တိ" ၏ စွမ်းအား 370
- အဆုံးအမစကား 371
- "အတ္ထိပစ္စည်း" ၏ သဘောကို နားလည်ခြင်းအကျိုး 372
- "အတ္ထိပစ္စယသတ္တိ" ကို သိမြင်ခြင်း 375
- "ဣန္ဒြိယဗဒ္ဓရုပ်" ၊ "အနိန္ဒြိယဗဒ္ဓရုပ်" 376
- "အတ္ထိပစ္စည်း" ၏ "ဥပတ္ထမ္ဘကသတ္တိ" သည် ယေဘုယျဖြစ်ခြင်း 377
- (၂၄)ပစ္စည်းကို အကျဉ်းချုံးခြင်း 377
- "အရှိတရား" နှင့် "အဖြစ်တရား" 378
- ပစ္စုပ္ပန် (၃) မျိုး 378
- "သင်္ခတတရား" နှင့် "အသင်္ခတတရား" 379
- "အတ္ထိပစ္စည်း" နှင့် "ဥစ္ဆေဒဒိဋ္ဌိ" 379

## အဝိဂတပစ္စယော

- အဝိဂတပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 380
- "အဝိဂတပစ္စည်း" နှင့် "အတ္ထိပစ္စည်း" လုံးဝတူခြင်း 381
- "အဝိဂတပစ္စည်း" ၏ ဥပမာ 382
- "အတ္ထိ" နှင့် "အဝိဂတ" ထူးခြားချက် 382
- အဝိဂတပစ္စယော (ပဉ္စာဝါရ - ပါဠိ) 383

## နတ္ထိပစ္စယော


- နတ္ထိပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 384
- နတ္ထိပစ္စည်း အဓိပ္ပါယ် 384
- "အနန္တရပစ္စည်း" နှင့် "နတ္ထိပစ္စည်း" ထူးခြားမှု 385
- "နတ္ထိပစ္စည်း" ၏ စွမ်းအင် 385
- "နတ္ထိပစ္စည်း" နှင့် "သဿတ ဒိဋ္ဌိ" 386
- "အသေကြပ်ခြင်း" နှင့် "အသေချောင်ခြင်း" 387
- နတ္ထိပစ္စည်း (ပဥှာဝါရ - ပါဠိ) 387


## ဝိဂတပစ္စယော


- ဝိဂတပစ္စယောတိ (ပစ္စယနိဒ္ဒေသ - ပါဠိ) 388
- "ဝိဂတပစ္စည်း" အဓိပ္ပါယ် 388
- "နတ္ထိပစ္စည်း" နှင့် "ဝိဂတပစ္စည်း" 388
- အဓိပ္ပါယ်တူ ပစ္စည်းများကို ဟောရခြင်း 389
- "ဟာကွက် ပျော့ကွက်" မရှိသည့်တရား 390
- လေ့လာရခြင်း အကျိုး 390
- ဝိဂတပစ္စည်း (ပဥှာဝါရ - ပါဠိ) 391

# ပဋ္ဌာန်း ၂၄ ပစ္စည်း

စာမျက်နှာ နံပါတ်


- အုပ်စုကြီး (၉) မျိုး 392
  - သဟဇာတမျိုး (၁၅) ပါး 393
  - အာရမ္မဏမျိုး (၁၁) ပါး 393
  - အနန္တရမျိုး (၇) ပါး 394
  - ပကတူပနိဿယမျိုး (၂) ပါး 394
  - ဝတ္ထုပုရေဇာတမျိုး (၆) ပါး 394
  - ပစ္ဆာဇာတမျိုး (၄) ပါး 394
  - နာနက္ခဏိက ကမ္မမျိုး (၁) ပါး 395
  - ရူပအာဟာရမျိုး (၃) ပါး 395
  - ရူပဇီဝိတိန္ဒြိယမျိုး (၃) ပါး 395
- ကျေးဇူးပြုသောသတ္တိများ 395
- (၆)ရာသီ ဝေဖန်ခြင်း 396
- နာမ်ပစ္စည်း၊ ရုပ်ပစ္စည်း၊ နာမ်ရုပ်ပစ္စည်း (၃) မျိုးခွဲခြင်း 397
  - နာမ်သက်သက်ပစ္စည်း (၂၃) ပါး 397
  - ရုပ်သက်သက်ပစ္စည်း (၂၀) ပါး 398
  - ရုပ်နာမ်နှစ်ပါးပစ္စည်း (၉) ပါး 398

- စွမ်းအင်သတ္တိ (၂၄) ပါးတို့ကို စွမ်းအင်သတ္တိ (၄) ပါးဖြင့် ချုံ့ပြခြင်း 399
- စွမ်းအင်သတ္တိ (၂၄) ပါး တို့ကို ကာလ (၃) ပါး ဖြင့်ဝေဖန်ခြင်း 400
- (၂၄) ပစ္စည်းကို သတ္တိသုံးပါးဖြင့် ဝေဖန်ခြင်း 401
- (၂၄) ပစ္စည်းကို ဘုံသုံးမျိုးဖြင့် ဝေဖန်ခြင်း 403
- (၂၄) ပစ္စည်းတို့ကို သန္တာန်နှစ်ပါးဖြင့် ဝေဖန်ခြင်း 404
- ယုဂနဒ္ဓ = အစုံဖြစ်သောပစ္စည်းများ 404
- အဘိဓမ္မာတရားတော်၏ အနှစ်သာရ 405

# အသုံးချကျင့်လမ်း မြတ်ပဋ္ဌာန်း

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ❀ ပိဋကသုံးပုံ နှင့် ဒေသနာသုံးရပ် ❀

၁။ ဝိနယပိဋက = "ရှောင်ကြဉ်ဘွယ် အပြစ်များ" နှင့် "လိုက်နာဘွယ် ကျင့်ဝတ်" တို့ကို အာဏာစက်ဖြင့် တိကျစွာ သတ်မှတ်ဟောကြားတော်မူခဲ့သောကြောင့် **အာဏာဒေသနာ**။

၂။ သုတ္တန်ပိဋက = သတ္တဝါအပေါင်းတို့အား "စရိုက်" နှင့် "အသိဉာဏ်" အားလျော်စွာ အဓိပ္ပါယ်သဘောကို ထင်မြင်နားလည်စေနိုင်သော ဝေါဟာရပရိယာယ်ဖြင့် တရားတော်များကို ဟောကြားတော်မူခဲ့သောကြောင့် **ဝေါဟာရ ဒေသနာ**။

၃။ အဘိဓမ္မာပိဋက = သတ္တဝါတို့၏စရိုက်ကို မထောက်ဘဲ စစ်မှန်သော "ပရမတ္ထ သဘော" တို့ကို ကျယ်ဝန်းပြည့်စုံစွာ ဟောကြားတော်မူခဲ့သောကြောင့် **ပရမတ္ထ ဒေသနာ**။

### ❀ ပိဋကသုံးပုံ နှင့် သာသနာသုံးရပ် ❀

၁။ ဝိနယပိဋက = ဝိနည်းစည်းကမ်းတို့ကို ကျူးလွန်သောပုဂ္ဂိုလ်တို့အား အမှုနှင့် လျော်စွာ အပြစ်ကို ပြ၍ ဆုံးမတော်မူသောကြောင့် **ယထာပရာဓ သာသနာ**။

၂။ သုတ္တန်ပိဋက = သတ္တဝါတို့၏ စရိုက်နှင့် ကိုက်ညီအောင် သဗ္ဗညုတဉာဏ်တော်ဖြင့် ဆုံးမ လမ်းညွှန်တော်မူသောကြောင့် **ယထာနုလောမ သာသနာ**။

၃။ အဘိဓမ္မာပိဋက = ရုပ်နာမ်သဘာဝတရားတို့၏ အစုအပုံကို ပုဂ္ဂိုလ်,သတ္တဝါ စသည်ဖြင့် စွဲလမ်းနေကြသော သတ္တဝါတို့အား ရုပ်နာမ်သဘာဝတရားကို သိမြင်စေရန် ဆုံးမတော်မူခဲ့သောကြောင့် **ယထာဓမ္မ သာသနာ**။

## ❁ ပိဋကသုံးပုံ နှင့် ကထာသုံးမျိုး ❁

၁။ ဝိနယပိဋက = ကြီးသောအပြစ်များ နှင့် သေးသောအပြစ်များ ကို မကျူးလွန်မိအောင် စောင့်ထိန်းနည်းများကို ပညတ်သတ်မှတ်တော်မူ ခဲ့သောကြောင့် **သံဝရာသံဝရကထာ**။

၂။ သုတ္တန်ပိဋက = ပုဂ္ဂိုလ်အမျိုးမျိုးတို့၏ သန္တာန်၌ အယူအမြင်မှားသော မိစ္ဆာဒိဋ္ဌိ (၆၂)ပါး တို့ကို ဖြေရှင်းရန်နည်းလမ်းတို့ကို အများဆုံး ဟောပြောထားသော ကြောင့် **ဒိဋ္ဌိဝိနိဝေဌနကထာ**။

၃။ အဘိဓမ္မာပိဋက = "နာမ်" နှင့် "ရုပ်" သဘာဝများကို ခွဲခြားသိမြင်ရန် နည်း အမျိုးမျိုးကို ဟောထားသောကြောင့် **နာမရူပပရိစ္ဆေဒကထာ**။

## ❁ ပိဋကသုံးပုံ နှင့် သိက္ခာသုံးပါး ❁

၁။ ဝိနယပိဋက = ဝါရိတ္တသီလ, စာရိတ္တသီလတို့ကို အထူးပြု၍ ဟောကြားထားသော ကြောင့် **အဓိသီလ သိက္ခာ**။

၂။ သုတ္တန်ပိဋက = စိတ်တည်ငြိမ်မှု ရရှိစေသည့် အကျင့်ကို အထူးပြု၍ ဟောကြားထား သောကြောင့် **အဓိစိတ္တ(သမာဓိ) သိက္ခာ**။

၃။ အဘိဓမ္မာပိဋက = ပညာအကျင့်ကို အထူးပြု၍ ဟောကြားထားသောကြောင့် **အဓိပညာ သိက္ခာ**။

## ❀ ပိဋကသုံးပုံ နှင့် ပဟာန်သုံးမျိုး ❀

၁။ ဝိနယပိဋက = ကိုယ်, နှုတ် ကျူးလွန်မှု "ကာယကံ", "ဝစီကံ" များ ပယ်နည်းကို ပဓာနထား၍ ဟောကြားတော်မူသောကြောင့် **ဝီတိက္ကမပဟာန်**။

၂။ သုတ္တန်ပိဋက = ကိလေသာတို့၏ အတွင်းသန္တာန်၌ထကြွသောင်းကျန်းခြင်း "မနောကံ" ပယ်နည်းကို ဟောကြားတော်မူသောကြောင့် **ပရိယုဋ္ဌာန ပဟာန်**။

၃။ အဘိဓမ္မာပိဋက = ပညာဘာဝနာဖြင့် "အနုသယကိလေသာ"တို့ကို အကြွင်းမဲ့ ပယ်သတ်နည်းကို ပြည့်စုံစွာ ဟောကြားတော်မူသောကြောင့် **အနုသယပဟာန်**။

**တနည်း...**

၁။ ဝိနယပိဋက = ကာမာဝစရကုသိုလ်တို့ဖြင့် ကိလေသာတို့ကို အခိုက်အတန့်အားဖြင့် ပယ်ထားသောကြောင့် **တဒင်္ဂပဟာန်**။

၂။ သုတ္တန်ပိဋက = ရူပ, အရူပကုသိုလ် (သမာဓိ) တို့ဖြင့် ကိလေသာတို့ကို အချိန်ကြာမြင့်စွာ ပယ်ခွါထားသောကြောင့် **ဝိက္ခမ္ဘနပဟာန်**။

၃။ အဘိဓမ္မာပိဋက = မဂ်ကုသိုလ်စိတ်တို့ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်ထားသောကြောင့် **သမုစ္ဆေဒပဟာန်**။

**တနည်း...**

၁။ ဝိနယပိဋက = "ကာယဒုစရိုက်", "ဝစီဒုစရိုက်"များ ပယ်နည်းကို ဟောကြားတော်မူသည်။

၂။ သုတ္တန်ပိဋက = "တဏှာ" ပယ်နည်းကို ဟောကြားတော်မူသည်။

၃။ အဘိဓမ္မာပိဋက = "ဒိဋ္ဌိ" ပယ်နည်းကို ဟောကြားတော်မူသည်။

## ❁ အဘိဓမ္မာပိဋကတော်၏ နက်နဲခြင်း လေးပါး ❁

၁။ ဓမ္မဂမ္ဘီရ = ပါဠိ ဝေါဟာရ စကားလုံး အသုံးအနှုန်း၏ နက်နဲခြင်း။

၂။ အတ္ထဂမ္ဘီရ = အနက်အဓိပ္ပါယ်သဘော၏ နက်နဲခြင်း။

၃။ ဒေသနာဂမ္ဘီရ = ဟောကြားပုံ အစီအစဉ်၏ နက်နဲခြင်း။

၄။ ပဋိဝေဓဂမ္ဘီရ = အနက်အဓိပ္ပါယ်သဘောတို့ကို သိနိုင်သော ဉာဏ်၏ နက်နဲခြင်း။

## ❁ သာဂရ = ပင်လယ်လေးမျိုး ❁

၁။ သံသာရသာဂရ = သံသရာပင်လယ်။

➯ ခန္ဓာ, အာယတန, ဓာတ် တို့၏ အဆက်မပြတ် ဖြစ်ပျက်နေမှု သံသရာကို ကမ်းမမြင် လမ်းမမြင်နိုင်သည့် ပင်လယ်။

၂။ ဇလသာဂရ = ရေပင်လယ်။

➯ အကျယ်အဝန်း အားဖြင့်၎င်း၊ အနက်အစောက် အားဖြင့်၎င်း ယူဇနာပေါင်း ရှစ်သောင်းလေးထောင်ရှိသော မဟာသမုဒ္ဒရာ။

၃။ နယသာဂရ = နည်းပင်လယ်။

➯ ပိဋကသုံးပုံသည် အမျိုးမျိုးသောနည်းတို့ဖြင့် ဟောကြားထားသည် ဖြစ်၍ နက်နဲကျယ်ဝန်းလှသဖြင့် နည်းပင်လယ်၊ အထူးသဖြင့် အဘိဓမ္မာ၏ နက်နဲကျယ်ဝန်းပုံမှာ ပိုထင်ရှားသည်။

၄။ ဉာဏသာဂရ = သဗ္ဗညုတဉာဏ်တော်။

## ❁ အဘိဓမ္မာ (၇)ကျမ်း (၁၂)အုပ် ❁

၁။ ဓမ္မသင်္ဂဏီ = ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတ တရားတို့ကို အကျဉ်းချုပ်အားဖြင့် ဟောတော်မူသော ကျမ်းဖြစ်သည်။

- တိက် (၃-ခု အစုံ) ဒုက် (၂-ခု အစုံ) တို့၏ အစွမ်းအားဖြင့် အကျဉ်း ပေါင်းရုံးမှုကို ရည်ရွယ်၍သာ ခေါ်ခြင်းဖြစ်သည်။
- (တစ်အုပ်) (၁၂-ရက်)

၂။ ဝိဘင်း = ခန္ဓာ စသော တရားတို့ကို သုတ္တန်နည်း၊ အဘိဓမ္မာနည်း၊ အမေးအဖြေ နည်းတို့ဖြင့် အကျယ်ဝေဖန်ဟောကြားတော်မူသော ကျမ်းဖြစ်သည်။

- "ခန္ဓဝိဘင်း" စသည်ဖြင့် (၁၈)ပိုင်း ခွဲကာ ဝေဖန်ဟောကြားထား သဖြင့် ဓမ္မသင်္ဂဏီကျမ်းထက် ပိုကျယ်သည်။ (တစ်အုပ်) (၁၂-ရက်)

၃။ ဓာတုကထာ = တရားအားလုံးကို ဓာတ်သဘော အနေအားဖြင့်ထားပြီး ဟောတော်မူသည်။ (၆-ရက်)

၄။ ပုဂ္ဂလပညတ် = မိမိတို့သန္တာန်၌ရှိသော ခန္ဓာ, အာယတန, ဓာတ် စသည့် အနက်သဘော တို့ကို ဝေနေယျသတ္တဝါတို့ သိနားလည်စေရန် ပညတ်ထားမှု ဖြစ်သည်။

- "ခန္ဓ ပညတ်", "အာယတန ပညတ်", "ဓာတု ပညတ်", "သစ္စ ပညတ်", "ဣန္ဒြိယ ပညတ်" ဟူသော **သဘာဝပညတ် ငါးမျိုး**
- "ပုဂ္ဂလပညတ်"ဟူသော အသဘာဝပညတ်ဟူသော **အသဘာဝ ပညတ်**

...... ပညတ် ခြောက်မျိုးကို ဟောကြားတော်မူသည်။

- "သဘာဝပညတ်ငါးမျိုး"သည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၍ **ဝိဇ္ဇမာနပညတ်**
- "အသဘာဝပညတ်"ကား ပရမတ္ထအားဖြင့် ထင်ရှားမရှိ၍ **အဝိဇ္ဇမာနပညတ်**

..... ပရမတ္ထသဘာဝတရားတို့ကို အခြေခံ၍ ပုဂ္ဂိုလ်တို့၏ အမျိုး အစား, အဆင့်အတန်း, အခြေအနေစသည်တို့ကို ဝေဖန် ဟောကြားထားသည်။ (၇-ရက်)

"ဓာတုကထာကျမ်း" နှင့် "ပုဂ္ဂလပညတ်ကျမ်း" တို့သည် (တစ်အုပ်)

၅။ ကထာဝတ္ထု = ဘုရားရှင် အလိုတော်နှင့်အညီ အမှန်ကိုသာ ယူဆပြောဆိုလေ့ရှိသူ "သကဝါဒီ" တို့၏ အယူကို ဖော်ပြသည့် သုတ်ပေါင်း ငါးရာ၊ ဗုဒ္ဓသာသနာ၏ ပြင်ပဖြစ်သည့် အယူမျိုးကို ယူဆပြောဆိုလေ့ရှိသူ "ပရဝါဒီ"တို့၏ အယူကို ဖော်ပြသည့် သုတ်ပေါင်း ငါးရာ၊ ..... ပေါင်း သုတ်ပေါင်း တစ်ထောင် တို့ကို ဟောကြားထားသည်။ (တစ်အုပ်) (၈-ရက်)

၆။ ယမိုက် = အနုလုံ, ပဋိလုံ အားဖြင့်ရင်း၊ ပုစ္ဆာ, ဝိသဇ္ဇနာ အားဖြင့်ရင်း၊ သန္နိဋ္ဌာန်, သံသယ အားဖြင့်ရင်း အစုံလိုက် ဟောကြားအပ်သော ကျမ်းဖြစ်သည်။

မူလ၊ ခန္ဓ၊ အာယတန၊ ဓာတု၊ သစ္စ၊ သင်္ခါရ၊ အနုသယ၊ စိတ္တ၊ ဓမ္မ၊ ဣန္ဒြိယ အားဖြင့် ယမိုက် (၁၀) ပါး တို့ကို ခွဲခြား၍ ဟောကြားတော်မူသည်။ (သုံးအုပ်) (၂၀-ရက်)

၇။ ပဋ္ဌာန်း = အကြောင်းအမျိုးမျိုးကို ရှင်းလင်းဟောကြားတော်မူသည်။ (ငါးအုပ်) (၂၅-ရက်)

## အဘိဓမ္မေ ဝါစနာမဂ္ဂေါ နာမ သာရိပုတ္တထေရပ္ပဘဝေါ။

(ဓမ္မသင်္ဂဏီ အဋ္ဌကထာ၊ ၁၈)

လူ့ပြည်၌ အဘိဓမ္မာကျမ်းများသည် အရှင်သာရိပုတ္တရာ အရှင်မြတ်၏ စီရင်ပို့ချချက် ဖြစ်သောကြောင့် အရှင်သာရိပုတ္တရာက စတင်လာခြင်းဖြစ်၏။

# အကျယ်ဝန်းဆုံးသော ပဋ္ဌာန်းကျမ်းကြီး

**"ပဋ္ဌာန်းကျမ်းကြီး"**၌...

၁။ ဓမ္မအနုလောမ၊ ဓမ္မပစ္စနီယ၊ ဓမ္မအနုလောမပစ္စနီယ၊ ဓမ္မပစ္စနီယာနုလောမ ..... ဟု အပိုင်းကြီးလေးမျိုးကို ပိုင်းခြားသတ်မှတ်ထားသည်။

၂။ ထို အပိုင်းကြီး လေးခုအသီးသီး၌ ...

- တိကပဋ္ဌာန်း ( ၂၂-ခု ရှိသည်)၊
- ဒုကပဋ္ဌာန်း (၁၀၀-ရှိသည်)၊
- ဒုကတိကပဋ္ဌာန်း၊
- တိကဒုကပဋ္ဌာန်း၊
- တိကတိကပဋ္ဌာန်း၊
- ဒုကဒုကပဋ္ဌာန်း

...... ဟု ခြောက်မျိုး ထပ်မံ ပိုင်းခြားထားသဖြင့် စုစုပေါင်း ပဋ္ဌာန်း (၂၄) ကျမ်း ရှိသည်။

(၂၄) ပါးသော ကျမ်းတို့ဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူသောကြောင့် အဋ္ဌကထာ ဆရာကြီးတို့သည် သမန္တပဋ္ဌာန်းကျမ်းကြီး = ထက်ဝန်းကျင် အလုံးစုံပြည့်စုံသော ကျမ်းကြီး ဟု ခေါ်ခဲ့ကြသည်။

၃။ ယင်း (၂၄) ပါးသော ပဋ္ဌာန်းကျမ်းများ အသီးသီး၌

- ပဋိစ္စဝါရ၊
- သဟဇာတဝါရ၊
- ပစ္စယဝါရ၊
- နိဿယဝါရ၊
- သံသဋ္ဌဝါရ၊
- သမ္ပယုတ္တဝါရ၊
- ပဉှာဝါရ

... .. ဟု မဟာဝါရကြီး (၇)ပါးတို့ဖြင့် ပိုင်းခြားထားသည်။

၄။ ထို မဟာဝါရကြီး (၇)ပါးတို့တွင် တစ်ခုတစ်ခုစီ၌ "ပုစ္ဆာဝါရ"စသော ဝါရငယ်လေးပါး တို့ဖြင့် ပိုင်းခြားထားပြန်သည်။

၅။ ယင်း ဝါရငယ် လေးခု အသီးသီး၌... ပစ္စယာနုလောမ စသော နည်းလေးပါးတို့ဖြင့် တန်ဆာ ဆင်၍ ဟောကြားတော်မူသည်။

အဆုံးမရှိသောနည်းတို့ဖြင့် တန်ဆာဆင်၍ ဟောကြားအပ်သည့်ကျမ်းကြီး ဖြစ်သော ကြောင့် ဋီကာဆရာကြီးတို့သည် အနန္တနယပဋ္ဌာန်းကျမ်းကြီး = အဆုံးမရှိသောနည်းတို့ဖြင့် တန်ဆာဆင်၍ ထက်ဝန်းကျင် အလုံးစုံ ကျယ်ဝန်းပြည့်စုံသောကျမ်းကြီး ဟုခေါ်ကြသည်။

## ❀ ပထမဦးဆုံး ပျောက်ကွယ်မည့်ကျမ်းကြီး ❀

ပရိယတ္တိသာသနာတော်ကြီး ပျောက်ကွယ်ချိန်ရောက်လျှင်.....

- ➢ ရှေးဦးစွာ ပဋ္ဌာန်းကျမ်းကြီး ပျောက်ကွယ်လိမ့်မည်။
- ➢ ထိုနောက်တွင် ကျန်အဘိဓမ္မာခြောက်ကျမ်းတို့ တစ်ခုပြီးတစ်ခု ပျောက်ကွယ်လိမ့်မည်။
- ➢ ထိုနောက်တွင် သုတ္တန်ပိဋကပျောက်ကွယ်လိမ့်မည်။
    - ↳ ယင်း ပိဋက တွင် အစဆုံးဖြစ်သော ဒီဃနိကာယ်မှစ၍ နိကာယ်ငါးရပ် တစ်ခုပြီး တစ်ခု ပျောက်ကွယ်လိမ့်မည်။
- ➢ နောက်ဆုံးတွင် ဝိနယပိဋက ပျောက်ကွယ်လိမ့်မည်။

## ❀ အဘိဓမ္မတ္ထသင်္ဂဟ ❀

**အဘိဓမ္မတ္ထ** ❁ စိတ် (၈၉) ၊ စေတသိက် (၅၂) ၊ ရုပ် (၂၈) ၊ နိဗ္ဗာန် ၊ ပညတ် = ပေါင်း (၅) ပါး

**ပရမတ္ထ** ❁ စိတ် ၊ စေတသိက် ၊ ရုပ် ၊ နိဗ္ဗာန် = ပေါင်း (၄) ပါး

## ❀ သဗ္ဗညုတဉာဏ်တော် အစွမ်း (၃) ပါး ❀

၁။ သိရန်မှန်က, မကျန်ရအောင်, လုံးဝစုံလင်, အကုန်မြင်, သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

၂။ သိသည့်တရား, များအပြား၌, ဟောထားစဖွယ်, နည်းသွယ်သွယ်ကို, ခြယ်လှယ်စုံလင်, အကုန်မြင်, သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ, များဝေနေ၏, ဣန္ဒြေစရိုက်, သူ့အကြိုက်ကို, နှိုက်ချွတ်စုံလင်, အကုန်မြင်, သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

**ဉာဏ်တော်စွမ်းပကား, ဤသုံးပါးကြောင့်, အများဝေနေ, ကျွတ်လွတ်စေဖို့,**

**မနေမနား, သက်တော်အားဖြင့်, ကြီးမားလေဘိ, ရှစ်ဆယ်ပြည့်၍,**

**ပရိနိဗ္ဗာန်, စံသည့်တိုင်အောင်, သယ်ယူဆောင်, ဘုန်းခေါင် ငါတို့ဘုရားတည်း။**

မဟာဂန္ဓာရုံဆရာတော်




## ❀ ပဋ္ဌာန်းဟူသည် ❀

ပဋ္ဌာန = ပ + ဌာန

ပ = အမျိုးမျိုး

ဌာန = အကြောင်းတရား

**အကြောင်းတရားအမျိုးမျိုးကို ရှင်းလင်းဟောပြသော ဒေသနာတော်ကို "ပဋ္ဌာန်း"**

ပဋ္ဌာန = ဝိဘဇန = ခွဲခြမ်းစိတ်ဖြာကြည့်ခြင်း။

**"ပဋ္ဌာန်းတရား" "အဘိဓမ္မာတရား" တို့သည် သဘာဝတရားများကို**

**ခွဲခြမ်းစိတ်ဖြာပြီး ဟောသည်။**

## ❀ "ပဋိစ္စသမုပ္ပါဒ်နည်း" နှင့် "ပဋ္ဌာန်းနည်း" ထူးခြားမှု ❀

**"ပဋိစ္စသမုပ္ပါဒ်နည်း"**သည်...

- **သက်ရှိ(ထင်ရှားရှိသည့် ပရမတ္ထ)တရားကိုသာ ဟော၏။**
- **သက်မဲ့ (ထင်ရှားမရှိသည့် ပညတ်)တရားကို မဟောပါ။**

ထိုသက်ရှိ **(ထင်ရှားရှိသည့် ပရမတ္ထ)တရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်း၊ အကြောင်း အကျိုး ဆက်စပ်ဖြစ်ခြင်းကိုသာ ဟော၏။** "အဝိဇ္ဇာ" နှင့် "သင်္ခါရ" တို့သည် ဆက်စပ်မှုရှိ၏။ "သင်္ခါရ" နှင့် "ဝိညာဉ်" တို့သည် ဆက်စပ်မှုရှိ၏။ "အဝိဇ္ဇာ" ကြောင့် "သင်္ခါရ" ဖြစ်ရ၏။ "သင်္ခါရ" ကြောင့် "ဝိညာဉ်" ဖြစ်၏ ဟူ၍သာဟော၏။ **ဘယ်လို ဆက်စပ်မှုရှိနေသည်ဟု ထည့်ပြီး မဟောပါ။**

**“ပဋ္ဌာန်းနည်း”**သည်ကား...

- သက်ရှိ (ထင်ရှားရှိသည့် “ပရမတ္ထ”) တရား၊ သက်မဲ့ (ထင်ရှားမရှိသည့် “ပညတ်”) တရား အားလုံးကို ဟော၏။
- ထို သက်ရှိ (ထင်ရှားရှိသည့် “ပရမတ္ထ”) တရား၊ သက်မဲ့ (ထင်ရှားမရှိသည့် “ပညတ်”) တရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်း၊ အကြောင်းအကျိုး ဆက်စပ်ဖြစ်ခြင်း ကိုလည်း ဟော၏။
- ဘယ်လို ဆက်စပ်မှုရှိနေသည်ဟူ၍ ဆက်စပ်ဖြစ်နေခြင်းကိုလည်း ဟော၏။

‘ဆွေမျိုးတော်၏’ဟု ပြောလျှင် ဘယ်လိုတော်သလဲ? ညီအစ်ကို တော်၏၊ သားအဖ တော်၏ဟု ဖြေသည့်အခါ ညီအစ်ကိုအဖြစ်ဖြင့် တော်၏၊ သားအဖအဖြစ်ဖြင့် တော်၏ဟု သိရ၏။ ဤ ဥပမာလိုပင် ဤအကြောင်းတရားကြောင့် ဤအကျိုးတရားဖြစ်ခြင်းသည် ဤ ”ပစ္စယသတ္တိ” ဖြင့် ကျေးဇူးပြု ဆက်စပ်ဖြစ်နေသည်ဟူ၍ ဆက်စပ်ဖြစ်နေခြင်းကိုပါ ထည့်၍ဟော၏။ ဤသို့ ထူးခြားမှု ရှိကြသည်။

**(၂၄) ပစ္စည်းကို .....**

- အကျဉ်းချုပ်လျှင်
  - “အာရမ္မဏ ၊ ကမ္မ ၊ ဥပနိဿယ ၊ အတ္ထိ” **လေးပစ္စည်းသာ** ဖြစ်သည်။
- ထပ်ပြီးချုံးလျှင်
  - “အတ္ထိ ၊ နတ္ထိ” **နှစ်ပစ္စည်းသာ** ဖြစ်သည်။



# (၂၄) ပစ္စည်း



## ပစ္စယနိဒ္ဒေသပါဠိ

ဟေတုပစ္စယော ၊ အာရမ္မဏပစ္စယော

အဓိပတိပစ္စယော ၊ အနန္တရပစ္စယော

သမနန္တရပစ္စယော ၊ သဟဇာတပစ္စယော

အညမညပစ္စယော ၊ နိဿယပစ္စယော

ဥပနိဿယပစ္စယော ၊ ပုရေဇာတပစ္စယော

ပစ္ဆာဇာတပစ္စယော ၊ အာသေဝနပစ္စယော

ကမ္မပစ္စယော ၊ ဝိပါကပစ္စယော

အာဟာရပစ္စယော ၊ ဣန္ဒြိယပစ္စယော

ဈာနပစ္စယော ၊ မဂ္ဂပစ္စယော

သမ္ပယုတ္တပစ္စယော ၊ ဝိပ္ပယုတ္တပစ္စယော

အတ္ထိပစ္စယော ၊ နတ္ထိပစ္စယော

ဝိဂတပစ္စယော ၊ အဝိဂတပစ္စယောတိ။

# (၂၄) ပစ္စည်း အဓိပ္ပါယ်

## ဘုရားရှိခိုး

၁) **ဟေတုပစ္စယော၊** ရေသောက်မြစ်လျှင်၊ ယင်းသစ်ပင်ကို၊ စိမ်းရှင်ညွှန့်ဝေ၊ စည်ပင်စေထ၊ ထောက်ပံ့မသို့။ သဟဇာတံ၊ ရုပ်နှင့်နာမ်ကို၊ သန္ဓေ,ပဝတ်၊ မလွတ်စေရ။ သဘာဂတာ၊ ဆယ့်နှစ်ဖြာတွင်။ ကောင်းစွာခိုင်ကျည်၊ တည်သည်၏အဖြစ်ကို ပြီးစေတတ်သော ဟေတုသတ္တိထူး ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဟိတ်ခြောက်ပါး ပစ္စည်းတရား ၎င်း။

(၂) **အာရမ္မဏပစ္စယော၊** တောင်ဝှေးကြိုးတန်း၊ သူမစွမ်းကို၊ မပမ်းရလေ၊ ထိုင်,ထစေသို့။ စိတ်,စေလေးတန်၊ နာမက္ခန်ကို။ ဖြစ်ဟန်တူစွာ၊ ရှစ်သဘာတွင်။ ဆွဲငင်ထောက်ရာ အာရုံ၏ အဖြစ်တည်းဟူသော အာရမ္မဏသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော အာရုံခြောက်ပါး ပစ္စည်းတရား၎င်း။

(၃) **အဓိပတိပစ္စယော၊** စကြာဘုန်းငှ၊ များဗိုလ်လူကို၊ ပြိုင်သူမရှိ၊ စိုးအုပ်ဘိသို့။ ဟသိ, မောဟ၊ ကြဉ်ပသည့်ဇော၊ လောဘမူလ၊ အဠပုညာ၊ ကြိယာ သမ္ပယုတ်၊ လောကုတ်ရှစ်အား၊ ဆယ့်ခြောက်ပါးတွင်။ ကြီးမားလွှမ်းမိုး၊ အစိုးရခြင်းဟူသော အဓိပတိသတ္တိထူးဖြင့် ကျေးဇူး ပြုခြင်း လက္ခဏာရှိသော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသဟူသော သဟဇာတာဓိပတိ လေးပါး, ဒုက္ခသဟ၊ မောဟကြဉ်စိတ်၊ ဣဋ္ဌနိပ္ဖန်၊ နိဗ္ဗာန် ဟူသော အာရမ္မဏာဓိပတိ ခြောက်ပါး ပစ္စည်းတရား၎င်း။

(၄) **အနန္တရပစ္စယော၊** ပျော်စံနတ်ရွာ၊ စကြာမင်းဖျား၊ သားကြီးအားသို့။ အခြားမဲ့နေ၊ စိတ်နှင့်စေကို။ မကွေတူစွာ၊ ခုနစ်ဖြာတွင်၊ သမာနဇာတ်။ ခြားမပြတ်ပဲ၊ ဖြစ်စေတတ်သော အနန္တ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ် ခန္ဓာလေးပါး အနန္တရပစ္စည်း တရား၎င်း။

(၅) **သမနန္တရပစ္စယော၊** စည်းစိမ်မမက်၊ တောကြီးထွက်သည့်၊ စက္ကဝတ် မင်းဖျား၊ သားကြီးအားသို့။ အခြားမဲ့နေ၊ စိတ်နှင့်စေကို။ မကွေပြိုင်ဘက်၊ ခုနစ်ချက်တွင်။ အောက်ထက်ယာဝဲ၊ ဝေခွဲမရှိ၊ မိမိတမူ၊ တူသည့်အဖြစ်၊ ဆောင်လစ်ပမာ၊ ကောင်းမွန်စွာလျှင်၊ သမာနဇာတ်၊ ခြားမပြတ်ပဲ၊ ဖြစ်စေတတ်သော သမနန္တရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာလေးပါး သမနန္တရပစ္စည်း တရားငင်း။ (ဤနှစ်ပစ္စည်းတို့၌ ဥပမာကား ကျမ်းဂန်မလာ၊ ဆရာကြီးတို့ ဆောင်ကြသောပုံတည်း။ ယင်းပုံလည်း ရှေ့နောက်ပြန်ရလျှင် သာလွန်၍ သင့်အံ့သည်)။

(၆) **သဟဇာတပစ္စယော၊** အလင်းဖြစ်မှု၊ ဆီမီးပြုသည်၊ တန္တုပမာ။ သဟဇာတ၊ နာမနှင့်ရုပ်၊ ဘူတုပ္ပါဒ်၊ သန္ဓေခါလည်း၊ ဝိပါဝတ္ထု၊ ယင်းခြောက်ခုအား။ တူပြားအဋ္ဌ၊ သဘာဂတွင်။ တကွမကွေ ဖြစ်စေခြင်း ဟူသော သဟဇာတ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော နာမ်,မဟာဘုတ်၊ ဝတ္ထု,ပါက၊ သဟဇာတခြောက်ပါး ပစ္စည်းတရားငင်း။

(၇) **အညမညပစ္စယော၊** သစ်သားသုံးခွ၊ ချင်းချင်းမသို့။ ဥပကာရ၊ ထောက်ပံ့လာသော၊ နာမ် မဟာဘုတ်၊ ဝတ္ထု,နာမ်အား။ တူရှစ်ပါးတွင်။ ထောက်ထားလှန်ပင်း၊ အချင်းချင်းဟူသော အညမည သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်,မဟာဘုတ်၊ ဝတ္ထု,ပါက၊ အညမည သုံးပါး ပစ္စည်းတရားငင်း။

(၈) **နိဿယပစ္စယော၊** သစ်ပင်အားမြေ၊ ထောက်ပံ့ပေသို့၊ နှစ်ထွေရုပ်,နာမ်၊ သဟဇံအားငင်း။ စိတ္တကမ္မ၊ ပဋ္ဌပုံဟန်၊ သတ်ဝိညာဏ်အားငင်း။ တူမှန်သဘာ၊ ဆဲ့သုံးဖြာ တွင်၊ တည်ရာမှီရာ ဟူသော အဓိဋ္ဌာနာကာရ, နိဿယာကာရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်, မဟာဘုတ်၊ ဝတ္ထု, ပါကဟူသော သဟဇာတနိဿယခြောက်ပါး၊ ပဝတ္တိစု၊ ဆဝတ္ထုဟူသော ပုရေဇာတနိဿယ ခြောက်ပါး ပစ္စည်းတရားငင်း။

(၉) **ဥပနိဿယပစ္စယော၊** မိုးနှင့်မကင်း၊ စုံခပင်းကို၊ မိုးတွင်းခြိမ့်အုန်း၊ ထစ်ချုန်းမြည်ကျိုး၊ ရွာသည့်မိုးသို့။ သုံးမျိုးပြားလတ်၊ စိတ္တုပ္ပါဒ်အား။ ဆဲ့လေးပါးတွင်။ အားကြီးသော မှီရာ

အကြောင်း၏ အဖြစ်တည်းဟူသော ဥပနိဿယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဒုက္ခသဟ၊ မောဟကြံ၍စိတ်၊ ဣဋ္ဌနိပ္ဖန်၊ နိဗ္ဗာန်ဟူသော အာရမ္မဏူပ နိဿယ၊ ရှေးရှေးသော နာမက္ခန်ဟူသော အနန္တရူပနိဿယ၊ ဗလဝရုပ် စိတ္တုပ်ပညတ် ဟူသော ပကတူပနိဿယသုံးပါး ပစ္စည်းတရားငင်း။ (ဤဥပမာလည်း အဋ္ဌကထာမရှိ)

(၁၀) **ပုရေဇာတပစ္စယော၊** အလင်းမှီနေ၊ များဗိုလ်ခြေကို၊ ကပွေ စစ္စာ၊ ပေါ်လာထွန်းပ၊ နေနှင့်လသို့။ နောက်မှဖြစ်လေ၊ စိတ်နှင့်စေ အား။ တူကိုးပါးတွင်။ ရှေးဖျားဖြစ်၍၊ ပစ္စုပ္ပန္နေ၊ ပုရေဇာတသတ္တိထူး ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆဝတ္ထုဟူသော ဝတ္ထု ပုရေဇာတ၊ နိပ္ဖန္နရုပ်ဟူသော အာရမ္မဏပုရေဇာတ နှစ်ပါး ပစ္စည်းတရားငင်း။ (ဤလည်း အဋ္ဌကထာမလာ)

(၁၁) **ပစ္ဆာဇာတပစ္စယော၊** ဂိဇ္ဈပေါတက (လင်းတငယ်)၊ သရီရအား၊ အာဟာရဝယ်၊ တာတွယ် အာသာ၊ စေတနာသို့။ ပုရေဇာတ ရုပ်ဓမ္မအား။ မျိုးလေးပါးတွင်။ နောက်ပါး၌ ဖြစ်သဖြင့်၊ ထောက်ပံ့ ခိုင်မာ၊ ပစ္ဆာဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နောက်နောက် ပဉ္စဝေါကာ နာမ်ခန္ဓာ လေးပါး ပစ္စည်းတရားငင်း။

(၁၂) **အာသေဝနပစ္စယော၊** နောက်နောက်မွန်လေး၊ သာလွန်မွေးအောင်၊ ရှေးရှေးထုံထား၊ နံ့သာလားသို့။ မခြားမပြတ်၊ မျိုးဇာတ်တူစွာ၊ ကုသလာ ကုသလ၊ ကြိယသဘော၊ နောက်နောက်ဇောအား။ တူခြောက်ပါးတွင်။ ခွန်အားဟုန်ပြင်း၊ ယူစေလျှင်း၍၊ ထုံခြင်းဟူသော အာသေဝနသတ္တိ ထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော လောကီဇောသတ္တ- စတ္တာလီသ၊ အာသေဝန သုံးပါး၊ ပစ္စည်းတရားငင်း။

(၁၃) **ကမ္မပစ္စယော၊** သစ်ပင်တို့အား၊ မျိုးစေ့လားသို့။ ကြွင်းပြားတူလတ်၊ သဟဇာတ်နှင့်၊ ကဋတ္တာဝိပါက်၊ ဤနှစ်ချက်အား။ တဆဲ့ငါးတွင်။ အားပါးထုတ်ထ၊ လှုံ့လသည်းစွာ၊ အမူအရာ ဟူသော ကမ္မသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟဇာတ် စေတနာဟူသော သဟဇာတကမ္မ၊ အတိတ်ကုသိုလ် အကုသိုလ်စေတနာဟူသော နာနာက္ခဏိကကမ္မနှစ်ပါး ပစ္စည်းတရားငင်း။

(၁၄) **ဝိပါကပစ္စယော၊** ချမ်းရိပ်နားနေ၊ သွန်းလေပြေသို့။ မကွေဖြစ်လတ်၊ သဟဇာတ်အား။ မျိုးရှစ်ပါးတွင်။ အင်အားချည့်ပမ်း၊ ငြိမ်းချမ်းစေလျက်၊ ငြိမ်သက်ခြင်းဟူသော ဝိပါကသတ္တိထူး ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိပါက်နာမက္ခန္ဓာဟူသော ဝိပါကပစ္စည်း တရားငှင်း။

(၁၅) **အာဟာရပစ္စယော၊** မယိမ်းမယိုင်၊ ခိုင်စေသောအား၊ ထောက်သည့်ကျားသို့။ နှစ်ပါးသဟဇံ ရုပ်နှင့်နာမ်အားငှင်း, လေးတန်သန္တတိ သမုဋ္ဌာနိကရုပ်အားငှင်း။ ယထာက္ကမ၊ ဒွါဒသမျိုးတူတွင်၊ ဆောင်ယူထောက်ပံ့ခြင်းဟူသော အာဟာရသတ္တိထူးဖြင့် ကျေးဇူးပြု ခြင်း လက္ခဏာရှိသော ဖဿ, စေတနာ, ဝိညာဏ်ဟူသော နာမ်အာဟာရသုံးပါး၊ အဇ္ဈတ် ဗဟိ၊ စတုသမုဋ္ဌာနိကဩဇာဟူသော ရုပ်အာဟာရပစ္စည်းတရားငှင်း။

(၁၆) **ဣန္ဒြိယပစ္စယော၊** တပြည်တွင်း၌၊ ချင်းချင်းမဟာန့်၊ သီးမသန့်ပဲ၊ ခွဲခန့်ပိုင်စား၊ မင်းအများသို့။ သုံးပါးပြားလတ်၊ သဟဇာတ်နှင့်၊ ဓာတ်-ပဥ္စဝိညာဏ၊ ကမ္မဇရုပ်အား။ တူဆဲ့ငါးတွင်။ အခြားမသွေ၊ မိမိသို့လိုက်စေခြင်းဟူသော ဣန္ဒြိယသတ္တိထူးဖြင့် ကျေးဇူးပြု ခြင်းလက္ခဏာရှိသော နာမ်ဣန္ဒြေ တရားကိုယ်ရှစ်ပါးဟူသော သဟဇာတိန္ဒြိယ၊ မဇ္ဈိ မာယုက၊ ပသာဒရုပ်ငါးခု ဟူသော ပုရေဇာတိန္ဒြိယ၊ ဇီဝိတရုပ်ဟူသော ရူပဇီဝိတိန္ဒြိယ သုံးပါး ပစ္စည်းတရားငှင်း။

(၁၇) **ဈာနပစ္စယော၊** သစ်ပင်တောင်ငူ၊ တက်သသူသည်၊ အောက်လူတို့အား၊ ပြောသည့် လားသို့။ နှစ်ပါးရုပ်နာမ်၊ သဟဇံအား။ ဆဲ့တပါးတွင်။ ထင်ရှားတပ်တပ်၊ ကပ်၍ရှုခြင်း ဟူသော အာရမ္မဏူပနိဇ္ဈာန လက္ခဏူပနိဇ္ဈာန သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော ပဥ္စဝိညကြဉ် စိတ်မှာယှဉ်သည့် ဈာနင်ခုနစ်ပါး ပစ္စည်းတရားငှင်း။

(၁၈) **မဂ္ဂပစ္စယော၊** ထိုဤမှာသို့၊ ဆောင်ယူပို့သည့်၊ ကူးတို့မသွေ။ သဟေတုကတ်၊ သဟဇာတ်အား။ ဆဲ့သုံးပါးတွင်။ ဖြူစင်မည်းညစ်၊ ဤအဖြစ်မှ၊ ပြန်လစ်ဆူလှယ် ထုတ် ဆယ်ဆောင်ယူ၊ ထွက်မြောက်ကြောင်းဟူသော မဂ္ဂသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာ ရှိသော သဟိတ်မှာယှဉ် မဂ္ဂင်ဆဲ့နှစ်ပါး ပစ္စည်းတရားငှင်း။

(၁၉) **သမ္ပယုတ္တပစ္စယော၊** စတုမစ္စူ၊ ရောသည့်တူသို့၊ လေးဆူနာမ်အား။ ခုနစ်ပါးတွင်။ လေးပါးအင်္ဂါ၊ မကွာချင်းချင်း၊ ယှဉ်ကြခြင်းဟူသော သမ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ခန္ဓာလေးပါး သမ္ပယုတ္တပစ္စည်းတရားငှင်း။

(၂၀) **ဝိပ္ပယုတ္တပစ္စယော၊** ခြောက်ထွေရသာ၊ ပေါင်းရောပါသို့။ သဟဇာရုပ်၊ ဝတ္ထုပ်, သန္ဓေ၊ အစထွေသား၊ သုံးမျိုးအားကို။ တူပြားသဘာ၊ ဆဲ့သုံးဖြာတွင်။ နာနာဘာဝ၊ မယှဉ်ကြခြင်း ဟူသော၊ ဝိပ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော၊ ပဥ္စဝေါကာရ၊ ရူပသမုဋ္ဌာနိက စိတ်စေ၊ သန္ဓေ, ဟဒယ စသော သဟဇာတဝိပ္ပယုတ်, ပုရေဇာတဝိပ္ပယုတ်, ပစ္ဆာဇာတဝိပ္ပယုတ်သုံးပါး ပစ္စည်းတရားငှင်း။ (အာဒိသဒ္ဒါနှစ်ခုဖြင့် အစဉ်အတိုင်း ဝတ္ထု ပုရေဇာတနိဿယ, ပစ္ဆာဇာတ နှစ်ပါး တို့၏ ပစ္စယုပ္ပန်နှင့် ပစ္စည်းကို ညွှန်းသည်)

(၂၁) **အတ္ထိပစ္စယော၊** မြေမြင်းမိုရ်သည်၊ ထိုထိုစိမ်းရှင်၊ မြက်သစ်ပင်အား၊ ထင်ရှားရှိနေ၊ ထောက်ပံ့ပေသို့။ တွက်ရေကုံထံ၊ ရုပ်နှင့်နာမ်အား။ ဆဲ့ငါးပါးတွင်။ ထင်ရှားရှိခိုက်၊ အထိုက်လျော်ထ၊ ဥပတ္ထမ္ဘက သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ထိုထို ရုပ်နာမ်ဟူသော သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ဣန္ဒြိယတ္ထိ-ငါးပါး ပစ္စည်းတရားငှင်း။ (ဤအတ္ထိငါးပါးသည် အစဉ်အတိုင်း သဟဇာတ, ပုရေဇာတ, ပစ္ဆာဇာတ, ရုပ်အာဟာရ, ရူပဇီဝိတိန္ဒြိယ ငါးပါးတို့နှင့် တူ၏။ ထို့ကြောင့် အကျဉ်းမျှသာ အနက်သမ္ဗန် လိုက်သည်။)

(၂၂) **နတ္ထိပစ္စယော၊** မိုက်မှောင်ဖြစ်စေ၊ ငြိမ်းသေလေပြီး၊ ဆီမီးပုံသွေး၊ ဖြစ်ခွင့်ပေး၍၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော နတ္ထိပစ္စည်းတရားငှင်း။ (အနန္တရ နည်းတူ)

(၂၃) **ဝိဂတပစ္စယော၊** နေရောင်ပျောက်ကင်း၊ လရောင်လင်းသို့၊ ချုပ်ကင်းသောအဖြစ်ဖြင့်၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိဂတပစ္စည်းတရားငှင်း။ (အနန္တရ နည်းတူ)

(၂၄) **အဝိဂတပစ္စယော၊** ငါးတို့ပျော်ရာ၊ မဟာသမုဒ်၊ ရေအစုတ်သို့၊ မချုပ်တင်းလင်း၊ မကင်းသော အဖြစ်ဖြင့်၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော အဝိဂတပစ္စည်းတရားငှင်း။ (အတ္ထိ နည်းတူ)

(ကမ္မပစ္စည်းမှ စ၍ ဥပမာစုလည်း အဋ္ဌကထာမရှိ)။

ဣတိ၊ ဤသို့။ စတုဝီသတိပစ္စယာ၊ နှစ်ဆယ့်လေးပါး အကြောင်းတရားတို့သည်။ မဟာပကရဏေ၊ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီး၌။ ဌိတာ၊ တည်ကုန်၏။

**ဣမိနာနန္တဋ္ဌာနမ္ဘိ၊ ဆေကော ဘဝေမိ သဗ္ဗဓိ။**
**သိတ္တာ နာဝါဝ နိဗ္ဗာနံ၊ လောကေ ကုဟိဥ္စိနာလယံ။**

**အဟံ၊** ငါသည်။ **ဣမိနာ ပုညကမ္မေန၊** ဤပစ္စယုဒ္ဒေသ နိဒ္ဒေသယကို ရွရွနှုတ်တက် ဆောင်ရွက်ကျက်မှတ် ရွတ်ဘတ်ဖွေနည် ကြံစည်မြဲမြံ ကုသိုလ်ကံကြောင့်။ **သဗ္ဗဓိဘဝေ** ဘဝတိုင်း၌။ **သဗ္ဗဓိအနန္တဋ္ဌာနမ္ဘိ၊** ကြွင်းမဲ့ကုန်စင် မထင်ဆုံးကမ်း ပဋ္ဌာန်းကျမ်း၌။ **ဆေကော၊** တတ်ပွန်သိမြင် ကျွမ်းကျင်လိမ္မာသည်။ **ဓမိ၊** ဖြစ်ရလို၏။ **သိတ္တာ၊** လေးသည့်ရေဝန် ပက်သွန်ပြီးသော။ **နာဝါ၊** လှေသည်။ **တိတ္ထံ၊** လိုရာဆိပ်ကမ်းသို့။ **တေိက္ကဝ၊** မတွယ်မတာ လျင်စွာ ထုတ်လျှောက် ရောက်သကဲ့ သို့။ **ကုဟိဥ္စိ လောကေ၊** ရူပ သဒ္ဒ စသည့်အာရုံ တစုံတခုသော လောက၌။ **အနာလယံ၊** မတွယ်မတာ ဆိတ်စာမထောင့်သည်ဖြစ်၍၊ **နိဗ္ဗာနံ၊** အမတမွန် ငြိမ်းရာမှန်သည် နိဗ္ဗာပြည်နန်းသို့။ **ဓမိ၊** လျင်စွာ ထုတ်ချောက် ရောက်ရလို၏ အရှင်မြတ်ဘုရား။

**မဟာဝိသုဒ္ဓါရုံဆရာတော်**

# အာရမ္မဏပစ္စယော

**အာရမ္မဏပစ္စယောတိ**

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

## ❀ အာရမ္မဏပစ္စည်း အဓိပ္ပါယ် ❀

**အာရမ္မဏပစ္စယော** = အာရမ္မဏ + ပစ္စယော။

အာရမ္မဏ = အာ + ရမ္မဏ။

အာ = လာရောက်၍ ၊ ရမ္မဏ = မွေ့လျော်ခြင်း။

**အာရမ္မဏ** = စိတ်စေတသိက်တို့ လာရောက်၍ မွေ့လျော်ရာ။

- ဥယျာဉ်ပန်းမာလ်သည် လူတို့မွေ့လျော်ရာ ဖြစ်သကဲ့သို့ အာရုံခြောက်ပါးတို့သည် သတ္တဝါများ၏ စိတ်စေတသိက်တို့ မွေ့လျော်ရာ ဖြစ်ကြသည်။
- သတ္တဝါများ၏ စိတ်စေတသိက်တို့သည် ဆိုင်ရာအာရုံ (၆) ပါးတို့ဆီသို့ လာရောက်၍ ပျော်မွေ့ကြ၏။ အာရုံမရှိဘဲ သတ္တဝါတို့၏ စေတသိက်တို့သည် ဘယ်အခါမှ မဖြစ်၊ အမြဲတမ်း နေစဉ်ဘဝတစ်ခုလုံး၌ သတ္တဝါတို့၏ စိတ် စေတသိက်တို့သည် အာရုံပေါ်မှာ မှီပြီး ဖြစ်နေကြ၏။ စိတ်စေတသိက်တို့၏ အဓိကအကြောင်းရင်းတစ်ခုသည် အာရုံ ဖြစ်၏ ဟု ဆိုလိုသည်။

**အာလမ္ဗန** = ဆွဲကိုင်မှီရာ။

- မသန်စွမ်းသူ ၊ လူနာ ၊ အသက်ကြီးရှယ်အို များသည် တောင်ဝှေး ၊ ကြိုးတန်း တို့ကို ဆွဲကိုင်မှီ၍ ထရ ထိုင်ရ သွားရ အိပ်ရ သကဲ့သို့ စိတ်စေသိက်တို့သည် အာရုံတစ်ခုခုကို စွဲမှီ၍ ဖြစ်ကြရသည်။

### “အာရမ္မဏ” နှင့် “အာလမ္ဗန” တို့သည် အဓိပ္ပါယ်တူ၏။

- ✧ အာရုံသည် စိတ်စေတသိက်တရားများ၏ မွေ့လျော်ဖွယ်ရာ၊ ဆွဲကိုင်မှီရာ သတ္တိထူး ရှိ၏။
- ✧ စိတ်စေတသိက်တို့သည် အာရုံတို့၌ မွေ့လျော်၍ အာရုံတို့ကို ဆွဲကိုင်မှီ၍ ဖြစ်ကြ၏။
- ✧ ထင်ရှားသော အာရုံနှင့်ငင်း၊ မထင်ရှားသော အာရုံနှင့်ငင်း ကင်း၍ဖြစ်သော စိတ်စေတသိက် သည် တစ်ခုမျှပင် မရှိ။

## ❀ “ကျေးဇူးပြုသည်”ဟူသည် ... ❀

**ပစ္စယော** =

(၁) မဖြစ်ပေါ်သေးသည်ကို ဖြစ်ပေါ်လာအောင် အကျိုးပြုသော အကြောင်းတရား ဖြစ်စေမှု။

(၂) ဖြစ်ပေါ်လာပြီးသောအရာကို တည်နေအောင် အကျိုးပြုသော အကြောင်းတရားတည်စေမှု။

**ဖြစ်စေ တည်စေ ဤနှစ်ထွေ ခေါ်လေ”ကျေးဇူးပြု”။**

(မဟာဂန္ဓာရုံ ဆရာတော်)

❖ အာရုံ(၆)ပါးတရားတို့သည် စိတ်စေတသိက်တို့ ဖြစ်ပေါ်ဖို့ရာ လွန်စွာကျေးဇူးပြုကြ၏။ စိတ်စေတသိက်တို့သည် ထိုအာရုံ(၆)ပါးတို့ကို အမှီပြု၍ ဖြစ်ပေါ်ခြင်းသဘော သည် "အာရမ္မဏပစ္စယော"ဟု ဟောတော်မူ၏။

❖ အာရုံတို့၏သဘောသည် အလွန်ပင် ကျယ်ပြန့်၏။ လေ့လာဝေဖန်၍ မကုန်နိုင်၊ လောကမှာရှိသော သက်ရှိသက်မဲ့ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်တရား အားလုံးသည် အာရုံ(၆)ပါး၌ ပါဝင်ကြ၏။ အာရုံ (၆) ပါးမှ လွတ်သောတရားဟူ၍ မရှိ။ ပဋ္ဌာန်းပစ္စည်း (၂၄) ပါးတို့၌ အာရမ္မဏပစ္စည်းသည် အကြီးအကျယ်ဆုံး ဖြစ်၏။

❖ နိဗ္ဗာန်သည် "အာရမ္မဏ" နှင့် "အာရမ္မဏာဓိပတိပစ္စည်း"တို့၌သာ ပါဝင်၏။

## ❁ ပဋ္ဌာန်းနည်း ❁

**ပစ္စယ ၊ ပစ္စည်း** ❁ အကြောင်းတရား။

**ပစ္စယုပ္ပန္န ၊ ပစ္စယုပ္ပန်** ❁ အကျိုးတရား။

**ပစ္စယသတ္တိ** ❁ အကျိုးကို ဖြစ်စေ, တည်စေနိုင်သော "စွမ်းရည်သတ္တိ" (အကြောင်းသတ္တိ)။

အလုံးစုံသော စိတ် (၈၉)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ နိဗ္ဗာန်၊ ပညတ် ဟူသော အာရုံ (၆) ပါးတို့သည် မိမိတို့ကို အာရုံပြု၍ဖြစ်သော အလုံးစုံသော စိတ် (၈၉)၊ စေတသိက် (၅၂)၊ (ဝိညာဏဓာတ်နာမ်ခန္ဓာခုနစ်ပါး) တို့အား "အာရမ္မဏပစ္စယ"သတ္တိဖြင့် ကျေးဇူးပြုကြ၏။

## ❁ အာရုံ (၆) ပါး ❁

အာရုံ (၆) ပါး တို့တွင်...

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဟူသော အာရုံ (၅) ပါး တို့သည် ရုပ်တရား တို့သာ ဖြစ်ကြ၏။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အာရုံ (၃) မျိုးတို့ရှိရာ ဤ အာရုံ (၅)ပါး၌ ဖြစ်ဆဲဖြစ်သော

ပစ္စုပ္ပန်အာရုံကို ယူအပ်၏။ ပစ္စုပ္ပန်ဖြစ်သော ဤအာရုံ (၅) ပါး တို့သည်သာ ဆိုင်ရာပဉ္စဝိညာဏ ဓာတ်နှင့် မနောဓာတ် (၃) ပါး တို့အား ကျေးဇူးပြုကြ၏။

"ဓမ္မာရုံ"၏ နယ်ပယ်သည် အလွန်ကျယ်ဝန်း၏။ ရုပ် (၂၈) ပါး ရှိသည့်အနက် အာရုံ (၅)ပါး၊ ပစ္စုပ္ပန်ရုပ် (၅) မျိုး မှ ကျန်သော ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ရုပ် (၂၈) ပါး တို့သည် ၎င်း၊ စိတ် (၈၉)၊ စေတသိက် (၅၂)၊ ရုပ် (၂၈)၊ နိဗ္ဗာန်၊ ပညတ် တို့သည်၎င်း "ဓမ္မာရုံ"ထဲ၌ ပါဝင်ကြ၏။

ဤအာရုံ (၆) ပါး တို့၌ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ် ဟူသော တရားအားလုံး ပါဝင်ကြ သဖြင့် စိတ်၊ စေတသိက်တို့၏ အာရုံမဖြစ်သောတရားသည် တစ်ခုမျှပင် မရှိ။

ယင်းအာရုံတရားများတွင် စိတ်၊ စေတသိက်၊ ရုပ်တရား တို့သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ဟူသော ကာလသုံးပါးတို့နှင့် သက်ဆိုင်ကြသဖြင့် ထိုတရားတို့ကို တေကာလိက = ကာလသုံးပါးနှင့် သက်ဆိုင်သောတရားများ ဟုခေါ်၏။

နိဗ္ဗာန်၊ ပညတ် တို့သည်ကား ကာလသုံးပါးမှ အလွတ်ဖြစ်သောတရားများဖြစ်၍ ထိုတရားတို့ ကို ကာလဝိမုတ္တ (ကာလဝိမုတ်) တရားနှစ်ပါးဟုခေါ်၏။

## ❀ ဝိညာဏဓာတ် (၇) ပါး ❀

စိတ် (၈၉) ပါး တို့ကို ဝိညာဏ်ဓာတ် (၇) ပါး ခွဲခြားမှတ်သားရမည်။

အဟိတ်စိတ် (၁၈) ပါး တို့တွင်...

- စက္ခုဝိညာဉ်စိတ်နှစ်ပါးသည် စက္ခုဝိညာဏဓာတ် (မြင်သိစိတ်) ဖြစ်၏။
- သောတဝိညာဉ်စိတ်နှစ်ပါးသည် သောတဝိညာဏဓာတ် (ကြားသိစိတ်) ဖြစ်၏။
- ဃာနဝိညာဉ်စိတ်နှစ်ပါးသည် ဃာနဝိညာဏဓာတ် (အနံ့သိစိတ်) ဖြစ်၏။
- ဇိဝှါဝိညာဉ်စိတ်နှစ်ပါးသည် ဇိဝှါဝိညာဏဓာတ် (စားသိစိတ်) ဖြစ်၏။
- ကာယဝိညာဉ်စိတ်နှစ်ပါးသည် ကာယဝိညာဏဓာတ် (တွေ့ထိစိတ်) ဖြစ်၏။

ဤစိတ် (၁၀) ပါး ကို ဒွေးပဉ္စဝိညာဉ် (၁၀) ပါး ဟုခေါ်၏။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ သမ္ပဋိစ္ဆိုင်းစိတ် (၂)ပါးတို့သည် မနောဓာတ် (အာရုံကို မထင်မရှား သိစိတ်) ဖြစ်၏၊

- "ပဉ္စဒွါရာဝဇ္ဇန်းစိတ်" ဟူသည် အာရုံငါးပါးကို ဆင်ခြင်သောစိတ်၊ (တနည်း) ငြိမ်သက်နေသော စိတ်တို့မှ လှုပ်ရှားနေသောစိတ်များကို ပြောင်းလဲပေးသောစိတ် ဟူ၍ ဆိုလို၏။
- "သမ္ပဋိစ္ဆိုင်းစိတ်"ဟူသည် အာရုံငါးပါးကို လက်ခံသောစိတ်ဟု ဆိုလို၏။

အထက်ဖော်ပြပါ အဟိတ်စိတ် (၁၃) ပါး မှ ကြွင်းကျန်သော စိတ် (၇၆) ပါး တို့သည် မနောဝိညာဏဓာတ် (အာရုံကို အထူးသိစိတ်) ဖြစ်၏။

"စိတ်"ကို (၇) မျိုး ခွဲ၍ ဖော်ပြရာ၌ "စေတသိက်"တို့သည်လည်း ပါဝင်ကြ၏။ အကြောင်းမှာ "စိတ်" ဖြစ်လျှင် "စေတသိက်"တို့လည်း ဖြစ်သောကြောင့်ဖြစ်၏။

## ❁ အာရုံ (၆) ပါး" နှင့် "အာရမ္မဏိကတရားများ ❁

- ❖ ပစ္စုပ္ပန်ရူပါရုံသည် စက္ခုဝိညာဉ်ဒွေး၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ခုတို့အားငင်း၊
- ❖ ပစ္စုပ္ပန်သဒ္ဒါရုံသည် သောတဝိညာဉ်ဒွေး၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ခုတို့အား ငင်း၊
- ❖ ပစ္စုပ္ပန်ဂန္ဓာရုံသည် ဃာနဝိညာဉ်ဒွေး၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ခုတို့အားငင်း၊
- ❖ ပစ္စုပ္ပန်ရသာရုံသည် ဇိဝှါဝိညာဉ်ဒွေး၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ခုတို့အားငင်း၊
- ❖ ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဉ်ဒွေး၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ခုတို့ အားငင်း၊
- ❖ ပစ္စုပ္ပန်ပဉ္စာရုံသည် ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းဒွေး ဟုဆိုအပ်သော မနောဓာတ် (၃) ခု၊ ဆန္ဒ ပီတိ ဝီရိယ ကြဉ် အညသမာန်း စေတသိက် (၁၀) တို့အားငင်း၊
- ❖ ပစ္စုပ္ပန်အာရုံငါးပါး ရုပ်တရား မှတပါး ကြွင်းကျန်သော ကာလသုံးပါးဖြစ်သော ရုပ်(၂၈)၊ စိတ် (၈၉)၊ စေတသိက် (၅၂)၊ "ကာလဝိမုတ်"ဖြစ်သော နိဗ္ဗာန်၊ ပညတ်၊ အာရုံ (၆)ပါးတို့သည် ကျန်သော စိတ် (၇၆) မနောဝိညာဏဓာတ်၊ စေတသိက် (၅၂) တို့အားငင်း

**"အာရမ္မဏပစ္စယ"သတ္တိ**ဖြင့် ကျေးဇူးပြုသည်။

| အာရုံ၊ ပစ္စည်း ၊ အကြောင်း | အာရမ္မဏိက ၊ ပစ္စယုပ္ပန် ၊ အကျိုး |
|---|---|
| ပစ္စုပ္ပန် ရူပါရုံ | စက္ခုဝိညာဏ်ဒွေး၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇) |
| ပစ္စုပ္ပန် သဒ္ဒါရုံ | သောတဝိညာဉ်ဒွေး ၊ ။ |
| ပစ္စုပ္ပန် ဂန္ဓာရုံ | ဃာနဝိညာဉ်ဒွေး ၊ ။ |
| ပစ္စုပ္ပန် ရသာရုံ | ဇိဝှါဝိညာဉ်ဒွေး ၊ ။ |
| ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ | ကာယဝိညာဉ်ဒွေး ၊ ။ |
| ပစ္စုပ္ပန် ပဉ္စာရုံ | မနောဓာတ် (၃)<br>➯ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းဒွေး၊ ဆန္ဒ၊ ပီတိ၊ ဝီရိယ ကြဉ် အညသမာန်းစေ(၁၀) |
| **ကာလသုံးပါး၊ ကာလဝိမုတ်၊ အာရုံ (၆)ပါး**<br>➯ ပစ္စုပ္ပန် အာရုံငါးပါး ရုပ်တရားမှတပါး ကြွင်းကျန်သော ရူပါရုံ စသော အာရုံငါးပါး နှင့်<br>➯ **ဓမ္မာရုံ**<br>➲ စိတ်(၈၉)၊ စေတသိက်(၅၂)၊ ရုပ်(၂၈) [ကာလ (၃) ပါး]<br>➲ နိဗ္ဗာန်၊ ပညတ် [ကာလဝိမုတ်] | မနောဝိညာဏဓာတ်<br>➯ ဒွေးပဉ္စဝိညာဏ် (၁၀)၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းဒွေး ကြဉ် စိတ် (၇၆)၊ စေ (၅၂) |

**နာမ်** (က) အာရုံကို ညွတ်စေတတ် ၊ အာရုံပြုခြင်းခံရ (စိတ် ၊ စေတသိက် ၊ နိဗ္ဗာန်)

(ခ) အာရုံကို ညွတ်တတ် ၊ အာရုံကိုယူ (စိတ် ၊ စေတသိက်)

## ၏ ဝိထိဖြစ်ပုံ ၎

| | ပဉ္စဒွါရဝီထိ | | | | | | | | | | | ဒုတိယ တဒနုဝတ္တိကမနောဒွါရ | | | | တတိယ သုဒ္ဓမနောဒွါရဝီထိ | | | | စတုတ္ထ သုဒ္ဓမနောဒွါရဝီထိ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| **စက္ခုဒွါရဝီထိ** | တီ | န | ဒ | ပ | စ | သမ် | သန် | ဝု | ဇော-၇ | ရုံ-၂ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ |
| **သောတဝီထိ** | တီ | န | ဒ | ပ | သော | သမ် | သန် | ဝု | ဇော-၇ | ရုံ-၂ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ |
| **ဃာနဝီထိ** | တီ | န | ဒ | ပ | ဃာ | သမ် | သန် | ဝု | ဇော-၇ | ရုံ-၂ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ |
| **ဇိဝှါဝီထိ** | တီ | န | ဒ | ပ | ဇိ | သမ် | သန် | ဝု | ဇော-၇ | ရုံ-၂ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ |
| **ကာယဝီထိ** | တီ | န | ဒ | ပ | ကာ | သမ် | သန် | ဝု | ဇော-၇ | ရုံ-၂ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ | မ | ဇ-၇ | ရုံ | ဘ |

**မှတ်ချက် ။** ။ တီ = အတီတဘဝင်။ န = ဘဝင်္ဂစလန။ ဒ = ဘဝင်္ဂုပစ္ဆေဒ။ ပ = ပဉ္စဒွါရာဝဇ္ဇန်း။

စ = စက္ခုဝိညာဉ်။ သမ် = သမ္ပဋိစ္ဆိုင်း။ သန် = သန္တီရဏ။ ဝု = ဝုဋ္ဌော။

ဇ = ဇော။ ရုံ = တဒါရုံ။ ဘ = ဘဝင်။ မ = မနောဒွါရာဝဇ္ဇန်း။

သော = သောတဝိညာဏ်။ ဃာ = ဃာနဝိညာဏ်။ ဇိ = ဇိဝှါဝိညာဏ်။ ကာ = ကာယဝိညာဏ်။

## ❀ စိတ်ဖြစ်စဉ် ❀

"ဒွါရ" နှင့် "အာရုံ"တို့ အကြောင်းတိုက်ဆိုင် ပေါင်းဆုံခြင်းကြောင့် ဖြစ်ပေါ်လာသော စိတ်အစဉ်တို့သည် ဖြစ်ချင်သလို ဖြစ်ကြသည်မဟုတ်ဘဲ စိတ္တနိယာမ = စိတ်ဖြစ်စဉ်သဘော အတိုင်းသာ ဖြစ်ပေါ်လာကြ၏။

"အာရုံ"သည်...

- ❖ အလွန်ထင်ရှားသောအာရုံ
- ❖ ထင်ရှားသောအာရုံ
- ❖ မထင်ရှားသောအာရုံ
- ❖ အလွန် (လုံး၀) မထင်ရှားသောအာရုံ... ဟူ၍ (၄) မျိုး ရှိကြ၏။

ထိုအာရုံတို့၏ ထင်ရှားမှု၊ မထင်ရှားမှုတို့ကြောင့် စိတ်အစဉ်ဖြစ်မှုတို့သည် အများ၊ အနည်း ကွဲပြားကြ၏။

"မျက်စိအကြည်ဓာတ်" နှင့် "အဆင်းရုပ်အာရုံ" တို့ အကြောင်းတိုက်ဆိုင်ပေါင်းဆုံမိသော အခါ ထိုအဆင်း အာရုံသည် အလွန်ထင်ရှားအားကောင်းသောအာရုံဖြစ်လျှင် ငြိမ်သက်နေသော ဘဝင်စိတ်တစ်ချက်လွန်ပြီးနောက် တုံလှုပ်ခြင်း "ဘဝင်စိတ်" ဖြစ်၏။ ထို့နောက် ချုပ်ပြတ်ခြင်း ဘဝင်စိတ် ဖြစ်ပြီးသောအခါ လှုပ်ရှားသောစိတ် စတင်ဖြစ်ပေါ် လာ၏။

ထိုအဆင်းအာရုံကို ဆင်ခြင်စိတ် = ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ်လာ၏။ ယင်း ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ငြိမ်သက်သောစိတ် (ဝီထိမုတ်စိတ်)မှ လှုပ်ရှားသောစိတ် (ဝီထိစိတ်)ကို ပြောင်းလဲပေးလိုက်၏။ သဘာဝဖြစ်စဉ်ကို ပြောရလျှင် ငြိမ်သက်သောစိတ်မှ လှုပ်ရှားသော စိတ်ကို ပြောင်းလဲပေးခြင်းသာ ဖြစ်၏။

ထိုနောက် အဆင်းအာရုံကို မြင်သိစိတ် = စက္ခုဝိညာဉ်စိတ် ဖြစ်၏။ ပြီးတော့ ယင်းအဆင်း အာရုံကို လက်ခံမှု = သမ္ပဋိစ္ဆိုင်းစိတ်၊ ထိုအာရုံကိုစုံစမ်းမှု = သန္တီရဏစိတ်၊ ထို အာရုံကို ဆုံးဖြတ်မှု = ဝုဋ္ဌောစိတ် (မနောဒွါရာဝဇ္ဇန်းစိတ်) ဖြစ်၏။ ယင်းပဉ္စဒွါရာဝဇ္ဇန်းစိတ်မှ ဝုဋ္ဌောစိတ်တိုင်အောင် ကုသိုလ်၊ အကုသိုလ်စိတ်များ မဖြစ်သေးပါ။ ကြိယာစိတ်၊ ဝိပါက်စိတ် တို့သာ ဖြစ်ကြ၏။

ထိုစိတ်များကို အသိဉာဏ်ဖြင့် နှလုံးသွင်းတတ်ပါက ဖြစ်ပေါ်ပြီး ပျောက်သွားခြင်းကို သိမြင်နိုင်၏။ ယင်းသို့ သိမြင်သောအခါ မြင်လျှင်မြင်ကာမျှဖြင့် ဖြစ်ပြီးပျက်နေမှုကို သဘော ပေါက်၏။ မြင်လျှင်မြင်ခြင်း မရှုသိနိုင်သည် ဖြစ်စေ, ရှုသိပေမဲ့ ဖြစ်ပြီးပျက်နေ သည့်သဘောကို နားမလည်နိုင်သည်ဖြစ်စေ "ဝုဋ္ဌောစိတ်"ဖြစ်သည့်အခါ သတိဉာဏ်လွတ် နေသော ပုထုဇဉ်မှာ ဇောများဖြစ်ပေါ် လာရာ၌ "အကုသိုလ်ဇော"များ ဖြစ်ကြ၏။ ဝုဋ္ဌော စိတ်မှာ သတိဉာဏ်ဖြင့် ရှုသိ နေလျှင် ဇောများဖြစ်ပေါ်လာသောအခါ၌ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ် များမှာ "ကုသိုလ်ဇော" များဖြစ်ကြ၏။

ရဟန္တာပုဂ္ဂိုလ်မှာမူ "ကြိယာဇော"များ ဖြစ်၏။ ပုဂ္ဂိုလ်အလိုက် ဇောများဖြစ်ပြီး နောက် ထိုဇောများ ခံစားသော အာရုံကိုလိုက်ပြီးတော့ ခံစားသော တဒါရုံများဖြစ်၍၊ ထိုနောင် ငြိမ်သက် သောဘဝင်စိတ်များဖြစ်ပြီး စိတ်ဖြစ်စဉ်တစ်ခု ပြီးဆုံးသွား၏။

## ❁ ကုသိုလ်ဖြစ်ဖို့ အရေးကြီးခြင်း ❁

အာရုံများနှင့်တွေ့ကြုံရသည့်အခါ ယောနိသောမနသိကာရ = သတိဉာဏ်ဖြင့် နှလုံးသွင်း တတ်ဖို့ လို၏။ ထိုသို့ နှလုံးသွင်းတတ်လျှင် "ကုသိုလ်စိတ်"ဖြစ်၏။ အယောနိသောမနသိကာရ = သတိဉာဏ်ဖြင့် နှလုံးမသွင်းတတ်သည်ဖြစ်စေ သတိဉာဏ်လွတ်နေသည်ဖြစ်စေ "အကုသိုလ် စိတ်" ဖြစ်၏။

ထို့ကြောင့် သတိဉာဏ်ဖြင့် နှလုံးသွင်းနေတတ်ဖို့၊ အာရုံများနှင့် ပေါင်းဆုံတွေ့ကြုံမိသည့် အခါ သတိကပ်အောင် မြဲအောင် အလေ့အကျင့် လုပ်ဖို့လို၏။ သတိစွဲမြဲလာလျှင် ဉာဏ်ပါမှ ဉာဏ်ထက်မှ အားကောင်းသော သတိဖြစ်၏။ အားကောင်းသော အသိဉာဏ်ဖြင့် တွေ့ကြုံသမျှ အာရုံများကို သိမြင်နေလျှင် "ကုသိုလ်"ဖြစ်၏။

## ❀ အာရုံများကို ဖြစ်ကာမျှဖြင့် ဖြစ်ပြီးပျက်နေမှုကို သိအောင်ရှုရခြင်း ❀

လူတိုင်း၌ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ဘဝင် မနောစိတ် ဟူ၍ ဒွါရ (၆)ပေါက်တို့သည် ရှိကြ၏။ ထို ဒွါရ (၆) ပေါက် ရှိနေလျှင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိ၊ ကြံတွေးစရာ အာရုံ (၆) မျိုး တို့နှင့် တွေ့ကြုံရမြဲဖြစ်ကြ၏။ ယင်း "ဒွါရ" နှင့် "အာရုံ"တို့သည် အကြောင်းတိုက်ဆိုင် ပေါင်းဆုံမိခြင်းကြောင့် မြင်သိစိတ်၊ ကြားသိစိတ်၊ အနံ့သိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ ကြံတွေးစိတ် ဟူသော (၆) မျိုး တို့သည် အသက်ရှင်နေသမျှ တစ်ခုပြီးတစ်ခု မပြတ်ဖြစ်ပေါ်နေကြ၏။

ထိုအသိစိတ်ဝိညာဉ် (၆) မျိုး တို့သည် "အာရုံ"မရှိလျှင်လည်း မဖြစ်နိုင်သလို "ဒွါရ" မရှိလျှင်လည်း မဖြစ်နိုင်ကြပါ။ ယင်းအသိစိတ်တို့သည် အကြောင်းတိုက်ဆိုင်ပေါင်းဆုံမိသောအခါ ဖြစ်ပေါ်လာကြ၍ ချက်ချင်းပျောက်ကွယ်သွားကြသော်လည်း ဖြစ်စဉ်တွေက သိပ်မြန်နေသဖြင့် မီးတောက် မီးလျှံလို၊ မြစ်ရေစီးနေသလို ယခင်အသိစိတ် နှင့် ယခု အသိစိတ်သည် အတူတူပင် မှတ်ထင်နေကြ ၏။

ကြားသိစိတ်ကို အာရုံပြုပြီးသတိထားကာ ဉာဏ်ဖြင့်ကြည့်လိုက်လျှင် တစ်သံပြီး တစ်သံ ကြားသိခြင်းမျှသာ ဖြစ်၏။ အခြားစိတ်များသည်လည်း ကြားသိစိတ်လိုပင် ဖြစ်၏။ သို့သော် သတိဉာဏ် ထက်မြက်ပါမှ တစ်စိတ်ပြီးတစ်စိတ်ဖြစ်နေခြင်းကို ကွဲပြားစွာ သိမြင်နိုင်၏။

အာရုံနောက်သို့ လိုက်ပြီးတွေးလျှင်ကား အတွေးအမြင်မပြတ်တော့ဘဲ တစ်စိတ် တည်းသာ ထင်မှတ်နေတတ်၏။ ထိုသို့ထင်မှတ်နေသဖြင့် နှစ်သက်စရာ အာရုံကိုတွေ့ရလျှင် နှစ်သက်သာယာနေတတ်၏။ မကျေနပ်စရာအာရုံကို တွေ့ရပါမူ "ဒေါသ" ဖြစ်နေတတ်၏ စသည်ဖြင့် ပူလောင်မှုတွေ ရပ်မရအောင် ဆက်တိုက်ဖြစ်ကြောရှည်နေတတ်၏။ ပူလောင်မှုတွေများလေလေ စိတ်ပင်ပန်းမှု ကိုယ်ပင်ပန်းမှုတွေများလေလေဖြစ်ကြ၏။

အပူမီးတွေ တောက်လောင်မှု အားကောင်းနေပါမူကား ဘဝသက်တမ်းတိုဖို့ သေချာ၏။ အပူမီးများကိုဆုပ်ကိုင်ထားရင်း ဘဝကိုအဆုံးသတ်ရမည်ဆိုလျှင် လူ့ဘဝကိုတောင် ပြန်ရဖို့ အခွင့်

အလမ်း မရှိနိုင်၊ ရ-ထားသည့်လူ့ဘဝ အရင်းပါ ဆုံးရှုံးရသောကြောင့် နေရာဟောင်း ဘဝဟောင်း အပါယ်ဘုံများမှ လွတ်လမ်းမရှိ မပြတ်လည်နေရပေအုံးမည်။

ပူလောင်မှုများကို မိမိသန္တာန်၌ ကြာကြာဖြစ်ခွင့်မရအောင် ငြိမ်းသွားအောင် မြင်လျှင် မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှ၊အနံ့ရလျှင် အနံ့ရကာမျှ၊ စားလျှင် စားကာမျှ၊ ထိတွေ့လျှင် ထိတွေ့ကာမျှ၊ ကြံတွေးလျှင် ကြံတွေးကာမျှဖြင့် ဖြစ်ပြီးပျက်နေမှုကို သတိဉာဏ်ဖြင့် သိမြင်တတ်ဖို့ လို၏။

ဖြစ်ပေါ်ပြီး ပျောက်ပျက်သွားခြင်းကို သိမြင်အောင် ကြည့်တတ်ရမည်။ ဖြစ်ပြီး ပျက်သွားသည့် သဘောတရားဟူ၍ အပြစ်မြင်မှ နှစ်သက်မှုကင်းမည်။ ကိုယ်ဖြစ်ချင်သလို မဖြစ်ဘဲ သူ့ဖြစ်ချင်သလိုသာ ဖြစ်နေသည့်သဘောကို သိမြင်နေပါမှ ငါ၊ ငါ့ဥစ္စာ၊ အတ္တကောင် ဝိညာဉ်ကောင် ဟူ၍ အစွဲကင်းမည်။ အစွဲကင်းမှ လွတ်ချနိုင်မည်။

## ❀ အာရမ္မဏပစ္စည်း”၏ “အချိန်ကာလ၊ ဒေသ နှင့် ပုဂ္ဂိုလ်” ❀

အချိန်ကာလအားဖြင့် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလသုံးပါး၊ နိဗ္ဗာန်၊ ပညတ် ကာလဝိမုတ်တို့အား “အာရမ္မဏပစ္စယ”သတ္တိဖြင့် ကျေးဇူးပြုနိုင်၏။

နေရာဒေသအားဖြင့် (၃၁) ဘုံ လုံး၌ အာရုံသတ္တိများ တည်ရှိကြ၏။ သို့သော်လည်း ကာမ (၁၁)ဘုံ၌သာ အာရုံအားလုံး ကျေးဇူးပြုနိုင်၏။

ရူပဘုံတို့၌ မျက်စိ၊ နား တို့သာရှိသဖြင့် အနံ့၊ အရသာ၊ အတွေ့အထိ ဟူသော အာရုံ (၃)မျိုး တို့ ကျေးဇူးမပြုနိုင်၊ အရူပဘုံ၌ကား နာမ်တရားသာရှိသဖြင့် အာရုံငါးပါးတို့ ကျေးဇူးမပြု။

ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်ပုဂ္ဂိုလ် (၄) ယောက်၊ အရိယာပုဂ္ဂိုလ် (၈) ယောက် တို့၌ အာရုံ စွမ်းအင်များ ကျေးဇူးပြု၏။ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့၌ နိဗ္ဗာန်ဟူသော ဓမ္မာရုံ၊ ရူပဈာန် ဝင်စားခိုက် ပဋိဘာဂနိမိတ်အာရုံ၊ အရူပဈာန်ဝင်စားခိုက် ဆိုင်ရာအာရုံ၊ ဖိုလ်ဝင်စားခိုက်၌ နိဗ္ဗာန်အာရုံကိုသာ ကျေးဇူးပြု၏။ နိရောဓသမာပတ် ဝင်စားခိုက်၌ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ် တို့အား အာရုံ(၆)ပါးလုံး ကို အာရုံမပြုနိုင်။

## ❁ အဆုံးအမစကား ❁

**ငါးဖြာအာရုံ သတိလုံ ပြည်ဘုံထီးစည်ရောက်။**

(ရှေးဆရာတော်များ (ဇ၆၊ တေလပတ္တဇာတ်၊ ဋ္ဌ၊ ပ၊ ၄၁၇)

✍ ✍ ✍ ✍ ✍ ✍

📖 လောကမှာ "ကုသိုလ်" မရနိုင်၊ "မဂ်ဖိုလ်နိဗ္ဗာန်"ကို အထောက်အကူမပြုနိုင်တဲ့ အာရုံ (၆)ပါး ဆိုတာမရှိဘူး...

◈ ကုသိုလ်ရအောင် မဂ်ဖိုလ်နိဗ္ဗာန်ရောက်အောင် အသုံးမချတတ်သူတွေသာ ရှိတယ်။

📖 "ကုသိုလ်" နဲ့ "မဂ်ဖိုလ်နိဗ္ဗာန်"ကို မရောက်စေနိုင်တဲ့ အာရုံခြောက်ပါးဆိုတာ မရှိသလို...

◈ အပါယ်လေးဘုံကို မပို့နိုင်တဲ့ အာရုံခြောက်ပါးဆိုတာလည်း မရှိနိုင်ပါဘူး။

ဓမ္မဘောရီဆရာတော်

## ၈၁ ပရမတ္ထတရား (၄) ပါး ၀ွ

**စိတ်** ။ **စေတသိက်** ။ **ရုပ်** ။ **နိဗ္ဗာန်** ။

(ကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်)

**အဗျာကတတရား** = ဝိပါက်စိတ်၊ ကြိယာစိတ်၊ ရုပ်၊ နိဗ္ဗာန်။

## ၈၁ အာရမ္မဏပစ္စည်း (ပဉှာဝါရ) ၀ွ

| | | |
|---|---|---|
| **ကု (၃) မျိုး** | ကု - ကု | ဒါန၊ သီလ၊ ဥပုသ်သီလ၊ ပြုခဲ့ဘူး ကု၊ ဈာန်မှထပြီး ဈာန်တရားကို အာရုံပြုဆင်ခြင်။ |
| | ကု - အကု | ဒါန၊ သီလ၊ ဥပုသ်သီလကို အာရုံပြု နှစ်သက်ကျေနပ်၊ မကျေနပ်။ |
| | ကု - အဗျာကတ | ရဟန္တာသည် အရ-မဂ် ကို ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင် (မဟာကြိဉာသမ်)။ |
| **အကု (၃) မျိုး** | အကု - အကု | သတ္တဝါများကို သတ်ပြီးစား၊ လူသတ်_သဘောကျ၊ စိတ်မချမ်းသာဖြစ်။ |
| | အကု - ကု | သေက္ခပု (သော၊ သက၊ အနာ) တို့သည် ပယ်ပြီးကိလေသာကို ဆင်ခြင် (မဟာကုဉာသမ်)။ |
| | အကု - အဗျာ | ရဟန္တာသည် ပယ်ပြီးကိလေသာကို ဆင်ခြင်။ |
| **အဗျာကတ (၃) မျိုး** | အဗျာ - အဗျာ | ရူပါရုံသည် စက္ခုဝိညာဏ်အား ကျေးဇူးပြု။ |
| | | ရဟန္တာသည် အရ-ဖိုလ် / နိဗ္ဗာန်ကို ဆင်ခြင်။ |
| | အဗျာ - ကု | သေက္ခပုသည် ရ,ထားသော ဖိုလ်၊ နိဗ္ဗာန်ကို ဆင်ခြင်။ |
| | | ပုထုဇဉ်/သေက္ခပုတို့သည် စက္ခု၊ ရူပါရုံ စသည်ကို အနိစ္စ၊ ဒု၊ အနတ္တ ဟု ဝိပဿနာရှု (မဟာကုဉာသမ်) |
| | အဗျာ - အကု | စက္ခု၊ ရူပါရုံ စသည်ကို သာယာနှစ်သက် / စက္ခု စသည် အာရုံပြု၍ သာယာမနှစ်သက်။ |

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ၊ ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ၊ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ပစ္စဝေက္ခတိ၊ သေက္ခာ ဂေါတြဘုံ ပစ္စဝေက္ခန္တိ၊ ဝေါဒါနံ ပစ္စဝေက္ခန္တိ၊ သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခန္တိ၊ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ စေတောပရိယ ဉာဏေန ကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။ အာကာသာနဉ္စာယတန ကုသလံ ဝိညာဏဉ္စာယတနကုသလဿ အာရမ္မဏပစ္စယေန ပစ္စယော။ အာကိဉ္စညာယတန ကုသလံ နေဝသညာနာသညာယတနကုသလဿ အာရမ္မဏ ပစ္စယေန ပစ္စယော။ ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓ ဉာဏဿ စေတောပရိယဉာဏဿ ပုဗ္ဗေ နိဝါသာနုဿတိ ဉာဏဿ ယထာကမ္မူပဂ ဉာဏဿ အနာဂတံသဉာဏဿ အာရမ္မဏ ပစ္စယေန ပစ္စယော။ (၁)

ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ပုဗ္ဗေ သုစိဏ္ဏာနိ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။ ဈာနေ ပရိဟီနေ ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ (၂)

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ပစ္စဝေက္ခတိ၊ ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ၊ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ စေတောပရိယဉာဏေန ကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ, ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ ကုသလံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ

ဥပ္ပဇ္ဇတိ။ အာကာသာနဉ္စာယတနကုသလံ ဝိညာဏဉ္စာယတနဝိပါကဿ စ၊ ကိရိယဿ စ အာရမ္မဏ ပစ္စယေန ပစ္စယော။ အာကိဉ္စညာယတနကုသလံ နေဝသညာနာသညာ ယတန ဝိပါကဿ စ၊ ကိရိယဿ စ အာရမ္မဏပစ္စယေန ပစ္စယော။ ကုသလာ ခန္ဓာ စေတောပရိယ ဉာဏဿ၊ ပုဗ္ဗေနိဝါသာ နုဿတိဉာဏဿ၊ ယထာကမ္မူပဂဉာဏဿ၊ အနာဂတံသဉာဏဿ၊ အာဝဇ္ဇနာယ အာရမ္မဏ ပစ္စယေန ပစ္စယော။ (၃)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ ရာဂံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ, ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဝိစိကိစ္ဆံ အာရဗ္ဘ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဥဒ္ဓစ္စံ အာရဗ္ဘ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဒေါမနဿံ အာရဗ္ဘ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။ (၁)

အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ သေက္ခာ ပဟီနေ ကိလေသေ ပစ္စဝေက္ခန္တိ၊ ဝိက္ခမ္ဘိတေ ကိလေသေ ပစ္စဝေက္ခန္တိ၊ ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနန္တိ၊ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ စေတောပရိယ ဉာဏေန အကုသလစိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။ အကုသလာ ခန္ဓာ စေတောပရိယ ဉာဏဿ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ၊ ယထာကမ္မူပဂဉာဏဿ အနာဂတံသဉာဏဿ အာရမ္မဏ ပစ္စယေန ပစ္စယော။ (၂)

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ အရဟာ ပဟီနေ ကိလေသေ ပစ္စဝေက္ခတိ၊ ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ ဇာနာတိ၊ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ စေတောပရိယဉာဏေန အကုသလစိတ္တသမင်္ဂိဿ စိတ္တံ

ဇာနာတိ၊ သောက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ အကုသလံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ အကုသလာ ခန္ဓာ စေတောပရိယ ဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ယထာကမ္မူပဂဉာဏဿ အနာဂတံသဉာဏဿ အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော။ (၃)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ အရဟာ ဖလံ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဖလဿ အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော။ အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ၊ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ၊ စေတောပရိယဉာဏေန ဝိပါကာဗျာကတကိရိယာဗျာကတ စိတ္တသမင်္ဂိဿ စိတ္တံ ဇာနာတိ။ အာကာသာနဉ္စာယတနကိရိယံ ဝိညာဏဉ္စာယတနကိရိယဿ အာရမ္မဏပစ္စယေန ပစ္စယော။ အာကိဉ္စညာယတနကိရိယံ နေဝသညာနာသညာယတန ကိရိယဿ အာရမ္မဏပစ္စယေန ပစ္စယော။ ရူပါယတနံ စက္ခုဝိညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဿ။ ဂန္ဓာယတနံ ဃာနဝိညာဏဿ။ ရသာယတနံ ဇိဝှာဝိညာဏဿ။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။ အဗျာကတာ ခန္ဓာ ဣဒ္ဓိဝိဓဉာဏဿ၊ စေတောပရိယဉာဏဿ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ၊ အနာဂတံသ ဉာဏဿ၊ အာဝဇ္ဇနာယ အာရမ္မဏပစ္စယေန ပစ္စယော။ (၁)

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ သေက္ခာ ဖလံ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ အာရမ္မဏပစ္စယေန

ပစ္စယော။ သောက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿန္တိ၊ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏန္တိ၊ စေတောပရိယဉာဏေန ဝိပါကာဗျာကတ ကိရိယာဗျာကတ စိတ္တသမင်္ဂိဿ စိတ္တံ ဇာနန္တိ။ အဗျာကတာ ခန္ဓာဣဒ္ဓိဝိဓဉာဏဿ စေတောပရိယဉာဏဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ အနာဂတံသ ဉာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော။ စက္ခုံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ (၃)

(ပဋ္ဌာဝါရ၊ ၁၃၂-၆)

# ဟေတုပစ္စယော

**ဟေတုပစ္စယောတိ**

ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

## ဟေတုပစ္စည်း အဓိပ္ပါယ်

**ဟေတု** = အရင်းအမြစ် (ရေသောက်မြစ်) နှင့်တူသော ဟိတ် (၆) ပါး။

**ပစ္စယော** = ကျေးဇူးပြုတတ်သော အကြောင်းတရား။

**ပစ္စယသတ္တိ** = အကြောင်းပစ္စည်းတရားအဖြစ်ဖြင့် ကျေးဇူးပြုတတ်သည့် အစွမ်းသတ္တိ။

ဟိတ် (၆) ပါး ပစ္စည်းတရားတို့သည် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ် ဟူသော အကျိုး (ပစ္စယုပ္ပန်) တရားတို့အား တည်တံ့နေဖို့ရာ အရင်းအမြစ်အဖြစ် (အရင်းခံ အကြောင်းတရား အဖြစ်ဖြင့်) ကျေးဇူးပြုပေးနိုင်သည့် သတ္တိထူးများရှိကြ၏။

ယင်းကဲ့သို့ ကျေးဇူးပြုနိုင်သည့် သတ္တိထူးကို "ပစ္စယသတ္တိ"ဟုခေါ်၏။

## ❖ ရှင်းလင်းချက် ❖

သစ်ပင်များ၌ ရေသောက်မြစ်ရှိသည့်အတွက် သစ်ပင်များသည် မယိုင်လဲဘဲ ခိုင်မြဲ ကြီးထွားကြ၏။ ထိုရေသောက်မြစ်သည် သစ်ပင်ကို မယိုင်လဲဘဲ ခိုင်မြဲကြီးပွားစေနိုင်သော သတ္တိထူးရှိ သလို ထို့အတူ "လောဘ"စသော ဟိတ် (၆) ပါး တို့သည် မိမိတို့နှင့်အတူတွဲ၍ ဖြစ်လေ့ ရှိသော စိတ်၊ စေတသိက်များနှင့် မိမိတို့ကြောင့် ဖြစ်ကြသော စိတ္တဇရုပ်၊ ကမ္မဇရုပ် တို့အား မယိုင်လဲဘဲ ခိုင်မြဲ ကြီးပွားစေနိုင်သော သတ္တိထူး ရှိကြ၏။

သစ်ပင်၏အမြစ်တို့သည် မြေကြီးအတွင်းထဲ၌သာ ကောင်းစွာတည်ပြီး မြေကြီး၏ အဆီအရသာကိုငှင်း၊ ရေ၏ အဆီအရသာကိုငှင်း စုပ်ယူ၍ ထိုသစ်ပင်၏ တစ်ပင်လုံးသို့ ပို့ဆောင်ပေးသဖြင့် ထိုသစ်ပင်သည် ကြီးထွားလျှက် ကာလကြာမြင့်စွာတည်နေ၏။

ထို့အတူပင် "လောဘ"စသော ဟိတ် (၆) ပါး တရားတို့သည် ထိုဝတ္ထု, အာရုံတို့၏ ကောင်းသော မကောင်းသော အဆီအရသာကိုငှင်း၊ ယင်းဝတ္ထု, အာရုံတို့၏ သာယာစရာ မသာယာစရာ သဘောကို ရရှိအောင်ဆောင်ရွက်ကြ၍ငှင်း၊ မိမိတို့နှင့် အတူဖြစ်ဖက်တရားတို့အား ကာယကံ၊ ဝစီကံ၊ မနောကံ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုဖြင့် ပြုလုပ်ကြသည့်တိုင်အောင် ကာလကြာမြင့်စွာ ထောက်ပံ့ကျေးဇူးပြုကြ ၏။

ပုဂ္ဂိုလ်တစ်ဦး၏သန္တာန်၌ "ဒွါရ" နှင့် "အာရုံ" ပေါင်းဆုံမိသောအခါ နှစ်သက်စရာအာရုံပေါ်မှာ တွယ်တာစွဲလမ်းသည့် "လောဘ"ဖြစ်တတ်၏။ ယင်း"လောဘ"အမြစ်တွယ်မိလျှင် အတူဖြစ်ဖက် စိတ်၊ စေတသိက်တရားတို့သည် ထိုအာရုံပေါ်၌ပင် စွဲမြဲစွာတည်နေကြ၏။

လောဘအမြစ် ထက်သန်အားကောင်းလေလေ အတူဖြစ်ဖက်တရားတို့သည် စွဲမြဲကြလေဖြစ်ကြ၏။ လောဘအမြစ် ထက်သန်အားကောင်းသလောက် စေတနာကံသည်လည်း ထက်သန်ခိုင်မြဲနေသဖြင့် နောင်အကျိုးပေးသည့်အခါမှာလည်း မကောင်းကျိုးများကို လောဘအမြစ်အားကောင်းသလောက်ကို "စေတနာကံ"က အကျိုးပေး၏။

အာရုံတစ်ခုခု၌ လောဘသည် နှစ်သက်သာယာ၍ အမြစ်တွယ်မိသောအခါ အတူဖြစ်ဖက်စိတ်စေတသိက်နာမ်တရားတို့သည် ယင်းအာရုံပေါ်မှာ တည်တံ့ခိုင်မြဲကြသလို ထို စိတ် စေတသိက်တို့ကြောင့်ဖြစ်သော ရုပ်တရားတို့သည်လည်း ထိုအာရုံပေါ်မှာ စူးစိုက်စွဲမြဲစွာ တည်နေကြ၏။

အဆင်းရုပ်အာရုံ၌ နှစ်သက်သာယာသည့် လောဘဖြစ်နေသည့်အခါ မျက်စိနှင့်ဆိုင်သောရုပ်များလည်း ထိုအာရုံ၌ စူးစိုက်လျှက်ရှိကြ၏။ ထိုအဆင်းရုပ်အာရုံ၌ မျက်စိက စူးစိုက်နေအောင် တကိုယ်လုံးမခွါနိုင်ဘဲဖြစ်နေအောင် လောဘဟိတ်က စိတ္တဇရုပ်တို့အား "ဟေတုသတ္တိ"ဖြင့် ကျေးဇူးပြုနေ၏။

မနှစ်သက်စရာအာရုံကို မြင်ရာ၌ ဒေါသဖြစ်နေသည့်အခါ အတူဖြစ်ဖက် စိတ်၊ စေတသိက် တရားတို့သည် ထိုအာရုံအပေါ်၌ စွဲမြဲစွာ တည်ကြ၏။ ထို စိတ်၊ စေတသိက်တို့ကြောင့်ဖြစ်သော ရုပ်တရားတို့သည်လည်း ထိုအာရုံအပေါ်မှာ စူးစိုက်စွဲမြဲစွာတည်နေကြ၏။

မိမိမုန်းနေသောပုဂ္ဂိုလ်ကိုမြင်လျှင် မျက်စိမျက်နှာပျက်ကာ အလိုမကျသည့်အမူအရာတွေ ဖြစ်အောင် "ဒေါသဟိတ်"က စိတ္တဇရုပ်တို့အား "ဟေတုသတ္တိ"ဖြင့်ကျေးဇူးပြု၏။

"မောဟဟိတ်"က ကျေးဇူးပြုခြင်းကြောင့် စိတ်၊ စေတသိက်တို့သည် တွေဝေထိုင်းမှိုင်း နေကြပြီး ထို စိတ်၊ စေတသိက်ကြောင့်ဖြစ်သည့်ရုပ်တို့သည်လည်း တက်ကြွမှုမရှိဘဲ မိန်းမော တွေဝေ နေကြ၏။

အလောဘဟိတ်တရားက ကျေးဇူးပြု၍ တွေ့ရသည့်အာရုံ၌ နှစ်သက်တွယ်တာမှုမရှိခြင်း၊ အဒေါသဟိတ်တရားက ကျေးဇူးပြု၍ ကြုံရသည့်အာရုံ၌ ဒေါသမဖြစ်ဘဲ မေတ္တာဖြင့်နေခြင်း၊ အမောဟဟိတ်တရားက ကျေးဇူးပြု၍ ဆုံရသည့်အာရုံ၌ သတိဉာဏ်ဖြင့်နေခြင်း စိတ်၊ စေတသိက် တို့ဖြစ်ကြ၏။ ထို စိတ်၊ စေတသိက်ကြောင့်ဖြစ်သော ရုပ်တရားတို့သည်လည်း ပေါ့ပါးသွက်လက် နေကြ၏။

လောဘ၊ ဒေါသ၊ မောဟဟိတ် သုံးပါးတို့သည် မကောင်းကျိုးကို ဖြစ်ပေါ်စေတတ်သော ကြောင့် အကုသိုလ်ဟိတ်သုံးပါးတို့ ဖြစ်ကြ၏။

အလောဘ၊ အဒေါသ၊ အမောဟဟိတ် သုံးပါးတို့သည် ကောင်းကျိုးကို ဖြစ်စေသော ကြောင့် ကုသိုလ်ဟိတ်သုံးပါးတို့ ဖြစ်ကြ၏။ ထို ဟိတ် (၆) ပါးတို့သည် "စေတသိက်" တရားချည်း သာ ဖြစ်ကြ၏။ စေတသိက်သည် စိတ်ကိုမှီ၍ စိတ်နှင့်အတူဖြစ်သောတရားများ ဖြစ်၏။

ဟိတ် (၆) ပါးတို့တွင် ဟိတ်တစ်ခုခုဖြစ်လျှင် အတူဖြစ်ဖက် စိတ်၊ စေတသိက် တို့သည် ထိုဟိတ်၏ သဘောအတိုင်း ဖြစ်ကြ၏။ အတူတကွဖြစ်သည့် ရုပ်တရားများသည်လည်း ထိုဟိတ် ၏ သဘောအတိုင်း ဖြစ်ကြ၏။

## ❁ အကုသိုလ်ဟိတ်များ ကျေးဇူးပြုခြင်း ❁

အမျိုးသားတစ်ယောက်သည် အမျိုးသမီးတစ်ယောက်ကိုမြင်၍ နှစ်သက်မြတ်နိုးစိတ် ဖြစ်ပေါ်လာသောအခါ ထိုအမျိုးသားသည် ထိုအမျိုးသမီးအပေါ်မှာ နှစ်သက်စွဲလမ်းစိတ် ဖြစ်နေသမျှ ထိုအမျိုးသမီးကို အကြောင်းပြုပြီး ယင်းအမျိုးသားအား "လောဘ"နှင့် တကွ ဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံမှုတို့သည် ဖြစ်ကြ၏။

"လောဘ"အရင်းခံဖြစ်သော စိတ္တဇရုပ်တို့သည်လည်း အမြဲမပြတ် ကြာရှည်စွာဖြစ်ကြ၏၊ ထိုဖြစ်ပေါ်နေသော စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့သည် ထိုအမျိုးသမီး၌ နှစ်သက်စွဲလမ်းသည့် "လောဘ"သာလျှင် အကြောင်းရင်းဖြစ်ကြ၏။ ထိုလောဘသည် ထို စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့၏ အရင်းအမြစ်ဖြစ်သောကြောင့် ဟိတ် (ဟေတု) ဖြစ်၏။

ထို စိတ်၊ စေတသိက်၊ စိတ္တဇရုပ် တို့အား ကျေးဇူးပြုတတ်သောကြောင့် "ပစ္စည်း" ဖြစ်၏၊ ထို့ကြောင့် "လောဘ"သည် "ဟေတုပစ္စည်း" ဖြစ်၏။

မကျေနပ်စရာအာရုံ၊ သဘောမကျစရာဝတ္ထုတို့ကို တွေ့မြင်ရာ၌ ဒေါသကို အရင်းခံ အကြောင်းပြု၍ငင်း၊ စိတ်ပျံ့လွင့်မှုနှင့် သံသယဖြစ်စရာ အရာဌာနများ၌ မောဟကို အရင်းခံ အကြောင်းပြု၍ငင်း စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ ဖြစ်ပေါ်ကြ၏။

## ❁ ကုသိုလ်ဟိတ်များ ကျေးဇူးပြုခြင်း ❁

အမျိုးသားတစ်ဦးသည် ဝတ္ထုကာမ၊ ကိလေသာကာမတို့၌ အပြစ်ကိုမြင်သောအခါ၌ အမျိုးသမီးတစ်ဦး၌ နှစ်သက်စွဲလမ်းနေမှုကို လွှတ်ချနိုင်၏၊ ထိုအမျိုးသမီးကိုအကြောင်းပြု၍ "အလောဘ"သည် ဖြစ်၏၊ ထို "အလောဘ"လျှင် အကြောင်းရင်းရှိသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့သည် သန့်ရှင်း စင်ကြယ်၏။ သီလနှင့် ပြည့်စုံ၏၊ ကာမဂုဏ်အာရုံတို့ကို စွန့်၍ ရဟန်းပြုကာ ရဟန်းကျင့်ဝတ်သိက္ခာတို့ကို လုံစေ၏။ ကမ္မဋ္ဌာန်းများကို မပြတ်အားထုတ်ကျင့်သဖြင့် ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားတို့ကို ရရှိ၏။

"အလောဘ"သည် ထိုသန့်ရှင်းစင်ကြယ်သော ကာယကံမှု ၊ဝစီကံမှု၊ မနောကံမှုတို့၏ အရင်းမြစ် ဖြစ်သောကြောင့် **"ဟိတ် (ဟေတု)"** ဖြစ်၏။

ထိုသန့်ရှင်းစင်ကြယ်သော စိတ်၊ စေတသိက်၊ ရုပ်အမှုများကို ကျေးဇူးပြုသောကြောင့် "ပစ္စည်း" ဖြစ်၏။ ထို့ကြောင့် "အလောဘ"သည် "ဟေတုပစ္စည်း"ဖြစ်၏။

မကျေနပ်စရာအာရုံ၊ သဘောမကျစရာဝတ္ထုတို့၌ တရားဆင်ခြင် နှလုံးသွင်းသဖြင့် "ဒေါသ"မဖြစ်ဘဲ "အဒေါသ"ကို အကြောင်းပြု၍ရှင်း၊ ကမ္မဋ္ဌာန်းတရားကို စနစ်တကျအားထုတ်သဖြင့် အမှန်တရားကို သိမြင်သော "အမောဟ"ကို အကြောင်းပြု၍ရှင်း၊ စိတ်၊ စေတသိက်၊ စိတ္တဇရုပ် များ ဖြစ်ပေါ်ကြ၏။

## ❀ "ဟိတ်တရား" နှင့် "စိတ်" ❀

စိတ်သည် "အဟိတ်စိတ်"၊ "သဟိတ်စိတ်" ဟူ၍ နှစ်မျိုးရှိသည်။

- ❖ "လောဘ"စသော ဟိတ်တရားမရှိဘဲ ဖြစ်သောစိတ်သည် "အဟိတ်စိတ်"ဖြစ်၏။
- ❖ "လောဘ"စသော ဟိတ်တရားတို့ကြောင့်ဖြစ်သောစိတ်သည် "သဟိတ်စိတ်"ဖြစ်၏။

"သဟိတ်စိတ်"တို့တွင် အကုသိုလ်စိတ်သည် လောဘ၊ ဒေါသ၊ မောဟ ဟူသော ကောင်းသော ဟိတ်သုံးပါးတို့ကြောင့်ဖြစ်၍ **မကောင်းသောစိတ် (အသောဘနစိတ်)** ဖြစ်၏။

ကျန်သောစိတ်တို့သည် အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကောင်းသော ဟိတ်သုံးပါးတို့ကြောင့်ဖြစ်၍ **ကောင်းသောစိတ် (သောဘနစိတ်)** ကို ဖြစ်စေ၏။

အကုသိုလ်စိတ်တွင်...

- ➯ "လောဘမူစိတ်"သည် "လောဘ၊ မောဟ"တို့ကြောင့်ဖြစ်၏။
- ➯ "ဒေါသမူစိတ်"သည် "ဒေါသ၊ မောဟ"တို့ကြောင့် ဖြစ်၏။
- ➯ "မောဟမူစိတ်"သည် "မောဟ"ကြောင့်သာဖြစ်၏။

**မှတ်ချက်** ။ ။ "မောဟမူစိတ်"၌ ဖြစ်သောမောဟသည် "အကြောင်းဟေတုပစ္စည်း"ဖြစ်၍ အတူဖြစ်ဖက်မရှိ။ မောဟကြောင့် မောဟဖြစ်၏။ မောဟသည် မောဟအား ကျေးဇူးပြု၏ဟူ၍ မဆိုနိုင်သဖြင့် "အကျိုးပစ္စယုပ္ပန်တရား"၌ မောဟကိုကြဉ်ထားရ၏။ ထို့ကြောင့် 'မောဟဒွေး၌ မောဟကြဉ်သော' ဟူ၍ ဆိုရ၏။

"သောဘနဘစိတ်"တို့တွင် ကာမာဝစရစိတ်သည် ဉာဏ်မပါသည့် စိတ် (၁၂) ပါး ၌ အလောဘ၊ အဒေါသ ဟိတ်နှစ်ပါးတို့သာ ဖြစ်ကြ၏။ ကျန်စိတ်များသည် အလောဘ၊ အဒေါသ၊ အမောဟဟိတ် သုံးပါးတို့သည် ဖြစ်ကြ၏။

## ❀ "ဟိတ်" နှင့် "ရုပ်များ" ❀

ရုပ်သည်... ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်ဟူ၍ လေးမျိုးရှိ၏။

ထိုတွင်...

- "ကမ္မဇရုပ်"သည် အတိက်ကံကြောင့်ဖြစ်သောရုပ်ဖြစ်၍၊ အတိက်ကံကြောင့်ဖြစ်ရသော ပဋိသန္ဓေစိတ်နှင့်အတူ တစ်ပြိုင်နက်တည်းသာဖြစ်၏။
- "ဥတုဇရုပ်"သည် ပဋိသန္ဓေစိတ်မှာ ဥပါဒ် (ဖြစ်)၊ ဌီ (တည်)၊ ဘင်(ပျက်) ဟူ၍ ခဏငယ်သုံးခု ရှိလေရာ ထိုပဋိသန္ဓေစိတ်၏ ဌီခဏ၌ ဖြစ်၏။
- "စိတ္တဇရုပ်"သည် ပဋိသန္ဓေစိတ်ဖြစ်ပြီးနောက် ဘဝင်စိတ်များဖြစ်ကြလေရာ ပထမ ဘဝင်၏ ဥပါဒ်ခဏ၌ ဖြစ်၏။
- "အာဟာရဇရုပ်"သည် ပဋိသန္ဓေနေသော သတ္တဝါသည် ဗဟိဒ္ဓမှ "ဩဇာ"ခေါ်သော အာဟာရဓာတ် ရရှိသောအခါ၌ စတင်ဖြစ်၏။

## ❀ "ပဋိသန္ဓေအခါ" နှင့် "ပဝတ္တိအခါ" ခွဲခြားခြင်း ❀

ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကို ပဋိသန္ဓေအခါ၊ ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ စုတိစိတ် တိုင်အောင်ကာလကို "ပဝတ္တိအခါ"ဟူ၍ ခွဲယူရ၏။

ကမ္မဇရုပ်သည် သတ္တဝါတစ်ဦး၏ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှ စုတိစိတ်တိုင်အောင် တည်သောကြောင့် ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ နှစ်မျိုးလုံးဖြစ်၏။

စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့သည်ကား "ပဝတ္တိအခါ"မှာသာဖြစ်သောကြောင့် ပဝတ္တိရုပ်မျိုးသာ ဖြစ်ကြ၏။ ပဋိသန္ဓေအခါနှင့်လုံးဝမသက်ဆိုင်။ ထို့ကြောင့် ယင်းရုပ်သုံးမျိုး တို့သည် ပဋိသန္ဓေအခါ၊ ပဝတ္တိအခါဟူ၍ ခွဲခြားသတ်မှတ်ရန်မလို၊ ကမ္မဇရုပ်အတွက်သာ ထိုနှစ်မျိုး ခွဲခြားရန်လို၏။

ဤ "ဟေတုပစ္စည်း"၌ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် နှစ်မျိုးတို့တွင် ပဋိသန္ဓေကမ္မဇ ရုပ်ကိုသာ ယူအပ်၏။ စိတ္တဇရုပ်သည် ပဝတ္တိအခါ၌သာဖြစ်သောကြောင့် ပဝတ္တိ ဟူသောစကားဖြင့် အထူးပြုဖွယ် မလိုပါ။

## ❀ "သဟိတ်ကမ္မဇရုပ်" ၊ "သဟိတ်စိတ္တဇရုပ်" ❀

ကမ္မဇရုပ်၊ စိတ္တဇရုပ်တို့သည် ဟိတ်ကြောင့်ဖြစ်သော သဟိတ်ကမ္မဇရုပ်၊ သဟိတ် စိတ္တဇရုပ်။

ဟိတ်ကြောင့်မဟုတ်ဘဲ ဖြစ်သော အဟိတ်ကမ္မဇရုပ်၊ အဟိတ်စိတ္တဇရုပ်ဟူ၍ နှစ်မျိုးစီ ရှိကြ ၏။ ဤဟေတုပစ္စည်း၌ ပစ္စည်း၏သဘောလက္ခဏာအတိုင်းပင် သဟိတ်ကမ္မဇရုပ်၊ သဟိတ် စိတ္တဇရုပ် တို့ကိုသာ ယူရမည်ဖြစ်သောကြောင့် "သဟိတ်"ဟူသော စကားထူးကို ထည့်ပေးရ၏။

## ❀ "ဟေတုပစ္စည်း"၌ "ဥတုဇရုပ်၊ အာဟာရဇရုပ်"များ မရ ❀

သတ္တဝါများသန္တာန်၌ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် လေးမျိုးတို့သည် ကာလအသီးသီး မှစ၍ တစ်ဘဝလုံး အဆက်မပြတ် ဖြစ်နေကြ၏။ ထို့တွင် ဥတုဇရုပ်၊ အာဟာရဇရုပ်တို့သည် ဟေတုပစ္စည်းနှင့် လုံးဝဆက်စပ်မှုမရှိသောကြောင့် ဤဟေတုပစ္စည်း၌ ကြဉ်ထားရ၏။

## ❀ အကျိုးနာမ်ခန္ဓာအား သက်ရောက်ခြင်း ❀

ဟိတ်(၆)ပါးတို့သည် အကြောင်းညီညွတ်လျှင် မိမိတို့နှင့်အတူဖြစ်ဖက် စိတ်၊ စေတသိက်များပါ အဇ္ဈတ္တသန္တာန်၌ ချက်ချင်းထကြွကာ ဖြစ်ပေါ်လာခြင်းဖြစ်၏။ သို့သော်လည်း အပြင်ဗဟိဒ္ဓသို့ မရောက်ဘဲ အတွင်းစိတ်သန္တာန်၌သာ စိတ်အတွေးမနောကံအနေဖြစ်သာ လွန်ကျူးမှုဖြစ်သော ကြောင့် "ပရိယုဋ္ဌာန"အဆင့်မျိုးသာ ဖြစ်၏။ ဤသဘောကို 'ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ' ပုဒ်ဖြင့် ဟောတော်မူခြင်းဖြစ်၏။

## ❀ အကျိုးရုပ်ခန္ဓာအား သက်ရောက်ခြင်း ❀

နာမ်ခန္ဓာလေးပါးတို့သည် မိမိတို့စိတ်ထဲဖြင့်သာ မကျေနပ်နိုင်ကြဘဲ ထိုစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့အား ကိုယ်အမူ၊ နှုတ်အမူတို့ကိုဖြစ်စေလျက် ဝစီကံမြောက်၊ ကာယကံမြောက် လွန်ကြူးခိုင်းကြ၏။

ထိုအခါတွင် "ဝီတိက္ကမ"အဆင့်မျိုးဖြင့် အကျိုးတရားတို့ သက်ရောက်ကြ၏။ ဤသဘောကို 'တံ သမုဋ္ဌာနာနဉ္စ ရူပါနံ'ပုဒ်ဖြင့် ဟောထားခြင်းဖြစ်၏။

## ❀ "ဟေတုသတ္တိ"၏ "အချိန်ကာလ၊ နေရာဒေသ နှင့် ပုဂ္ဂိုလ်" ❀

"ဟေတုသတ္တိ"တို့သည်...

- အချိန်ကာလအားဖြင့် ပစ္စုပ္ပန်အချိန်ကာလ၌သာ ကျေးဇူးပြု၏။
- နေရာဒေသအားဖြင့် အသညသတ်ဘုံ မှတစ်ပါး ဘုံ (၃၀) တို့၌ ကျေးဇူးပြုနိုင်၏။ ကာမဘုံ၌ ဟိတ် (၆) ပါးလုံးရ၍ ရူပ၊ အရူပဘုံတို့၌ "ဒေါသဟိတ်"သည် ကျေးဇူးမပြုနိုင်။
- ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်ပုဂ္ဂိုလ် (၄) ယောက်၊ အရိယာပုဂ္ဂိုလ် (၈) ယောက်၊ ပေါင်း (၁၂)ယောက်တို့၏ အဇ္ဈတ္တသန္တာန်၌ ကျေးဇူးပြုနိုင်၏။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်နှင့် ရဟန္တာတို့၌ အကုသိုလ်ဟိတ်တို့သည် ကျေးဇူးမပြုနိုင်၊ အနာဂါမ်ပုဂ္ဂိုလ်၌ကား ဒေါသဟိတ် လုံးဝ ကျေးဇူးမပြု။

## ❀ အသုံးချ ကျင့်စဉ် ❀

ယခုမျက်မှောက်ဘဝ၌ ပူလောင်ဆင်းရဲခြင်း၊ နောင်ဘဝ၌ ပူလောင်ဆင်းရဲခြင်း အကျိုးဆိုးများကို မခံစားရဖို့အတွက် အာရုံများနှင့် အကြောင်းတိုက်ဆိုင် တွေ့ဆုံလာချိန်၌ လောဘ၊ ဒေါသ၊ မောဟ ဟူသော အရင်းခံအကြောင်းတစ်ခုခုမဖြစ်ရအောင်၊ ဖြစ်ခဲ့လျှင်လည်း ကြာရှည်ဖြစ်ခွင့် မရအောင် "ယောနိသောမနသိကာရ" - သတိဉာဏ်ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ ဟူ၍ သိမြင် အောင် နှလုံးသွင်းတတ်ရမည်။

ချက်ချင်းတော့ အနိစ္စ.... စသည်ကို သတိဉာဏ်ဖြင့် သိမြင်နိုင်မည်မဟုတ်ပါ၊ အမြဲမပြတ် သတိဖြင့် အလေ့အကျင့်ပြုလုပ်ပေးနေရမည်။ သတိအားကောင်းပြီးမြဲလာလျှင် သမာဓိဖြစ်၏၊ သမာဓိဖြစ်လျှင် ပညာအလင်းဖြင့် ရှင်းလင်းထင်ရှားစွာ သိမြင်သဘောပေါက်၍ မကောင်းသော လောဘ၊ ဒေါသ၊ မောဟ အကြောင်းရင်းခံ တရားဆိုးများကို ဖယ်ရှားနိုင်၏။

ထိုသို့ဖယ်ရှားနိုင်သောအခါ အလောဘ၊ အဒေါသ၊ အမောဟ အကြောင်းရင်းခံတရားများ အားကောင်းလာ၍ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် တရားများကိုရအောင် ဆက်လက် လေ့ကျင့်ရမည်၊ ဆက်လက်ကျင့်ကြံအားထုတ်သဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရမှသာ ပူလောင် ဆင်းရဲခြင်း အားလုံးက လုံးဝလွတ်မြောက်မည်။

## ❀ "သုတ္တန်နည်း" နှင့် "အဘိဓမ္မာနည်း" ❀

မြတ်ဗုဒ္ဓသည် တရားတော်များကိုဟောတော်မူရာ၌...

- ❖ သုတ္တန်နည်း
- ❖ အဘိဓမ္မာနည်း ဟူ၍ နှစ်မျိုး ရှိ၏။

"သုတ္တန်နည်း"သည် တရားနာပုဂ္ဂိုလ်တို့ နားလည်သဘောပေါက်ရုံ၊ ယင်းပုဂ္ဂိုလ်တို့နှင့် သင့်တော်ရုံ ယေဘုယျအားဖြင့် ဟောကြားအပ်သောနည်း ဖြစ်၏။

"အဘိဓမ္မာနည်း"သည်ကား တရားနာပုဂ္ဂိုလ်တို့၏ စရိုက် နှင့် အသိဉာဏ် အနုအရင့်ကို မလိုက်ဘဲ သဘာဝတရားရှိသည့်အတိုင်း ဓမ္မအဓိဋ္ဌာန်ကျကျ အနုစိတ် အသေးစိတ်အားဖြင့် နက်နဲ သိမ်မွေ့စွာ အကုန်အစင် အပြည့်အစုံဟောကြားအပ်သော နည်းဖြစ်၏။

ဤ၌ ဟေတုပစ္စည်း၏ သဘောအဓိပ္ပာယ်ကို သုတ္တန်နည်းဖြင့်လည်း နှိုင်းယှဉ်လေ့လာသင့်၏။ သုတ္တန်နည်း၌ အဝိဇ္ဇာဟူသော မောဟသည်၎င်း၊ တဏှာဟူသော လောဘသည်၎င်း... ဤမကောင်းသော အရင်းမူလတရားနှစ်ပါးတို့သည် အလုံးစုံသောဝဋ္ဋဆင်းရဲ ဒုက္ခတရားအပေါင်း၏ အရင်းအမြစ် ဖြစ်ကြ၏။ ဒေါသသည် လောဘ၏ အကျိုးဆက်မျှသာဖြစ်သော အကုသိုလ်အရင်းအမြစ်ဖြစ်၏၊ လောဘဖြစ်လျှင် ဒေါသသည်လည်း လိုက်ပါလာရ၏။

"ဝိဇ္ဇာ"ဟူသော အမောဟသည်၎င်း၊ တပ်မက်မှုကိုစွန့်ခြင်း = နေက္ခမ္မဓာတ် ဟူသော "အလောဘ"သည်၎င်း... ဤကောင်းမြတ်သောတရားနှစ်ပါးတို့သည် ဝဋ္ဋဆင်းရဲမှ လွတ်မြောက်ကြောင်းဖြစ်သော တရားတို့၏ အရင်းအမြစ်တို့ဖြစ်ကြ၏။ အဒေါသသည် အလောဘ၏ အကျိုးဆက်မျှဖြစ်သော ကုသိုလ်အရင်းအမြစ်ဖြစ်၏။ လောဘမရှိလျှင် ဒေါသသည်လည်း ကင်းသည်သာ ဖြစ်၏။

ဤသို့ ဟိတ် (၆)ပါး အရင်းအမြစ်မူလတရားတို့သည် အတူဖြစ်ဖက်လည်း ဟုတ်၊ အတူဖြစ်ဖက်လည်းမဟုတ်သော ရုပ်နာမ်တရားတို့အား ကျေးဇူးပြုကြ၏။

ဤကား သုတ္တန်ပါဠိတော်တို့၌ လာသောနည်းဖြစ်၏။

အဘိဓမ္မာနည်းသည် ဟိတ်(၆)ပါးတရားတို့က အတူဖြစ်ဖော်ဖြစ်ဖက် တရားများကို ကျေးဇူးပြု၏။ ဤသို့ထူးခြားမှုရှိသည်။

## ❀ အဝိဇ္ဇာ၊ တဏှာ၏ လှည့်စားမှု ❀

လူ, နတ်, ဗြဟ္မာ သုဂတိဘုံများ၌ စည်းစိမ်ချမ်းသာကို အလိုရှိသဖြင့် ကုသိုလ်တရား များကို ပြုလုပ်ကြခြင်းသည် ယင်းသို့ပြုလုပ်ရာ၌ "အလောဘ"၊ "အဒေါသ"၊ "အမောဟ" ဟိတ်ကောင်း သုံးပါးတို့ပါသော်လည်း အမှန်စင်စစ်မှာ ဘဝဟူသမျှ ဒုက္ခချည်းသာဟူ၍ "မသိမှု အဝိဇ္ဇာ" နှင့် ထိုသုဂတိဘုံများ၏ တံလျှပ်ပမာ စည်းစိမ်ချမ်းသာကို "တပ်မက်မှု တဏှာ"တို့၏ လှည့်စား ဖြားယောင်းမှုကြောင့် ဘဝမီးစာ ကုသိုလ်ရှာခြင်းသာဟူ၍ မှတ်ရာ၏။

| အကြောင်း (ပစ္စည်း) | အကျိုး (ပစ္စယုပ္ပန်) |
|---|---|
| **ဟိတ် (၆) ပါး**<br>လောဘ = တွယ်တာမှု၊ လိုချင်မှု။<br>ဒေါသ = အလိုမကျမှု၊ မုန်းတီးမှု။<br>မောဟ = အမှန်မသိမှု၊ အမှားသိမှု။<br>အလောဘ = စွန့်လွှတ်မှု၊ မလိုချင်မှု။<br>အဒေါသ = အကျိုးလိုလားမှု၊ ခွင့်လွှတ်မှု။<br>အမောဟ = အမှန်သိမှု၊ ခွဲခြားဝေဖန်နိုင်မှု။ | သဟိတ်စိတ် (၇၁)၊ မောဟမူဒွေး၌ မောဟ ကြဉ်<br>စေတသိက် (၅၂)<br>သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ |

| အကြောင်း (ပစ္စည်း) | အရေအတွက် (၇) | | အကျိုး (ပစ္စယုပ္ပန်) |
|---|---|---|---|
| အလောဘ<br>အဒေါသ<br>အမောဟ | ကု | ကု | ကု ၂၁၊ စေတသိက် ၃၈<br>သမ္ပယုတ္တက္ခန္ဓာ |
| | | အဗျာ | ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| လောဘ<br>ဒေါသ<br>မောဟ | အကု | အကု | အကု ၁၂၊ စေတသိက် ၂၇<br>သမ္ပယုတ္တက္ခန္ဓာ |
| | | အဗျာ | အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| အလောဘ<br>အဒေါသ<br>အမောဟ | အဗျာ | အဗျာ | သဟိတ်ဝိပါက် ၂၁၊ သဟိတ်ကြိယာ ၁၇၊ စေ ၃၈<br>သမ္ပယုတ္တက္ခန္ဓာ<br>သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ် |

၁။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။

၂။ ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။

၃။ ကုသလော ဓမ္မော ကုသလဿစ အဗျာကတဿစ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။ ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ (၃)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။ အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ အကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ အကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ (၃)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော, ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ (၁)

(ပဋ္ဌာဝါရ၊ ၁၃၂)

## ❀ ကုသိုလ်ဟိတ် ❀

| | ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စယသတ္တိ |
|---|---|---|---|
| ၁။ | နာမ် | နာမ် | ဟေတုသတ္တိ (သဟ၊ အည၊ နိဿ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ) |
| ၂။ | နာမ် | ရုပ် | (ဝိပ္ပယုတ္တ) |
| ၃။ | နာမ် | နာမ်ရုပ် | |

## ❁ (၂) ချက်စု ❁

☸ ပစ္စည်းတရား ☸ ပစ္စယုပ္ပန်တရား

## ❁ (၃) ချက်စု ❁

☸ ပစ္စနိက်တရား

➯ ပစ္စယုပ္ပန်တရားထဲမှာ မပါတဲ့တရားကို **"ပစ္စနိက်တရား"**

➯ ပစ္စနိက် ထုတ်ကြည့်သောအခါ .....

- ♦ ရုပ်တွေထဲတွင် **"စိတ္တဇရုပ်"** နှင့် **"ကမ္မဇရုပ်"** တို့သည် **ဟိတ်ကြောင့်ဖြစ်သောရုပ်**။
- ♦ ဟိတ်ကြောင့် မဖြစ်သောရုပ် နှစ်မျိုး ရှိသည်။ **"ဥတုဇရုပ်"** နှင့် **"အာဟာရဇရုပ်"** တို့သည် **ဟိတ်ကြောင့်မဖြစ်**။

ပါဏာတိပါတသည် ...... "ဒေါသ" ၊ "မောဟ" ၏ အစွမ်းဖြင့် မူလဟိတ်နှစ်ပါး ရှိကြ၏။

အဒိန္နာဒါနသည် ...... "ဒေါသ၊ မောဟ" ၊ "လောဘ၊ မောဟ" ဟိတ်နှစ်ပါး ရှိကြ၏။

မိစ္ဆာစာရသည် ...... "လောဘ" ၊ "မောဟ" ဟိတ်နှစ်ပါး ရှိကြ၏။

မုသာဝါဒ၊ ပိသုဏဝါစာ၊

သမ္ဖပ္ပလာပ တို့သည် ...... "ဒေါသ, မောဟ" ၊ "လောဘ, မောဟ"ဟိတ်နှစ်ပါး ရှိကြ၏။

ဖရုသဝါစာသည် ...... "ဒေါသ" ၊ "မောဟ" ဟိတ်နှစ်ပါး ရှိကြ၏။

အဘိဇ္ဈာ၊ ဗျာပါဒတို့သည် ...... "မောဟ" ဟိတ်တစ်ပါး ရှိ၏။

မိစ္ဆာဒိဋ္ဌိသည် ...... "လောဘ" ၊ "မောဟ" ဟိတ်နှစ်ပါး ရှိကြ၏။

(ဓမ္မသင်္ဂဏီ၊ ဋ္ဌ၊ ၁၄၅၊ အကုသလကမ္မပထကထာ)

အလောဘသည်   ကျန်းမာခြင်း၏ အကြောင်းဖြစ်သည်။
အဒေါသသည်    နုပျိုခြင်း၏ အကြောင်းဖြစ်သည်။
အမောဟသည်    အသက်ရှည်ခြင်း၏ အကြောင်းဖြစ်သည်။

အလောဘသည်   စည်းစိမ်ဥစ္စာ ပြည့်စုံခြင်း၏ အကြောင်းဖြစ်သည်။
အဒေါသသည်    မိတ်ဆွေကောင်း ပြည့်စုံခြင်း၏ အကြောင်းဖြစ်သည်။
အမောဟသည်    မိမိ ပြည့်စုံခြင်း၏ အကြောင်းဖြစ်သည်။

အလောဘသည်   အသုဘသညာ၊ နေက္ခမ္မသညာ တို့ဖြစ်ကြ၏။
အဒေါသသည်    မေတ္တာအပ္ပမာဏသညာ၊ အဗျာပါဒသညာ တို့ဖြစ်ကြ၏။
အမောဟသည်    ဓာတုသညာ၊ အဝိဟိံသသညာ တို့ဖြစ်ကြ၏။

အလောဘသည်   ဒိဗ္ဗဝိဟာရဈာန်လေးပါး၏ အကြောင်းဖြစ်သည်။
အဒေါသသည်    ဗြဟ္မဝိဟာရမေတ္တာ၏ အကြောင်းဖြစ်သည်။
အမောဟသည်    အရိယဝိဟာရ ဖလသမာပတ်၏ အကြောင်းဖြစ်သည်။

အလောဘသည်   မပေးကမ်းလို ဝန်တိုခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။
အဒေါသသည်    သီလပျက်မှု အညစ်အကြေး၏ ဆန့်ကျင်ဘက်ဖြစ်သည်။

- သီလပျက်မှုသည် ဒေါသအရင်းခံလျက် ရှိတတ်၏။ (ပါဏာတိပါတ စသည်)
- အဒိန္နာဒါနပျက်မှုသည် ဥစ္စာရှင်ကို မုန်းသောဒေါသ အရင်းခံလျက် ရှိတတ်သေး၏။

အမောဟသည်    ကုသိုလ်တရားတို့၌ ဘာဝနာ၏ ဆန့်ကျင်ဘက်နီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်၏။

အလောဘသည်   ဒါန၏ အကြောင်းဖြစ်သည်။
အဒေါသသည်    သီလ၏ အကြောင်းဖြစ်သည်။
အမောဟသည်    ဘာဝနာ၏ အကြောင်းဖြစ်သည်။

အလောဘကြောင့် ပိယဝိပ္ပယောဂဒုက္ခသည် မဖြစ်။

အဒေါသကြောင့် အပ္ပိယသမ္ပယောဂဒုက္ခသည် မဖြစ်။

အမောဟကြောင့် လိုချင်တာ မရသောဒုက္ခ (မရတာကို လိုချင်သောဒုက္ခ) သည် မဖြစ်။

အလောဘကြောင့် ဇာတိဒုက္ခ မဖြစ်။

အဒေါသကြောင့် ဇရာဒုက္ခ မဖြစ်။

အမောဟကြောင့် မရဏဒုက္ခ မဖြစ်။

အလောဘကြောင့် ကာမသုခလ္လိကာနုယောဂ အစွန်းကို ရှောင်ကြဉ်သည်။

အဒေါသကြောင့် အတ္တကိလမထာနုယောဂ အစွန်းကို ရှောင်ကြဉ်သည်။

အမောဟကြောင့် အစွန်းနှစ်ပါး၏ အလယ်၌ဖြစ်သော မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကျင့်သည်။

အလောဘကြောင့် အဘိဇ္ဈာကာယဂန္ထကို ဖျက်နိုင်/ဖြေနိုင်ခြင်း ဖြစ်သည်။

အဒေါသကြောင့် ဗျာပါဒကာယဂန္ထကို ဖျက်နိုင်ခြင်း ဖြစ်သည်။

အမောဟကြောင့် သီလဗ္ဗတပရာမာသ၊ ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထတို့ကိုဖျက်နိုင်ခြင်းဖြစ်သည်။

ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်တို့သည် ....

အလောဘ၊ အဒေါသတို့၏ အစွမ်းကြောင့် ပြီးစီးကြသည်။

စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့သည် .....

အမောဟ၏အစွမ်းကြောင့် ပြီးစီးကြသည်။

အလောဘကြောင့် "အနိစ္စ"ဟု ရှုမြင်ခြင်းသည် ဖြစ်၏။

အဒေါသကြောင့် "ဒုက္ခ"ဟု ရှုမြင်ခြင်းသည် ဖြစ်၏။

အမောဟကြောင့် "အနတ္တ"ဟု ရှုမြင်ခြင်းသည် ဖြစ်၏။

(ဓမ္မသင်္ဂဏီ၊ ဌ၊ ၁၇၁-၃၊ မူလရာသိဝဏ္ဏနာ)

## ❀ "အမောဟ" ၏ အမည်ငါးမျိုး ❀

အသိအလိမ္မာ ဉာဏ်ပညာ ဝိဇ္ဇာ အမောဟ။

(ပရမတ္ထသံခိပ်)

## ❀ အဆုံးအမစကားများ ❀

ဝိဇ္ဇာဉာဏ်စက် သန်လျက်ကိုကိုင်၊
မောဟပိတ်ဆီး ရိပ်ကြီးဂနိုင်။
ဒိဋ္ဌိခိုသော ထိုတောကိုချိုင်၊
အမှန်သိ သန္တိဘုံသို့တိုင်။

လယ်တီဆရာတော်

ကောင်းတာကြံစည် ကောင်းလုပ်ရည်နှင့်
ကောင်းသည့်စကား ပြုမူထားမှ
မြတ်ဘုရား၏ သားတော်သမီးတော်
အစစ်ခေါ်၏။

ပဥ္စာန်းသိပ္ပံဆရာတော်၏ လက်ာကို ပြုပြင်ထားသည်။

အာရုံခြောက်ပါးတို့အပေါ်မှာ...

အချစ်လဲ မစောနဲ့၊
အပြစ်လဲ မပြောနဲ့၊
စစ်ကြောသုံးသပ်ပြီး မိမိရည်မှန်းချက်
ပြီးမြောက်အောင်သာ အသုံးချတတ်ကြပါ။

ဓမ္မဘေရီဆရာတော်

# အဓိပတိပစ္စယော

**အဓိပတိပစ္စယောတိ**

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။
ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။
စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။
ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ယံယံ ဓမ္မံ ဂရုံ ကတွာ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာ ဓမ္မာ၊ တေတေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိ ပစ္စယေန ပစ္စယော။

## အဓိပတိ အဓိပ္ပါယ်

- “**အဓိပတိ**”ဟူသည် အကြီးအမှူး၊ အရှင်သခင် အဖြစ်ဖြင့် အစိုးရခြင်းကို ဆိုလို၏။
- စကြဝတေးမင်း, ဧကရာဇ်မင်း တို့ကဲ့သို့ ပြိုင်ဘက်မရှိသော အစိုးရခြင်းသဘောဖြစ်၏။

စကြဝတေးမင်း ဧကရာဇ်မင်းမည်သည် မိမိစိုးပိုင်သော နိုင်ငံအတွင်း၌ ပြိုင်ဘက်မရှိဘဲ မိမိ တစ်ဦးတည်းသာ ပိုင်နိုင်စွာ အုပ်စိုးလွှမ်းမိုးနိုင်၏။ ထို့အတူပင် အဓိပတိထိုက်သော ဆန္ဒ, စိတ်, ဝီရိယ, ပညာ ဟူသော တရားလေးပါးတို့သည် မိမိနှင့်အတူဖြစ်ကြသော နာမ်တရားတို့ကိုင်း၊ မိမိတို့ကြောင့် ဖြစ်သော စိတ္တဇရုပ်တို့ကိုင်း ပိုင်နိုင်စွာ အုပ်စိုးလွှမ်းမိုးနိုင်သော သတ္တိရှိကြ၏။

## ❀ အဓိပတိ (၂) မျိုး ❀

"အဓိပတိ"သည်...

- ➪ သဟဇာတာဓိပတိ = အာရုံမဟုတ်ဘဲ ကြီးစိုးခြင်း
- ➪ အာရမ္မဏာဓိပတိ = အာရုံအားဖြင့် ကြီးစိုးခြင်း ဟူ၍ နှစ်မျိုးရှိ၏။

**သဟဇာတာဓိပတိ** = (၅၂)ပါးသော အဓိပတိဇောစိတ်၊ ထိုဇောစိတ်တို့၌ ပါရှိသော ဆန္ဒ၊ ဝီရိယ၊ ပညာဟူသော အဓိပတိတရား (၄) ပါးတို့တွင် တစ်ပါးပါးသော အကြောင်းပစ္စည်းတရားတို့သည် ယှဉ်ဖက်ဖြစ်သော သာဓိပတိဇော (၅၂)ပါး၊ ဝိစိကိစ္ဆာ, မိမိအဓိပတိကြဉ် စေတသိက် (၅၁) ပါး၊ သာဓိပတိ စိတ္တဇရုပ် အကျိုးပစ္စယုပ္ပန်တရားတို့အား "သဟဇာတာဓိပတိ" သတ္တိဖြင့် ကျေးဇူးပြု၏။

**အာရမ္မဏာဓိပတိ** = အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် (၁၈)၊ ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ် ကြဉ်သော စိတ် (၈၄)၊ ဒေါစတုတ်၊ ဝိစိကိစ္ဆာ ကြဉ် စေ (၄၇)၊ နိဗ္ဗာန်ဟူသော အာရုံ (၆) ပါး အကြောင်း ပစ္စည်းတရားတို့သည် လောဘမူ(၈)၊ မဟာကု (၈)၊ မဟာကြိဉာသမ် (၄)၊ လောကုတ္တရာ (၈)၊ ဒေါစတုတ်၊ ဝိစိကိစ္ဆာ၊ အပ္ပမညာ ကြဉ် စေ (၄၅) အကျိုးပစ္စယုပ္ပန်တရားတို့အား "အာရမ္မဏာဓိပတိ" သတ္တိဖြင့် ကျေးဇူး ပြု၏။

| အကြောင်း (ပစ္စည်း) တရား | အကျိုး (ပစ္စယုပ္ပန်) တရား |
|---|---|
| အကြီးအမှူးတရား | နောက်လိုက်တရား |
| ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ | စိတ်၊ စေတသိက်၊ စိတ္တဇရုပ် |
| အာရုံ (၆) ပါး | စိတ်၊ စေတသိက် |

| ဇော (၅၅) | ဟိတ် (၆) | အမည် |
|---|---|---|
| လောဘ (၈) | လောဘ/မောဟ | ဒွိဟိတ်ဇော |
| ဒေါသ (၂) | ဒေါသ/မောဟ | |
| မောဟ (၂) | မောဟ | ဧကဟိတ်ဇော |
| ဟသိတုပ္ပါဒ် | မရှိ | အဟိတ်ဇော |
| မဟာကုသိုလ်ဉာဏ်ဝိပ်ပ် (၄)<br>မဟာကြိယာဉာဏ်ဝိပ်ပ် (၄) | အလောဘ၊ အဒေါသ | ဒွိဟိတ်ဇော |
| မဟာကုသိုလ်ဉာဏ်သမ် (၄)<br>မဟာကြိယာဉာဏ်သမ် (၄)<br>မဟဂ္ဂုတ်ကု (၉)<br>မဟဂ္ဂုတ်ကြိ (၉)<br>လောကုတ္တရာ (၈) | အလောဘ၊ အဒေါသ၊ အမောဟ | တိဟိတ်ဇော |

☸ ဒွိဟိတ်ဇော (၁၈) + တိဟိတ်ဇော (၃၄) = ပေါင်း (၅၂) ပါးတို့၌သာ အဓိပတိယှဉ်၏။

☸ ဧကဟိတ်ဇော၊ အဟိတ်ဇောတို့၌ မယှဉ်။ ထို ဇော (၅၂)ပါးတို့၌ အဓိပတိကိစ္စ တပ်သော အခါကို "သာဓိပတိဇော"၊ အဓိပတိဇောစိတ်ကြောင့်ဖြစ်သောရုပ်ကို "သာဓိပတိ စိတ္တဇရုပ်" ဟု ဆိုသည်။

## ❀ သဟဇာတာဓိပတိ ❀

သဟဇာတာဓိပတိ = သဟဇာတ + အဓိပတိ။

**သဟဇာတ** = အတူတကွဖြစ်ခြင်း။

**အဓိပတိ** = အကြီးအမှူးဖြစ်ခြင်း၊ အလွန်အားကောင်းထက်သန်ခြင်း။ (အဓိပ္ပါယ်နှစ်မျိုးရှိ၏။)

☸ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ တို့သည် အလွန်အားကောင်းထက်သန်သော တရားဖြစ်လျှင် အတူဖြစ်ဖက် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့အား "သဟဇာတာဓိပတိပစ္စယ"သတ္တိဖြင့် ကျေးဇူးပြုသည်။

☸ ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာတို့သည် ထက်သန်အားကောင်းခြင်းမရှိလျှင် သာမန် "သဟဇာတ ပစ္စယ"သတ္တိဖြင့် ကျေးဇူးပြုသည်။

အဓိပတိလေးပါးတို့တွင် "စိတ္တာဓိပတိ"အရ အဓိပတိဇော (၅၂) ပါးကို ယူရ၏။

"ဇော"ဟူသည် အာရုံတစ်ခုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသောစိတ်ဖြစ်စဉ်တို့တွင် အရှိန် အဟုန်ဖြင့် (၇)ကြိမ် ဖြစ်ပေါ်၍ အာရုံ၏အရသာကို ခံစားသောစိတ်ဖြစ်၏။

## ✦ ဇောစိတ် (၅၅) ပါး ✦

"ဇောစိတ်"သည်...

☸ အကုသိုလ်စိတ် (၁၂) ပါး၊

☸ ကုသိုလ်စိတ် (၂၁) ပါး၊

☸ ဖိုလ်စိတ် (၄) ပါး၊

☸ အာဝဇ္ဇန်းစိတ် (၂)ခု ကြဉ်သော ကြိယာစိတ် (၁၈) ပါး....

ပေါင်း (၅၅)ပါး ရှိ၏။

## ✦ "အဓိပတိ မဖြစ်နိုင်သောစိတ်များ" နှင့် "အဓိပတိ ထိုက်သောစိတ်များ" ✦

ဇော (၅၅) ပါးတို့တွင်...

➯ အကုသိုလ်စိတ် (၁၂) ပါးထဲမှ - မောဟမူစိတ် (၂) ပါး ၊

➯ အဟိတ်ကြိယာစိတ်ထဲမှ - "ဟသိတုပ္ပါဒ်"

ဤစိတ်သုံးပါးတို့သည် အလွန်အားကောင်းထက်သန်မှု မရှိသောကြောင့် အဓိပတိမဖြစ်နိုင်ကြ။ ထို စိတ်သုံးပါး မှတပါး ဇောစိတ် (၅၂) ပါးတို့သည်သာ အဓိပတိထိုက်သောဇောစိတ်များ ဖြစ်ကြ၏။

အဓိပတိထိုက်သော ဇောစိတ်သည် အကြီးအမှူးဖြစ်၍ လွန်စွာအားကောင်း ထက်သန်သောစိတ် ဖြစ်၏။ ယင်း အဓိပတိဇောစိတ် (၅၂) ပါး တို့၌ ဝိစိကိစ္ဆာ ကြဉ် စေတသိက် (၅၁) ပါး တို့သည် အတူ ဖြစ်ကြယှဉ်ကြ၏။

**✦"ရုံခါသာ အားကောင်းထက်သန်သောဇော"၊ "အမြဲတမ်း အားကောင်းထက်သန်သောဇော"✦**

- မောဟမူဒွေး ကြဉ် အကုသိုလ်ဇော (၁၀) ပါး၊
- မဟာကုသိုလ်ဇော (၈) ပါး၊
- မဟာကြိယာဇော (၈)ပါး

ဤကာမဇော (၂၆) ပါးတို့သည် ရံခါသာ အားကောင်းထက်သန်၏။ ထိုသို့ အားကောင်း ထက်သန် သောအခါ အဓိပတိပစ္စည်းတရားဖြစ်နိုင်၍၊ အားကောင်းထက်သန်မှုမရှိသောအခါ၌ အဓိပတိ ပစ္စည်း မထိုက်။

- ရူပကုသိုလ်၊ ကြိယာဇော (၁၀) ပါး၊
- အရူပကုသိုလ်၊ ကြိယာဇော (၈) ပါး၊
- လောကုတ္တရာဇော (၈)ပါး

ဤ အပ္ပနာဇော (၂၆) ပါး တို့သည်ကား စျာန် မဂ် ဖိုလ် တို့နှင့်ဆိုင်သည့်စိတ်များ ဖြစ်သောကြောင့် အမြဲပင် အားကောင်းထက်သန်သည့်စိတ်များဖြစ်၍ အမြဲပင် "အဓိပတိပစ္စည်း" ဖြစ်နိုင်ကြ၏။

အဓိပတိ (၄) ပါး တို့တွင် စိတ္တာဓိပတိ = ဇောစိတ် (၅၂) ပါးမှတပါး ဆန္ဒ, ဝီရိယ, ပညာ အဓိပတိတရားသုံးပါးတို့သည် စေတသိက်များ ဖြစ်ကြ၏။ ထို စေတသိက်သုံးပါးတို့သည် စိတ်များစွာတို့နှင့်အတူ ဖြစ်ကြသော်လည်း အဓိပတိဇောစိတ် (၅၂) ပါး တို့နှင့်အတူဖြစ်ကြသော ဆန္ဒ, ဝီရိယ, ပညာတို့သာ "အဓိပတိပစ္စည်း"ထိုက်ကြ၏။

သို့သော် "ပညာ"သည် အဓိပတိဇော (၅၂) ပါးတို့တွင် ဉာဏ်နှင့်အတူဖြစ်သော

- ➯ မဟာကုသိုလ် ဇော (၄) ပါး၊
- ➯ မဟာကြိယာဇော (၄) ပါး၊
- ➯ အပ္ပနာဇော (၂၆) ပါး၊

ဤ ဇော (၃၄) ပါးတို့၌သာ အတူဖြစ်၏။

"ဆန္ဒ, ဝီရိယ"တို့သည်ကား အဓိပတိဇော (၅၂) ပါးလုံးနှင့်ပင် အတူဖြစ်ကြ၏။

ထို့ကြောင့် "ပညာ"နှင့်အတူဖြစ်သော ဇောစိတ် (၃၄) တို့၌သာ အဓိပတိလေးပါးလုံးဖြစ်နိုင်၍ ကျန်ဇောစိတ် (၁၈) ပါး ၌မူကား "ပညာ"မရနိုင်ပဲ "အဓိပတိသုံးပါး"သာ ဖြစ်နိုင်ကြ၏။

## ✦ "အဓိပတိ"ဟူသည်မှာ တစ်ဦးတည်းသာ ✦

အဓိပတိသည် ပြိုင်ဘက်ကင်း၍ အစိုးရခြင်း သဘောကို ဆောင်သဖြင့် တစ်ဂူတည်း၌ ခြင်္သေ့နှစ်ကောင် နေရိုးထုံးစံမရှိ၊ တစ်ကောင်တည်းသာ နေလေ့ရှိ၏ - ဟု ပြောဆိုရသလို အဓိပတိလေးပါးတို့သည် တစ်စုတစ်ပေါင်းတည်း အတူဖြစ်နိုင်ကြသော်လည်း အဓိပတိလေးပါးအနက် တစ်ပါးသည် အဓိပတိအဖြစ်ဖြင့် လွှမ်းမိုးအုပ်စိုးမှုကိုရပါမူ ကျန်သုံးပါးမှာ အဓိပတိအဖြစ်ဖြင့် မထင်ရှားနိုင်ဘဲ သာမန်နောက်လိုက် အဖြစ်ဖြင့်သာ ဖြစ်ကြရ၏။

ဆိုလိုရင်းမှာ... အဓိပတိလေးပါးအနက် အဓိပတိနေရာကိုရသော တရားတစ်ခုတည်းသာ အဓိပတိပစ္စည်း ဖြစ်နိုင်၏။

**ဥပမာ...**

ရုပ် (၂၈) ပါး တို့တွင် မဟာဘုတ်ကြီး (၄) ပါး တို့သာ ရုပ်မှန်သမျှ၌ လွှမ်းမိုးအုပ်စိုး ခြယ်လှယ်သောရုပ်များ ဖြစ်ကြ၏။ ရုပ်မှန်သမျှထဲ၌ ထိုဓာတ်ကြီးလေးပါးတို့သည် အမြဲတမ်း ပါ၏၊ ထိုဓာတ်ကြီးလေးပါးမပါဘဲ မည်သည့်ရုပ်မျှ မဖြစ်နိုင်။ ယင်းသို့ အဓိကဖြစ်သော ဓာတ်ကြီးလေးပါးတို့သည် ရုပ်မှန်သမျှ၌ လေးပါးလုံး စုပြုံ၍ လွှမ်းမိုးနိုင်ကြသည်မဟုတ်။

ဓာတ်ကြီးတစ်ပါးပါးသည် မိမိလွှမ်းမိုးနိုင်ခွင့်ရသော ရုပ်တို့၌ အဓိပတိဖြစ်လျက် ကျန်ဓာတ်ကြီး သုံးပါးတို့ကို လွှမ်းမိုးနိုင်၊ မိမိအလိုသို့ လိုက်စေနိုင်၏။

ထို့ကြောင့်...

- ✧ "ကျောက်တိုင်"ဟူသော ရုပ်ဝတ္ထု၌ ပထဝီဓာတ်သည် အဓိပတိဖြစ်ပြီး ကျန်ဓာတ်သုံးပါး တို့ကို လွှမ်းမိုး၏၊ မိမိအလိုသို့ လိုက်ပါစေ၏။
- ✧ "ရေ"ဟူသော ရုပ်ဝတ္ထု၌ အာပေါဓာတ်သည် အဓိပတိဖြစ်ပြီး ကျန်ဓာတ်သုံးပါးတို့ကို လွှမ်းမိုး၏။ မိမိအလိုသို့ လိုက်ပါစေ၏။
- ✧ "မီး"ဟူသော ရုပ်ဝတ္ထု၌ တေဇောဓာတ်သည် အဓိပတိဖြစ်ပြီး ကျန်ဓာတ်သုံးပါးတို့ကို လွှမ်းမိုး၏။ မိမိအလိုသို့လိုက်ပါစေ၏။
- ✧ "လေ"ဟူသော ရုပ်ဝတ္ထု၌ ဝါယောဓာတ်သည် အဓိပတိဖြစ်ပြီး ကျန်ဓာတ်သုံးပါးတို့ကို လွှမ်းမိုး၏။ မိမိအလိုသို့လိုက်ပါစေ၏။

ဤသို့ဖြစ်လျှင် ဓာတ်ကြီးလေးပါးတို့သည် အဓိပတိချည်းဖြစ်ကြသော်လည်း မိမိ၏ တန်ခိုး အာဏာ အခွင့်သာမှုရသောနေရာ၌သာ အဓိပတိအဖြစ်ဖြင့် လွှမ်းမိုးအုပ်စိုးခွင့်ရနိုင်၏။

ထို့အတူပင် ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ တရားလေးပါးတို့သည် အားလုံး အဓိပတိချည်း ဖြစ်သော်လည်း မိမိ၏တန်ခိုးအာဏာအခွင့်သာမှုရသော အရာ၌သာ အဓိပတိအဖြစ်ဖြင့် လွှမ်းမိုး အုပ်စိုးခွင့် ရနိုင်၏။ တစ်ခုသောအရာ၌ တစ်ပါးတည်းသာ အဓိပတိပစ္စည်းဖြစ်နိုင်၏။

ထို့ကြောင့် အဓိပတိတစ်ပါးသည် တစ်ခုသောအရာ၌ အဓိပတိနေရာကို ရ၏၊ ထိုအဓိပတိ သည် ထိုတစ်ခုသောအရာ၌ ကျန်အဓိပတိသုံးပါးနှင့်အတူ ဖြစ်ဖက် စိတ်၊ စေတသိက်၊ စိတ္တဇရုပ် တို့ကို လွှမ်းမိုးပြီး မိမိအလိုသို့ လိုက်ပါစေ၏။

## ✦ အဓိပတိတရားတို့၏ အစွမ်းသတ္တိ ✦

အဓိပတိလေးပါးတို့သည် အတူဖြစ်ဖက် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့အား မည်ကဲ့သို့ ကျေးဇူးပြုပါသလဲ?

ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ =

ဆန္ဒ အားကြီးထက်သန်သူအား မပြီးမြောက်သောအမှုသည် မရှိ။

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ =

ဝီရိယ အားကြီးထက်သန်သူအား မပြီးမြောက်သောအမှုသည် မရှိ။

စိတ္တဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ =

စိတ် အားကြီးထက်သန်သူအား မပြီးမြောက်သောအမှုသည် မရှိ။

ပညာဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ =

ပညာ အားကြီးထက်သန်သူအား မပြီးမြောက်သောအမှုသည် မရှိ။

(မူလဋီကာ ၁၆၉)

သတ္တဝါတို့အား မိမိတို့အမှုကိစ္စကို ပြီးမြောက်အောင် လုပ်ဆောင်အားပေးသည့် တရားတို့သည် ဤ "အဓိပတိလေးပါး"တို့ ဖြစ်ကြ၏။

အဓိပတိအားနည်းသောသူတို့သည်ကား မည်သည့်ကြီးကျယ်သောအမှုကိုမျှ ပြီးစီးအောင် ပြုလုပ်ရန် မစွမ်းနိုင်ကြ။

➲ လောက၌...

- "ဆန္ဒ အားနည်းသူ"တို့သည် အလွန်ပြုနိုင်ခဲသည့်အလုပ်ကိုမြင်လျှင် ပြုလုပ်ဖို့ဆန္ဒ ဆုတ်ယုတ်သွားကြ၍ မလုပ်ချင်ဖြစ်ကြ၏။ ဤအလုပ်သည် ငါတို့၏အရာ မဟုတ်ဟု လျစ်လျူရှုကာ ပစ်ပယ်ကြ၏။

♦ "ဆန္ဒအားကြီးပြင်းထန်သောပုဂ္ဂိုလ်"သည် ပြုလုပ်ဖို့ခက်ခဲသော အလုပ်ကို မြင်လျှင် လုပ်ဆောင်ဖို့ တက်ကြွထက်သန်သည့်ဆန္ဒရှိ၏။ အလွန်ပင်လုပ်ချင်၏၊ ဤအလုပ်သည် ငါတို့၏အရာသာ ဖြစ်၏ဟု ဆုံးဖြတ်ချက်ချပြီး "ဆန္ဒ"က အားတင်းပေးသဖြင့် ယင်းအလုပ်ကို မပြီးမချင်း မရပ်ဘဲ မပြီးပြီးအောင် ပြုလုပ်၏။

➲ လောက၌...

♦ "ဝီရိယ အားနည်းသူ"တို့သည် ပြုလုပ်ဖို့ခက်ခဲသောအလုပ်ကို မြင်လျှင် လုံ့လ ဝီရိယ လျော့သွားကြ၏။ ငါသည် ပြုလုပ်ဖို့ခက်ခဲသော အလုပ်ကို လုပ်လျှင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ များစွာ ဖြစ်လိမ့်မည်ဟု စဉ်းစားပြီး မလုပ်ဘဲ နောက်ဆုတ်သွား၏။

♦ "ဇွဲ လုံ့လ ဝီရိယ အားကြီးထက်သန်သောပုဂ္ဂိုလ်"သည် ခက်ခဲသောအလုပ်ကို မြင်လျှင် လုံ့လဝီရိယ အားကောင်းသဖြင့် ချက်ချင်းပင် လုပ်ချင်စိတ် ပြင်းထန်၏၊ ခက်ခဲသောအလုပ်ကို လုပ်ရ၍ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲများကို အချိန်ကြာရှည်စွာ ခံစားရသော်လည်း မငြီးငွေ့ဘဲ ချမ်းသာပျော်ရွှင်စွာ မလျော့သော ဇွဲလုံ့လဖြင့် ပြီးအောင် ပြုလုပ်၏။

➲ လောက၌...

♦ "စိတ်စွမ်းရည် အားနည်းသူ"တို့သည် ခက်ခဲသည့်အလုပ်ကိုမြင်လျှင် စိတ်ဓာတ်ကျလွယ်၏၊ စိတ်ကူးထဲပင် မထည့်ချင်ကြ။

♦ "စိတ်စွမ်းရည် အားကြီးထက်သန်သူ"တို့သည်ကား မည်မျှပင် ခက်ခဲသောအလုပ်ဖြစ်ပါစေ တက်ကြွသောစိတ်ဓာတ် ရှိကြ၏။ အမြဲတမ်းပင် ထိုခက်ခဲသောအလုပ်၌ စိတ်ကိုနှစ်ထား၏။ အားကြီးသောစိတ်အလိုသို့ လိုက်ပါလျှက် အချိန်ကြာမြင့်စွာ ကိုယ်စိတ်ဆင်းရဲတို့ကိုခံနိုင်၍ ပြီးမြောက်အောင် လုပ်ဆောင်၏။

➲ လောက၌...

- “ဉာဏ်ပညာ အားနည်းသူ”တို့သည် ခက်ခဲသည့်အလုပ်တို့ကိုမြင်လျှင် ဉာဏ်ပညာ မရှိသဖြင့် ထိုအလုပ်၏ လမ်းစကိုဎင်း, လမ်းဆုံးကိုဎင်း မသိမြင်နိုင်ကြ၊ အမိုက် အမှောင်အတွင်း၌ ဝင်ရသလို အသိဉာဏ် အလင်းမရှိသည့်အတွက် ပြုလုပ်ဖို့ စိတ် မဝင်စားကြ။
- “ပညာဉာဏ် လွန်ကဲအားကြီးသောသူ”တို့သည်ကား ခက်ခဲသည့်အလုပ်တို့ကို မြင်လျှင် ထက်မြက်သော ဉာဏ်ပညာရှိသဖြင့် ထိုအလုပ်၏ လမ်းစကိုဎင်း, လမ်းဆုံးကိုဎင်း မှန်းဆသိမြင်ကြ၏၊ ယင်းအလုပ်၏ အကြောင်းရင်းကိုဎင်း, အကျိုးဆက်ကိုဎင်း မြော်မြင်တွက်ချက် သိမြင်ကြ၏။ အချိန်ယူကာ ကိုယ်စိတ် အပင်ပန်းခံလျှက် အသိဉာဏ်ဖြင့် စူးစမ်းလေ့လာပြီး ပြီးမြောက်အောင် ဆောင်ရွက် ကြ၏။

မည်မျှခက်ခဲသောအလုပ်ဖြစ်ပါစေ အဓိပတိတရားလေးပါးတို့သည် ထင်ရှားရှိသော ကြောင့် ထိုခက်ခဲသောအလုပ်ကို ပြီးမြောက်အောင်မြင်အောင် ပြုလုပ်နိုင်သည့် သဗ္ဗညုတဘုရား အလောင်း၊ ပစ္စေကဗုဒ္ဓါ အလောင်း၊ အဂ္ဂသာဝက အလောင်း၊ မဟာသာဝက အလောင်း စသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သည် လောက၌ ထင်ရှားပေါ်ပေါက်လာကြ၏။ ထို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့၏ အစွမ်းသတ္တိဖြင့် သတ္တလောက၏ ကောင်းကျိုးချမ်းသာများကို မြင်တွေ့ကြရ ၏။

## ✦ “ဆန္ဒ” နှင့် “လောဘ” ✦

- “ဆန္ဒ”သည် အလိုရှိအပ်သောအရာကို မရရအောင် မပြီးပြီးအောင် လုပ်လိုမှုဖြစ်၏။
- “လောဘ”သည်လည်း အရာဝတ္ထုတစ်ခုကို စွဲလမ်းတပ်မက်ပြီး မရအရ လိုချင်မှုဖြစ်၏၊ ထို့ကြောင့် တူသလိုလို ဆင်တူယိုးမှား ဖြစ်နေကြ၏။

အမှန်မှာ...

- “လောဘ”သည် လူမိုက်တို့၌ အားကောင်း၏။ ပညာရှိသူတော်ကောင်းတို့၌မူ အားနည်း၏။
- “ဆန္ဒ”သည်ကား ပညာရှိသူတော်ကောင်းတို့၌ အလွန်အားကောင်း၏။

“လောဘ”သည် အလွန်အားကောင်းနေသောအခါ စိတ်တည်ငြိမ်မှုမရသဖြင့် ပညာဉာဏ်ကင်းမဲ့ပြီး အမှားများကိုပြုလုပ်မိ၏၊ ဆိုးကျိုးများကို ပို၍ဖြစ်စေ၏။ လောဘသည် အောက်တန်းကျသောတရားဖြစ်၍ အဆိုးဖက်၌ အားကောင်းသော်လည်း၊ အကောင်းဖက်၌မူ အလွန်အားနည်း၏။ လောဘကြီးသူသည် တည်ငြိမ်မှုမရှိသဖြင့် စိတ်ချမ်းသာမှုမရနိုင်၊ ရလေလိုလေဖြစ်၏၊ ထို့ကြောင့် လောဘ ကြီးလျှင် လောကကို အန္တရာယ်ဖြစ်စေလျှက် ဒုက္ခပေး၏။

“ဆန္ဒ”သည်ကား အားကြီးထက်သန်လေလေ ကောင်းမှန်သည့် အလုပ်များကို ပြီးမြောက်စေနိုင်၏၊ တည်ငြိမ်မှုရှိသဖြင့် စိတ်ချမ်းသာ၍ ကောင်းကျိုးများစွာဖြစ်စေ၏၊

“လောဘ”သည် အတူ ဖြစ်ဖက် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ကို လွှမ်းမိုးနိုင်သည့် သတ္တိမရှိသည့်အတွက် အဓိပတိပစ္စည်းတရား မဖြစ်နိုင်ဘဲ “ဆန္ဒ”သည်သာ အဓိပတိပစ္စည်းတရား ဖြစ်၏။

“ဝီမံသာဓိပတိ”သည် ဆန္ဒ၊ စိတ်၊ ဝီရိယ အဓိပတိသုံးပါးတို့နှင့် ကွဲပြား၏။ အကုသိုလ်ဇော၌ ပညာဉာဏ်မရှိ၊ ပညာသည်ကောင်းသောနေရာ၌သာ ရှိ၏။ ဆန္ဒ၊ ဝီရိယ၊ စိတ် တို့သည် မကောင်းသည့် အလုပ်၌လည်း “အဓိပတိ” တပ်၏။ ထိုသို့ မကောင်းသောအလုပ်များ၌ ဆန္ဒ၊ ဝီရိယ၊ စိတ် တို့ “အဓိပတိ”တပ်သဖြင့် “ပညာ”မပါသောကြောင့် ပိုဆိုးသွား၏။ “ပညာ”မပါဘဲ ဆန္ဒရှိတိုင်း၊ “ဝီရိယ”ရှိတိုင်း၊ “စိတ်”ရှိတိုင်းလုပ်လျှင် မှားကြ၏။

## ❀ အာရမ္မဏာဓိပတိ ❀

အာရမ္မဏာဓိပတိ = အာရမ္မဏ + အဓိပတိ။

- ☸ အလေးအမြတ်ပြုရလောက်အောင် အလွန်လွှမ်းမိုး ဆွဲဆောင်နိုင်သော အာရုံသည်သာ "အာရမ္မဏာဓိပတိ"ပစ္စည်းတရား ဖြစ်၏။
- ☸ အလိုမရှိအပ်၊ မနှစ်သက်အပ်သော သာမန်အာရုံသည် "အာရမ္မဏာဓိပတိ"ပစ္စည်းတရား မဖြစ်။ သာမန် အာရမ္မဏာပစ္စယသတ္တိ ဖြင့် ကျေးဇူးပြုသည်။

"အာရမ္မဏပစ္စည်း"၌ အာရုံတစ်ခုသည် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ အလိုရှိအပ်သည်ဖြစ်စေ၊ အလိုမရှိအပ်သည်ဖြစ်စေ စိတ်၊ စေတသိက်တရားတို့အား ကျေးဇူးပြုသည်သာ ဖြစ်၏။

ဤ"အာရမ္မဏပစ္စည်း"၌ကား "အဓိပတိ" ဟူသော အထူးပြုစကားပါလာသဖြင့် သာမန် အာရုံ၊ အလိုမရှိအပ်, မနှစ်သက်အပ်သောအာရုံတို့ကို မယူရ။ အလေးအမြတ် ပြုရလောက်အောင် အလွန် လွှမ်းမိုးစွဲဆောင်နိုင်သော (ဣဋ္ဌာရုံ ၊ အတိဣဋ္ဌာရုံ) အာရုံတို့ကိုသာ ယူရသည်။

~~~~~~~~~~~~~~~~~~~~~~

**မေး။ ။ အာရုံကိုမည်ကဲ့သို့ ကောင်း/မကောင်းဟူ၍ သတ်မှတ်ရမည်နည်း?**

အာရုံသည် ပင်ကိုယ်မူလသဘာဝအားဖြင့် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အာရုံကိုလက်ခံယူသောပုဂ္ဂိုလ်၏ စိတ်ထဲ၌ ကောင်းလှ၏ဟု သတ်မှတ်သောအာရုံအားလုံးကိုပင် "ဣဋ္ဌာရုံ"ဟူ၍ ဤ၌ ယူအပ်၏။

သဘာဝအားဖြင့် မကောင်းသောအာရုံပင်ဖြစ်သော်လည်း အာရုံကိုလက်ခံသူက အလွန် အလိုရှိ အပ်, အလွန်နှစ်သက်အပ်သောအာရုံဟု ထင်မှတ်လျှင် ယင်းအာရုံသည် "ဣဋ္ဌာရုံ" ပင် ဖြစ်သည်။ ဥပမာ - အသေကောင်ပုတ်တို့သည် သဘာဝအားဖြင့် စက်ဆုတ်ရွံရှာဖွယ်အာရုံဖြစ် သော်လည်း ငှင်းတများ အတွက် အလွန်လိုအပ်သော ဣဋ္ဌာရုံပင်ဖြစ်သည်။
~~~~~~~~~~~~~~~~~~~~~~

ဝတ္ထုရုပ် (၆) ပါး နှင့် အာရုံ (၆) ပါး တို့ကို အကြောင်းပြု၍ ဝိညာဉ် (၆) ပါး ဖြစ်ပေါ်လာကြ၏။ အလွန်နှစ်သက်အပ်သောအာရုံတို့သည် ဝတ္ထုရုပ်တို့နှင့် အကြောင်းတိုက်ဆိုင် ပေါင်းဆုံမိသည့်အခါ၌ အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ (ငြိမ်သက်သောစိတ်များ)၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေးပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော (၇) ကြိမ်၊ တဒါရုံ (၂) ကြိမ် (လှုပ်ရှားသောစိတ်)၊ ဘဝင်များ (ငြိမ်သက်သောစိတ်များ) ဟူ၍ စိတ်အစဉ်များ ဆက်တိုက် ဖြစ်ပေါ်၏။

သို့သော် "အာရမ္မဏာဓိပတိပစ္စည်း"မှာ ရိုးရိုးသာမန် အာရမ္မဏပစ္စည်းနှင့် ထူးခြားမှုရှိ၏။

- "အာရမ္မဏပစ္စည်း"၌ ထင်ရှားသောအာရုံ စသည်ဖြင့် လေးမျိုးခွဲခြား၍ ကျေးဇူးပြု၏။
- ဤ "အာရမ္မဏာဓိပတိပစ္စည်း"၌မူ ဇောစိတ်ကို ဖြစ်စေနိုင်လောက်အောင်
    - ♦ အားကောင်းသော၊
    - ♦ အလွန်အားကောင်းသော...

  အာရုံ (၂)မျိုးသာ ကျေးဇူးပြုနိုင်၏။ "ပစ္စည်းတရား" ဖြစ်နိုင်၏။

ဇောစိတ်သည်သာ အာရုံ၏အရသာကို ခံစားနိုင်သည်ဖြစ်၍ ဇောစိတ်ဖြစ်မှသာ အာရုံသည် အကျိုးတရားကို ဖြစ်ပေါ်စေနိုင်၏။ ထို့ကြောင့် "အာရမ္မဏာဓိပတိပစ္စည်း"၌ အာရုံတစ်ခုကြောင့် ဖြစ်ပေါ်လာသောစိတ်များထဲတွင် ဇောစိတ်ကိုသာယူရ၏။

ဤ "အာရမ္မဏာဓိပတိပစ္စည်း"၌ "အာရမ္မဏပစ္စည်း"လာ ဇောစိတ် (၅၅) ပါး လုံးနှင့် "သဟဇာတာဓိပတိ"လာ ဇောစိတ် (၅၂) ပါးလုံးကို မယူရ။ ထိုဇောစိတ်များတွင် အာရုံ၏ အရသာကို အလွန်တပ်မက်မြတ်နိုးစွာ ခံစားနိုင်သော ဇောစိတ်အချို့ကိုသာ ယူနိုင်၏။

ထို့ကြောင့်

- ➯ လောဘမူစိတ် (၈) ပါး၊
- ➯ မဟာကုသိုလ်စိတ် (၈) ပါး၊
- ➯ မဟာကြိယာ ဉာဏ သမ္ပယုတ်စိတ် (၄) ပါး၊
- ➯ လောကုတ္တရာစိတ် (၈) ပါး၊

ထိုစိတ်တို့နှင့်အတူဖြစ်သော "ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပ္ပမညာ ကြဉ် စေတသိက် (၄၅) ပါး"တို့ကိုသာ ဤ "အာရမ္မဏာ ဓိပတိပစ္စည်း"၌ အကျိုးပစ္စယုပ္ပန်တရားအဖြစ် ဖြင့် ယူရ၏။

ဇောစိတ်သာမဟုတ်သော အာရုံ (၆) ပါးနှင့် ပတ်သက်၍လည်း ရိုးရိုး "အာရမ္မဏပစ္စည်း" နှင့် "အာရမ္မဏာဓိပတိပစ္စည်း"တို့သည် ထူးခြားမှုရှိ၏။

"အာရမ္မဏပစ္စည်း"၌ အာရုံ(၆)ပါးအရ အလုံးစုံသော စိတ် (၈၉)၊ စေတသိက် (၅၂)၊ ရုပ်(၂၈)၊ နိဗ္ဗာန်၊ ပညတ် ရှိသမျှ တရားအားလုံးကို ယူနိုင်၏၊ သို့သော် ဤ "အာရမ္မဏာဓိပတိ ပစ္စည်း" ၌မူ ထိုသို့တရားအားလုံးကို မယူရ။

(၁) စိတ် (၈၉) ပါး ထဲတွင်...

- ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်... ပေါင်း (၅)ပါးမှ ကျန်သောစိတ် (၈၄) ပါးကိုသာငင်း၊

(၂) စေတသိက် (၅၂) ထဲတွင်...

- ဒေါစကုတ် (၄)၊ ဝိစိကိစ္ဆာ... စေတသိက် (၅) ပါး မှ ကျန်သော စေတသိက် (၄၇) ပါးကို ငင်း၊

(၃) ရုပ် (၂၈) ပါး ထဲတွင်...

- မဟာဘုတ် (၄)၊ ပသာဒရုပ် (၅)၊ အာရုံရုပ် (၄)၊ ဘာဝရုပ် (၂)၊ ဟဒယ၊ ဇီဝိတ၊ အာဟာရရုပ်ဟူသော နိပ္ဖန္နရုပ် (၁၈) ပါးကိုသာငင်း၊

(၄) နိဗ္ဗာန်၊ ပညတ်တို့တွင်...

- "နိဗ္ဗာန်"ကိုသာငင်း ယူရ၏။

**မှတ်ချက်** နိပ္ဖန္နရုပ် (၁၈) ပါးဟူသည် အလေးအမြတ်ပြုအပ်သော နိပ္ဖန္နရုပ် (၁၈) ပါး ကို ယူရ၏။ သာမန် နိပ္ဖန္နရုပ်ကို မယူရ။

လိုရင်းအချုပ်မှာ... "ကျေးဇူးပြု = ပစ္စည်းတရား"ဖြစ်သည့် အာရုံ(၆)ပါးနှင့် "ကျေးဇူးခံ = ပစ္စယုပ္ပန်တရား"ဖြစ်သည့် ဇောစိတ်, စေတသိက်တို့၌ "အဓိပတိ"တို့နှင့်ထိုက်တန်သော အလွန်အားကောင်းသည့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တရားတို့သာ ယူရပြီး၊ အားနည်းသောတရားများကိုမယူရဟူ၍ မှတ်ရ၏။

လောကီစိတ်တို့တွင် လောဘမူစိတ် (၈) ပါး၊ မဟာကုသိုလ် (၈) ပါး၊ မဟာကြိယာ ဉာဏသမ္ပယုတ် (၄) ပါး... ပေါင်း (၂၀)တို့သည် ဣဋ္ဌာရုံ၊ အတိဣဋ္ဌာရုံများကို အလေးအမြတ်ပြုသည့်အခါလည်း ရှိ၏။ ထိုအာရုံများကိုဖြစ်စေ၊ အခြားအာရုံများကိုဖြစ်စေ အလေးအမြတ်မဟုတ်ဘဲ သာမန်အာရုံ ပြုသည့်အခါလည်း ရှိ၏။ အလေးအမြတ်အာရုံပြုသည့်အခါ၌သာ "အာရမ္မဏာဓိပတိပစ္စည်း"ဖြင့် ကျေးဇူးပြုနိုင်၏။ ယင်း စိတ် (၂၀) မှတပါး အခြားလောကီစိတ်များသည်ကား လုံးဝ အလေးအမြတ် မပြုတတ်သည့်တရားများသာ ဖြစ်ကြ၏။

လောကုတ္တရာစိတ် (၈) ပါး သည် နိဗ္ဗာန်ကို အမြဲပင် အလေးအမြတ်အာရုံပြု၏။ ဤလောကုတ္တရာတရား၌လည်း မိမိ၏ မဂ်ဖိုလ်သည် မိမိ၏နိဗ္ဗာန်ကိုသာ အာရုံပြုနိုင်၏။

"အာရမ္မဏာဓိပတိပစ္စည်း"၌ ကာမအာရုံတို့သည် အလေးအမြတ် ပြုအပ်သောပုဂ္ဂိုလ်အားသာလျှင် "အာရမ္မဏာဓိပတိပစ္စယသတ္တိ"ဖြင့်ကျေးဇူးပြု၏။ အလေးအမြတ် မပြုအပ်သောပုဂ္ဂိုလ် အား "အာရမ္မဏာဓိပတိပစ္စယသတ္တိ"ဖြင့် ကျေးဇူးမပြု။

ရူပဈာန်၊ အရူပဈာန် အာရုံတို့သည် မိမိရပြီးသည့်ဈာန်ကို အာရုံပြုသောပုဂ္ဂိုလ်အားငှင်း၊ လောကုတ္တရာတရားကိုးပါးအာရုံတို့သည် မိမိရပြီးသော မဂ်, ဖိုလ်, နိဗ္ဗာန် တို့ကို အာရုံပြုသောပုဂ္ဂိုလ် အားငှင်း "အာရမ္မဏာဓိပတိပစ္စယသတ္တိ"ဖြင့် ကျေးဇူးပြု၏။

## ✦ "ပစ္စည်း"မတပ်နိုင်သော တရားများ ✦

"အာရမ္မဏာဓိပတိပစ္စည်း"၌...

- ✧ အနိပ္ဖန္နရုပ် (၁၀) ပါးသည် ရုပ်တုဖြစ်၍ စွဲမက်ဖွယ်သဘော မထင်ရှားသောကြောင့်၎င်း၊
- ✧ ဒေါသ၊ မောဟ၊ ဒုက္ခသဟဂုတ် ကာလဝိညာဉ်စိတ်တို့သည် သာယာ စွဲမက်ဖွယ်တရားများ မဟုတ်သောကြောင့်၎င်း၊
- ✧ "ပညတ်"သည် သဘာဝတရားကိုယ်အားဖြင့် ထင်ရှားမရှိသောကြောင့်၎င်း...

အလေးအမြတ်အာရုံများတွင် မပါဝင်ခြင်းဖြစ်၏။

## ✦ "အဓိပတိသတ္တိ"၏ "အချိန်၊ နေရာ နှင့် ပုဂ္ဂိုလ်" ✦

"အာရမ္မဏာဓိပတိသတ္တိ"၌ ကာလ၊ ဒေသ၊ ပုဂ္ဂိုလ်တို့၏အစွမ်းဖြင့် တည်မြဲမှုသည် မရှိ။

ဘုရား, ရဟန္တာတို့အတွက် နိဗ္ဗာန်အာရုံ အကြောင်းပစ္စည်းတရားသည် လောကုတ္တရာစိတ် အကျိုးပစ္စယုပ္ပန်အား ဧကန်အလေးအမြတ်အာရုံပြု၏။ သို့သော် အချိန်၊ နေရာအားဖြင့် သတ်မှတ်၍ မရကောင်း။

ကျန်လောကီစိတ်၊ စေတသိက်၊ ရုပ်တရားတို့၌ အချို့ပုဂ္ဂိုလ်အား "အာရမ္မဏာဓိပတိ" ကျေးဇူးပြုသော်လည်း၊ အချို့ပုဂ္ဂိုလ်အား ကျေးဇူးမပြု။ မိမိကြိုက်နှစ်သက်လွန်းသော သာယာ စွဲမက်ဖွယ် အာရုံသည် မိမိသာယာစွဲမက်သည့်အချိန်၌ ကျေးဇူးပြုနိုင်၏။

ထို့ကြောင့် "ပုဂ္ဂိုလ်"အားဖြင့် "မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်"တို့မှလွဲ၍ ကျန်ပုဂ္ဂိုလ်တို့အား ရံဖန်ရံခါ "အာရမ္မဏာဓိပတိ"ကျေးဇူးပြု၍ ရံခါ ကျေးဇူးမပြု။ "ဘုံ"အားဖြင့် ဣဋ္ဌာရုံရကောင်းသော အလေးအမြတ်အာရုံပြုနိုင်သော (၃၁) ဘုံ တို့တွင် ကျေးဇူးပြုနိုင်၏။

လောဘစိတ်၊ မဟာကုသိုလ်စိတ်တို့ဖြင့် အာရုံပြုနိုင်သည်။ ဣဋ္ဌာရုံပြည့်စုံသော လူ, နတ်ဘုံ တို့၌ သာ မုချအားဖြင့်ကျေးဇူးပြု၏။

“သဟဇာတာဓိပတိ”၌...

- “ကာလ”အားဖြင့်...

  ပစ္စုပ္ပန်အဖြစ်ဖြင့် ကျေးဇူးပြု၏။

- “ဘုံ”အားဖြင့်...

  အသညသတ် မှတပါး ဘုံ (၃၀)တို့၌ ကျေးဇူးပြု၏။

- “ပုဂ္ဂိုလ်”အားဖြင့်...

  ပုဂ္ဂိုလ် (၁၂) ယောက်တို့၌ ကျေးဇူးပြု၏။

## ✦ အဓိပတိသတ္တိစွမ်းအင် (၁၀) မျိုး ✦

“အဓိပတိ”ထိုက်သော အကြောင်းပစ္စည်းတရားတို့သည် ဆန္ဒ, ဝီရိယ, စိတ်, ပညာနှင့် အာရုံ (၆)ပါး ဟူ၍ (၁၀)မျိုး ရှိကြ၏။ ဆန္ဒ, ဝီရိယ, စိတ်, ပညာ (၄)ပါးတို့တွင် တစ်ပါးပါးဖြင့် ကျေးဇူးပြုသောအခါ ကျန်တရား (၃) ပါးနှင့် စိတ်၊ စေတသိက်၊ ရုပ်တရားတို့သည် နောက်လိုက် ဖြစ်ကြ၏။

အာရုံ (၆)ပါးတို့သည် “အဓိပတိသတ္တိ”ဖြင့် ကျေးဇူးပြုသောအခါ အာရုံခံ စိတ်၊ စေတသိက် တရားတို့က ထိုအာရုံတို့၏ လက်အောက်ခံအလိုကျ ဖြစ်ကြ၏။

## ✦ အောင်မြင်သူတို့၏ နည်းလမ်း ✦

အာရုံတစ်ခုကို “အဓိပတိ”တပ်သူသည် ထိုအာရုံကို အရှုံးအမှုးစွဲလမ်းလျှက် မရမနေ အာရုံ နောက်သို့ တစ်ကောက်ကောက် လိုက်၏။ လုပ်ငန်းကိစ္စတစ်ခုကို အောင်မြင်သူသည် ဆန္ဒ, ဝီရိယ, စိတ်, ပညာ ဟူသော အဓိပတိစွမ်းအင်သည် ထက်သန်သောကြောင့် ဖြစ်၏။

## ✦ "သခင်နှင့်တူသောတရား" ၊ "ကျွန်နှင့်တူသောတရား" ✦

"အာရမ္မဏာဓိပတိသတ္တိ"ရှိသော အာရုံ (၆) ပါး ပစ္စည်းတရားတို့သည် မိမိသို့ အလေး အနက် အာရုံပြုသော စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့အား သခင်သဖွယ် ကျေးဇူးပြု၏။ အာရုံပြုသောစိတ်၊ စေတသိက်တရားတို့သည် ကျွန်သဖွယ် အလိုကျ လိုက်ပါဆောင်ရွက်ပေး ကြ၏။

ထို့ကြောင့် အာရုံ (၆) ပါး အဓိပတိသတ္တိရှိသောပုဂ္ဂိုလ်များသည် သခင်သဖွယ် စိုးမိုးနိုင် ကြ၏။ အာရုံပြုသော စိတ်၊ စေတသိက်၊ စိတ္တဇရုပ်ပိုင်ရှင်ပုဂ္ဂိုလ်တို့မှာ သခင်အလိုကျ ဆောင်ရွက် ပေးရသော ကျွန်သဖွယ်ဖြစ်၏။

## ❁ သဟဇာတာဓိပတိ ပစ္စယသတ္တိ ❁

တပ်မက်စရာ ဝတ္ထုအာရုံတို့၌ လွန်ကဲပြင်းပြသောဆန္ဒ၊ အားကြီးသောစိတ်၊ အားကောင်း ထက်သန်သောဝီရိယတို့ဖြင့် တွန်းအားပေးမှုကြောင့် အပူကိလေသာတို့သည် မပြတ်နှိပ်စက်ခံရ၍ မကောင်းသောဒုစရိုက်များကို ပြုလုပ်နေကြ၏။ ဒုစရိုက်မှုများဖြင့် ရလာသည့်ဘဝကို အဆုံးသတ် ကြမည်ဆိုလျှင် အပါယ်ဒုက္ခသံသရာမှ လွတ်ဖို့လမ်း မရှိ။

- သက်ရှိခန္ဓာကိုယ်ကြီး၏ အပြစ်ကို စနစ်တကျ ကြိုတင်ဆင်ခြင်း၊
- ကွယ်လွန်သွားကြသူများပြသွားသော သေခြင်းတရားများကို သတိဉာဏ်ဖြင့် လက်ခံနိုင် အောင် ကြိုတင် နှလုံးသွင်းထားခြင်း၊
- ထိုကွယ်လွန်သွားကြသူများ၏ ရုပ်အလောင်းကို သေအသုဘပွားများထားခြင်းများကို

နေ့စဉ်ပြုလုပ်ရမည်။

ထိုသို့ နေ့စဉ်ပြုလုပ်နေမှသာ နှစ်သက်မြတ်နိုးစရာ ဝတ္ထုအာရုံတို့နှင့် တွေ့ဆုံရသောအခါ ရှင်အသုဘ၊ မရဏာနုဿတိ၊ သေအသုဘဘာဝနာတို့ကို နှလုံးသွင်းနိုင်သဖြင့် လွန်ကဲပြင်းထန်သော ဆန္ဒစသည်ကို ထိန်းနိုင်မည်။ ယင်းသို့ထိန်းနိုင်ပါက အပူကိလေသာများ အဖြစ်နည်းပါးလာမည်။

အပူကိလေသာများ နည်းပါးနေမှ ဝိပဿနာကမ္မဋ္ဌာန်းတစ်ခုခုကို ကောင်းသောဆန္ဒ စသည် တစ်ခုခုဖြင့် ပြင်းထန်စွာကျင့်နိုင်၏။ ထိုသို့ကျင့်သဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တို့ကို ရပြီး အပါယ်ဒုက္ခဘေးမှ အေးငြိမ်းမည်။

## ❀ အာရမ္မဏာဓိပတိသတ္တိ ❀

လောက၌ ယင်မဲရိုင်းတို့သည် ကောင်းမြတ်သောသဘာဝအာရုံထက် မစင်အာရုံကိုသာ အလွန် နှစ်သက်သဘောကျသကဲ့သို့ လောဘစိတ်သည် ကုသိုလ်ဘာဝနာအာရုံထက် ပျော်စရာ နှစ်သက်စရာ ကာမဂုဏ်အာရုံတို့၌သာ အလေးအမြတ်ပြုတတ်၏။ ထို့ကြောင့် လောဘစိတ် ဝင်လာလျှင် လောဘ၏ ဆိုးကျိုးအပြစ်ကို မြင်အောင်ကြည့်သည်ဖြစ်စေ၊ လောဘ၏သဘောကို လက္ခဏာရေးသုံးပါး တို့တွင် တစ်ပါးပါးမြင်အောင်ရှုမိသည် ဖြစ်စေ ထိုလောဘကို ဖယ်ရှားနိုင်မှသာ အပူမီး သက်သာခွင့် ရှိသည်။

ကာမကုသိုလ်သည် အဆိပ်ရှိသောအစားအစာကို နှစ်သက်၍ စားမိသူကို မွေး, အို, နာ, သေ ဆင်းရဲဒုက္ခများကိုဖြစ်စေသော ဘဝချမ်းသာအာရုံများကို အကောင်းထင်မှတ်ပြီး အလေးအမြတ် ပြုတတ်၏။ ထိုဘဝချမ်းသာကို တောင့်တပြီး ကုသိုလ်ပြုနေလျှင် ခန္ဓာဝဋ်ဒုက္ခ ဧကန်ကြုံရမည်။ ခန္ဓာ ဝဋ်ဒုက္ခမှ လွတ်လိုပါမူ ဘဝချမ်းသာတောင့်တမှုကို လွှတ်ချရမည်။

လောကုတ္တရာစိတ်သည် မွေး, အို, နာ, သေ တို့မှ လွတ်ကင်းရာနိဗ္ဗာန်ကို အလေးအမြတ် ပြု၏၊ နိဗ္ဗာန်ကိုရောက်ဖို့ တရားကျင့်သောယောဂီသည် မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကိုရအောင် အထူးသတိ အထူးလုံ့လဝီရိယဖြင့် အားထုတ်ရမည်။

## အတွင်းအဇ္ဈတ္တကို အကောင်းဘက်ပြောင်းလဲသွားအောင်

## အလေးအနက်ထားရမည့် အာရုံ (၃)မျိုး

******************

၁။ အတ္တာဓိပတိ = ကိုယ့်ကိုယ်ကို တန်ဖိုးထားအာရုံပြုခြင်း။

- "ကိုယ့်ကိုယ်ကို"ဆိုသည်မှာ ကိုယ့်အမျိုးအနွယ်၊ ဘာသာ၊ သာသနာ၊ ထောက်ထားစရာ အားလုံးကို ဆိုလို၏။

၂။ လောကာဓိပတိ = ပတ်ဝန်းကျင်လောကကို အလေးအနက် တန်ဖိုးထားခြင်း။

- ပတ်ဝန်းကျင်မှာရှိသည့် မြင်အပ်, မမြင်အပ် အရာအားလုံးကို ဆိုလို၏။

၃။ ဓမ္မာဓိပတိ = ယုံကြည်လက်ခံကျင့်သုံးနေသည့် ဓမ္မကို အလေးအမြတ်တန်ဖိုးထားခြင်း။

***ဤ အာရုံ (၃) မျိုးကို အလေးအနက်ထားပြီး***

***မိမိ၏အတွင်းအဇ္ဈတ္တကို အကောင်းဘက် ပြောင်းလဲသွားအောင် ပြုလုပ်နိုင်၏။***

အာဓိပတေယျသုတ် (အံ၊ ၁၊ ၁၄၆) တိကနိပါတ်

## ❀ သဟဇာတာဓိပတိ ❀

| အကြောင်း (ပစ္စည်း) | သင်္ချာ (၇) | | အကျိုး (ပစ္စယုပ္ပန်) |
|---|---|---|---|
| ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ (၄) | ကု | ကု | မဟာကု-၈၊ မဟဂ္ဂုတ်ကု ၉၊ မဂ် ၄ |
| | | အဗျာ | ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| ဆန္ဒ၊ ဝီရိယ၊ စိတ် (၃) | အကု | အကု | လော ၈၊ ဒေါ ၂၊ ဝိစိ ကြဉ် စေ ၂၆ |
| | | အဗျာ | အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ (၄) | အဗျာ | အဗျာ | မဟာကြိ ၈၊ မဟဂ္ဂုတ်ကြိ ၉၊ ဖိုလ် ၄၊ စေ ၃၈ အဓိပတိစိတ္တဇရုပ် |

## ❀ အာရမ္မဏာဓိပတိ ❀

| အလေးအမြတ်ပြုအပ် (အကြောင်း) တရား | သင်္ချာ (၇) | | အလေးပြုတတ် (အကျိုး) တရား |
|---|---|---|---|
| အရ-မဂ် ကြဉ် ကု-၂၀၊ စေ-၃၈ | ကု | ကု | မဟာကု-၈ |
| လောကီကု-၁၇ | ကု | အကု | လောဘစိတ်-၈ |
| အရ-မဂ် | ကု | အဗျာ | မဟာကြိဉာသမ်-၄ |
| လောဘမူစိတ်-၈ | အကု | အကု | လောဘစိတ်-၈ |
| အရ-ဖိုလ်၊ နိဗ္ဗာန်<br>နိဗ္ဗာန် | အဗျာ | အဗျာ | မဟာကြိဉာသမ်-၄<br>ဖိုလ်စိတ်-၄ |
| အောက်ဖိုလ်-၃၊ နိဗ္ဗာန်<br>နိဗ္ဗာန် | အဗျာ | ကု | မဟာကုဉာသမ်-၄<br>မဂ်စိတ်-၄ |
| နိပ္ဖန္နရုပ်-၁၈၊ ဒုက္ခ ကြဉ် လောကီဝိပါက်-၃၁ ကြိယာ-၂၀ | အဗျာ | အကု | လောဘမူစိတ်-၈ |

**အဓိပတိပစ္စယော**

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။

**အာရမ္မဏာဓိပတိ** – ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ၊ တံ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊ ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ ပစ္စဝေက္ခတိ၊ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ သေက္ခာ ဂေါတြဘုံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ၊ ဝေါဒါနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။

**သဟဇာတာဓိပတိ** – ကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော။ (၁)

ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ **အာရမ္မဏာဓိပတိ** – ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ၊ တံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာ ဓိပတိ၊ သဟဇာတာဓိပတိ။

**အာရမ္မဏာဓိပတိ** – အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။

**သဟဇာတာဓိပတိ** – ကုသလာ ဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ (၃)

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ **သဟဇာတာဓိပတိ** – ကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိ ပစ္စယေန ပစ္စယော။ (၄)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။

**အာရမ္မဏာဓိပတိ** – ရာဂံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

**သဟဇာတာဓိပတိ** – အကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော။ (၁)
အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ **သဟဇာတာဓိပတိ** – အကုသလာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ (၂)

အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ **သဟဇာတာဓိပတိ** – အကုသလာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ (၃)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။
**အာရမ္မဏာဓိပတိ** – အရဟာ ဖလံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဖလဿ အဓိပတိပစ္စယေန ပစ္စယော။
**သဟဇာတာဓိပတိ** – ဝိပါကာဗျာကတကိရိယာဗျာကတာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ (၁)

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိ ပစ္စယေန ပစ္စယော။ **အာရမ္မဏာဓိပတိ** – သေက္ခာ ဖလံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ဂေါတြဘုဿ, ဝေါဒါနဿ, မဂ္ဂဿ အဓိပတိပစ္စယေန ပစ္စယော။ (၂)

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိ ပစ္စယေန ပစ္စယော။ **အာရမ္မဏာဓိပတိ** – စက္ခုံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ ရူပေ။ သဒ္ဒေ။ ဂန္ဓေ။ ရသေ။ ဖောဋ္ဌဗ္ဗေ။ ဝတ္ထုံ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ (၃)

(ပဋ္ဌာဝါရ၊ ၁၃၆-၇)

# အနန္တရပစ္စယော၊ သမနန္တရပစ္စယော

**အနန္တရပစ္စယောတိ**

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ
အနန္တရပစ္စယေန ပစ္စယော။
မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ
အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ
အနန္တရပစ္စယေန ပစ္စယော။
မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ
အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ
အနန္တရပစ္စယေန ပစ္စယော။
မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ
အနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ
အနန္တရပစ္စယေန ပစ္စယော။
မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ
အနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ
အနန္တရပစ္စယေန ပစ္စယော။
မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ
အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိ ကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

## ❁ အနန္တရ အဓိပ္ပါယ် ❁

**အနန္တရ** = န + အန္တရ။

**န** = မရှိခြင်း။

**အန္တရ** = အကြား။

**အနန္တရ** = အခြားမဲ့၊ အခြားမရှိ။

(ရှေးဆရာတော်များ)

- ❁ ရှေ့စိတ် နှင့် နောက်စိတ် တို့၏ အကြား၌ တစ်ခုနှင့် တစ်ခု ခြားထားသော ကြားတရား တစ်ခုမျှ မရှိခြင်းကို ဆိုလိုသည်။
- ❁ ရှေးစိတ်သည် ဖြစ်၍ချုပ်ပြီးနောက် မိမိနှင့်တူသော အခြားစိတ်တစ်မျိုးအား ကြားတရား တစ်ခုမှ မခြားပဲ ချက်ချင်းဖြစ်ပေါ်လာစေအောင် "အနန္တရပစ္စယသတ္တိ"ဖြင့် ကျေးဇူးပြု သည်။

❁ မိမိ၏အခြားမဲ့၌ ဖြစ်ထိုက်သော စိတ် (စေတသိက်) များကို "စိတ္တနိယာမ"သဘောအတိုင်း ဖြစ်စေနိုင်စွမ်းရှိသော ရှေးရှေးစိတ်၏ သတ္တိကို "အနန္တရပစ္စယသတ္တိ" ဟုခေါ်သည်။

❁ **ဥပမာ** - စကြဝတေးမင်းသည် မိမိနတ်ရွာစံပြီးနောက် မိမိ၏သားကြီးအား ထီးနန်းအမွေကို ဆက်တိုက် ဆက်ခံခွင့်ပေးသကဲ့သို့ ရှေ့၌ဖြစ်သောစိတ်သည် ချုပ်ပြီးနောက် မိမိ၏အမွေကို နောက်၌ဖြစ်သည့် စိတ်တစ်ခုအား ဆက်ခံခွင့်ပေးသည်။

## ❀ အနန္တရပစ္စယော ❀

အနန္တရပုဒ်၏ "အခြားမဲ့၊ အခြားမရှိခြင်း" အဓိပ္ပာယ်ကို လေးနက်ပေါ်လွင်အောင် ဖော်ပြထားသော ပါဠိဝေါဟာရတစ်ခု ရှိသေး၏။ ယင်းမှာ "သမနန္တရ"ဖြစ်၏။ "သမနန္တရ"ဟူသည် "အလွန်ကို အခြားမရှိခြင်း"သဘော ဖြစ်၏။

အလွန်ကို အကြားမရှိဘဲ နောက်စိတ်ဖြစ်ပေါ်လာအောင် ကျေးဇူးပြုနိုင်သော ရှေးစိတ်၏ သတ္တိကို သမနန္တရသတ္တိဟုခေါ်၏။ အလွန်ကို အကြားမရှိဟူသည် ရှေ့စိတ် နောက်စိတ်ဟု စိတ်နှစ်မျိုးခွဲထားသော်လည်း ရှေ့စိတ်၏ဘင် (ချုပ်ပျောက်ခြင်း) နှင့် နောက်စိတ်၏ဥပါဒ် (ဖြစ်ပေါ်ခြင်း)တို့သည် ကြားပြတ်ခြင်းမရှိသဖြင့် စိတ်တစ်မျိုးတည်းကဲ့သို့ ဖြစ်နေသောကြောင့် အလွန်ကို အကြားမရှိ၊ သိပ်ကိုအကြားမရှိဟု ဆိုလို၏။

## ❀ ထင်ရှားအောင် ဖော်ပြခြင်း ❀

ရုပ်တရားတို့သည် ရှစ်ခု၊ ကိုးခုစသည် ပေါင်းစပ်တွဲနေသော ကလာပ်စည်း ဖြစ်နေသောကြောင့် ပုံသဏ္ဌာန် ထင်ရှား၏။ ထို့ကြောင့် ဤရုပ်ကလာပ် (ရုပ်အစု) သည် ဤရုပ်ကလာပ်မှ အထက်၌တည်၏၊ အောက်၌တည်၏၊ ဝဲဘက်၊ ယာဘက်၌တည်၏ဟု ခွဲခြား၍ ရလောက်အောင် ရုပ်ကလာပ်တစ်ခုနှင့်တစ်ခုကြား (အာကာသဓာတ်) ရှိ၏။

နာမ်တရားတို့သည်ကား ယင်းကဲ့သို့ ပုံသဏ္ဌာန်လည်းမရှိ၊ တခဏတည်း၌ စိတ်နှစ်မျိုး ပြိုင်တူဖြစ်လေ့မရှိသဖြင့် ခွဲခြား၍မရ၊ ရှေ့စိတ်၊ နောက်စိတ်တို့သည် တစ်ခုတည်းကဲ့သို့ ထင်ရလောက်အောင် ဆက်သွယ်လျှက် (ဆက်နေလျှက်) ဖြစ်ကြ၏။

## ❀ လျှပ်တစ်ပြက်အတွင်း၌ စိတ်ကုဋေတစ်သိန်း ဖြစ်ခြင်း ပျက်ခြင်း ❀

### ဧကစ္ဆရက္ခဏေ ကောဋိသတသဟဿသင်္ခါ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။

ဖေဏပိဏ္ဍူပမသုတ်အဖွင့် (သံ၊ ဋ္ဌ၊ ၂၊ ၂၉၅)

စိတ်၏ ဖြစ်ပေါ်ချုပ်ပျောက်နှုန်းသည် သာမန်လူတို့ မယုံနိုင်, မသိနိုင်လောက်အောင် လက်မခံ နိုင်လောက်အောင် လျှင်မြန်၏။ မည်မျှလျှင်မြန်သလဲဆိုပါမူ "လက်ဖျစ်တစ်တွက်, မျက်စိတစ်မှိတ်, လျှပ်တစ်ပြက် - ခဏလေးအတွင်း၌ စိတ်ပေါင်းကုဋေတစ်သိန်းပင် ဖြစ်ပေါ် ချုပ်ပျောက်ကြ၏။

ဤမျှသောခဏလေးအတွင်း၌ ဤမျှများပြားသည့် စိတ်ပေါင်းတို့သည် ဖြစ်ပျက်နေသည် ဟု ဆိုလျှင် ထိုရှေ့စိတ် နောက်စိတ်တို့ကို သာမန်ပုဂ္ဂိုလ်များအနေဖြင့် မည်သို့မျှ ခွဲ၍ မရနိုင်။

~~~~~~~~~~~~~~~~~~~~~~~~~~~~

**မေး ။ ။** စိတ်သည် တစ်ခုတည်း တစ်ဆက်တည်းပင် ဖြစ်လျှက်ရှိသည် မဟုတ်ပါလား? ဟု မေးဘွယ်ရှိပါ၏။ ယင်းအမေးကိုရှင်းလင်းရန်အတွက် နောက်မှ "နတ္ထိပစ္စည်း" နှင့် "ဝိဂတပစ္စည်း" နှစ်မျိုးကို ထပ်၍ဟောတော်မူ၏။

"နတ္ထိပစ္စည်း"ဟူသည် တရားတစ်ခုချုပ်ပြီးသည့်နောက်၌ မရှိခြင်း၊ ကင်းဆိတ်ခြင်းကို ဆိုလို၏။

"ဝိဂတပစ္စည်း"ဟူသည်က တရားတစ်ခု၏ အထည်ကိုယ်သဘောမှ ကင်းချုပ်ခြင်း၊ ကင်းခြင်း ကို ဆိုလို၏။

ဥပမာ - ညဉ့်၏ ကင်းပျောက်ခြင်းသည် နေ့ဖြစ်ခြင်းငှါ ကျေးဇူးပြုသကဲ့သို့၎င်း၊ ဆီမီး၏ ငြိမ်းခြင်းသည် အမိုက်အမှောင်ဖြစ်ခြင်း၌ ကျေးဇူးပြုသကဲ့သို့၎င်း၊ ထို့အတူ တရားတစ်ပါးသည် မိမိမရှိခြင်းမျှဖြင့် နောက်နောက်တရားတို့အား ဖြစ်စေရန် ကျေးဇူးပြုခြင်းသည် "နတ္ထိပစ္စည်း" ဖြစ်၏။
~~~~~~~~~~~~~~~~~~~~~~~~~~~~

ဥပမာ - နေရောင်၏ ကင်းပျောက်ခြင်းသည် လရောင်ဖြစ်ဖို့ရာ ကျေးဇူးပြုသကဲ့သို့၊ ထို့အတူ တရားတစ်ပါးသည် မိမိချုပ်ကင်းကွယ်ပျောက်မှုဖြင့် နောက်နောက်တရားတို့အား ဖြစ်ခွင့်ပေးမှု ကျေးဇူးပြုခြင်းသည် "ဝိဂတပစ္စည်း"ဖြစ်၏။

ဤသို့ အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ ပစ္စည်းလေးခုတို့၏ သဘောတရားများကို စုပေါင်း ခြုံကြည့်လျှင် လျှပ်တစ်ပြက်အတွင်း၌ စိတ်ပေါင်းကုဋေတစ်သိန်းမျှ ဖြစ်ပျက်ကြ၏။ ရှေ့တရားသည် ဖြစ်၍ ချုပ်ပြီးသည်၏ အခြားမဲ့၌ ချက်ချင်းပင် နောက်တရားတစ်ပါးကို ဖြစ်ပေါ်စေ၏။ ယင်းတရားသည်လည်း တဖန်ချုပ်ပြီးသည်၏ အခြားမဲ့၌ နောက်တရားတစ်ပါးကို ချက်ချင်း ဖြစ်ပေါ်စေ၏။

ဤနည်းဖြင့် လျှပ်တစ်ပြက်အတွင်း စိတ်ပေါင်းကုဋေတစ်သိန်း ဖြစ်လိုက် ချုပ်လိုက်ဖြစ်ပြီး နောက်တရားကိုဖြစ်ပေါ်စေရာ ရှေ့စိတ်နှင့် နောက်စိတ်တို့သည် တစ်ခုနှင့်တစ်ခု မတူကွဲပြား ခြားနား ကြောင်းကို သဘောပေါက်ရာ၏။

စိတ်တို့သည် ဤမျှလျှင်မြန်သောနှုန်းဖြင့် ဖြစ်ပျက်နေကြရာ၌ ရှေးရှေးစိတ်တို့က နောက်နောက်စိတ်တို့အား အဆင့်ဆင့် အဆက်ဆက် မပြတ်မွေးထုတ်ပေးလျှက် ဖြစ်ပေါ် စေနိုင်မှာ "အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ"ပစ္စည်းလေးခုတို့၏ စွမ်းအင်သတ္တိကြောင့် ဖြစ်ကြ၏။

လျှပ်တစ်ပြက်အတွင်း၌ စိတ်တွေကုဋေတစ်သိန်း (တစ်နောက် သုည ၁၂ လုံးရှိ ဂဏန်း) ဖြစ်ကြ၏ဟူသောစကားမှာ ယုံဖွယ်မရှိဘူး - ဟု အချို့ပုဂ္ဂိုလ်များက ပြောဆိုကြပေမည်။ ယင်းသို့ ပြောဆိုမှုသည် ပြောဆိုသူ၏ အသိဉာဏ်အားနည်းမှုကြောင့်သာ ဖြစ်၏။

ယနေ့ခေတ်သိပ္ပံပညာရှင်တို့၏ သုတေသနပြုချက်အရ...

"ရုပ်တစ်ခုသည် တစ်စက္ကန့်ကို တစ်နောက် သုည (၁၅) လုံးရှိသော အစိတ်အပေါင်း စိတ်လိုက်လျှင် တစ်စိတ်သာ အသက်ရှည်၏၊ တစ်နည်းအားဖြင့် ရုပ်တရားတို့သည် တစ်စက္ကန့်လျှင် တစ်နောက် သုည (၁၅)လုံးရှိ အရေအတွက်မျှဖြစ်နိုင်ကြ၏"ဟူ၍ ဆိုကြ၏။

ရုပ်တရားတို့သည်ပင် ဤမျှ လျှင်မြန်စွာဖြစ်ပျက်နိုင်ကြသေးသည် ဟူသော အချက်ကို ထောက်လျှင် ရုပ်တရားတို့ထက် (၁၅) ဆလောက် ကျမ်းဂန်များအရ (၁၇) ဆ ပို၍ လျှင်မြန်စွာ ဖြစ်ပျက်နိုင်ကြသော နာမ်တရားတို့သည် တစ်စက္ကန့်ထက်များစွာ တိုတောင်းလှသော

လျှပ်တစ်ပြက် အတွင်း၌ ကုဋေတစ်သိန်း (တစ်နောက် သုည ၁၂) ဖြစ်ပျက်နိုင်ကြသည်ကို သံသယ ကင်းစွာ ယုံကြည်ရာ၏။

| ရှေးရှေးအကြောင်းစိတ် | နောက်နောက်အကျိုးစိတ် |
|---|---|
| ရဟန္တာတို့၏ စုတိစိတ် ကြဉ်<br>ရှေးရှေးသော စိတ်-၈၉ ၊ စေ-၅၂ | ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ<br>နောက်နောက်သော စိတ်-၈၉ ၊ စေ-၅၂ |

| အကြောင်းပစ္စည်း | အကျိုးပစ္စယုပ္ပန် |
|---|---|
| စက္ခုဝိညာဏ် ဒွေ<br>သမ္ပဋိစ္ဆန္နသာဓာရဏ စေ-၇ | သမ္ပဋိစ္ဆိုင်း (မနောဓာတ်)<br>ဆန္ဒ ၊ ပီတိ ၊ ဝီရိယ ကြဉ် အညသမာန်းစေ-၁၀ |
| သမ္ပဋိစ္ဆိုင်း ဒွေ<br>ဆန္ဒ ၊ ပီတိ ၊ ဝီရိယ ကြဉ် အညသမာန်းစေ-၁၀ | သန္တီရဏ-၃<br>ဆန္ဒ ၊ ပီတိ ၊ ဝီရိယ ကြဉ် အညသမာန်းစေ-၁၀ |

## ❀ နိယာမတရား (၅) ပါး ❀

၁။ ဗီဇနိယာမ = မျိုးစေ့တို့မှဖြစ်သော အပင်၏အသီးတို့သည် မျိုးစေ့နှင့်တူစွာ သီးကြခြင်း။

၂။ ဥတုနိယာမ = ဥတုကာလတို့၌ သူ့အခါနှင့်သူ သစ်ပင်များ ပွင့်မှု၊ သီးမှု။

၃။ ကမ္မနိယာမ = သတ္တဝါတို့မှာ ရှေးကပြုခဲ့သော ကံအမှုနှင့်တူစွာ အကျိုးပေးမှု။

၄။ ဓမ္မနိယာမ = ဘုရားအလောင်းတော်တို့၏ ပဋိသန္ဓေယူသောအခါ စသည်တို့၌ အလွန်ကြီးကျယ်သော ပုညဓမ္မတို့၏ တန်ခိုးကြောင့် လောကဓာတ်တစ်သောင်းတို့၏ တစ်ပြိုင်နက်လှုပ်ရှားမှု။

၅။ စိတ္တနိယာမ = အာရုံ နှင့် ဒွါရ(ပသာဒ) တို့ ပေါင်းဆုံတိုက်ဆိုင်မိသောအခါ စီမံပြုလုပ်သူမရှိဘဲ စိတ်တို့၏ အစဉ်အတိုင်း သူ့ကိစ္စနှင့်သူ ဖြစ်ကြခြင်း။

(ဓမ္မသင်္ဂဏီ ၊ ဠ ၊ ၃၁၂)

## ❀ "အာရမ္မဏပစ္စည်း" နှင့် "အနန္တရပစ္စည်း" "သမနန္တရပစ္စည်း" တို့၏ ဆက်စပ်မှု ❀

"အာရမ္မဏပစ္စည်း"၌၎င်း၊ "အာရမ္မဏာဓိပတိပစ္စည်း"၌၎င်း ဒွါရ (ဝတ္ထု) နှင့် အာရုံ တို့သည် အကြောင်းတိုက်ဆိုင် ပေါင်းဆုံမိခြင်းကြောင့် စိတ်၊ စေတသိက်များ ဖြစ်ပေါ်လာကြရာ အာရုံဖက်ကိုကြည့်၍ အာရုံတစ်ခုခုကြောင့် စိတ်၊ စေတသိက်များ ဆက်တိုက်ဖြစ်ပေါ်ကြောင်းကို ပြခဲ့၏။

ဤ အနန္တရ၊ သမနန္တရပစ္စည်းတို့၏ သဘောတရားသည်လည်း "အာရမ္မဏပစ္စည်း"၏ သဘော တရားနှင့် နီးကပ်ဆက်စပ်လျှက်ရှိ၏၊ "အာရမ္မဏပစ္စည်း"၌ အာရုံဖက်မှကြည့်၍ အာရုံ (၆) ပါး တို့တွင် တစ်ပါးပါးကြောင့် စိတ္တနိယာမသဘောအရ မည်သည့်စိတ်၊ စေတသိက်များ ဖြစ်ကြသည် ဟူ၍ အာရုံကို အဓိကထား၏။

ဤ အနန္တရ၊ သမနန္တရပစ္စည်းတို့၌ကား ဒွါရ နှင့် အာရုံတို့သည် ပေါင်းဆုံမိခြင်းကြောင့် ဖြစ်ပေါ် လာသည့် စိတ်တစ်ခုခုသည် မိမိ၏အခြားမဲ့၌ မိမိနှင့်တူသော စိတ်တစ်မျိုးတစ်မျိုးအား ဆက်တိုက် ဆက်လက်ဖြစ်ပေါ်စေ၏ ဟူ၍ စိတ်တစ်ခု၏သတ္တိကို အဓိကထား၏။

## ❀ "အကြောင်းစိတ်" ၊ "အကျိုးစိတ်" ၊ "အကြောင်းအကျိုးလွတ်စိတ်" ❀

- ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့သည် ကံ အကြောင်းစိတ်တို့ ဖြစ်ကြ၏။
    - ကောင်း, မကောင်း အကျိုးတရားများကို ဖြစ်ပေါ်စေ၏။
- ဝိပါက်စိတ်တို့သည် အကျိုးစိတ်တို့ ဖြစ်ကြ၏။
    - အကြောင်းကံတရားများကြောင့်ဖြစ်ပေါ်လာကြ၏။
- ကြိယာစိတ်တို့သည် အကြောင်းအကျိုးမှလွတ်သောစိတ်တို့ ဖြစ်ကြ၏။
    - ဤစိတ်တို့သည် ရဟန္တာပုဂ္ဂိုလ်တို့သန္တာန်၌ ဖြစ်ကြ၍ ကုသိုလ်, အကုသိုလ်စိတ်များလို အကျိုးတရားများကို ဖြစ်စေနိုင်သည့်သတ္တိမရှိဘဲ ပြုလုပ်ခြင်း သက်သက်မျှသာ ဖြစ်၏။
- လောကုတ္တရာစိတ်၌ အကြောင်းကံကုသိုလ်တရားကို "မဂ်"ဟုခေါ်၍၊ အကျိုးဝိပါက်တရားကို "ဖိုလ်"ဟု ခေါ်၏။

## ❀ စိတ်တို့၏ လုပ်ငန်းကိစ္စများ ❀

စိတ်တို့၏ အလုပ်ကိစ္စသတ္တိသည် (၁၄) မျိုး ရှိ၏၊ ထိုတွင်...

၁။ "ပဋိသန္ဓေကိစ္စ"သည် သတ္တဝါတစ်ဦး၏ ဘဝသစ်တစ်ခု၌ ပထမဦးဆုံး ပဋိသန္ဓေနေမှု ကိစ္စဖြစ်၏။ ထို "ပဋိသန္ဓေကိစ္စ"ကိုဆောင်ရွက်သော (ဥပေက္ခာ သန္တီရဏစိတ် နှစ်ပါး၊ ကာမာဝစရ ဝိပါက်စိတ် ရှစ်ပါး၊ ရူပါဝိပါက်စိတ် ငါးပါး၊ အရူပ ဝိပါက် လေးပါး) စိတ်(၁၉)ပါး တို့တွင် တစ်ပါးပါးသောစိတ် ဖြင့် ပဋိသန္ဓေနေ၏။

၂။ "ဘဝင်ကိစ္စ"သည် အိပ်ပျော်နေစဉ်စသည့် လှုပ်ရှားစိတ်မဖြစ်သောအချိန်များ၌ ကံအရှိန်ရှိသမျှ ဘဝအစဉ်အဆက် မပြတ်ရအောင် ဘဝကိုဆက်စပ်ပေးခြင်းကိစ္စ ဖြစ်၏။

"ပဋိသန္ဓေစိတ်" နှင့်အတူ "ကမ္မဇရုပ်"၊ "ဥတုဇရုပ်"စသောရုပ်များ တဖြည်းဖြည်းဖြစ်လာကြရာ၌ စက္ခုစသော ပသာဒရုပ်တို့ဖြင့် အာရုံတို့ကိုယူ၍ လှုပ်ရှားစိတ် မဖြစ်နိုင်သေးသရွေ့ ကာလပတ်လုံး ထိုပဋိသန္ဓေစိတ်စသည်ဖြစ်ပြီးနောက် ထိုဘဝအစဉ်အဆက်မပြတ်ရအောင် "ပဋိသန္ဓေကိစ္စ"ကိုဆောင်ရွက်သည့် စိတ် (၁၉) ပါးတို့သည် "ဘဝင်စိတ်" အဖြစ်ဖြင့် ဆက်လက်ဖြစ်နေ၏။

၃။ "အာဝဇ္ဇန်းကိစ္စ"သည် "ဒွါရ" နှင့် "အာရုံ"တို့ ပေါင်းဆုံတိုက်ဆိုင်မိသည့်အခါ အာရုံများကို ဆင်ခြင်ခြင်းကိစ္စ ဖြစ်၏။

အာဝဇ္ဇန်းကိစ္စကို ဆောင်ရွက်သောစိတ်သည် ပဥ္စဒွါရာဝဇ္ဇန်းစိတ်၊ မနောဒွါရာဝဇ္ဇန်းစိတ် ဟူ၍ နှစ်ပါးရှိ၏။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဟူသော ဝတ္ထုရုပ် ငါးခုနှင့် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ ပေါင်းမိသဖြင့် စိတ်အစဉ်ဖြစ်လာကြသောအခါ အာရုံက အလွန်ထင်ရှားလျှင် အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ ဟူသော ဘဝင်စိတ်များ ဖြစ်ပြီးနောက် ထိုအာရုံတို့ကို ဆင်ခြင်သည့် "ပဥ္စဒွါရာဝဇ္ဇန်းစိတ်"ဖြစ်၏။

အကယ်၍ စိတ်ဖြင့် မနောဒွါရဆိုင်ရာ ဓမ္မာရုံကိုအာရုံယူ၍ စိတ်အစဉ်ဖြစ်သောအခါ၌ ထိုဓမ္မာရုံကိုဆင်ခြင်သည့် "မနောဒွါရဝဇ္ဇန်းစိတ်"ဖြစ်ပေါ်၏။

၄။ "ဒဿနကိစ္စ"သည် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပြီးနောက် ရူပါရုံကိုမြင်သိသည့်ကိစ္စ "စက္ခုဝိညာဉ်စိတ်" ဖြစ်၏။ ထိုစိတ်သည် နှစ်ပါးရှိ၏။

၅။ "သဝနကိစ္စ"သည် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပြီးနောက် သဒ္ဒါရုံကိုကြားသိသည့်ကိစ္စ "သောတဝိညာဉ်စိတ်" ဖြစ်၏။ ထိုစိတ်သည် နှစ်ပါးရှိ၏။

၆။ "ဃာယနကိစ္စ"သည် ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပြီးနောက် ဂန္ဓာရုံကို အနံ့သိသည့်ကိစ္စ "ဃာနဝိညာဉ်စိတ်" ဖြစ်၏။ ထိုစိတ်သည် နှစ်ပါးရှိ၏။

၇။ "သာယန"ကိစ္စသည် ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပြီးနောက် ရသာရုံကို စားသိသည့်ကိစ္စ "ဇိဝှါဝိညာဉ်စိတ်" ဖြစ်၏။ ထိုစိတ်သည် နှစ်ပါးရှိ၏။

၈။ "ဖုသနကိစ္စ"သည် ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပြီးနောက် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသည့်ကိစ္စ "ကာယဝိညာဉ်စိတ်" ဖြစ်၏။ ထိုစိတ်သည် နှစ်ပါးရှိ၏။

၉။ "သမ္ပဋိစ္ဆိုင်းကိစ္စ"သည် ထိုဝိညာဉ်စိတ်ငါးမျိုးတို့ဖြင့် သိအပ်သော ရူပါရုံစသော အာရုံငါးပါးကို လက်ခံသည့်ကိစ္စ "သမ္ပဋိစ္ဆိုင်းစိတ်"ဖြစ်၏။ ထိုစိတ်သည် နှစ်ပါးရှိ၏။

၁၀။ "သန္တီရဏကိစ္စ"သည် သမ္ပဋိစ္ဆိုင်းစိတ်က လက်ခံယူလိုက်သော အာရုံငါးပါးကို ကောင်း, မကောင်း စုံစမ်းသည့်ကိစ္စ "သန္တီရဏစိတ်" ဖြစ်၏။ ထိုစိတ်သည် သုံးပါးရှိ၏။

၁၁။ "ဝုဋ္ဌောကိစ္စ"သည် သန္တီရဏစိတ်ဖြစ်ပြီးနောက် ထိုအာရုံကို ကောင်း, မကောင်း ဆုံးဖြတ်ခြင်းကိစ္စ ဖြစ်၏။ ထိုကိစ္စကို "ဝုဋ္ဌော"ခေါ်သည့် "မနောဒွါရာဝဇ္ဇန်းစိတ်"က ဆောင်ရွက် ၏။

၁၂။ "ဇောကိစ္စ"သည်ပြင်းထန်၍ အကြိမ်များစွာဖြစ်သော စိတ်အရှိန်အဟုန်ဖြင့် အာရုံအားလုံးတို့၏ အရသာကို ခံစားခြင်းကိစ္စ ဖြစ်၏။ "ဇောကိစ္စ"ကို ဆောင်ရွက်သော အကုသိုလ်စိတ်

(၁၂)ပါး၊ ကုသိုလ်စိတ် (၂၁) ပါး၊ ဖိုလ်စိတ် (၄)ပါး၊ အာဝဇ္ဇန်းဒွေး မှတပါး ကျန်ကြိယာစိတ် (၁၈)ပါး ဟူသော ဇောစိတ် (၅၅) ပါး တို့တွင် တစ်ပါးပါးဖြစ်ပေ၏။

**မှတ်ချက်** ။ ။ "ဇောကိစ္စ"ဖြစ်ရာ၌ အကုသိုလ်၊ ကုသိုလ်၊ ကြိယာဇောများ ဖြစ်ဖို့ရာ ဝုဋ္ဌောခေါ်သည့် "မနောဒွါရာဝဇ္ဇန်းက" ပြုလုပ်၏။ "ဝုဋ္ဌောကိစ္စ" အခိုက် အတန့်၌ သတိဉာဏ်လွတ်ပြီး နှလုံးသွင်းမှုမတတ်လျှင် ပုထုဇဉ်ပုဂ္ဂိုလ်များ မှာ "အကုသိုလ်ဇော"များ ဖြစ်ကြ၏။

သတိဉာဏ်ဖြင့် နှလုံးသွင်းတတ်လျှင် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်များသည် ကုသိုလ်ဇောများ၊ ရဟန္တာပုဂ္ဂိုလ် များသည် "ကြိယာဇော" များဖြစ်ကြ၏။

၁၃။ "တဒါရုံကိစ္စ"သည် ဇောစိတ်ကယူအပ်ပြီး အရသာခံစားအပ်ပြီးသော အာရုံကိုပင် ထပ်ပြီး ဆက်ပြီး ယူခြင်းကိစ္စ ဖြစ်၏။ "တဒါရုံကိစ္စ"ကိုဆောင်ရွက်သော သန္တီရဏစိတ် (၃)ပါး၊ မဟာဝိပါက်စိတ် (၈) ဟူသော စိတ် (၁၁) ပါးတို့တွင် တစ်ပါးပါးဖြစ်ပေ၏။

**မှတ်ချက်** ။ ။ ပဥ္စဒွါရာဝဇ္ဇန်း သို့မဟုတ် မနောဒွါရာဝဇ္ဇန်းစိတ်မှစ၍ ဖြစ်ပေါ်လာသော ဝီထိစိတ်အစဉ်သည် တဒါရုံတွင်ပြီးဆုံး၏။ ဝီထိစိတ်ပြီးဆုံးသည့်အခါ အာရုံတစ်ခုခုကြောင့် ထိုဝီထိအစဉ်မဖြစ်နိုင်သေးသည့်ကာလပတ်လုံး တစ် ဘဝ၏ အသက်ဝိညာဉ်ကို ဆက်ပေးသော ဘဝင်စိတ် (ဝီထိမုတ်)များ ဖြစ်ကြ၏။

တစ်ဘဝအတွင်း၌ မြင်မှု၊ ကြားမှု စသော အာရုံများကို တွေ့ကြုံရသော အခါ လှုပ်ရှားသည့် ဝီထိစိတ်များ ဖြစ်ကြ၏။

မြင်ခြင်း၊ ကြားခြင်း စသော အာရုံများ မကြုံရသောအခါမှာ ငြိမ်သက်သည့် ဘဝင်စိတ်များ ဖြစ်ကြ၏။ ပြုလုပ်ခဲ့သည့် ကံအရှိန်အဟုန် မကုန်သေးသမျှ စုတိစိတ် မကျမီကာလပတ်လုံး လှုပ်ရှားသည့်စိတ်

(ဝီထိစိတ်) နှင့် ငြိမ်သက်သည့်စိတ် (ဝီထိမုတ်စိတ်)တို့သည် တစ်လှည့်စီ မရပ်မနား တလစပ်ဖြစ်နေကြ၏။

၁၄။ "စုတိကိစ္စ"သည် ဝီထိစိတ်တို့၏အကြား၌ ကံအရှိန်အဟုန်ရှိသမျှ ဘဝမပြတ်ရအောင် "ဘဝင်စိတ်"က ဆက်စပ်ပေးခဲ့ရာ ကံအရှိန်အဟုန်ကုန်သောအခါ နောက်ထပ် မဆက်စပ်နိုင်တော့ဘဲ ဖြစ်နေသည့်ဘဝမှ လျောကျစုတေသွားခြင်းကိစ္စ ဖြစ်၏။ "ဘဝင်စိတ်" မဖြစ်နိုင်တော့ဘဲ အဆုံးသတ်ချုပ်ငြိမ်းသွားခြင်းသည်ပင် စုတေခြင်း ဖြစ်၏။ အဆုံးသတ်သော ဘဝင်စိတ် (၁၉) ပါးသည်ပင် "စုတိကိစ္စ"ကို ပြုလုပ်၏။

သတ္တဝါတို့၏ အမျိုးအစားအလိုက် သတ္တဝါတို့၏သဏ္ဍာန်အသီးသီး၌ အစမထင်သော သံသရာမှ စ၍ နိဗ္ဗာန်မရသေးမီမထိ စိတ်တို့၏လုပ်ငန်းကိစ္စ (၁၄) မျိုးတို့ဖြင့် အစဉ်အတိုင်း လျှပ်တစ်ပြက်အတွင်း အကြိမ်ပေါင်း ကုဋေတစ်သိန်းနှုန်းဖြင့် အလွန်လျှင်မြန်စွာ မီးတောက်မီးလျှံလို မြစ်ရေအလျဉ်လို ဘဝ အဆက်ဆက် မပြတ်မစဲ တစ်မျိုးပြီးတစ်မျိုး လှည့်ပတ်ဖြစ်ကြ၏။

## ❀ စိတ်သံသရာ ❀

သတ္တဝါတစ်ဦးသည် စုတေပြီးနောက် ဘဝဟောင်းကပြုလုပ်ခဲ့သော ကံအားလျော်စွာ ဘဝသစ်တစ်ခုခု၌ ပဋိသန္ဓေစိတ် (၁၉) ခု တို့တွင် တစ်ခုခုဖြင့် ဆက်တိုက်ပဋိသန္ဓေနေရပြီး ဘဝသစ်တစ်ခုခုကို ဖြစ်ရပြန်၏။ ထို့နောက်တွင်လည်း ကံအရှိန်အဟုန်မကုန်သေးသမျှ "ဝီထိစိတ်" နှင့် "ဘဝင်စိတ် (ဝီထိမုတ်စိတ်)"တို့သည် တစ်လှည့်စီလှည့်ပတ်၍ မရပ်မနား ဖြစ်ရပြန်၏။

ကံအရှိန်အဟုန်ကုန်၍ စုတေရပြန်လျှင် ထိုစုတိစိတ်ကျပြီးသည့် အခြား၌ပင် တစ်ဆက်တည်း ဘဝသစ်တစ်ခု၌ ပဋိသန္ဓေနေရ၍ တဖန်ဖြစ်ရပြန်၏။ ဤဖြစ်စဉ်ဖြင့် သတ္တဝါတို့သည် ပရိနိဗ္ဗာန်စံသည့် အထိ သံသရာတွင် မပြတ်မစဲအောင် တဝဲလည်လည်ဖြစ်ကြ၏။

## ✿ အထူးမှတ်ဖွယ်များ ✿

အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတပစ္စည်းတို့၌ အထူးမှတ်သားစရာများရှိ၏။

(က) သတ္တဝါတစ်ဦးသည် ဝိပဿနာတရားကို အားထုတ်ပွားများ၍ "ရဟန္တာ" ဖြစ်၏။ ထို ရဟန္တာ ပုဂ္ဂိုလ် ၏ လက်ရှိဘဝသည်နောက်ဆုံးဘဝဖြစ်သောကြောင့် ပရိနိဗ္ဗာန်စံ၍ စုတိစိတ် ကျပြီး နောက်တွင် ဘဝသစ် (ပဋိသန္ဓေစိတ်) ထပ်မဖြစ်၊ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်သည် "အနန္တရ, သမနန္တရသတ္တိ" တို့ဖြင့် နောက်စိတ်အားဖြစ်ပေါ်စေဖို့ ကျေးဇူးမပြုနိုင်သဖြင့် ပစ္စည်းတရား မဖြစ်နိုင်။

သို့သော် ရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်သည် မိမိရှေ့ကဖြစ်သောစိတ်၏ "အနန္တရ, သမနန္တရသတ္တိ" တို့ဖြင့် ကျေးဇူးပြုခြင်းကို ရရှိနိုင်သဖြင့် "ပစ္စယုပ္ပန်တရား" တို့၌ ထည့်သွင်းရ၏။

(ခ) ဈာန်အဘိညာဉ်ရသော အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တို့သည် အဓိဋ္ဌာန်သည့်အတိုင်း တစ်ရက်မှ ခုနှစ်ရက်အထိ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ကို ချုပ်ငြိမ်းစေ၍ နိရောဓသမာပတ်ကို ဝင်စားနိုင်ကြ၏။ မဝင်စားမီ နောက်ဆုံးဖြစ်သောစိတ်သည် "နေဝသညာနာသညာယတန စိတ်" ဖြစ်၏။ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမ်ဖိုလ်စိတ်၊ ရဟန္တာ ပုဂ္ဂိုလ်အား အရဟတ္တဖိုလ်စိတ် ဖြစ်၏။

နိရောဓသမာပတ်မဝင်စားမီဖြစ်သော ရှေ့စိတ်နှင့် နိရောဓသမာပတ်မှထသောအခါ ဖြစ်သောနောက်စိတ်တို့အကြား အချိန်ကာလအားဖြင့် ခုနစ်ရက်ခြားနေသော်လည်း စိတ်တစ်ခုမျှ ခြားကွယ်ခြင်းမရှိ၊ ထို့ကြောင့် ရှေ့စိတ်က နောက်စိတ်ကို "အနန္တရ, သမနန္တရ ပစ္စယသတ္တိ" တို့ဖြင့် ကျေးဇူးပြု၏။

(ဂ) လူ့ဘဝ၌ စိတ်စေတသိက်နာမ်တရားတို့ကြောင့် ဆင်းရဲဒုက္ခကို ခံစားနေရ၏ ဟူ၍ နာမ်တရား တို့၏ အပြစ်ကိုမြင်၍ ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်သောပုဂ္ဂိုလ်သည် ပဉ္စမဈာန်ကို ရ၏၊ ထိုပုဂ္ဂိုလ်သည် စုတေလျှင် စိတ်စေတသိက်နာမ်တရားတို့ လုံးဝမရှိဘဲ ရုပ်တရားသာရှိသော

အသညသတ်ဘုံ၌ ဖြစ်၏။ ကမ္မာဂါးရာတိုင်အောင် ရုပ်ခန္ဓာဖြင့် နေလျက် ထိုဘုံမှစုတေ၍ ကာမဘုံ၌ ပြန်ဖြစ်၏။

အသညသတ်ဘုံသို့မရောက်မီဖြစ်သော ရှေ့စုတိစိတ် နှင့် ကာမဘုံ၌ပြန်ဖြစ်သည့် နောက်ပဋိသန္ဓေစိတ်တို့၏ အကြား၌ ကာလအားဖြင့် ကမ္ဘာငါးရာခြားသော်လည်း စိတ်တစ်ခုမျှ ခြားကွယ်ခြင်းမရှိ၊ ထို့ကြောင့် ရှေ့စုတိစိတ်က နောက်ပဋိသန္ဓေစိတ်အား "အနန္တရ, သမနန္တရပစ္စယသတ္တိ" တို့ဖြင့် ကျေးဇူးပြု၏။

နိရောဓသမာပတ်ဝင်စားမှု နှင့် အသညသတ်ဘုံ၌ ဖြစ်မှုတို့ကို ထောက်ကြည့်ပြီး "အနန္တရ, သမနန္တရပစ္စည်း" တို့၌ ရှေ့စိတ် နှင့် နောက်စိတ်တို့၏အကြား၌ ကာလအားဖြင့် ခြားကွယ်မှု ရှိမရှိကိုမယူဘဲ အကြား၌ နာမ်တရားတစ်ခုခုရှိခြင်းကိုသာ ယူရ၏။

## ❀ အာရုံ "သိစိတ်" နှင့် "မသိစိတ်" ❀

စိတ်သည် အာရုံကိုသိစိတ်၊ အာရုံကိုမသိစိတ် ဟူ၍ နှစ်မျိုးရှိ၏။

- အာရုံသိစိတ်ကို...
  - ဝီထိစိတ် = လှုပ်ရှားစိတ် ဟူ၍ ခေါ်၏။
- အာရုံမသိစိတ်ကို...
  - ဘဝင်စိတ် = ဝီထိမုတ် = ငြိမ်သက်စိတ် ဟူ၍ ခေါ်၏။

## ❀ "ညှော်သည်စိတ်" နှင့် "အိမ်ရှင်စိတ်" ❀

"ဘဝင်စိတ်"၏သဘောသည် ဖြူစင်လျှက် အရောင်ထွက်၏။ တည်ကြည်ငြိမ်သက်၏။ ထို့ကြောင့် မူလဘဝင်စိတ်ကို "အိမ်ရှင်စိတ်"ဟုခေါ်၏။ ဝီထိစိတ်၏သဘောသည် "ဒွါရ" နှင့် "အာရုံ"ပေါင်းဆုံခြင်းကြောင့် ဖြစ်၏။ သတိဉာဏ်လွတ်နေလျှင် ကိလေသာအညစ်အကြေးများ ငြိတွယ်သဖြင့် ဆေးဆိုးထားသလို ဖြစ်၏။ လှုပ်ရှားနေ၏။ "ဒွါရ" နှင့် "အာရုံ" တို့ အကြောင်းဆုံ၍ ဖြစ်ပေါ်လာသောကြောင့် ဝီထိစိတ်ကို "ညှော်သည်စိတ်"ဟုခေါ်၏။

## ❀ ရုပ်တရား၌ အနန္တရပစ္စည်း မရှိ ❀

နာမ်တရားများ၌ "အနန္တရပစ္စည်း"ရှိသလို ရုပ်တရားများ၌ "အနန္တရပစ္စည်း"မရှိ။

ရုပ်တရားတို့သည် "အနန္တရပစ္စည်း" ၏ "ပစ္စည်းတရား"၌ မပါဝင်သလို "ပစ္စယုပ္ပန်တရား" ၌လည်း မပါဝင်။

## ❀ "ရုပ်တရား" နှင့် "နာမ်တရား မတူခြင်း ❀

"ရုပ်တရား"သည် အထည်ကိုယ်ဒြပ် မြင်ရသဖြင့် ကိုင်တွယ်ထိတွေ့၍ ရ၏။

အဘယ်ကြောင့် "ရုပ်တရား"သည် မြင်ရသဖြင့် ကိုင်တွယ်ထိတွေ့၍ ရသလဲ? ဆိုလျှင် "ရုပ်တရား"တို့သည် "အနန္တရပစ္စည်း"မရှိသောကြောင့် ဖြစ်၏။

"နာမ်တရား"တို့သည်ကား "အတီတဘဝင်" မရှိမှ "ဘဝင်္ဂစလန" ဖြစ်၏၊ "ဘဝင်္ဂစလန" မရှိမှ "ဘဝင်္ဂုပစ္ဆေဒ" ဖြစ်၏၊ "ဘဝင်္ဂုပစ္ဆေဒ" မရှိမှ "ပဉ္စဒွါရာဝဇ္ဇန်း" ဖြစ်၏၊ "ပဉ္စဒွါရာဝဇ္ဇန်း" မရှိမှ "စက္ခုဝိညာဉ်" ဖြစ်၏... စသည်ဖြင့် "အနန္တရပစ္စည်း"က ကြားမလပ်ရအောင် တစ်ခုဖြစ်ပြီးမှ တစ်ခုဖြစ်အောင် ကျေးဇူးပြု၏။ ထို့ကြောင့် အကောင်အထည်ကိုယ်ဒြပ် မရှိ။

ဤ "အနန္တရပစ္စည်း"၏ သဘောတရားသည် "နာမ်တရား"များ၏ဖြစ်ပုံ ဖြစ်၏၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ ဝီထိ= စိတ်အစဉ်ဖြစ်ပုံသည် "အနန္တရပစ္စည်း"၏ဖြစ်စဉ် ဖြစ်၏။

◊★◊★◊★◊★◊★

## ❀ အနန္တရ (၃) မျိုး ❀

အနန္တရ = အကြားမရှိခြင်းသည်...

(၁) ဓမ္မအနန္တရ = ဓမ္မဖြစ်စဉ် အကြားမရှိခြင်း၊

(၂) ကာလအနန္တရ = အချိန်ကာလ ကြားမရှိခြင်း၊

(၃) ဘဝအနန္တရ = ဘုံဘဝဖြစ်စဉ် အကြားမရှိခြင်း... ဟူ၍ သုံးမျိုးရှိ၏။

(၁) "ဓမ္မအနန္တရ" သည်...

(က) ရူပဓမ္မအနန္တရ = ရုပ်တရားဖြစ်စဉ် အကြားမရှိခြင်း၊

(ခ) နာမဓမ္မအနန္တရ = နာမ်တရားဖြစ်စဉ် အကြားမရှိခြင်း... ဟူ၍နှစ်မျိုးရှိ၏။

ထိုတွင် ဤ"အနန္တရပစ္စည်း"သည် နာမဓမ္မအနန္တရ = နာမ်တရားတို့ အကြားမရှိဖြစ်ပေါ် စေဖို့ ကျေးဇူးပြု၏။

## ✦ "ရုပ်ဖြစ်ပျက်ခြင်း" နှင့် "နာမ်ဖြစ်ပျက်ခြင်း" ကွဲပြားမှု ✦

ရုပ်သဘောတရားသည် မိမိက ဥပါဒ်, ဌီ, ဘင် ဖြစ်ခိုက် အခြားရုပ်တရားသည်လည်း ဖြစ်နိုင်၏။

"ကမ္မဇရုပ်"များ ဖြစ်နေစဉ်မှာ "စိတ္တဇရုပ်" တို့သည် ဖြစ်နေကြ၏။ "စိတ္တဇရုပ်"များ ဖြစ်နေစဉ်မှာ "ကမ္မဇရုပ်"တွေက ဖြစ်နေကြ၏။

နာမ်သဘောတရားသည်ကား တစ်ခုဖြစ်နေလျှင် နောက်နာမ် တစ်ခုမှာ ဖြစ်ပေါ်ခွင့်မရှိ၊ တစ်ခုဖြစ်ပြီးမှ တစ်ခုဖြစ်၏။

## ✦ "ရှုပ်ထွေးစွာ နေရာဖယ်ပေးခြင်း" နှင့် "ရှင်းလင်းစွာ နေရာဖယ်ပေးခြင်း" ✦

"ရုပ်တရား"များ၏ ဖြစ်ပျက်မှုသည် ရှုပ်ထွေးစွာ နေရာဖယ်ပေးခြင်းဖြစ်၍ သိပ်ပြီး ပြတ်မသွား၊ "စိတ္တဇရုပ်"ဖြစ်နေသည့်အခါ "ဥတုဇရုပ်"လည်း ဖြစ်နေ၏၊ "ကမ္မဇရုပ်"ဖြစ်နေသည့် အခါ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အဟာရဇရုပ်တွေကလည်း ဖြစ်နေကြ၏။ ဖြစ်နေသည့်ရုပ်က ဖြစ်နေ၊ ပျက်နေသည့်ရုပ်က ပျက်နေ၊ အသစ်ဖြစ်သည့်ရုပ်သည်လည်း ဖြစ်နေသဖြင့် နေရာဖယ်ပေးမှုမှာ "ရှုပ်ထွေး" နေ၏။

"နာမ်တရား"၏ ဖြစ်ပျက်မှုသည်ကား ရှေ့နာမ်တရားတခု ဖြစ်ပျက်ပြီးမှ နောက်နာမ်တရား တစ်ခုက ဆက်ကာဖြစ်ပျက်သည့်အတွက် "ရှင်းလင်းစွာနေရာဖယ်ပေးခြင်း" ဖြစ်၏။

ဤ အစိပ္ပါယ်ကို "နတ္ထိပစ္စည်း"ဖြင့် ကျေးဇူးပြုခြင်းကိုကြည့်လျှင် ပိုရှင်း၏၊ "နတ္ထိပစ္စည်း" သည် မိမိမရှိသည့်အခါမှ ကျေးဇူးပြု၏၊ "အနန္တရပစ္စည်း"၏သဘောသည် ရှေ့စိတ် ဖြစ်ပျက်ပြီးမှ နောက်စိတ်ကို ကျေးဇူးပြု၏၊ ရိုးရိုးပြောရလျှင် ရှေ့စိတ်ရှင်းလင်းစွာ နေရာဖယ်ပေးပြီးမှ နောက်စိတ်ကို ကျေးဇူးပြု၏။

## ❀ "အနန္တရသတ္တိ"၏ အချိန်၊ နေရာ နှင့် ပုဂ္ဂိုလ် ❀

"အနန္တရသတ္တိ"သည်...

- ကာလအားဖြင့် "အတိတ်"အနေဖြင့်သာ ကျေးဇူးပြု၏။
- ဘုံအားဖြင့် ပဉ္စဝေါကာရ (၂၆) ဘုံ၊ စတုဝေါကာရ (၄) ဘုံတို့၌သာ ကျေးဇူးပြု၏။ ဧကဝေါကာရဘုံ၌ကား ကျေးဇူးမပြု၊
- ပုဂ္ဂိုလ်အားဖြင့် ပုဂ္ဂိုလ် (၁၂) ယောက်လုံးတို့၏ အဇ္ဈတ္တသန္တာန်၌ ကျေးဇူးပြု၏။

## ❀ ဝီထိ စိတ်ဖြစ်စဉ်များ ❀

| | | | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပဋိ | ဘ (၁၅၊၁၆) | | | | မ | | | | | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | ဘ | | | |
| | | | တီ | န | ဒ | ပ | ပဉ္စဝိညာဏ် | သမ် | သန် | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | ဘ | | | |
| | | | | န | ဒ | မ | | | | | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | ဘ | | | |
| | | | တီ | န | ဒ | ပ | ပဉ္စဝိညာဏ် | သမ် | သန် | ဝု | ဇ | ဇ | ဇ | ဇ | ဇ | | | ရုံ | ရုံ | ဘ | စု | ပဋိ | ဘ |
| | | | | န | ဒ | မ | | | | | ဇ | ဇ | ဇ | ဇ | ဇ | | | ရုံ | ရုံ | ဘ | စု | ပဋိ | ဘ |
| **ဇာတ်=** | ဝိ | ဝိ | ဝိ | ဝိ | ဝိ | ကြိ | ဝိ | ဝိ | ဝိ | ကြိ | အကု၊ ကု၊ ကြိ | | | | | | | ဝိ | | ဝိ | ဝိ | ဝိ | ဝိ |

အဗျာကတတရား = ဝိပါက်စိတ်၊ ကြိယာစိတ်၊ ရုပ်၊ နိဗ္ဗာန်။

မနောဓာတ် = ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းဒွေး။

မနောဝိညာဏဓာတ် = ဒွေးပဉ္စဝိညာဏ် (၁၀)၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းဒွေး ကြဉ် စိတ် (၇၆)။

ဝိ = ဝိပါက်။

ကြိ = ကြိယာ။

အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတပစ္စည်းတို့၌ ဘဝသံသရာတစ်လျှောက်မှာ ဖြစ်ကြသော စိတ်ဖြစ်စဉ်တို့တွင် "စက္ခုဝိညာဉ်စိတ်" နှင့် "သမ္ပဋိစ္ဆိုင်း" တို့ကို ကြည့်၍ "စက္ခုဝိညာဉ်စိတ် = စက္ခုဝိညာဏဓာတ်" က "သမ္ပဋိစ္ဆိုင်းစိတ် = မနောဓာတ်" အားဋင်း၊ "သမ္ပဋိစ္ဆိုင်း" နှင့် "သန္တီရဏ စိတ်" တို့ကို ကြည့်၍ "သမ္ပဋိစ္ဆိုင်းစိတ် = မနောဓာတ်" က "သန္တီရဏစိတ် = မနောဝိညာဏဓာတ်" အားဋင်း ကျေးဇူးပြု၏။

သောတဝိညာဉ်စိတ်၊ ဃာနဝိညာဉ်စိတ်၊ ဇိဝှါဝိညာဉ်စိတ်၊ ကာယဝိညာဉ်စိတ် တို့၌လည်း နည်းတူ သိရမည်။

ကလျာဏပုထုဇဉ်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်များသည် ဝုဋ္ဌောစိတ်၌ ယောနိသောမနသိကာရဖြစ်လျှင် ဇောတို့သည် ကုသိုလ်ဇောများဖြစ်ကြ၏။ ထိုကုသိုလ်ဇော အချင်းချင်းတို့ကိုကြည့်၍ ကုသိုလ်ဇောစိတ်က ကုသိုလ်ဇောစိတ်အားဋင်း၊ အဆုံးဇောနှင့် တဒါရုံ တို့ကိုကြည့်၍ ကုသိုလ်ဇောစိတ်က ဝိပါက်အဗျာကတစိတ်အားဋင်း ကျေးဇူးပြု၏။

ယင်းဝုဋ္ဌောစိတ်၌ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်သည် အယောနိသော မသိကာရဖြစ်လျှင် ဇောတို့သည် အကုသိုလ်ဇောများဖြစ်ကြ၏။ ထိုအကုသိုလ်ဇောအချင်းချင်းတို့ကိုကြည့်၍ အကုသိုလ်ဇောစိတ် က အကုသိုလ်ဇောစိတ်အားဋင်း၊ အဆုံးဇောနှင့် တဒါရုံတိုကိုကြည့်ပြီး အကုသိုလ်ဇောစိတ်က ဝိပါက်အဗျာကတစိတ်အားဋင်း ကျေးဇူးပြု၏။

ထိုဝုဋ္ဌောစိတ်၌ ရဟန္တာပုဂ္ဂိုလ်သည် ယောနိသောမနသိကာရဖြစ်သည့်အတွက် ကြိယာဇော များ ဖြစ်နေကြ၏။ ဘဝင်စိတ်အချင်းချင်းကိုဋင်း၊ ဘဝင်စိတ်နှင့် ပဉ္စဒွါရာဝဇ္ဇန်းစိတ်တို့ကိုဋင်း၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် ပဉ္စဝိညာဉ်တို့ကိုဋင်း၊ ကြိယာဇောအချင်းချင်းကိုဋင်း၊ အဆုံးဇောနှင့် တဒါရုံ တို့ကိုဋင်းကြည့်ပြီး ဝိပါက် ကြိယာ အဗျာကတစိတ်တို့က ဝိပါက် ကြိယာ အဗျာကတစိတ်တို့အား ဋင်း ယောနိသောမနသိကာရရှိလျှင် ဝုဋ္ဌောနောင် ကုသိုလ်ဇောဖြစ်၏။ ထိုအခါ ဝုဋ္ဌောနှင့် ကုသိုလ်ဇောတို့ကိုကြည့်ပြီး ကြိယာ အဗျာကတစိတ်က ကုသိုလ်ဇောစိတ်အားဋင်း၊ အယောနိသော မနသိကာရဖြစ်လျှင် ဝုဋ္ဌောနောင် အကုသိုလ်ဇောစိတ်ဖြစ်၏။ ဝုဋ္ဌောနှင့် အကုသိုလ်ဇောတို့ကို ကြည့်၍ ကြိယာ အဗျာကတစိတ်က အကုသိုလ်ဇောအားဋင်း ကျေးဇူးပြု၏။

ဝီထိ = စိတ်ဖြစ်စဉ်များကို သေချာလေ့လာထားလျှင် သဘောပေါက်ဖို့ လွယ်ကူ၏။

## ❀ အာဒိကမ္မိက ဈာနဝီထိ ❀

န . ဒ . မ . ပ . ဥ . နု . ဂေါ . ဈာန် . ဘ (မန္ဒပညာပုဂ္ဂိုလ်)
ကု+ကြိ ကု+ကြိ

န . ဒ . မ . . ဥ . နု . ဂေါ . ဈာန် . ဘ (တိက္ခပညာပုဂ္ဂိုလ်) (ပရိကံ - မပါ)

| | | | |
|---|---|---|---|
| န = ဘဝင်္ဂစလန | ဒ = ဘဝင်္ဂုပစ္ဆေဒ | မ = မနောဒွါရာဝဇ္ဇန်း | ဘ = ဘဝင် |
| ပ = ပရိကံ | ဥ = ဥပစာ | နု = အနုလုံ | ဂေါ = ဂေါတြဘူ |

## ❀ သမာပဇ္ဇန ဈာနဝီထိ ❀

န . ဒ . မ . ပ . ဥ . နု . ဂေါ . ဈာန် (အကြိမ်များစွာ) . ဘ (မန္ဒပညာပုဂ္ဂိုလ်)

န . ဒ . မ . . ဥ . နု . ဂေါ . ဈာန် (အကြိမ်များစွာ) . ဘ (တိက္ခပညာပုဂ္ဂိုလ်) (ပရိကံ - မပါ)

## ❀ မဂ္ဂ ဝီထိ ❀

န . ဒ . မ . ပ . ဥ . နု . ဂေါ . သောမဂ် . ဖိုလ် . ဖိုလ် . ဘ (မန္ဒပညာပုဂ္ဂိုလ်)
ကု

န . ဒ . မ . . ဥ . နု . ဂေါ . သောမဂ် . ဖိုလ် . ဖိုလ် . ဖိုလ် . ဘ (တိက္ခပညာပုဂ္ဂိုလ်)

"သကဒါဂါမိမဂ်" စသည်၌ "ဂေါတြဘူ" အစား "ဝေါဒါန်" ချပါ။

## ❀ ဖလသမာပတ္တိ ဝီထိ ❀

န . ဒ . မ . နု . နု . နု . နု . သောဖိုလ် (အကြိမ်များစွာ) . ဘ (မန္ဒပညာပုဂ္ဂိုလ်)
ကု

န . ဒ . မ . နု . နု . နု . . သောဖိုလ် (အကြိမ်များစွာ) . ဘ (တိက္ခပညာပုဂ္ဂိုလ်)

"ရဟန္တာပုဂ္ဂိုလ်" ၌ "အနုလုံဇော" များကို "မဟာကြိယာစိတ်" ကို ကောက်ရမည်။

## ۞ ပစ္စဝေက္ခဏာဝီထိ ۞

န . ဒ . မ . ဇ . ဇ . ဇ . ဇ . ဇ . ဇ . ဇ . ဘ (အားလုံးအတွက်)

န . ဒ . မ . ဇ . ဇ . ဇ . ဇ . ဇ . ဇ . ဇ . ဒါ . ဒါ . ဘ (ကိလေသာပစ္စဝေက္ခဏာဝီထိ)

တန်ခိုးပြာဋိဟာကို ပြရာအခါ .....

❁ ဗုဒ္ဓသန္တာန်၌ ပစ္စဝေက္ခဏာ (၄) ကြိမ် ၊

❁ အရှင်မောဂ္ဂလာန်သန္တာန်၌ (၅) ကြိမ် ၊

❁ ပကတိရိုးရိုးအခါ၌ကား (၇) ကြိမ် စောကြ၏။

ဇောတို့အရ .....

➪ အောက်မဂ်၊ အောက်ဖိုလ်၊ နိဗ္ဗာန် တို့ကို ဆင်ခြင်ရာ၌ .....

➲ "မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ်" ၊

➪ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန် တို့ကို ဆင်ခြင်ရာ၌ .....

➲ "မဟာကြိယာဉာဏသမ္ပယုတ်စိတ်" ကို ကောက်ရမည်။

ကိလေသာတို့ကို ဆင်ခြင်ရာ၌ .....

➪ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့ သန္တာန်၌ ..... "မဟာကုသိုလ်စိတ်" ၊

➪ ရဟန္တာပုဂ္ဂိုလ် သန္တာန်၌ ..... "မဟာကြိယာစိတ်" ကို ကောက်ရမည်။

တဒါရုံအရ .....

➪ ကိလေသာ အနိဋ္ဌာရုံကို အာရုံပြု၍ ..... "အကုသလဝိပါက် တဒါရုံ"ကို ကောက်ရမည်။

၁။ **မြင်သိစိတ် ဖြစ်ကြောင်းများ**

➪ စက္ခု လောက ရူပထင်ပြီ မနသိ လေးလီ စက္ခုဖို့။

၂။ **ကြားသိစိတ် ဖြစ်ကြောင်းများ**

➪ သောတာ ကာသ သဒ္ဒထင်ပြီ မနသိ လေးလီ သောတဖို့။

၃။ **အနံ့သိစိတ် ဖြစ်ကြောင်းများ**

➪ ဃာန ဝါတ ဂန္ဓထင်ပြီ မနသိ လေးလီ ဃာနဖို့။

၄။ **စားသိစိတ် ဖြစ်ကြောင်းများ**

➪ ဇိဝှါ တပ ရသထင်ပြီ မနသိ လေးလီ ဇိဝှါဖို့။

၅။ **တွေ့ထိသိစိတ် ဖြစ်ကြောင်းများ**

➪ ကာယ ထဒ္ဓ ဖောဋ္ဌဗ္ဗထင်ပြီ မနသိ လေးလီ ကာယဖို့။

၆။ **ကြံသိစိတ် (တွေးသိစိတ်) ဖြစ်ကြောင်းများ**

➪ မနော ဟဒယ ဓမ္မထင်ပြီ မနသိ လေးလီ မနဖို့။

(လယ်တီဆရာတော်)

## ❀ မနသိကာရ (၃) မျိုး ❀

| | | | |
|---|---|---|---|
| ၁။ | **အာရမ္မဏ ပဋိပါဒက မနသိကာရ** | = | မနသိကာရစေတသိက်။ |
| ၂။ | **ဝီထိ ပဋိပါဒက မနသိကာရ** | = | ပဉ္စဒွါရာဝဇ္ဇန်းစိတ်။ |
| ၃။ | **ဇဝန ပဋိပါဒက မနသိကာရ** | = | ဝုဋ္ဌော၊ မနောဒွါရဝဇ္ဇန်းစိတ်။ |

ဇောစိတ်၌ အကုသိုလ်၊ ကုသိုလ်ကြိယာ ဖြစ်ဖို့ ဝုဋ္ဌောခေါ်သည့် မနောဒွါရာဝဇ္ဇန်းစိတ်သည် ပြုလုပ်ပေးသည်။

ထို့ကြောင့်...

➲ အကုသိုလ်ဖြစ်ခြင်း၏ အနီးကပ်အကြောင်းရင်းသည် "အယောနိသော မနသိကာရ"၊

➲ ကုသိုလ်ကြိယာဖြစ်ခြင်း၏ အနီးကပ်အကြောင်းရင်းသည် "ယောနိသော မနသိကာရ" ဖြစ်၏။

## ❀ နည်း (၄) နည်း ❀

(၁) **ဧကတ္တနည်း** = ကြောင်းကျိုးဆက်စပ်ဖြစ်နေသော ရုပ်နာမ်တရားတို့သည် ဖြစ်ပျက်တို့ဖြင့် အစဉ်မပြတ် အကြားအလပ်မရှိ ဖြစ်နေခြင်း။

- ဤနည်းကို ဝိပဿနာဉာဏ်ဖြင့် နားလည်သဘောပေါက်လျှင် "ဥစ္ဆေဒဒိဋ္ဌိ" သည် ပျောက်၏။

(၂) **နာနတ္တနည်း** = ကြောင်းကျိုးဆက်စပ်ဖြစ်နေသော ရှေ့စိတ် နောက်စိတ် တို့သည် စဉ်ဆက်မပြတ် ဖြစ်နေသော်လည်း သဘာဝလက္ခဏာချင်း၊ ဆောင်ရွက်သော ကိစ္စချင်း၊ ဖြစ်ခြင်း ပျက်ခြင်းတို့မှာ သီးခြားစီသာ ဖြစ်နေခြင်း။

- ဤနည်းကို ဝိပဿနာဉာဏ်ဖြင့် သိမြင်လျှင် "သဿတဒိဋ္ဌိ" သည် ပျောက်၏။

(၃) **အဗျာပါရနည်း** = ရှေ့စိတ်နောက်စိတ်တို့သည် အကြောင်းအကျိုး ဆက်စပ်ဖြစ်ပေါ်နေသော်လည်း အကြောင်းရှေ့စိတ်သည် အကျိုးနောက်စိတ်ကို ဖြစ်စေရာ၌ ပယောဂဗျာပါရ လုံးဝမရှိခြင်း။

- ဤနည်းကို ဝိပဿနာဉာဏ်ဖြင့် သဘောကျလျှင် အတ္တကောင် ဝိညာဏ်ကောင်ရှိ၏ ဟူသော "အတ္တဒိဋ္ဌိ" ၊ စီမံသူရှိ၏ ဟူသော "ကြသာရနိမ္မာနဒိဋ္ဌိ"တို့သည် ပျောက်ကြ၏။

(၄) **ဓဝံဓမ္မတာနည်း** = ရှေ့အကြောင်းစိတ် ချုပ်ခြင်းကြောင့် နောက်အကျိုးစိတ် ဖြစ်ခြင်းတို့သည် စိတ္တနိယာမအရ ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာအတိုင်းသာ ဖြစ်နေခြင်း။

- ဤနည်းကို ဝိပဿနာဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်လျှင် အကြောင်းကို လက်မခံသော "အဟေတုကဒိဋ္ဌိ"၊ ကုသိုလ်, အကုသိုလ်အကျိုးကို လက်မခံသော "အကိရိယဒိဋ္ဌိ"တို့သည် ပျောက်ကြ၏။

| အကြောင်းပစ္စည်း | သဉ္စာ (၇) | | အကျိုးပစ္စယုပ္ပန် |
|---|---|---|---|
| နောက်ဆုံးဇော ကြဉ်<br>ရှေးရှေးသော လောကီကု-၁၇<br>ဂေါတြဘူ | ကု | ကု | ပထမဇော ကြဉ်<br>နောက်နောက်သော ကု-၂၀<br>မဂ္ဂသ |
| လောကီကု အဆုံးဇော<br>မဂ်-၄ မဂ္ဂေါ | ကု | ဗျာ | တဒါရုံ-၁၁၊ မဟာဂ္ဂုတ်ဝိ-၉<br>ဖိုလ်-၄ ဖလသ |
| အဆုံးဇော ကြဉ်<br>ရှေးရှေးသော အကု-၁၂ | အကု | အကု | ပထမဇော ကြဉ်<br>နောက်နောက်သော အကု-၁၂ |
| အကု-၁၂၊ အဆုံးဇော | အကု | ဗျာ | တဒါရုံ-၁၁၊ မဟာဂ္ဂုတ်ဝိ-၉ |
| ရဟန္တာစုတိ ကြဉ်<br>ရှေးရှေးသော ဝိ-၃၆၊ ကြိ-၂၀ | ဗျာ | ဗျာ | ရဟန္တာစုတိနှင့်တကွ<br>နောက်နောက်သော ဝိ-၃၆၊ ကြိ-၂၀ |
| ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း | ဗျာ | ကု | မဟာကု-၈၊ ပထမဇော |
| ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း | ဗျာ | အကု | အကု-၁၂၊ ပထမဇော |

**အနန္တရပစ္စယော**

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ အနုလောမံ ဂေါတြဘုဿ။ အနုလောမံ ဝေါဒါနဿ။ ဂေါတြဘု မဂ္ဂဿ။ ဝေါဒါနံ မဂ္ဂဿ အနန္တရပစ္စယေန ပစ္စယော။ (၁)

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရ ပစ္စယေန ပစ္စယော။ ကုသလံ ဝုဋ္ဌာနဿ။ မဂ္ဂေါ ဖလဿ။ အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ။ နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာ နာသညာယတနကုသလံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (၂)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ အကုသလံ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော။ (၂)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ ဘဝင်္ဂ အာဝဇ္ဇနာယ။ ကိရိယံ ဝုဋ္ဌာနဿ။ အရဟတော အနုလောမံ ဖလသမာပတ္တိယာ။ နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာ ယတနကိရိယံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။ (၁)

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရ ပစ္စယေန ပစ္စယော။ အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ (၂)

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အနန္တရ ပစ္စယေန ပစ္စယော။ အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ (၃)

(ပဋ္ဌာနပါဠိ၊ ၁၃၇-၈)

# သမနန္တရပစ္စယော

**သမနန္တရပစ္စယောတိ**

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

## ❁ သမနန္တရ အဓိပ္ပါယ် ❁

**သမနန္တရ** = သံ + န + အန္တရ = အလွန့်ကို အခြားမရှိခြင်း။

- ☸ အလွန့်ကို အကြားမရှိဘဲ နောက်စိတ်ဖြစ်ပေါ်လာအောင် ကျေးဇူးပြုနိုင်သော ရှေးစိတ်၏သတ္တိကို "သမနန္တရပစ္စယသတ္တိ" ဟု ခေါ်သည်။
- ☸ "အနန္တရပစ္စယသတ္တိ" နှင့် "သမနန္တရပစ္စယသတ္တိ" တို့သည် တူ၏။
- ☸ ဝေနေယျတို့၏ အလိုဆန္ဒအားလျော်စွာ သဒ္ဒါကွဲ အနက်တူအားဖြင့် ထပ်၍ ဟောထားတော်မူခြင်း ဖြစ်သည်။

## ۞ **“အနန္တရ” နှင့် “သမနန္တရ” ဥပမာများ** ۞

- စကြာမင်း နတ်ရွာစံသောအခါ သားကြီးကို စကြာမင်းရာထူးပေးသကဲ့သို့ **“အနန္တရပစ္စည်း”** ကို ဥပမာပေးကြ၏။
- စကြာမင်းသည် ထီးနန်းစည်းစိမ်ကို သားကြီးရတနာအား အပ်နှင်းပြီး တောထွက်သွားသောအခါ ဖခင်စကြာမင်း တောထွက်သွားခြင်းသည် သားကြီးရတနာအတွက် စကြာမင်းဖြစ်ဖို့ ကျေးဇူးပြု သကဲ့သို့ **“သမနန္တရပစ္စည်း”** ကို ဥပမာပေးကြ၏။

◈★◈★◈★◈★◈★

## ۞ “**သမနန္တရ**” **၌** “ **သံ**” **ပုဒ် အဓိပ္ပါယ်** ۞

**သမနန္တရ** = သံ + အနန္တရ။

- “သံ” သည် ဥပသာရပုဒ်ဖြစ်နေသဖြင့် နောက်ကတွဲသည့်ပုဒ်ကို ကြည့်ပြီး အနက်အဓိပ္ပါယ် အမျိုးမျိုး ပြန်နိုင်၏။ ပါဠိစာပေမှာ ဥပသာရပုဒ် ၊ နိပါတ်ပုဒ် တို့ကို တိတိကျကျ အဓိပ္ပါယ်ပြန်ဖို့ မလွယ်ကူပါ။
- “သံ = ကောင်းသည် ၊ ကောင်းစွာ ကျေးဇူးပြုသည်” ဟု အဋ္ဌကထာဆရာများ အဓိပ္ပါယ်ပြန်ကြ၏။ စကြာမင်းတောထွက်သွားသည်ဟုဆိုသဖြင့် ဖခင်စကြာမင်း မသေသေးဘဲ သားကြီးရတနာသည် စကြာမင်းဖြစ်လာရသည့်အတွက် “သံ” ပုဒ်ကို ကောင်းစွာ ကျေးဇူးပြု သည်ဟု အဓိပ္ပါယ်ယူ၍ “အနန္တရ” နှင့် “သမနန္တရ” ထူးခြားသွားအောင် ဥပမာပေးကြ၏။

**သမနန္တရပစ္စယော**

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သမနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။ အနုလောမံ ဂေါတြဘုဿ။ အနုလောမံ ဝေါဒါနဿ။ ဂေါတြဘု မဂ္ဂဿ။ ဝေါဒါနံ မဂ္ဂဿ သမနန္တရပစ္စယေန ပစ္စယော။ (၁)

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ သမနန္တရ ပစ္စယေန ပစ္စယော။ ကုသလံ ဝုဋ္ဌာနဿ။ မဂ္ဂေါ ဖလဿ။ အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ။ နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာ ယတနကုသလံ ဖလသမာပတ္တိယာ သမနန္တရပစ္စယေန ပစ္စယော။ (၂)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ သမနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ သမနန္တရပစ္စယေန ပစ္စယော။ အကုသလံ ဝုဋ္ဌာနဿ သမနန္တရပစ္စယေန ပစ္စယော။ (၂)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ သမနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကိရိယာ ဗျာကတာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။ ဘဝင်္ဂံ အာဝဇ္ဇနာယ။ ကိရိယံ ဝုဋ္ဌာနဿ။ အရဟတော အနုလောမံ ဖလသမာပတ္တိယာ။ နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာ ယတန ကိရိယံ ဖလသမာပတ္တိယာ သမနန္တရပစ္စယေန ပစ္စယော။ (၁)

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ သမနန္တရပစ္စယေန ပစ္စယော။ အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။ (၂)

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ သမနန္တရ ပစ္စယေန ပစ္စယော။ အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ သမနန္တရပစ္စယေန ပစ္စယော။ (၃)

(ပဋ္ဌာဝါရ၊ ၁၃၈-၉)

# သဟဇာတပစ္စယော ၊ အညမညပစ္စယော ၊ နိဿယပစ္စယော

## သဟဇာတပစ္စယောတိ

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော။

## အညမညပစ္စယောတိ

စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

## နိဿယပစ္စယောတိ

စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။
မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။
ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

# သဟဇာတပစ္စယော

## ❀ သဟဇာတ အဓိပ္ပါယ် ❀

**သဟဇာတ** = သဟ + ဇာတ။

**သဟ** = အတူတကွ။

**ဇာတ** = ဖြစ်ခြင်း။

**ဥပမာ** ☸ ဆီမီးကြောင့် အလင်းရောင်ဖြစ်ပေါ်လာရမှာ အကြောင်းဖြစ်သော ဆီမီးနှင့် အကျိုးဖြစ်သော အလင်းရောင်တို့သည် အတူတကွ တစ်ပြိုင်နက်ဖြစ်ကြသကဲ့သို့ အကြောင်းတရား နှင့် အကျိုးတရားတို့ တစ်ပြိုင်နက် "အတူတကွ တစ်ပြိုင်နက်" ဖြစ်ခြင်းဖြင့် ကျေးဇူးပြုသောသဘောသည် **"သဟဇာတပစ္စည်း"** ဖြစ်သည်။

✦✦✦✦✦✦✦✦✦✦

(၁) စိတ် (၈၉)၊ စေတသိက် (၅၂)၊ ပဝတ္တိ၊ ပဋိသန္ဓေနာမ်ခန္ဓာလေးပါး တို့သည်

- အချင်းချင်းအားဖြင့်း၊
- စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားဖြင့်း

(၂) မဟာဘုတ်လေးပါးတို့သည်

- အချင်းချင်းအားဖြင့်း၊
- မိမိတို့ကိုမှီ၍ဖြစ်သော ဥပါဒါရုပ်တို့ အားဖြင့်း

(၃) ပဉ္စဝေါကာရ ပဋိသန္ဓေ နာမ်ခန္ဓာ နှင့် ဟဒယဝတ္ထုရုပ် တို့သည်

- ပဋိသန္ဓေခဏ၌ အချင်းချင်းအားဖြင့်း

"သဟဇာတပစ္စယသတ္တိ"ဖြင့် ကျေးဇူးပြု၏။

◈✱◈✱◈✱◈✱◈✱

ဤ "သဟဇာတပစ္စည်း" ၌ အခြေခံသဘောတရားများကို သိထားဖို့ လိုအပ်၏။

(က) သတ္တဝါတစ်ဦးသည် ဘဝဟောင်းမှစုတေ၍ ဘဝသစ်၌ ပဋိသန္ဓေစိတ်ဖြစ်၏၊ ထိုပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော စိတ်၊ စေတသိက် တို့ကို "ပဋိသန္ဓေ နာမ်ခန္ဓာလေးပါး"ဟု ခေါ်၏။

(ခ) ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ စုတိသည်အထိ တစ်ဘဝအတွင်း၌ဖြစ်သော စိတ်၊ စေတသိက် တို့ကို "ပဝတ္တိနာမ် ခန္ဓာလေးပါး"ဟုခေါ်၏။

(ဂ) စုတိစိတ်၏ ခဏသုံးပါး၌ဖြစ်သော စိတ်၊ စေတသိက် တို့ကို "စုတိ နာမ်ခန္ဓာလေးပါး" ဟုခေါ်၏။

ဤ "သဟဇာတပစ္စည်း"၌ ပဋိသန္ဓေ၊ ပဝတ္တိ၊ စုတိ အခါသုံးမျိုးလုံး၌ပင် ဖြစ်သမျှ စိတ်၊ စေတသိက် နာမ်ခန္ဓာလေးပါးတို့ သည် အချင်းချင်းအား ကျေးဇူးပြုကြ၏။

(ဃ) **ဟေတုပစ္စည်း** ၌..

"ကမ္မဇရုပ်"သည်

- ➢ ပဋိသန္ဓေအခါ၌ဖြစ်သော "ပဋိသန္ဓေကမ္မဇရုပ်"၊
- ➢ ပဝတ္တိအခါ၌ဖြစ်သော "ပဝတ္တိကမ္မဇရုပ်"ဟူ၍ နှစ်မျိုးရှိ၏။

"စိတ္တဇရုပ်"မှန်သမျှသည်...

➲ "ပဝတ္တိအခါ၌သာဖြစ်သော ရုပ်ဖြစ်၏ဟု ဖော်ပြခဲ့၏။

ဤ"**သဟဇာတပစ္စည်း**"၌...

- ➢ ပဋိသန္ဓေခဏ၌ဖြစ်သော နာမ်ခန္ဓာလေးပါးတို့သည် "ပဋိသန္ဓေကမ္မဇရုပ်"အား ကျေးဇူးပြု၏။
- ➢ ပဝတ္တိအခါ၌သာ စိတ္တဇရုပ်ဖြစ်နိုင်သောကြောင့် ပဝတ္တိနာမ်ခန္ဓာလေးပါးတို့သည် "စိတ္တဇရုပ်"အား ကျေးဇူးပြု၏။

(င) ဧကဝေါကာရ၊ စတုဝေါကာရ၊ ပဉ္စဝေါကာရ ဟူ၍ ဘုံသုံးမျိုးရှိရာတွင် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောသတ္တဝါတို့၌သာ ပဋိသန္ဓေစိတ်၊ စေတသိက် နာမ်ခန္ဓာတို့ ဖြစ်သည်နှင့် တပြိုင်နက် "ဟဒယဝတ္ထုရုပ်"လည်း ဖြစ်၏။ ထို ပဋိသန္ဓေနာမ်ခန္ဓာ နှင့် ဟဒယဝတ္ထုရုပ် တို့သည် အချင်းချင်းအား "သဟဇာတသတ္တိ"ဖြင့် ကျေးဇူးပြုကြ၏။

(စ) ရုပ် (၂၈) ပါး တို့တွင် မဟာဘုတ်လေးပါးတို့သည် အခြေခံ၊ အမာခံရုပ်များ ဖြစ်ကြ၏။ ဥပါဒါရုပ်တို့သည်ကား ထိုမဟာဘုတ်လေးပါးကို အမှီပြုအခြေခံ၍ ဖြစ်ကြပြီး မဟာဘုတ် မပါဘဲ မိမိတို့သဘောဖြင့် မဖြစ်မတည်နိုင်သောရုပ်များ ဖြစ်ကြ၏။

ထို့ကြောင့် မဟာဘုတ်လေးပါးတို့သည် အချင်းချင်းအားရင်း၊ ဥပါဒါရုပ်တို့အားရင်း "သဟဇာတသတ္တိ"ဖြင့် ကျေးဇူးပြု၏။

## ❀ အတူဖြစ်သော တရားတိုင်းသည် " သဟဇာတသတ္တိ" မရှိ ❀

"သဟဇာတပစ္စည်း"၌ ဖြစ်ဖော်ဖြစ်ဖက်အားဖြင့် ကျေးဇူးပြုရာဝယ် အတူဖြစ်သော တရားတိုင်းသည် သဟဇာတသတ္တိမရှိ။ ဥပမာ - သစ်ပင် နှင့် အရိပ်တို့ အတူတကွဖြစ်ရာ၌ သစ်ပင်သည် မိမိလည်းဖြစ်၊ အတူဖြစ်ဖက်အရိပ်ကိုလည်း ဖြစ်စေနိုင်၏။ အရိပ်သည်ကား သစ်ပင်ကိုမှီ၍သာ ဖြစ်ပေါ်နိုင်၍ သစ်ပင်ကို မဖြစ်စေနိုင်သလို၊ ထို့အတူပင် "သဟဇာတပစ္စည်း"၌ အချို့သောတရားတို့သည် မိမိဖြစ်လျှင် အတူဖြစ်ဖက်တရား တို့ကိုလည်း ဖြစ်စေနိုင်၏။ အချို့သောတရားတို့ကား မိမိကသာ အခြားတရားတို့ကို မှီ၍ဖြစ်သော်လည်း အခြားတရား တို့ကိုကား မဖြစ်စေနိုင်။

(၁) စိတ်စေတသိက်တရားတို့သည် သစ်ပင်ကဲ့သို့ဖြစ်၍ စိတ်၊ စေတသိက် အချင်းချင်းအားငင်း၊ အရိပ်နှင့်တူသော အတူဖြစ်ဖက် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားငင်း ဖြစ်စေနိုင်၏၊ ကျေးဇူးပြုနိုင်၏။

စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့သည်ကား အရိပ်ကဲ့သို့ဖြစ်၍ စိတ်စေတသိက်တို့ကို မဖြစ်စေနိုင်၊ ကျေးဇူးမပြုနိုင်။

(၂) မဟာဘုတ်လေးပါးတို့သည် သစ်ပင်ကဲ့သို့ဖြစ်၍ အချင်းချင်းအားငင်း၊ အရိပ်နှင့်တူသော အတူဖြစ်ဖက် ဥပါဒါရုပ်တို့အားငင်း ဖြစ်စေနိုင်၏၊ ကျေးဇူးပြုနိုင်၏။

ဥပါဒါရုပ်တို့သည်ကား အရိပ်ကဲ့သို့ဖြစ်၍ ရုပ်တို့ကိုမဖြစ်စေနိုင်၊ ကျေးဇူးမပြုနိုင်။

(၃) သို့ရာတွင် ပဉ္စဝေါကာရဘုံ၌ ဖြစ်သော "ပဋိသန္ဓေစိတ်" နှင့် "ဟဒယဝတ္ထုရုပ်" တို့သည် ပဋိသန္ဓေစိတ်ဖြစ်သည့်အခါ၌ "မီး" နှင့် "အပူဓာတ်"ပမာခွဲခြား၍ မရနိုင်သောကြောင့် မိမိတို့ အချင်းချင်းကို ဖြစ်စေနိုင်၏၊ ကျေးဇူးပြုနိုင်၏။

◊✱◊✱◊✱◊✱◊✱

## ❀ ဘုံအလိုက် ကျေးဇူးပြုခြင်း ❀

အရူပလေးဘုံ၌ စိတ်၊ စေတသိက် နာမ်တရားများသာ ဖြစ်နိုင်သောကြောင့် နာမ်တရား အချင်းချင်းသာ “သဟဇာတသတ္တိ”ဖြင့် ကျေးဇူးပြု၏။ အသညသတ်ဘုံ၌ ရုပ်တရားများသာ ဖြစ်နိုင်သောကြောင့် မဟာဘုတ်လေးပါးတို့ အချင်းချင်းအားရင်း၊ ဥပဒါရုပ်တို့အားရင်း “သဟဇာတသတ္တိ”ဖြင့် ကျေးဇူးပြု၏။

ပဥ္စဝေါကာရဘုံ၌ သဟဇာတပစ္စည်းက ကျေးဇူးပြုခြင်းမှာ ရုပ်နာမ်နှစ်ပါးလုံး ဖြစ်၏။

- “အရူပလေးဘုံ”၌...
  - “ပဋိသန္ဓေအခါ” အရူပဝိပါက်စိတ် (၄) ခု၊ စေတသိက် (၃၀)၊ ပဋိသန္ဓေ နာမ်ခန္ဓာ (၄)ပါး တို့သည် အချင်းချင်းကျေးဇူးပြုကြရာ...
    - နာမ်ခန္ဓာလေးပါးတို့တွင် နာမ်ခန္ဓာတစ်ပါးသည် “အကြောင်းပစ္စည်း”၊ ကျန် နာမ်ခန္ဓာသုံးပါးသည် “အကျိုးပစ္စယုပ္ပန်”၊
    - နာမ်ခန္ဓာသုံးပါးသည် “အကြောင်းပစ္စည်း”၊ ကျန်နာမ်ခန္ဓာတစ်ပါးသည် “အကျိုးပစ္စယုပ္ပန်”၊
    - နာမ်ခန္ဓာနှစ်ပါးသည် “အကြောင်းပစ္စည်း”၊ ကျန်နာမ်ခန္ဓာနှစ်ပါးသည် “အကျိုး ပစ္စယုပ္ပန်”... အဖြစ်ဖြင့် အပြန်အလှန်ကျေးဇူးပြုကြ၏။
  - “ပဝတ္တိအခါ” နာမ်ခန္ဓာလေးပါးတို့သည်လည်း ထိုနည်းတူကျေးဇူးပြုကြ၏။
- “ပဥ္စဝေါကာရဘုံ၌...
  - “ပဋိသန္ဓေအခါ” အရူပဝိပါက်လေးခု မှတစ်ပါး ပဋိသန္ဓေစိတ် (၁၅) တို့တွင် ဆိုင်ရာ စိတ်၊ စေတသိက် နာမ်ခန္ဓာလေးပါး နှင့် ကမ္မဇရုပ် ရုပ်ခန္ဓာတို့ ဖြစ်ကြရာ နာမ်ခန္ဓာ လေးပါးတို့ အချင်းချင်းကျေးဇူးပြုခြင်းကို အရူပဘုံ၌ ကျေးဇူးပြုခြင်းနည်း အတိုင်း မှတ်ရမည်။

- ဤ၌ ကမ္မဇရုပ်ဖြစ်ခြင်းတစ်ခုသာ ပိုထူးလာ၏။ ကမ္မဇရုပ်သည် ပဋိသန္ဓေ စိတ်ကြောင့် ဖြစ်သောတရားသာ ဖြစ်သည့်အတွက် "ပစ္စည်းတရား" မဖြစ်နိုင်ဘဲ "ပစ္စယုပ္ပန်တရား"သာဖြစ်နိုင်၏။

➲ "ပဝတ္တိအခါ"၌ကား ပဋိသန္ဓေစိတ် (၁၅) ပါးအပြင် အခြားစိတ်၊ စေတသိက်များလည်း ပုဂ္ဂိုလ်အလိုက်ဖြစ်ကြသလို စိတ္တဇရုပ်တို့လည်း ဖြစ်ကြ၏။ ထိုတွင် နာမ်ခန္ဓာလေးပါးတို့ အချင်းချင်းအပြန်အလှန် ကျေးဇူးပြုခြင်းကို နည်းမှီ သိရမည်။

- စိတ္တဇရုပ်သည် စိတ်ကြောင့်ဖြစ်သောတရားဖြစ်သည့်အတွက် "ပစ္စည်း" မဖြစ်နိုင်ဘဲ၊ "ပစ္စယုပ္ပန်တရား"သာ ဖြစ်နိုင်၏။

➢ ပဉ္စဝေါကာရဘုံ၌...

➲ "ပဋိသန္ဓေအခါ" ပဋိသန္ဓေစိတ် (၁၅) ပါးတို့တွင် ပဋိသန္ဓေစိတ်၊ စေတသိက် နာမ်ခန္ဓာ လေးပါး နှင့် ဟဒယဝတ္ထုရုပ်တို့ အတူတစ်ပြိုင်နက်ဖြစ်ကြပြီး အချင်းချင်း ကျေးဇူး ပြုကြ၏။

- ပဋိသန္ဓေနာမက္ခန္ဓာလေးပါးသည် "အကြောင်းပစ္စည်း"၊ ဟဒယဝတ္ထုရုပ်သည် "အကျိုးပစ္စယုပ္ပန်"အဖြစ်ဖြင့် ကျေးဇူးပြု၏။
- ရုပ်တရားတို့တွင် ပဋိသန္ဓေအခါ ဟဒယဝတ္ထုရုပ် တစ်ခုသာ ပဋိသန္ဓေ နာမ်ခန္ဓာလေးပါးနှင့် အပြန်အလှန်အဖြစ်ဖြင့် ကျေးဇူးပြု၏။ ကျန်ရုပ် (၂၇) တို့ကား နာမ်တရားနှင့် အပြန်အလှန်ကျေးဇူးမပြုနိုင်ဟူ၍ မှတ်ရ၏။

➢ ရုပ်တရားများကို ဘုံပုဂ္ဂိုလ်လိုက်၍၎င်း၊ ပဋိသန္ဓေ - ပဝတ္တိအခါကိုလိုက်၍၎င်း အမျိုးအစားများခွဲခြား၍ နာမည်ပေးရာတွင် ရှေးဆရာမြတ်တို့သည် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ် ဟူ၍ ခေါ်လေ့ရှိကြ၏။

ထိုရုပ်အမျိုးမျိုးတို့မှာ မဟာဘုတ်လေးပါး တို့သည်၎င်း၊ ဥပါဒါရုပ်သည်၎င်း ထိုက်သည့်အားလျော်စွာ ပါရှိကြ၏။

➲ မဟာဘုတ်လေးပါးတို့သည် အချင်းချင်းအားကျေးဇူးပြုကြ၏။

➲ မဟာဘုတ်တစ်ပါးသည် "အကြောင်းပစ္စည်း"၊ ကျန်မဟာဘုတ်သုံးပါးသည် "အကျိုး ပစ္စယုပ္ပန်"၊

➲ မဟာဘုတ်သုံးပါးသည် "အကြောင်းပစ္စည်း"၊ ကျန်မဟာဘုတ်တစ်ပါးသည် "အကျိုး ပစ္စယုပ္ပန်"၊

➲ မဟာဘုတ်နှစ်ပါးသည် "အကြောင်းပစ္စည်း"၊ ကျန်မဟာဘုတ်နှစ်ပါးသည် "အကျိုး ပစ္စယုပ္ပန်"... အဖြစ်ဖြင့် ကျေးဇူးပြု၏။

➲ မဟာဘုတ်လေးပါးတို့သည် မိမိတို့နှင့်ကလာပ်တူဖြစ်သော ဥပါဒါရုပ်တို့အားလည်း "သဟဇာတသတ္တိ"ဖြင့် ကျေးဇူးပြုသေး၏။

➲ ဥပါဒါရုပ်တို့သည် မဟာဘုတ်လေးပါးတို့ကို မှီ၍သာဖြစ်သောကြောင့် "ပစ္စည်းတရား" မဖြစ်နိုင်ဘဲ၊ "ပစ္စယုပ္ပန်တရား"သာ ဖြစ်နိုင်၏။

◊✱◊✱✱◊✱◊✱◊✱

## ❀ "သဟဇာတပစ္စည်း" နှင့် အခြားပစ္စည်းငါးမျိုး ❀

"သဟဇာတပစ္စည်း"ကျေးဇူးပြုခြင်းသည် နိဿယပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းတို့၌ အကျုံးဝင်၏။

- "နိဿယပစ္စည်း"သည်မှီရာဖြစ်၍ ကျေးဇူးပြုခြင်းဖြစ်၏။
- "အတ္ထိပစ္စည်း"သည် ရုပ်နာမ်တရားတို့ ထင်ရှားရှိခိုက်၌သာ ကျေးဇူးပြုခြင်းဖြစ်၏။
- "အဝိဂတပစ္စည်း"သည် ထိုသို့ထင်ရှားရှိခိုက်တွင် မကွေမကွာ အတူတွဲ၍ ကျေးဇူးပြုခြင်း ဖြစ်၏။

ထို့ကြောင့် "သဟဇာတပစ္စည်း"၏ ကျေးဇူးပြုခြင်းသဘောတရားတို့၌ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့၏ သဘောလက္ခဏာများကိုပါ ထည့်သွင်း၍နားလည်ရမည်။

- “သဟဇာတပစ္စည်း”၏ အချင်းချင်းကျေးဇူးပြုသော တရားသုံးမျိုးသည် “အညမည ပစ္စည်း” ၏ ကျေးဇူးပြုခြင်းနှင့် တူ၏။
- “အညမညပစ္စည်း”ထက် “သဟဇာတပစ္စည်း”က ကျယ်၏၊
- “သဟဇာတပစ္စည်း”ထက် “နိဿယပစ္စည်း”က ပိုကျယ်၏။

ထို့ကြောင့် အကျဉ်းမှတ်၍ လေ့လာလျှင် ပိုကောင်း၏။

## ❁ “ရုပ်” နှင့် “နာမ်” တို့ အတူဖြစ်ခြင်းအားဖြင့် ခွဲခြားမရအောင် ရောနှောမှုမဟုတ် ❁

နာမ်သည် ရုပ်အားငင်း၊ ရုပ်သည် နာမ်အားငင်း “သဟဇာတပစ္စည်း”အရ အတူဖြစ်ခြင်း သဘောအားဖြင့် ကျေးဇူးပြုရာ၌ နာမ် နှင့် ရုပ် တို့သည် ခွဲမရလောက်အောင် ရောနှောနေလျှက် ကျေးဇူးပြုသည်ဟု ထင်စရာရှိ၏။ ထိုသို့မဟုတ်ဘဲ “ဝိပ္ပယုတ္တပစ္စည်း”အရ အရသာခြောက်ပါး တို့သည် ဟင်းထဲ၌အတူဖြစ်ကြသော်လည်း ထိုဟင်းအရသာခြောက်ပါးတို့၏ သတ္တိများသည် တစ်ခုနှင့်တစ်ခုမရောဘဲနေကြသလို နာမ်နှင့်ရုပ်တို့သည် မရောနှောဘဲကျေးဇူးပြုကြ၏။

## ❁ “သဟဇာတသတ္တိ”၏ အချိန်၊ နေရာ နှင့် ပုဂ္ဂိုလ် ❁

“သဟဇာတသတ္တိ”သည်...

- ♦ ကာလအားဖြင့် ပစ္စုပ္ပန်ကာလ၌သာကျေးဇူးပြု၏။
- ♦ ဘုံအားဖြင့် (၃၁)ဘုံတို့၌ ရသော်လည်း ပဥ္စဝေါကာရဘုံ၌သာ သဟဇာတသတ္တိကို အပြည့် အစုံ ရ၏။
- ♦ ပုဂ္ဂိုလ်အားဖြင့် (၁၂) ယောက်လုံး ရ၏။

နိရောဓသမာပတ်ဝင်စားခိုက်ပုဂ္ဂိုလ် နှင့် ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိအခိုက်အတန့်၌ “ရုပ် သဟဇာတ”သာ ကျေးဇူးပြုနိုင်၏။ သဟဇာတသတ္တိသည် ရုပ်နာမ်နှစ်ပါးရှိသော အဇ္ဈတ္တသန္တာန် ၌သာ မဟုတ်ဘဲ ရုပ်ချည်းရှိသော ဗဟိဒ္ဓသန္တာန်၌လည်း ကျေးဇူးပြု၏။

# အညမညပစ္စယော

## ❀ အညမည အဓိပ္ပါယ် ❀

**အညမည** = အချင်းချင်း အပြန်အလှန်။

**ဥပမာ** ❁ ခြေထောက်သုံးချောင်းဖြင့် ပြုလုပ်ထားသော ခုံလေး၌ ခြေထောက်သုံးချောင်းမှာ အားလုံးတစ်ပေါင်းတည်း ရပ်တည်နေနိုင်ဖို့အတွက် အချင်းချင်း ကျေးဇူးပြု သကဲ့သို့ အကြောင်းတရား နှင့် အကျိုးတရားတို့ "အချင်းချင်းအပြန်အလှန်" ဖြစ်ပြီး ကျေးဇူးပြုသော သဘောသည် **"အညမညပစ္စည်း"** ဖြစ်၏။

✦✦✦✦✦✦✦✦✦✦✦

"သဟဇာတပစ္စည်း"ဖြင့်အတူဖြစ်၍ ကျေးဇူးပြုနိုင်ကြသောတရားတို့တွင် အတူလည်း ဖြစ်၊ အချင်းချင်း အပြန်အလှန်ကျေးဇူးပြုနိုင်သောတရားသုံးမျိုးကိုသာ "အညမညပစ္စည်း" ဖြင့် ကျေးဇူးပြုနိုင်၏။ ထို့ကြောင့် "အညမညပစ္စည်း"သည် "သဟဇာတပစ္စည်း"နှင့် နှိုင်းယှဉ်ကြည့် လျှင် ကျဉ်း၏၊ "သဟဇာတပစ္စည်း" တစ်စိတ်တစ်ဒေသမျှသာ ဖြစ်၏။

## ❀ "အညမညပစ္စည်း" အင်္ဂါ (၂) ပါး ❀

"အညမညပစ္စည်း"သည်...

(၁) အတူလည်းဖြစ်ခြင်း၊

(၂) အချင်းချင်းကိုလည်းမှီ၊ အချင်းချင်း၏မှီရာလည်းဖြစ်ခြင်း... ဟူ၍

အင်္ဂါနှစ်ပါးရှိ၏။

ထိုအင်္ဂါနှစ်ပါးနှင့်ပြည့်လျှင် အပြန်အလှန်ကျေးဇူးပြု၏။ ပစ္စည်း၊ ပစ္စယုပ္ပန်နှစ်ပါးလုံး ဖြစ်နိုင်မှ "အညမညပစ္စည်း"သည် ကျေးဇူးပြု၏။ အတူဖြစ်ရုံသာဖြစ်၍ အပြန်အလှန်ကျေးဇူး မပြုနိုင်လျှင် "အညမညပစ္စည်း"ဖြင့် ကျေးဇူးမပြုနိုင်။

ထို့ကြောင့် "သဟဇာတပစ္စည်း"၌ပါဝင်သော အလုံးစုံသော စိတ်စေတသိက် နာမ်ခန္ဓာ လေးပါးတို့ကို မှီ၍သာဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် တို့အားငင်း၊ မဟာဘုတ်လေးပါး တို့ကို မှီ၍သာဖြစ်သော ဥပါဒါရုပ်တို့အားငင်း "အညမညပစ္စည်း"ဖြင့်ကျေးဇူးမပြုနိုင်။

## ❀ အခြားပစ္စည်းတို့လည်း ကျေးဇူးပြုခြင်း ❀

"အညမညပစ္စည်း"တရားသုံးမျိုးတို့သည် သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်း တို့၌ အကျုံးဝင်ကြ၏။

"ပဋိသန္ဓေ နာမ်ခန္ဓာ" နှင့် "ဟဒယဝတ္ထုရုပ်"တို့ အချင်းချင်းကျေးဇူးပြုရာ၌ "ဝိပ္ပယုတ္တ ပစ္စည်း" ပါဝင်၏။

◈✱◈✱◈✱◈✱◈✱

**မေး။ ။** မနောပုဗ္ဗင်္ဂမာ ဓမ္မာ = နာမ်တရားအားလုံးတို့သည် စိတ်သာ ဦးဆောင်ရှေ့သွား ရှိကြ၏ - ဟူ၍ မြတ်ဗုဒ္ဓ ဟောတော်မူသောကြောင့် စေတသိက်တို့သည် စိတ်နှင့်ကင်း၍ မဖြစ်နိုင် ဘဲ စိတ်သည်ကား စေတသိက်နှင့်ကင်း၍ ဖြစ်ပါသလား?ဟု မေးစရာရှိ၏။

စေတသိက်မှန်သမျှသည် စိတ်နှင့်ကင်း၍ မဖြစ်နိုင်သလို စိတ်မှန်သမျှသည်လည်း စေတသိက်နှင့်ကင်း၍ မဖြစ်နိုင်။ စိတ်၊ စေတသိက်တို့သည် အတူဖြစ်၊ အတူချုပ်ကြသောကြောင့် စိတ်ချည်းသက်သက်၊ စေတသိက်ချည်းသက်သက် မဖြစ်နိုင်ဟု မှတ်ရမည်။

"နာမ်တရားမှန်သမျှသည် စိတ်သာဦးဆောင်၏"ဟူ၍ သုတ္တန်၌ လွယ်လွယ်နှင့် အများ နားလည်အောင် စိတ်ကိုပဓာနထား၍ ယေဘုယျနည်းဖြင့် ဟောတော်မူ၏။

နားလည်ဖို့ခက်သော အသေးစိတ်ကို အဘိဓမ္မာနည်းဖြင့် ဟောတော်မူလျှင် သတ္တဝါတို့ သည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရရှိရေး၌ နှောင့်နှေးသွားစေနိုင်၏။

"သုတ္တန်နည်း" နှင့် "အဘိဓမ္မာနည်း" တို့သည် ကွဲပြားထူးခြား၏။

◈✱◈✱◈✱◈✱◈✱

## ❀ "သဟဇာတပစ္စည်း" ၊ "အညမညပစ္စည်း"တို့၏ သဘောများ ❀

- **"အညမညပစ္စည်း"**သည် ညီအစ်ကို မောင်နှမအရင်းများ၊ ဆွေမျိုးသားချင်းတို့နှင့် တူ၏။ အပြန်အလှန်မျှော်လင့်ချက်ထားသဖြင့် အပေးအယူသဘောမျိုး ဖြစ်၏။
- **"သဟဇာတပစ္စည်း"**သည်ကား… မိတ်ဆွေကောင်း၊ မိဘကောင်း၊ ဆရာကောင်း၊ နိုင်ငံခေါင်းဆောင်ကောင်းတို့နှင့်တူ၏။ တစ်ဖက်ကပြန်လာသည်ဖြစ်စေ၊ ပြန်မလာသည်ဖြစ်စေ မိမိအတွက် မျှော်လင့်ချက်မထားဘဲ စေတနာကောင်းဖြင့် ပြုလုပ်၏။

## ✦ အနာထပိဏ်သူဌေးသား မောင်ကာလ ✦

**"မိဘကောင်း"**နမူနာကို အနာထပိဏ်သူဌေးကို ပြနိုင်၏။ သားဖြစ်သူ မောင်ကာလသည် ဘုရားထံမသွား၊ တရားမနာယူ၊ သံဃာ၏ ဝေယျာဝစ္စမပြုလုပ်ဘဲ နေ၏။ ဖခင်သူဌေးသည် ပြောသော်လည်း မနာခံ၊ တစ်နေ့၌ ဖခင်သူဌေးသည် အကြံကောင်းရ၍ သားဖြစ်သူကို "သား ဥပုသ်စောင့်ပြီး ကျောင်းသွားတရားနာရင် ငွေတစ်ရာ ပေးမယ်"ဟု ပြော၏။

ငွေလိုချင်သောသားသည် ဥပုသ်စောင့်ပြီး ကျောင်းသွားကာ တရားမနာယူဘဲ သင့်တော်ရာမှာ အိပ်ခါ စောစောပြန်လာ၏။ အိမ်ပြန်ရောက်လျှင် စားစရာကျွေးသော်လည်း မစား၊ ငွေတစ်ရာရမှ စား၏။ နောက်တစ်နေ့တွင် ဖခင်သူဌေးသည် သားကို "သား ဥပုသ်စောင့်ပြီး ဘုရားထံက တရားတစ်ပုဒ် မှတ်မိအောင်နာခဲ့၊ ငွေတစ်ထောင်ပေးမယ်" ဟုပြော၍ လွှတ်လိုက်၏။

မောင်ကာလသည် ဘုရားထံမှ တရားနာယူရာ တစ်ပုဒ်ရလျှင်ပြေးမည် အကြံဖြင့် နာယူသော်လည်း၊ နာယူရင်းပင် တရားတော်ကို သဘောကျ၍ ကျင့်ကြံပြီး သောတာပန်ဖြစ်သွား၏၊ အနာထပိဏ်သူဌေး၏ သားအပေါ်စောင့်ရှောက်မှုနည်းလမ်းသည် အကောင်းဆုံးဖြစ်၏။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၂၃)

## ✦ ရာဓရဟန်း ✦

**"ဆရာကောင်း"**နမူနာကို အရှင်သာရိပုတ္တရာအရှင်မြတ်ကို ပြရပါမည်။ အလွန်ဆင်းရဲ၍ အသက်ကြီးသည့် ရာဓသည် ကျောင်းတိုက်အတွင်း ဝေယျာဝစ္စများကို ပြုလုပ်ပေးရင်း ကျောင်း၌သာ နေ၏။ ရဟန်းများသည် သူ့အား အစားအစာ၊ အဝတ်၊ နေရာ တို့ကို ပေးကြသော်လည်း ရဟန်းခံမပေးကြသဖြင့် ကိုယ်စိတ်မချမ်းသာ ဖြစ်၏။ တစ်နေ့တွင် မြတ်ဗုဒ္ဓသည် ရာဓနှင့်တွေ့ဆုံ၍ အကြောင်းအကျိုးမေးရာ ရဟန်းခံလိုလျှက် ရဟန်းမပေးကြကြောင်း သိတော်မူသဖြင့် ရဟန်းများကိုခေါ်ယူစုဝေးစေပြီး "ဒီရာဓကေ ကျေးဇူးပြုဖူးတဲ့ ရဟန်းရှိသလား" ဟု မေးတော်မူ၏။

အရှင်သာရိပုတ္တရာက "ဒီရာဓဟာ တပည့်တော်အား ဆွမ်းတစ်ဇွန်း လှူခဲ့ဖူးပါတယ် အရှင်ဘုရား"ဟု လျှောက်ထားရာ "ကျေးဇူးရှိသူတစ်ဦးကို ရဟန်းခံပေးသင့်တယ် မဟုတ်လား"ဟု မြတ်ဗုဒ္ဓက မိန့်တော်မူသဖြင့် အရှင်မြတ်သည် ရာဓကို ရဟန်းခံပေး၏။ အရှင်မြတ်သည် ရာဓရဟန်းအား အမြဲမပြတ် ဆုံးမ၏။ ရာဓရဟန်းသည် ဆုံးမလွယ်သူ ဖြစ်၍ အရှင်မြတ်၏ အဆုံးအမကို ရိုသေစွာလိုက်နာကျင့်သုံးသဖြင့် နှစ်ရက် သုံးရက် အတွင်း ရဟန္တာဖြစ်၏။

အရှင်သာရိပုတ္တရာသည် အဆုံးအမလွယ်ကူသည့် ပုဂ္ဂိုလ်မြတ်ဖြစ်သဖြင့် ဆုံးမလွယ်သည့် တပည့်ကို ရ၏။ ဆရာကောင်း၍ တပည့်ကောင်းရခြင်းသည် တူသောအကျိုး ဖြစ်၏။

(အံ၊ ဧကကနိပါတ်၊ ၅၊ ၂၅၃၊ ဓမ္မပဒ၊ ၅၊ ပ၊ ၃၄၆)

## ✦ ဘုရားအလောင်း မျောက်မင်း ✦

**"ခေါင်းဆောင်ကောင်း"**နမူနာကို ပြရလျှင် အများသိကြပြီးသားဖြစ်သည့် ဘုရားအလောင်းတော် မျောက်မင်းကိုပဲ ပြရပါမည်။ ဗာရာဏသီမင်း၏ လက်နက်ကိုင်ထားသော သက်တော်စောင့်များ အန္တရာယ်မှ ကြောက်နေကြသည့် မျောက်အပေါင်းကို ဘုရား အလောင်းက

ဂင်္ဂါမြစ်၏ တစ်ဖက်ကမ်းသို့ ခုန်ကူးပြီး နွယ်ကြိုးများကိုရှာဖွေဆက်၍ နွယ်ကြိုးတစ်ဖက်ကို သစ်ပင်ကြီးတစ်ပင်ကို ချည်ထားလိုက်၏။

နွယ်ကြိုးတစ်ဖက်ကို မိမိခါးမှာချည်ထား၍ မျောက်များရှိနေသည့် သရက်ပင်ကြီးဆီသို့ ပြန်ခုန်ကူးရာ သရက်ကိုင်းကိုသာဆွဲမိပြီး မျောက်များကို မိမိကျောပေါ်က ဖြတ်လျှောက်ဖို့ ပြောဆိုပြီး မြစ်တစ်ဖက်ကမ်းသို့ သွားစေ၏။ ဒေဝဒတ်အလောင်း မျောက်သည် အခြားမျောက် များလို အသာအယာဖြတ်မကူးဘဲ သရက်ပင်ထိပ်သို့တက်ကာ မျောက်မင်းကျောပေါ်သို့ အားဖြင့် ခုန်ချ၍ မြစ်တစ်ဖက်ကမ်းကို ကူးသွားလေ၏။

ဘုရားအလောင်းမျောက်မင်းသည် ကျောပေါ်သို့ခုန်ချသော ဒဏ်ချက်ဖြင့် ထိခိုက်ဒဏ်ရာ ရ၍ တစ်ကောင်တည်းကျန်ရစ်၏။ ဗာရာဏသီမင်းသည် မျောက်တို့၏ လှုပ်ရှားပုံကို မြင်ရ၍ မျောက်မင်း၏ လုပ်ရပ်ကို လေးစားသဖြင့် မျောက်မင်း၏ဒဏ်ရာများကို သက်သာရအောင် ပြုလုပ်ပေးပြီး မျောက်မင်းကို အကြောင်းအကျိုးမေး၏။

မျောက်မင်းက သူသည် ခေါင်းဆောင်ဖြစ်၍ "ခေါင်းဆောင်ဆိုတာ အများအတွက် အန္တရာယ်ကင်းအောင်၊ ကိုယ်စိတ်ချမ်းသာရအောင် ပြုလုပ်နိုင်သည့် အသိဉာဏ်ရှိဖို့ လိုတယ်"ဟု ဆုံးမစကားပြောကြားကာ ကွယ်လွန်သွား၏။

ခေါင်းဆောင်ကောင်းဟူသည် ကိုယ်ကျိုးကို လုံးဝမကြည့်ဘဲ အများအကျိုးကိုသာ ကြည့်တတ်၏။ လောက၌ ခေါင်းဆောင်ကောင်းသည် အလွန်ရှားသဖြင့် ကြိုးရခဲ၏၊ အသိဉာဏ် ရှိလျှင် အသိဉာဏ်ရှိသည့် ခေါင်းဆောင်ကောင်းကိုတွေ့နိုင်၏။ ယနေ့လူငယ်များသည် အသိဉာဏ် ရှိအောင် ကြိုးစားကြရမည်။

# နိဿယပစ္စယော

## ❀ နိဿယ အဓိပ္ပါယ် ❀

**နိဿယ** = မှီရာ၊ တည်ရာ။

"နိဿယ"သည်...

- "သဟဇာတနိဿယ"
- "ပုရေဇာတနိဿယ" ဟု (၂) မျိုး ရှိ၏။

**ဥပမာ** ❁ မြေကြီးသည် သစ်ပင်ကို မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အကြောင်းတရားနှင့် အကျိုးတရားသည် "အတူတကွလည်းဖြစ် ၊ မှီရာလည်းဖြစ်"သဖြင့် ကျေးဇူးပြုသောသဘောသည် **"သဟဇာတနိဿယ"** ဖြစ်၏။

❁ ပန်းချီကားသည် ပန်းချီဆေး၏ မှီရာဖြစ်သကဲ့သို့ အကြောင်းတရားတို့သည် ရှေးက ကြိုတင်ဖြစ်နှင့်ပြီး နောက်မှဖြစ်လာသော အကျိုးတရားတို့အား "မှီရာအဖြစ်ဖြင့်" ကျေးဇူးပြုသောသဘောသည် **"ပုရေဇာတနိဿယ"** ဖြစ်၏။

## ❀ သဟဇာတနိဿယ ❀

"သဟဇာတနိဿယ"သည် "သဟဇာတပစ္စည်း" နှင့် ပစ္စည်း၊ ပစ္စယုပ္ပန် အားလုံးတူ၏။

"သဟဇာတနိဿယ"ဟူသည်...

**သဟဇာတ** = အတူလည်းဖြစ် + **နိဿယ** = မှီရာတည်ရာလည်းဖြစ်၏ဟု အဓိပ္ပါယ်ရှိသည်။

အတူဖြစ်၍ ကျေးဇူးပြုတတ်သော တရားတို့သည်ပင် မှီရာတည်ရာ အဖြစ်ဖြင့်လည်း ကျေးဇူးပြုတတ်သောကြောင့် "သဟဇာတ" နှင့် "နိဿယ" အမည်နှစ်ခုပေါင်း၍ "သဟဇာတနိဿယ"ဟု ခေါ်၏။

"သဟဇာတပစ္စည်း"တစ်ခုလုံးသည် "နိဿယပစ္စည်း"၏ အစိတ်အပိုင်း တစ်ခုအဖြစ်ဖြင့် ပါဝင်နေ၏။

"အညမညပစ္စည်း"သည်လည်း ဤ"သဟဇာတပစ္စည်း"ထဲ၌ တစိတ်တဒေသအားဖြင့် ပါဝင် နေ၏။

## ✦ အဆုံးအမ စကားများ ✦

📖 လူဆိုတာ "အညမညပစ္စည်း"လို မကျင့်သုံးရဘူး ၊ "သဟဇာတပစ္စည်းလို" ကျင့်သုံးရမယ်။

➯ "အညမညပစ္စည်း"က ကိုယ့်ကိုကျေးဇူးပြုမှ ပြန်ကျေးဇူးပြုတယ်။

➯ "သဟဇာတပစ္စည်း"ကတော့ ကိုယ့်ကိုကျေးဇူးပြုပြု မပြုပြု ကျေးဇူးပြုတယ်။

ဝိဘင် အနုဋီကာ (၁၄၅) ၌ ပါ၏။

မန္တလေးမြို့၊ အဘိဓမ္မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး ဘဒ္ဒန္တသူရိယာဘိဝံသ

(ပစ္စည်းတရားတို့၏ သဒ္ဒါနက်ကို မယူဘဲ အဓိပ္ပါယ်သဘာဝနက်ကို ယူပြီး ဆုံးမခြင်းဖြစ်၏။)

✍ ✍ ✍ ✍ ✍

📖 ဘယ်သူမဆို သဟဇာတ = အတူတကွနေထိုင်ကြသောအခါ၊ အညမည = အချင်းချင်းတွေဆိုသော စိတ်ဓာတ်မွေးပြီး တစ်ဦးနဲ့တစ်ဦး သည်းခံပြီး မေတ္တာတရား လက်ကိုင်ထားနေကြရမယ်၊ ဒါမှသာ အရေးအကြောင်း ကိစ္စမျိုးကြုံလာခဲ့လျှင် နိဿယ = အားထားမှီရာဖြစ်ကြပြီး အစစ အရာရာ အဆင်ပြေမယ်။

📖 "သဟဇာတ"ဖြစ်နေပါလျှက်နှင့် "အညမည"စိတ်ဓာတ် မမွေးဘဲနေလျှင် အရေးအကြောင်းကြုံလာသောအခါ "နိဿယပစ္စည်း" မဖြစ်တော့ဘဲ အားကိုးရာမဲ့တွေ ဖြစ်သွားကြမယ်။

အမရပူရမြို့ ၊ တူမောင်းကျောင်းတိုက် ညဝါအကျော် ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယ

(ပစ္စည်းတရားတို့၏ သဒ္ဒါနက် (တိုက်ရိုက်နက်) ကို အဓိပ္ပါယ်ယူပြီး ဆုံးမခြင်း ဖြစ်၏။)

| သင်္ချာ | အကြောင်း (ပစ္စည်း) တရား | အကျိုး (ပစ္စယုပ္ပန်) တရား | ကျေးဇူးပြု |
|---|---|---|---|
| ၁ | နာမ်ခန္ဓာလေးပါး<br>(၁ + ၃ + ၂) | အချင်းချင်း (၃ + ၁ + ၂) | အညမည၊ သဟဇာတ၊<br>နိဿယ |
| ၂ | မဟာဘုတ်လေးပါး<br>(၁ + ၃ + ၂) | အချင်းချင်း (၃ + ၁ + ၂) | အညမည၊ သဟဇာတ၊<br>နိဿယ |
| ၃ | ပဉ္စဝေါကာရ ပဋိသန္ဓေ နာမ်ခန္ဓာ၊<br>ဟဒယဝတ္ထု | အချင်းချင်း (နာမ် + ရုပ်) | အညမည၊ သဟဇာတ၊<br>နိဿယ |
| ၄ | ပဉ္စဝေါကာရဘုံ၌ စိတ်၇၅၊ စေ၅၂ | စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ် | သဟဇာတ၊ နိဿယ |
| ၅ | မဟာဘုတ်လေးပါး | ဥပါဒါရုပ် (၂၄) ပါး | သဟဇာတ၊ နိဿယ |
| ၆ | ဟဒယဝတ္ထု | ပဉ္စဝေါ ပဋိ နာမ်ခန္ဓာ ပဋိအခါ ဖြစ် | သဟဇာတ |
| | | ပဝတ္တိအခါ မဖြစ် | သဟဇာတ |

| အကြောင်း (ပစ္စည်း) | သင်္ချာ (၉) | | အကျိုး (ပစ္စယုပ္ပန်) တရား |
|---|---|---|---|
| ကု ၂၁၊ စေ ၃၈၊<br>နာမ်ခန္ဓာ (၁ + ၃ + ၂) | ကု | ကု<br>အဗျာ | ကု ၂၁၊ စေ ၃၈၊ နာမ်ခန္ဓာ (၃ + ၁ + ၂)<br>ကု - ပြုအပ်သော စိတ္တဇရုပ် |
| အကု ၁၂၊ စေ ၂၇၊<br>နာမ်ခန္ဓာ (၁ + ၃ + ၂) | အကု | အကု<br>အဗျာ | အကု ၁၂၊ စေ ၂၇၊ နာမ်ခန္ဓာ (၃ + ၁ + ၂)<br>အကု - ပြုအပ်သော စိတ္တဇရုပ် |
| ဝိ ၃၆၊ ကြိ ၂၀၊ စေ ၃၈၊<br>နာမ်ခန္ဓာ (၁+၃+၂)<br>ပဉ္စဝေါ - ပဋိ နာမ်ခန္ဓာ၊ ဟဒယဝတ္ထု<br>မဟာဘုတ် (၁ + ၃ + ၂) | အဗျာ | အဗျာ | ဝိ ၃၆၊ ကြိ ၂၀၊ စေ ၃၈၊<br>နာမ်ခန္ဓာ (၃+၁+၂)<br>ပဉ္စဝေါ - ပဋိ နာမ်ခန္ဓာ၊ ဟဒယဝတ္ထု<br>မဟာဘုတ် (၃ + ၁ + ၂) |
| ပဉ္စဝေါ ကု နာမ်ခန္ဓာ<br>မဟာဘုတ် | ကု<br>အဗျာ | အဗျာ | စိတ္တဇရုပ် |
| ပဉ္စဝေါ အကု နာမ်ခန္ဓာ<br>မဟာဘုတ် | အကု<br>အဗျာ | အဗျာ | စိတ္တဇရုပ် |

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။

ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။

တယော ခန္ဓာ ဧကဿ ခန္ဓဿ သဟဇာတပစ္စယေန ပစ္စယော။

ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။

ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ကုသလော ဓမ္မော ကုသလဿစ အဗျာကတဿစ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။

ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သဟဇာတ ပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ အကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ (၂)

အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ (၃)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန

ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ခန္ဓာ ဝတ္ထုဿ သဟဇာတပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတ ပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဗာဟိရံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ အာဟာရသမုဋ္ဌာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဥတုသမုဋ္ဌာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတ ပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ အသညသတ္တာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတ ပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ (၁)

ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ ကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ (၁)

အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ အကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။(၁)

(ပဋ္ဌာဝါရ၊ ၁၃၉-၁၄၁)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။
ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။
တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။
ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။

ကုသလောစ အဗျာကတောစ ဓမ္မာ အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။
အကုသလောစ အဗျာကတောစ ဓမ္မာ အဗျာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။

- "သဟဇာတ" နှင့် "နိဿယ" သည် (၉) ချက်၊
- "အညမည" သည် "ကု + ကု" ၊ "အကု + အကု" ၊ "အဗျာ + အဗျာ" (၃) ချက်သာ ရသည်။

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမည ပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ (၁)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ဝတ္ထုဿ စ အညမညပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ ဝတ္ထုဿ စ အညမညပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ဝတ္ထုဿ စ အညမညပစ္စယေန ပစ္စယော။ ခန္ဓာ ဝတ္ထုဿ အညမညပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ အညမညပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။ ဗာဟိရံ။ အာဟာရသမုဋ္ဌာနံ။ ဥတုသမုဋ္ဌာနံ။ အသညသတ္တာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။ပ။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။

(ပဋ္ဌာဝါရ၊ ၁၄၁-၂)

➢ "သဟဇာတနိဿယ" သည် "သဟဇာတ" နှင့် တူ၏။

➢ "ပုရေဇာတနိဿယ" သည် "ပုရေဇာတ" နှင့် တူ၏။

## ❀ ပုရေဇာတ နိဿယ ❀

| အကြောင်း (ပစ္စည်း) တရား | အကျိုး (ပစ္စယုပ္ပန်) တရား |
|---|---|
| **ဝတ္ထုရုပ် (၆) ပါး** | **ဝိညာဏဓာတ် (၇) ပါး** |
| ➢ စက္ခုဝတ္ထု | ➢ စက္ခုဝိညာဏဓာတ် |
| ➢ သောတဝတ္ထု | ➢ သောတဝိညာဏဓာတ် |
| ➢ ဃာနဝတ္ထု | ➢ ဃာနဝိညာဏဓာတ် |
| ➢ ဇိဝှါဝတ္ထု | ➢ ဇိဝှါဝိညာဏဓာတ် |
| ➢ ကာယဝတ္ထု | ➢ ကာယဝိညာဏဓာတ် |
| ➢ ဟဒယဝတ္ထု | ➢ မနောဓာတ်၊ မနောဝိညာဏဓာတ် |

## ✦ ဝတ္ထုရုပ်(၆)ပါး ✦

၁။ မျက်နက်ဝန်းထဲ၌ရှိသော မျက်စိအကြည်ဓာတ် = စက္ခုပသာဒရုပ်သည် အပြင်ဘက်က အဆင်းရူပါရုံဝင်ရောက်ရာ တံခါးသဖွယ်ဖြစ်၍ "စက္ခုဒွါရ"ဟုလည်းခေါ်၏။

ထို စက္ခုပသာဒရုပ်သည် ရူပါရုံကို မြင်သိသည့် စက္ခုဝိညာဉ်စိတ်နှစ်ပါးတို့ ဖြစ်ရာဌာနဖြစ်၍ "စက္ခုဝတ္ထု"ဟုလည်း ခေါ်၏။

၂။ နားထဲ၌ နားအကြည်ဓာတ် = သောတပသာဒရုပ်သည် အပြင်ဘက်က အသံသဒ္ဒါရုံဝင်ရောက်ရာ တံခါးသဖွယ်ဖြစ်၍ "သောတဒွါရ"ဟုလည်းခေါ်၏။

ထို သောတပသာဒရုပ်သည် သဒ္ဒါရုံကို ကြားသိမှု သောတဝိညာဉ်စိတ်နှစ်ပါးတို့၏ ဖြစ်ရာဌာနဖြစ်၍ "သောတဝတ္ထု"ဟုလည်း ခေါ်၏။

၃။ နှာခေါင်းထဲ၌ နှာခေါင်းအကြည်ဓာတ် = ဃာနပသာဒရုပ်သည် အပြင်ဘက်ကအနံ့ ဂန္ဓာရုံဝင်ရောက်ရာ တံခါးသဖွယ်ဖြစ်၍ "ဃာနဒွါရ"ဟုလည်း ခေါ်၏။

ထို ဃာနပသာဒရုပ်သည် ဂန္ဓာရုံကို အနံ့သိမှု ဃာနဝိညာဉ်စိတ်နှစ်ပါးတို့၏ ဖြစ်ရာဌာနဖြစ်၍" ဃာနဝတ္ထု"ဟုလည်းခေါ်၏။

၄။ လျှာ၏အလယ်၌ လျှာအကြည်ဓာတ် = ဇိဝှါပသာဒရုပ်သည် အပြင်ဘက်က အရသာရသာရုံ ဝင်ရောက်ရာ တံခါးသဖွယ်ဖြစ်၍ "ဇိဝှါဒွါရ"ဟုလည်း ခေါ်၏။

ထို ဇိဝှါပသာဒရုပ်သည် ရသာရုံကို စားသိမှု ဇိဝှါဝိညာဉ်စိတ်နှစ်ပါးတို့၏ ဖြစ်ရာဌာနဖြစ်၍ "ဇိဝှါဝတ္ထု"ဟုလည်း ခေါ်၏။

၅။ တစ်ကိုယ်လုံးပျံ့နှံ့၍တည်နေသော ကိုယ်အကြည်ဓာတ် = ကာယပသာဒရုပ်သည် အပြင်ဘက်က အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံဝင်ရောက်ရာ တံခါးသဖွယ်ဖြစ်၍ "ကာယဒွါရ" ဟု လည်း ခေါ်၏။

ထို "ကာယပသာဒရုပ်"သည် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသိမှု ကာယဝိညာဉ်စိတ်နှစ်ပါးတို့၏ ဖြစ်ရာဌာနဖြစ်၍ "ကာယဝတ္ထု"ဟုလည်း ခေါ်၏။

၆။ နှလုံးသား၏အလယ်၌ သွေးများတည်နေသော တွင်းငယ်တစ်ခုရှိ၏၊ ထိုသွေးများ ပျံ့နှံ့လျက် တည်သောဝတ္ထုတစ်မျိုးကို "ဟဒယ"ဟု ခေါ်၏။

ပစ္စုပ္ပန်ပဋ္ဌာရုံကို ခံယူသော မနောဓာတ်(၃)ပါး နှင့် အရူပဝိပါက်စိတ် (၄) ခု ကြဉ် မနောဝိညာဏဓာတ် = မနောဝိညာဉ်စိတ် (၇၂) ပါး၊ ပေါင်း စိတ် (၇၅) ပါးတို့၏ မှီရာ ဖြစ်ရာ ဖြစ်သောကြောင့် "ဟဒယဝတ္ထုရုပ်"ဟု ခေါ်၏။

| **အကြောင်း (ပစ္စည်း) တရား** | **သင်္ချာ (၃)** | | **အကျိုး (ပစ္စယုပ္ပန်)တရား** |
|---|---|---|---|
| ဝတ္ထုရုပ် (၆) ပါး | အဗျာ | အဗျာ | ပဥ္စဝေါဘုံ၌ အရူပဝိ (၄) ကြဉ် ဝိ ၃၂ ၊ ကြိ ၂ဝ ၊ စေ ၃၈ |
| ဟဒယဝတ္ထုရုပ် | အဗျာ | ကု | ပဥ္စဝေါဘုံ၌ ကု ၂၁ ၊ စေ ၃၈ |
| ဟဒယဝတ္ထုရုပ် | အဗျာ | အကု | ပဥ္စဝေါဘုံ၌ အကု ၁၂ ၊ စေ ၂၇ |

## ✦ အဆုံးအမ စကားများ ✦

✧ အမှောင်တွင်းမှာ ဆိတ်ငြိမ်ရာ လွန်စွာအားထုတ်ပါ။

✧ သမာဓိတရား ဆင့်ဆင့်ပွား တရားရသည်သာ။

✧ ပညာဉာဏ်ရောင် ဝင်းဝင်းပြောင် အခေါင်နိဗ္ဗူတာ။

ပထမဂန္ဓာရုံဆရာတော်ကြီး

၁ ဓာတ်ကြီးလေးပါး ဖောက်ပြန်ခြား နင်ကား **"အို"** လိမ့်မည်။ (နာ ၊ သေ)

၂ **'ပထဝီဓာတ်'**ကား ဖောက်ပြန်ခြား နင်ကား **"အို"** လိမ့်မည် (နာ ၊ သေ)

('အာပေါဓာတ်'ကား ၊ 'တေဇောဓာတ်'ကား ၊ 'ဝါယောဓာတ်'ကား)

၃ **"မအိုမီ"**က ကုသလ ပြုမှတော်လိမ့်မည်။ (မနာမီ ၊ မသေမီ)

၄ **"မအိုမီ"**က ကိုယ့်စိတ္တ ဖြူမှတော်လိမ့်မည်။ (မနာမီ ၊ မသေမီ)

၅ ဘာဝနာတွင် စွဲမြဲလျှင် စိတ်စဉ်ဖြူလိမ့်မည်။

ရှေးဆရာတော်ကြီးတစ်ပါး

## ❁ အဘိဓမ္မာနည်း ❁

"**ပဋိသန္ဓေအခါ**" ဟူသည် .....

➯ ပဋိသန္ဓေ စိတ်၊ စေတသိက်၊ ကမ္မဇရုပ်တို့၏ ဥပါဒ်ခဏ။

"**ပဝတ္တိအခါ**" ဟူသည် .....

➯ ပဋိသန္ဓေ စိတ်၊ စေတသိက်၊ ရုပ်တို့၏ ဋီခဏမှစ၍ တစ်ဘဝ၌ သေသည့်ကာလတိုင်အောင်။

## ❁ သုတ္တန်နည်း ❁

"**ပဋိသန္ဓေအခါ**" ဟူသည် .....

➯ အမိဝမ်းတွင်းထဲ ရောက်သောအချိန်က စပြီး မမွေးမီ ကာလအတွင်း။

"**ပဝတ္တိအခါ**" ဟူသည် .....

➯ မွေးသည် မှ သေသည့်ကာလ တိုင်အောင်။

လူ့ဘုံ၌ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်မှာ .....

- ➲ ပဋိသန္ဓေ
  - ❁ စိတ် နှင့် အတူ
  - ❁ စေတသိက် ၊
  - ❁ ကာယဒသကကလာပ် ၊ ဘာဝဒသကကလာပ် ၊ ဝတ္ထုဒသကကလာပ် ဟု ဆိုအပ်သော ကမ္မဇကလာပ် (၃) စည်း (ရုပ်ပေါင်း = ၃၀) တို့ တပြိုင်နက် ဖြစ်ကြ၏။
- ➲ ထို"ပဋိသန္ဓေစိတ်"၌ "နာမ်ခန္ဓာ (၄) ပါး" တို့သည် အချင်းချင်း အတူဖြစ်ကြ၏၊ မှီ၍ ဖြစ်ကြ၏။
- ➲ "ပဋိသန္ဓေစိတ်" နှင့် "ဟဒယဝတ္ထုရုပ်" တို့သည် အချင်းချင်း အတူဖြစ်ကြ၏။ မှီ၍ ဖြစ်ကြ၏။
- ➲ "ပဋိသန္ဓေစိတ်" သည် "ဟဒယဝတ္ထု ကြဉ် ကမ္မဇကလာပ် (၃) စည်း" တို့အား အတူဖြစ်ကြ၏၊ မှီ၍ ဖြစ်ကြ၏။

- ❁ ကာမဂုဏ် အာရုံငါးပါး ၊ အာရုံခြောက်ပါးတို့၌ ပျော်ပါးခံစားခြင်းသည် **“ဝေဒနာက္ခန္ဓာ”** ၊
- ❁ မှတ်သားမှုသည် **“သညာက္ခန္ဓာ”** ၊
- ❁ ကြောင့်ကြစိုက်ပေးမှု စသည်သည် **“သင်္ခါရက္ခန္ဓာ”** ၊
- ❁ သိမှုသည် **“ဝိညာဏက္ခန္ဓာ”** ဖြစ်၏။

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။

ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန်္ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။

တယောခန္ဓာ ဧကဿ ခန္ဓဿ။ ဒွေခန္ဓာ ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ဝတ္ထုဿစ အညမညပစ္စယေန ပစ္စယော။

တယောခန္ဓာ ဧကဿ ခန္ဓဿ ဝတ္ထုဿစ။ ဒွေခန္ဓာ ဒွိန္နံ ခန္ဓာနံ ဝတ္ထုဿစ အညမညပစ္စယေန ပစ္စယော။

ခန္ဓာ ဝတ္ထုဿ။ ဝတ္ထု ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ (၁)

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ (၂)

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။

တယော ခန္ဓာ ဧကေသဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ (၃)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကေသဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ အကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ (၂)

အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကေသဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ (၃)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကေသဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကေသဿ ခန္ဓဿ ကဋတ္တာ စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ ခန္ဓာ ဝတ္ထုဿ နိဿယပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ နိဿယပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကေသဿ မဟာဘူတဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ နိဿယပစ္စယေန ပစ္စယော။ မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ၊ ကဋတ္တာရူပါနံ၊ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော, ဗာဟိရံ။ အာဟာရသမုဋ္ဌာနံ။ ဥတုသမုဋ္ဌာနံ။ အသညသတ္တာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ နိဿယပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကေသဿ မဟာဘူတဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ

မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ နိဿယပစ္စယေန ပစ္စယော။ မဟာဘူတာ ကဋတ္တာရူပါနံ, ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။ စက္ခာယတနံ စက္ခုဝိညာဏဿ နိဿယပစ္စယေန ပစ္စယော။ သောတာယတနံ။ပ။ ဃာနာယတနံ။ပ။ ဇိဝှာယတနံ။ပ။ ကာယာယတနံ ကာယဝိညာဏဿ နိဿယပစ္စယေန ပစ္စယော။ ဝတ္ထု ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ဝတ္ထု ကုသလာနံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ (၂)

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ဝတ္ထု အကုသလာနံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ (၃)

ကုသလော စ အဗျာကတော စ ဓမ္မာ ကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ (၁)

ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ (၂)

အကုသလော စ အဗျာကတော စ ဓမ္မာ အကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ (၁)

အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ အကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။ (၂)

(ပဋ္ဌာဝါရ၊ ၁၄၂-၁၄၄)

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

**"ပဋိသန္ဓေအခါ"** ၌ .....

- "ဟဒယဝတ္ထုရုပ်" သည် "ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ" ကို "သဟဇာတပစ္စယသတ္တိ" ဖြင့် ကျေးဇူးပြု၏။

**"ပဝတ္တိအခါ"** ၌ .....

- ထို"ဟဒယဝတ္ထုရုပ်"သည် "ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ" ကို "သဟဇာတပစ္စယသတ္တိ" ဖြင့် ကျေးဇူးပြုသလား... ဟု သံသယဖြစ်စရာရှိ၍ "ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ" စသည်ကို ဟောတော်မူ၏။

" **ဩက္ကန္တိက္ခဏေ**" ဟု ဟောရာ၌ မရှင်းမလင်းဖြစ်နေ၍ အမှာစကားအနေဖြင့် ထပ်မံ ရှင်းလင်းပြသောကြောင့် " ရူပိနော ဓမ္မာ" စသည်ကို ဟောတော်မူ၏။

**"ပဝတ္တိအခါ"** ၌ ...... "ဟဒယဝတ္ထုရုပ်"သည် ရှေ့ကဖြစ်ပြီး "ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ" က နောက်မှဖြစ်၏။ ထို့ကြောင့် "ပုရေဇာတပစ္စယသတ္တိ"ဖြင့် ကျေးဇူးပြု၏။ "သဟဇာတပစ္စယသတ္တိ" ဖြင့် ကျေးဇူးမပြု။

**"ပဋိသန္ဓေအခါ"** အခိုက်အတန့်၌သာ .....

- "ဟဒယဝတ္ထု"သည် "ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ" ကို "သဟဇာတပစ္စယသတ္တိ"ဖြင့် ကျေးဇူးပြု၏။

**"ပဝတ္တိအခါ"** အခိုက်အတန့်၌ကား .....

- "သဟဇာတပစ္စယသတ္တိ"ဖြင့် ကျေးဇူးမပြုဘဲ "ပုရေဇာတပစ္စယသတ္တိ"ဖြင့်သာ ကျေးဇူးပြု၏။

✦✦✦✦✦✦✦✦✦✦✦

## တည်ရာမှီရာ မြေပမာ လွန်စွာကျေးဇူးထုတ်။

## စက်, သော, ဃာ, ဇီ ကာ, ဟဒီ ခြောက်လီဝတ္ထုရုပ်။

**ကမ္မဇရုပ် အစဖြစ်/အလယ်ဖြစ်/အဆုံးဖြစ်/အဆုံးချုပ်**

- သန္ဓေစိတ်ဓာတ် ဥပါဒ်စစွာ။ (အစဖြစ်)
- ခဏတိုင်းပ ဖြစ်ကြကမ္မဇာ။ (အလယ်ဖြစ်)
- စု-မှ ပြန်ရှု ဆယ့်ခွန် ဥ-မှာ။ (အဆုံးဖြစ်)
- နောက်ဆုံးဖြစ် ချုပ်လစ် စု-ဘင်သာ။ (အဆုံးချုပ်)

- ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော "ဟဒယဝတ္ထု" သည် နောက်နောက်စိတ်ဖြစ်ဖို့ရာ မှီရာ အဖြစ်ဖြင့် ကျေးဇူးပြု၏။ ဘဝတစ်လျှောက် နောက်ဆုံးသေနေ့အထိ ဖြစ်၏။
- ပဋိသန္ဓေစိတ်၏ ဥပါဒ်ကစ၍ "ကမ္မဇရုပ်" **စ-ဖြစ်**၏။
- ဖြစ်နေသောစိတ်တို့၏ ဥပါဒ်ခဏတိုင်းမှာ "ကမ္မဇရုပ်"များ ဖြစ်နေ၏။ (**အလယ်ပိုင်းဖြစ်မှု**)
- စုတိစိတ်မှ နောက်ပြန်ဆုတ် ရေတွက်လျှင် (၁၇) ချက်မြောက်စိတ်၏ ဥပါဒ်ခဏမှာ "ကမ္မဇရုပ်"များ **နောက်ဆုံးဖြစ်**၏။
- "ကမ္မဇရုပ်"သည် စုတိစိတ်၏ ဘင်နှင့်ပြိုင်၍ **နောက်ဆုံးချုပ်**၏။

## ❀ သဟဇာတနိဿယ ❀

**"သဟဇာတနိဿယ"**သည် "သဟဇာတ"နှင့် တူသည်ဟုဆိုလျှင်.....

ရူပိနောဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော။

ကိဉ္စိကာလေ န သဟဇာတပစ္စယေန ပစ္စယော။

ဟု " နိဿယပစ္စည်း" မှာ အဘယ့်ကြောင့် မဟောပါသလဲ" ဟု မေးစရာရှိ၏၊

"ရူပိနော ဓမ္မာ" စသည် ဟောထားရာ၌ "ပစ္စည်းတရား"သည် **"ရုပ်"**၊ "ပစ္စယုပ္ပန်တရား" သည် **"နာမ်"**ဖြစ်၏။ ထို "ပစ္စည်းတရား - ရုပ်" ၊ "ပစ္စယုပ္ပန်တရား - နာမ်" ကို **"ဝတ္ထုပုရေဇာတ နိဿယ"**ပစ္စည်းမှာ ဟောလတ္တံ့ဖြစ်သောကြောင့် မဟောခြင်းဖြစ်၏။

## ❀ ပုရေဇာတနိဿယ ❀

**"ပုရေဇာတနိဿယ"**ကို **"ဝတ္ထုပုရေဇာတနိဿယ"** ဟုလည်း ခေါ်၏။

**ဝတ္ထုပုရေဇာတနိဿယ** = ဝတ္ထု + ပုရေဇာတ + နိဿယ။

**ဝတ္ထု** = စိတ်၊ စေတသိက်တရားတို့၏ မှီရာဝတ္ထုရုပ် (၆) ပါး။

**ပုရေဇာတ** = ထိုဝတ္ထုရုပ် (၆)ပါးတို့သည် မိမိတို့ကို မှီ၍ဖြစ်ကြသော စိတ်၊ စေတသိက် တို့ မဖြစ်မီ ရှေးဦးစွာ ဖြစ်ခြင်းသဘော။

**နိဿယ** = ထိုဝတ္ထုရုပ် (၆)ပါးတို့သည် စိတ်၊ စေတသိက် တို့၏ မှီရာတည်ရာ ဖြစ်၏။

## ❀ ဝတ္ထုပုရေဇာတပစ္စည်း၏ အင်္ဂါ (၄) ပါး ❀

၁။ ဝတ္ထုရုပ်လည်း ဖြစ်ခြင်း။

၂။ စိတ်၊ စေတသိက်၊ ပစ္စယုပ္ပန်တရား တို့၏ အာရုံဖြစ်ခြင်း။

၃။ စိတ်၊ စေတသိက်၊ ပစ္စယုပ္ပန်တရားတို့ မဖြစ်မီ ရှေးဦးစွာဖြစ်ခြင်း။

၄။ နိဿယသတ္တိဖြင့် အမှီခံရခြင်းတို့ ဖြစ်သည်။

ဝတ္ထုရုပ် (၆) ပါး တို့သည် အရူပဝိပါက်စိတ် (၄) ခု မှတပါး စိတ် (၈၅)၊ စေတသိက် (၅၂) တို့အား "ဝတ္ထုပုရေဇာတနိဿယ"သတ္တိဖြင့် ကျေးဇူးပြုကြ၏။

**မေး ။ ။** "ဝတ္ထုရုပ်တို့သည် စိတ်၊ စေတသိက်တို့ မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့်၍ ချုပ်ပျောက်သွားပြီး နောက်မှ ကျေးဇူးပြုကြသလား?"ဟု မေးစရာရှိ၏။

"ရုပ်သက်"သည် ('အနန္တရပစ္စည်း' အရ) "စိတ်သက်"ထက် (၁၇) ဆ အသက်ရှည်သောကြောင့် ဝတ္ထုရုပ်တို့သည် မိမိတို့ကိုမှီ၍ ('အာရမ္မဏပစ္စည်း' အရ) စိတ်ဖြစ်စဉ်သဘောအရ ဖြစ်ထိုက်သမျှ သော စိတ်၊ စေတသိက်တရားတို့ အားလုံးဖြစ်ပြီးမှ ချုပ်ပျောက်ကြ၏။

"အတ္ထိပစ္စည်း" (ထင်ရှားရှိလျက်သာ ကျေးဇူးပြုခြင်း) ၏ သဘောလည်း ဤနိဿယပစ္စည်း၌ ပါဝင်နေသောကြောင့် ဝတ္ထုရုပ်တို့သည် စိတ်၊ စေတသိက်တို့ မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့်ကြသော်လည်း မချုပ်ပျောက်သေးပဲ ထင်ရှားရှိနေစဉ်အခါ၌သာ ထို စိတ်၊ စေတသိက်တရားတို့အား ကျေးဇူးပြုနိုင် ကြ၏။

ထို့ကြောင့် တရားတစ်ခု၏ ကျေးဇူးပြု သဘောလက္ခဏာ အလုံးစုံကို အပြည့်အစုံ သိရှိနားလည်နိုင်ရန်မှာ ထိုတရား၏ ကျေးဇူးပြုပုံ ပါဝင်သောပစ္စည်းများ၏ သဘောလက္ခဏာအလုံးစုံကို စုပေါင်း၍ စဉ်းစားဖို့ရာ အထူးလိုအပ်၏။

အရူပဝိပါက်စိတ် (၄) ခုသည် ရုပ်မရှိသော အရူပလေးဘုံ၌သာ ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ် ဖြစ်၍ ကြဉ်ရ၏။

အရူပကုသိုလ်စိတ် (၄) ခုနှင့် ကြိယာစိတ် (၄) ခုတို့သည် ပဝတ္တိအခါတွင် ခန္ဓာငါးပါးရှိသော ပဉ္စဝေါကာရဘုံများ၌ ဖြစ်နိုင်ကြသဖြင့် မကြဉ်ရခြင်း ဖြစ်၏။

ပြင်ပအာရုံများကို ခံယူ၍ စိတ်ဝိညာဉ်များ ဖြစ်ပေါ်ရာ ဝတ္ထုရုပ် (၆)ပါး တို့တွင် အချို့သည် ပဋိသန္ဓေခဏ၌ မဖြစ်ကြသေး။ အချို့မှာ ဖြစ်ကြသော်လည်း ကျေးဇူးမပြုနိုင်ကြသေးပါ။ ပဋိသန္ဓေစိတ် ဖြစ်ပြီးနောက် ပဝတ္တိအခါ၌သာ စိတ်၊ စေတသိက် တို့၏ မှီရာတည်ရာ အဖြစ်ဖြင့်သာ ကျေးဇူးပြုနိုင်ကြ၏။ ထို့ကြောင့် "ဝတ္ထုပုရေဇာတနိဿယပစ္စည်း"ကို ပဝတ္တိအခါ၌သာ ယူရ၏။

“ဝတ္ထုပုရေဇာတနိဿယပစ္စည်း”သည် ဝတ္ထုရုပ် (၆) ပါးကို အမှီပြု၍ စိတ်၊ စေတသိက်ဖြစ်ပုံကို ပြသောကြောင့် ရုပ်မရှိဘဲ နာမ်သက်သက်ချည်းရှိသော အရူပ (၄) ဘုံ၊ နာမ်မရှိဘဲ ရုပ်သက်သက်ချည်း ရှိသော ‘အသညသတ်ဘုံ’ တို့နှင့် မသက်ဆိုင်။ ရုပ်နာမ် (၂) ပါးရှိသော ပဉ္စဝေါကာရ (ကာမ၊ ရူပ) (၂၆)ဘုံ တို့နှင့်သာ သက်ဆိုင်၏။

ဝတ္ထုရုပ် (၆)ပါးတို့သည် ပဉ္စဝေါကာရဘုံ၌ ပဝတ္တိအခါတွင် ရှေးကကြိုတင် ဖြစ်နှင့်ကြ၍ နောက်မှ ဖြစ်သော ဝိညာဏဓာတ် (၇) ပါးတို့အား မှီရာအဖြစ်ဖြင့် ကျေးဇူးပြုကြ၏။ ထိုတွင် ပဉ္စဝတ္ထုရုပ် (၅)ပါး တို့သည် နောက်မှဖြစ်သော ပဉ္စဝိညာဏဓာတ် (၅)ပါးတို့အား မှီရာအဖြစ်ဖြင့် ကျေးဇူးပြု၏။

ထို ပဉ္စဝတ္ထုရုပ်တို့သည် ပဉ္စဝိညာဏဓာတ်တို့ မဖြစ်မီ ကြိုတင်ဖြစ်နှင့်၏။ ပဉ္စဝိညာဏဓာတ်တို့ ဖြစ်လာခိုက်၌လည်း မချုပ်ကြသေးဘဲ ပစ္စုပ္ပန်ထင်ရှားရှိနေဆဲဖြစ်လျက် ဝိညာဏဓာတ်တို့၏ အမှီကို ခံကြ၏။

## ❁ နာမ်တရားတို့ ရှေးရှေးဝတ္ထုရုပ်ကို မှီရခြင်း ❁

စိတ်၊ စေတသိက် နာမ်တရားတို့သည် မိမိနှင့်အတူဖြစ်သော ဝတ္ထုရုပ်ကို မမှီဘဲ မိမိ၏ ရှေး၌ ဖြစ်သော ဝတ္ထုရုပ်တို့ကိုသာ မှီကြရ၏။ အကြောင်းမှာ ရုပ်တရားတို့သည် ဥပါဒ်ဆဲခဏ၌ လွန်စွာ အားနည်းကြ၏။ ဌီခဏသို့ ရောက်မှသာ အားရှိ၏။ ထို့ကြောင့် ဥပါဒ်ဆဲဖြစ်သော ရုပ်တရား အားလုံးတို့သည် နာမ်တရား၏ မှီရာ နိဿယပစ္စည်း မဖြစ်နိုင်။

## ❀ ပဋိသန္ဓေစိတ်၏ မှီရာ ❀

ပဋိသန္ဓေစိတ်ဖြစ်ပြီးနောက်၌ ဖြစ်လာသော ပထမဘဝင်၊ ဒုတိယဘဝင် စသော နာမ်တရားတို့သည် မိမိတို့၏ ရှေး၌ ကြိုတင်ဖြစ်နှင့်၍ ပဋိသန္ဓေစိတ်နှင့် အတူဖြစ်သော "ဟဒယဝတ္ထု"ကို မှီ၏။

သို့သော် ပဋိသန္ဓေစိတ်သည်ကား မိမိရှေး၌ ကြိုတင်ဖြစ်နှင့်သော ဝတ္ထုရုပ် မရှိ။ အမှီ မရှိ၍လည်း မဖြစ်နိုင်။ ထို့ကြောင့် မိမိနှင့်အတူဖြစ်လာသော "ဟဒယဝတ္ထုရုပ်"ကိုသာ မှီရ၍ "သဟဇာတနိဿယ"သာ ဖြစ်၏။ "ဝတ္ထုပုရေဇာတနိဿယ" မဖြစ်။

## ❀ သေခါနီးစုတိစိတ်၏ မှီရာ ❀

မရဏာသန္နဇောဝီထိ၌ သေခါနီးအခါတွင် စုတိစိတ်မှပြန်၍ ရေတွက်လျှင် (၁၇) ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်သည် အလုံးစုံသော မနောဓာတ်၊ မနောဝိညာဏဓာတ်တို့၏ မှီရာ "ဝတ္ထုပုရေဇာတနိဿယပစ္စည်း" ဖြစ်၏။

ထိုဟဒယဝတ္ထုရုပ်သည် သေခါနီးအခါ၌ မိမိကိုယ်တိုင်က လွန်စွာအားနည်းနေသည့်အပြင် များစွာသောစိတ်တို့၏ အမှီကို ခံရသဖြင့် လူအိုတစ်ယောက်၏အပေါ်တွင် လူအများဝိုင်းအုံ ဖိခံရသကဲ့သို့ဖြစ်ရ၍ မိမိကိုမှီသော စုတိစိတ်နှင့် ဥပါဒ်ပြိုင်၍ တစ်ခါတည်းချုပ်၏။ ထိုသို့ "ဟဒယဝတ္ထုရုပ်" နှင့် "စုတိစိတ်" တို့ တစ်ပြိုင်နက်ချုပ်မှုကိုပင် သေဆုံးသည်ဟု ဆို၏။

## ❀ "ဝတ္ထုပုရေဇာတနိဿယသတ္တိ" နှင့် အချိန်၊ နေရာ၊ ပုဂ္ဂိုလ် ❀

"ဝတ္ထုပုရေဇာတနိဿယသတ္တိ"သည် ကာလအားဖြင့် ပစ္စုပ္ပန်ဖြစ်ဆဲအခိုက်၌သာ ကျေးဇူးပြု၏။ ဒေသအားဖြင့် ပဉ္စဝေါကာရ (၂၆) ဘုံ၌သာ ကျေးဇူးပြုနိုင်၏။ စတုဝေါကာရဘုံ၊ ဧကဝေါကာရဘုံ တို့၌ ကျေးဇူးမပြု။ ထိုဘုံတို့၌ နာမ်တရားတို့သည် ဘာဝနာအစွမ်းဖြင့်သာ ဖြစ်ပေါ်ကုန်၏။ ရူပဘုံတို့၌ လည်း စက္ခု၊ သောတ၊ ဟဒယဝတ္ထုတို့သာ ကျေးဇူးပြုနိုင်၏။

အခြားဝတ္ထုရုပ်များ မရှိကြ။ ပုဂ္ဂိုလ်အား ဖြင့် ပုဂ္ဂိုလ် (၁၂) ယောက်လုံးတို့၌ အဇ္ဈတ္တ၊ ဗဟိဒ္ဓသန္တာန်၌ ကျေးဇူးပြု၏။

မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့၌ ဟဒယဝတ္ထုသာ ကျေးဇူးပြုနိုင်၏။

နိရောဓသမာပတ် ဝင်စားခိုက်၌ကား ကျေးဇူးမပြုနိုင်။

"ယံ ရူပံ နိဿာယ...." စသည်ဖြင့် ဟောထားရာတွင် "ရူပံ" အရ "ဟဒယဝတ္ထု"ကို ရည်ရွယ်ပြီး ဟောထားခြင်းဖြစ်ကြောင်းကို အဋ္ဌကထာ၌ ပြထား၏။

ရုပ်တရား နှင့် နာမ်တရား တို့သည် တစ်ပါးကို တစ်ပါးက အမှီပြု၍ ဖြစ်တည်ရှင်သန်ကြရ၏။ ရုပ်တရားသည် အကန်းနှင့်တူ၍ နာမ်တရားသည် အကျိုးနှင့် တူ၏။ ကန်းနေသော ရုပ်တရားသည် သူ့ချည်းလည်း မမြင်နိုင်။ ကျိုးနေသော နာမ်တရားသည်လည်း သူ့ချည်းလည်း မသွားမလာနိုင်။

အကန်းနှင့် အကျိုးတို့ ပူးပေါင်းဆောင်ရွက်နိုင်မှသာ မြင်နိုင်သွားလာနိုင်သကဲ့သို့ ဖြစ်၏။ ထို့ကြောင့် ရှေးဆရာတို့သည်...

**"ရုပ်ကန်း နာမ်ကျိုး ကျောကပိုး၍ ကျောပိုးနာမ်ရုပ် ငါ(သူ)မဟုတ် ဟုတ်တာနာမ်နှင့်ရုပ်"**

ဟု မိန့်တော်မူကြ၏။

◊★◊★◊★◊★◊★

**ရုပ်နှင့်နာမ်သည် အဘယ်တရားက အရေးကြီးသနည်း။**

ပဉ္စဝေါကာရဘုံသားတို့မှာ ရုပ်တရားနှင့် နာမ်တရားတို့သည် အချင်းချင်းအမှီပြု၍သာ ရှင်သန် ဖြစ်တည်ကြရ၏။ တစ်ခုတည်းရှိနေရုံမျှနှင့် အကျိုးမပြီးပါ။

အကယ်၍ ရုပ်သာ အရေးကြီး၍ အဓိကကျသည်ဟု ယူဆသောပုဂ္ဂိုလ်သည် နာမ်တရားကို အပြစ်မြင်ပြီး ပဉ္စမရှာန်ရအောင် အားထုတ်လျှင် ရုပ်သာရှိသော အသညသတ်ဘုံသို့ ရောက်ရ၏။

အကယ်၍ နာမ်သာ အရေးကြီး၍ အဓိကကျသည်ဟု ယူဆသောပုဂ္ဂိုလ်သည် ရုပ်တရားကို အပြစ်မြင်ပြီး ပဥ္စမဈာန်ရအောင် အားထုတ်လျှင် နာမ်သာရှိသော အရူပလေးဘုံသို့ ရောက်ရ၏။ ရုပ်ပြစ်ရှစ်ပါးတွင် ပါဝင်သောဘုံများဖြစ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရလိုသော ပုဂ္ဂိုလ်သည် "ရုပ်တရား" နှင့် "နာမ်တရား" နှစ်ပါးကို ဝိပဿနာရှုရမည်။ သို့မှသာ လိုချင်သောတရားနှင့် ပြည့်စုံနိုင်၏။

## ❁ ဝိပဿနာရှုနည်း ❁

ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်သည်

(၁) "သဘာဝလက္ခဏာ"ကိုသိမြင်အောင်ရှုရ၏။ ထိုသဘာဝလက္ခဏာသည်...

- ရုပ်နာမ်တို့၏သဘာဝ၊
- ကြောင်းကျိုးသဘာဝ ဟူ၍ နှစ်မျိုးရှိ၏။

ထိုတွင်...

- ရုပ်သဘာဝ၊
- နာမ်သဘာဝ တို့ကို အစဦးဆုံးသိမြင်အောင် ရှုရ၏။

ယင်း ရုပ်သဘာဝ၊ နာမ်သဘာဝ တို့ကို ဉာဏ်ဖြင့်သိမြင်လျှင် ထိုရုပ်နာမ်သဘာဝတို့၏ "အကြောင်းအကျိုး ဆက်စပ်ဖြစ်နေမှု"ကို သိမြင်အောင်ရှုရ၏။

(၂) "သာမညလက္ခဏာ"ကို သိမြင်အောင်ရှုရ၏။

ထို့နောက် အကြောင်းအကျိုး ဆက်စပ်ဖြစ်နေသော ရုပ်နာမ်သဘာဝတို့၏ "အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော"ကို သိမြင်အောင် ရှုရ၏။

(၃) “သင်္ခတလက္ခဏာ”ကို သိမြင်အောင်ရှုရ၏။

ထို့နောက် အကြောင်းအကျိုး ဆက်စပ်ဖြစ်နေသော ရုပ်နာမ်သဘာဝတို့၏ ဥပါဒ်, ဌီ, ဘင်၊ ဖြစ်, တည်, ပျက်၊ အစ, အလယ်, အဆုံးကို သိမြင်အောင်ရှုရ၏။ အကြောင်းအကျိုး ဆက်စပ်ဖြစ်နေသော ရုပ်နာမ်သဘာဝတို့၏ ခပ်သွက်သွက်ဖြစ်ပေါ်ပြီး ခပ်သွက်သွက် ပျောက်သွားသည့်သဘောကို ဉာဏ်ဖြင့်သိမြင်ရသောအခါ တစ်ရှူတစ်ရှိုက်ထဲ မဟုတ်ဘဲ၊ တစ်ဖောင်း တစ်ပိန်တည်း မဟုတ်ဘဲ၊ တစ်ကွေးတစ်ဆန့်တည်း မဟုတ်ဘဲ၊ ခြေတစ်လှမ်း တည်း တစ်ခုတည်းမဟုတ်ဘဲ တစ်ရှူတစ်ရှိုက်စသည်အတွင်း၌ ရုပ်နာမ်သဘာဝတို့၏ များစွာ ဖြစ်ပျက်နေသည်ကို ဉာဏ်ဖြင့်သိမြင်ရခြင်းသည်ပင် “အစ, အလယ်, အဆုံးကို သိမြင်သည်” ဟုဆိုလို၏။

ဤသို့ ရှုသိနေလျှင် “ဝိပဿနာဉာဏ်စဉ်ဖြစ်ပုံများ”နှင့် ညီညွတ်၏။

## ❁ “သဟဇာတ”, “အညမည”, “နိဿယပစ္စည်း”တို့၏ လက်တွေ့ကျင့်စဉ် ❁

ဝိပဿနာရှုရာ၌ ယောဂီသည် စွဲလမ်းနေသော ခန္ဓာငါးပါးတို့ကို ရှု၏။ ထို့ကြောင့် ကမ္မဋ္ဌာန်း သည်...

- ရုပ် (ရူပက္ခန္ဓာ) ကို ရှုလျှင်
  - “ရုပ်ကမ္မဋ္ဌာန်း”၊
- နာမ်တရား (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဟူသော နာမ်ခန္ဓာလေးပါး)ကိုရှုလျှင်
  - “နာမ်ကမ္မဋ္ဌာန်း”...

ဟူ၍ နှစ်မျိုးရှိ၏။

❖ ဈာန်မရဘဲ ဝိပဿနာသက်သက် ရှုသောပုဂ္ဂိုလ် (သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်) သည် ရုပ်တရားကို စပြီးရှုလိုလျှင် ဓာတ်သဘောသည်ပို၍ထင်ရှားသဖြင့် "ဓာတ်သဘော"ကို ရှုရ၏။ ဓာတ် သဘောကိုမြင်သိမှ "ပရမတ်သဘော"ကိုသိမြင်၏၊ ပရမတ်သဘောကို သိလျှင် "ပညတ် သဘော" ပျောက်၏၊ ပရမတ်သဘောကို လက္ခဏာရေးသုံးပါးတို့ဖြင့် ရှုသိမှသာ "ဝိပဿနာ" ဟူ၍ပြောဆိုရာ၏။

- ➲ ဓာတ်ကမ္မဋ္ဌာန်းသည် အကျဉ်းရှုနည်း၊ အကျယ်ရှုနည်းဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင်...
  - ▪ မဟာသတိပဋ္ဌာနသုတ်၌ ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းရှုနည်းကို ဟော၏။
  - ▪ မဟာရာဟုလောဝါဒသုတ်စသည်၌ကား ဓာတ်ကမ္မဋ္ဌာန်း အကျယ်ရှုနည်းကို ဟော၏။

❖ ဈာန်ရပုဂ္ဂိုလ် (ဈာနဝိပဿနာယာနိက ပုဂ္ဂိုလ်)သည် နာမ်တရားကို စပြီး ရှုလိုလျှင် "ဈာန်အင်္ဂါ"များကို ရှုရ၏။

## ✦ ရုပ်ရှုနည်း (၂) မျိုး ✦

ရုပ်ရှုနည်းသည်...

(၁) ဓာတ်ကြီးလေးပါးကိုရှုခြင်း

(၂) ရုပ်အားလုံးကိုရှုခြင်း

ဟူ၍ နှစ်မျိုးရှိ၏။

ထိုတွင်...

- ➢ "ဓာတ်ကြီးလေးပါးရှုခြင်း"ကို ကီသုကောပမသုတ် (သံ၊ ၂၊ ၃၉၆၊ ဌ၊ ၉၇) ၌ ဟော၏။
- ➢ "ရုပ်အားလုံးရှုခြင်း"ကို မဟာဝေဒလ္လသုတ် (မ၊ ၁၊ ၂၈၁၊ ဋ၊ ၁၊ ၁၅၉)၊ ဝေဒလ္လသုတ် (အံ၊ ၃၊ ၅၄၆၊ ဋ၊ ၃၊ ၃၄၈)တို့၌ ဟော၏။

# ✦ ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းရှုနည်း ✦

ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းရှုလိုသောပုဂ္ဂိုလ်သည် ဓာတ်လေးပါးတို့၏ သဘာဝတရားများကို နားလည်ထားဖို့လို၏။

၁။ “ပထဝီဓာတ်”သည် မြေသာမညကို ဆိုလိုသည်မဟုတ်ဘဲ မြေ၏”သဘာဝ”ကို ဆိုလို၏။ ထိုမြေ၏ သဘာဝသည်...

(က) မာမှုသဘော　　( ခ ) ပျော့မှုသဘော

( ဂ ) ကြမ်းမှုသဘော　　(ဃ) ချောမှုသဘော

( င ) လေးမှုသဘော　　( စ ) ပေါ့မှုသဘော ဟူ၍ (၆)မျိုး ရှိ၏။

၂။ “အာပေါဓာတ်”သည် ရေသာမညကို ဆိုလိုသည်မဟုတ်ဘဲ ရေ၏”သဘာဝ”ကို ဆိုလို၏။ ထိုရေ၏ သဘာဝသည်...

(က) ယိုစီးမှုသဘော　　( ခ ) ဖွဲ့စည်းမှုသဘော ဟူ၍ (၂)မျိုး ရှိ၏။

၃။ “တေဇောဓာတ်”သည် မီးသာမညကို ဆိုလိုသည်မဟုတ်ဘဲ မီး၏”သဘာဝ”ကို ဆိုလို၏။ ထိုမီး၏ သဘာဝသည်...

(က) ပူမှုသဘော　　( ခ ) အေးမှုသဘော ဟူ၍ (၂)မျိုး ရှိ၏။

၄။ “ဝါယောဓာတ်”သည် လေသာမညကို ဆိုလိုသည်မဟုတ်ဘဲ လေ၏”သဘာဝ”ကို ဆိုလို၏။ ထိုလေ၏ သဘာဝသည်...

(က) ထောက်ကန်မှုသဘော　( ခ ) တွန်းကန်မှုသဘော ဟူ၍ (၂)မျိုး ရှိ၏။

ဓာတ်လေးပါးတို့၏ သဘာဝတို့သည် အားလုံးကိုပေါင်းလျှင် (၁၂)မျိုးရှိ၏။

ဦးခေါင်းထိပ်မှ ခြေဖျားအထိ အထက်မှအောက်ကိုင်၊ ခြေဖျားမှ ဦးခေါင်းထိပ်အထိ အောက်မှအထက်ကိုင် ဓာတ်သဘာဝတို့ကိုရှုလျှင် (၁၂) မျိုးလုံးကို သိမြင်၏။

နှာသီးဖျား သို့မဟုတ် ဝမ်းဗိုက် စသည့် ခန္ဓာကိုယ်တစ်နေရာထဲ၌ စူးစိုက်ရှုလျှင် ဓာတ်သဘာဝတို့ကို (၈)မျိုးသာ သိမြင်၏။ ပထဝီဓာတ်သဘာဝ (၆) မျိုးတို့သည် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် မာမှု၊ ကြမ်းမှု၊ လေးမှု သဘော (၃) မျိုးကိုသိမြင်လျှင် အခြားသုံးမျိုးကိုကား မသိမြင်နိုင်။ တေဇောဓာတ် သဘာဝ (၂) မျိုး တို့သည် ဆန့်ကျင်ဘက်ဖြစ်၍ ပူမှုသဘာဝ သိမြင်လျှင် အေးမှုသဘော ကို မသိမြင်နိုင်။ ထို့ကြောင့် ဆန့်ကျင်ဘက် (၄) မျိုးကို မသိမြင်နိုင်သဖြင့် (၈)မျိုးတို့သာ သိမြင်နိုင်၏။

"ဓာတ်သဘာဝ"တို့သည် တပြိုင်နက် အတူဖြစ်နေကြ၏၊ အချင်းချင်း အပြန်အလှန် မှီနေကြ၏၊ ထို့ကြောင့်...

- ဝါယောဓာတ် (၁) ပါး ၏ သဘာဝကို သိမြင်နေလျှင် အခြားဓာတ် (၃) ပါး တို့၏ သဘာဝကိုလည်း သိမြင်၏။
- ဓာတ် (၃) ပါး တို့၏ သဘာဝကိုသိမြင်နေလျှင် အခြားဓာတ် (၁) ပါး၏ သဘာဝကိုလည်း သိမြင်၏။
- ဓာတ် (၂) ပါး တို့၏ သဘာဝကိုလည်းသိမြင်နေလျှင် အခြား ဓာတ် (၂) ပါး တို့၏ သဘာဝကိုလည်း သိမြင်၏။

"နာမ်ခန္ဓာလေးပါး"တို့သည် တပြိုင်နက် အတူဖြစ်နေကြ၏၊ အချင်းချင်း အပြန်အလှန် မှီနေကြ၏။ ထို့ကြောင့် ဝေဒနာခံစားမှုသဘောတစ်ခုကို သိမြင်နေလျှင် ထိုခံစားမှုကို ကောင်းစွာမှတ်သားထားသည့် သညာ၏သဘော၊ ထိုခံစားမှုကို ကြောင့်ကြစိုက်၍ အမှတ်ရသည့် သင်္ခါရတို့၏ သဘော၊ ထိုခံစားမှုကို သိနေသည့် ဝိညာဉ်၏သဘော(၃)ခုတို့ကိုလည်း သိမြင်၏။

- နာမ်ခန္ဓာ (၁) ပါး ၏ သဘောကို သိမြင်လျှင် အခြားနာမ်ခန္ဓာ (၃) ပါး တို့၏ သဘောကိုလည်း သိမြင်၏။
- နာမ်ခန္ဓာ (၃) ပါး တို့၏ သဘောကိုသိမြင်လျှင် အခြားနာမ်ခန္ဓာ (၁) ပါး ၏ သဘောကိုလည်း သိမြင်၏။
- နာမ်ခန္ဓာ (၂) ပါး တို့၏ သဘောကိုသိမြင်လျှင် အခြားနာမ်ခန္ဓာ (၂) ပါး တို့၏ သဘောကိုလည်း သိမြင်၏။

# ဥပနိဿယပစ္စယော

## ဥပနိဿယပစ္စယောတိ

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ဥတု ဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။

သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

## ❁ ဥပနိဿယပစ္စည်း အစိပ္ပါယ် ❁

"**ဥပနိဿယပစ္စည်း**" သည် အင်မတန် ကျယ်ဝန်း၏။

လောက၌ လူသားတို့ ပြောဆိုသုံးနှုန်းနေသော အကြောင်းအကျိုးများသည် အဘယ်ကြောင့်ဖြစ်၏။ ဘယ်အလှူသည် အဘယ်ကြောင့်ဖြစ်၏။ ဘယ်ပုဂ္ဂိုလ်သည် အဘယ်အကြောင်းကြောင့်ဖြစ်၏... စသည်များကို ပဋ္ဌာန်းပစ္စည်းဖြင့် ပြောရလျှင် "ဥပနိဿယပစ္စည်း" ကိုပဲ ပြောရခြင်း များ၏။

လူတို့ပြုလုပ်ကြသော ကုသိုလ်ကံ၊ အကုသိုလ်ကံ အကြောင်းတို့သည်...

၁။ အားကြီးသော အကြောင်းတရား

၂။ အားနည်းသော အကြောင်းတရား ဟု နှစ်မျိုးရှိ၏။

"**ဥပနိဿယပစ္စည်း**" သည် သာမည (အားနည်းသောအကြောင်းတရား) မဟုတ်၊ **အားကြီးသော အကြောင်းတရား** ဖြစ်၏။

## ❁ ဥပနိဿယ (၃) မျိုး ❁

(၁) **အာရမ္မဏူပနိဿယ**

စိတ်များဖြစ်ပေါ်လာရာ၌ ထက်သန်အားကောင်းသော အာရုံတို့သည် အားကြီးသော မှီရာဖြစ်၏။ သာမန်အာရုံမဟုတ်ဘဲ အလွန်စွဲမက်လောက်သော အာရုံ၊ လွန်စွာကြည်နူးဖွယ်ကောင်းသော အာရုံဖြစ်၏။ ထိုအာရုံတို့သည် မိမိတို့ကို အလေးအနက် အာရုံပြုကြသောပုဂ္ဂိုလ်တို့၏ သန္တာန်၌ စိတ်၊ စေတသိက်တရားတို့အား လျင်သောအဟုန်ဖြင့်ဖြစ်စေရန် လွန်စွာကြီးမားသည့် အကြောင်းများ ဖြစ် ကြ၏။ "အာရမ္မဏူပနိဿယပစ္စည်း" သည် "အာရမ္မဏာဓိပတိ" နှင့် တူ၏။

(၂) **အနန္တရူပနိဿယ**

အာရုံတစ်ခုကို အာရုံပြု၍ စိတ်၊ စေတသိက်တို့ အဆက်မပြတ် ဖြစ်ကြရာဝယ် နောက်နောက်သောစိတ်တို့သည် ရှေးရှေးသောစိတ်တို့၏ ပြင်းထန်သော တွန်းအားကြောင့်သာ လျင်စွာဆက်လက် ဖြစ်ကြ၏။ "အနန္တရူပနိဿယပစ္စည်း" သည် "အနန္တရ" နှင့် တူ၏။

## (၃) **ပကတူပနိဿယ**

စိတ်၊ စေတသိက်တို့ တလစပ်ဖြစ်စေရန် အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုရာဝယ် ဖော်ပြခဲ့သောအာရုံများနှင့် ရှေးရှေးသောစိတ်တို့မှ ကြွင်းကုန်သော ပင်ကိုယ်အားဖြင့် အားကြီးသော မှီရာဖြစ်ကြသည့် အခြားသော အကြောင်းတရားတို့သည် “ **ပကတူပနိဿယ**” မည်၏။

ဤ “ပကတူပနိဿယ” သည် အလွန်ကျယ်၏။

အဇ္ဈတ္တဖြစ်စေ၊ ဗဟိဒ္ဓဖြစ်စေ... ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်များ ဖြစ်ပေါ်စေရန် **အားကြီးသော မှီရာအကြောင်းတရား**သည် “ **ပကတူပနိဿယပစ္စည်း**” ဖြစ်၏။ ထို့ကြောင့် ဤ “ပကတူပနိဿယ” ကို **ပစ္စည်းပဒေသာပင်ကြီး (မဟာပစ္စည်းကြီး)** ဟု ကျမ်းဂန်တို့၌ ဆိုထားကြ၏။

- ❖ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဟု ဆိုအပ်သော ကုသိုလ်တရားတို့သည်၎င်း၊
- ❖ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ (တောင့်တသောတဏှာ) ဟု ဆိုအပ်သော အကုသိုလ် တရားတို့သည်၎င်း၊
- ❖ ကာယိကသုခ၊ ကာယိကဒုက္ခ သည်၎င်း၊
- ❖ ကလျာဏမိတ္တစသောပုဂ္ဂိုလ် သည်၎င်း၊
- ❖ လျောက်ပတ်သော ဘောဇဉ်၊ ဥတု၊ ကျောင်းအိပ်ရာနေရာ သည်၎င်း၊
- ❖ အဇ္ဈတ္တ၊ ဗဟိဒ္ဓသန္တာန်၌ ၎င်း ...

ထိုက်သည့်အားလျော်စွာ ကုသိုလ်စိတ် (၂၁)၊ အကုသိုလ်စိတ် (၁၂)၊ ဝိပါက်စိတ် (၃၆)၊ ကြိယာစိတ် (၂၀) ပေါင်း စိတ် (၈၉)၊ စေတသိက် (၅၂) → ‘နာမက္ခန္ဓာ’ တို့အား “ပကတူပနိဿယသတ္တိ” ဖြင့် ကျေးဇူးပြု ကြ၏။

“ဥပနိဿယပစ္စည်း” ကို မိုးတွင်းကာလမှာ ထစ်ချုန်းရွာသွန်းသော မိုးကြီးနှင့်တူသည်ဟု ဥပမာ ပေးကြ၏။

| အကြောင်း (ပစ္စည်း) တရား | သင်္ချာ (၉) | | အကျိုး (ပစ္စယုပ္ပန်) တရား |
|---|---|---|---|
| အားကြီးသော ကု (၂၁)၊ စေ (၃၈)<br>အားကြီးသော အကု (၁၂)၊ စေ (၂၇)<br>အားကြီးသော ဝိ (၃၆)၊ ကြိ (၂၀)၊ စေ (၃၈)၊ ရုပ် (၂၈) | ကု<br>အကု<br>အဗျာ | ကု<br>အကု<br>အဗျာ | ကု (၂၁)၊ စေ (၃၈)<br>အကု (၁၂)၊ စေ (၂၇)<br>ဝိ (၃၆)၊ ကြိ (၂၀)၊ စေ (၃၈) |

| အကြောင်း (ပစ္စည်း) (ကုသိုလ်) တရား | အကျိုး (ပစ္စယုပ္ပန်) (ကုသိုလ်) တရား |
|---|---|
| သဒ္ဓါ (ပြဓာန်းသော မဟာကု စိတ္တုပ္ပါဒ်)<br>သီလ၊ သုတ၊ စာဂ၊ ပညာ<br>အားကောင်းသော အရ-မဂ် ကြဉ် ကု (၂၀) | ဒါန၊ သီလ၊ ဥပုသ်၊ ဈာန်၊ ဝိပဿနာ၊<br>မဂ်၊ အဘိညာဉ်၊ သမာပတ်<br>ကု (၂၁) စေ (၃၈) |

| အကြောင်း (ပစ္စည်း) (ကုသိုလ်) တရား | အကျိုး (ပစ္စယုပ္ပန်) (အကုသိုလ်) တရား |
|---|---|
| သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ<br>ပြဓာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်<br>အားကောင်းသော လောကီကု (၁၇) | မာန၊ ဒိဋ္ဌိ<br>ရာဂ၊ ဒေါသ၊ မောဟ၊ ပတ္ထနာ<br>အကု (၁၂)၊ စေ (၂၇) |

| အကြောင်း (ပစ္စည်း) (ကုသိုလ်) တရား | အကျိုး (ပစ္စယုပ္ပန်) (အဗျာကတ) တရား |
|---|---|
| သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ<br>ပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်<br><br>အားကောင်းသော ကု (၂၁) | ကိုယ်ကို ပူပန်ခြင်း၊ ရှာဖွေမှု အရင်းခံရှိသော ဆင်းရဲ၊<br>ကာယိကသုခ၊ ကာယိကဒုက္ခ၊<br>ဝိပါက်၊ ဖလသမာပတ်၊ ကြိယာသမာပတ်၊<br>ဝိ (၃၆)၊ ကြိ (၂၀) |

| အကြောင်း (ပစ္စည်း) (အကုသိုလ်) တရား | အကျိုး (ပစ္စယုပ္ပန်) (အကုသိုလ်) တရား |
|---|---|
| ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ<br>အကုသိုလ်စိတ္တုပ္ပါဒ်<br><br>အားကောင်းသော အကု (၁၂)၊ စေ (၂၇) | သတ်ခြင်း၊ ခိုးခြင်း၊ လိမ်ခြင်း၊ ကာမေသုပြုခြင်း၊<br>မူးယစ်ဆေးသုံးခြင်း၊ ဒုစရိုက်မှုပြုခြင်း၊<br>ပဉ္စာနန္တရိယကံ၊ မိစ္ဆာဒိဋ္ဌိ၊<br>အကု (၁၂)၊ စေ (၂၇) |

| အကြောင်း (ပစ္စည်း) (အကုသိုလ်) တရား | အကျိုး (ပစ္စယုပ္ပန်) (ကုသိုလ်) တရား |
|---|---|
| သတ်ခြင်း၊ ခိုးခြင်း၊ လိမ်ခြင်း၊ ကာမေသုပြုခြင်း၊<br>မူးယစ်ဆေးသုံးခြင်း၊ ဒုစရိုက်မှုပြုခြင်း၊<br>ပဉ္စာနန္တရိယကံ၊ မိစ္ဆာဒိဋ္ဌိ၊<br>ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ<br>အကု (၁၂)၊ စေ (၂၇) | ဒါန၊ သီလ၊ ဥပုသ်၊ ဈာန်၊ ဝိပဿနာ၊ မဂ်၊<br>အဘိညာဉ်၊ သမာပတ်၊<br>သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ<br><br>ကု (၂၁)၊ စေ (၃၈) |

| အကြောင်း (ပစ္စည်း) (အကုသိုလ်) တရား | အကျိုး (ပစ္စယုပ္ပန်) (အဗျာကတ) တရား |
|---|---|
| ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ<br><br>အကု (၁၂)၊ စေ (၂၇) | ကိုယ်ကိုပူပန်ခြင်း၊ ရှာဖွေခြင်း အရင်းခံရှိသောဆင်းရဲ<br>ကာယိကသုခ၊ ကာယိကဒုက္ခ၊ ဖလသမာပတ်၊ ဝိပါက်<br>ဝိ (၃၆)၊ ကြိ (၂၀)၊ စေ (၃၈) |

## ❀ "ကေသဥ္စိ" ဟု ဟောတော်မူရခြင်း ❀

ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုခြင်း၊ အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုခြင်းတို့၌ "အနန္တရူပနိဿယ" ဖြင့် ကျေးဇူးမပြုဘဲ **"အာရမ္မဏူပနိဿယ၊ ပကတူပနိဿယ"** တို့ဖြင့် ကျေးဇူးပြု၏။ ထို့ကြောင့် **"ကေသဥ္စိ"** ဟု ဟောတော်မူ၏။

စိတ်ဖြစ်စဉ် (ဝီထိ) များကိုကြည့်လျှင် ကုသိုလ်ဇောများ နောက်မှာ "တဒါရုံ" သို့မဟုတ် "ဘဝင်" ဖြစ်၏။ အကုသိုလ်ဇောဖြစ်လျှင် နောက်စိတ်ဖြစ်စဉ် တစ်ခုဖြစ်မှ ဖြစ်၏။ **စိတ်ဖြစ်စဉ် 'ဝီထိ' ခြားသွားသောစိတ်ကို "အနန္တရပစ္စည်း" မဖြစ်ပါ။**

| အကြောင်း (ပစ္စည်း) (အဗျာကတ) တရား | အကျိုး (ပစ္စယုပ္ပန်) (အဗျာကတ) တရား |
|---|---|
| ကာယိကသုခ၊ ဒုက္ခ၊ ဥတု<br>ဘောဇန၊ ပုဂ္ဂိုလ်၊ သေနာသန၊ ဖလသမာပတ်<br>ရဟန္တာ<br><br>ဝိ (၃၆)၊ ကြိ (၂၀)၊ စေ (၃၈)၊ ရုပ် (၂၈) | ကာယိကသုခ၊ ဒုက္ခ၊ ဥတု<br>ဘောဇန၊ သေနာသန၊ ဖလသမာပတ်<br>ကိရိယာသမာပတ်၊ သင်္ခါရတရားတို့ကို<br>ဝိပဿနာရှု။<br>ဝိ (၃၆)၊ ကြိ (၂၀)၊ စေ (၃၈)၊ ရုပ် (၂၈) |

| အကြောင်း (ပစ္စည်း) (အဗျာကတ) တရား | အကျိုး (ပစ္စယုပ္ပန်) (ကုသိုလ်) တရား |
|---|---|
| ကာယိကသုခ၊ ဒုက္ခ၊ ဥတု<br>ဘောဇန၊ ပုဂ္ဂိုလ်၊ သေနာသန<br><br>အရ-ဖိုလ် ကြဉ် ဝိ၊ ကြိ၊ ရုပ် | ဒါန၊ သီလ၊ ဥပုသ်၊ ဈာန်၊ ဝိပဿနာ၊ မဂ်၊<br>အဘိညာဉ်၊ သမာပတ်၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊<br>ပညာ<br>ကု (၂၁)၊ စေ (၃၈) |

| အကြောင်း (ပစ္စည်း) (အဗျာကတ) တရား | အကျိုး (ပစ္စယုပ္ပန်) (အကုသိုလ်) တရား |
|---|---|
| ကာယိကသုခ၊ ဒုက္ခ၊ ဥတု<br>ဘောဇန၊ သေနာသန<br><br><br>လောကီဝိ (၃၂)၊ ကြိ (၂၀)၊ စေ (၃၈)၊ ရုပ် (၂၈) | သတ်ခြင်း၊ ခိုးခြင်း၊ ကာမေသုမိစ္ဆာစာရ<br>လိမ်ခြင်း၊ မူးယစ်ဆေးသုံးခြင်း၊<br>ပဉ္စာနန္တရိယကံ<br>ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ<br>အကု (၁၂)၊ စေ (၂၇) |

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော, အနန္တရူပနိဿယော, ပကတူပနိဿယော။

**အာရမ္မဏူပနိဿယော** – ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ, တံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ သေက္ခာ ဂေါတြဘုံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ ဝေါဒါနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။

**အနန္တရူပနိဿယော** – ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။ အနုလောမံ ဂေါတြဘုဿ။ အနုလောမံ ဝေါဒါနဿ။ ဂေါတြဘု မဂ္ဂဿ။ ဝေါဒါနံ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။

**ပကတူပနိဿယော** – သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ သီလံ။ပ။ သုတံ။ပ။ စာဂံ။ပ။ ပညံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ သဒ္ဓါ။ သီလံ။ သုတံ။ စာဂေါ။ ပညာ ။ သဒ္ဓါယ။ သီလဿ။ သုတဿ။ စာဂဿ။ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော။

ပဌမဿ ဈာနဿ ပရိကမ္မံ ပဌမဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒုတိယဿ ဈာနဿ ပရိကမ္မံ ဒုတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။ တတိယဿ ဈာနဿ ပရိကမ္မံ တတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။ စတုတ္ထဿ ဈာနဿ ပရိကမ္မံ စတုတ္ထဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာကာသာနဉ္စာယတနဿ ပရိကမ္မံ အာကာသာနဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဝိညာဏဉ္စာယတနဿ ပရိကမ္မံ ဝိညာဏဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာကိဉ္စညာယတနဿ ပရိကမ္မံ အာကိဉ္စညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ နေဝသညာ နာသညာယတနဿ ပရိကမ္မံ နေဝသညာနာသညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပဌမံ ဈာနံ ဒုတိယဿ ဈာနဿ ဥပနိဿယပစ္စယေန

ပစ္စယော။ ဒုတိယံ ဈာနံ တတိယဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။ တတိယံ ဈာနံ စတုတ္ထဿ ဈာနဿ ဥပနိဿယပစ္စယေန ပစ္စယော။ စတုတ္ထံ ဈာနံ အာကာသာနဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာကာသာနဉ္စာယတနံ ဝိညာဏဉ္စာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဝိညာဏဉ္စာယတနံ အာကိဉ္စညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာကိဉ္စညာယတနံ နေဝသညာနာသညာယတနဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒိဗ္ဗဿ စက္ခုဿ ပရိကမ္မံ ဒိဗ္ဗဿ စက္ခုဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒိဗ္ဗာယ သောတဓာတုယာ ပရိကမ္မံ ဒိဗ္ဗာယ သောတဓာတုယာ ဥပနိဿယပစ္စယေန ပစ္စယော။ ဣဒ္ဓိဝိဓဉာဏဿ ပရိကမ္မံ ဣဒ္ဓိဝိဓဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ စေတောပရိယဉာဏဿ ပရိကမ္မံ စေတောပရိယဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ပရိကမ္မံ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ယထာကမ္မူပဂဉာဏဿ ပရိကမ္မံ ယထာကမ္မူပဂဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ အနာဂတံသဉာဏဿ ပရိကမ္မံ အနာဂတံသဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒိဗ္ဗစက္ခု ဒိဗ္ဗာယ သောတဓာတုယာ ဥပနိဿယပစ္စယေန ပစ္စယော။ ဒိဗ္ဗသောတဓာတု ဣဒ္ဓိဝိဓဉာဏဿ ဥပနိဿယ ပစ္စယေနပစ္စယော။ ဣဒ္ဓိဝိဓဉာဏံ စေတောပရိယဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ စေတော ပရိယဉာဏံ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပုဗ္ဗေနိဝါသာနုဿတိဉာဏံ ယထာကမ္မူပဂဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ယထာကမ္မူပဂဉာဏံ အနာဂတံသဉာဏဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပဌမဿ မဂ္ဂဿ ပရိကမ္မံ ပဌမဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ ဒုတိယဿ မဂ္ဂဿ ပရိကမ္မံ ဒုတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ တတိယဿ မဂ္ဂဿ ပရိကမ္မံ တတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ စတုတ္ထဿ မဂ္ဂဿ ပရိကမ္မံ စတုတ္ထဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပဌမော မဂ္ဂေါ ဒုတိယဿ မဂ္ဂဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ ဒုတိယော မဂ္ဂေါ တတိယဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ တတိယော မဂ္ဂေါ စတုတ္ထဿ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။ သေက္ခာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ သမာပတ္တိံ

ဥပ္ပါဒေန္တိ၊ ဥပ္ပန္နံ သမာပဇ္ဇန္တိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ မဂ္ဂေါ် သေက္ခာနံ အတ္ထပ္ပဋိသမ္ဘိဒါယ, ဓမ္မပ္ပဋိသမ္ဘိဒါယ, နိရုတ္တိပ္ပဋိသမ္ဘိဒါယ, ပဋိဘာနပ္ပဋိသမ္ဘိဒါယ, ဌာနာဌာန ကောသလ္လဿ ဥပနိဿယပစ္စယေန ပစ္စယော။ (၁)

ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ ပကတူပနိဿယော။

**အာရမ္မဏူပနိဿယော** – ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ တံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

**ပကတူပနိဿယော** – သဒ္ဓံ ဥပနိဿာယ မာနံ ဇပ္ပေတိ၊ ဒိဋ္ဌိံ ဂဏှာတိ။ သီလံ။ပ။ သုတံ။ပ။ စာဂံ။ပ။ ပညံ ဥပနိဿာယ မာနံ ဇပ္ပေတိ, ဒိဋ္ဌိံ ဂဏှာတိ။ သဒ္ဓါ။ သီလံ။ သုတံ။ စာဂေါ။ ပညာ ရာဂဿ။ ဒေါသဿ။ မောဟဿ။ မာနဿ။ ဒိဋ္ဌိယာ။ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော။ (၂)

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။

**အာရမ္မဏူပနိဿယော** – အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။

**အနန္တရူပနိဿယော** – ကုသလံ ဝုဋ္ဌာနဿ။ မဂ္ဂေါ ဖလဿ။ အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ။ နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။

**ပကတူပနိဿယော** – သဒ္ဓံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ၊ ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။ သီလံ။ပ။ သုတံ။ပ။ စာဂံ။ပ။ ပညံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ, ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။ သဒ္ဓါ။ သီလံ။ သုတံ။ စာဂေါ။ ပညာ ကာယိကဿ သုခဿ။ ကာယိကဿ ဒုက္ခဿ။ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော။ အရဟာ မဂ္ဂံ ဥပနိဿာယ အနုပ္ပန္နံ

ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ မဂ္ဂေါ အရဟတော အတ္ထပ္ပဋိသမ္ဘိဒါယ, ဓမ္မပ္ပဋိသမ္ဘိဒါယ, နိရုတ္တိပ္ပဋိသမ္ဘိဒါယ, ပဋိဘာနပ္ပဋိသမ္ဘိဒါယ, ဌာနာဌာန ကောသလ္လဿ ဥပနိဿယပစ္စယေန ပစ္စယော။ မဂ္ဂေါ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ (၃)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။

**အာရမ္မဏူပနိဿယော** – ရာဂံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

**အနန္တရူပနိဿယော** – ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။

**ပကတူပနိဿယော** – ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။ ဒေါသံ ဥပနိဿာယ။ပ။ မောဟံ ဥပနိဿာယ။ပ။ မာနံ ဥပနိဿာယ။ပ။ ဒိဋ္ဌိံ ဥပနိဿာယ။ပ။ ပတ္ထနံ ဥပနိဿာယ ပါဏံ ဟနတိ။ပ။ သံဃံ ဘိန္ဒတိ။ ရာဂေါ။ ဒေါသော။ မောဟော။ မာနော။ ဒိဋ္ဌိ။ ပတ္ထနာ ရာဂဿ။ ဒေါသဿ။ မောဟဿ။ မာနဿ။ ဒိဋ္ဌိယာ။ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော။ ပါဏာတိပါတော ပါဏာတိပါတဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပါဏာတိပါတော အဒိန္နာဒါနဿ။ပ။ ကာမေသုမိစ္ဆာစာရဿ။ပ။ မုသာဝါဒဿ။ပ။ ပိသုဏာယ ဝါစာယ။ပ။ ဖရုသာယ ဝါစာယ။ပ။ သမ္ဖပ္ပလာပဿ။ပ။ အဘိဇ္ဈာယ။ပ။ ဗျာပါဒဿ။ ပ။ မိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။ အဒိန္နာဒါနံ အဒိန္နာဒါနဿ။ ကာမေသုမိစ္ဆာစာရဿ။ မုသာဝါဒဿ။ (သံခိတ္တံ။) မိစ္ဆာဒိဋ္ဌိယာ။ ပါဏာတိပါတဿ ဥပနိဿယပစ္စယေန ပစ္စယော။ (စက္ကံ ဗန္ဓိတဗ္ဗံ။) ကာမေသုမိစ္ဆာစာရော။ပ။

မုသာဝါဒေါ။ပ။ ပိသုဏဝါစာ။ပ။ ဖရုသဝါစာ။ပ။ သမ္ဖပ္ပလာပေါ။ပ။ အဘိဇ္ဈာ။ပ။ ဗျာပါဒေါ။ပ။ မိစ္ဆာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။ မိစ္ဆာဒိဋ္ဌိ ပါဏာတိပါတဿ။ အဒိန္နာဒါနဿ။ ကာမေသုမိစ္ဆာစာရဿ။ မုသာဝါဒဿ။ ပိသုဏာယ ဝါစာယ။ ဖရုသာယ ဝါစာယ။ သမ္ဖပ္ပလာပဿ။ အဘိဇ္ဈာယ။ ဗျာပါဒဿ ဥပနိဿယပစ္စယေန ပစ္စယော။ မာတုဃာတိကမ္မံ မာတုဃာတိကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ မာတုဃာတိကမ္မံ ပိတုဃာတိကမ္မဿ ဥပနိဿယ။ပ။ အရဟန္တဃာတိကမ္မဿ။ ရုဟိရုပ္ပါဒကမ္မဿ။ သံဃဘေဒကမ္မဿ။ နိယတမိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ပိတုဃာတိကမ္မံ ပိတုဃာတိကမ္မဿ။ အရဟန္တဃာတိ ကမ္မဿ။ ရုဟိရုပ္ပါဒကမ္မဿ။ သံဃဘေဒကမ္မဿ။ နိယတမိစ္ဆာဒိဋ္ဌိယာ။ မာတုဃာတိကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အရဟန္တဃာတိကမ္မံ အရဟန္တဃာတိကမ္မဿ။ ရုဟိရုပ္ပါဒကမ္မဿ။ပ။ ရုဟိရုပ္ပါဒကမ္မံ ရုဟိရုပ္ပါဒကမ္မဿ။ပ။ သံဃဘေဒကမ္မံ သံဃဘေဒကမ္မဿ။ပ။ နိယတမိစ္ဆာဒိဋ္ဌိ နိယတမိစ္ဆာဒိဋ္ဌိယာ ဥပနိဿယပစ္စယေန ပစ္စယော။ နိယတမိစ္ဆာဒိဋ္ဌိ မာတုဃာတိကမ္မဿ ဥပနိဿယ။ပ။ အရဟန္တဃာတိကမ္မဿ။ ရုဟိရုပ္ပါဒကမ္မဿ။ သံဃဘေဒကမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ (စက္ကံ ကာတဗ္ဗံ။) (၁)

အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ **ပကတူပနိဿယော** – ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ ဒေါသံ။ပ။ မောဟံ။ပ။ မာနံ။ပ။ ဒိဋ္ဌိံ။ပ။ ပတ္ထနံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ ရာဂေါ။ ဒေါသော။ မောဟော။ မာနော။ ဒိဋ္ဌိ။ ပတ္ထနာ သဒ္ဓါယ။ သီလဿ။ သုတဿ။ စာဂဿ ။ ပညာယ ဥပနိဿယ ပစ္စယေန ပစ္စယော။ ပါဏံ ဟန္တွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ အဒိန္နံ အာဒိယိတွာ။ပ။ မုသာ ဘဏိတွာ။ပ။ ပိသုဏံ ဘဏိတွာ။ပ။ ဖရုသံ ဘဏိတွာ။ပ။ သမ္ဖံ ပလပိတွာ။ပ။ သန္ဓိံ ဆိန္ဒိတွာ။ပ။ နိလ္လောပံ

ဟရိတွာ။ပ။ ကောဂါရိကံ ကရိတွာ။ပ။ ပရိပန္ထေ ဌတွာ။ပ။ ပရဒါရံ ဂန္တွာ။ပ။ ဂါမဃာတံ ကရိတွာ။ပ။ နိဂမဃာတံ ကရိတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ မာတရံ ဇီဝိတာ ဝေါရောပေတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။ ပိတရံ ဇီဝိတာ ဝေါရောပေတွာ။ပ။ အရဟန္တံ ဇီဝိတာ ဝေါရောပေတွာ။ပ။ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတွာ။ပ။ သံဃံ ဘိန္ဒိတွာ တဿ ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။ (၂)

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အနန္တရူပနိဿယော၊ ပကတူပနိဿယော။

**အနန္တရူပနိဿယော** – အကုသလံ ဝုဋ္ဌာနဿ ဥပနိဿယပစ္စယေန ပစ္စယော။

**ပကတူပနိဿယော** – ရာဂံ ဥပနိဿာယ အတ္တာနံ အာတာပေတိ ပရိတာပေတိ, ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။ ဒေါသံ။ပ။ မောဟံ။ပ။ မာနံ။ပ။ ဒိဋ္ဌိံ။ပ။ ပတ္ထနံ ဥပနိဿာယ အတ္တာနံအာတာပေတိ ပရိတာပေတိ, ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ။ ရာဂေါ။ ဒေါသော ။ မောဟော။ မာနော။ ဒိဋ္ဌိ။ ပတ္ထနာ ကာယိကဿ သုခဿ။ ကာယိကဿ ဒုက္ခဿ။ ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ အကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော။ (၃)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော, အနန္တရူပနိဿယော၊ ပကတူပနိဿယော။

**အာရမ္မဏူပနိဿယော** – အရဟာ ဖလံ ဂရုံ ကတွာ ပစ္စဝေက္ခတိ, နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဖလဿ ဥပနိဿယပစ္စယေန ပစ္စယော။

**အနန္တရူပနိဿယော** – ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ, ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။ ဘဝင်္ဂံ အာဝဇ္ဇနာယ။ ကိရိယံ ဝုဋ္ဌာနဿ။ အရဟတော အနုလောမံ ဖလသမာပတ္တိယာ။ နိရောဓာ

ဝုဋ္ဌဟန္တဿ နေဝသညာ နာသညာယတနကိရိယံ ဖလသမာပတ္တိယာ ဥပနိဿယ ပစ္စယေန ပစ္စယော။

**ပကတူပနိဿယော** – ကာယိကံ သုခံ ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ။ ကာယိကံ ဒုက္ခံ ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ။ **ဥတု** ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ။ **ဘောဇနံ** ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ။ **သေနာသနံ** ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ကာယိကံ သုခံ။ ကာယိကံ ဒုက္ခံ။ ဥတု။ ဘောဇနံ။ သေနာသနံ ကာယိကဿ သုခဿ, ကာယိကဿ ဒုက္ခဿ, ဖလသမာပတ္တိယာ ဥပနိဿယပစ္စယေန ပစ္စယော။ ဖလသမာပတ္တိ ကာယိကဿ သုခဿ ဥပနိဿယ ပစ္စယေန ပစ္စယော။

အရဟာ ကာယိကံ သုခံ ဥပနိဿာယ အနုပ္ပန္နံ ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ကာယိကံ ဒုက္ခံ။ ဥတုံ။ ဘောဇနံ။ သေနာသနံ ဥပနိဿာယ အနုပ္ပန္နံ ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ, ဥပ္ပန္နံ သမာပဇ္ဇတိ, သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ (၁)

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။

**အာရမ္မဏူပနိဿယော** – သေက္ခာ ဖလံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ, နိဗ္ဗာနံ ဂရုံ ကတွာ ပစ္စဝေက္ခန္တိ။ နိဗ္ဗာနံ ဂေါတြဘုဿ။ ဝေါဒါနဿ။ မဂ္ဂဿ ဥပနိဿယပစ္စယေန ပစ္စယော။

**အနန္တရူပနိဿယော** – အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။

**ပကတူပနိဿယော** – ကာယိကံ သုခံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ ကာယိကံ ဒုက္ခံ။ ဥတုံ။ ဘောဇနံ။ သေနာသနံ ဥပနိဿာယ ဒါနံ ဒေတိ, သီလံ

သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ ကာယိကံ သုခံ။ ကာယိကံ ဒုက္ခံ။ ဥတု။ ဘောဇနံ။ သေနာသနံ သဒ္ဓါယ။ သီလဿ။ သုတဿ။ စာဂဿ။ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော။ (၂)

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။

**အာရမ္မဏူပနိဿယော** – စက္ခုံ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ, တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ, ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ သောတံ။ပ။ ဃာနံ။ပ။ ဇိဝှံ။ပ။ ကာယံ။ပ။ ရူပေ။ပ။ သဒ္ဒေ။ပ။ ဂန္ဓေ။ပ။ ရသေ။ပ။ ဖောဋ္ဌဗ္ဗေ။ပ။ ဝတ္ထုံ။ပ။ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

**အနန္တရူပနိဿယော** – အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော။

**ပကတူပနိဿယော** – ကာယိကံ သုခံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သံဃံ ဘိန္ဒတိ။

ကာယိကံ ဒုက္ခံ။ပ။ ဥတုံ။ပ။ ဘောဇနံ။ပ။ သေနာသနံ ဥပနိဿာယ ပါဏံ ဟနတိ။ (သံခိတ္တံ။) သံဃံ ဘိန္ဒတိ။

ကာယိကံ သုခံ။ ကာယိကံ ဒုက္ခံ။ ဥတု။ ဘောဇနံ။ သေနာသနံ ရာဂဿ။ ဒေါသဿ။ မောဟဿ။ မာနဿ။ ဒိဋ္ဌိယာ။ ပတ္ထနာယ ဥပနိဿယပစ္စယေန ပစ္စယော။ (၃)

(ပဋ္ဌာ၀ါရ၊ ၁၄၄-၁၅၂)

## ❀ သမ္ပတ္တိစက် (၄) ပါး ❀

၁။ ပတိရူပဒေသဝါသ = သင့်လျော်သောအရပ်၌ နေရခြင်း။

၂။ သပ္ပုရိသူပနိဿယ = သူတော်ကောင်း (မိတ်ဆွေကောင်း) ကို အမှီအခိုရခြင်း။

၃။ အတ္တသမ္မာပဏိဓိ = စိတ်ကိုကောင်းအောင် ထားခြင်း။

၄။ ပုဗ္ဗေ ကတပုညတာ = ကြိုတင်ပြုဖူးသော ကောင်းမှုရှိခြင်း။

(အံ ၊ ၁ ၊ ၃၄၁) စက္ကသုတ်၊ စတုက္ကနိပါတ်

**အတွင်းစိတ်ကောင်း ပြင်မိတ်ကောင်းနှင့်**
**ကောင်းမှုရှေးကံ နေရာမှန်**
**ကောန်ကြီးပွားကြောင်း**

## ❀ "ဥပနိဿယ" နှင့် "နိဿယ" ❀

"**ဥပနိဿယသတ္တိ**" သည် အရင်းအမြစ် အခြေခံဖြစ်သော မှီရာသတ္တိမျိုး ဖြစ်၏။

"**နိဿယသတ္တိ**" ကား အကျိုးတရားဖြစ်ပေါ်ချိန်မှ မကင်းရာမကင်းကြောင်းဖြစ်သော မှီရာသတ္တိမျိုး ဖြစ်၏။

"စက္ခုဝိညာဉ်ဝိပါက်စိတ်" ဖြစ်ဖို့ရာ၌...

- "ကံ" သည် အခြေခံ အားကြီးသော မှီရာအကြောင်း "ဥပနိဿယ" ဖြစ်၍
- "စက္ခုဝတ္ထု" မှာမူ စက္ခုဝိညာဉ် ဖြစ်ပေါ်ချိန်ကျမှ မကင်းရာ မကင်းကြောင်း မှီရာ "နိဿယ" ဖြစ်သည်။

ပုဂ္ဂိုလ်တစ်ဦး၏သန္တာန်၌ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်တို့ တစ်မျိုးမျိုး ဖြစ်၏။ ထိုသို့ဖြစ်ရာ၌...

- ကောင်းသော အကြောင်းကြောင့်လည်း ဖြစ်နိုင်၏။ မကောင်းသော အကြောင်းကြောင့် လည်း ဖြစ်နိုင်၏။
- မိမိ၏စိတ်ကို မိမိဘာသာ ပြုပြင်၍လည်း ဖြစ်နိုင်၏။
- သူတစ်ပါးတို့က တိုက်တွန်း၍လည်း ဖြစ်နိုင်၏။
- သူတစ်ပါးတို့၏ ကောင်း၊ မကောင်းသော အပြုအမူ (ကံ)၊ အကျိုးခံစားရပုံကို ကြည့်၍ 'အတုမြင် အတတ်သင်' ဟူသော အကြောင်းကြောင့်လည်း ဖြစ်နိုင်၏။
- ပတ်ဝန်းကျင်ရှိ မိမိတွေ့ကြုံခံစားရသော သက်ရှိသက်မဲ့အရာများကြောင့်လည်း ဖြစ်နိုင် ၏။

ဤသို့ ပုဂ္ဂိုလ်တစ်ဦး၏သန္တာန်၌ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်တို့ တစ်မျိုးမျိုးဖြစ်ရာ၌ 'အဝေး-အနီး'၊ 'အတွင်း-အပြင်'၊ 'တိုက်ရိုက်-သွယ်ဝိုက်' စသည်ဖြင့် မရေ မတွက်နိုင်အောင် များစွာသော အကြောင်းတရားတို့သည် ရှိကြ၏။ ထို အကြောင်းတရားဟူသမျှ တို့သည် "**ပကတူပနိဿယပစ္စည်း**" သာ ဖြစ်၏။

## ꕥ "အနန္တရူပနိဿယ" နှင့် "ပကတူပနိဿယ" ꕥ

"**အနန္တရူပနိဿယပစ္စည်း**" ၏သတ္တိသည် အခြားမဲ့သောစိတ်၌သာ ကျရောက် ပျံ့နှံ့၏။

- ➢ **တစ် "ဝီထိ" အတွင်း**၌သာ ဖြစ်၏။

"**ပကတူပနိဿယပစ္စည်း**" ၏သတ္တိကား အဝေး၌လည်း ပျံ့နှံ့၏။

- ➢ **တစ် "ဝီထိ" အတွင်း** နှင့် "**ဝီထိ" ခြား၍** ဖြစ်၏။
- ➢ အတိတ်အာရုံတစ်ခုကို ပြန်လည် အောက်မေ့၍ 'မနောဒွါရ'၌ဖြစ်သော 'စိတ်အစဉ်'အား "ပကတူပနိဿယပစ္စယသတ္တိ" ဖြင့် ကျေးဇူးပြု၏ဟု မှတ်ရမည်။

## ❁ "ဥပနိဿယသတ္တိ" ၏ အချိန်, နေရာ, နှင့် ပုဂ္ဂိုလ် ❁

"**ဥပနိဿယသတ္တိ**" သည် "အဇ္ဈတ္တ၊ ဗဟိဒ္ဓ" သန္တာန်တို့၌ "အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်" ကာလသုံးပါး တို့ကို ကျေးဇူးပြုနိုင်၏။ ရုံခါ ပညတ်၌လည်း ကျေးဇူးပြုနိုင်၏။ (၃၁) ဘုံ၌ ပုဂ္ဂိုလ် (၁၂) ယောက်တို့ကို ကျေးဇူးပြု၏။

ကျေးဇူးမပြုနိုင်သော ပုဂ္ဂိုလ်၊ နေရာ၊ အချိန် ဟူ၍ မရှိ။

**မေး။** ။ ပစ္စယနိဒ္ဒေသ၌ "အဗျာကတ" သည် "အဗျာကတ" ကို ကျေးဇူးပြုသောနေရာမှာ "ဥတု ဘောဇန၊ သေနာသန" တို့ကို ထည့်ဟောလျှင် ရနိုင်ပါလျက်နှင့် အဘယ့်ကြောင့် သီးခြား ထုတ်၍ ဟောရပါသနည်း?

- ❖ "ဥတုဘောဇန၊ သေနာသန" တို့သည် လူသတ္တဝါတို့၏ အမှီသဟဲ "ဥပနိဿယ" ဖြစ်နေကြ၏။ ထိုတရားတို့သည် "ပညတ် တရား" လေလော၊ "အဗျာကတ တရား" လေလော ဟူ၍ သံသယဖြစ်ဖွယ် ရှိနေသောကြောင့် "ပစ္စယနိဒ္ဒေသ" ၌ သီးခြားဟောရသည်။
- ❖ "ဥတုဘောဇန၊ သေနာသန" တို့ကို ပဋ္ဌာဝါရ၌ ဟောထားသောကြောင့် "ပညတ်" မဟုတ်၊ "ပရမတ်" ဖြစ်သည်။
- ❖ ပဋ္ဌာဝါရ၌ "ပရမတ်" သက်သက် ဟောထားသောကြောင့် ပဋ္ဌာဝါရမှာ "ပုဂ္ဂလောပိ" ဟု မဟောပါ။
- ❖ "ပုဂ္ဂလ" ဟူသည် ပညတ်ဖြစ်၏။

## ❀ ဥတုဘောဇနမှီ...စသည်၌ "ပိ"ပုဒ်များ ထည့်ဟောရခြင်းအကြောင်း ❀

"ဥတုဘောဇနမှီ၊ ပုဂ္ဂလောပိ၊ သေနာသနမှီ ဟု "ပိ" များနှင့် ဟောထားသောကြောင့် ကျန်သည့် တရားများကိုလည်း ယူနိုင်၏။ ထို့ကြောင့် "ဥပနိဿယပစ္စည်း"ကို မြတ်ဗုဒ္ဓသည် အကျယ်ဝန်းဆုံး ဟောတော်မူ၏။

"ဥတုဘောဇန၊ ပုဂ္ဂလ၊ သေနာသန" တို့ကို ဥပနိဿယ (၉) ချက်နှင့် စဉ်းစားကြည့်လျှင်...

- ➢ 'ကုသိုလ်'ကို ကျေးဇူးပြုသလော?
- ➢ 'အကုသိုလ်'ကို ကျေးဇူးပြုသလော?
- ➢ 'အဗျာကတ'ကို ကျေးဇူးပြုသလော?
- ➢ 'ထို (၉) ချက်မှ အလွတ်' ကျေးဇူးပြုသလော?... ဟု မေးစရာရှိ၏။

ပညာဝါရ၌ လေ့လာကြည့်မှ သိနိုင်၏။ 'အဗျာကတ' သုံးချက်ထဲ၌ ပါဝင်၏။

ကု + ကု ➔ အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ (၃) မျိုးလုံး ရ၏။
ကု + အကု ➔ အာရမ္မဏူပနိဿယ၊ ပကတူပနိဿယ (၂) မျိုးသာ ရ၏။
ကု + အဗျာ ➔ (၃) မျိုးလုံး ရ၏။

အကု + အကု ➔ (၃) မျိုးလုံး ရ၏။
အကု + ကု ➔ "ပကတူပနိဿယ" သာ ရ၏။
အကု + အဗျာ ➔ အနန္တရူပနိဿယ၊ ပကတူပနိဿယ (၂) မျိုးသာ ရ၏။

အဗျာ + အဗျာ ➔ (၃) မျိုးလုံး ရ၏။
အဗျာ + ကု ➔ (၃) မျိုးလုံး ရ၏။
အဗျာ + အကု ➔ (၃) မျိုးလုံး ရ၏။

# ပုရေဇာတပစ္စယော

## ပုရေဇာတပစ္စယောတိ

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။
မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။

## ❀ ပုရေဇာတ အဓိပ္ပါယ် ❀

**ပုရေဇာတ = ပုရေ + ဇာတ။**

**ပုရေ** = ပစ္စယုပ္ပန်တရား မဖြစ်မီ ရှေးဦးစွာ။

**ဇာတ** = ဖြစ်နှင့်သော တရား။

*ပစ္စယုပ္ပန်တရားတို့ မဖြစ်မီ ရှေးဦးစွာဖြစ်နှင့်သော ဝတ္ထုရုပ် (၆) ပါး၊ အာရုံ (၆) ပါး တရားများ။*

" **ပုရေဇာတပစ္စယသတ္တိ**" ဟူသည်...

- ❖ ဆိုင်ရာပစ္စယုပ္ပန်တရားတို့အား မှီရာ(ဝတ္ထု) အဖြစ်ဖြင့် ဖြစ်စေ၊ အာရုံအဖြစ်ဖြင့် ဖြစ်စေ ... ကျေးဇူးပြုဖို့ရာ ထိုပစ္စယုပ္ပန်တရားတို့ မဖြစ်မီ ရှေးဦးစွာဖြစ်နှင့်သော " ဝတ္ထုရုပ် (၆) ပါး" ၊ " အာရုံ (၆)ပါး" ဟူသော " **ရုပ်တရားတို့၏ သတ္တိ**" ဖြစ်၏။
- ❖ ပုရေဇာတပစ္စည်းသည် " **ဝတ္ထုပုရေဇာတ**" နှင့် " **အာရမ္မဏပုရေဇာတ**" ဟု (၂) မျိုးရှိ၏။
- ❖ " **ဝတ္ထုပုရေဇာတ**" သည် " **ဝတ္ထုပုရေဇာတနိဿယပစ္စည်း**" နှင့် တူ၏။

## ❀ အာရမ္မဏပုရေဇာတပစ္စည်း ❀

| **အကြောင်း (ပစ္စည်း) တရား** | **အကျိုး (ပစ္စယုပ္ပန်) တရား** |
|---|---|
| ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် (၁၈) ပါး | ကာမစိတ် (၅၄)၊ အဘိညာဉ်ဒွေး<br>အပ္ပမညာ ကြဉ် စေတသိက် (၅၀) |

**မှတ်ချက်** ⏩ " အာရမ္မဏပစ္စည်း" ၌ ပစ္စည်းထိုက်သောတရားတို့သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဖြစ်သော စိတ်၊ စေတသိက်၊ ရုပ်တရားများ နှင့် ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ် တို့ဖြစ်ကြ၏။

⏩ အာရုံနှင့် ပတ်သက်၍ အကျယ်ဝန်းဆုံး ဖြစ်၏။

⏩ " အာရမ္မဏပုရေဇာတပစ္စည်း" ၌ ပစ္စည်းထိုက်သော တရားတို့သည်ကား " အာရမ္မဏာဓိပတိ" ကဲ့သို့ ပစ္စုပ္ပန်ဖြစ်သော " နိပ္ဖန္နရုပ်(၁၈)ပါး" တို့သာ ဖြစ်ကြ၏။

"နိပ္ဖန္နရုပ်(၁၈)ပါး" တို့တွင် 'ရူပ' ၊ 'သဒ္ဒ' ၊ 'ဂန္ဓ' ၊ 'ရသ' ၊ 'ဖောဋ္ဌဗ္ဗ ဟူသော မဟာဘုတ် (၃) ပါး' ၊ ပေါင်း(၇)ပါးသောရုပ်တို့သည် "ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ" ဟူသော အာရုံ (၅) ပါး တို့၌ ပါဝင်ကြ၏။

ကျန်သောရုပ်တို့ကား "ဓမ္မာရုံ" ၌ ပါဝင်ကြ၏။

"အဘိဓမ္မတ္ထသင်္ဂဟ" နှင့် "ပစ္စယနိဒ္ဒေသ" တို့၌...

- ❖ "ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ... စသော အာရုံ (၅)ပါး" သာ "အာရမ္မဏပုရေဇာတပစ္စည်း" တပ်သည်ဟူ၍ ထင်မှတ်ဖွယ်ရှိ၏။

သို့သော် "ပဋ္ဌာဝါရ" ၌...

- ❖ အာရုံ(၅)ပါးမှ ကျန်သော နိပ္ဖန္နရုပ်အားလုံးပါဝင်သဖြင့် "နိပ္ဖန္နရုပ် (၁၈) ပါး"လုံးသည် "အာရမ္မဏပုရေဇာတပစ္စည်း" ထိုက်သည်ဟု မှတ်ရမည်။

**"အာရမ္မဏပုရေဇာတပစ္စည်း"** ၌

- ❖ "ကာမစိတ် (၅၄)၊ အဘိညာဉ် ဒွေ" တို့သည်သာ "ပစ္စုပ္ပန် နိပ္ဖန္နရုပ်" များကို အာရုံပြုနိုင်ကြ၏။
- ❖ "ကျန်သော ရူပစိတ်၊ အရူပစိတ်၊ လောကုတ္တရာစိတ်" တို့သည်ကား "ကသိုဏ်းပညတ်" စသည်ကို သာ အာရုံပြု၍ "ပစ္စုပ္ပန် နိပ္ဖန္နရုပ်" ကို အာရုံမပြုသောကြောင့် ပစ္စယုပ္ပန်တရား၌ မပါဝင်ကြ။
- ❖ "ကာမစိတ် (၅၄)၊ အဘိညာဉ် ဒွေ" တို့သည်လည်း "ပစ္စုပ္ပန် နိပ္ဖန္နရုပ်" များကို အာရုံပြုမှသာ "အာရမ္မဏပုရေဇာတပစ္စည်း" ၏ ကျေးဇူးပြုခြင်းကို ခံကြ၏။
- ❖ ကျန်သော အာရုံများကို အာရုံပြုသည့် အခါ "အာရမ္မဏပုရေဇာတသတ္တိ" ဖြင့် ကျေးဇူးပြုခြင်းကို မခံရ။

"နိပ္ဖန္နရုပ်" များသည် "ပရမတ်" တရားများသာဖြစ်၍... "သတ္တဝါပညတ်" မဟုတ်သော ကြောင့်၊ "သတ္တဝါ၊ ပညတ်" ကို အာရုံပြုမှုဖြစ်ကြသော "အပ္ပမညာ စေတသိက် (၂) ပါး" ကိုလည်း "အာရမ္မဏပုရေဇာတပစ္စည်း" ၏ "ပစ္စယုပ္ပန်တရား" မှ ကြဉ်ရ၏။

"ပစ္စုပ္ပန်တရား" တို့ မဖြစ်မီ ရှေးဦးစွာ ကြိုတင်၍ ဖြစ်နှင့်သည်ဟူ၍ဆိုရာ၌... "ဖြစ်ပြီး ချုပ်ပျောက်သွားသည်" ကို မဆိုလို။ "ဝတ္ထု၊ အာရုံ" ဟူသော "ရုပ်ပစ္စည်းတရား" တို့သည် မိမိကိုမှီ၍ ဖြစ်ထိုက်သမျှသော စိတ်၊ စေတသိက်၊ နာမ်တရားတို့ အားလုံးဖြစ်ပြီးသည်အထိ "ထင်ရှားရှိခြင်း → အတ္ထိသဘော" တည်ရှိနေ၏။

ထို့ကြောင့် "ပုရေဇာတပစ္စည်း" ထိုက်သည့် ယင်း "ဝတ္ထု၊ အာရုံ" ဟူသောတရားတို့သည် ပစ္စယုပ္ပန်တရားတို့ မဖြစ်မီ ရှေးဦးစွာဖြစ်နှင့်၍ မချုပ်ပျောက်သေးဘဲ "အတ္ထိသဘော" ဖြင့် ထင်ရှားရှိနေလျက် "ဆိုင်ရာ ပစ္စယုပ္ပန်တရား" တို့အား ကျေးဇူးပြုကြ၏။

ဤ "ပုရေဇာတပစ္စည်း" သည် ကမ္ဘာဦးကစ၍ ပေါ်ထွန်းခဲ့သော နေ၊ လ နှစ်ပါးနှင့် တူ၏။ ကမ္ဘာဦးကစ၍ ပေါ်ထွန်းခဲ့သော နေ၊ လ နှစ်ပါးတို့သည် ယခုတိုင်အောင် ထင်ရှားရှိလျက် သတ္တဝါ အပေါင်းအား အလင်းရောင်ပေး၍ ကျေးဇူးပြုကြ၏။

"ဝတ္ထု၊ အာရုံ" ဟူသော "ရုပ်ပစ္စည်းတရား" တို့သည် ပစ္စယုပ္ပန်တရားတို့ မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့်၍ မချုပ်ပျောက်သေးဘဲ ထင်ရှားရှိလျက် မိမိတို့နောက်မှဖြစ်ကြသည့် စိတ်၊ စေတသိက်၊ နာမ်တရားတို့အား ကျေးဇူးပြုသောသတ္တိသည် "ပုရေဇာတပစ္စယသတ္တိ" ဖြစ်၏။

- ❖ ဝတ္ထုရုပ် (၆) ပါးနှင့် သက်ဆိုင်သော ပုရေဇာတပစ္စည်းကို "**ဝတ္ထုပုရေဇာတပစ္စည်း**" ဟု ခေါ်၏။

- ❖ အာရုံ (၆) ပါးနှင့် သက်ဆိုင်သော ပုရေဇာတပစ္စည်းကို "**အာရမ္မဏပုရေဇာတပစ္စည်း**" ဟု ခေါ်၏။

| အကြောင်း (ပစ္စည်း) တရား | အကျိုး (ပစ္စယုပ္ပန်) တရား |
|---|---|
| ရှေးရှေး " ရုပ်"<br>စက္ခုဝတ္ထု… စသော ဝတ္ထု (၆) ပါး<br>ရူပါရုံ… စသော အာရုံ (၆) ပါး | နောက်နောက် " နာမ်"<br>စိတ်၊ စေတသိက်<br>စိတ်၊ စေတသိက် |

| အကြောင်း (ပစ္စည်း) တရား | သင်္ချာ (၃) | | အကျိုး (ပစ္စယုပ္ပန်) တရား |
|---|---|---|---|
| | အဗျာ | ကု | မဟာကု (၈)၊ ဒွိပဉ္စစက္ခု-သောတ ကုအဘိညာဉ် |
| ပစ္စုပ္ပန်ဖြစ်သော | အဗျာ | အကု | အကု (၁၂)၊ စေ (၂၇) |
| နိပ္ဖန္နရုပ် (၁၈) ပါး | အဗျာ | အဗျာ | ကာမဝိ (၃၂)၊ ကာမကြိ (၁၁)၊ |
| | | | ဒွိပဉ္စစက္ခု-သောတ ကြိအဘိညာဉ် |

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော – အာရမ္မဏ ပုရေဇာတံ, ဝတ္ထုပုရေဇာတံ။

**အာရမ္မဏပုရေဇာတံ** – အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ သောတံ…ပေ… ဃာနံ…ပေ… ဇိဝှံ…ပေ…ကာယံ…ပေ… ရူပေ…ပေ… သဒ္ဒေ… .ပေ… ဂန္ဓေ…ပေ… ရသေ…ပေ… ဖောဋ္ဌဗ္ဗေ…ပေ… ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ, ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ, ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ။ ရူပါယတနံ စက္ခုဝိညာဏဿ ပုရေဇာတ ပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဿ…ပေ… ဂန္ဓာယတနံ ဃာနဝိညာဏဿ… ပေ… ရသာယတနံ ဇိဝှါဝိညာ ဏဿ…ပေ… ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ ပုရေဇာတ ပစ္စယေန ပစ္စယော။

**ဝတ္ထုပုရေဇာတံ** – စက္ခာယတနံ စက္ခုဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဿ...ပေ...ဃာနာယတနံ ဃာနဝိညာဏဿ...ပေ... ဇိဝှါယတနံ ဇိဝှါဝိညာဏဿ ...ပေ... ကာယာယတနံ ကာယဝိညာဏဿ ပုရေဇာတပစ္စယေန ပစ္စယော။ ဝတ္ထု ဝိပါကာ ဗျာကတာနံ ကိရိယာ ဗျာကတာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။ (၁)

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော – အာရမ္မဏပုရေဇာတံ, ဝတ္ထုပုရေဇာတံ။

**အာရမ္မဏပုရေဇာတံ** – သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သောတံ...ပေ... ဃာနံ...ပေ... ဇိဝှံ...ပေ... ကာယံ...ပေ... ရူပေ..ပေ... သဒ္ဒေ...ပေ... ဂန္ဓေ..ပေ... ရသေ...ပေ... ဖောဋ္ဌဗ္ဗေ...ပေ... ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿန္တိ။ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏန္တိ။

**ဝတ္ထုပုရေဇာတံ** – ဝတ္ထု ကုသလာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။ (၂)

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော – အာရမ္မဏပုရေဇာတံ, ဝတ္ထုပုရေဇာတံ။

**အာရမ္မဏပုရေဇာတံ** – စက္ခုံ အဿာဒေတိ အဘိနန္ဒတိ, တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ, ဒိဋ္ဌိ ဥပ္ပဇ္ဇတိ, ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ, ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ, ဒေါမနဿံ ဥပ္ပဇ္ဇတိ။

သောတံ...ပေ...ဃာနံ...ပေ...ဇိဝှံ...ပေ...

ကာယံ...ပေ...ရူပေ...ပေ...သဒ္ဒေ...ပေ...ဂန္ဓေ...ပေ...ရသေ...ပေ...ဖောဋ္ဌဗ္ဗေ...ပေ...ဝတ္ထုံ အဿာ ဒေတိ အဘိ နန္ဒတိ, တံ အာရဗ္ဘရာဂေါ ဥပ္ပဇ္ဇတိ..ပေ... ဒေါမနဿံ ဥပ္ပဇ္ဇတိ။

**ဝတ္ထုပုရေဇာတံ** – ဝတ္ထု အကုသလာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။ (၃)

(ပဋ္ဌာဝါရ၊ ၁၅၂-၃)

## ❀ " ပုရေဇာတသတ္တိ" ၏ အချိန်, နေရာ, နှင့် ပုဂ္ဂိုလ် ❀

"**ပုရေဇာတသတ္တိ**" သည်...

- ❖ ကာလအားဖြင့်... ပစ္စုပ္ပန်၌သာ ကျေးဇူးပြုနိုင်၏။
- ❖ ဘုံအားဖြင့်... ပဉ္စဝေါကာရ (၂၆)ဘုံတို့၌သာ ရနိုင်၏။ အရူပ (၄)ဘုံ နှင့် အသညသတ်ဘုံ တို့၌ မရ။
- ❖ ပုဂ္ဂိုလ်အားဖြင့်... မဂ္ဂဋ္ဌာန် လေးယောက် တို့မှတပါး၊ ကျန် ပုဂ္ဂိုလ် (၈) ယောက်တို့၌ ကျေးဇူးပြု နိုင်၏။

"**စက္ခုပသာဒ**" **က** "**စက္ခုဝိညာဉ်**" **ကို ကျေးဇူးပြုသောအခါ...**

(၁) "**နိဿယ**" မှာ မှီရာအဖြစ်ဖြင့် ကျေးဇူးပြုခြင်း အကြောင်းတစ်ခု၊

(၂) "**ပုရေဇာတ**" မှာ 'ပစ္စည်းတရား'သည် ရှေ့ကဖြစ်နှင့်ပြီး၊ 'ပစ္စယုပ္ပန်တရား'တို့က နောက်မှ ဖြစ်ခြင်း အကြောင်းတစ်ခု၊

(၃) "**အတ္ထိ**" မှာ 'ပစ္စည်းတရား'က အရင်ဖြစ်ပြီး ချုပ်သွားပြီးမှ ကျေးဇူးပြုတာမဟုတ်ဘဲ၊ "စက္ခုပသာဒ" မချုပ်မီ ထင်ရှားရှိဆဲ၌ ကျေးဇူးပြုခြင်း အကြောင်းတစ်ခု၊

(၄) "**အဝိဂတ**" မှာ "စက္ခုဝိညာဉ်"ကို ကျေးဇူးပြုသောအခါ "စက္ခုပသာဒ" အရင်ဖြစ်ပြီး ထင်ရှားရှိဆဲသာမက ဘယ်လိုမှ ကင်းလို့မရဘဲ မကင်းနိုင်သောသဘော ကျေးဇူးပြုခြင်း အကြောင်းတစ်ခု၊

(၅) "**ဣန္ဒြိယ**" မှာ မြင်သောနေရာ၌ "စက္ခုပသာဒရုပ်"က အစိုးရ၏။ "စက္ခုပသာဒရုပ်" မရှိလျှင် ဘယ်နည်းနှင့်မှ "စက္ခုဝိညာဉ်စိတ်" ဖြစ်ခြင်းမရှိသော အကြောင်းတစ်ခု၊

(၆) "**ဝိပ္ပယုတ္တ**" မှာ "စက္ခုပသာဒ"သည် 'အတီတဘဝင်၏ ဥပါဒ်'မှာ ဖြစ်၏။ "စက္ခုဝိညာဉ်စိတ်" ကား 'စိတ္တက္ခဏ (၄) ချက် လွန်မှ' ဖြစ်၏။ ဖြစ်ချင်းလည်း မတူ။ "စက္ခုပသာဒရုပ်"သည် စိတ္တက္ခဏ (၁၇) ချက် ကြာမှ ချုပ်၏။ "စက္ခုဝိညာဉ်စိတ်"ကား "ဥပါဒ်၊ ဌီ၊ ဘင် → စိတ္တက္ခဏတစ်ခု" အတွင်း၌ ချုပ်၏။ ချုပ်လည်း မတူသော အကြောင်း တစ်ခုတို့ ဖြစ်ကြ၏။

ထို့ကြောင့် (၆) ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

## ❀ ကိဉ္စကာလေ ❀

" **ပဋိသန္ဓေဝီထိ**" ကို ကြည့်လျှင်...

- ➢ ပဋိသန္ဓေ၊ ဘဝင် (၁၅၊ ၁၆) ချက် ဖြစ်၏။

" **ပုရေဇာတပစ္စည်း**" သည် သူ့ရှေ့မှာ အရင်ဖြစ်သောတရားရှိမှ ကျေးဇူးပြု၏။

ဘဝ၏ ပထမဆုံး ပဋိသန္ဓေစိတ်မှာ သူ့ရှေ့က အရင်ရှိနေသော အရင်ဘဝကစိတ်ကို ဤပစ္စည်းက ဟောလိုရင်းမဟုတ်၊ ယခုဘဝ၏ စိတ်ကိုသာ ဟော၏။

ထို့ကြောင့် ယခုဘဝ၏ ပထမဆုံးဖြစ်သော ပဋိသန္ဓေစိတ်ကို " ပုရေဇာတပစ္စယသတ္တိ" ဖြင့် ကျေးဇူးမပြုနိုင်သည့်အတွက် " ကိဉ္စကာလေ န ပုရေဇာတပစ္စယော" ဟု ဟော၏။

" ပဋိသန္ဓေစိတ်" နှင့် " ဟဒယဝတ္ထုရုပ်" တို့သည် တစ်ပြိုင်နက်ဖြစ်ကြပြီး အချင်းချင်း မှီကြ၏။ ပဋိသန္ဓေစိတ်နှင့် အတူဖြစ်သော " ဟဒယဝတ္ထုရုပ်" က အရင်ဖြစ်၏။ ထို " ဝတ္ထုရုပ်" သည် ပဌမဘဝင် ကို " ပုရေဇာတပစ္စယသတ္တိ" ဖြင့် ကျေးဇူးပြု၏။

" ပဋိသန္ဓေစိတ်" မှာ ယခုဘဝ၌ သူ့ရှေ့က စိတ်မရှိ၊ ထို့ကြောင့်...

- ❖ ကိဉ္စကာလေ = ပဝတ္တိအခါ၌ → " ပုရေဇာတပစ္စယသတ္တိ" ဖြင့် ကျေးဇူးပြု၏။
- ❖ ကိဉ္စကာလေ = ပဋိသန္ဓေအခါ၌ → " ပုရေဇာတပစ္စယ သတ္တိ" ဖြင့် ကျေးဇူးမပြုပါ။

" ကိဉ္စကာလေ" အဓိပ္ပါယ်သည် " သဟဇာတပစ္စည်း" နှင့် ပြောင်းပြန်မှတ်ပါ။

# ပစ္ဆာဇာတပစ္စယော

## ပစ္ဆာဇာတပစ္စယောတိ

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

## ❀ ပစ္ဆာဇာတပစ္စည်း အဓိပ္ပါယ် ❀

**ပစ္ဆာဇာတပစ္စယော = ပစ္ဆာ + ဇာတ + ပစ္စယော။**

**ပစ္ဆာ** = နောက်မှ ၊

**ဇာတ** = ဖြစ်၍ ၊

**ပစ္စယော** = ကျေးဇူးပြုခြင်း။

- ➢ **နောက်မှဖြစ်သော စိတ်၊ စေတသိက် နာမ်တရားတို့က ရှေးစိတ်တို့နှင့်အတူ ဖြစ်လာကြသော ရုပ်တရားတို့အား ခိုင်မြဲစွာ တည်တံ့နေစေဖို့ ကျေးဇူးပြုခြင်းသဘောကို " ပစ္ဆာဇာတ ပစ္စည်း" ဟု ခေါ်သည်။**

- ❖ လင်းတငယ်တို့အား အစာစားရလိမ့်မည်ဟူသော တောင့်တမျှော်လင့်မှု စေတနာသည် ရှေးဦးစွာ ကြိုတင်ဖြစ်နှင့်သော လင်းတငယ်တို့၏ ရုပ်ခန္ဓာကိုယ်အား ကျေးဇူးပြုသကဲ့သို့...
  - ➢ (နောက် စေတနာနာမ် + ရှေ့ ရုပ်ခန္ဓာကိုယ်)
- ❖ နောက်နှစ်တို့၌ နှစ်စဉ် ရွာသွန်းချသော မိုးရေတို့သည် ရှေးနှစ်များက ပေါက်နေသော သစ်ပင်ငယ် တို့အား ကြီးပွားစည်ပင်စေခြင်းငှါ ကျေးဇူးပြုသကဲ့သို့...
  - ➢ (နောက် ရွာသွန်းသော မိုးရေ + ရှေ့ပေါက် သစ်ပင်ငယ်)

ထို့အတူပင် နောက်နောက်ဖြစ်သော ထင်ရှားဖြစ်ဆဲသောစိတ်သည် ရှေးကဖြစ်နှင့်ပြီးသော ထင်ရှားနေကုန်သော " ကံ၊ စိတ်၊ ဥတု၊ အာဟာရ → အကြောင်းတရားလေးပါး " တို့ကြောင့် ဖြစ်သော ရုပ်အပေါင်းအား သန္တာန်စဉ်ဆက် ရုပ်သက်ရှည်စေခြင်းငှါ... " **ပစ္ဆာဇာတပစ္စယ သတ္တိ**" ဖြင့် ကျေးဇူးပြု၏။

- **ပုရေဇာတပစ္စည်း**" သည် ရုပ်တရားများက မိမိတို့ကြောင့် ဖြစ်ပေါ်လာသော စိတ်၊ စေတသိက်၊ နာမ်တရားတို့အား ထိုနာမ်တရားတို့မဖြစ်မီ ရှေးဦးစွာဖြစ်နှင့်၍ ကျေးဇူးပြုခြင်းကို ဆိုလို၏။
- " **ပစ္ဆာဇာတပစ္စည်း**" သည်ကား နောက်မှဖြစ်ပေါ်လာကြသည့် စိတ်၊ စေတသိက်၊ နာမ်တရား များ က မိမိတို့ မဖြစ်မီ ရှေးဦးစွာဖြစ်နှင့်ကြသည့် ရုပ်တရားတို့အား သန္တာန်စဉ်ဆက် ရုပ်သက် ရှည်စေခြင်းငှါ ကျေးဇူးပြုခြင်းကို ဆိုလို၏။

ထို့ကြောင့် ဤ " **ပစ္ဆာဇာတပစ္စည်း**" သည် " **ပုရေဇာတပစ္စည်း**" ၏ ဆန့်ကျင်ဘက်ဖြစ်၏။

## ❀ ရုပ်နာမ်ခန္ဓာဖြစ်ပုံ ❀

သတ္တဝါတစ်ဦးသည် ဘဝဟောင်းမှ စုတေပြီး ချက်ချင်းပင် ဘဝသစ်၌ ပဋိသန္ဓေ နေရ၏။ ပဋိသန္ဓေစိတ်ဖြစ်၏။ ထိုပဋိသန္ဓေစိတ်၏ ဖြစ်ဆဲ "ဥပါဒ်" ခဏနှင့်အတူ တပြိုင်နက်ပင် " ကမ္မဇရုပ်" (ကာယဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်၊ ဘာဝဒသကကလာပ်) အပေါင်းလည်း ဖြစ်ကြ၏။

ပဋိသန္ဓေစိတ်၏ ဖြစ်ဆဲ "ဥပါဒ်" ခဏ၌ "ကံ" တည်းဟူသော အကြောင်းတရားတစ်ခု တည်းကြောင့် "ကမ္မဇရုပ်" တစ်မျိုးတည်းသာ ဖြစ်သေး၍၊ ထိုကမ္မဇရုပ်ကို "ကေဇကာယ" ဟု ခေါ်၏။

စိတ်တစ်ခုမှာ "ဥပါဒ်၊ ဌီ၊ ဘင်" ဟူ၍ ခဏငယ်သုံးခုစီရှိလေရာ ထိုပဋိသန္ဓေစိတ်၏ ဌီခဏဝယ် " ဥတုဇရုပ်" အပေါင်းလည်း ဖြစ်၏။ ယင်းပဋိသန္ဓေစိတ်၏ ဌီခဏ၌ " ကံ" နှင့် " ဥတု"

ဟူသော အကြောင်းတရားနှစ်ပါးကြောင့် "ကမ္မဇရုပ်" ၊ "ဥတုဇရုပ်" နှစ်မျိုးရှိလာပြီဖြစ်ရာ၊ ထိုရုပ်နှစ်မျိုးကို "ဒွိဇကာယ" ဟုခေါ်၏။

ပဋိသန္ဓေစိတ်သည် ဖြစ်တည်ပျက်ပြီးနောက် ဘဝင်စိတ်တို့ တစ်ခုပြီးတစ်ခု အဆက်မပြတ်ဖြစ်ကြရာ ပထမဘဝင်စိတ်၏ ဖြစ်ဆဲ ဥပါဒ်ခဏ၌ "စိတ္တဇရုပ်"များလည်း ဖြစ်လာကြ၏။ ထိုပထမ ဘဝင်စိတ်၏ ဖြစ်ဆဲ ဥပါဒ်ခဏ၌ "ကံ" ၊ "ဥတု" ၊ "စိတ်" အကြောင်းသုံးပါးကြောင့် ဖြစ်ကြသော "ကမ္မဇရုပ်" ၊ "ဥတုဇရုပ်" ၊ "စိတ္တဇရုပ်" သုံးမျိုးရှိလာပြီဖြစ်ရာ၊ ယင်းသုံးမျိုးကို "တိဇကာယ" ဟုခေါ်၏။

ထို"ပဋိသန္ဓေ"စသော စိတ်အပေါင်းနှင့် ယင်းရုပ်သုံးမျိုးအပေါင်းတို့ အချင်းချင်းကျေးဇူးပြုလျက် ရုပ်ခန္ဓာကိုယ် တဖြည်းဖြည်း ကြီးထွားလာခဲ့ရာ၊ ထိုသတ္တဝါသည် "ဗဟိဒ္ဓ"မှရသော အာဟာရထဲမှ သြဇာဓာတ်ပျံ့နှံ့ခြင်းကို ရရှိသောအခါတွင် "အာဟာရဇရုပ်" အပေါင်းလည်း ဖြစ်လာကြ၏။

ထိုအခါတွင် "ကံ ၊ ဥတု ၊ စိတ် ၊ အာဟာရ → အကြောင်းတရားလေးပါး" တို့ကြောင့် ကမ္မဇရုပ်၊ ဥတုဇရုပ် ၊ စိတ္တဇရုပ် ၊ အာဟာရဇရုပ် → ရုပ်လေးမျိုးလုံးရှိလာကြပြီဖြစ်ရာ၊ ထိုရုပ်စုလေးမျိုးကို "စတုဇကာယ" ဟုခေါ်၏။

"ပစ္ဆာဇာတပစ္စည်း"သည် နောက်စိတ်က ရှေးစိတ်နှင့်အတူ ဥပါဒ်သော ရုပ်တရားကိုသာ ကျေးဇူးပြုထောက်ပံ့နိုင်သောကြောင့် ဘဝသစ်၌ ပထမဆုံးဖြစ်သော ပဋိသန္ဓေစိတ်သည် မိမိရှေ့၌ စိတ်တစ်ခုမျှ မဖြစ်၊ မည်သည့်ရုပ်မျှ မဖြစ်။ ထို့ကြောင့် ပဋိသန္ဓေစိတ်က မည်သည့်ရုပ်ကိုမျှ ကျေးဇူးမပြုနိုင်။

ပဋိသန္ဓေစိတ် နောက်၌ဖြစ်သော ဘဝင်စိတ်တို့တွင်...

- ပထမဘဝင်စိတ်သည် -
    - ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ကမ္မဇရုပ်၊
    - ပဋိသန္ဓေစိတ်၏ ဌီခဏ၌ ဥတုဇရုပ် ... "ဒွိဇကာယ" ရုပ်စုနှစ်မျိုး အားငင်း၊
- ဒုတိယဘဝင်စိတ်သည် ပထမဘဝင်စိတ်၏ ဥပါဒ်ခဏ၌ -
    - ကမ္မဇရုပ်၊

- ဥတုဇရုပ်၊
- စိတ္တဇရုပ် ... "တိဇကာယ" ရုပ်သုံးမျိုး အားငင်း၊

➢ တတိယဘဝင်စိတ်သည် ဒုတိယဘဝင်စိတ်၏ ဥပါဒ်ခဏ၌ -

- ရုပ်တရားများအားငင်း

... စသည် နည်းအားဖြင့် '**ပစ္ဆာဇာတသတ္တိ**" ဖြင့် ကျေးဇူးပြု၏။

"အာဟာရဇရုပ်စု" ဖြစ်လာသောအခါ၌ နောက်ကဖြစ်သော စိတ်၊ နာမ်တရားက၊ ရှေးစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်နှင့်လေပြီးသော ကမ္မဇရုပ်၊ ဥတုဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ် → စတုဇကာယရုပ်စုလေးမျိုးအား "**ပစ္ဆာဇာတသတ္တိ**" ဖြင့် ကျေးဇူးပြု၏။

သတ္တဝါတို့၏ သန္တာန်၌ ပဋိသန္ဓေစိတ် ဖြစ်သည်မှစ၍ စုတေသည့်တိုင်အောင် "ဘဝင်စိတ်" နှင့် "ဝီထိစိတ်" တို့သည် တစ်လှည့်စီ ဖြစ်နေကြ၏။ ထို ဘဝင်စိတ် နှင့် ဝီထိစိတ် တို့တွင် နောက်စိတ်တွေက ရှေးစိတ်များနှင့်အတူဖြစ်သော ထိုပုဂ္ဂိုလ်တို့၏ ခန္ဓာကိုယ်ရှိ စတုသမုဋ္ဌာနိက ရုပ်စုလေးမျိုးတို့အား "**ပစ္ဆာဇာတပစ္စယသတ္တိ**" ဖြင့် ကျေးဇူးပြုကြ၏။ ထောက်ပံ့သွားကြ၏။ ယင်းသတ္တဝါ၏ ခန္ဓာကိုယ်ရှိ ရုပ်အပေါင်းတို့သည် စိတ်၊ စေတသိက် နာမ်တရားတို့၏ အထောက်အပံ့ကို အဆက် မပြတ်ရနေကြသောကြောင့်သာ မပျက်မစီးဘဲ စည်ပင်ရှင်သန်ကြ၏။ "ဆီ" ၏ အထောက်အပံ့ကို ရသောကြောင့် "ဆီမီး" သည် အဆက်မပြတ် တောက်လောင်နေနိုင်သကဲ့သို့ ဖြစ်၏။

| **အကြောင်း (ပစ္စည်း) တရား** | **အကျိုး (ပစ္စယုပ္ပန်) တရား** |
|---|---|
| ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်လေးခု ကြဉ် ပထမဘဝင် အစရှိသော နောက်နောက်သော စိတ် (၈၅)၊ စေ (၅၂) | "ပဋိသန္ဓေ" စသော ရှေးစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော (ဧကဇကာယ) ဒွိဇ၊ တိဇ၊ စတုဇကာယ ရုပ်အပေါင်း |

**မှတ်ချက်** ⏩ နောက်ဖြစ်သော နာမ်တရားတို့က ရှေ့စိတ်နှင့်အတူဖြစ်သော ရုပ်တရားအား ကျေးဇူးပြုပုံ ကို သေချာလေ့လာကြည့်လျှင် ဘဝသစ်တစ်ခု၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ ၊ ဌီခဏများ၌ "ဒွိဇကာယ" ခေါ်သော ရုပ်နှစ်မျိုးအားသာ နောက်ဘဝင်စိတ်က ကျေးဇူး ပြုနိုင်၏။

- သို့သော် အချို့သော သုံးချက်စုခေါ် ပဋ္ဌာန်းပစ္စည်း ကျေးဇူးပြုပုံဆိုင်ရာ ကျမ်းများ၌၊ နောက်ဖြစ်သော နာမ်တရားက "ဧကဇကာယ" ကမ္မဇရုပ်စု တစ်မျိုးတည်းကို ကျေးဇူးပြုပုံ သဘောဖြင့် ပစ္စယုပ္ပန်တရားများထဲ၌ "ဧကဇကာယ" ဟု ထည့်သွင်းထား၏။
- စင်စစ်မှာ "ဧကဇကာယ" ရုပ်သက်သက်အား ကျေးဇူးပြုခံရခြင်း မရှိ။ ထို့ကြောင့် သဘာဝယုတ္တိ မရှိသည့်အတွက် "ဧကဇကာယ" ထည့်သွင်းခြင်းကို ပညာရှင်တို့သည် မနှစ်သက်ကြ။

"**ပစ္ဆာဇာတပစ္စည်း**" ၌ နာမ်တရားသည် ရုပ်တရားအား ကျေးဇူးပြုပုံကို စဉ်းစားစရာ တစ်ခုရှိ၏။

**မေး။ ။** "ရုပ်တရားတို့သည် မိမိတို့ဆိုင်ရာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်လာခဲ့ကြရာ၊ ထိုရုပ်တရားတို့ကို နောက်နောက် နာမ်တရားတို့က ကျေးဇူးပြုရာ၌ အဘယ်သို့ အကျိုးထူးရှိလေသနည်း" ဟူ၍ စဉ်းစားဖွယ်၊ မေးဖွယ်ရှိရာ...

- ❖ ရုပ်အစဉ်အဆက်ကို တာရှည်စွာ တည်တံ့စေခြင်း အကျိုးရှိ၏။
- ❖ နာမ်တရား၏ အထောက်အပံ့ကို မရလျှင် သူသေကောင်၏ ရုပ်ကိုယ်သည် တခဏချင်းပင် ညှိုးနွမ်းပုပ်ဆွေးပျက်စီးသွားပုံကို ကြည့်၍ သိနိုင်၏။

ဆိုင်ရာ ပစ္စယုပ္ပန် (ကျေးဇူးခံ) တရားတို့အား၊ ပစ္စည်း (ကျေးဇူးပြု) တရားတို့က ကျေးဇူးပြုရာ၌ **ဇနကသတ္တိ** ၊ **ဥပတ္ထမ္ဘကသတ္တိ** ၊ **ဇနကောပတ္ထမ္ဘကသတ္တိ** သုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ကျေးဇူးပြုကြ ၏။

(၁) "**ဇနကသတ္တိ**" ဟူသည် ပစ္စယုပ္ပန်တရားအား ဥပါဒ် (ဖြစ်ပေါ်လာ) အောင်သာ ကျေးဇူးပြုနိုင်သည့် သတ္တိမျိုးဖြစ်၏။

(၂) "**ဥပတ္ထမ္ဘကသတ္တိ**" ဟူသည် ထိုသို့ဖြစ်ပေါ်လာသော တရားစုအား ဋီခဏ၊ ဘင်ခဏ (တည်ပျက်) တို့၌ တည်တံ့အောင်သာ ထောက်ပံ့နိုင်သော သတ္တိမျိုးဖြစ်၏။

(၃) "**ဇနကောပတ္ထမ္ဘကသတ္တိ**" ကား ပစ္စယုပ္ပန်တရားအား ဖြစ်လည်းဖြစ်ပေါ်လာအောင်၊ တည်လည်းတည်တံ့နေအောင် နှစ်ပါးစုံအားဖြင့် ကျေးဇူးပြုနိုင်သော သတ္တိမျိုးဖြစ်၏။

ဤ "**ပစ္ဆာဇာတပစ္စည်း**" သည် ...

- ❖ "ဥပတ္ထမ္ဘကသတ္တိ" သာ ရှိ၏ ("ဇနကသတ္တိ" မရှိ)။
- ❖ ဆိုင်ရာအကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာပြီးသော ရုပ်တရားတို့အား နာမ်တရားတို့က အထောက်အပံ့ပေးသောအားဖြင့် ကျေးဇူးပြုပေးကြ၏။

"**ပစ္ဆာဇာတပစ္စယသတ္တိ**" သည်...

- ❖ ပစ္စုပ္ပန်ကာလ၌သာ ကျေးဇူးပြုနိုင်၏။
- ❖ ပုဂ္ဂိုလ် (၁၂) ယောက်လုံးတို့၏ အဇ္ဈတ္တသန္တာန်၌ ကျေးဇူးပြုနိုင်၏။
- ❖ နာမ်တရားက ရုပ်တရားအား ကျေးဇူးပြုသည်ဖြစ်ရာ ရုပ်နာမ်နှစ်မျိုးလုံးနှင့် သက်ဆိုင်သောပစ္စည်း ဖြစ်၏။

ထို့ကြောင့် ဤပစ္စည်းသည်...

- ❖ "ရုပ်ခန္ဓာ" တစ်ပါးသာရှိသော ဧကဝေါကာရ = အသညသတ်ဘုံနှင့်၎င်း၊
- ❖ နာမ်ခန္ဓာလေးပါးသာရှိသော စတုဝေါကာရ = အရူပလေးဘုံနှင့်၎င်း...

မသက်ဆိုင်ဘဲ၊ ရုပ်နာမ်အစုံ ခန္ဓာငါးပါးလုံးရှိသော "**ပဉ္စဝေါကာရ (၂၆)ဘုံ**" နှင့်သာ သက်ဆိုင်၏။

အရူပဝိပါက်စိတ် လေးပါးသည် အရူပဘုံ၌သာ ပဋိသန္ဓေ ၊ ဘဝင် ၊ စုတိစိတ် ဖြစ်၍ ပဉ္စဝေါကာရဘုံများနှင့် မသက်ဆိုင်သောကြောင့် ယင်းစိတ်လေးပါးကို "**ပစ္ဆာဇာတပစ္စည်း**" မှ ကြဉ်ရ၏။

ပဉ္စဝေါကာရ (၂၆)ဘုံတွင်လည်း ကာမ (၁၁) ဘုံ နှင့် ရူပဗြဟ္မာ (၁၅) ဘုံဟူ၍ နှစ်ပိုင်းခွဲခြား၍ မှတ်သားရမည်။ "ပစ္ဆာဇာတပစ္စည်း"၏ သဘောအဓိပ္ပါယ် ရှင်းလင်းချက်တို့သည် ကာမဘုံသား အများစုကို အဓိကရည်ရွယ်၍ ဆို၏။

ထိုကာမဘုံသားများတွင် ပဋိသန္ဓေစိတ်ဖြစ်သည်နှင့် တပြိုင်နက် ခန္ဓာငါးပါး ကိုယ်လက်အင်္ဂါအပြည့်အစုံ တခါတည်းဖြစ်နိုင်ကြသော ဥပပတ်သတ္တဝါများအဖို့ ဘဝဖြစ်ရာမှာ အထက်က ပြဆိုခဲ့သကဲ့သို့ ကြာမြင့်မှုမရှိ။

ရူပ (၁၅)ဘုံ၌ဖြစ်သော ဗြဟ္မာတို့သည် ကာမဘုံသားများကဲ့သို့ အစာအာဟာရကို စားသုံးခြင်းမရှိဘဲ ပီတိဘက္ခ = ဈာန်ချမ်းသာ၌ ဝမ်းမြောက်မှု ပီတိလျှင် အစာရှိကြလျက် ကပ်ကမ္ဘာပေါင်းများစွာ တည်နေနိုင်ကြ၏။

ထိုဗြဟ္မာတို့၏ ကိုယ်၌ အာဟာရဇ ရုပ်ကလာပ်များ မရှိဘဲ "ကမ္မဇ ၊ စိတ္တဇ ၊ ဥတုဇ = တိဇကာယ" ရုပ်စုသုံးမျိုးသာ ရှိကြ၏။ ထို့ကြောင့် ဗြဟ္မာတို့အဖို့ "တိဇကာယ" ရုပ်သုံးစုအပေါင်းအားသာ စိတ်၊ စေတသိက် နာမ်တရားတို့က "**ပစ္ဆာဇာတပစ္စယသတ္တိ**" ဖြင့် ကျေးဇူးပြုနိုင်၏။

| အကျိုး (ပစ္စယုပ္ပန်) တရား | အကြောင်း (ပစ္စည်း) တရား |
|---|---|
| **အဗျာကတသ** | **ကုသလော ဓမ္မော** |
| ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း စသော... ရှေးစိတ်နှင့်အတူဖြစ်၍ ရုပ်၏ ဌီသို့ရောက်သော တိဇ ၊ စတုဇကာယရုပ် | ပဉ္စဝေါကာရဘုံ၌ နောက်ဖြစ်သော ကု (၂၁) ၊ စေ (၃၈) |
| | |
| **အဗျာကတဿ ဓမ္မဿ** | **အကုသလော ဓမ္မော** |
| ရှေးစိတ်နှင့်အတူဖြစ်၍ ရုပ်၏ဌီသို့ရောက်သော တိဇ ၊ စတုဇကာယရုပ် | ပဉ္စဝေါကာရဘုံ၌ နောက်ဖြစ်သော အကု (၁၂) ၊ စေ (၂၇) |
| | |
| **အဗျာကတဿ ဓမ္မဿ** | **အဗျာကတော ဓမ္မော** |
| ရှေးစိတ်နှင့်အတူဖြစ်၍ ရုပ်၏ဌီသို့ရောက်သော ဧကဇ ၊ ဒွိဇ ၊ တိဇ ၊ စတုဇကာယရုပ် | ပဉ္စဝေါကာရဘုံ၌ နောက်ဖြစ်သော အရူပဝိ (၄) ကြဉ် ဝိ (၂၂)၊ ကြိ (၂၀)၊ စေ (၃၅) |

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော – ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော – ပစ္ဆာဇာတာ အကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ (၁)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော – ပစ္ဆာဇာတာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။(၁)

(ပဋ္ဌာဝါရ၊ ၁၅၃)

## အာဟာရဇရုပ် နှစ်မျိုး

"**အာဟာရဇရုပ်**" သည် "အဇ္ဈတ္တသြဇာ" ၊ "ဗဟိဒ္ဓသြဇာ" ဟူ၍ နှစ်မျိုးရှိ၏။

### အဇ္ဈတ္တသြဇာ

- ကမ္မဇရုပ် အဋ္ဌကလာပ်၌ပါသော "အဇ္ဈတ္တသြဇာ" သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ဖြစ်၏။
- ထိုသြဇာအာဟာရသည် ရုပ်ကို မဖြစ်နိုင်။
- "အဇ္ဈတ္တသြဇာ" သည် "ဗဟိဒ္ဓသြဇာ" ၏ အထောက်အပံ့ရမှသာ ရုပ်ကို ဖြစ်စေ၏။

## "ပုရေဇာတ" နှင့် "ပစ္ဆာဇာတ" သဘော

- "**ပုရေဇာတ**" မှာ ရုပ်က ရှေ့ကနေပြီး၊ နောက်မှဖြစ်သော နာမ်တရားကို ကျေးဇူးပြု၏။
- "**ပစ္ဆာဇာတ**" ကား နာမ်တရားက နောက်ကနေပြီး၊ ရှေ့မှာရှိသော ရုပ်တရားကို ကျေးဇူးပြု၏။

ထို့ကြောင့် ရုပ်ကနာမ်ကို ကြိုးဖြင့်ချည်ထားသကဲ့သို့ နာမ်ကလည်း ရုပ်ကိုကြိုးဖြင့် ပြန်ချည်ထားသကဲ့သို့ ခန္ဓာကိုယ်မှာ ရုပ်နာမ်သန္တတိအစဉ်က ကြီးမားလာပြီး မသေဘဲ အကောင် အထည်ကြီး ဖြစ်နေ၏။

ခန္ဓာကိုယ်မှာ သန္တတိအစဉ်ကြီး မသေဘဲ အကောင်အထည် သဏ္ဌာန်ကြီး ဖြစ်နေမှု သည် " **ပုရေဇာတ**" နှင့် " **ပစ္ဆာဇာတ**" အကြောင်းအကျိုးကြောင့် ဖြစ်နေ၏။

" **ပစ္ဆာဇာတာ စိတ္တစေတသိကာ**" ဟူသည်...

စတုသမုဋ္ဌာနိက ရူပကာယဖြစ်ပြီးနောက် ဌီအခိုက်တည်နေသောအခါ၌ ဖြစ်ကြ သော စိတ်၊ စေတသိက်တရားများကို ဆိုလို၏။ ထို့ကြောင့် "**ပစ္ဆာဇာတပစ္စည်း**" သည် ဌီခဏမှာ သာ ကျေးဇူးပြု ၏။

ယင်းသို့ဖြစ်လျှင် " ဧကဇကာယ" ရှိ၏ ဟု ယူရမည်။

ပဋိသန္ဓေစိတ်၏ ဥပါဒ်အခိုက်မှာ "ကမ္မဇရုပ်" စပြီး ဖြစ်သော်လည်း အားမကောင်းသေး။ ဌီအခိုက်ရောက်မှ အားကောင်းထင်ရှား၏။ ထို့ကြောင့် ပဋိသန္ဓေစိတ်၏ ဌီကာလအထိကို ကံအကြောင်းတရား တစ်မျိုးတည်းကြောင့် " ကမ္မဇရုပ်" တစ်မျိုးတည်းဖြစ်၍ " ဧကဇကာယ" ဟု ခေါ်၏။

ပဋိသန္ဓေ၏ ဘင်ခဏရောက်သောအခါ၌ "ကမ္မဇရုပ်၊ ဥတုဇရုပ်" နှစ်မျိုးဖြစ်ကြ၏။ ထို နှစ်မျိုးကို " ဒွိဇကာယ" ဟုခေါ်၏။

## "ပစ္ဆာဇာတပစ္စည်း" သည် "အထောက်အကူပြုပစ္စည်း"

**အဋ္ဌကထာဆရာတို့သည် " ပစ္ဆာဇာတပစ္စည်း" ကို...**

- **ဥပတ္ထမ္ဘကပစ္စည်း** = အထောက်အကူပြုသောပစ္စည်း ဟူ၍ ဆိုကြ၏။

- အထောက်အကူပြုသော အကြောင်းတရား၊ အပြန်အလှန် ဆက်သွယ်နေသော သဘောတရား ဖြစ်၏။
- ဖြစ်စေတတ်သော အကြောင်းတရား၊ ထုတ်လုပ်သော အကြောင်းတရား မဟုတ်။

" အကြောင်းအကျိုး" ဟု ပြောရသော်လည်း အကြောင်းကြောင့်ဖြစ်သော အကျိုးမဟုတ်၊ တစ်ခုနှင့် တစ်ခု... အပြန်အလှန် ဆက်သွယ်နေမှု၊ ကျေးဇူးပြုနေမှု၊ အထောက်အကူပြုနေမှုများ ကိုသာ ဆိုလို၏။

ယင်းသို့ သဘောမပေါက်လျှင် "အကျိုးတရားက အရင်ဖြစ်နှင့်ပြီး၊ အကြောင်းတရားက နောက်မှ ဖြစ်၏ဟူသည် ဖြစ်နိုင်ပါမလား" ဟု စဉ်းစားစရာ ဖြစ်နိုင်၏။

မိဘထက် သားသမီးက အရင်မွေးနေသကဲ့သို့ အဓိပ္ပါယ်ကို ဆိုလိုရင်းမဟုတ်၊ "ကျေးဇူးပြုမှု" ဟူသည် ကြိုတင်ပြီး ဖြစ်မှုဖြစ်စေ၊ နောက်မှဖြစ်မှု ဖြစ်စေ၊ အတူတကွဖြစ်မှု ဖြစ်စေ၊ အပြန်အလှန် ဆက်သွယ်နေခြင်း၊ အထောက်အကူပြုနေခြင်းကို ဆိုလို၏။

- ပဋိသန္ဓေစိတ်၏ ဉပါဒ်အခိုက်အတန့်မှာ - "ကမ္မဇရုပ်" ဖြစ်၏။
- ထို "ပဋိသန္ဓေစိတ်" နှင့် "ကမ္မဇရုပ်" တို့ကို ကံတရားသည် ပြုလုပ်ပေး၏။ ထို့ကြောင့် -
    - ➔ "ပဋိသန္ဓေစိတ်" ကို "ဝိပါက်" ဟုခေါ်၏။
    - ➔ "ကမ္မဇရုပ်" ကို "ကဋတ္တာရုပ်" ဟု ခေါ်၏။
- ထို "ကမ္မဇရုပ်တရား" ကို ကံသည် တစ်ကြိမ်တည်း ပြုလုပ်ပေးသည် မဟုတ်ဘဲ၊ အသက်ရှင် နေသမျှ ကာလပတ်လုံး အကြိမ်ကြိမ် ပြုလုပ်ပေးနေ၏။ ပြုလုပ်ပေးနေမှုမှာ စက္ကန့်တိုင်း၊ ခဏတိုင်း ဖြစ်၏။
- ပဋိသန္ဓေစိတ်၏...
    - ➔ ဉပါဒ်ခဏ၌ "ကမ္မဇရုပ်ပေါင်း" (၃၀) ဖြစ်၏။
    - ➔ ဌီခဏ၌ နှစ်ဆ (၆၀)၊
    - ➔ ဘင်ခဏ၌ (၉၀) ဖြစ်၏။
- ထို့အတူပင် "ဘဝင်စိတ်" ဖြစ်လာသောအခါ၌ အထပ်ထပ်ရုပ်တွေ ဖြစ်၏။ ကံသည် ရုပ်များကို ပြုလုပ်ပေးမှုကြောင့် ရုပ်ခန္ဓာကိုယ်မှာ ကြီးထွားလာ၏။
- ပဋိသန္ဓေစိတ်၏ ဉပါဒ်ခဏ၌ ဖြစ်သောရုပ်သည် ရုပ်သက် → စိတ္တက္ခဏ ၁၇-ချက် (ခဏငယ် ၅၁-ချက်) ပြည့်သွားလျှင် ပျက်၏။ အဆင့်ဆင့် မပြတ်ပြုလုပ်ပေးနေသဖြင့် ဖြစ်လိုက်၊ ပျက်လိုက် ဖြစ်နေ၏။
- "ကမ္မဇရုပ်" တို့တွင် တေဇောဓာတ် (ဥတု) ပါလာ၏။ ထိုဥတုသည် ပဋိသန္ဓေစိတ်နှင့် ပြိုင်တူ ဖြစ်၏။ ပဋိသန္ဓေစိတ်၏ ဌီခဏ၌ ယင်းတေဇောဓာတ်သည် "ဥတုဇရုပ်" ကို ပြုလုပ် ပေး

၏။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ထိုတေဇောဓာတ်သည် အားမကောင်းသေးဘဲ ဌီခဏ ရောက်မှ တေဇောဓာတ်သည် အားကောင်းသောကြောင့် " ဥတုဇရုပ်" ကို ပြုလုပ်ပေး၏။

- ပဋိသန္ဓေစိတ်သည် ရုပ်ကို မပြုလုပ်ပေးနိုင်၊ ယင်းစိတ်၏ နောက်၌ " **ဘဝင်စိတ်** " ဖြစ်၏။
  - → **ဘဝင်္ဂ = ဘဝ + အင်္ဂ = ဘဝမှာရှင်သန်ဖို့အတွက် အကြောင်းဖြစ်သောစိတ်** ကို " **ဘဝင်စိတ်** " ဟု ခေါ်၏။
- " ပဋိသန္ဓေစိတ်" နှင့် " ဘဝင်စိတ်" သည် အတူတူပင်ဖြစ်၏။ နာမည်သာ ကွာခြား၏။
  - → ပဋိသန္ဓေစိတ်၏ " ဥပါဒ်ခဏ" ၌ " **ကမ္မဇရုပ်** " ကို ရည်ရွယ်၍ " **ဧကဇကာယ** "
  - → ပဋိသန္ဓေစိတ်၏ " ဌီခဏ၊ ဘင်ခဏ" တို့၌ " ဥတုဇရုပ်" ဖြစ်ပေါ်လာ၏။ ထို " **ကမ္မဇရုပ်၊ ဥတုဇရုပ်** " တို့ကို ရည်ရွယ်၍ " **ဒွိဇကာယ** " ဟု ဆို၏။
- ထို " ကမ္မဇရုပ် ၊ ဥတုဇရုပ်" တို့ကို ဆက်လက်ရှင်သန်ခွင့်ရအောင် ပထမဘဝင်စိတ်သည် အထောက်အပံ့ပေးနေခြင်းဖြစ်၏။ " ပစ္ဆာဇာတသတ္တိ" ဖြင့် ကျေးဇူးပြုနေ၏။ အကယ်၍ " ဘဝင်စိတ်" မဖြစ်ဘူး ဆိုလျှင် ယင်းရုပ်တို့သည် ဆက်လက်ရှင်သန်ခွင့် မရနိုင်။ ဘဝင်စိတ် ဖြစ်လာသဖြင့် ထိုဘဝင်စိတ်က ယင်းရုပ်တို့ကို အထောက်အကူပြုခြင်းမှာ " ပစ္ဆာဇာတပစ္စည်း" ဖြစ်၏။
  - → ပထမဘဝင်၏ ဥပါဒ်ခဏ၌ " စိတ္တဇရုပ်" ကို ပြုလုပ်ပေး၏။ ထို " **ကမ္မဇရုပ် ၊ ဥတုဇရုပ်၊ စိတ္တဇရုပ်** " တို့ကို ရည်ရွယ်၍ " **တိဇကာယ** " ဟု ဆို၏။ ယင်းရုပ်သုံးခု တို့ကို ဆက်လက်ရှင်သန်ခွင့်ရအောင် " ဒုတိယဘဝင်စိတ်" သည် အထောက်အပံ့ ပေးနေခြင်း ဖြစ်၏။

ဆိုလိုရင်းမှာ - " ရုပ်တရား" နှင့် " နာမ်တရား" တို့သည်...

- ❖ အပြန်အလှန် ဆက်စပ်နေကြ၏။
- ❖ တစ်ခုနှင့် တစ်ခု အမှီပြုနေကြ၏။
- ❖ တစ်ခုရှိနေ၍ တစ်ခုသည် ရှိနေ၏။
- ❖ တစ်ခု မရှိလျှင် တစ်ခုသည် မရှိ။

ရုပ်တရားတို့သည် ကံ ၊ ဥတု ၊ စိတ် ၊ အာဟာရ ကြောင့် ဖြစ်ကြ၏။ နောက်မှဖြစ်သော နာမ်တရားများက ပြုလုပ်ပေးခြင်းကြောင့် ယင်းရုပ်တရားတို့ ဖြစ်ပေါ်ခြင်း မဟုတ်ကြဘဲ၊ "နောက်မှဖြစ်သော နာမ်တရားများ"က "ရှေ့ကဖြစ်နှင့်သော ရုပ်တရားများ"ကို ဆက်လက်ရှင်သန်ခွင့်ရအောင် အထောက်အကူပေးနေခြင်းသည် "**ပစ္ဆာဇာတသတ္တိ**" ဖြင့် ကျေးဇူးပြုနေ၏ဟု ဆိုလိုသည်။

## အဆုံးအမ ဩဝါဒစကား

"စာသင်တိုက်ကြီးတွေ၊ ရိပ်သာကြီးတွေ ဖြစ်ပေါ်လာအောင် ရှေးရှေးဆရာသမားများက အခက်အခဲ အမျိုးမျိုးကြားထဲက ကြိုးစားတည်ထောင်သွားကြတာ၊ ရှေးရှေးဆရာသမားဖြစ်တဲ့ ပုဂ္ဂိုလ်တွေမှ "ပုရေဇာတပစ္စယ"သဘောမျိုးနဲ့ အစဉ်အလာကောင်းတွေဖြစ်အောင် ကြိုးစားတည်ထောင်ခဲ့တာကို နောင်လာနောင်သား တပည့်များကလဲ "ပစ္ဆာဇာတပစ္စည်း" ဖြစ်အောင် အစဉ်အလာကောင်းတွေကို ဆက်လက်ထိန်းသိမ်းကြဖို့ အရေးကြီးပါတယ်။

"ပုရေဇာတပစ္စည်း"တွေ ဘယ်လောက်ပင် အားကောင်းကောင်း၊ "ပစ္ဆာဇာတပစ္စည်း" ချို့တဲ့ရင် အစဉ်အလာကောင်းတွေ ဆိတ်သုဉ်းသွားမှာပဲ။

မန္တလေးမြို့လို မြို့ကြီးတွေမှာ ရှေးကထင်ရှားခဲ့တဲ့ စာသင်တိုက်ကြီးအချို့ဟာ အခုဆိုရင် နာမည်လောက်ပဲ ကျန်တော့တယ်။ အရင်က ထင်ရှားကျော်ကြားခဲ့တဲ့ ရိပ်သာကြီးအချို့ဟာလဲ အမည်လောက်ပဲ ရှိတော့တယ်။ သာသနာအတွက်၊ အများအတွက် အကျိုးမပြု အထောက်အကူ မပြုကြတော့ဘူး။ ဒါဟာ နောင်လာနောင်သားတို့ရဲ့ "ပစ္ဆာဇာတပစ္စည်း" ချို့တဲ့မှုပါပဲ။

မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကြီး အခုလို တည်တံ့နေမှုဟာ ဘုရားအစရှိတဲ့ ရှေးရှေးသူတော်မြတ်များက "ပုရေဇာတပစ္စယသတ္တိ" အားကောင်းခဲ့ကြသလို၊ အရှင်မဟာကဿပ

အစရှိတဲ့ နောင်လာနောင်သား အဆက်ဆက်ကလဲ "ပစ္စာဇာတပစ္စယသတ္တိ" အားကောင်းအောင် ကြိုးစားခဲ့ကြလို့ အခုလို တည်တံ့နေတာပါ။

ဒီနေ့ စာသင်သားတွေ၊ တပည့်တွေ၊ သာသနာဝန်ထမ်းတွေအားလုံးဟာ မိမိတို့ အပေါ်မှာ ကျရောက်လာတဲ့ "ပစ္ဆာဇာတပစ္စယ"တာဝန်ကြီးကို ပေါ့ပေါ့တန်တန် သဘောမထားကြပါနဲ့။ သာသနာ နောင်ရေး၊ စာသင်တိုက်/ရိပ်သာတို့ရဲ့နောင်ရေးဟာ ဒီနေ့ စာသင်သားတွေ၊ တပည့်တွေ၊ သာသနာ ဝန်ထမ်းတွေရဲ့ "ပစ္ဆာဇာတပစ္စယ" တာဝန်ကျေမှုအပေါ်မှာ လုံးလုံးလျားလျား တည်နေတယ်ဆိုတာ ကို သတိပြုကြပါ။"

အမရပူရမြို့ (တောင်မြို့) ဉာဏ၀ါအကျော်
တူးမောင်းတိုက် နာယကဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယ

◈ ◈ ◈ ◈ ◈ ◈

## ❀ သားသမီး၊ တပည့် (၃) မျိုး ❀

၁။ အတိဇာတသားသမီး၊ တပည့် = မိဘထက် ဆရာထက် သာလွန်သော သားသမီး၊ တပည့်။

၂။ အနုဇာတသားသမီး၊ တပည့် = မိဘနှင့် ဆရာနှင့် တန်းတူဖြစ်သော သားသမီး၊ တပည့်။

၃။ အဝဇာတသားသမီး၊ တပည့် = မိဘအောက် ဆရာအောက် ကျသော သားသမီး၊ တပည့်။

(မဇ္ဈိမပဏ္ဏာသ ၊ ဋ္ဌ ၊ ၂၇၆)

◈ ◈ ◈ ◈ ◈ ◈

# အာသေဝနပစ္စယော

## အာသေဝနပစ္စယောတိ

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

### ❀ အာသေဝနပစ္စည်း အဓိပ္ပါယ် ❀

**အာသေဝနပစ္စယော = အာ + သေဝန + ပစ္စယ ။**

**အာ** = အဖန်ဖန်အထပ်ထပ်

**သေဝန** = ဖြစ်စေ၍၊ မှီဝဲ၍

**ပစ္စယ** = ကျေးဇူးပြုခြင်း။

- ရှေးရှေးသော ဇောစိတ်တို့သည် နောက်နောက်ဇောစိတ်တို့အား အားကောင်းအောင် ထောက်ပံ့ ကျေးဇူးပြုနိုင်သော သတ္တိကို "**အာသေဝနပစ္စယသတ္တိ**" ဟုခေါ်၏။
- တရား တစ်မျိုးတည်းကိုပင် "အဖန်ဖန် အထပ်ထပ်ဖြစ်စေခြင်းသဘော" ဖြစ်၏။
- ထိုသဘောကိုပင် အထုံ ၊ ဝါသနာ ၊ စရိုက် စသည်ဖြင့် လောက၌ သုံးနှုန်းကြ၏။

အာရုံခြောက်ပါး တစ်ပါးပါးကြောင့် ဝီထိစိတ်အစဉ်ဖြစ်ရာ၌ "ပဥ္စဒွါရာဝဇ္ဇန်း" မှ "ဝုဋ္ဌော" တိုင်အောင် အမျိုးမတူသောတရားတို့ တစ်မျိုးပြီးတစ်မျိုး ဖြစ်စေခြင်းသည် တစ်ကြိမ်စီသာ ဖြစ်ရသောကြောင့် "အာသေဝနသတ္တိ" မရှိသဖြင့်၊ အားမကောင်း၍ "အနန္တရသဘော" သာ ဖြစ်၏။

ဇောစိတ်သည် ဇောစိတ်တစ်မျိုးတည်းပင် အကြိမ်ကြိမ် အထပ်ထပ်ဖြစ်၍ အားကောင်း၏။ ထို့ကြောင့် " အာသေဝန" ဟု ခေါ်ရ၏။ " အနန္တရသတ္တိ" လည်း ဖြစ်၏။

ဇောစိတ်တစ်ခုသည် မိမိနှင့်မျိုးတူ ဇောတရားတစ်မျိုးကို အထပ်ထပ်ဖြစ်စေခြင်း၊ အလားတူ ဖြစ်ရအောင် မိမိ၏သတ္တိအရှိန်ကို ထုံမွမ်းပေးခြင်းကြောင့်၊ နောက်ဖြစ်ရသော ဇောစိတ်တို့ ဆိုင်ရာကိစ္စ ၌ အလေ့အကျင့်ရသဖြင့် အားရှိခြင်း၊ အားအစွမ်းကြီးမားခြင်း အကျိုးရှိ၏။

ထို့ကြောင့် " အာသေဝနပစ္စည်း" ၏ သဘောသတ္တိကို အဋ္ဌကထာဆရာတို့က ...

- ❖ ကျမ်းဂန်တစ်ခုခုကို အထပ်ထပ် ရွတ်ဖတ်လေ့လာမှု
- ❖ နံ့သာ အမွှေးအကြိုင်ကို အထပ်ထပ် ထုံးမွှမ်းမှု

ဟူ၍ ဥပမာနှစ်မျိုးတို့ဖြင့် အဓိပ္ပါယ် ဖွင့်ဆိုကြ၏။

◈ ◈ ◈ ◈ ◈ ◈

## ❀ အာရုံ နှင့် ဝီထိစိတ် ❀

အာရုံခြောက်မျိုးတို့တွင် တစ်မျိုးမျိုးကြောင့် စိတ်အစဉ် (ဝီထိ) သည် (၁၇) ကြိမ် ဖြစ်ရာ၌၊ စိတ်တစ်မျိုးတည်း (၅) ကြိမ်၊ (၇) ကြိမ် ဖြစ်သော စိတ်တို့မှာ ဇောစိတ်များသာ ဖြစ်ကြ၏။ ဇောစိတ်တို့သည် အကြိမ်ကြိမ်ဖြစ်၍ တက်ကြွစွာ လှုပ်ရှားကြသဖြင့် ဝီထိစိတ်တို့တွင် အားအကောင်းဆုံး စိတ်များ ဖြစ်ကြ၏။

ထို့ကြောင့် ကာယကံ ၊ ဝစီကံ ၊ မနောကံ → ကံသုံးပါး တို့တွင် တစ်ပါးပါးက အကျိုးတရားကို ဖြစ်ထွန်းစေရာတွင် ယင်းကံ၏အကျိုးကို ဖြစ်ပေါ်စေနိုင်သည့် သတ္တိရှိသော စိတ်မှာ " ဇောစိတ်" များသာ ဖြစ်ကြ၏။ " ဇောစိတ်" များကြောင့်သာ ပြုလုပ်သောကံ၏ အကျိုးတရား ပေါ်ထွက်လာခြင်းဖြစ်၏။ ဇောစိတ်သည် အရှိန်အဟုန် ပြင်းထန်စွာ အားကောင်းလှုပ်ရှား လေလေ၊ အကျိုးတရားလည်း ကြီးမားလေလေ ဖြစ်၏။

ထို အကြိမ်ကြိမ်ဖြစ်ကြသော ဇောစိတ်တို့သည် " ကုသိုလ် ၊ အကုသိုလ် ၊ ကြိယာ" ဟူသော အကြောင်း " ကံ" တရားများ ဖြစ်ကြ၏။ ယင်းတို့၏ အကျိုးတရားများသည် " ဝိပါက်စိတ်" များ ဖြစ်ကြ၏။

ဇောစိတ် သုံးမျိုးတို့တွင် " ကုသိုလ် ၊ အကုသိုလ်" အကြောင်း " ကံ" တရားတို့သည် အကျိုး " ဝိပါက်" တရားများကို အကြောင်းညီညွတ်လျှင် ဧကန်ဖြစ်စေနိုင်သော တရားများ ဖြစ်ကြ၏။

" ကြိယာဇောစိတ်" များကား ဘဝ၏ အကျိုးတရားများကို ခံစားခွင့် မရှိသော၊ ဘဝသံသရာ အဆုံးသတ်မည်ဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ဖြစ်ကြသည့်စိတ်များ ဖြစ်သောကြောင့် စိတ်အစဉ် အကြိမ်များစွာ ဖြစ်ကြသော်လည်း ရဟန္တာပုဂ္ဂိုလ်တို့အား တစ်စုံတစ်ရာအကျိုးကို မပေးကြ။

ထို့ကြောင့် ...

- " **ကုသိုလ်၊ အကုသိုလ်ကံစိတ်**" တို့သည် နောင်ဘဝဖြစ်ကြဦးမည့် "**ပုထုဇဉ် ၊ သေက္ခပုဂ္ဂိုလ်**" များအတွက် အပင်ပေါက်စေနိုင်သည့် **အရင်းခံ ဗီဇဓာတ်ရှိသော မျိုးစေ့** နှင့်တူ၍ ၊
- " **ကြိယာစိတ်**" တို့ကား နောင်ဘဝမရှိသော "**ရဟန္တာပုဂ္ဂိုလ်**" များအတွက် အပင်ပေါက်စေနိုင်သည့် **အရင်းခံ ဗီဇဓာတ်မရှိသော မျိုးစေ့** နှင့် တူကြ၏။

ဇောစိတ်တို့သည် စိတ်အစဉ်၌ မိမိမဖြစ်မီ ရှေးအဖို့၌လည်း ဖြစ်စေဖို့ လုံ့လပယောဂ စိုက်ရ၏။ ဖြစ်သည့်အခါ၌လည်း အကြိမ်ကြိမ်ဖြစ်၍ ထက်မြက်အားရှိအောင် လုံ့လပယောဂ စိုက်ကြရသော စိတ်များ ဖြစ်ကြ၏။ အကျိုးပေးမှု၊ မပေးမှုသည် ပုဂ္ဂိုလ်များအပေါ်၌ မူတည်၏။

ကံအကျိုးတရားကို နောင်ဘဝ၌ ခံစားရဦးမည့် ပုထုဇဉ် ၊ သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌ ကောင်းကျိုး၊ ဆိုးကျိုးကို ဧကန်ပေးနိုင်သည့် ကံစိတ်များသည် " ကုသိုလ် ၊ အကုသိုလ်ဇောစိတ်" များ ဖြစ်ကြ၏။

ကံအကျိုးကို မခံစားရသော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ အကျိုးမပေးသော ကံစိတ်များကို " ကြိယာစိတ်" (ပြုကာမျှ ဖြစ်သောစိတ်) ဟူ၍ ခေါ်ရ၏။

အကျိုး " ဝိပါက်စိတ်" များမှာ ကံအားလျော်စွာ ယခုဘဝ၌ အလိုလိုဖြစ်ပေါ်လာသော တရား များ ဖြစ်၍ လုံ့လပယောဂ တက်ကြွမှု အရှိန်အဟုန် အားစွမ်းမရှိသော စိတ်များဖြစ်ကြ၏။

## ❀ ပစ္စည်းတရား ❀

"အာသေဝနပစ္စည်း" တရား၌ လှံ့လပယောဂဖြင့်လည်းပြုသော၊ အရှိန်အဟုန်လည်းရှိသော လောကီဇောစိတ် (၄၇)ပါးတို့သာ ပါဝင်နိုင်ကြ၏။

"မဂ်ဇော" တို့သည် တစ်ကြိမ်တည်းဖြင့် ဆိုင်ရာ ကိလေသာပယ်သတ်ခြင်းကိစ္စကို ပြီးပြတ်အောင် ဆောင်ရွက်ရသောကြောင့် မိမိနောက်၌ "မဂ်စိတ်" တစ်ခု ဖြစ်စေရန် "အာသေဝနသတ္တိ" ပေးဖို့ ဗျာပါရ မရှိကြ။

"ဖိုလ်ဇော" တို့သည်လည်း ကုသိုလ်ဇာတ် (မဂ်စိတ်) နှင့် အဗျာကတဇာတ် (ဖိုလ်စိတ်) ဖြစ်၍ ဇာတ်ချင်း မတူသောကြောင့် မိမိ၏သဘောသတ္တိ အရှိန်အငွေ့ကို မထုံမွမ်းနိုင်။ ထို့ကြောင့် "မဂ်ဇော" ၌ "အာသေဝနသတ္တိ" မရှိ၊ "ဖိုလ်ဇော" တို့သည် အကျိုးတရားမျှသာ ဖြစ်၍၊ အထူးပြုပြင်တတ်သော အရှိန်အငွေ့သတ္တိမရှိကြ။ ထို့ကြောင့် "ဖိုလ်ဇော" နှင့် "ဝိပါက်စိတ်" တို့သည် "အာသေဝနပစ္စည်း" မထိုက်ကြ။

ထိုတရားတို့သည် ကံပစ်ချတိုင်း ဖြစ်ရသော တရားများသာဖြစ်သောကြောင့် သူတစ်ပါး၏ အထုံအငွေ့ကို မယူနိုင်ကြသဖြင့် "ပစ္စယုပ္ပန်" (အကျိုး) တရား၌လည်း မပါဝင်ကြ။

## ❀ ပစ္စယုပ္ပန်တရား ❀

ဖိုလ်စိတ်လေးပါးသည် "ဝိပါက်စိတ်" ဖြစ်၍ "ပစ္စည်း ၊ ပစ္စယုပ္ပန်တရား" နှစ်ပါးတို့၌ မပါဝင်နိုင်သော်လည်း၊ "ကုသိုလ်" ဖြစ်သော မဂ်စိတ်လေးပါးသည် "ပစ္စယုပ္ပန်တရား" ဖြစ်နိုင်သောကြောင့် "ပစ္စယုပ္ပန်တရား" ၌ လောကီဇောစိတ် (၄၇)၊ မဂ်ဇော (၄)၊ ပေါင်း (၅၁) ဟု ဆိုရ၏။

"အာသေဝနပစ္စည်း" ၏ သဘောသည် ကုသိုလ်ချင်း ၊ အကုသိုလ်ချင်း ၊ ကြိယာချင်း... အမျိုးတူ ဇာတ်တူလျှင် အကျိုးပြုနိုင်၏။ "မဂ်ဇော" သည် မိမိဖြစ်ပေါ်ရဖို့အရေး၌ ရှေး၌ဖြစ်သော လောကီ၊ လောကီကုသိုလ်ဇောတို့၏ "အာသေဝနသတ္တိ" ဖြင့် ကျေးဇူးပြုခြင်းကို ရယူသောကြောင့် "ပစ္စယုပ္ပန်တရား" ၌ ပါဝင်၏။

| အကြောင်း (ပစ္စည်း) တရား | အကျိုး (ပစ္စယုပ္ပန်) တရား |
|---|---|
| အဆုံးဇော ကြဉ် ရှေးရှေးသော လောကီဇောစိတ် (၄၇)၊ စေ (၅၂) | ပထမဇော ဖိုလ်ဇော ကြဉ် နောက်နောက်သော ဇောစိတ် (၅၁)၊ စေ (၅၂) |

အဆုံးဇော (သတ္တမဇော၊ ပဥ္စမဇော) ၏ နောက်၌ ဇောမဖြစ်တော့ပါ၊ အမျိုးဇာတ် မတူသော "တဒါရုံ" သို့မဟုတ် "ဘဝင်" သာ ဖြစ်၏။ ထို့ကြောင့် အဆုံးဇောသည် "အာသေဝနပစ္စည်း" မဖြစ်နိုင်။ "ပစ္စယုပ္ပန်" သာ ဖြစ်၏။

ပထမဇောသည် ယင်း၏ ရှေ့၌ ဇာတ်တူဇောမရှိသောကြောင့် "အာသေဝန ပစ္စယုပ္ပန်" မဖြစ်နိုင်၊ "ပစ္စည်း" သာ ဖြစ်၏။

## ❀ "ဥပနိဿယ" နှင့် "အာသေဝန" ❀

ကာလတစ်ပါး၌၎င်း၊ ဘဝတစ်ပါး၌၎င်း ကုသိုလ်၊ အကုသိုလ်တရားများ ဖြစ်ပွါးစေခြင်းငှါ ကျေးဇူးပြုသောပစ္စည်းသည် "**ဥပနိဿယပစ္စည်း**" ဖြစ်၏။

ထို ကုသိုလ်၊ အကုသိုလ်တရားတို့ အားရှိသည်ထက် အားရှိအောင် ကျေးဇူးပြုသော ပစ္စည်းသည် "**အာသေဝနပစ္စည်း**" ဖြစ်၏။

| အကြောင်း (ပစ္စည်း) တရား | သင်္ချာ (၃) | | အကျိုး (ပစ္စယုပ္ပန်) တရား |
|---|---|---|---|
| အဆုံးဇော ကြဉ် ရှေးရှေးသော လောကီကုဇော (၁၇) နာမ်ခန္ဓာ | ကု | ကု | ပထမဇော ကြဉ် နောက်နောက်သော ကုဇော (၂၁) နာမ်ခန္ဓာ |
| အဆုံးဇော ကြဉ် ရှေးရှေးသော အကုသိုလ်ဇော (၁၂) နာမ်ခန္ဓာ | အကု | အကု | ပထမဇော ကြဉ် နောက်နောက်သော အကုဇော (၁၂) နာမ်ခန္ဓာ |
| အဆုံးဇော ကြဉ် ရှေးရှေးသော ကြိယာဇော (၁၈) နာမ်ခန္ဓာ | အဗျာ | အဗျာ | ပထမဇော ကြဉ် နောက်နောက်သော ကြိယာဇော (၁၈) နာမ်ခန္ဓာ |

## ❁ တိက္ခပညာ ပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ ပုံစံ ❁

န . ဒ . မ . ဥ . နု . ဂေါ . (သော)မဂ် . ဖိုလ် . ဖိုလ် . ဖိုလ် / ဘ

## ❁ မန္ဒပညာ ပုဂ္ဂိုလ်၏ သောတာပတ္တိမဂ္ဂဝီထိ ပုံစံ ❁

န . ဒ . မ . ပ . ဥ . နု . ဂေါ . (သော)မဂ် . ဖိုလ် . ဖိုလ် / ဘ

**(*အထက်မဂ္ဂဝီထိတို့၌ "ဂေါတြဘု" နေရာဝယ် "ဝေါဒါန်" ပြောင်း၍ ချရှုံသာ။*)**

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော – ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော။ အနုလောမံ ဂေါတြဘုဿ... အနုလောမံ ဝေါဒါနဿ... ဂေါတြဘု မဂ္ဂဿ... ဝေါဒါနံ မဂ္ဂဿ အာသေဝနပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော – ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော။ (၁)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော – ပုရိမာ ပုရိမာ ကိရိယာ ဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော။ (၁)

(ပဋ္ဌာဝါရ၊ ၁၅၃-၄)

## ❁ "အာသေဝနသတ္တိ" ၏ အချိန်, နေရာ, နှင့် ပုဂ္ဂိုလ် ❁

"**အာသေဝနသတ္တိ**" သည် "အနန္တရ" ကဲ့သို့ အတိတ်ကာလ၌သာ ကျေးဇူးပြုနိုင်၏။

- ❖ "အနန္တရ" သည် စိတ်အားလုံးတို့၌ ကျေးဇူးပြု၏။
- ❖ "အာသေဝန" ကား ဇောစိတ်တို့၌သာ ကျေးဇူးပြု၏။
  - ➢ "နာမ်ခန္ဓာ" ရကောင်းသော ပဉ္စဝေါကာရ (၂၆) ဘုံ ၊ စတုဝေါကာရ (၄) ဘုံ တို့၌သာ ရနိုင်၏။
  - ➢ ရုပ်ခန္ဓာသာရှိသော "အသညသတ်ဘုံ" ၌ မဖြစ်။
  - ➢ ပုထုဇဉ် ပုဂ္ဂိုလ် (၄) ယောက်၊ ဖလဋ္ဌာန် (၄) ယောက်တို့၏ "အဇ္ဈတ္တသန္တာန်" ၌သာ ကျေးဇူးပြု၏။

◈ ◈ ◈ ◈ ◈ ◈

## ❁ ဇောစေတနာ နှင့် အကျိုးပေးရာဘဝ ❁

ဇ ဇ ဇ ဇ ဇ ဇ ဇ

အပရာပရိယ (တတိယဘဝမှစ၍ နိဗ္ဗာန်တိုင်အောင်)

ဒိဋ္ဌဓမ္မ = ယခုဘဝ ဥပပဇ္ဇ = ဒုတိယဘဝ

အဟောသိကံ = အကျိုးမပေး

## ❁ ဒါန၏ ဒိဋ္ဌဓမ္မအကျိုး ❁

| | | |
|---|---|---|
| ၁။ | ဝတ္ထုသမ္ပဒါ | = အလှူခံပုဂ္ဂိုလ်သည် အနာဂါမ် ၊ ရဟန္တာဖြစ်ခြင်း။ |
| ၂။ | စေတနာသမ္ပဒါ | = အလှူရှင်သည် စေတနာ ထက်သန်ခြင်း။ |
| ၃။ | ပစ္စယသမ္ပဒါ | = တရားသဖြင့် ရှာဖွေ၍ ရသောပစ္စည်းဖြစ်ခြင်း။ |
| ၄။ | ဂုဏာတိရေကသမ္ပဒါ | = အလှူခံပုဂ္ဂိုလ်သည် နိရောဓသမာပတ်မှ ထပြီးခါစ ဖြစ်ခြင်း။ |

(သုခသာမဏေဝတ္ထု ၊ ဓမ္မပဒ ၊ ဋ္ဌ ၊ ၂ ၊ ၅၉)

## ❁ ကုသိုလ်ဖြစ်ကြောင်းတရား (၄) ပါး ❁

၁။ နိယမိတ = စိတ်ထဲမှာ "ကုသိုလ်ပဲ ဖြစ်စေရမည်၊ အကုသိုလ် မဖြစ်စေရ" ဟူ၍ ဆုံးဖြတ်ချက်ချထားဖို့ လိုခြင်း။

၂။ ပရိဏာမိတ = မိမိ၏စိတ်ကို ကုသိုလ်ဘက်သို့ ညွတ်ထားရခြင်း။

၃။ အာဘုဇိတ = ကုသိုလ်ကိုသာ အမြဲနှလုံးသွင်းနေရခြင်း။

၄။ သမုဒါစာရ = ကုသိုလ်ဖြစ်ဖို့ အလေ့အကျင့်ရှိနေရခြင်း။

(အဋ္ဌသာလိနီ ၊ ဋ္ဌ ၊ ၁၁၇)

**ဆုံးဖြတ်, ညွတ်စဉ် မြဲဆင်ခြင် မှန်ပင်လေ့ကျင့်ထား။**

**ကုသိုလ်ဖြစ်စဉ် လေးမျိုးလျှင် မြဲပင်ရှိစေသား။**

## ❁ အဆုံးအမ ဩဝါဒစကားများ ❁

☒ မကောင်းတာဆိုလျှင် လုပ်ချင်ပေမယ့် ပေပြီး မလုပ်ဘဲ နေရမယ်။
မကောင်းတာဆိုလျှင် ပြောချင်ပေမယ့် ပေပြီး မပြောဘဲ နေရမယ်။
မကောင်းတာဆိုလျှင် ကြံချင် (တွေးချင်) ပေမယ့် ပေပြီး မကြံဘဲ မတွေးဘဲ နေရမယ်။

☑ ကောင်းတာဆိုလျှင် မလုပ်ချင်ပေမယ့် ပေပြီး လုပ်ရမယ်။
ကောင်းတာဆိုလျှင် မပြောချင်ပေမယ့် ပေပြီး ပြောရမယ်။
ကောင်းတာဆိုလျှင် မကြံချင် (မတွေးချင်) ပေမယ့် ပေပြီး ကြံ (တွေး) ရမယ်။

မန္တလေးမြို့၊ မစိုးရိမ်ကျောင်းတိုက်
အဘိဓဇမဟာရဋ္ဌဂုရု ၊ မစိုးရိမ်ဆရာတော်ကြီး
ဘဒ္ဒန္တသူရိယာဘိဝံသ

## အကျိုးပေးရာတွင် အကုသိုလ်ကံသည် ကုသိုလ်ကံထက် ပိုမိုမြန်ဆန်လွယ်ကူနေခြင်း

- "**အကုသိုလ်ကံ**" ဆိုတာ ဘဝကို နိမ့်ကျသွားစေတဲ့ အဆင်းလမ်းတွေ။ အဆင်းဆိုတာ သိပ်ပြီး အားစိုက်စရာမလိုဘူး။ သက်မဲ့ပစ္စည်းတစ်ခုကို လွှတ်ချ လိုက်လျှင် လိမ့်ဆင်းသွားတာပဲ။
- "**ကုသိုလ်ကံ**" တွေက ဘဝကို မြင့်တက်သွားစေတဲ့ အတက်လမ်းတွေဆိုတော့ ကြိုးစားအားထုတ်ပြီး အချိန်ယူရတဲ့သဘောပေါ့။

***ဒါပေမဲ့ အကျိုးပေးနဲ့ ရပ်တည်ခွင့်ရတဲ့ အခါမှာတော့...***

- "**အကုသိုလ်ကံ**" ရဲ့ အကျိုးပေးခိုက်မှာ ရပ်တည်ရတာက အကျိုးပေးမြန်သလောက် ဆင်းရဲဒုက္ခကြီးတယ်။ ပူပြင်းတယ်။
- "**ကုသိုလ်ကံ**" အကျိုးမှာ ရပ်တည်ခွင့်ရတာကတော့ အကျိုးပေး နှေးပေမဲ့ ကြိုးစားရသလောက် အမောပြေတယ်။ အေးချမ်းတယ်။

**မင်းကွန်းတိပိဋကဆရာတော်ကြီး**

## ❀ “အာသေဝနပစ္စည်း”ဟူသည်... ❀

### “ အနန္တရာနံ ပဂုဏဗလဝတာယ ဥပကာရကောဓမ္မော အာသေဝနပစ္စယော”

➲ မိမိ၏အခြားမဲ့၌ ဖြစ်ပေါ်လာသော သဘာဝတရားတို့ကို အလေ့အကျင့်ရအောင်၊ အားကောင်းလာအောင် ကျေးဇူးပြုသော ပစ္စည်းကို “ **အာသေဝနပစ္စည်း**” ဟု ခေါ်၏။

(ပဥ္စပကာရဏအဋ္ဌကထာ၊ ၃၄၉)

## ❀ အာသေဝနနှင့် အမျိုးတူပစ္စည်းများ ❀

“ အာသေဝနပစ္စည်း” နှင့် အမျိုးတူပစ္စည်းတို့သည်...

- ➢ အနန္တရ
- ➢ သမနန္တရ
- ➢ ဥပနိဿယ
- ➢ နတ္ထိ
- ➢ ဝိဂတ တို့ ဖြစ်ကြ၏။

“ အာသေဝနပစ္စည်း” ကို နားလည်သဘောပေါက်လျှင်... မိမိ၏သန္တာန်၌ -

- ❖ ကုသိုလ်တွေ အဘယ့်ကြောင့် အားကောင်းသလဲ?
- ❖ အကုသိုလ်တွေ အဘယ့်ကြောင့် အားကောင်းသလဲ? ဟု အကြောင်းရင်းကို သဘောပေါက်၏။

ထို့ကြောင့် မိမိ၏သန္တာန်၌ -

- ❖ “ **ကုသိုလ်တွေကိုသာ အားကောင်းအောင်**” ပြုလုပ်ပြီး
- ❖ “ **အကုသိုလ်တွေကို အားနည်းအောင်**” ပြုလုပ်ဖို့ အလွန်အရေးကြီး၏။

ကုသိုလ်တရားတွေကို အားကောင်းအောင် ပြုလုပ်ပြီး အကုသိုလ်တရားတွေကို ဖယ်ရှားနိုင်ရမည်။ အကုသိုလ်တရားတွေကို မဖယ်ရှားနိုင်သေးသမျှ သံသရာဝဋ္ဋ်ဆင်းရဲ၌ ကျင်လည်နေရဦးမည်ဖြစ်၏။

## "ပစ္စေကဗုဒ္ဓ" နှင့် "သာဝကရဟန္တာမြတ်" များသည် စရိုက်ဝါသနာများကို မပယ်နိုင်ကြခြင်း

"ပစ္စေကဗုဒ္ဓ" နှင့် "သာဝကရဟန္တာမြတ်"များသည် စရိုက်ဝါသနာများကို မပယ်နိုင်ကြဘဲ "သမ္မာသမ္ဗုဒ္ဓဗုဒ္ဓ"တို့သည်သာ စရိုက်ဝါသနာများကို လုံးဝအကုန်အစင် ပယ်နိုင်တော်မူကြ၏။

"ပစ္စေကဗုဒ္ဓ" နှင့် "သာဝကရဟန္တာမြတ်"များသည် ကိလေသာများကို လုံးဝအကုန်ပယ်နိုင်သော်လည်း စရိုက်ဝါသနာများကိုမူကား လုံးဝအကုန်အစင် မပယ်နိုင်ကြောင်းကို အရှင်ပိလိန္ဒဝစ္ဆမထေရ်အရှင်မြတ်၏ နောက်ဆုံးဘဝဖြစ်စဉ်ကို ထောက်ဆ၍ သိနိုင်ပါ၏။

ထို့ကြောင့် မကောင်းသည့်စရိုက်ဝါသနာများသည် ရဟန္တာဖြစ်သည့်တိုင်အောင် အခြားပုဂ္ဂိုလ်များအား ဒုက္ခပေးနိုင် ဖြစ်စေနိုင်သဖြင့် မိမိသန္တာန်၌ မကောင်းသည့် ဘယ်အမူအရာမျိုးမဆို ဘဝအဆက်ဆက်၌ အလေ့အကျင့် စရိုက်ဝါသနာအဖြစ်ဖြင့် မပါရအောင် သတိဉာဏ်တို့ဖြင့် မပြတ်ဆင်ခြင်၍ ပြုပြင်နိုင်ပါမှ နိဗ္ဗာန်ရသည့်ဘဝအထိ ကောင်းမွန်သော အမူအရာများ ဖြစ်နေပါလိမ့်မည်။

အရှင်ပိလိန္ဒဝစ္ဆမထေရ်သည် အတိတ်ဘဝငါးရာ၌ ပုဏ္ဏားမျိုးဖြစ်ခဲ့၍ ဇာတိမာန်ဖြင့် နှုတ်ကြမ်းစွာ ဆက်ဆံခဲ့၏။ (ဥပါန၊ ၃၊ ၁၇၃)

နောက်ဆုံးဘဝ၌ ရဟန္တာဖြစ်သော်လည်း စရိုက်၊ ဝါသနာ မပယ်နိုင်သဖြင့် နှုတ်ထွက်ကြမ်းတော်မူ၏။ ထိုအကြောင်းအရာကို ဗုဒ္ဓသိတော်မူသောအခါ၌ -

> "ရဟန်းတို့... အရိယာပုဂ္ဂိုလ်တို့ဟာ သူတစ်ပါးကို နှိမ်ချလိုသည်၏
> အစွမ်းဖြင့် ကြမ်းတမ်းသော စကားပြောဆိုခြင်းမရှိ၊ အမှန်စင်စစ်မှာ ရှေးဘဝ
> များစွာက အလေ့အကျင့်များစွာ ပြောဆိုခဲ့ခြင်းကြောင့်သာ ဖြစ်၏"

ဟု မိန့်တော်မူ၏။

အရှင်မြတ်သည် နတ်တို့ ချစ်ခင်မြတ်နိုးရာ၌ ဧတဒဂ်ရတော်မူ၏။" (အံ၊ ၁၊ ၂၅၊ ၄၊ ၂၁၅)

အရှင်မြတ်၏ ကောင်းဂုဏ်များအကြောင်းကို ဘေသဇ္ဇသိက္ခာပုဒ် (ဝိ၊ ၁၊ ၃၆၀၊ ဝိ၊ ၃၊ ၂၉၉) ၌ လေ့လာကြည့်ပါ။

# ကမ္မပစ္စယော

## ကမ္မပစ္စယောတိ

ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

### "စေတနာ" နှင့် "ကမ္မ (ကံ)" သဘောများ

- "**စေတနာ**" ဟူသည် စေ့ဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ပြုပြင်စီရင်ခြင်း သဘောရှိသော "စေတနာ စေတသိက်" ဖြစ်၏။
- ယင်း စေတနာစေတသိက်သည် စိတ် (၈၉) ပါးလုံး၌ ယှဉ်၍ ဖြစ်၏။

- "**ကမ္မ (ကံ)**" ဟူသည်ကား ပြုလုပ်ခြင်းသဘော ဖြစ်၏။
- ကိုယ်၊ နှုတ်၊ စိတ် ဖြင့် ပြုလုပ်ခြင်းဟူသမျှသည် "ကံ" မည်သည်သာ ဖြစ်၏။ ထို့ကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံ ဟူ၍ ကံသုံးပါးစကားသည် ဖြစ်ပေါ်လာရ၏။

ထို "ကံသုံးပါး" တို့ဖြင့် ပြုလုပ်ခြင်းဟူသမျှ၌ စိတ်၊ စေတသိက် ဟူသော နာမ်တရားတို့အား စေ့ဆော်တိုက်တွန်းပေးသော "စေတနာ" စေတသိက်ပါသည်သာ ဖြစ်၏။ "စေတနာ" ၏ စေ့ဆော် တိုက်တွန်းမှုမပါဘဲ အကျိုးပေးနိုင်လောက်အောင် ကံထမြောက်သည့် မည်သည့် ကံတစ်ပါးကိုမျှ မပြုလုပ်နိုင်။

"ကံသုံးပါး" လုံးကို "စေတနာ" ဖြင့်သာ ပြုကြရ၏။ "စေတနာ" သည် "ကံသုံးပါး" လုံးတို့၌ အကြီးအမှူး ဖြစ်၏။ "ကံသုံးပါး" ကိုပြုတိုင်း "စေတနာ" ပါရသည်သာ ဖြစ်၏။ "စေတနာ" ပါမှ လည်း "ကံသုံးပါး" ပြီးစီးအထမြောက်နိုင်၏။ ထိုသို့ "စေတနာ" သည် အမှုကံဟူသမျှကို ပြုကြောင်း ပြီးစီးစေကြောင်းဖြစ်သောကြောင့် "ကံ" မည်၏။

"စေတနာ" သည် အမှုကံဟူသမျှကို ပြီးစီးအောင် လုပ်ဆောင်သော လက်သည် အစစ် ဖြစ်သော ကြောင့် " စေတနာ" သည်ပင် ကံဖြစ်၏။ ထို့ကြောင့် မြတ်ဗုဒ္ဓသည် " စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ = ရဟန်းတို့ စိတ်စွမ်းအားထဲ၌ စေ့ဆော် လှုံ့ဆော်မှုကိုပေးနိုင်သော စေတနာစွမ်းအားကို " ကံ" ဟူ၍ ငါဘုရား မိန့်တော်မူ၏" ဟု ဟောကြားတော်မူ၏။

နိဗ္ဗေဓိကသုတ် (အံ၊ ၂၊ ၃၅၈) (ဆက္ကနိပါတ်)

## ❁ သတ္တဝါတို့၏ အရှင်သခင် ❁

သတ္တဝါတို့သည် နေ့စဉ်နှင့်အမျှ ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော အမှုကံသုံးပါးတို့ကို အဆက်မပြတ် ပြုလုပ်နေကြ၏။ ထိုသို့ ပြုလုပ်ကြရာတွင် ကောင်းသောအမှုကံ (ကုသိုလ်)တို့ကို ပြုလုပ်ကြသည်လည်း ရှိကြ၏။ မကောင်းသောအမှုကံ (အကုသိုလ်) တို့ကို ပြုလုပ်ကြသည်လည်း ရှိကြ၏။ ထိုသို့ ပြုလုပ်အပ်သော ကောင်းသောအမှုကံ၊ မကောင်းသောအမှုကံ အားလျော်စွာ သတ္တဝါတို့သည် ယခုပစ္စုပ္ပန်ဘဝ၌ရှင်း၊ နောင်တမလွန်ဘဝ၌ရှင်း ကောင်းကျိုးချမ်းသာ၊ မကောင်း ကျိုးဆင်းရဲ တို့ကို ခံစားကြရ၏။

ကောင်းသော အမှုကံတို့ကို ပြုလုပ်ကြလျှင် ကောင်းသော ချမ်းသာဘုံဘဝများသို့ ရောက်၍ ချမ်းသာသုခကို ခံစားကြရ၏။ မကောင်းသောအမှုကံတို့ကို ပြုလုပ်ကြလျှင်ကား မကောင်းသော ဆင်းရဲသော ဘုံဘဝများသို့ရောက်၍ ဆင်းရဲဒုက္ခကို ခံစားကြရ၏။

ထို့ကြောင့် သတ္တဝါတို့သည် မိမိတို့ပြုလုပ်ကြသည့် အမှုကံသာ အားကိုးရာ မှီခိုရာရှိကြ၏။ မိတ်ဆွေ ဖြစ်ကြ၏။ မိဘ ဖြစ်ကြ၏။ အရှင်သခင် ဖြစ်ကြ၏။ ထိုကံတို့၏ ကောင်းမွေ၊ ဆိုးမွေတို့ကို ခံယူကြရကုန်၏။

ကမ္မံ သတ္တေ ဝိဘဇတိ = " ကံ" သည် သတ္တဝါတို့ကို အမျိုးမျိုးဖြစ်အောင် ခွဲခြား၏ - ဟူ၍ စူဠကမ္မဝိဘင်္ဂသုတ် (မ၊ ၃၊ ၂၄၄) ၌ မိန့်တော်မူသောကြောင့် (၃၁)ဘုံအတွင်း၌ သတ္တဝါတို့ အမျိုးမျိုး အဖုံဖုံဖြစ်အောင် ဖန်တီးသူမှာ " ကံ" သာဖြစ်၏။ " စေတနာ" သာဖြစ်၏။

(၁) ကုသိုလ်၊ အကုသိုလ်တို့၌ ယှဉ်သော "စေတနာ" သည် ကမ္မ (ကံ)၊

(၂) ကိုယ်၊ နှုတ်၊ စိတ် အမှုအရာကို ပြုပြင်စီရင်အပ်သော စိတ်၏ လှုံ့လပယောဂ ကြောင့်ကြ ဗျာပါရ စိုက်ထုတ်မှုသဘောသည် စေတနာ (ကံ)။

ထို "ကံ" စေတနာသတ္တိ အကြောင်းတို့သည် အကျိုးဝိပါက်နာမ်ခန္ဓာတို့အားငင်း၊ ယှဉ်ဖက်သမ္ပယုတ်တရား၊ သမုဋ္ဌာန်ရုပ်တို့အားငင်း ကျေးဇူးပြုခြင်းကို "ကမ္မပစ္စယသတ္တိ" ဟု ခေါ်၏။

## ❁ "စေတနာ" မည်သော ကံနှစ်မျိုး ❁

ထို စေတနာကံသည် "**နာနာက္ခဏိကကံ**" ၊ "**သဟဇာတကံ**" ဟူ၍ နှစ်မျိုးရှိ၏။

"**နာနာက္ခဏိကကံ**" ဟူသည်...

➢ ရှေးရှေးအတိတ်က ပြုခဲ့ဖူးသော ကုသိုလ်စိတ် (၂၁)၊ အကုသိုလ်စိတ် (၁၂) တို့၌ ပါသော စေတနာ (၃၃)ပါး ဖြစ်၏။ (အတိတ်မှ ပစ္စုပ္ပန်သို့ ကျေးဇူးပြုမှုကံ)

**နာနာက္ခဏိက** = နာနာ + ခဏ။

နာနာ = ကွဲပြားနေမှု၊

ခဏ = အချိန်ကာလ။

"စေတနာကံ" ပြုရာအချိန်ကာလသည် တခြား၊ အကျိုးပေးရာ အချိန်ကာလသည် တခြား ဖြစ်၏။ **မတူညီသော အချိန်ကာလ၌ဖြစ်သောအကျိုးကို ပြုလုပ်တတ်သော "စေတနာကံ" သည် "နာနာက္ခဏိကကံ" ဖြစ်၏။** "စေတနာကံ" ၏ ဖြစ်ရာအချိန်ကာလသည် ရှေ့၌ဖြစ်ပြီး၊ ယင်း၏ အကျိုးပစ္စယုပ္ပန်ဖြစ်ရာ အချိန်ကာလသည် နောက်မှဖြစ်၏ဟု ဆိုလိုသည်။

ဤ "စေတနာကံ" သည် မျိုးစေ့နှင့်တူ၏။

မျိုးစေ့သည် မြေ၊ ရေ စသော အကြောင်းအထောက်အပံ့ရလျှင် ကြီးကျယ်သော သစ်ပင်ကြီး ကို ဖြစ်စေနိုင်၏။ ထို့အတူ "နာနာက္ခဏိက ကံစေတနာ" သည် ဂတိ၊ ကာလ၊ ဥပဓိ၊ ပယောဂဟူသော အကြောင်းအထောက်အပံ့ကိုရလျှင် ကြီးကျယ်သော အကျိုးဝိပါက် နာမ်ခန္ဓာနှင့် ကမ္မဇရုပ်များကို ဖြစ်စေလျက် ခန္ဓာအစဉ်ကို ဖြစ်ပေါ်စေနိုင်၏။

❖ "စေတနာကံ" သည် "မျိုးစေ့" နှင့်တူ၍

❖ "အကျိုးဝိပါက် (ပစ္စယုပ္ပန်တရား)" သည် "သစ်ပင်" နှင့် တူ၏။

" **သဟဇာတကံ**" သည်ကား...

- ➢ အတူဖြစ်ဖက် " စိတ်၊ စေတသိက်တရားများ" နှင့် " စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်" တို့အား စေ့ဆော်စီရင်မှု သတ္တိဖြင့် ကျေးဇူးပြုသော စိတ် (၈၉)ပါး၌ဖြစ်သော " စေတနာ" ဖြစ်၏။ (ပစ္စုပ္ပန်အချင်းချင်း ကျေးဇူးပြုမှုကံ)
- ➢ အတူတကွဖြစ်ပြီး ယှဉ်ဘက်တရားများကို စွမ်းအားပေးသော စေတနာမျိုး ဖြစ်၏။

အခြားသုတ်တွေ၌ " ကံ" အကြောင်း ဟောမှုမှန်သမျှသည်၎င်း၊ " ကံကောင်းတယ်၊ ကံမကောင်းဘူး၊ ကံအတိုင်းပဲ" ဟု လူအများပြောဆိုကြမှုသည်၎င်း... " နာနာက္ခဏိကကံ" ကို ရည်ညွှန်း၏။

" သဟဇာတကံ" သည် အဘိဓမ္မာ၌သာ ဟော၏။

- ❖ " **သဟဇာတ စေတနာ**" သည် အကျိုးပစ္စယုပ္ပန်တရားတို့နှင့် **တပြိုင်နက်သော အချိန်ကာလ၌** အတူဖြစ်၏။
- ❖ " **နာနာက္ခဏိက စေတနာ**" သည်ကား ရှေးဦးစွာဖြစ်ပြီးနောက် **အခြားသောအချိန်ကာလ၌သာ** ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြု၏။

" စေတနာကံ" တစ်ခုတည်းကပင် အမှုကိစ္စနှစ်ခုကို ပြီးစေနိုင်၏။

ဆီမီးသည် တစ်ကြိမ်မျှထွန်းလိုက်လျှင် အမှောင်ကိုလည်းခွင်း၊ အလင်းကိုလည်းဆောင် နှစ်ကိစ္စကို တစ်ပြိုင်နက်ပြီးစေသကဲ့သို့၊ ထို့အတူပင် ကုသိုလ်၊ အကုသိုလ် စေတနာကံသည် မိမိနှင့် အတူဖြစ်ဖက်တရားတို့အား " သဟဇာတကမ္မသတ္တိ" ဖြင့် ကျေးဇူးပြုပေးသည့်အပြင် နောင်ဖြစ်ပေါ်မည့် " အကျိုးဝိပါက်တရား" တို့အားလည်း " နာနာက္ခဏိကကမ္မသတ္တိ" ဖြင့် ကျေးဇူးပြုနိုင်သော သတ္တိထူးကို ချန်ရစ်ခဲ့ပြီး ချုပ်ပျောက်သွား၏။

## ❁ မရှိပဲနှင့် အကျိုးပေးမှု ❁

ကုသိုလ်၊ အကုသိုလ်စေတနာသည် အခြားသော နာမ်တရားများကဲ့သို့ပင် ဖြစ်ပြီးနောက် ချက်ချင်းပျောက်သွား၏။ ထိုသို့ ချုပ်ပျောက်သွားပြီးသော စေတနာသည် အချိန်ကွာခြား၍ငင်း၊ ဘဝများစွာကွာခြား၍ငင်း " အကျိုးဝိပါက်" များကို ဖြစ်စေ၏။

လောကူပမာအားဖြင့် ...

(က) အမြော်အမြင်ရှိသော မိဘတို့သည် မိမိတို့သားသမီးများကို နုနယ်ငယ်ရွယ်စဉ်အချိန်မှာ ကျန်းမာစေကြောင်း အစားကောင်း၊ ဆေးကောင်းများကို ကျွေးမွေးကြ၏။ ထိုအစာနှင့် ဆေးတို့ကြောင့်ဖြစ်သော ရုပ်တို့သည် ကာလကြာလျှင် စွဲမြဲတည်ရှိတော့သည် မဟုတ်၊ ထို သားသမီးငယ်တို့ ကြီးရင့်အရွယ်ရောက်လာသောအခါ သူတကာထက် ကျန်းမာသန်စွမ်း ထွားကျိုင်း၍ သန့်ရှင်းသည့် ရုပ်အဆင်းရှိကြ၏။

(ခ) ငယ်ရွယ်စဉ်အချိန်က သင်ကြားထားသော အတတ်ပညာတို့သည် အချိန်ကာလကြာလျှင် ခန္ဓာ ကိုယ်အတွင်း၌ စွဲမြဲစွာ တည်ရှိကြတော့သည် မဟုတ်၊ အချို့အတတ်ပညာများကို လုံးဝ မမှတ်တော့ချေ။ သို့သော် ငယ်ရွယ်စဉ်အချိန်ကာလက သင်ကြားခဲ့မှုကြောင့် အရွယ်ရောက် လာသောအခါ အောက်အောက် အတန်းများ၌ သင်ကြားခဲ့သောကြောင့် အထက်အထက် အတန်းများ ရောက်သောအခါ၌ ကျေးဇူးပြုလျက် အသိဉာဏ်များ တိုးတက်ကြ၏။

ထိုကဲ့သို့ မရှိတော့ပဲ ချုပ်ပျောက်ပြီး နောက်မှ ကျေးဇူးပြုခံစားရသော်လည်း အခြားသူ ခံစားရ သည် မဟုတ်ဘဲ ထိုသူပင် ခံစားရ၏။

## ❁ "စေတနာ" နှင့် "ကံ" ❁

"စေတနာ" နှင့် "ကံ" သည် အတူတူပဲဟု ဆိုရသော်လည်း သဘောတရားမှာ နဲနဲကွာခြား၏။

- "စေတနာ" ဖြစ်တိုင်း "ကံ" မမြောက်ပါ။ "စေတနာ" တော့ ဖြစ်၏။
- သို့သော် "ကံ" သည် မြောက်ချင်သည့်အခါမှ မြောက်၏။
- "ကံ" မမြောက်လျှင် ကြီးကျယ်သော "ပဋိသန္ဓေအကျိုး" ကို မပေးနိုင်ပါ။

ထိုအကြောင်းကို နားလည်သဘောပေါက်လိုလျှင် တတိယသင်္ဂါယနာတင်ပွဲ (ပါရာဇိကဏ်၊ ၄၊ ၁၊၂၉) နှင့် စက္ခုပါလမထေရ်ဝတ္ထု (ဓမ္မပဒ ၊ ၄ ၊ ၁ ၊ ၁၂) တို့ကို လေ့လာကြည့်ပါ။

နောက်တနည်းပြောရလျှင် "စေတနာ" နှင့် "ကံ" တို့သည် တူ၏ဟုဆိုရသော်လည်း၊ သဘော တရားအနေဖြင့် -

- "စေတနာ" သည် "အကြောင်းတရား" ဖြစ်၏။
- "ကံ" ကား "အကျိုးတရား" ဖြစ်၏။

"ကံ" ကို "အကျိုးတရား" ဟု ပြောရခြင်းမှာ "စေတနာ" နှင့်သာယှဉ်ပြီး ပြောရခြင်း ဖြစ်၏။ အမှန်စင်စစ်မှာမူ "ကံ" သည်လည်း "အကြောင်းတရား" ပင်ဖြစ်၏။

"စေတနာ" ဖြစ်ပြီးမှ "ကံ" ကိုပြုလုပ်ခြင်း ဖြစ်၏။ "စေတနာ" ဖြစ်ပြီးမှ အကုသိုလ် ၊ ကုသိုလ် တို့ကို ပြုလုပ်သဖြင့် "ကံ" မြောက်၏။ "စေတနာ" နှင့် "ကံ" တို့တွင် "စေတနာ" သည် အစဦးစွာ ဖြစ်၏။ "ကံ" ကား နောက်မှ ဖြစ်၏။ "စေတနာ" ပါမှ ပြုလုပ်သည့်အမှုကိစ္စသည် "ကံ" မြောက်၏။ "စေတနာ" မပါလျှင်ကား "ကံ" မမြောက်ဟု မှတ်ပါ။

"ကံ" ပြုလုပ်မှုသည် တစ်ချိန်ဖြစ်၏။ အကျိုးပေးမှုကား တစ်ချိန်ဖြစ်၏။ ထိုပစ္စည်းမျိုးသည် ပဋ္ဌာန်း၌ "ဥပနိဿယပစ္စည်း" နှင့် "ကမ္မပစ္စည်း" သာ ဖြစ်၏။ ဘဝပေါင်းသိန်းသန်းများစွာရှိမှ အကျိုးပေးသော သတ္တိရှိသောပစ္စည်းသည် "ကမ္မပစ္စည်း" တစ်ခုတည်းသာ ဖြစ်၏။

သဟဇာတကမ္မ ၊ နာနာက္ခဏိကကမ္မ နှစ်မျိုးတွင် "နာနာက္ခဏိကကမ္မ" သည် ထူးဆန်းနေ၏။ **"နာနာက္ခဏိကကမ္မ" ဟူသည် အတိတ်ကုသိုလ် ၊ အကုသိုလ် တို့မှ လူ ၊ နတ် ၊ ဗြဟ္မာ ခန္ဓာ ၊ တိရစ္ဆာန်ခန္ဓာ စသည်များကို ဖြစ်ပေါ်စေတတ်သော " စေတနာ" ဖြစ်၏။**

## ❁ လောကုတ္တရာ ကုသိုလ်ကံ ❁

**မေး။ ။** "လောကုတ္တရာကုသိုလ်ကံ" သည် "နာနာက္ခဏိက ကမ္မပစ္စည်း" တပ်သလား?ဟုမေးလျှင်

"ကမ္မပစ္စည်း" သည် အတိတ်ကုသိုလ်ကံ ၊ အကုသိုလ်ကံ တို့ကြောင့် လူခန္ဓာ ၊ နတ်ခန္ဓာ ၊ တိရစ္ဆာန်ခန္ဓာ စသည်များကို ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးသော "ကံ" တရား ဖြစ်၏။

"လောကုတ္တရာကုသိုလ်ကံ" သည် ခန္ဓာမဖြစ်တော့ဘဲ နိဗ္ဗာန်ရောက်အောင် ကျေးဇူးပြုပေးခြင်းဖြစ်၏။ သို့သော် "လောကုတ္တရာမဂ်" ရပြီးလျှင် ဖိုလ်တစ်ခါတည်း ဖြစ်၏။ "မဂ္ဂဝီထိ" ကို ကြည့်လျှင် "မဂ်ကုသိုလ်" သည် အစဦးစွာဖြစ်၍ "အတိတ်" ဖြစ်၏။

ဘဝခြားပြီးဖြစ်သော "အတိတ်" မဟုတ်သော်လည်း "ပုထုဇဉ်ဘဝ" မှ "အရိယာဘဝ" ကို "ဒိဋ္ဌဓမ္မအကျိုး" အနေဖြင့် ပြောင်းလဲပေးသော "မဂ်စေတနာ" သည် "ကမ္မပစ္စည်း၏သတ္တိ" ဖြစ်၏။ ဘဝပြောင်းနည်း တစ်မျိုးဟု ဆိုနိုင်၏။

## ❀ စေတနာသည် ခန္ဓာကိုယ်ကို ဖြစ်စေခြင်း ❀

**မေး။** ။ အနာဂတ်ဘဝ၌ ဖြစ်သော "ကမ္မဇရုပ်" သည် ဘယ်တရားကြောင့် ဖြစ်သလဲ? မေးလျှင် -

အတိတ်ဘဝကဖြစ်စေ ၊ ပစ္စုပ္ပန်ဘဝကဖြစ်စေ ကမ္ဘာပေါင်းသိန်းသောင်းဘဝက ပြုလုပ်ခဲ့သောကုသိုလ်"ကံ"ကြောင့်ဖြစ်စေ ၊ ပြုလုပ်ခဲ့သော "စေတနာ" တစ်ခုခုကြောင့် → အနာဂတ်ဘဝ၌ "ရုပ်တရား" ကို ဖြစ်စေ၏။

- "စေတနာ နာမ်တရား" သည်သာ နာမ်၊ ရုပ် နှစ်မျိုးလုံးကို ဖြစ်စေ၏။
- ဘဝတစ်ခုမှ "ရုပ်တရား" သည် အခြားဘဝတစ်ခု၏ "ရုပ်တရား" ကို မဖြစ်စေနိုင်။ ဘဝတစ်ခုမှ "ရုပ်တရား" သည် အခြားဘဝတစ်ခု၏ "နာမ်တရား" ကိုလည်း မဖြစ်စေနိုင်။

## ❀ သဟဇာတကမ္မ ❀

**မေး။** ။ "စေတနာ" သည် ပစ္စယုပ္ပန်အကျိုးတရားကို ဘယ်လိုအကျိုးပြုသလဲ? ဆိုလျှင် -

"စေတနာ" ပစ္စည်းတရား ကိုယ့်သန္တာန်၌ဖြစ်နေတုန်း၊ ဖြစ်နေဆဲသော ပစ္စယုပ္ပန်အကျိုးကို ပေး၏။ ပစ္စည်းတရားသည် ဥပါဒ် ၊ ဌီ ၊ ဘင် ဖြစ်ပြီး ချုပ်သွားလျှင် ထိုပစ္စည်း၏ အကျိုးပစ္စယုပ္ပန်တရားသည် မရှိတော့။

"စေတနာ"နှင့်အတူ ဖြစ်နေတုန်း ဥပါဒ် ၊ ဌီ ၊ ဘင် ခဏငယ်သုံးချက်အတွင်းသာ ကျေးဇူးပြု၏။ နောက် စိတ္တက္ခဏ ကို လိုက်ပြီး ကျေးဇူးမပြု။ ထိုသဘောသည် "သဟဇာတကမ္မ" သဘော ဖြစ်၏။

## ❁ ပဋိသန္ဓေ (၄) မျိုး ❁

| | | | |
|---|---|---|---|
| ၁။ | ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေ | ၂။ | သုဂတိအဟိတ်ပဋိသန္ဓေ |
| ၃။ | ဒွိဟိတ်ပဋိသန္ဓေ | ၄။ | တိဟိတ်ပဋိသန္ဓေ |

## ❁ ကုသိုလ် (၂) မျိုး ❁

၁။ ဉာဏ်ပါသော တိဟိတ်ကုသိုလ် (ဥက္ကဋ္ဌကုသိုလ်၊ ဩမကကုသိုလ်)

၂။ ဉာဏ်မပါသော ဒွိဟိတ်ကုသိုလ် (ဥက္ကဋ္ဌကုသိုလ်၊ ဩမကကုသိုလ်)

## ❁ ကမ္မသတ္တိ၏ ဥပမာများ ❁

- သဟာဇာတကံသည် တပည့်ကြီး၊ လက်သမားကြီး စသည် ပုဂ္ဂိုလ်တို့က မိမိကိစ္စ၊ သူတစ်ပါးတို့ ကိစ္စတို့၌ လုံလဗျာပါရ စိုက်ထုတ်၍ ပြီးစေသကဲ့သို့ ဖြစ်၏။
- "နာနာက္ခဏိကကံ" ကား သစ်စေ့က အပင်ကို ဖြစ်စေခြင်း၊ အသီးအပွင့်တို့ကို ဖြစ်စေခြင်းကဲ့သို့ဖြစ်၏။

## ❀ ကမ္မသတ္တိ (၂) မျိုး ❀

- **သံဝိဓာနသတ္တိ** = စေ့ဆော်စီစဉ်တိုက်တွန်းခြင်း။
- **ဗီဇနိဓာနသတ္တိ** = အကျိုးပေးခြင်း။

စေတနာကံ (၂) မျိုး ကွဲပြားသဖြင့် " ကမ္မသတ္တိ" သည်လည်း (၂) မျိုး ကွဲပြား၏။

၁။ ကုသိုလ် ၊ အကုသိုလ် (၃၃)ပါး၌ ယှဉ်သော "နာနာက္ခဏိကကံ စေတနာ" သည် အကျိုး တရား နှင့် ကမ္မဇရုပ်တို့ကို တိုးပွားစေခြင်း "ဗီဇနိဓာနသတ္တိ" လည်းရှိ၏။ "သံဝိဓာနသတ္တိ" လည်း ရှိ၏။

၂။ ဝိပါက် (၃၆) ၊ ကြိယာ (၂၀) အဗျာကတ တရားတို့၌ ယှဉ်သော "သဟဇာတကံ စေတနာ" သည် အတူဖြစ်ဖက် သမ္ပယုတ်တရားတို့ကို စေ့ဆော်စီရင် တိုက်တွန်းခြင်း "သံဝိဓာနသတ္တိ" သာရှိ၏။ အကျိုးပေးခြင်း "ဗီဇနိဓာနသတ္တိ" ကား မရှိ။

| **နာနာက္ခဏိက ကမ္မ** | |
|---|---|
| **အကြောင်း (ပစ္စည်း) တရား** | **အကျိုး (ပစ္စယုပ္ပန်) တရား** |
| ကု (၂၁) ၊ အကု (၁၂)<br>အတိတ်စေတနာကံ (၃၃) | ဝိ (၃၆) ၊ စေ (၃၈) ၊ နာမ်ခန္ဓာ<br>ပဋိသန္ဓေကမ္မဇရုပ် ၊ ပဝတ္တိကမ္မဇရုပ် ၊ အသညသတ် ကမ္မဇရုပ် |

| **သဟဇာတ ကမ္မ** | |
|---|---|
| **အကြောင်း (ပစ္စည်း) တရား** | **အကျိုး (ပစ္စယုပ္ပန်) တရား** |
| စိတ် (၈၉) ၌ ရှိသော<br>စေတနာ (၈၉) | ယှဉ်ဖက်စိတ် (၈၉)၊ စေတနာ ကြဉ် စေ (၅၁)<br>စိတ္တဇရုပ် ၊ ပဋိသန္ဓေကမ္မဇရုပ် |

## သဟဇာတ ကမ္မ

| အကြောင်း (ပစ္စည်း) တရား | သင်္ချာ (၇) | | အကျိုး (ပစ္စယုပ္ပန်)တရား |
|---|---|---|---|
| ကု (၂၁) ၌ ရှိသော စေတနာ | ကု | ကု | ကု (၂၁) ၊ စေတနာ ကြဉ် စေ (၃၇) |
| | | အဗျာ | စိတ္တဇရုပ် |
| အကု (၁၂) ၌ ရှိသော စေတနာ | အကု | အကု | အကု (၁၂) ၊ စေတနာ ကြဉ် စေ (၂၆) |
| | | အဗျာ | စိတ္တဇရုပ် |
| ပဝတ္တိအခါ ဝိ (၃၆) ၊ ကြိ (၂၀) ၌ ရှိသော စေတနာ<br>ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ် (၁၉) ၌ ရှိသော စေတနာ | အဗျာ | အဗျာ | ဝိ (၃၆) ၊ ကြိ (၂၀) သမ္ပယုတ္တက္ခန္ဓာ၊ စိတ္တဇရုပ်<br><br>ပဋိသန္ဓေစိတ် (၁၉) ၊ စေတနာ ကြဉ် စေ (၃၄) သမ္ပယုတ္တက္ခန္ဓာ ၊ ကဋတ္တာရုပ် |

## နာနာက္ခဏိက ကမ္မ

| အကြောင်း (ပစ္စည်း) တရား | | | အကျိုး (ပစ္စယုပ္ပန်) တရား |
|---|---|---|---|
| အတိတ် ကု (၂၁) ၌ ရှိသော စေတနာ<br>အတိတ် အကု (၁၂) ၌ ရှိသော စေတနာ | ကု<br><br>အကု | အဗျာ<br><br>အဗျာ | ကုသလဝိပါက် (၂၉) နာမ်ခန္ဓာ ကမ္မဇရုပ်များ<br>အကုသလဝိပါက် (၇) နာမ်ခန္ဓာ ကမ္မဇရုပ်များ |

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော - ကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော။ (၁)

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော — သဟဇာတာ, နာနာက္ခဏိကာ [နာနာခဏိကာ (က။)]။ **သဟဇာတာ** – ကုသလာ စေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

နာနာက္ခဏိကာ – ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ (၂)

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော - ကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ (၃)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော — အကုသလာ စေတနာ သမ္ပယုတ္တ ကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော — သဟဇာတာ, နာနာက္ခဏိကာ။

**သဟဇာတာ** – အကုသလာ စေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ **နာနာက္ခဏိကာ** –

အကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ (၂)

အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော - အကုသလာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ (၃)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော – ဝိပါကာဗျာကတာ ကိရိယာဗျာကတာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ, စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ စေတနာ ဝတ္ထုဿ ကမ္မပစ္စယေန ပစ္စယော။ (၁)

(ပဋ္ဌာဝိရ၊ ၁၅၄-၅)

## ❀ ပုဂ္ဂိုလ် ၊ သန္တာန် ၊ ကာလ နှင့် ကမ္မသတ္တိ ❀

➢ "**နာနာက္ခဏိကကံ စေတနာ**" သည် အသညသတ် ကြဉ် ဘုံ (၃၀) ၌ ရဟန္တာပုဂ္ဂိုလ်ကို ချန်ထား၍ အခြားပုဂ္ဂိုလ် (၁၁) ယောက်တို့၏ အဇ္ဈတ္တသန္တာန်မှာ အတိတ်ကာလ၌ ဖြစ်၍ ကျေးဇူးပြုသည်။

➢ "**သဟဇာတကံ စေတနာ**" သည် အသညသတ် ကြဉ် ဘုံ (၃၀) ၌ ပုဂ္ဂိုလ် (၁၂) ယောက်တို့၏ အဇ္ဈတ္တသန္တာန်မှာ ပစ္စုပ္ပန်ကာလ၌သာ ဖြစ်၍ ကျေးဇူးပြုသည်။

## ❀ ကံ (၂) ခု ❀

"သတ္တဝါတစ်ခု ကံတစ်ခု" ဟု လောက၌ ပြောဆိုနေကြသော်လည်း၊ ကမ္မသတ္တိသဘောအရ...

- ➢ နာနာက္ခဏိကကံ (အတိတ်ကံ) နှင့်
- ➢ သဟဇာတကံ (ပစ္စုပ္ပန်ကံ)

ဟု ကံနှစ်ခု (နှစ်မျိုး) ရှိ၏။ (သတ္တဝါတစ်ခု ကံနှစ်ခု)

သတ္တဝါတစ်ဦးမှာ "**ကံနှစ်မျိုး**" တို့ကို ပိုင်ဆိုင်၏။

➢ ပဋိသန္ဓေအခါ အမိဝမ်းတွင်း ပဋိသန္ဓေတည်နေချိန်မှစ၍ ဘဝတစ်ခုအတွင်း၌ "အတိတ်ကံ" ၏ အစွမ်းသတ္တိသည် အရိပ်ပမာ ထပ်ကြပ်မကွာ လိုက်ပါ အကျိုးပေး၏။

➢ ပဝတ္တိအခါ အသက်ရှင် လှုပ်ရှားနေသမျှ အချိန်တိုင်း၌လည်း "ပစ္စုပ္ပန်စေတနာကံ" များစွာတို့ သည် ဖြစ်တည် အကျိုးပေးနေ၏။

## ❁ "ဗျာပါရ"ဟူသည်... ❁

"**ကမ္မပစ္စည်း**" ကို အားပါးထုတ်ထ လုံ့လသည်းစွာ အမှုအရာဟူသော "ကမ္မသတ္တိထူး" ဖြင့်ဟု မိန့်ဆိုရာ၌ "**အားထုတ်လုံ့လပြုမှု**" ကို "**ဗျာပါရ**" ဟုခေါ်၏။

ထို "ဗျာပါရ" သည်...

(၁) ပုဂ္ဂလဗျာပါရ = ပုဂ္ဂိုလ်က ကြောင့်ကြလုံ့လစိုက်ပြီး ပြုလုပ်ရမည့်တာဝန်၊

(၂) ဓမ္မဗျာပါရ = ပုဂ္ဂိုလ်က ကြောင့်ကြစိုက်စရာမလိုဘဲ ဓမ္မသတ္တိက သူ့သဘော သူဆောင်ပြီး အကျိုးတရားတွေ ဖြစ်ပေါ်အောင် ကြောင့်ကြလုံ့လ စိုက်သွားသောသဘော...

ဟု နှစ်မျိုးရှိ၏။

**ကံ၊ ကံ၏ အကျိုးတို့တွင်...**

- "**ကံ**" သည်... "**ပုဂ္ဂလဗျာပါရ**"၊
- "**ကံ၏အကျိုး**" သည်... "**ဓမ္မဗျာပါရ**" ဖြစ်၏။

ကံပြုသူ၏တာဝန်သည် မိမိပြုလုပ်သောကံကို ပီပြင်အောင်၊ မြင့်အောင်... သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဆိုသော စွမ်းအားဖြင့် ကြောင့်ကြစိုက်ပြီး ကြိုးစားအားထုတ်ရခြင်း ဖြစ်၏။

ကံ၏အကျိုးတရားကို ကိုယ်က ကြောင့်ကြစိုက်စရာမရှိဘဲ ကံတရားက သူ့သဘော သူဆောင် ပြီး ဖြစ်ပေါ်စေခြင်း ဖြစ်၏။

ကံပြုသူ၏တာဝန်သည် ပြုလုပ်နေသောကံပေါ်၌ စေတနာထားရခြင်း ဖြစ်၏။ ကံ၏ အကျိုး တရားပေါ်၌ မျှော်ကိုးသော စိတ်စေတနာ ထားရခြင်း မဟုတ်ပါ။

**လယ်တီဆရာတော်ကြီး** သည်...

ယခုကာလ၌ နိဗ္ဗာန်ကို ရရလိုပါ၏၊ အကြင်မျှလောက် နိဗ္ဗာန်ကို မရသေး၊ ထိုမျှလောက် ကာလ၌ ဘဝသမ္ပတ္တိတို့ကို ရေစက်ချဆရာ အာဝဇ္ဇန်းရှိတိုင်း ချဲ့ကြကုန်၏၊ နိဗ္ဗာန်သည် အသံမျှသာ ပါတော့သည်။

အများကြိုက်ရာ နောက်ပိုင်းမှာမူ အာဝဇ္ဇန်းရှိသမျှ ဆန်းကြယ်ကြကုန်၏။

ဤသို့သော ကုသိုလ်ကြောင်ခြစ်များကို ပယ်ရှားတော်မူခြင်းငှါ "လောကုတ္တရာကုသိုလ်" ၏သာလျှင် မျိုးစေ့မူလ သမ္ဘာရ ဖြစ်သော ကုသိုလ်အစုသည် "အနိုဿိတကုသိုလ်" မည်၏ဟု သာလျှင် ... ဟူသော ကန့်သတ်စကားဖြင့် မိန့်တော်မူသည်။

(ဥတ္တမပုရိသဒီပနီ၊ ၃၇၈။ လယ်တီဒီပနီပေါင်းချုပ်၊ စတုတ္ထတွဲ)

## ❁ ကုသိုလ်ကံ (၃) မျိုး ❁

ကုသိုလ်ကံများနှင့်ပတ်သက်၍ ပြုလုပ်သူ၏ "**စေတနာ**" နှင့် "**ရည်ရွယ်ချက်**" များကို အကြောင်းပြုပြီး "**ကံသုံးမျိုး**" ကွဲပြား၏။

(၁) **ဟီနကုသိုလ်**

(က) ဆန္ဒ ၊ စိတ် ၊ ဝီရိယ ၊ ပညာ တို့ အားနည်းစွာဖြင့် ပြုလုပ်သော အောက်တန်းစား ကုသိုလ်၊

(ခ) ဂုဏ်သတင်း ကျော်စောမှုကို မျှော်လင့်တောင့်တပြီး ပြုလုပ်သော ကုသိုလ်၊

(ဂ) မိမိကိုယ်ကို မြှောက်၍ သူတစ်ပါးကို နှိမ်ချလိုသော စိတ်မျိုးရှိသော ကုသိုလ်၊

(ဃ) ဘဝစည်းစိမ်ချမ်းသာကို တောင့်တပြုလုပ်သော ကုသိုလ်။

(၂) **မဇ္ဈိမကုသိုလ်**

(က) "ဆန္ဒ" စသည်တို့ အလယ်အလတ်ဖြင့် ပြုလုပ်သော ကုသိုလ်၊

(ခ) ကောင်းမှုကုသိုလ်ကြောင့် ရမည့်ကောင်းကျိုးကို မျှော်ကိုးတောင့်တ ပြုလုပ်သော ကုသိုလ်၊

(ဂ) မိမိကိုယ်ကို မြှောက်၍ သူတစ်ပါးကို နှိမ်ချလိုစိတ်ကင်းပြီး လောကီချမ်းသာကို တောင့်တပြုလုပ်သော ကုသိုလ်၊

(ဃ) မိမိ၏ ဘဝသံသရာမှ လွတ်မြောက်ရေးကို မျှော်ပြီး ပြုလုပ်သော ကုသိုလ်။

(၃) **ပဏီတကုသိုလ်**

(က) " ဆန္ဒ" စသည်တို့ ထက်သန်စွာဖြင့် ပြုလုပ်သော ကုသိုလ်၊

(ခ) အကျိုးကို မမျှော်ဘဲ ပေးမှုဆိုတာ စိတ်ကောင်းနှလုံးကောင်းရှိသူမှန်လျှင် ဧကန် ပြုလုပ်ရမည့် အလုပ်ဖြစ်၏ဟု သဘောပေါက်၍ ပြုလုပ်သော ကုသိုလ်၊

(ဂ) မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို တောင့်တ၍ ပြုလုပ်သော ကုသိုလ်၊

(ဃ) သတ္တဝါအပေါင်း၏ ဘဝသံသရာ လွတ်မြောက်ရေးအတွက် ရည်ရွယ်၍ ပြုလုပ်သော " ပါရမီ" ဖြစ်သော ကုသိုလ်။

(ဝိသုဒ္ဓိမဂ်၊ ၁၊ ၁၃)

## အဆုံးအမ စကားများ

လောကဂုဏ်သိန် စည်းစိမ်မဖက် သက်သက်အလှူ ခံယူသူသာ
ချမ်းသာစေကြောင်း ငွဲ့ညှာရှောင်း အလောင်းတော်တို့ ဒါန(ကုသိုလ်)မှတ်။

မဟာဂန္ဓာရုံဆရာတော်

ပေါ်လွင်မပြု ကောင်းရာတုလျှက်
ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး၍
ကောင်းကျိုးကိုယ်၌ တည်စေမင်း။

လောကသာရပျို့

## ❁ လူဘဝ၏ အရေးအကြီးဆုံးသော လိုအပ်ချက် ❁

- "သမ္ပတ္တိစက် လေးပါးတို့တွင်... 'ပုဗ္ဗေစကတပုညတာ'သည်သာ လိုရင်းဖြစ်၏" ... ဟု စက္ကသုတ်အဖွင့် (အံ၊ ဋ္ဌ၊ ၂၊ ၂၈၉) သင်္ဂီတိသုတ်အဖွင့် (ဒီ၊ ဋ္ဌ၊ ၃၊ ၁၅၃) တို့၌ မိန့်ဆို၏။
- " 'သပ္ပုရိသူပနိဿယ'သည်သာ အဓိက ဖြစ်၏" ... ဟု ကလျာဏမိတ္တသုတ် (သံ၊ ၁၊ ၈၇၊ သဂါထာဝဂ္ဂ) ၌ မိန့်တော်၏။

"ဆိုခဲ့ပြီး အချက်များမှာ **တကယ်ပါရမီပြည့်စုံသော ပစ္ဆိမဘဝိကတို့အတွက် လုံလောက်ရာ၏**။ သာမန် ကောင်းမှုရှင်များ၌ကား စိတ်မချရသေး။

**အရှင်ဒေဝဒတ်**သည်...

- "ပတိရူပဒေသ" ၌လည်းဖြစ်ရ၊
- တကယ့် "သပ္ပုရိသ" ဘုရားရှင်ကိုလည်း မှီရ၏။
- ရှေးကောင်းမှုလည်း ရှိခဲ့သည်သာ။

သို့သော် "အတ္တသမ္မာပဏိဓိ" ပျက်ကာ အကျိုးမဲ့ ဆုံးရှုံးခဲ့ရရှာ၏။

**အဇာတသတ်**သည်လည်း...

- ကောင်းမှုရှင်တစ်ဦးပင်။
- ဖခင်သောတာပန် သူတော်ကောင်း ဗိမ္ဗိသာရမင်းကြီးကို မှီရပါလျှက်...

ဒေဝဒတ်နှင့် အပေါင်းမှားကာ "အတ္တသမ္မာပဏိဓိ" ပျက်ခဲ့၍ နစ်နာရရှာသည်။

ဤအချက်များကား "ပုထုဇ္ဇနဂတိ" ၏ စိတ်မချရသည့် အဖြစ်ကို ဖော်ပြလျက်ရှိရာ "ပုထုဇ္ဇနဂတိ"မှ စိတ်ချရသော "အရိယဘူမိ"သို့ ရောက်ရေး အလေးပေးကာ ကြိုးစားသင့်ကြောင်း သတိပေးလျက် ရှိပေသည်။" (၉၄)

သပြေကန် ပရိတ်ကြီး နိဿယသစ်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ

## ❀ ပစ္ဆိမဘာဝိက ပုဂ္ဂိုလ် (၂) မျိုး ❀

၁။ **နိယတပစ္ဆိမဘာဝိကပုဂ္ဂိုလ်** = မုချသေချာသော ဆုကြီးပန်။
(အင်္ဂုလိမာလ)

၂။ **အနိယတပစ္ဆိမဘာဝိကပုဂ္ဂိုလ်** = မုချမသေချာသော ပုဂ္ဂိုလ်။
(ကုဋေရှစ်ဆယ်သူဌေးသား ဇနီးမောင်နှံ)

"**ဗီဇ**" နှင့် "**ပတ်ဝန်းကျင်**" နှစ်မျိုးတည်းသာ ပြောရမည်ဆိုလျှင်...

- "**နိယတပစ္ဆိမဘာဝိကပုဂ္ဂိုလ်**" မှာ... "**ဗီဇ (ပုဗ္ဗေကတပုညတာ)**" သည် အဓိကကျ၏။
- "**အခြားပုဂ္ဂိုလ်**" များမှာကား... "**ပတ်ဝန်းကျင်**" သာ အဓိကကျ၏။

သပြေကန်ဆရာတော်သည် သမ္ပတ္တိစက်လေးပါးတို့တွင် "အတ္တသမ္မာပဏိဓိ" သာ အဓိက ကျ၏ ဟု ဆုံးဖြတ်တော်မူ၏။ "အတ္တာ ဟိ အတ္တနော နာထော = မိမိသည်သာ မိမိ၏အားထားရာ အစစ် ဖြစ်၏" ဟူသော ဒေသနာတော်နှင့်လည်း ညီ၏။

❖ ❖ ❖ ❖ ❖ ❖

**ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယ**

(သတ္တဝါတို့၏ ကောင်းဆိုး အမြတ်အယုတ်ကို "ကံ" သည် ခြယ်လှယ်ဝေဖန်၏။)

စူဠကမ္မဝိဘင်္ဂသုတ် (မ ၊ ၃ ၊ ၂၄၄)

❖ ❖ ❖ ❖ ❖ ❖

## ❀ စေ့ဆော်မှု (စေတနာ) နှင့် အတ္တဘော (၄)မျိုး ❀

၁။ မိမိ၏စေ့ဆော်မှု(စေတနာ)သာ ဖြစ်၍၊ သူတစ်ပါးတို့၏ စေ့ဆော်မှု (စေတနာ) မဖြစ်သော "အတ္တဘော" ကို ရခြင်း။

- ခိဍ္ဍာပဒေါသိကနတ်များ = အပျော်ကြူးနေမိ၍ အစာစားချိန်ကို လွန်သွားသဖြင့် အစာပြတ်ခြင်းကြောင့် စုတေသော နတ်များ။

၂။ သူတစ်ပါးတို့၏ စေ့ဆော်မှု (စေတနာ) သာ ဖြစ်၍၊ မိမိ၏ စေ့ဆော်မှု (စေတနာ) မဖြစ်သော "အတ္တဘော" ကို ရခြင်း။

- မနောပဒေါသိကနတ်များ = အခြားနတ်သားတစ်ပါး၏ စည်းစိမ်ကို ငြူစူသော 'ဣဿာ' ဖြင့် ကြည့်ရှု၍ အလကားသက်သက် အမျက်ထွက်၏။ ထိုအကြောင်းကို ငြူစူခံရသော နတ်ကသိသဖြင့် ပြန်၍ ဒေါသထွက်လျှင် တစ်ယောက်တစ်ခွန်း စကားများကြ၏။ ထိုအခါ ဒေါသမီးအရှိန်သည် လွန်စွာပြင်းထန်သဖြင့် အလွန် နုနယ်သော နတ်တို့၏ ခန္ဓာကိုယ်ကို တခဏချင်း လောင်ကျွမ်းစုတေသောနတ်များ။

၃။ မိမိ၏ စေ့ဆော်မှု (စေတနာ) ၊ သူတစ်ပါးတို့၏ စေ့ဆော်မှု (စေတနာ) နှစ်ပါးလုံးဖြစ်သော "အတ္တဘော" ကို ရခြင်း။

- လူများ = လူတို့သည် မိမိဘာသာလည်း သတ်၍ သေကြ၏။ သူတစ်ပါးတို့၏ ပယောဂ ကြောင့်လည်း သေကြရ၏။

၄။ မိမိ၏ စေ့ဆော်မှု (စေတနာ)လည်း မဖြစ်၊ သူတစ်ပါးတို့၏ စေ့ဆော်မှု (စေတနာ) လည်း မဖြစ် သော "အတ္တဘော" ကို ရခြင်း။

- နေဝသညာနာသညာယတန ဗြဟ္မာများ။

စေတနာသုတ် (အံ ၊ ၁ ၊ ၄၇၆) စတုက္ကနိပါတ်။

## ❁ တန်ဖိုးရှိသော အဆုံးအမများ ❁

"ကံ" ဟုမူလ သမ္ဗုဒ္ဓတို ဟောပြသည်မှာ အရင်းသာရှင့်
ဥစ္စာဘောဂ ဇီဝိတနှင့် သုခပွားရန် ဤလူ့ဌာန်၌
ဉာဏ်ဝီရိယ ပယောဂတည်း။

(မဃဒေဝလင်္ကာသစ် ၊ ၂၄၅)

✍ ✍ ✍ ✍ ✍

အမြဲသတိ အသိရှေ့ထား လုံ့လအားဖြင့်
ဉာဏ်သွားမပေ ထက်မြက်စေလော
ပြုလေသမျှ ကိစ္စများမြောင် ဆောင်တိုင်းအောင်လိမ့်။

ရှေးဆရာတော်များ

## ❁ ခေါင်းဆောင်၊ မိဘ၊ ဆရာ၊ အကြီးအကဲ ဟူသည်... ❁

မြတ်ဗုဒ္ဓသည် သီဟစစ်သူကြီး နှင့် ဥပါလိသူကြွယ် တို့ကို...

**အနုဝိစ္စကာရံ ခေါ သီဟ (ဂဟပတိ) ကရောဟိ။**

**အနုဝိစ္စကာရော တုမှာဒိသာနံ ဉာတမနုဿာနံ သာဓုဟောတိ။**

သင်တို့ကဲ့သို့သော ထင်ရှားကျော်ကြားသူများမှာ...

သတိဉာဏ်ဖြင့် စူးစမ်းဆင်ခြင်၍ ပြုလုပ်ခြင်းသည် ကောင်း၏ ဟု မိန့်တော်မူ၏။

(ဝိနည်း ၊ မဟာဝါ ၊ သီဟသေနာပတိဝတ္ထု ၊ ၃၃၃။ ဥပါလိသုတ် ၊ မ ၊ ၂ ၊ ၄၂)

## ❁ ပယောဂ (၂) မျိုး ❁

၁။ ဉာဏ ပယောဂ = အချိန်ကာလ ဒေသစသည်ကို စဉ်းစားဝေဖန်ခြင်း။

၂။ ဝီရိယ ပယောဂ = ကြိုးစားအားထုတ်ခြင်း။

## ❁ လုံ့လဝီရိယ (၂) မျိုး ❁

၁။ ဉာဏ်ရှေ့ရှိသော လုံ့လဝီရိယ = အလုပ်ကိစ္စ၌ စနစ်ကျ၏၊ မပင်ပန်း၊ သက်သာလွယ်ကူ၏။

၂။ ဉာဏ်ရှေ့မရှိသော လုံ့လဝီရိယ = အလုပ်ကိစ္စ၌ စနစ်မကျ၊ ပင်ပန်း၏၊ ခက်ခဲ၏။

## ၈၈ မာဃဒေ၀လင်္ကာ ၎

✧✧✧✧✧

ကံကိုယုံ၍ မီးပုံအတွင်း မဆင်းထိုက်စွာ
ကျားရဲရာလည်း ကြမ္မာအကြောင်း မရိုးကောင်းဟု
သူဟောင်းရှေးက ဆိုကုန်ကြ၏။
လုံ့လမထူ ဉာဏ်မကူဘဲ အယူတစ်ချောင်း
ကံတစ်ကြောင်းမျှ မကောင်းလည်းကံ ကောင်းလည်းကံဟု
ကံကိုချည်းသာ မကိုးရာဘူး ပညာဉာဏ်ဖြင့်
သင့်,မသင့်ကို အခွင့်ရှု၍ အပြုလုံ့လ ရှိအပ်စွာတည့်။
တံငါလက်တွင်း ရောက်လျှင်းတုံငြား သုံးကောင်ငါးကို
မှတ်သားဝမ်းထဲ နည်းယူစွဲလော့။
ကံမဲ့ဉာဏ်နဲ့ မလုံ့မလ နတ် မ,မဘူး
အလသမျိုး အကျိုးယွင်းယို အလိုလျှော့ရည်း
မကျော့ကျည်းလင့် လူလည်းလုံ့လ နတ်လည်းမ,၍
တောင့်တကြံရာ မြန်မကြာလျှင် လွယ်ကာကိစ္စ ပြီးနိုင်ကြ၏။
အန္ဓဗာလ လူ့ထိုမျှတို့ ကမ္မဝီရိယ မယုံကြဘူး
သိဝမဟေ ပရမေသွာ ဗြဟ္မာဗိဿနိုး ကမ္ဘာစိုးနှင့်
တန်ခိုးကြီးမား နတ်ဘုရားတို့ ပေးစားဖန်ဆင်း
ဖြစ်တုံလျှင်းဟု ချွတ်ယွင်းသမှု အမှားရှုသည်
တောင်သူ့ယူလေ့ ယူလာတည်း။

(မဃဒေဝလင်္ကာ)

## ❀ အသက်မွေးဝမ်းကျောင်းပြုသူ လေးမျိုး ❀

၁။ **ဥဋ္ဌာနဖလူပဇီဝီပုဂ္ဂိုလ်** = ဝီရိယအကျိုးကိုသာ မှီပြီး အသက်မွေးသော ပုဂ္ဂိုလ်။

- ကျေးကျွန်များ၊ တိရစ္ဆာန်လောက၌ ဆင်၊ မြင်း၊ နွား စသည်။ (ဆင်းရဲသား)

၂။ **ပုညဖလူပဇီဝီ ပုဂ္ဂိုလ်** = ကံအကျိုးကိုသာ မှီပြီး အသက်မွေးသော ပုဂ္ဂိုလ်။

- ပရနိမ္မိတ ဝသဝတ္တီနတ်ဘုံမှ အထက်ဗြဟ္မာဘုံများ၌ရှိသော ပုဂ္ဂိုလ်များ။ (စတုမဟာရာဇ် စသော နတ်များ)

၃။ **ဥဋ္ဌာနဖလူပပုညဖလူပဇီဝီပုဂ္ဂိုလ်** = ဝီရိယအကျိုး၊ ကံအကျိုး နှစ်မျိုးလုံးကို မှီပြီး အသက်မွေးသော ပုဂ္ဂိုလ်။

- လူ့ပြည်၌ ထင်ရှားကျော်ကြားသော မင်း၊ ပုဏ္ဏား၊ သူဌေး၊ နတ်ပြည်၌ ဘုမ္မစိုးနတ်မှစ၍ နိမ္မာနရတိနတ်ဘုံအထိ ပုဂ္ဂိုလ်များ။ (မင်း ၊ မင်းအမတ်)

၄။ **နောဥပဋ္ဌာနဖလူပနော ပုညဖလူပဇီဝီ ပုဂ္ဂိုလ်** = ဝီရိယအကျိုး၊ ကံအကျိုး နှစ်မျိုးလုံးကို မှီပြီး အသက်မွေးခွင့်မရသော ပုဂ္ဂိုလ်။

- အပါယ်ငရဲ၌ ဖြစ်သောပုဂ္ဂိုလ်များ။ (ငရဲသား)

(ပုဂ္ဂလပညတ္တိ ၊ ၁၅၈-၉။ ဥဋ္ဌာနဖလသုတ် ၊ အံ ၊ ၁ ၊ ၃၅၂ ၊ စတုက္ကနိပါတ်)

## ❀ အဆိုးအမစကား ❀

ကံကောင်းသည်ကား ကောင်းခြင်းငါးဖြာ ထောက်ပံ့ပါမှ ကောင်းကျိုးရ၏။
ဆိုးခြင်းငါးဖြာ ကြုံရပါမူ ကောင်းရာနှင့်ဝေး ကံနုန့်နေး၏။
ကံဆိုးသည်ကား ဆိုးခြင်းငါးဖြာ ထောက်ပံ့ပါမှ ဆိုးကျိုးရ၏။
ကောင်းခြင်းငါးဖြာ ကြုံရပါမူ ဆိုးရာနှင့်ဝေး ကံနုန့်နေး၏။

ရှေးဆရာတော်များ

" **ကောင်းခြင်းငါးဖြာ**" ဟူသည်... " **သမ္ပတ္တိငါးပါး**" ကို ဆိုလို၏။

## ❁ သမ္ပတ္တိ ငါးပါး ❁

၁။ ဂတိသမ္ပတ္တိ = ကောင်းသောဘဝ၊ ကောင်းသောနေရာဌာနနှင့် ပြည့်စုံခြင်း။

၂။ ဥပဓိသမ္ပတ္တိ = လူအများ လေးစားကြည်ညိုနှစ်သက်စေလောက်သော ရုပ်အဆင်း အင်္ဂါနှင့် ပြည့်စုံခြင်း။

၃။ ကာလသမ္ပတ္တိ = မိမိ၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းတို့ကို အသုံးချခွင့် ရလောက်အောင် တန်ဖိုးထားသော အခါကာလနှင့် ကြုံကြိုက်ပြည့်စုံခြင်း။

၄။ ပယောဂသမ္ပတ္တိ = အချိန်အခါနှင့်အညီ ကြိုးစားသော လုံ့လဝီရိယကောင်းနှင့် ပြည့်စုံခြင်း။

၅။ ဉာဏသမ္ပတ္တိ = အမြော်အမြင် ဉာဏ်ပညာ ဗဟုသုတနှင့် ပြည့်စုံခြင်း။

" **ဆိုးခြင်းငါးဖြာ**" ဟူသည်...

ကောင်းခြင်းငါးဖြာ ချို့ယွင်းပျက်စီးသော " **ဝိပ္ပတ္တိငါးပါး**" ဖြစ်၏။

## ❀ ဥပဓိသမ္ပတ္တိ (၂) မျိုး ❀

၁။ **ဇာတိ ဥပဓိသမ္ပတ္တိ**

(က) မွေးရာပါ ရုပ်ရည်လှပတင့်တယ်ခြင်း။ ("ကံ" သည်သာ ပိုင်၏။)

(ခ) အိုပယ် ဥပဓိရုပ်။

(ဂ) သူတစ်ပါးအတွက် ဥပဓိရုပ်။

(ဃ) တစ်ဘဝသာခံသော ဥပဓိရုပ်။

၂။ **အာစာရ ဥပဓိသမ္ပတ္တိ**

(က) ကိုယ်ကျင့်တရားဖြင့် ဣန္ဒြေကို စောင့်စည်း ကျင့်သုံးခြင်း။ (ကိုယ်ပိုင်အစစ်ဖြစ်၏။)

(ခ) အိုကြွယ် ဥပဓိရုပ်။ (အိုမင်းတင့်တယ်မှု)

(ဂ) ကိုယ့်အတွက် ဥပဓိရုပ်။

(ဃ) နိဗ္ဗာန်အထိ ကြာရှည်ခံသော ဥပဓိရုပ်။

## ❀ ပယောဂသမ္ပတ္တိ (၂) မျိုး ❀

၁။ **ကာယ ပယောဂ** (ဝီရိယ ပယောဂ)။

၂။ **ဉာဏ ပယောဂ။**

## ❀ ဉာဏသမ္ပတ္တိ ❀

📖 "အလုပ်ကို ဉာဏ်နဲ့ မစီမံ မလုပ်တတ်သူ၊ ကောင်းဆိုး ယုတ်မြတ်ကို သိတတ်တဲ့ ဉာဏ်ပညာမရှိဘဲ ပညာမဲ့သူတို့နဲ့သာ အခါခပ်သိမ်း တိုင်ပင်လုပ်ကိုင်လေ့ရှိသူ 'လူမိုက်' ကို စည်းစိမ်ချမ်းသာတို့က စွန့်ခွါမြဲဖြစ်တယ်။

ဥပမာပြောရရင်တော့... မြွေသတ္တဝါဟာ ဆွေးမြေ့ဟောင်းမြင်းတဲ့ အရေဟောင်းကို စွန့်ခွါသွားသလိုပါပဲ"

... ဟု ဇာတကပါဠိတော်၌ မိန့်၏။ (ဇာတက ၊ ပ ၊ ၃၂၂ ၊ ၌ ၊ ပ ၊ ၁၀၄)

📖 "ဉာဏ်ပညာ၊ ဗဟုသုတရှိတဲ့ လူကောင်းသူကောင်းတို့မှာရှိတဲ့ ရွှေ၊ ငွေ၊ ဘဏ္ဍာ၊ စည်းစိမ်ဥစ္စာဆိုတာ မပြောပလောက်တဲ့ အနည်းငယ်လေးပင်ဖြစ်စေ တွင်းရေလို ချိုမြိန်ကောင်းမြတ်တယ်၊ အားထားမှီခိုရာလည်း ဖြစ်တယ်။

ဉာဏ်ပညာ၊ ဗဟုသုတ မရှိသူတို့ရဲ့ ရွှေ၊ ငွေ၊ ဘဏ္ဍာ၊ စည်းစိမ်တွေကတော့ ဘယ်လောက်ပဲ များနေများနေ၊ ပင်လယ်ဆားငံရေလို မှီခိုအားထားရာ မဖြစ်ဘူး"

... ဟု နီတိကျမ်းဆရာတို့ ဆိုကြ၏။

**စံကျောင်းဆရာတော် (ကံ၊ ဉာဏ်၊ ဝီရိယ အကျယ် လက်စွဲကျမ်း)**

## ❀ လုပ်ငန်းဆောင်ရွက်ပုံ ကိစ္စအစွမ်းအားဖြင့် ကံ (၄) ပါး ❀

၁။ **ဇနကကံ** = ကိုယ်တိုင် ပဋိသန္ဓေအကျိုး ၊ ပဝတ္တိအကျိုး ကို **ဖြစ်စေနိုင်သောကံ။**

၂။ **ဥပတ္ထမ္ဘကကံ** = ဇနကကံတို့ အကျိုးပေးခွင့်သာအောင် ၊ အကျိုးပေး ထက်သန်အောင် **ထောက်ပံ့ကူညီပေးတတ်သောကံ။**

၃။ **ဥပပီဠကကံ** = ဆန့်ကျင်ဘက်ကံတို့ အကျိုးပေးခွင့် မရအောင်၊ ရပြန်ရင်လည်း အကျိုးပေး မထက်သန်အောင် **နှောက်ယှက်ဟန့်တားနှိပ်စက်တတ်သောကံ။**

၄။ **ဥပဃာတကကံ** = ဆန့်ကျင်ဘက်ကံတို့၏ အကျိုးပေးခွင့်ကို နှောက်ယှက်ဟန့်တားရုံမျှမက အကျိုးပေးခွင့်ကို လုံးဝဆိတ်သုဉ်းသွားအောင် **ပယ်သတ်တတ်သောကံ။**

## ❀ အတိတ်ကံ (၃) ပါး နှင့် ပစ္စုပ္ပန်ကံ (၃) ပါး ❀

| ဢ **အတိတ်ကံ (၃) ပါး** ဣ | ဢ **ပစ္စုပ္ပန်ကံ (၃) ပါး** ဣ |
|---|---|
| ၁။ **မဟန္တ** = ကြီးသော အတိတ်ကံ။ | ၁။ **ဝုဒ္ဓိဘာဂိယ** = ကြီးပွားရန် အဖို့ရှိသောကံ။ |
| ၂။ **မဇ္ဈိမ** = အလတ်ဖြစ်သော အတိတ်ကံ။ | ၂။ **ဌိတိဘာဂိယ** = တည်တံ့ရုံသာ အဖို့ရှိသောကံ။ |
| ၃။ **အပ္ပက** = နည်းငယ်သော အတိတ်ကံ။ | ၃။ **ဟာနဘာဂိယ** = ယုတ်လျော့ရန် အဖို့ရှိသောကံ။ |

## ❀ အကျိုးပေး ကွဲပြားမှု ❀

အကျိုးပေးရာ၌...

၁။ အားကြီးသော "အတိတ်ကံ" နှင့် အားကြီးသော "ပစ္စုပ္ပန်ကံ" သည် ...

လွန်ကဲစွာ ကြီးပွားတိုးတက်ကြောင်းကို ဖြစ်စေ၏။

၂။ အားကြီးသော "အတိတ်ကံ" နှင့် အားအလတ်ရှိသော "ပစ္စုပ္ပန်ကံ" သည် ...

တည်တံ့ရုံသာ ဖြစ်စေ၏။

၃။ အားကြီးသော "အတိတ်ကံ" နှင့် အားနည်းသော "ပစ္စုပ္ပန်ကံ" သည် ...

ဆုတ်ယုတ်လျော့ပါးစေ၏။

၄။ အားအလတ်ရှိသော "အတိတ်ကံ" နှင့် အားကြီးသော "ပစ္စုပ္ပန်ကံ" သည် ...

ကြီးပွားတိုးတက်ကြောင်းကို ဖြစ်စေ၏။

၅။ အားအလတ်ရှိသော "အတိတ်ကံ" နှင့် အားအလတ်ရှိသော "ပစ္စုပ္ပန်ကံ" သည် ...

တည်တံ့ရုံသာ ဖြစ်စေ၏။

၆။ အားအလတ်ရှိသော "အတိတ်ကံ" နှင့် အားနည်းသော "ပစ္စုပ္ပန်ကံ" သည် ...

ဆုတ်ယုတ်လျော့ပါးစေ၏။

၇။ အားနည်းသော "အတိတ်ကံ" နှင့် အားကြီးသော "ပစ္စုပ္ပန်ကံ" သည် ...

ကြီးပွားတိုးတက်စေ၏။

၈။ အားနည်းသော "အတိတ်ကံ" နှင့် အားအလတ်ရှိသော "ပစ္စုပ္ပန်ကံ" သည် ...

တည်တံ့ရုံသာ ဖြစ်စေ၏။

၉။ အားနည်းသော "အတိတ်ကံ" နှင့် အားနည်းသော "ပစ္စုပ္ပန်ကံ" သည် ...

ဆုတ်ယုတ်လျော့ပါးစေ၏။

**(သမ္မာဒိဋ္ဌိဒီပနီ ၊ ၁၀၁) (လယ်တီဒီပနီပေါင်းချုပ် ၊ ပဌမတွဲ)**

အထက်ပါ "အတိတ်ကံ" နှင့် "ပစ္စုပ္ပန်ကံ" တို့၏ ပေါင်းစပ်အကျိုးပေးပုံကို လေ့လာကြည့်လျှင်- "**ပစ္စုပ္ပန်ကံ**"

- ❖ အားကောင်းပါက → တိုးတက်ကြီးပွားနိုင်ပြီး၊
- ❖ အားအလတ်ရှိပါက → တည်တံ့ရုံသာဖြစ်နိုင်လျှက်
- ❖ အားနည်းပါက → ဆုတ်ယုတ်လျော့ပါးမည်ဖြစ်ကြောင်း တွေ့ရသည်။

တနည်းဆိုလျှင်... "**ပစ္စုပ္ပန်ကံ**" သည်သာ ကံကောင်းခြင်း ၊ ကံမကောင်းခြင်း တို့အပေါ် အဆုံးအဖြတ်ပေးနိုင်သော '**ပဓာနတရား**' ဖြစ်ကြောင်း တွေ့ရှိရသည်။

အရာဝတ္ထုတစ်ခုတွင် "မူရင်းတန်ဖိုး" နှင့် "အခြေအရံတန်ဖိုး" ဟူ၍ နှစ်မျိုးရှိသကဲ့သို့ ၊ **ကံကောင်းမှု**ကို ချင့်တွက်ရာ၌...

"**မူရင်းတန်ဖိုး**" ဖြစ်သော -

- ❖ အရာဝတ္ထုအားဖြင့် ပြည့်စုံမှု (ဥပဓိသမ္ပတ္တိ) နှင့်

"**အခြေအရံတန်ဖိုး**" များ ဖြစ်ကြသော -

- ❖ အချိန်အခါ ပြည့်စုံမှု (ကာလသမ္ပတ္တိ)
- ❖ အခြေအနေ ပြည့်စုံမှု (ဒေသသမ္ပတ္တိ)
- ❖ အသုံးချ ပြည့်စုံမှု (ပယောဂသမ္ပတ္တိ) တို့ကို ထည့်သွင်းစဉ်းစားရမည်။

တခါတရံ ကံကောင်းမှု သတ်မှတ်ထားသောအရာများသည် ရှုထောင့်တစ်မျိုးမှ ကြည့်လျှင် ကံဆိုးမှုများ ဖြစ်သွားတတ်သည်၊ ပစ္စည်းဥစ္စာရှာဖွေ၍ ရရှိသဖြင့် ထပ်၍ထပ်၍ လိုချင်သော မရောင့်ရဲ နိုင်သည့် 'လောဘတဏှာ' ဖြစ်လာသည်။ 'ငါတယ်တော်ပါလား၊ ငါမှန်တယ်၊ ငါတော်တယ်' ဟူသော 'မာန' နှင့် 'ဒိဋ္ဌိ' လည်း ဝင်လာတတ်သည်။ ထိုအခါ ကိုယ်ကျင့်တရားပါ ပျက်စီးလာတတ်သည်၊ 'ငါနှင့် ငါသာ နှိုင်းစရာ'ဟု ဝင့်ဝါဂုဏ်မောက်၍ အခြောက်တိုက်

အကုသိုလ်ရတတ်သည်။ ဤသည်မှာ မြွေဆိုးကို မဖမ်းတတ်သောအခါ ဖမ်းသူကို မြွေကပြန်ကိုက်သော အလဂဒ္ဒူပမာ သဘောမျိုးပင် ဖြစ်၏။

ကံကောင်းခြင်း - မကောင်းခြင်း ၊ ချမ်းသာခြင်း - ဆင်းရဲခြင်း ၊ ပညာကြီးခြင်း - ပညာမဲ့ခြင်း စသည်တို့သည် "အတိတ်ကံ" နှင့် ဆိုင်သည်လည်းရှိ၏။ မဆိုင်သည်လည်း ရှိ၏။ အရာရာ "အတိတ်ကံ" နှင့်ဆိုင်သည်ဟုဆိုလျှင် "ပုဗ္ဗေကတဟေတုဒိဋ္ဌိ" ဖြစ်၏။

မီးကို ကိုင်၍ ပူလောင်ခြင်း၊ အရက်ကို သောက်၍ မူးယစ်ခြင်း ၊ စာမကြိုးစား၍ စာမေးပွဲကျရှုံးခြင်း စသည်တို့မှာ "ပစ္စုပ္ပန်ကံ" ၏ သတ္တိပင်ဖြစ်၏။ ဘိန်းဖြူစွဲ၍ အသက်တိုခြင်းကို "အတိတ် ကံ" ချည်းသက်သက် ဖြစ်သည်ဟုဆို၍ မဖြစ်။

## ❀ အကုသိုလ်ကံမှ လွတ်အောင်ပြုလုပ်နည်း ❀

နာလန္ဒမြို့ ပါဝါရိက သရက်ဥယျာဉ်တော်၌ မြတ်ဗုဒ္ဓ သီတင်းသုံးနေတော်မူစဉ် နိဂဏ္ဌ၏တပည့် အသိဗန္ဓကပုတ္တ ရွာသူကြီးသည် မြတ်ဗုဒ္ဓထံသို့ ရောက်လာသဖြင့် မြတ်ဗုဒ္ဓက "နိဂဏ္ဌနာဋပုတ္တသည် တပည့်တို့အား အဘယ်သို့ တရားဟောသလဲ?" ဟု မေးရာ -

"အရှင်ဘုရား... သက်ရှိသတ္တဝါကို သတ်ခြင်း၊ ပစ္စည်းဥစ္စာကို မတရားယူခြင်း စသောကံငါးပါးကို ကျူးလွန်သူသည် အပါယ်ငရဲသို့ ကျရောက်လိမ့်မည်။ အကြိမ်များစွာ ပြုလုပ်နေသော အကုသိုလ် ကံသည် အပါယ်ငရဲသို့ ပို့ဆောင်၏"ဟု တရားဟောကြောင်းကို ရွာသူကြီးက ဖြေကြား၏။

ထိုအခါ မြတ်ဗုဒ္ဓက "မကောင်းမှုကို ကျူးလွန်သူသည် ထိုမကောင်းမှုကို ကျူးလွန်နေသော အချိန်မှာ မကျူးလွန်ပဲနေသောအချိန်ထက် များစွာနည်းပါးနေ၏။ ထို့ကြောင့် အကြိမ်များစွာပြုလုပ်နေသော မကောင်းမှုအကုသိုလ်ကံသည် အပါယ်ငရဲသို့ ပို့ဆောင်၏...ဟူသော နိဂဏ္ဌနာဋပုတ္တ၏ စကားအရပြောရလျှင် အပါယ်ငရဲသို့ ကျရောက်သူ တစ်ဦးတစ်ယောက်မျှ မရှိတော့မည် မဟုတ်သလို ဖြစ်နေ၏။

ထို့အပြင် မကောင်းမှု အကုသိုလ်ကံ တစ်ခုခုကို ပြုလုပ်ခဲ့မိသူသည် နိဂဏ္ဌနာဋပုတ္တ၏ စကားကို ယုံကြည်၍ "ငါဟာ အပါယ်ငရဲသို့ ကျရောက်တော့မည်"ဟု စွဲလမ်းစိတ်ဖြစ်နေခဲ့၍ အပါယ်ငရဲသို့ သေချာ ကျရောက်မည်" ဟု မိန့်တော်မူ၏။

ဆက်လက်၍ "မြတ်ဗုဒ္ဓသည်ကား မကောင်းမှုမှန်သမျှကို ကဲ့ရဲ့တော်မူ၏။ ထို မကောင်းမှုတို့မှ ရှောင်ကြဉ်ရန်ကိုလည်း တပည့်တို့အား ဆုံမတော်မူ၏။ ထိုမြတ်ဗုဒ္ဓ၌ ယုံကြည်သောတပည့်သည် မိမိ ကျူးလွန်မိသော မကောင်းမှုအတွက် စိတ်နှလုံးမသာယာခြင်း ဖြစ်မနေဘဲ ထိုမကောင်းမှုတို့ကို စွန့်လွှတ်၏။ နောင်အခါ၌လည်း ထိုမကောင်းမှုတို့မှ ရှောင်ကြဉ်၏။ ဤသို့ဖြင့် မကောင်းမှုတို့ကို စွန့်လွှတ်ခြင်း လွန်မြောက်ခြင်းသည် ဖြစ်လာ၏။

ထိုသို့ မကောင်းမှုတို့မှ ရှောင်ကြဉ်၍ အပိုင်းအခြား အကန့်အသတ်မရှိသည့် မေတ္တာစိတ်၊ ကရုဏာစိတ်၊ မုဒိတာစိတ်၊ ဥပေက္ခာစိတ်ဟူသော ဗြဟ္မစိုရ်တရားတို့ဖြင့် အရပ်လေးမျက်နှာနှင့် အထက်အောက်အရပ်တို့ကို စေလွှတ်ဖြန့်၍နေသော အရိယာတပည့်အား အပိုင်းအခြားကို ပြုတတ်သော အကုသိုလ်ကံတို့သည် မကြွင်းကျန်တော့ချေ။

ဥပမာအားဖြင့် အားကောင်းသော ခရုသင်းမှုတ်သူသည် သက်သက်သာသာဖြင့်ပင် အရပ်လေးမျက်နှာ၌ တည်ရှိသော လူအပေါင်းအား ခရုသင်းသံကို ကြားစေနိုင်သကဲ့သို့ ထို့အတူ အပိုင်းအခြား အကန့်အသတ်မရှိသည့် ဗြဟ္မစိုရ်တရားတို့ကို အကြိမ်များစွာ ပွားများခြင်းသည်လည်း အပိုင်း အခြားကို ပြုတတ်သော အကုသိုလ်ကံတို့ကို လွှမ်းမိုးနိုင်၏။

ဤသို့ "မကောင်းမှုကံကို ပြုလုပ်မိသူတိုင်းသည် အပါယ်ငရဲသို့ ကျရောက်၏" ဟူသော နိဂဏ္ဌနာဋပုတ္တ၏စကားသည် လွဲမှားနေကြောင်းနှင့် မကောင်းမှု အကုသိုလ်ထံမှ လွတ်မြောက်အောင်ပြုလုပ်ပုံ ပြုလုပ်နည်းကို မြတ်ဗုဒ္ဓက မိန့်တော်မူသောအခါ အသိဗန္ဓပုတ္တရွာသူကြီးသည် မြတ်ဗုဒ္ဓ၏ ဥပါသကာအဖြစ်ကို ခံယူသွားလေ၏။

## ❁ ကံ နှစ်မျိုး ❁

ကံသည်...

- ❖ အပိုင်းအခြား အကန့်အသတ်ကို ပြုလုပ်သောကံ၊
- ❖ အပိုင်းအခြား အကန့်အသတ်ကို မပြုတတ်သောကံ... ဟူ၍ နှစ်မျိုးရှိ၏။

ထိုတွင် ကာမာဝစရကံသည် အပိုင်းအခြားအကန့်အသတ်ကို ပြုတတ်သောကံ ဖြစ်၏။ ရူပါဝစရ, အရူပါဝစရကံတို့သည်ကား အပိုင်းအခြား အကန့်အသတ်ကို ကျော်လွန်၍ ရည်ညွှန်းခြင်း မရည်ညွှန်းခြင်း ပုဂ္ဂိုလ်များကို အရပ်မျက်နှာတို့သို့ ဖြန့်သည်၏ အစွမ်းဖြင့် တိုးပွားစေ၍ ပြုအပ်သည်၏အဖြစ်ကြောင့် အပိုင်းအခြား အကန့်အသတ်ကို မပြုတတ်သောကံတို့ ဖြစ်ကြ၏။

ဥပမာအားဖြင့်... အားကောင်းသော ရေစီးမှုသည် အားနည်းသော ရေကို ပြန်နှင့်ကာ ကုန်စေ၍ မိမိ၏အခွင့်အလမ်းကိုပြု၍ တည်သကဲ့သို့ ရူပါဝစရ, အရူပါဝစရကံ တို့သည် ကာမာဝစရကံကို ပြန်နှင့်ကာကုန်စေ၍ မိမိ၏ အကျိုးပေးခွင့်ကို ပြု၍တည်၏။ ကာမာဝစရကံ၏ အကျိုးပေးခွင့်ကို တားမြစ်၍ အလိုလိုသာ ဗြဟ္မာ၏ အပေါင်းအဖော်အဖြစ်သို့ ဆောင်၏ဟု အဋ္ဌကထာ၌ ရှင်းပြထား၏။

(သံယုတ်မသုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ ၅၀၂၊ ၄၊ ၃၊ ၁၄၃)

❁ ❁ ❁ ❁ ❁ ❁ ❁

ပုထုဇဉ်သည် မကောင်းသောအပြုအမူများကို ပြုလုပ်မိတတ်၏။ ထိုအပြုအမူအပေါ်၌ တွေး၍ စိုးရိမ်သောကများဖြစ်ပြီး စိတ်မချမ်းသာမှု မဖြစ်စေဘဲ ယင်းအကုသိုလ်ကံမှ လွတ်အောင်-

၁။ မိမိလုပ်သော အပြုအမူသည် မှားမှန်း မကောင်းမှန်း သိရမည်။

၂။ ထိုအမှားကို မိမိ၏ မိတ်ဆွေထံ၌ဖြစ်စေ ၊ ဆရာထံ၌ ဖြစ်စေ ဝန်ခံရမည်။

၃။ ဝန်ခံသည့်အတိုင်း ထိုအမှားမျိုးကို နောင်ထပ်မဖြစ်အောင် ထိန်းရမည်၊ ရှောင်ရမည်။

၄။ ထိန်းသိမ်း ရှောင်ကြဉ်ပြီး ကောင်းသော အပြုအမူများကိုသာ ဆက်လုပ်ပြီး ဗြဟ္မစိုရ်တရား (သမထတရား)၊ ဝိပဿနာတရားများကို အမြဲမပြတ်ပွားများ ကျင့်ကြံအားထုတ်နေရမည်။

ထိုသို့ ပြုလုပ်ခြင်းများသည် အကုသိုလ်ကံကို ပယ်ဖျက်ခြင်းမဟုတ်ဘဲ အကုသိုလ်ကံမှ လွတ်အောင်ပြုလုပ်နည်းသာ ဖြစ်၏။

## ❁ ခံစားခွင့်ရှိသည် အားလျော်စွာ ခံစားရ ❁

"ရဟန်းတို့... ဤသတ္တဝါသည် အကြင်ကြင်သို့သော အခြင်းအရာအားဖြင့် ခံစားအပ်သော အကျိုးရှိသော ကံကို ပြု၏။ ထိုသို့သော အခြင်းအရာအားဖြင့် ထိုကံ၏ အကျိုးကို ခံစားရ၏ ဟူ၍ တစ်စုံတစ်ယောက်က ပြောဆိုငြားအံ့၊ ထိုသူတို့ ပြောဆိုတိုင်း ဖြစ်ခဲ့သော် အကျင့်မြတ်ကို ကျင့်သုံးခြင်းသည် ဖြစ်နိုင်၏။ ကောင်းစွာ ဆင်းရဲဒုက္ခကုန်ဆုံးခြင်းကို ပြုရန်အခွင့်အလမ်းသည် ထင်ပေါ် နိုင်၏။"

ဆိုလိုရင်းမှာ သတ္တဝါတစ်ဦး ပြုလုပ်ခဲ့သောကံတို့တွင် အချို့ကံသည် မျက်မှောက်ဘဝ၌ အကျိုး ပေးနိုင်၏။ အချို့ကံသည် ဒုတိယဘဝ၌ အကျိုးပေးနိုင်၏။ အချို့ကံသည် တတိယဘဝ မှစ၍ ဘဝအဆက်ဆက်၌ အကျိုးပေးနိုင်၏။ ဤသို့ မိမိတို့ အကျိုးပေးခွင့်ရှိသည် အားလျော်စွာ သာ အကျိုးပေးနိုင်သည်။

မိမိတို့၏ အကျိုးပေးရမည့်ဘဝ၌ အကြောင်းမညီညွတ်၍ အကျိုးမပေးနိုင်သော ကံများ သည် "အဟောသိကံ" ဖြစ်သွား၏ဟု ဆိုလျှင်ကား "အရိယာမဂ်" ဖြင့် ကုသိုလ်ကံ၊ အကုသိုလ်ကံ တို့ကို ကုန်ခန်းစေနိုင်သောကြောင့် အကျင့်မြတ်ကို ကျင့်သုံးခြင်းသည် ဖြစ်နိုင်၏။ ကံကြောင့် ဖြစ်ပေါ်လာမည့် ဝဋ္ဋဒုက္ခကို မဖြစ်ပေါ်လာအောင်လည်း ပြုလုပ်နိုင်၏။

"ရဟန်းတို့ အဘယ်သို့ သဘောရှိသောပုဂ္ဂိုလ်၏ အနည်းငယ်မျှ ပြုအပ်သော မကောင်းမှု ကံသည် မျက်မှောက်ဘဝ၌သာ ခံစားအပ်သည်ဖြစ်၍ ၊ ဒုတိယဘဝ၌ အနည်းငယ်မျှပင် အကျိုး မထင်သနည်း - ဆိုလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပွားများအပ်သော ကိုယ်ရှိ၏။ ပွားများအပ်သော သီလ၊ စိတ်၊ ပညာ ရှိ၏။ မသေးသိမ်သော ဂုဏ်ရှိ၏။ အကျင့်ဂုဏ်အားဖြင့်

မသေးသိမ် သော ကိုယ်ရှိ၏။ **နှိုင်းယှဉ်ခြင်းကို ပြုတတ်သည့် 'ရာဂ' စသည်တို့ မရှိသည်ဖြစ်၍ နေလေ့ရှိ၏။**

ဤသို့ သဘောရှိသောပုဂ္ဂိုလ်၏ အနည်းငယ်မျှ ပြုလုပ်သော မကောင်းမှုကံသည် မျက်မှောက်ဘဝ၌သာ ခံစားအပ်သည်ဖြစ်၍ ဒုတိယဘဝ၌ အနည်းငယ်မျှ အကျိုးမထင်ချေ။ ရဟန်းတို့... ဥပမာကား သေးငယ်သော ရေခွက်ထဲ၌ ဆားကိုထည့်လျှင် ဆားငန်ရေဖြစ်သွားသော်လည်း ဂင်္ဂါမြစ် ထဲ၌ ဆားကိုထည့်သော် ဆားငန်ရေ မဖြစ်သကဲ့သို့တည်း။"

**ရှင်းလင်းချက်** ။ ။ သတ္တဝါတို့၏ စိတ်ဓာတ်ကို သာမန်အချိန်အခါ၌ ထင်ရှားစွာ မသိနိုင်။ ရာဂ၊ ဒေါသ ၊ မောဟ တို့ ဖြစ်ပေါ်လာသောအချိန်အခါ၌ကား သူတို့၏စိတ်ဓာတ်သည် မည်သို့ရှိကြောင်းမှာ ထင်ရှားစွာ ပေါ်လာ၏။ ရာဂ ၊ ဒေါသ ၊ မောဟ တို့သည် သတ္တဝါတို့ကို ဤသူသည် အကျင့်ဂုဏ်အားဖြင့် ဤရွေ့ဤမျှ ပမာဏရှိ၏ ဟူ၍ နှိုင်းယှဉ်တိုင်းတာမှုကို ပြုပေးသကဲ့သို့ ဖြစ်ကုန်၏။

ထို့ကြောင့် ယင်းတရားသုံးပါးသည် နှိုင်းယှဉ်တိုင်းတာမှုကို ပြုတတ်သောတရား ဖြစ်၏။ နှိုင်းယှဉ်ခြင်းကို ပြုတတ်သည့်တရားများမရှိသည်ဖြစ်၍ နေလေ့ရှိသော ပုဂ္ဂိုလ်ဟူသည် "ရဟန္တာ ပုဂ္ဂိုလ်" သာ ဖြစ်၏။

လောဏကပလ္လသုတ် (အံ ၊ ၁ ၊ ၂၅၀ ၊ ၄ ၊ ၂ ၊ ၂၂၅ ၊ တိကနိပါတ်)

## ❀ ကံတရား ❀

"ကံတရား" ဟူသည်

- မိမိက အရှုံးပေးရမည့်အရာ မဟုတ်ပါ။ မိမိက ပြုပြင်ရမည့်အရာသာ ဖြစ်၏။
- "မကောင်းသောအမှုကိစ္စ" ကို "ကောင်းသောအမှုကိစ္စ" ဖြင့် အစားထိုးရမည်။
- "မကောင်းမှုကံ" ကို "ကောင်းမှုကံ" ဖြင့် ဖယ်ရှားပစ်ရမည်။

# ဝိပါကပစ္စယော

## ဝိပါကပစ္စယောတိ

ဝိပါကာစတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

### ဝိပါက အဓိပ္ပါယ်

**ဝိပါက = ဝိ + ပါက**။

**ဝိ** = သဘာဝချင်း ကွဲပြားခြားနားသော အကြောင်းတရားများ။

- "ကုသိုလ်ကံ" နှင့် "အကုသိုလ်ကံ" တို့သည် သဘာဝချင်း မတူကြ။
- "ကုသိုလ်ကံ" သည် အပြစ်ကင်းခြင်း ၊ ကောင်းကျိုးချမ်းသာပေးခြင်း သဘာဝရှိ၏။
- "အကုသိုလ်ကံ" ကား အပြစ်ရှိခြင်း ၊ ဆင်းရဲသော အကျိုးပေးခြင်း သဘာဝရှိ၏။

**ပါက** = သဘာဝချင်း မတူသော ကံနှစ်ခုတို့၏ အကျိုးတရား။

**မေး။ ။** "ကုသိုလ်ကံ" ၊ "အကုသိုလ်ကံ" တို့၏ အကျိုးတရားမှန်သမျှကို "ဝိပါက" ခေါ်သလားဟု မေးလျှင်...

- **"ကုသိုလ်ကံ" ၊ "အကုသိုလ်ကံ" တို့၏ အကျိုးဖြစ်တိုင်း "ဝိပါက" ဟု မခေါ်ပါ။**
- ပသာဒရုပ် (၅) ခု တို့၏ အကြောင်းတရားသည် "ကံ" ဖြစ်၏။ "ကံ" ကြောင့်ဖြစ်သည့် ပသာဒရုပ် (ကမ္မဇရုပ်) များကို "ဝိပါက" ဟု မခေါ်နိုင်။ "ဝိပါက" သည် "ကံ" နှင့်တူသော နာမ်တရားကို ခေါ်၏။ ပသာဒရုပ် (ကမ္မဇရုပ်) တို့သည် "ကံ" နှင့် မတူကြ။
- "ကံ" (စေတနာ) သည် နာမ်တရား၊ ပသာဒရုပ် (ကမ္မဇရုပ်) သည် ရုပ်တရား ဖြစ်၏။ ထို့ကြောင့် **အကြောင်းဖြစ်သော "ကံ" နှင့်တူသော နာမ်အကျိုးတရားကိုသာ "ဝိပါက" ဟု ခေါ်၏။**

**အညမညဝိသိဋ္ဌာနံ ကုသလာကုသလာနံ ပါကာတိ ဝိပါကာ။**

**ဝိပက္ကဘာဝသမာပန္နာနံ အရူပဓမ္မာနမေတံ အဓိဝစနံ။**

(ဓမ္မသင်္ဂဏီအဋ္ဌကထာ ၊ ၈၄)

***"ဝိပါက်" ဟူသည် ရင့်ကျက်ခြင်းသဘောသို့ ရောက်သော "နာမ်တရားသက်သက်" ၏ အမည် ဖြစ်၏။***

**မေး ။ ။ "ဝိပါက်" သည် ကံတရားတို့၏ အကျိုးဖြစ်သော နာမ်တရားဟုဆိုလျှင် ပဋ္ဌာန်း၌ "ဝိပါကပစ္စယော" ဟု ဘာကြောင့်ဟောရပါသလဲ?**

ပစ္စယော = "ပစ္စယ" သည်...

- ဖြစ်စေတတ်သော အကြောင်းတရား၊
- တည်စေတတ်သောအကြောင်းတရား... နှစ်မျိုးရှိ၏။

အကျိုးတရားသည်လည်း "ပစ္စယ" တစ်ခု ဖြစ်၏။ "ပစ္စယ" သည် အကြောင်းနှင့်သာ ဆိုင်သည်မဟုတ်။ တရားတော်များကို သေချာလေ့လာကြည့်လျှင် အကြောင်းသက်သက်ချည်း မဖြစ်သကဲ့သို့ အကျိုးသက်သက်ချည်းလည်း မဖြစ်နိုင်။ အကြောင်းဖြစ်လိုက် ၊ အကျိုးဖြစ်လိုက် ဖြင့် ကြောင်းကျိုး အပြန်ပြန် အလှန်လှန် ဆက်စပ်ဖြစ်နေကြ၏။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ ၊ သင်္ခါရပစ္စယာ ဝိညာဏံ" စသော ပဋိစ္စသမုပ္ပါဒ်တရားတော်ကို လေ့လာကြည့်ပါ။ "အဝိဇ္ဇာ" ကို ထောက်လျှင် "သင်္ခါရ" သည် အကျိုးတရားဖြစ်၏။ "ဝိညာဏ်" ကို ထောက်လျှင် "သင်္ခါရ" သည် အကြောင်းတရား ဖြစ်၏။

"ဝိပါက" နာမည်အနေဖြင့် အကျိုးတရား ဖြစ်၏။ "ဝိပါက်" သည် ဖြစ်စေတတ်သော အကျိုးတရားများကို ကြည့်လျှင် "ဝိပါက်" သည် အကြောင်းတရား ဖြစ်၏။ ထို့ကြောင့် ပဋ္ဌာန်း၌ "ဝိပါကပစ္စယော" ဟု ဟောထား၏။

**နိရုဿာဟသန္တဘာဝေန နိရုဿာဟသန္တဘာဝါယ ဥပကာရကော ဝိပါက ဓမ္မော ဝိပါကပစ္စယော။**

**သော ပဝတ္တေ စိတ္တသမုဋ္ဌာနာနံ ပဋိသန္ဓိယံ ကဋတ္တာ စ ရူပါနံ,**

**သမ္ပယုတ္တဓမ္မာနံ ဝိပါကပစ္စယော ဟောတိ။**

(ပဋ္ဌပကာရဏအဋ္ဌကထာ ၊ ၃၅၀)

❖ " ဝိပါကသတ္တိ" သည် အားထုတ်ခြင်းမရှိ ၊ ငြိမ်သက်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြု၏။

❖ " ဝိပါက်စိတ်" သည် ဖြစ်စေသော စိတ္တဇရုပ်တို့ကို " ဝိပါကသတ္တိ" ဖြင့် ကျေးဇူးပြု၏။

❖ ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ် (ဝိပါက်စိတ်) နှင့် အတူ ကမ္မဇရုပ်တို့သည် ဖြစ်ကြ၏။ ပဋိသန္ဓေစိတ် နှင့် ကမ္မဇရုပ်တို့သည် အပြန်အလှန် ကျေးဇူးပြုကြ၏။

☑ လူတွေသည် စိတ်တစ်ခုတည်းနှင့် အသက်ရှင်နေခြင်း ဖြစ်၏။

**ဧကစိတ္တသမာယုတ္တာ**

(မဟာနိဒ္ဒေသ ၊ ၃၂ ၊ ၉၀)

စိတ်သည်နှစ်ခုပြိုင်တူ မဖြစ်။ စိတ်တစ်မျိုးပျက်သွားမှ နောက်စိတ်တစ်မျိုး ဖြစ်ပေါ်လာ၏။ စိတ်အစဉ်အတန်းကြီးဖြစ်၏။ စိတ်၏ ဖြစ်ပျက်များသည် မြန်လွန်းသောကြောင့် တစ်စိတ်တည်း ထင်မှတ်ကြ၏။ ထို့ကြောင့် " တစ်ယောက်ထဲနေ တစ်စိတ်ထဲထား" ဟူ၍ ပြောကြ၏။

အခိုက်အတန့်အချိန်လေးမှာ စိတ်သည် တစ်မျိုးစီသာ ဖြစ်နေ၏။ အထူးပြုလုပ်စရာ မလိုပါ။ သတိညာဏ်လွတ်သွားလျှင် အကုသိုလ်စိတ် ဖြစ်၏။ သတိညာဏ်ရှိနေလျှင်ကား ကုသိုလ်စိတ် ဖြစ်နေ၏။ ထို့ကြောင့် ကုသိုလ်စိတ်များ (စိတ်ကောင်းများ) ဆက်တိုက်ဖြစ်နေအောင် သတိညာဏ် ဖြင့် နေတတ်ဖို့ လိုပါ၏။ " တစ်ယောက်တည်းနေ စိတ်ကောင်းရှိအောင်ကြိုးစား" နေရမည်။

## ❀ **"ဝိပါကပစ္စည်းတရား" နှင့် "ဝိပါကပစ္စယသတ္တိ"** ❀

**ဝိပါက** = ရင့်ကျက်ခြင်း၊ မှည့်ခြင်း = အကျိုးတရား။

➢ " မှည့်ရင့်ခြင်း" သို့ရောက်သော သစ်သီးသည် အားအစွမ်းကုန်ခမ်း၍ ၊ အားထုတ်မှု ဗျာပါရ ကင်း၍ ငြိမ်သက်ခြင်း ဖြစ်သကဲ့သို့ သိမ်မွေ့ငြိမ်သက်သော အကျိုးဝိပါက်စိတ် (၃၆) ပါး တို့သည် " **ဝိပါကပစ္စည်းတရား**" ဖြစ်၏။

➢ ကိုယ်၊ နှုတ်၊ စိတ် အမူအရာ ဖြစ်စေဖို့ရာ ဗျာပါရကင်းသော ငြိမ်သက်လှသည့်တရားများ ဖြစ်ကြ၏။

➢ ဝိပါက်စိတ် (၃၆)ပါး တို့၌ စေတသိက် (၃၈)ပါးတို့သည် အတူဖြစ်ကြ၏။ ထို ဝိပါက်စိတ် (၃၆) နှင့် စေတသိက် (၃၈) ဟူသော နာမ်ခန္ဓာလေးပါးတို့သည် အချင်းချင်းအားရင်း၊ မိမိတို့နှင့် အတူဖြစ်ဖက် စိတ္တဇရုပ် ၊ ကမ္မဇရုပ် တို့အားရင်း " **ဝိပါကပစ္စယသတ္တိ**" ဖြင့် ကျေးဇူးပြုကြ၏။

ဆိုလိုရင်းမှာ ထို " ဝိပါက်" စိတ်၊ စေတသိက် နာမ်တရားတို့တွင် တစ်ပါးပါးသည် ငြိမ်သက်စွာ ဖြစ်နေလျှင် မိမိနှင့်အတူဖြစ်ဖက် ကျန် စိတ်၊ စေတသိက် နှင့် ရုပ်တရား တို့အားလည်း ငြိမ်သက်စွာ ဖြစ်စေ ရန် ကျေးဇူးပြုခြင်းဖြစ်၏။

**ဥပမာ** ⏵⏵ လုံ့လဗျာပါရကင်းလျှက် အေးဆေးငြိမ်သက်စွာ နေတတ်သော ပုဂ္ဂိုလ်တစ်ဦးသည် မိမိနှင့် အတူ နေထိုင်သူတို့အား အေးဆေးငြိမ်သက်စွာနေစေရန် စီမံသကဲ့သို့၊ ထို့အတူ တရားတစ်ပါး သည် မိမိကိုယ်တိုင် ဗျာပါရကင်းလျက် ငြိမ်သက်စွာဖြစ်၍ ၊ အတူဖြစ်ဖက်တရာများအား လည်း ဗျာပါရကင်းလျက် ငြိမ်သက်ဖို့ရာ ကျေးဇူးပြု တတ်သောသတ္တိသည် " **ဝိပါကပစ္စယ သတ္တိ**" မည်၏။

ဤ " ဝိပါကပစ္စည်း" ၏ သဘောကို ဖော်ပြရာ၌ ...

" ချမ်းအေးသော လေသည် ချမ်းအေးသည့် အရိပ်ထဲ၌ နေသောသူအား ချမ်းအေးစေခြင်းငှါ ကျေးဇူးပြုသကဲ့သို့"

ဟူ၍ ဥပမာပေးကြ၏။

အမှန်စင်စစ်မှာ ...

☒ " ဝိပါကပစ္စည်း" ၏ သတ္တိသည် ချမ်းအေးသည့် သဘောကို မဆောင်ဘဲ ကိုယ် ၊ နှုတ် ၊ စိတ် အမူအရာ ဗျာပါရကင်းသော ငြိမ်သက်ခြင်းသဘောကိုသာ ဆောင်သောကြောင့် ထိုဥပမာ သည် " ဝိပါကပစ္စည်းသတ္တိ" သဘောနှင့် ကိုက်ညီမှုမရှိ။

☑ ထိုဥပမာထက် - အေးဆေးငြိမ်သက်စွာနေတတ်သော ပုဂ္ဂိုလ်တစ်ဦး - ဥပမာက သာ၍ သင့်မြတ်၏ဟူ၍ အချို့ပညာရှိများက ယူကြ၏။ ယင်းသို့ ယူဆရာ၌ ဗျာပါရ မရှိသော ငြိမ်သက်အေးဆေးသည်၏ အဖြစ်ဖြင့် ဗျာပါရ မရှိသော ငြိမ်သက်အေးဆေးစေရန် အကျိုးငှါ ကျေးဇူးပြုတတ်သော အကျိုးတရားသည် "ဝိပါကပစ္စည်း" မည်၏ ... ဟူသော ပဋ္ဌာန်းအဋ္ဌကထာ၏ အဖွင့်စကားကို ကိုးကားပြကြ၏။

## ❁ စိတ်ကို သုံးမျိုး ခွဲခြားခြင်း ❁

စိတ် (၈၉) ပါးကို သဘောလက္ခဏာခြင်း တူရာပေါင်း၍ အမျိုးအစားခွဲခြားရလျှင်...

၁။ **ကုသိုလ်စိတ် (၂၁) ၊ အကုသိုလ်စိတ် (၁၂) → ပေါင်း (၃၃) ပါး** တို့သည်...

- "အကျိုးဝိပါက်" များကို ဖြစ်ပေါ်စေသော "အကြောင်းကံစိတ်" များ ဖြစ်ကြ၏။
- လှုပ်ရှားတက်ကြွကြ၏။
- ကောင်းကျိုးဆိုးကျိုးကို ပေးတတ်သည့် ကောင်း-မကောင်းသော "ကံတရား" များ သာ ကွာခြားကြ၏။

၂။ **ဝိပါက်စိတ် (၃၆) ပါး** တို့သည်...

- "အကျိုးစိတ်" များ ဖြစ်ကြ၏။
- လှုပ်ရှားတက်ကြွမှု မရှိဘဲ ငြိမ်သက်သည့် သဘောရှိ၏။

၃။ **ကြိယာစိတ် (၂၀)** တို့တွင်...

"အာဝဇ္ဇန်း" နှစ်ပါးမှ ကျန်သော **ကြိယာစိတ် (၁၈)ပါး**တို့သည်...

- ကောင်းသောစိတ်များ ဖြစ်ကြ၏။
- တက်ကြွမှုရှိသော စိတ်များဖြစ်၏။

- ❖ ရဟန္တာပုဂ္ဂိုလ်သန္တာန်၌သာ ဖြစ်ကြပြီး၊ မည်သည့်အကျိုးကိုမျှ မပေးသော (ပြုကာမတ္တ ဖြစ်သော) စိတ်များ ဖြစ်၏။

**အာဝဇ္ဇန်း နှစ်ပါး** သည်...

- ❖ "ဒွါရခြောက်ပါး" ထဲသို့ ဝင်ရောက်လာသည့် အာရုံတစ်ခုခုကို ဆင်ခြင်၏။ ပြောင်းလဲပေး၏။
- ❖ လှုပ်ရှားမှု အနည်းငယ်ရှိ၏။
- ❖ အကျိုးတစ်စုံတစ်ရာကို ပေးစွမ်းခြင်းမရှိ။
- ❖ ထို့ကြောင့် ကြိယာစိတ်အားလုံးသည် "ကြောင်းကျိုးမှ လွတ်သောစိတ်" များ ဖြစ်ကြ၏။

အကြောင်း "ကံ" စိတ် (၃၃) ပါးတို့သည် တစ်စုံတစ်ခုသော အကျိုးဝိပါက်တရားကို ရရှိရန်အတွက် ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော သုစရိုက်၊ ဒုစရိုက် များကို ပြုလုပ်တိုင်း အရှိန်အဟုန်ဖြင့် တက်ကြွစွာ ပါဝင်လှုပ်ရှားကြသော "ဇော" စိတ်များ ဖြစ်ကြ၏။ ("ကမ္မပစ္စည်း" တရားများ ဖြစ်ကြ၏။)

ထိုသို့ "အကြောင်းကံစိတ်" များဖြင့် ကြိုးစားအားထုတ်ခဲ့သော အမှုကံတို့မှ "အကျိုးဝိပါက်" တရားများ ပေါ်ထွက်လာကြ၏။ ("ဝိပါကပစ္စည်း" တရားများ ဖြစ်ကြ၏။) "အကျိုးဝိပါက်စိတ်" တို့သည် တက်ကြွစွာအလုပ်လုပ်ခဲ့သော "အကြောင်းကံစိတ်" တို့၏ "အကျိုးတရား" များသာ ဖြစ်၍ လှုပ်ရှားတက်ကြွမှု မရှိဘဲ ငြိမ်သက်မှုသာ ရှိကြ၏။

လောကူပမာအားဖြင့်...

- လူတစ်ယောက်သည် ချမ်းသာကြွယ်ဝရေးကို မျှော်မှန်းပြီး သက်စွန့် ကြိုးပမ်း နေ့ရော ညပါ ကာလကြာမြင့်စွာ စီးပွားရေးလုပ်ငန်းကို လုပ်ဆောင်၏။ အလွန်ထကြွလှုပ်ရှား ရသည့်အခါ ဖြစ်၏။
- စီးပွားရေးလုပ်ငန်း အောင်မြင်၍ လုပ်ငန်း၏ အသီးအပွင့်အနေဖြင့် ဥစ္စာများစွာ ကြွယ်ဝ ချမ်းသာသောအခါတွင် ထိုသူသည် မိမိဥစ္စာဖြင့် စည်းစိမ်ချမ်းသာကို ခံစားလျှက် အေးအေးဆေးဆေးနေ၏။ အလွန်ငြိမ်သက်စွာ နေထိုင်ရသည့်အခါ ဖြစ်၏။
- ဤ ဥပမာဖြင့် "အကြောင်းကံစိတ်"များနှင့် "အကျိုးဝိပါက်စိတ်"တို့၏ သဘော လက္ခဏာ ခြားနားခြင်းကို နားလည်ရာ၏။

ထို့ကြောင့် "အကြောင်းကံစိတ် (၃၃) ပါး"တို့သည် လုံ့လအားထုတ်ဗျာပါရ ရရှိသော ကြမ်းတမ်းသောတရားများ ဖြစ်ကြ၏။ "အကျိုးဝိပါက် (၃၆) ပါး" တို့ကား လုံ့လအားထုတ် ဗျာပါရကင်းလျှက် အေးဆေးငြိမ်သက်လှသည့် အကျိုးခံစားရုံမျှ သက်သက်ဖြစ်သော နူးညံ့ သိမ်မွေ့သည့်စိတ်များ ဖြစ်၏။ ကြိယာစိတ် (၂၀) တို့သည် "အကြောင်းကံစိတ်"များ မဟုတ် သော်လည်း လုံ့လအားထုတ် ဗျာပါရ ရှိသော တရားများ ဖြစ်ကြ၏။

## ❀ ဝိပါက်စိတ်တို့၏ သဘော ❀

**ဝိပါက်စိတ် (၃၆) ပါး** တို့တွင်...

- **ဖိုလ်စိတ် (၄) ပါး**တို့သည်...
  - "ဇော"စိတ်များ ဖြစ်သောကြောင့် အနည်းငယ်လှုပ်ရှားမှုရှိသဖြင့် အခြားဝိပါက် စိတ်များထက် သန်စွမ်းထက်မြက်၏။
  - သို့သော် ထိုစိတ်တို့သည် "အကျိုးဝိပါက်စိတ်" များ ဖြစ်ကြသည့်အလျှောက် "အကြောင်းကံစိတ်"များလောက် တက်ကြွမှု ၊ ပြင်းထန်မှု၊ ကြမ်းတမ်းမှု မရှိ။

❖ **ကျန် ဝိပါက် (၃၂) ပါး**တို့တွင်...

➢ ပဋိသန္ဓေ ၊ ဘဝင် ၊ စုတိ ကိစ္စတပ်သော **စိတ် (၁၉) ပါး**တို့သည်...

- "အနန္တရပစ္စည်း" ကိုကြည့်လျှင် အငြိမ်သက်ဆုံး ဖြစ်၏။
- စိတ်ဖြစ်မှန်းပင် မသိရ၊ မသိနိုင်လောက်အောင် ငြိမ်သက်သိမ်မွေ့လှ၏။ [ဥပေက္ခာသန္တီရဏ (၂) ၊ မဟာဝိ (၈) ၊ မဟဂ္ဂုတ် (၉) → ပေါင်း (၁၉)]
- အိပ်ပျော်နေစဉ် ဘဝင်ကျနေသည့်အခါ ၊ ဘဝင်စိတ်များ ဖြစ်နေသည့်အခါ၌ ယင်းဝိပါက်စိတ်တို့၏ ဖြစ်နေပုံသည် စိတ်ဖြစ်မှန်းပင် မသိရအောင် ငြိမ်သက် လှ၏။ ထို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခိုက်၌ မည်သည့် ကိုယ်မှု ၊ နှုတ်မှု ၊ စိတ်၏ ပယောဂမှု ကိုမျှ မဖြစ်ကြ။

➢ ထို့ပြင် (၃၂ - ၁၉ = ၁၃) **ကျန် စိတ် (၁၃) ပါး** တို့တွင်...

- အဆင်း ၊ အသံ ၊ အနံ့ ၊ အရသာ ၊ အတွေ့အထိ ဟူသော အာရုံ (၅) ပါးကြောင့် ဖြစ်ပေါ်လာသည့် ယင်းအာရုံတို့ကို သိကာမျှ ဖြစ်ကြသော **ဒွေပဉ္စဝိညာဉ် (၁၀)** တို့သည် လှုံ့လပယောဂ ဗျာပါရ ကင်းပြီး ဖြစ်မှန်းပင် သိရမည်မဟုတ်။
- **နောက်ဆုံးကျန်သည့်** (၁၃ - ၁၀ = ၃) **စိတ် (၃) ပါး** (သမ္ပဋိစ္ဆိုင်းစိတ် နှစ်ပါး ၊ သန္တီရဏစိတ် တစ်ပါး) တို့သည်...
    - ထင်လာသည့် အာရုံကို လက်ခံရုံ ၊ စုံစမ်းရုံ ဖြစ်သော စိတ်များဖြစ်၍ ဇောစိတ်များကဲ့သို့ လှုပ်ရှားတက်ကြွမှု မရှိ၊ ဖြစ်မှန်းပင် မသိရ လောက်အောင် ငြိမ်သက်သည့်စိတ်များ ဖြစ်ကြ၏။

ထို့ကြောင့် "**ဝိပါက်စိတ်**" တို့သည် "အကြောင်းကံစိတ်" များ ၊ "ကြိယာစိတ်" များနှင့် မတူဘဲ **ဖြစ်မှန်းပင် မသိရလောက်အောင် အလွန်ငြိမ်သက် သိမ်မွေ့လှသည့်တရားများ ဖြစ်ကြ၏။**

## ❀ " ကာလ ၊ ဌာန ၊ ပုဂ္ဂိုလ်" နှင့် " ဝိပါက သတ္တိ" ❀

" **ဝိပါက်အကျိုးတရား**" တို့သည်...

→ ကာလအားဖြင့် " **ပစ္စုပ္ပန်**" ၌ ကျေးဇူးပြု၏။ ဘုံအားဖြင့် **အသညသတ်ဘုံ မှတပါး ကျန် (၃၀) ဘုံ** တို့၌ **ပုဂ္ဂိုလ် (၁၂)ယောက်လုံး**တို့၏ " **အဇ္ဈတ္တသန္တာန်**" ၌ မိမိနှင့်အတူ ဖြစ်ဖက် တရားတို့အား အကျိုးပေးမှုဖြင့် ကျေးဇူးပြု၏။

ဤ " ဝိပါကပစ္စည်း" သည် " နာမ်ခန္ဓာ" မရှိ၊ " ရုပ်ခန္ဓာ" သာ ရှိသော အသညသတ်ဘုံ၌ မဖြစ် နိုင်၍ ကျေးဇူးမပြုနိုင်။

ဝိပါက်စိတ် (၃၆) ပါးတို့တွင်...

- ❖ အရူပဘုံ၌သာဖြစ်သော " အရူပဝိပါက်စိတ် လေးခု" တို့သည်၎င်း၊ ထို အရူပဘုံ၌ ဖြစ်ခိုက်တွင် ဖိုလ်စိတ်လေးပါးတို့သည်၎င်း ရုပ်ကို မဖြစ်စေနိုင်၊ ကျေးဇူးမပြုနိုင်သော ကြောင့် အတူဖြစ်ဖက် နာမ်ခန္ဓာ နာမ်တရားတို့အားသာ " ဝိပါကသတ္တိ" ဖြင့် ကျေးဇူးပြု၏။
- ❖ အရူပဝိပါက် (၄) ပါးမှ ကျန်သော ဝိပါက်စိတ် (၃၂) ပါးတို့သည် နာမ်ရုပ်နှစ်ပါးစုံရှိသော ပဉ္စဝေါကာရ (၂၆) ဘုံ၌ (ရူပ - ၁၅ ဘုံ၌ ဃာန ၊ ဇိဝှါ ၊ ကာယ ဝိညာဉ်စိတ်များ မဖြစ်သော ကြောင့်) အတူဖြစ်ဖက် နာမ်တရားတို့အား၎င်း ၊ ကမ္မဇရုပ်တို့အား၎င်း ၊ ဝိညတ်ရုပ်နှစ်ပါး ကြဉ်သော စိတ္တဇရုပ် တို့အား၎င်း " ဝိပါကသတ္တိ" ဖြင့် ကျေးဇူးပြု၏။

## ❀ ဝိညတ်ရုပ် နှစ်ပါးတို့ကို ကျေးဇူးမပြုခြင်း ❀

ကာယဝိညတ် ၊ ဝစီဝိညတ် ဟူသော " ဝိညတ်ရုပ်" နှစ်ပါးတို့သည် လှုပ်ရှားသောသဘော ရှိသည့် ရုပ်များဖြစ်သောကြောင့် " ဝိပါက်စိတ်" တို့က " **ဝိပါကသတ္တိ" ဖြင့် ကျေးဇူးမပြုနိုင်**။

## ❀ " ကံ" နှင့် " ဝိပါက်" တွဲစပ်ခြင်း ❀

| **အကြောင်း (ပစ္စည်း) တရား** | **အကျိုး (ပစ္စယုပ္ပန်) တရား** |
|---|---|
| အတိတ် ကုသိုလ် (၂၁) ၌ ရှိသော စေတနာ<br>အတိတ် အကုသိုလ် (၁၂) ၌ ရှိသော စေတနာ | ကုသလဝိပါက် (၂၉) ကမ္မဇရုပ်<br>အကုသလဝိပါက် (၇) ကမ္မဇရုပ် |

## ❀ အကျိုးကောင်းလိုချင်လျှင် အကြောင်းကံ ကောင်းအောင်ပြု ❀

"ကံ" နှင့် "အကျိုး" တို့ကို တစ်သီးတစ်ခြား ခွဲခြားထား၍ မရ။ "ကံ" ရှိလျှင် "အကျိုး" ရှိနေမည်။ "အကျိုး" ကို လိုချင်ပါက "ကံ" ကို မလွဲမသွေ ပြုရ၏။ "ကံ" ပြုပြီးလျှင် ရရှိသော "အကျိုး" တို့ကို မလိုချင်၍ ငြင်းပယ်မရ။ ကြောက်သဖြင့် ရှောင်ပုန်း၍ မလွတ်။ **" အကျိုး" ကို မလို ချင်ပါက " ကံ" ကို " ဉာဏ်" ဖြင့် ပယ်သတ်နိုင်ရမည်။**

"**ကံလမ်း**" သည် ❋ သင်္ခါရစက်ကွင်းအတွင်းမှ လူ ၊ နတ် ၊ ဗြဟ္မာ ချမ်းသာ အမျိုးမျိုး၊ ဆင်းရဲ အဖုံဖုံ ဟူသော "**အကျိုးတရား" လျှင် အဆုံးရှိ၏။**

"**ဉာဏ်လမ်း**" ကား ❋ မဂ်ဉာဏ် ၊ ဖိုလ်ဉာဏ် ကိစ္စတပ်နိုင်ပါက၊ **" နိဗ္ဗာန်" ဟူသော " သန္တိသုခ" လျှင် အဆုံးရှိ၏။**

"ဝိပါကသတ္တိ" ၌ အကျိုးတရားတို့ကို ခွဲခြားပါက " ကုသိုလ်အကျိုး" ၊ "အကုသိုလ်အကျိုး" ဟူ၍ နှစ်မျိုးရှိ၏။ " ကြိယာ" သည်ကား အကျိုးမရှိ။

" ကုသိုလ်" ဟူသော " ကောင်းကံ" ကို ပြုလုပ်လျှင်...

➢ ကုသလဝိပါက် (၂၉) ဟူသော ကောင်းကျိုးများကို ရရှိပိုင်ဆိုင်နိုင်၏။

" အကုသိုလ်" ဟူသော " ဆိုးကံ" ကို ပြုလုပ်လျှင်...

➢ အကုသလဝိပါက် (၇) ဟူသော အကျိုးဆိုးများ ကို ရရှိခံစားရ၏။

အကြောင်းကံကို ပြုသူတိုင်း အကျိုးကို ရရှိ၏။ သို့သော် အကျိုးတိုင်းကား မကောင်း။ အကျိုးကောင်းကို လိုချင်သူသည် တောင့်တဆုတောင်းနေရုံမျှ မရနိုင်။ "အကြောင်းကံ" ကောင်းကို ပြုလုပ်အားထုတ်မှ ရနိုင်၏။

## ❀ အဆုံးအမ ဩဝါဒစကား ❀

ရှေးကကောင်းလို့ ခုကောင်းပါသည်၊
အခုကောင်း နောင်ကောင်းပါလိမ့်မည်။
ရှေးကဆိုးလို့ ခုဆိုးပါသည်၊
အခုဆိုး နောင်ဆိုးပါလိမ့်မည်။

ရှေးပညာရှိများ

✍ ✍ ✍ ✍ ✍

## ❀ ကုသိုလ်ကံ၏ အကျိုး ထက်သန်ဖွံ့ဖြိုးစေရန်… ❀

"ကုသိုလ်ကံ" တစ်ခုကို ပြုလုပ်လျှင် ကုသိုလ်အကျိုးတို့ကို ရရှိခံစားရ၏။ ထိုအကျိုးသည်…

- ❖ ထက်သန်ဖွံ့ဖြိုးသော အကျိုး၊
- ❖ အားနည်းပိန်လှီသော အကျိုး ဟူ၍ နှစ်မျိုး ကွဲပြား၏။

ကွဲပြားရခြင်း အကြောင်းရင်းမှာ… ထိုကုသိုလ်ကံကို ပြုလုပ်စဉ် အချိန်အခါ၌ အသိဉာဏ်ပါမှု ၊ မပါမှု တို့ကြောင့် ဖြစ်၏။

ကုသိုလ်ပြုစဉ် ကံကျိုးမြင်သိ ဉာဏ်ယှဉ်ဘိ "တိဟိတ်"ကုသိုလ်ခေါ်။

ကုသိုလ်ပြုစဉ် ကံကျိုးမြင်သိ ဉာဏ်မရှိ "ဒွိဟိတ်"ကုသိုလ်ခေါ်။

ရှေ့နောက်နှစ်ရပ် ကုသိုလ်ညှပ် "ဥက္ကဋ္ဌ"အမြတ်ခေါ်။

ရှေ့နောက်နှစ်တန် အကုသိုလ် ညံ့ဟန်"သြမက"ခေါ်။

မဟာဂန္ဓာရုံဆရာတော်

## "တိဟိတ်ဥက္ကဋ္ဌကုသိုလ်" နှင့် "တိဟိတ်သြမကကုသိုလ်"

ဒွိဟိတ် ၊ တိဟိတ် ကုသိုလ်စိတ်တို့၌...

- ရှေ့ပုဗ္ဗစေတနာ အခိုက်တုန်းက ဖြစ်စေ၊ လှူပြီးနောက် အပရ စေတနာအခိုက်ဖြစ်စေ ၊ **ကုသိုလ် စေတနာ ခြံရံနေလျှင်** အကုသိုလ် မဖြစ်ဘဲ၊ ကုသိုလ်စိတ်တွေ ရှေ့နောက်ပါ နေလျှင် မြင့်မြတ်သော "**ဥက္ကဋ္ဌ" ကုသိုလ်** ဖြစ်၏။
- မလှူမီ ရှေ့အဖို့နှင့် လှူပြီးနောက်အဖို့ **အကုသိုလ်များ ခြံရံနေလျှင် ညံ့ဖျင်းသော " သြမက" ကုသိုလ်** ဖြစ်နေ၏။

အကျဉ်းချုပ်မှာ...

- ပုဗ္ဗစေတနာ ၊ အပရစေတနာ ထက်သန်သော "တိဟိတ်ကုသိုလ်" သည်
  - "**တိဟိတ်ဥက္ကဋ္ဌကုသိုလ်**" ဖြစ်၏။
- ပုဗ္ဗစေတနာဖြစ်စေ ၊ အပရစေတနာဖြစ်စေ တစ်ခုခုချို့တဲ့လျှင်ဖြစ်ဖြစ် ၊ နှစ်ခုစလုံး ချို့တဲ့လျှင် ဖြစ်ဖြစ်
  - "**တိဟိတ်သြမကကုသိုလ်**" ဖြစ်၏။

"ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်"၊ "ဒွိဟိတ်သြမကကုသိုလ်" ဖြစ်ပုံကိုလည်း ဤနည်းအတိုင်းပင် မှတ်ပါ။

## ❀ အဆုံးအမ စကားများ ❀

စားသမျှ မစင် ထားသမျှ မသေခင်၊
ပြုသမျှ ကုသိုလ်အပင် ယခုကာလ ဘဝကောင်းတွင်
စားလည်းစား ထားလည်းထား
ပြုလည်းပြုကြမှ တော်မည်ထင်။

**ဒီပဲယင်းဆရာတော်**

လက်ာဆိုလိုရင်းမှာ...

စားလည်း စားကြပါ၊

မသေခင် စားဖို့နဲ့ အမွေအနှစ် ပေးဖို့လည်း

နောင်သံသရာအတွက် ကုသိုလ်ပဒေသာပင်ကိုလည်း စိုက်ပျိုးကြပါ...

ဟူ၍ တိုက်တွန်းလိုရင်း ဖြစ်၏။

✍ ✍ ✍ ✍ ✍

အကုသလ ကုသလ၏ ကမ္မသကာ လက္ခဏာကို မြဲစွာဝမ်းတွင်း နှလုံးသွင်းလော့ ။
မပျင်းကုသိုလ် ထိုပုဂ္ဂိုလ်ကား ကိုယ့်ကိုချစ်သူ မည်သောဟူ၏
အယူမယွင်း ဆောက်တည်ခြင်းဖြင့် ကံရင်းမူလ ဝီရိယနှင့် ဉာဏထောက်ကူ
ထိုသည့်သူမှ လူတွင်လူလွန် လွှားတံခွန်သို့ လူမွန်တစ်ယောက်
တစ်ခေါ်လောက်အောင် ခါရောက်ချိန်ဆုံး တုမဲ့နှုန်း၍ ရွှေဘုန်းမော်ရမည်ကား။

**မဃဒေဝလင်္ကာ**

## ပစ္စယနိဒ္ဒေသ၌ ဝိပါကပစ္စည်းဟောခြင်းသည်...

### ❀ သာဝသေသ ဒေသနာ ❀

"**ပစ္စယနိဒ္ဒေသ**" ၌ "ဝိပါက်နာမ်ခန္ဓာလေးပါး" တို့သည် အချင်းချင်း "ဝိပါကသတ္တိ" ဖြင့် ကျေးဇူးပြု၏ - ဟူ၍ ဟောထားသဖြင့် ကမ္မဇရုပ် ၊ စိတ္တဇရုပ်တို့ ကျန်နေခဲ့ကြ၏။ သို့သော် ဖြစ်စဉ်သဘောတရားကို လေ့လာကြည့်လျှင် "ပဋိသန္ဓေ ဝိပါက်စိတ်" တို့သည် ကမ္မဇရုပ် ၊ စိတ္တဇရုပ် တို့ကို ဖြစ်စေကြ၏။

"ကမ္မပစ္စည်း" ၌ ကမ္မဇရုပ် ၊ စိတ္တဇရုပ် တို့ကို ဟောတော်မူသကဲ့သို့ "ဝိပါကပစ္စည်း" ၌လည်း ဟောတော်မူသင့်၏။ အဖွင့် အဋ္ဌကထာတို့၌လည်း ထိုရုပ်တရားတို့ကို ပါသင့်၏ဟူ၍ ဖွင့်ဆိုကြ၏။

"**ပဉှာဝါရ**" ၌ "ဝိပါက်စိတ်" တို့သည် ပဋိသန္ဓေအခါ ကမ္မဇရုပ်ကို ဖြစ်စေ၏။ ပဝတ္တိအခါ စိတ္တဇရုပ်ကို ဖြစ်စေ၏ဟူ၍ ဟောတော်မူ၏။ ထို့ကြောင့်...

- ဤ "**ပစ္စယနိဒ္ဒေသ**" ၌ *အကျဉ်းအားဖြင့်* "ဝိပါကပစ္စည်း" ဟောခြင်းကို
    - "**သာဝသေသ ဒေသနာ = အကြွင်းရှိသော ဒေသနာ**" ဟူ၍ ခေါ်ပါသည်။
- "**ပဉှာဝါရ**" စသော ဝါရကြီးများ၌ *အကျယ်အားဖြင့်* ဟောခြင်းကို
    - "**အနဝသေသ ဒေသနာ = အကြွင်းမဲ့ ဒေသနာ**" ဟု ခေါ်ပါသည်။

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပါကပစ္စယေန ပစ္စယော – ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဝိပါက ပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋတ္တာ စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော။ ခန္ဓာ ဝတ္ထုဿ ဝိပါကပစ္စယေန ပစ္စယော။ (၁)

(ပဋ္ဌာဝါရ၊ ၁၅၅)

# အာဟာရပစ္စယော

## အာဟာရပစ္စယောတိ

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။

အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

### ❁ အာဟာရပစ္စည်း အဓိပ္ပါယ် ❁

**အာဟာရပစ္စယော** = အာဟာရ + ပစ္စယော။

**အာဟာရ** = အာ + ဟာရ။

**အာ** = လွန်စွာ ၊

**ဟာရ** = ဆောင်ခြင်း။

"**လွန်စွာဆောင်ခြင်း**" ဟူသည်...

- "အာဟာရပစ္စည်းတရား" သည် မိမိ၏ အကျိုးပစ္စယုပ္ပန်တရားတို့ကို အစွန့်ရှည်စွာ ဆက်လက်တည်တံ့အောင် ထောက်ပံ့မှု "ဥပတ္ထမ္ဘက" သဘောပင်ဖြစ်၏။
- ထို့ကြောင့် ဤအာဟာရပစ္စည်းကို အိမ်စသည်၌ မယိမ်းမယိုင် ခိုင်မြဲအောင် ထောက်ထားသည့် (ထောက်ကန်ထားသည့်) 'ကျား' ဟုခေါ်သော ထောက်တိုင်နှင့် တူ၏ (ကျားကန်ပေးခြင်းနှင့် တူ၏) ဟူ၍ ဥပမာပြကြ၏။

ဤ"အာဟာရပစ္စည်း"၌ ရုပ်တရားအပေါင်းအား အစွန့်ရှည်စွာ ဆက်လက်တည်တံ့ခိုင်မြဲအောင် ထောက်ပံ့ပေးမှု "ဥပတ္ထမ္ဘကသတ္တိ" မျိုးသာ ရှိသည်မဟုတ်၊ အချို့နေရာများ၌ ရုပ်တရားများကို ဖြစ်ပေါ်စေခြင်းဟူသော "ဇနကသတ္တိ" လည်း ရှိ၏။

ထို့ကြောင့် "အာဟာရပစ္စယသတ္တိ" ဟူသည် အကျိုးပစ္စယုပ္ပန် ရုပ်တရားတို့အား အရာဌာနအားလျော်စွာ "ဥပတ္ထမ္ဘကသတ္တိ" ၊ "ဇနကသတ္တိ" နှစ်မျိုးလုံး ပါဝင်၏။

## ❁ အာဟာရ (၂) မျိုး ❁

အာဟာရပစ္စည်း၌ "အာဟာရ" သည် ရုပ်နှင့်သက်ဆိုင်သော အာဟာရကိုသာ ဆိုလိုသည် မဟုတ်၊ နာမ်နှင့်သက်ဆိုင်သော အာဟာရကိုလည်း ဆိုလို၏။

- "**ရုပ်အာဟာရ**" သည် ရုပ်တရားများအားသာ ဖြစ်ပေါ်စေခြင်း ၊ ထောက်ပံ့ပေးခြင်းကို ကျေးဇူးပြုနိုင်၏။
- "**နာမ်အာဟာရ**" သည်ကား နာမ်တရားများအား သာမက အချို့ရုပ်တရားများအားလည်း ဖြစ်ပေါ်စေခြင်း ၊ ထောက်ပံ့ပေးခြင်းကို ကျေးဇူးပြုနိုင်၏။

ဩဇာ၊ ဖဿ၊ စေတနာ၊ ဝိညာဉ် → တရားလေးပါးတို့သည် သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန် (ခန္ဓာအစဉ်) မှာ လွန်စွာကျေးဇူးများသော တရားများဖြစ်၍ ထိုတရားလေးပါးတို့ကိုသာ "အာဟာရ" ဟူ၍ အမည်ပေးခြင်း ဖြစ်၏။

## ❖ ရုပ်အာဟာရ ကျေးဇူးပြုခြင်း ❖

| အကြောင်း (ပစ္စည်း) တရား | အကျိုး (ပစ္စယုပ္ပန်) တရား |
|---|---|
| အဇ္ဈာ | အဇ္ဈာ |
| ကဗဠီကာရာဟာရဟူသော စတုသမုဋ္ဌာနိကရုပ် | ဩဇာ ကြဉ်သော စတုဇကာယရုပ် |

## ❖ နာမ်အာဟာရ ကျေးဇူးပြုခြင်း ❖

| အကြောင်း (ပစ္စည်း) တရား | သင်္ချာ (၇) | | အကျိုး (ပစ္စယုပ္ပန်) တရား |
|---|---|---|---|
| ဖဿ ၊ စေတနာ ၊ ဝိညာဏ် | ကု<br>ကု | ကု | ကု (၂၁) ၊ စေ (၃၈) |
| | | ဗျာ | ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်။ |
| ဖဿ ၊ စေတနာ ၊ ဝိညာဏ် | အကု<br>အကု | အကု | အကု (၁၂) ၊ စေ (၂၇) |
| | | ဗျာ | အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်။ |
| ဖဿ ၊ စေတနာ ၊ ဝိညာဏ် | ဗျာ | ဗျာ | ဝိ (၃၆) ၊ ကြိ (၂၀) ၊ စေ (၃၈) ၊<br>စိတ္တဇရုပ် ၊ ပဋိသန္ဓေ ကမ္မဇရုပ်။ |

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော – ကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ အာဟာရပစ္စယေန ပစ္စယော။ (၁)

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော – ကုသလာ အာဟာရာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။ (၂)

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော – ကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။ (၃)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော – အကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ အာဟာရပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော – အကုသလာ အာဟာရာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။ (၂)

အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော – အကုသလာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။ (၃)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော – ဝိပါကာဗျာကတာ ကိရိယာ ဗျာကတာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ အာဟာရ ပစ္စယေန ပစ္စယော။ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။ (၁)

(ပဋ္ဌာဝါရ၊ ၁၅၅-၆)

## ❁ ရုပ်အာဟာရ (၂) မျိုး ❁

၁။ ဗဟိဒ္ဓအာဟာရ = ဗဟိဒ္ဓဩဇာ။

➢ အစားအစာ ခဲဖွယ်ဘောဇဉ် စသည်တို့၌ ပါရှိသောဩဇာ။

၂။ အဇ္ဈတ္တိကအာဟာရ = အဇ္ဈတ္တိကဩဇာ။

➢ ခန္ဓာကိုယ်အတွင်းရှိ ရုပ်တရားစု၌ ပါရှိသောဩဇာ။

### ✦ ဗဟိဒ္ဓအာဟာရ ✦

"ဗဟိဒ္ဓအာဟာရ"က ဖြစ်စေအပ်သောရုပ်ကို "အာဟာရသမုဋ္ဌာနိကရုပ်" (အာဟာရဇရုပ်) ဟုခေါ်၏။ ဤ"ဗဟိဒ္ဓအာဟာရ"သည် အာဟာရဇရုပ်များကိုသာ ဖြစ်စေရုံ ကျေးဇူးပြုသည် မဟုတ်၊ အခြား ကမ္မဇရုပ် ၊ စိတ္တဇရုပ်များကိုလည်း အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေရန် ထောက်ပံ့ပေးခြင်းဖြင့်လည်း ကျေးဇူးပြု၏။

**မေး။ ။** "ဗဟိဒ္ဓအာဟာရ" သည် ဘယ်သို့သောရုပ်မျိုး ဖြစ်သနည်း?

အလုံးစုံသော သက်ရှိသက်မဲ့အရာတို့၌ ပါရှိသောရုပ်ဟူသမျှသည် **"တေဇောဓာတ်"** အပေါ်၌ မှီနေကြရ၏။ တေဇောဓာတ်လျှင် အသက်ရှိကြ၏။ တေဇောဓာတ်လျှင် အားကြီးသော မှီရာရှိကြ၏။ ရုပ်မှန်သမျှသည် တေဇောဓာတ် ခြယ်လှယ်သမျှကို ခံနေကြရ၏။ တေဇောဓာတ် လျှင် အုပ်ထိန်းစိုးရ ပဓာနဖြစ်ကြ၏။

ယင်းတေဇောဓာတ်မှာ သြဇာကိုမှီမှ တည်တံ့နိုင်သဖြင့် သြဇာသည် တေဇောဓာတ်၏ မူလဖြစ်၏။ ထို့ကြောင့် အနုစိတ်၍ လိုရင်းတရားအစစ်ကိုဟောရာ ပဋ္ဌာန်းဒေသနာတော်၌ သြဇာ တစ်ပါးတည်းကိုသာ အဓိကထား၍ ပစ္စည်းတစ်မျိုးခေါ်လောက်အောင် "ရုပ်အာဟာရပစ္စည်း" ဟူ၍ ဟောတော်မူ၏။

"တေဇောဓာတ်" ကိုမူ အတူဖြစ်ဖက်တရားမျိုးမှာသာ ပါဝင်၏။ "သြဇာရုပ်" ဟူသော "ဥတုဇ သြဇာ" ဖြစ်၏။ ထို "ဥတုဇသြဇာ" သည် ဥတုဇရုပ်၌ပါရှိသော "ဗဟိဒ္ဓသန္တာန်" ၌ဖြစ်သော သြဇာ ဖြစ်၏။

"ရုပ်အာဟာရသတ္တိ" နှစ်မျိုးရှိရာတွင် -

- ❖ ပထမ၌ "ဗဟိဒ္ဓအာဟာရ" က **အာဟာရသမုဋ္ဌာနိက = အာဟာရဇရုပ်** အား **"ဇနကသတ္တိ"** ဖြင့် ကျေးဇူးပြုနိုင်မှုကိုသာ ရည်ရွယ်၏။ သို့သော် "ဗဟိဒ္ဓအာဟာရ" သည် "ဥပတ္ထမ္ဘက သတ္တိ" ဖြင့် ကျေးဇူးပြုနိုင်သောတရားများစွာ ကျန်ရှိ၏။ ထို့ကြောင့် ဒုတိယသတ္တိကို ဆိုရ၏။
- ❖ ထိုဒုတိယ၌ "ဗဟိဒ္ဓအာဟာရ" သည် "**အခြားသြဇာ = အာဟာရက ဖြစ်စေအပ်သော အာဟာရဇရုပ်" အားငင်း ၊ ကြွင်းသော ကမ္မဇရုပ် ၊ စိတ္တဇရုပ် ၊ ဥတုဇရုပ် → " တိဇရုပ်" အားငင်း " ဥပတ္ထမ္ဘကသတ္တိ**" ဖြင့် ကျေးဇူးပြုနိုင်ကြောင်းကို ပြ၏။

ဆိုလိုရင်းမှာ ⏩ **" ဗဟိဒ္ဓအာဟာရ" သည် အာဟာရဇရုပ်ကို ဖြစ်စေအောင် ကျေးဇူးပြုရုံ သာမက ပဲ စတုသမုဋ္ဌာနိကရုပ် (စတုဇရုပ်)တို့အားလည်း ထောက်ပံ့၏။**

✦ **အဇ္ဈတ္တိကအာဟာရ** ✦

"ဗဟိဒ္ဓအာဟာရ" သည် ရုပ်တရားတို့အား ထိုက်သည့်အားလျော်စွာ "ဇနကသတ္တိ"၊ "ဥပတ္ထမ္ဘကသတ္တိ" တို့ဖြင့် ကျေးဇူးပြုသကဲ့သို့ပင် "အဇ္ဈတ္တိကအာဟာရ" သည်လည်း ရုပ်တရားတို့အား "ဇနကသတ္တိ" ၊ "ဥပတ္ထမ္ဘကသတ္တိ" ဖြင့် ကျေးဇူးပြုနိုင်၏။

**မေး။ ။** "အဇ္ဈတ္တိကအာဟာရ" ဟူသည် အဘယ်သို့သော ရုပ်မျိုးဖြစ်သနည်း?

သတ္တဝါတို့၏ ခန္ဓာကိုယ်၌ ကမ္မဇရုပ် ၊ စိတ္တဇရုပ် ၊ ဥတုဇရုပ် ၊ အာဟာရဇရုပ်ဟူ၍ ရုပ်စု လေးမျိုးရှိ၏။ ထိုရုပ်လေးမျိုးလုံး၌ ပါရှိသော ဩဇာဓာတ်များကို "အဇ္ဈတ္တိကအာဟာရ" ဟုခေါ်၏။ ထိုအာဟာရသည် "အာဟာရသမုဋ္ဌာနရုပ်" ကို "ဇနကသတ္တိ" ဖြင့် ကျေးဇူးပြုသည့် အပြင် အခြားတိဇရုပ် (ကမ္မဇ ၊ စိတ္တဇ ၊ ဥတုဇရုပ်)များကိုလည်း "ဥပတ္ထမ္ဘကသတ္တိ" ဖြင့် ကျေးဇူး ပြုကြ၏။

## ❀ အာဟာရနှစ်မျိုး ကျေးဇူးပြုခြင်း ❀

အမိဝမ်း၌ ပဋိသန္ဓေနေရသောသတ္တဝါတို့အား အမိ၏ အာဟာရမပျံ့နှံ့မီ "တိဇရုပ်" (ကံ၊ စိတ်၊ ဥတု)များ၌ပါရှိသည့် "အဇ္ဈတ္တိကဩဇာ" က "ဥပတ္ထမ္ဘကသတ္တိ" ဖြင့် ကျေးဇူးပြု၏။

အလိုလို ကိုယ်ထင်ရှားဖြစ်ကြသော ဥပပတ်နတ်တို့အား ဖြစ်စ နတ်ဩဇာကို မသုံးဆောင် ရမီအခါတို့၌ ထို" တိဇရုပ်ဩဇာ" က " ဥပတ္ထမ္ဘကသတ္တိ" ဖြင့် ကျေးဇူးပြု၏။

ဆိုလိုသည်မှာ ⏩ "ဗဟိဒ္ဓအာဟာရ" ၏ **အထောက်အပံ့မရသေးသော အဇ္ဈတ္တိက "စတုသမုဋ္ဌာနိက ဩဇာ"** သည် "**ဥပတ္ထမ္ဘကကိစ္စ**" ကိုသာ ဆောင်နိုင်၏။

⏩ "ဗဟိဒ္ဓအာဟာရ" ၏ **အထောက်အပံ့ကို ရသောအခါ**မှသာ "**ဇနကကိစ္စ" (ရုပ်ကို ဖြစ်စေနိုင်ခြင်း)**ကို ဆောင်နိုင်၏ဟူ၍ မှတ်ရမည်။

ကမ္မဇရုပ်အားကြီးသော အချို့သောနတ် ၊ ဗြဟ္မာ ၊ ပြိတ္တာ ၊ ငရဲ သတ္တဝါတို့မှာ "ဗဟိဒ္ဓ အာဟာရ" နှင့်ကင်း၍ပင် (အစာမစားရပဲနှင့်ပင်) အဇ္ဈတ္တိကအာဟာရဖြင့် ကာလကြာမြင့်စွာ တည့်တံ့နိုင်သော ခန္ဓာကိုယ်ရှိကြ၏။

ထိုသတ္တဝါတို့သည် လူများ ၊ တိရစ္ဆာန်များကဲ့သို့ အစာအာဟာရကို မစားသုံးကြ။ ထိုသတ္တဝါ တို့၏ ခန္ဓာကိုယ်များမှာ ကမ္မဇရုပ်အားကြီးသည့် ခန္ဓာကိုယ်များဖြစ်သောကြောင့် အဇ္ဈတ္တိက အာဟာရဖြင့်သာ နှစ်ပေါင်းများစွာ ကမ္ဘာများစွာတိုင်အောင် ဖြစ်စပကတိရုပ်သွင်အတိုင်း တည်နေနိုင်ကြ၏။ ကံတရားတို့ ၏ အစွမ်းသတ္တိသည် ကြီးမား၏။

အနှစ်ချုပ်အားဖြင့်...

"ဗဟိဒ္ဓသြဇာ" သည် ပါစကတေဇောဓာတ်က ချက်ပြီးသည့်အခါ ကမ္မဇဖရဏလေသည် တစ်ကိုယ်လုံးကို ဖြန့်လိုက်၍ "အဇ္ဈတ္တိကစတုဇသြဇာ" နှင့် သဘောချင်း ရောမိသောအခါမှ "ဇနကသတ္တိ" ဖြင့် အာဟာရဇရုပ်ကို ဖြစ်စေ၏။

"အာဟာရဇရုပ်" ဟူသည် သမတေဇော ထက်သန်အားကောင်းသောရုပ်အပေါင်းဖြစ်၏။ ထိုရုပ် အပေါင်းမှတဆင့် "ဥတုဇရုပ်" ကို ဖြစ်စေ၏။ ထိုရုပ်သည် "သြဇာပစ္စယဥတုဇ" တည်း။ ထို "ဗဟိဒ္ဓသြဇာ" သည် အခြား "အဇ္ဈတ္တိကသြဇာ" က ဖြစ်စေအပ်သော အလုံးစုံသော "စတု သမုဋ္ဌာနိကရုပ်" အပေါင်းအား "ဥပတ္ထမ္ဘကသတ္တိ" ဖြင့် ကျေးဇူးပြု၏။

"အဇ္ဈတ္တိကစတုသမုဋ္ဌာနိကသြဇာ" သည် ဗဟိဒ္ဓသြဇာ၏ အထောက်အပံ့ကို ရသောအခါ စတု သမုဋ္ဌာနိကရုပ်အပေါင်းအား "ဇနကသတ္တိ" ဖြင့်၎င်း၊ ယင်း ဗဟိဒ္ဓသြဇာ၏ အထောက်အပံ့ကို မရပါမူ "ဥပတ္ထမ္ဘကသတ္တိ" ဖြင့်၎င်း ကျေးဇူးပြု၏။

## ❁ နာမ်အာဟာရ ❁

"**အာဟာရ**" သည် မိမိနှင့်အတူဖြစ်ဖက်တရားတို့အား **အစွန့်ရှည်စွာ ဆက်လက်တည်တံ့အောင် လွန်စွာထောက်ပံ့ခြင်း** အဓိပ္ပါယ်ရှိ၏။ ထို့ကြောင့် "အာဟာရ"၏ အဓိပ္ပါယ်ကို အစာအာဟာရ၌ရှိသော ဩဇာဓာတ်ကိုသာ ယူရမည်မဟုတ်ပါ။

ရုပ်တရားတို့၌ရှိသော အဇ္ဈတ္တ၊ ဗဟိဒ္ဓ ဩဇာတို့သည် အတူဖြစ်ဖက် ရုပ်တရားတို့အား အစွန့်ရှည်စွာ ဆက်လက်တည်တံ့အောင် လွန်စွာထောက်ပံ့ကျေးဇူးပြုသည့်နည်းတူ ဖဿ၊ စေတနာ၊ ဝိညာဉ် ဟူသော နာမ်အာဟာရတရားသုံးပါးတို့သည်လည်း အတူဖြစ်ဖက် နာမ်တရားတို့အားငင်း ၊ နာမ် (စိတ်) ကြောင့်ဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားငင်း အစွန့်ရှည်စွာ ဆက်လက် တည်တံ့နေ အောင် ထောက်ပံ့ကျေးဇူးပြုကြ၏။

- "**ဖဿ**" ဟူသော နာမ်အာဟာရကို "ဖဿာဟာရ" ဟုငင်း ၊
- "**စေတနာ**" ဟူသော နာမ်အာဟာရကို "စေတနာဟာရ" (ဝါ) "မနောသဉ္စေတနာ" ဟုငင်း၊
- "**ဝိညာဉ်**" ဟူသော နာမ်အာဟာရကို "ဝိညာဏာဟာရ" ဟုငင်း ခေါ်ကြ၏။

ထိုသုံးပါးတို့တွင် "ဖဿ" နှင့် "စေတနာ" တို့သည် စေတသိက်တရားများ ဖြစ်ကြပြီး ၊ စိတ် (၈၉)ပါးလုံး၌ ယှဉ်၍ ဖြစ်ကြ၏။ "ဝိညာဏ်" ဟူသော စိတ် (၈၉)ပါးကို ဆိုလို၏။

- "**ဖဿ**" သည် အာရုံကို တွေ့ထိခြင်းသဘောဖြစ်၍ "ဖဿာဟာရ" သည် အာရုံတို့၌ ကောင်းသောအရသာ ၊ မကောင်းသော အရသာ ၊ သာမန်အရသာ တို့ကို ထုတ်ယူတွေ့ထိ ပေးလျက် အတူဖြစ်ဖက် နာမ်တရားတို့သို့ လွန်စွာပို့ဆောင်တတ်၏။
- "**စေတနာ**" သည် အတူဖြစ်ဖက် နာမ်တရားတို့ကို ဆိုင်ရာကိစ္စ၌ ဆောင်ရွက်ကြဖို့ရာ စေ့ဆော်တိုက်တွန်းနှိုးဆော်ခြင်းသဘောဖြစ်၍ "စေတနာဟာရ"သည် ကာယကံ၊ ဝစီကံ၊ မနောကံ တို့၌ လှုံ့လကို ဖြစ်စေလျက် အတူဖြစ်ဖက်နာမ်တရားတို့ကို ပြင်းစွာ ဆောင်တတ်၏။

➢ "**ဝိညာဉ်**" သည် အာရုံကို သိခြင်းသဘောဖြင့် ရှေ့သွားသဖွယ်ဖြစ်၍ ပြဓာန်းခြင်း ကိစ္စကို ဆောင်ရွက်လျက် အတူဖြစ်ဖက် နာမ်တရားတို့ကို လွန်စွာဆောင်တတ်၏။ မြဲမြံစွာ ဖြစ်စေတတ်၏။ အခွန့်ရှည်စွာ ဆက်လက်တည်တံ့စေတတ်၏။

ဤအာဟာရသုံးပါးတို့သည် မိမိတို့၏သတ္တိဖြင့် အတူဖြစ်ဖက် နာမ်တရားတို့ကို ဆောင်သည်ရှိသော် အတူဖြစ်ဖက်ဖြစ်သော စိတ္တဇရုပ် ၊ ကမ္မဇရုပ်တရားတို့ကိုလည်း လွန်စွာထောက်ပံ့ဆောင်သည် သာ ဖြစ်၏။

## ❁ ကျေးဇူးပြုခြင်း ❁

"ဖဿ ၊ စေတနာ ၊ ဝိညာဉ်" → နာမ်အာဟာရသုံးပါးတို့သည် အခါခပ်သိမ်း အတူတကွ တစ်ပေါင်းတည်း ဖြစ်လေ့ရှိကြသောကြောင့် အချင်းချင်းအားလည်း "အာဟာရသတ္တိ" ဖြင့် ကျေးဇူးပြုကြ၏။ ထို့ကြောင့်...

- ❖ "ဖဿ" သည် "ပစ္စည်း" ဖြစ်ခိုက် "စေတနာ နှင့် ဝိညာဉ်" တို့သည် "ပစ္စယုပ္ပန်" ဖြစ်ကြ၏။
- ❖ "စေတနာ" သည် "ပစ္စည်း" ဖြစ်ခိုက် "ဖဿ နှင့် ဝိညာဉ်" တို့သည် "ပစ္စယုပ္ပန်" ဖြစ်ကြ၏။
- ❖ "ဝိညာဉ်" သည် "ပစ္စည်း" ဖြစ်ခိုက် "ဖဿ နှင့် စေတနာ" တို့သည် "ပစ္စယုပ္ပန်" ဖြစ်ကြ၏။

ဥပမာအားဖြင့် အာရုံခြောက်ပါးတို့တွင် တစ်ပါးပါးကြောင့် လောဘမူစိတ် တစ်ခုခု ၊ အတူဖြစ်ဖက်စေတသိက်များ ၊ စိတ္တဇရုပ်များ တပြိုင်နက်ဖြစ်ကြသောအခါ ...

➢ "ဖဿ" သည် "ပစ္စည်း" ဖြစ်လျှင် လောဘမူစိတ်၊ "ဖဿ" မှ အခြားသော အတူဖြစ်ဖက် စေတသိက်များ၊ စိတ္တဇရုပ်များသည် "ပစ္စယုပ္ပန်" ဖြစ်ကြ၏။

➢ "စေတနာ" သည် "ပစ္စည်း" ဖြစ်လျှင် လောဘမူစိတ် ၊ "စေတနာ" မှ အခြားသော အတူ ဖြစ်ဖက် စေတသိက်များ ၊ စိတ္တဇရုပ်များသည် "ပစ္စယုပ္ပန်" ဖြစ်ကြ၏။

"လောဘမူစိတ်"သည် "ပစ္စည်း"ဖြစ်လျှင် ထိုစိတ်နှင့် ယှဉ်သော ဖဿ ၊ စေတနာ အပါအဝင် အတူဖြစ်ဖက် စေတသိက်များ ၊ စိတ္တဇရုပ်များသည် "ပစ္စယုပ္ပန်" ဖြစ်ကြ၏။ အခြားသောစိတ်များ ဖြစ်ရာ၌လည်း နည်းတူမှတ်ပါ။

ပဋိသန္ဓေနေသောအခါ ပဋိသန္ဓေစိတ်နှင့်အတူဖြစ်ဖက် စေတသိက်များ၊ ကမ္မဇရုပ်များ ဖြစ်ကြရာ၌လည်း နည်းတူမှတ်ပါ။

## ❀ "ကာလ ၊ ဌာန ၊ ပုဂ္ဂိုလ်" တို့နှင့် "အာဟာရသတ္တိ" ❀

"**အာဟာရသတ္တိ**" တို့သည်...

- ➢ ကာလအားဖြင့် "ပစ္စယုပ္ပန်"အဖြစ်၌ ကျေးဇူးပြုကြ၏။
- ➢ "နာမ်အာဟာရ"သည် အသညသတ်ဘုံမှတပါး အခြားဘုံ (၃၀) တို့၌ ကျေးဇူးပြုကြ၏။ "ရုပ်အာဟာရ"သည် ရူပ ၊ အရူပဘုံတို့၌ ဗဟိဒ္ဓအာဟာရစားသုံးမှုမရှိသဖြင့် ကာမ (၁၁) ဘုံ၌သာ ကျေးဇူးပြု၏။
- ➢ ပုဂ္ဂိုလ် (၁၂) ယောက်လုံးတို့၌ ကျေးဇူးပြုနိုင်၏။

## ❀ သုတ္တန်နည်း (ပဋိစ္စသမုပ္ပါဒ်နည်း) နာမ်အာဟာရတို့သည် ကျေးဇူးပြုခြင်း ❀

- ❖ "ဖဿာဟာရ"သည် ဝေဒနာ ၊ တဏှာ ၊ ဥပါဒါန် ၊ ကမ္မဘဝတရားများကို ကျေးဇူးပြု၏။ သတ္တဝါတို့သည် ထိခိုက်တွေ့ထိလာသော အာရုံ၏အရသာကို "ဖဿ"ဖြင့် ခံယူတွေ့ထိပေး၍ ၊ "ဝေဒနာ"ဖြင့် ခံစားပြီး ၊ "တဏှာ ၊ ဥပါဒါန်"တို့ ထက်သန်အားကောင်း၍ ဝဋ္ဋသုံးပါးတို့မှ မလွတ်နိုင်ဘဲ ရှိနေကြ၏။

"ဖဿာဟာရ"မဖြစ်ခဲ့ပါမူ "ဝေဒနာ"သည် ခံစားမှုမရှိ၍ " တဏှာ၊ ဥပါဒါန်"တို့ မဖြစ်ပေါ်ကြသဖြင့် "ကမ္မဘဝ"မဖြစ်။ "ကမ္မဘဝ"မဖြစ်လျှင် "ဝိပါကဝဋ္ဋ"၊ "ကိလေသဝဋ္ဋ" တို့ မဖြစ်ကြ။

❖ "စေတနာဟာရ"သည် ကာမ ၊ ရူပ ၊ အရူပ ဟူသော ဥပပတ္တိဘဝကို ကျေးဇူးပြု၏။ "စေတနာဟာရ" မရှိလျှင် ဘဝသုံးပါး မဖြစ်။

စေတနာဟာရ ၊ သင်္ခါရ ၊ ကမ္မဘဝ ၊ ကမ္မဝဋ္ဋ တို့သည် အဓိပ္ပါယ်တူကြ၏။

❖ "ဝိညာဏာဟာရ"သည် "နာမ်ရုပ်၊ သဠာယတန" တို့ကို ကျေးဇူးပြု၏။ "ဝိညာဉ်" မဖြစ်လျှင် "နာမ်ရုပ်၊ သဠာယတန" တို့ မဖြစ်။

နာမ်အာဟာရသုံးပါးတို့ကြောင့် ပဋိစ္စသမုပ္ပါဒ်တရားတို့သည် မပြတ်ဖြစ်ကြ၏။

## ❀ အသက်ကို ဉာဏ်စောင့် ❀

**"အသက်ကို ဉာဏ်စောင့် ၊ ဥစ္စာကို ကံစောင့်"**

မိမိခန္ဓာကိုယ်အတွင်း၌ "ရုပ်ဇီဝိတ = ရုပ်သက်" ၊ "နာမ်ဇီဝိတ = နာမ်သက်" တို့ကို ရှည်ကြာစွာ ရှင်သန်နေနိုင်အောင် သတိဉာဏ်တို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရ၏။

ရုပ်တရားတို့သည် ကံ ၊ စိတ် ၊ ဥတု ၊ အာဟာရ အကြောင်းတရားတို့ကြောင့် ရှင်သန်ရသဖြင့် ကံကို ကောင်းအောင် ပြုပြင်ပေးမှု ၊ စိတ်အပူများကို မယူဘဲ စိတ်အေးချမ်းအောင် နေထိုင်မှု ၊ ဥတု ရာသီနှင့် မျှတအောင် နေထိုင်မှု ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် အစာအာဟာရကို စားသုံးမှုတို့ဖြင့် ရုပ်ခန္ဓာ ကိုယ်ကို စောင့်ရှောက်ရမည်။

နာမ်တရားတို့သည် နာမ်အာဟာရတရားသုံးပါးတို့၌ မှီ၍ အသက်ရှင်သန်ရသဖြင့် အတူ ဖြစ်ဖက်နာမ်ခန္ဓာအား စိတ်ပူလောင်ဆင်းရဲမှုများကိုဖြစ်သော ကာမဂုဏ်အာရုံများကို ရှောင်၍ စိတ် အေးချမ်းမှုကို ရရှိစေနိုင်သော သမထ ၊ ဝိပဿနာတရားများကို မပြတ်ကျင့်ကြံအားထုတ်သဖြင့် နာမ်ခန္ဓာကို ပြုပြင် စောင့်ရှောက်ပေးရမည်။

ရုပ်ခန္ဓာကိုယ်အား ရုပ်အစားအစာကိုသာ ကျွေးပြီး ၊ နာမ်စာကို မကျွေးခဲ့လျှင် ရုပ်ရေအဆင်း လှပတင့်တယ်သော်လည်း အသိဉာဏ် မရှိ ၊ စိတ်ဓာတ်အောက်တန်းကျနေဖြင့် အများက ချစ်ခင် ကြည်ညိုလေးစားမှု မရှိနိုင်။ ထိုပုဂ္ဂိုလ်မျိုးကို အသားသာတိုးပြီး အသိဉာဏ်မတိုးသဖြင့် ဝက်မျိုးနှင့် တူ၏ ဟူ၍ ပညာရှိများက မိန့်ကြသည်။

ရုပ်ရေအဆင်း တင့်တယ်လှပဖို့ လိုအပ်သကဲ့သို့ အသိဉာဏ်ပြည့်ဝပြီး စိတ်ကောင်းရှိဖို့လည်း လိုအပ်၏။ စိတ်ကောင်းရှိဖို့အတွက် နာမ်စာကိုလည်း ကျွေးရမည်။ နာမ်စာတို့တွင် နှစ်သက်မြတ်နိုးစရာ၊ ပျော်စရာ အာရုံငါးဖြာ ကာမဂုဏ်စာတို့သည် ခဏတာ စိတ်ပျော်ရုံမျှသာ ဖြစ်စေ၏။ ထိုအစာ တို့သည် အလိုအာသာကို မပြေနိုင်သဖြင့် ရုပ်နာမ်ခန္ဓာတို့ကို ပူလောင်စေ၊ ပျက်စီးစေသောကြောင့် အဆိပ်နှင့်တူ ၏။

သမထ၊ ဝိပဿနာ ဓမ္မအာရုံအစာတို့သည်ကား စိတ်နှလုံးသားကို အေးချမ်းမှုပေး၍ အသိဉာဏ်ကို ပြည့်ဝစေကြ၏။ သုဂတိဘဝတို့ကို ဖြစ်စေ၍ နိဗ္ဗာန်သို့ရောက်အောင် ကျေးဇူးပြုနိုင်ကြ၏။

ရုပ်ခန္ဓာကိုယ်ကို ရှင်သန်နိုင်ရေးအတွက် ရုပ်အာဟာရအစာကို နေ့စဉ်စားသုံးရသကဲ့သို့ နာမ်ခန္ဓာ ကို ရှင်သန်၍ နိဗ္ဗာန်တိုင်အောင် ကျေးဇူးပြုနိုင်သော နာမ်အာဟာရ သမထ၊ ဝိပဿနာ ဓမ္မအာရုံစာတို့ကိုလည်း နေ့စဉ် နေစဉ်ဘဝတစ်လျှောက်လုံး အသိဉာဏ်တို့ဖြင့် မပြတ်စားသုံး ကျင့်သုံးသင့်၏။

## ❀ အာဟာရအတွက် သုံးဆောင်မှု ရည်ရွယ်ချက်များ ❀

ရုပ်အာဟာရ ၊ နာမ်အာဟာရတို့ကို သုံးဆောင်မှီဝဲနေသူတို့သည် မိမိအသက်အရွယ် ၊ အလုပ်အကိုင် ၊ အသိဉာဏ်ဆင်ခြင်မှုတို့အားလျော်စွာ ရည်ရွယ်ချက်အမျိုးမျိုး ကွဲပြားကြ၏။

လူငယ်လူရွယ်တို့သည် ပျော်ပါးဖို့၊ ကစားဖို့ အတွက် သုံးဆောင်ကြ၏။ အလှမောင် ၊ အလှမယ်တို့သည် ပြည့်ဖြိုးလှပဖို့ ၊ ပျော်မြူးဖို့အတွက် သုံးဆောင်ကြ၏။ လက်ဝှေ့သမား ၊ အားကစားသမား ၊ ကာယအလုပ်သမား ၊ ဉာဏအလုပ်သမားတို့သည် ခွန်အားဗလရှိဖို့ ၊ ကျန်းမာသန်စွမ်းဖို့အတွက် သုံးဆောင်ကြ၏။ ယောဂီသူတော်ကောင်းတို့သည်ကား ဆာလောင်မှုကို ပယ်ဖျောက်၍ အသက်ရှင်တည်နေလျှက် အကျင့်မြတ်ကို ကျင့်ကြံအားထုတ်ဖို့အတွက် သုံးဆောင်ကြ၏။

အစာအာဟာရအတွက်သာ ရည်ရွယ်၍ အသက်ရှင်သန်နေသူတို့အား ထိုအစာအာဟာရတို့က အပူကိလေသာများကို တိုးပွားစေပြီး ၊ ဒုစရိုက်များကို ပြုလုပ်ကြသဖြင့် ဒုဂ္ဂတိဘုံဘဝသို့သာ ဆောင်ရွက်ပေးကြ၏။

အသက်ရှင်သန်ဖို့အတွက် ရည်ရွယ်၍ အစာအာဟာရကို စားနေသူတို့အား ထို အစာအာဟာရတို့က အပူကိလေသာများကို နည်းပါးစေပြီး၊ အကျင့်မြတ်ကို ကျင့်ကြံပွားများနိုင်ကြသဖြင့် သုဂတိ ဘုံဘဝ ၊ နိဗ္ဗာန်သို့ရောက်အောင် ဆောင်ရွက်ပေးကြ၏။

## ❀ အဆုံးအမ ဩဝါဒစကား ❀

အကြိုက်ရယ် ၊ အသင့်ရယ် နှစ်မျိုးရှိတယ်။

အကြိုက်သည် ရုပ်ကြိုက် ၊ စိတ်ကြိုက် နှစ်မျိုးရှိပြန်တယ်။

ရုပ်သည် အပူကို ကြိုက်တယ် ၊ စိတ်ကတော့ အအေးကို ကြိုက်တယ်။

ထိုအကြိုက်နှစ်မျိုးအနက် စိတ်ကြိုက်ကိုသာ မလိုက်ရဘူး ၊ စိတ်ကြိုက်ကိုချည်း လိုက်မိရင် ရောဂါရတတ်တယ်။

ရုပ်ကြိုက်ကို လိုက်မှ ကျန်းမာမယ်။

ရုပ်ကြိုက်ကို လိုက်ရပေမယ့် သင့်မသင့် ၊ တော်မတော် ရွေးချယ်တတ်သော အသိဉာဏ်ရှိဖို့ လိုတယ်။ အသိဉာဏ်ရှိမှ စားသင့် ၊ မစားသင့်ဆိုတာကို သိနိုင်တယ်။ လုပ်သင့် မလုပ်သင့် ၊ ပြောသင့် မပြောသင့် ၊ တွေးသင့် မတွေးသင့်ဆိုတာကိုလည်း သိနိုင်တယ်။

ယင်းသို့ သိနားလည်နေလျှင် စားသင့်မှ စားမယ်။ သွားသင့်မှ သွားမယ်။ လုပ်သင့်မှ လုပ်မယ်။ ပြောသင့်မှ ပြောမယ်။ တွေးသင့်မှ တွေးမယ်။ ယင်းသို့ အပြစ်ကင်းစွာ ပြုလုပ်နိုင်လျှင် လောကအကျိုး ဓမ္မအကျိုးများကို ကောင်းစွာစွမ်းဆောင်နိုင်မယ်။ ဒီလိုစွမ်းဆောင်နိုင်မှသာ လူတော် လူကောင်းလို့ ခေါ်ရမယ်။

ပဏ္ဍိတာရာမ ဆရာတော်

~~~~~~~~~~~~~~~~~~~~~~~~~~~~

**ရူပါရူပါနံ ဥပတ္ထမ္ဘကဋ္ဌေန ဥပကာရကာ စတ္တာရော အာဟာရာ အာဟာရပစ္စယော။**

(ပဥ္စပကရဏအဋ္ဌကထာ ၊ ၃၅၀)

ရုပ်နာမ်တရားတို့ကို အထောက်အပံ့ပေးသောအားဖြင့် ကျေးဇူးပြုသော အကြောင်းတရားလေးပါးသည် " အာဟာရပစ္စည်း" ဖြစ်၏။

- သြဇာအာဟာရကြောင့် ဖြစ်သောရုပ်ကို တိုက်ရိုက် ကျေးဇူးပြု၏။
- ကံ ၊ စိတ် ၊ ဥတု ကြောင့်ဖြစ်သောရုပ်များကို ကူညီထောက်ပံ့၏။ ထောက်ပံ့မှုဟူသည် ပြိုလဲမသွားအောင် ရပ်တည်နိုင်အောင် ထောက်ပံ့ပေးမှုကို ဆိုလို၏။
- ရုပ်အာဟာရသည် ရှိနေသည့်အခိုက်သာ ထောက်ပံ့ခြင်း ဖြစ်၏။ (အတ္ထိသတ္တိ)
~~~~~~~~~~~~~~~~~~~~~~~~~~~~

➢ ဩဇာရုပ်သည် ကျန်သောရုပ်တို့အား အာဟာရသတ္တိ၊ အတ္ထိသတ္တိ၊ အဝိဂတသတ္တိ (၃)မျိုးတို့ဖြင့်သာ ကျေးဇူးပြုသည်။

"ဖဿ၊ စေတနာ၊ ဝိညာဉ်" နာမ်အာဟာရ (၃) ပါးတို့သည် အခြားနာမ်တရားတို့၏ စွမ်းဆောင်မှုထက် လွန်ကဲသောစွမ်းဆောင်မှုရှိသောကြောင့် "အာဟာရ" မည်ကြ၏။

သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ = သတ္တဝါမှန်သမျှတို့သည် အကြောင်းတရားတို့ကြောင့် တည်ရှိနေကြ၏ဟူ၍ယူလျှင် ပိုကောင်း၏။

"အာဟာရ = အစာ" ဟူ၍ယူလျှင် ငရဲသားတွေ၏ အစာအာဟာရသည် ကိုယ့်တံတွေးကို မျိုချ ခြင်းဖြစ်၏။ ဗြဟ္မာများ၏ အစာအာဟာရသည် ပီတိဘက္ခာ = ဈာန်ပီတိ ဖြစ်၏။

➢ အစာစားသော သတ္တဝါများအတွက် အစာသည် အာဟာရ

➢ အစာမစားသော သတ္တဝါများအတွက် အကြောင်းတရားသည် အာဟာရ

သတ္တဝါအားလုံးတို့သည် အကြောင်းတို့ကြောင့် တည်ရှိနေကြ၏ဟူ၍ အဓိပ္ပါယ်ယူဆလျှင် အားလုံးကို ခြုံငုံမိ၏။

## ❀ အာဟာရလေးပါးတို့နှင့် ဥပမာများ ❀

ရဟန်းတို့... ဖြစ်ပြီးသတ္တဝါတို့အား တည်တံ့ခြင်းငှါငှ၊ ဖြစ်ဆဲသတ္တဝါတို့အား ထောက်ပံ့ ခြင်းငှါ ငှ ဆောင်တတ်သောအာဟာရတို့သည်...

❖ ကဗဠီကာရအာဟာရ

❖ ဖဿအာဟာရ

❖ မနောသဥ္စေတနာ အာဟာရ

❖ ဝိညာဏအာဟာရ ဟူ၍ လေးပါးရှိ၏။

### ✦ ရဟန်းတို့ " ကဗဠီကာရအာဟာရ" ကို မည်သို့မှတ်အပ်သနည်းဆိုလျှင်...

ရိက္ခာအနည်းငယ်ဖြင့် ကန္တာရခရီးကို ဖြတ်သန်းသွားလာသော မိသားစုသုံးယောက်တို့သည် လမ်းခရီး၌ ရိက္ခာပြတ်သောအခါ ခရီးပင်ပမ်း၍ သေသွားသော ချစ်လှစွာသော သားငယ်လေး၏ အသားကိုစားပြီး ထိုကန္တာရခရီးကို လွန်မြောက်ကြ၏။

ယင်းသို့ ကန္တာရခရီးကို လွန်မြောက်ကြရာ၌ ထိုဇနီးမောင်နှံတို့ သားငယ်လေး၏ အသားကို ကြေကွဲဝမ်းနည်းစွာ စားရခြင်းသည် ပျော်ပါးဖို့မဟုတ် ၊ ကန္တာရခရီးမှ လွန်မြောက်ဖို့သာ ဖြစ်၏။ *ကဗဠီကာရ အာဟာရကို စားသုံးသောအခါ သားငယ်လေး၏အသားကဲ့သို့ သဘောထားအပ်၏။*

ရဟန်းတို့ အစာစားသောအခါ၌ ပျော်ပါးဖို့ စားခြင်းမဟုတ် ၊ မာန်မာနတွေ တက်ဖို့ ၊ ခွန်အားဗလတွေတိုးဖို့ ၊ အသားအရေလှပတင့်တယ်ဖို့ စားခြင်းလည်းမဟုတ်။ ဤခန္ဓာကိုယ်ကြီး တည်တံ့ပြီး အကျင့်မြတ်တွေကို ကျင့်နိုင်ဖို့အတွက် စားခြင်းဖြစ်၏ဟူ၍ ဉာဏ်ဖြင့် ဆင်ခြင်၍ စားရမည်။

ကဗဠီကာရအာဟာရကို ဉာဏ်ဖြင့်ပိုင်းခြား၍ သိမြင်လျှင် အာရုံငါးပါး ကာမဂုဏ်တရားတို့၌ ဖြစ်သောတဏှာကို ပိုင်းခြားသိ၏။ (တဏှာကို ဖယ်ရှားနိုင်၏)။ (မသိလျှင် မဖယ်ရှားနိုင်)။

တဏှာတို့တွင် ရသတဏှာသည် မပယ်နိုင်လျှင် အဆိုးဆုံးဖြစ်၏။ အစားအစာကြောင့် သတ္တဝါတို့သည် သေဆုံးကြရ၏။

ယင်းကဗဠီကာရအာဟာရကို ဉာဏ်ဖြင့်ပိုင်းခြားသိမြင်သော အရိယာပုဂ္ဂိုလ်အား ကာမဘုံသို့ လာရောက်ကြောင်းဖြစ်သော သံယောဇဉ် မရှိတော့ပေ။

**ကာမဂုဏ** = ကာမ + ဂုဏ။

**ကာမ** = နှစ်စရာ အာရုံများ။

**ဂုဏ** = အနှောင်အဖွဲ့။

နှစ်သက်စရာ အာရုံများသည် စိတ်ကိုနှောင်ဖွဲ့ထား၏။ ထို့ကြောင့် ဖြုတ်ဖို့ ၊ ဖြတ်ဖို့ ခက်၏။

✦ **ရဟန်းတို့... "ဖဿအာဟာရ" ကို အဘယ်သို့ မှတ်အပ်သနည်းဆိုလျှင်...**

အရေခွံခွါထားသောနွားသည် နံရံ ၊ သစ်ပင်စသည်ကို တစ်စုံတစ်ခုသောအရပ်ကို မှီပြီးနေသောအခါ ထိုအရပ်၌ရှိသော ခြင်ယင်စသော သတ္တဝါတို့သည် ထိုနွားကို ကိုက်ခဲကြ၏။ (ဒုက္ခဝေဒနာများကို ပြင်းထန်စွာခံစားရ၏။)

*"ဖဿအာဟာရ" ကို အရေခွံခွါထားသောနွားကဲ့သို့ မှတ်သားအပ်၏။*

"ဖဿအာဟာရ"ကို ဉာဏ်ဖြင့် ပိုင်းခြား၍ သိမြင်လျှင် ဝေဒနာသုံးပါးကို ပိုင်းခြား၍ သိ၏။ (ဖဿပစ္စယာ ဝေဒနာ)

"ဖဿ" ကို ဉာဏ်ဖြင့် မြင်အောင်ရှုလျှင် ဝေဒနာသုံးပါးတို့၏ သဘာဝတွေကို ပိုင်နိုင်စွာ သိ၏။ ဝေဒနာသုံးပါးတို့၏ သဘာဝတွေကို ဉာဏ်ဖြင့် သေချာသိပြီဆိုလျှင် (ဝေဒနာပစ္စယာ တဏှာ) ဝေဒနာ ကြောင့် တဏှာ မဖြစ်တော့ပေ။

ဝေဒနာသုံးပါးတို့၏ သဘာဝများကို ဉာဏ်ဖြင့် ပိုင်းခြားသိမြင်သော အရိယာပုဂ္ဂိုလ်အား တစ်စုံ တစ်ရာ ပြုဖွယ်ကိစ္စမရှိတော့ပြီဟူ၍ ငါဘုရားဟောကြားတော်မူ၏။

"ဖဿ" ကို ဉာဏ်ဖြင့် သိမြင်လျှင် "ဝေဒနာ" တို့၏ သဘာဝကို သေချာသိ၏။ "ဝေဒနာ" များကို ဉာဏ်ဖြင့် သိသည်နှင့်တစ်ပြိုင်နက် "တဏှာ" မဖြစ်။ "တဏှာ" ကုန်ဆုံး ချုပ်ငြိမ်းသွားလျှင် ဘာမှ လုပ်စရာ မရှိတော့ပါ။ ထို့ကြောင့် "ဖဿအာဟာရ" ကို ဟော၏။

✦ **ရဟန်းတို့... "မနောသဉ္စေတနာဟာရ" ကို အဘယ်သို့ မှတ်အပ်သနည်းဆိုလျှင်...**

ချမ်းသာစွာ အသက်ရှည်လိုသော လူတစ်ယောက်ကို အားကောင်းသော ရန်သူများက လက်ခုပ်တစ်ဖောင်မျှနက်သော မီးကျီးတွင်းထဲသို့ ဆွဲချ၏ (တွန်းချ၏)။ ထိုပုဂ္ဂိုလ်အား မီးကျီးတွင်းမှ ဝေးလို လွတ်လိုသော စိတ်တောင့်တမှုသည် ဖြစ်၏။

*"မနောသဉ္စေတနာအာဟာရ" ကို မီးကျီးတွင်းကဲ့သို့ မှတ်အပ်၏။*

"စေတနာ" ဟူသော ကံတရားက စီမံပေးလိုက်သော ဘဝတစ်ခုသည် မီးကျီးတွင်းထဲကို ဆွဲချ (တွန်းချ)ခြင်းနှင့် တူပါ၏။ ဘဝသည် ပူလောင်နေရ၏။ မွေးလာသဖြင့် တစ်ဖြည်းဖြည်း အသက်ကြီး အိုလာ၏။ ရောဂါဝေဒနာတွေ အမျိုး မျိုးဖြစ်၍ နာကျင်လာ၏။ အိုရင်း နာကာ နောက်ဆုံးသေရ၏။ မသေမီ ကြားကာလမှာ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ရခြင်း၊ စိတ်ပူ လောင်မှုများ ပြင်းထန်သဖြင့် မူးမေ့ရခြင်း ပြဿနာမျိုးစုံလည်း ကြုံတွေ့ရ၏။

ထို "မနောသဉ္စေတနာအာဟာရ" ကို ဉာဏ်ဖြင့်ပိုင်းခြားသိပြီဆိုလျှင် တဏှာသုံးပါးကို ပိုင်းခြားသိ၍ ဖယ်ရှားနိုင်၏။ ယင်းသို့သိပြီး ဖယ်ရှားနိုင်သော အရိယာပုဂ္ဂိုလ်သည် တစ်စုံတစ်ရာ ပြုဖွယ်ကိစ္စ မရှိတော့ပြီဟူ၍ ငါဘုရား ဟောကြားတော်မူ၏။

## ✦ ရဟန်းတို့… "ဝိညာဏအာဟာရ" ကို အဘယ်သို့မှတ်အပ်သနည်းဆိုလျှင်…

လူဆိုးလူမိုက် ရာဇဝတ်သားတစ်ယောက်ကို ဘုရင်က တရားရုံး၌ နံနက်တစ်ကြိမ်၊ နေ့လည်တစ်ကြိမ်၊ ညတစ်ကြိမ် လှံဖြင့် အချက်တစ်ရာစီထိုးဖို့ အမိန့်ချ၏။ ထိုအမိန့်အတိုင်း ပြုလုပ်ကြလျှင် ထိုရာဇဝတ်သားအား ပြင်းထန်စွာဆင်းရဲကို ခံစားရ၏။

*"ဝိညာဏအာဟာရ" ကို လှံဖြင့်ထိုးခံရခြင်းကဲ့သို့ မှတ်အပ်၏။*

"ဝိညာဉ်" ဟူသည် "ပဋိသန္ဓေစိတ်" ကို ဆိုလို၏။ ဝိညာဏပစ္စယာ နာမရူပံ = ပဋိသန္ဓေစိတ်ကြောင့် နာမ်ရုပ်တရားတွေ ဖြစ်လာ၏။

မွေးလာရင် ပုဂ္ဂိုလ်တိုင်း၏ ဆင်းရဲဒုက္ခသည် လွန်စွာပြင်းထန်၏။ လောကကြီး၌ ကြုံတွေ့ခံစားရသောဒုက္ခများသည် မွေးလာ၍ ဖြစ်၏။ မွေးလာသဖြင့် အသက်ကြီး အိုလာခြင်း၊ ရောဂါမျိုးစုံ ဖြစ်ရခြင်း၊ သေခြင်းတို့ ဖြစ်ကြရ၏။ မသေမီ စိုးရိမ်ပူဆွေးငိုကြွေးခြင်းများ၊ ခန္ဓာကိုယ်ကြီး၏ နာကျင်ကိုက်ခဲခြင်းများ၊ စိတ်မချမ်းသာခြင်းများ၊ ဒေါသဖြင့် ရှိုက်ပြီး အလွန်ပူလောင်ခြင်းများလည်း ဖြစ်ကြရ၏။ ထို "ဝိညာဏအာဟာရ" ကို ဉာဏ်ဖြင့်ပိုင်းခြားသိလျှင် နာမ်ရုပ်ကို ပိုင်းခြား၍ သိ၏။ နာမ်ရုပ်ကို ပိုင်းခြားသိသော အရိယာပုဂ္ဂိုလ်အား တစ်စုံတစ်ရာ ပြုဖွယ်ကိစ္စမရှိတော့ပြီဟူ၍ ငါဘုရား ဟောကြား တော်မူ၏။

ပုတ္တမံသူပမသုတ် (သံ၊ ၁၊ ၃၂၂) နိဒါနဝဂ္ဂသံယုတ်

ဤသုတ်ဟောစဉ်နှင့် အဘိဓမ္မာ တူ၏။

- "**ဖဿ ၊ စေတနာ ၊ ဝိညာဉ်**" ဟူသော နာမ်အာဟာရပစ္စည်းတို့က... စိတ် ၊ စေတသိက် ၊ စိတ္တဇရုပ် "ပစ္စယုပ္ပန်တရား" တို့အား အာဟာရသတ္တိ ၊
- "**ဖဿ**" က သဟဇာတသတ္တိ ၊ အညမညသတ္တိ ၊ နိဿယသတ္တိ ၊ သမ္ပယုတ္တသတ္တိ ၊
- "**စေတနာ**" က ကမ္မသတ္တိ ၊
- "**ဝိညာဉ်**" က အဓိပတိသတ္တိ ၊ ဣန္ဒြိယသတ္တိ၊ ထိုတရားတို့ရှိခိုက်သော ကျေးဇူးပြုသဖြင့် အတ္ထိသတ္တိ ၊ မကင်းကွာမီ အချိန်၌သော ကျေးဇူးပြုသဖြင့် အဝိဂတသတ္တိ တို့ဖြင့် ကျေးဇူးပြု ကြ၏။

## ❁ အဆုံးအမ သြဝါဒ ❁

- ❖ နိဗ္ဗာန်ကို လိုချင်လျှင် ခန္ဓာကိုယ်၏ အပြစ်ကို မြင်အောင်ကြည့်။ (ဝိပဿနာနှင့် ဆိုင်၏။)
- ❖ တစ်ဦးနှင့်တစ်ဦး ချစ်ခင်လိုလျှင် ကောင်းတာကို မြင်အောင်ကြည့်။ (သမထနှင့် ဆိုင်၏။)

ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ

## ❁ ဖြစ်စဉ် (ပဋိစ္စသမုပ္ပါဒ်အရ ကြည့်ခြင်း) ❁

ဒေသနာဟောစဉ်အရ နာမ်အာဟာရသုံးပါးကို ဖဿ ၊ စေတနာ ၊ ဝိညာဉ် ဟူ၍ ဟောသော်လည်း ဖြစ်စဉ် (ပဋိစ္စသမုပ္ပါဒ်) အရ ကြည့်လျှင် စေတနာ ၊ ဝိညာဉ် ၊ ဖဿ ဖြစ်၏။

၁။ သက်ရှိဘဝတစ်ခုသည် " ပဋိသန္ဓေဝိညာဏ်စိတ်" ဖြင့် စခဲ့၏။

ဆိုင်ရာဘဝတစ်ခုအတွက် "ပဋိသန္ဓေဝိညာဏ်စိတ်" ဖြစ်ပေါ်လာအောင် စေတနာ (ကံ) က ပြုလုပ်ပေး၏။

သင်္ခါရပစ္စယာ ဝိညာဏံ = သင်္ခါရ (စေတနာ) ကြောင့် " ပဋိသန္ဓေဝိညာဏ်စိတ်" ဖြစ်၏။

ထို့ကြောင့် အတိတ်ကံ (သင်္ခါရ) စေတနာကို " အာဟာရ" ဟုခေါ်၏။

၂။ "ပဋိသန္ဓေ ဝိညာဏ်စိတ်" စပြီးဖြစ်သည်နှင့် တစ်ပြိုင်နက် ထိုပဋိသန္ဓေစိတ်နှင့်အတူ ကာယဒသက ကလာပ်၊ ဘာဝဒသက ကလာပ် (ဣတ္ထိဘာဝရုပ်၊ ပုရိသဘာဝရုပ်)၊ ဝတ္ထုဒသက ကလာပ် (ဟဒယဝတ္ထု) ကလာပ်သုံးစည်း (ရုပ်ပေါင်းသုံးဆယ်) ကမ္မဇရုပ် လည်း ဖြစ်ပေါ်လာ၏။ ပဋိသန္ဓေစိတ်၏ ဌီအခိုက်အတန့်မှာ ဥတုဇရုပ်လည်း ဖြစ်လာ၏။ ပဋိသန္ဓေစိတ်၏ နောက်၌ ဘဝင်စိတ်များ ဆက်တိုက်ဖြစ်၏။ ပထမဘဝင်စိတ်၏ ဥပါဒ်အခိုက်အတန့်မှာ စိတ္တဇရုပ်များ ဖြစ်ကြ၏။ သြဇာပျံ့နှံ့ရာ အခါ၌ အာဟာရဇရုပ်များ ဖြစ်ကြ၏။ ထိုရုပ်များသည် စိတ္တက္ခဏ (၁၇)ချက်အထိ သက်တမ်းရှိကြ၏။ နောက်ဖြစ်သော ဘဝင်စိတ်များကြောင့် ရုပ်များသည် သက်တမ်းပြည့်နေနိုင်ကြ၏။ ယင်းသို့ ပဋိသန္ဓေစိတ်သည် နာမ်တရား၊ ရုပ်တရားများ ဖြစ်လာ အောင် ထောက်ပံ့ပေး၏။

ဝိညာဏပစ္စယာ နာမရူပံ = ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏ ဟူ၍ ဟောတော်မူ၏။

ထို့ကြောင့် ပဋိသန္ဓေစိတ်ကိုလည်း " အာဟာရ" ဟုခေါ်၏။

၃။ လူ ၊ နတ် ၊ ဗြဟ္မာ သတ္တဝါတို့ ဖြစ်လာကြရာ၌ ဒွါရ (၆) ပါး နှင့် အာရုံ (၆) ပါးတို့ ပေါင်းဆုံ တိုက်ဆိုင်မိသဖြင့် ဝိညာဉ်စိတ် (၆) ပါး ဖြစ်ကြ၏။ ထို ဒွါရ ၊ အာရုံ ၊ ဝိညာဉ် (၃) ပါး ပေါင်းဆုံမိခြင်းကြောင့် အာရုံကို တွေ့ထိပေးသော ဖဿများ ဖြစ်ကြ၏။ ထို ဖဿကအာရုံ၏ ကောင်းသောသဘော ၊ မကောင်းသော သဘော၊ သာမန်အလယ်အလတ်သဘော ပေါ်လာအောင် တွေ့ထိပေး၏။ ယင်းသို့ တွေ့ထိပေးသဖြင့် ဝေဒနာများက ခံစားကြ၏။

ထို ဝေဒနာများ ခံစားကြရာ၌ ဝေဒနာများနှင့်အတူ တဏှာက သာယာနှစ်သက်၏။ သာယာနှစ်သက်ခြင်းကြောင့် စွဲလမ်း၏။ စွဲလမ်းတော့ ပြုလုပ်ကြ၏။ ပြုလုပ်ကြသဖြင့် ဘဝများ ဖြစ်လာ ကာ ဘဝသံသရာခရီးရှည် ဆက်လက်သွားနေ၏။ ဘဝတဏှာသည် ဝေဒနာရှိမှ ဖြစ်၏။ ခံစားမှု ဝေဒနာသည် အာရုံများကို တွေ့ထိပေးသော ဖဿရှိမှ ဖြစ်၏။ အာရုံကို ခံစားနိုင်မှုမှာ ဖဿက အဓိက ပြုလုပ်ထောက်ပံ့ပေးသဖြင့် ဖဿကိုလည်း "အာဟာရ" ဟူ၍ ခေါ်၏။

အာဟာရလေးပါးတို့တွင်...

"**ရုပ်အာဟာရဩဇာ**" သည် တစ်ဘဝတာ အသက်ရှင်ရေးအတွက် အထောက်အပံ့ဖြစ်စေသော အာဟာရပစ္စည်းဖြစ်၏။

"**နာမ်အာဟာရ - ဖဿ ၊ စေတနာ ၊ ဝိညာဉ်**" တို့သည် တစ်ဘဝပြီး တစ်ဘဝဖြစ်နေသည့် သံသရာခရီးရှည်ကြီး မဆုံးနိုင်အောင် စဉ်ဆက်မပြတ် ရှင်သန်ရေးအတွက် ထောက်ပံ့ပေးသော အာဟာရပစ္စည်း ဖြစ်၏။

## ❀ သတ္တဝါဖြစ်ခြင်း ❀

ဘဝသစ်တစ်ခုမှာ ပဋိသန္ဓေကစ၍ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တို့၏ အကြောင်းထောက်ပံ့မှုဖြင့် ကလလရေကြည်မှ တိုးတက်လာသော ဖြစ်စဉ်များကို မသိခဲ့လျှင် လူများသာမက နတ်များသည်လည်း သံသယ ဖြစ်ကြ၏။

မြတ်ဗုဒ္ဓသည် ရာဇဂြိုဟ်မြို့အနီး ဣန္ဒကူဋတောင်မှာရှိသော ဣန္ဒကနတ်ဘီလူး၏ ဗိမာန်၌ သီတင်းသုံးနေတော်မူစဉ် ဣန္ဒကနတ်ဘီလူးက မြတ်ဗုဒ္ဓကို ...

> "အရှင်ဘုရား... ဘုရားရှင်တို့သည် ရုပ်ကို အသက်ကောင်၊ အတ္တကောင်၊ ဝိညာဉ်ကောင် မဟုတ် ဟူ၍ ဟောတော်မူကြပါတယ်။ အဲဒီလို မဟုတ်လျှင် အဘယ့်ကြောင့် သတ္တဝါသည် ဒီခန္ဓာကိုယ်ကို ရရှိနိုင်ပါသလဲ? သတ္တဝါတို့၏ အရိုးများ ၊ အသားများသည် ဘယ်က ရောက်လာပါသလဲ? ဒီသတ္တဝါသည် အဘယ့်ကြောင့် မိခင်ဝမ်းတွင်း၌ ကိန်းအောင်း ငြိတွယ်နေနိုင်ပါသလဲ?" ဟု မေးရာ...

မြတ်ဗုဒ္ဓက...

"နတ်ဘီလူး ...

(၁) ပဌမံ ကလလံ ဟောတိ = ပထမရက်သတ္တပတ်မှာ ကလလရေကြည် ဖြစ်တယ်။

(၂) ကလလာဟောတိ အမ္ဗုဒံ = ဒုတိယရက်သတ္တပတ်မှာ အမြှုပ်လေး ဖြစ်တယ်။

(၃) အမ္ဗုဒါ ဇာယတေ ပေသိ = တတိယရက်သတ္တပတ်မှာ အသားတစ်လေးဖြစ်တယ်။

(၄) ပေသိ နိဗ္ဗတ္တတေ ဃနော = စတုတ္ထရက်သတ္တပတ်မှာ အသားတုံးလေး ဖြစ်တယ်။

(၅) ဃနာ ပသာခါ ဇာယန္တိ = ပဥ္စမရက်သတ္တပတ်မှာ ခေါင်း ၊ ခြေနှစ်ဘက် ၊ လက်နှစ်ဘက် ဖြစ်မည့်နေရာမှာ ခက်မငါးဖြာ အဖုလေး-ငါးခု ဖြစ်လာတယ်။

(၆) ကေသာ လောမာ နခါပိစ = ယင်းနောက်မှာ ဆံပင် ၊ မွေးညှင်း ၊ ခြေသည်း ၊ လက်သည်း စသော အင်္ဂါအစိတ်အပိုင်းတို့သည်လည်း ဖြစ်ပေါ်လာကြတယ်။

မိခင်ဝမ်း၌ တည်သောသတ္တဝါသည် မိခင်စားအပ်သော အစာဖြင့်ပင် မျှတနေရတယ်" ဟူ၍ ရှင်းပြတော်မူပါ၏။

(သံ ၊ ၁ ၊ ၂၀၈) ဣန္ဒကသုတ် ၊ ၁၀ ၊ ယက္ခသံယုတ်။

သတ္တဝါဟူသည် အသက်ကောင် ၊ အတ္တကောင် ၊ ဝိညာဉ်ကောင် ဟုခေါ်သည့် ပုဂ္ဂိုလ် သတ္တဝါက မိခင်ဝမ်းတွင်းမှာ ဖြစ်သည်နှင့်တစ်ပြိုင်နက် ခြေလက်အင်္ဂါ အပြည့်အစုံဖြစ်ပြီး ကြီးလာခြင်းဖြစ်၏။ အသက်ကောင် ၊ အတ္တကောင် ၊ ဝိညာဉ်ကောင် မရှိဘဲ ဘယ်လိုလုပ်ပြီး ခြေလက်အင်္ဂါများ၊ မျက်စိ-နား စသည်များ ၊ အသိစိတ်များသည် ဖြစ်နိုင်မလဲ?ဟူ၍ အတွေး အယူအဆမှားလျှင် ဖြစ်တတ်သော မေးခွန်း ဖြစ်၏။

## ❁ ဂဗ္ဘသေယျကပုဂ္ဂိုလ် ပဋိသန္ဓေတည်နိုင်ဖို့ အကြောင်း (၃) မျိုး ❁

၁။ မိခင်၏ သားအိမ်၌ လစဉ်စွန့်ပစ်ရမည့် ဥတုသွေးညစ်တို့ ပယ်စွန့်သန့်စင်ပြီးချိန် ဖြစ်ခြင်း။

၂။ မိဘနှစ်ဦးတို့ ဗီဇသွေးနှစ်ခု ပေါင်းဆုံမိခြင်း။

၃။ ဘဝဟောင်းမှ ဘဝသစ်ကို ကူးပြောင်းဖြစ်ပေါ်မည့် ပဋိသန္ဓေဝိညာဏ် ရှေးရှုတည်ခြင်း။

မြတ်ဗုဒ္ဓက ဣန္ဒကနတ်ဘီလူးကြီးကို...

"သင် ထင်မြင်ယူဆထားသလို အတ္တကောင်လေးကြောင့် ရုပ်အင်္ဂါတွေ ပြည့်စုံကြီးထွားလာကြခြင်း မဟုတ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါးတို့က စုပေါင်းထောက်ပံ့ပြီး တည်ဆောက်ပေးကြခြင်း ဖြစ်တယ်" ဟူ၍ မိန့်တော်မူလိုရင်း ဖြစ်၏။

> တေဇောဝါယော အာပေါပထဝီ စဉ်စီကာသ ဓာတ်ထိုမျှတို့ ဆုံးစအသင့်
> ရှေ့နှင့် နောက်ပိုင်း အစဉ်တိုင်းလျှက် ခိုင်းနှိုင်းသမှု ပစ္စည်းပြုသည်
> ဤ လူ့ဘဝ သဏ္ဍာနကား အစရေကြည် အမြှုပ်တည်မှ သွေးရည်သားတစ်
> ခက်မဖြစ်၍ တလစ်ချိန်လျှော် ဖွားမြင်မြော်၏ ထိုရော်ကစ မသေမျှလျှင်
> ကာလအဖို့ ထိုဓာတ်တို့နှင့် မချို့မယွင်း မကွင်းမကွေ လေးထွေဣရိယာ
> ဖြစ်ကြရာ၏။

နရသုခိဆေးကျမ်း၊ အခန်း (၆)၊ အင်းဝခေတ် ဝန်စာရေးကြီး ဦးကောင်း။

အထူးပြဆိုချက်သည်...

- ပထမသတ္တာဟမှာ တေဇောဓာတ် ဦးဆောင်သည့် ရေကြည်လေး ဖြစ်၏။
- ဒုတိယသတ္တာဟမှာ ဝါယောဓာတ် ဦးဆောင်၍ အမြှုပ်လေးဖြစ်၏။
- တတိယသတ္တာဟမှာ အာပေါဓာတ် ဦးဆောင်သဖြင့် သွေးရည်ခဲလေး ဖြစ်၏။
- စတုတ္ထသတ္တာဟမှာ ပထဝီဓာတ် ဦးဆောင်၍ နှဲနှဲမာသော သားတစ်လေး ဖြစ်၏။
- ပဉ္စမသတ္တာဟမှာ အာကာသဓာတ် ဦးဆောင်၍ ခက်မငါးဖြာ ဖြစ်ပေါ်လာ၏။

ခန္ဓာကိုယ်ကြီး ဖြစ်ပေါ်လာအောင် ဓာတ်များသည် အဓိက ဦးဆောင်ပြီး ဆောင်ရွက်ကြခြင်းဖြစ်၏။ အတ္တ၏ အစွမ်းကြောင့် မဟုတ်ဟု ပြလိုရင်း ဖြစ်၏။

**“ စိတ်ထောင်းတော့ ကိုယ်ကြေ ၊ စိတ်ပျို့မှ ကိုယ်နု”**

ကျန်းမာသန်စွမ်း အသက်ရှည်စွာ အနာမဲ့ရေးအတွက် ရုပ်အာဟာရတစ်ခုတည်းဖြင့် မဖြစ်နိုင်ပါ။ နာမ်အာဟာရတရားတို့လည်း ရှိကြမှ ဖြစ်၏။

**“ အသက်ကို ဉာဏ်စောင့် ဥတ္တုကို ကံစောင့်”**

ကံ ၊ စိတ် ၊ ဥတု ၊ အာဟာရ အကြောင်းတရားလေးပါးကို စိစစ်ခွဲခြားကြည့်လျှင် ကံနှင့် စိတ်တို့ သည် နာမ်တရား ၊ ဥတု နှင့် အာဟာရ တို့ကား ရုပ်တရား ဖြစ်၏။

စုတေခြင်းဟူသည် ရုပ်ဇီဝိတ ၊ နာမ်ဇီဝိတ ဟုခေါ်သော အသက် ၊ ဝိပါက် ဝိညာဏ်၊ ကမ္မဇ တေဇော ဟုခေါ်သော ကိုယ်ငွေ့ ဤသုံးမျိုး မရှိခြင်းကို ဆိုလို၏။ ထို့ကြောင့် ကိုယ့်၏အသက်ကို ကိုယ်ပိုင်ဉာဏ် ဖြင့် စောင့်ရှောက်တတ်ဖို့ လိုပါ၏။

သီဟိုဠ်ကျွန်း၌ ဝသဘမင်းသည် ရဟန်းသံဃာတော်များကို အသက်ရှည်စွာ အနာမဲ့ကြောင်း ကောင်းမှုကုသိုလ်တရားများကို မေးလျှောက်ရာ ရဟန်းသံဃာတော်များက...

ရေစစ်, ဆေး, ကျောင်း

အဟောင်းပြုပြင်

သီလစင်

ငါးအင်သက်ရှည်ကြောင်း...

ဟူ၍ ညွှန်ပြတော်မူကြ၏။

(မဟာဝင်ဝတ္ထု)

# ဣန္ဒြိယပစ္စယော

## ဣန္ဒြိယပစ္စယောတိ

စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

### ဣန္ဒြိယပစ္စည်း အဓိပ္ပါယ်

**ဣန္ဒြိယပစ္စယော** = ဣန္ဒြိယ + ပစ္စယော။

**ဣန္ဒြိယ** = အစိုးရခြင်း ၊ ချုပ်ကိုင်ခြင်း ၊ အုပ်ချုပ်ခြင်း။

- " အစိုးရခြင်း" ဟူသည် မိမိဆိုင်ရာကိစ္စ၌ အစိုးရခြင်း ဖြစ်၏။
- မိမိဆိုင်ရာကိစ္စ၌ အစိုးတရ ချုပ်ကိုင်အုပ်စိုးလျှက် ကျေးဇူးပြုသောသဘောသည် " **ဣန္ဒြိယ ပစ္စည်း**" ဖြစ်၏။

## ❀ ဣန္ဒြိယ (၃) မျိုး ❀

" ဣန္ဒြိယပစ္စည်း" သည်... (၁) ဝတ္ထုပုရေဇာတိန္ဒြိယ

(၂) ရူပဇီဝိတိန္ဒြိယ

(၃) သဟဇာတိန္ဒြိယ ဟူ၍ သုံးမျိုးရှိ၏။

(၁) စက္ခုစသော ဣန္ဒြေ (ဝတ္ထုရုပ်) ငါးပါးတို့သည် စက္ခုစသော ဝိညာဏဓာတ်ငါးပါးဖြစ်သည့် ပဉ္စဝိညာဉ်စိတ် (၁၀) ပါးနှင့် အတူဖြစ်ဖက် စေတသိက် (၇) ပါးတို့အား " **ဝတ္ထုပုရေဇာတိန္ဒြိယပစ္စယသတ္တိ**" ဖြင့် ကျေးဇူးပြုကြ၏။

(၂) ရုပ်ဇီဝိတ ဖြစ်သည့် ရုပ်ဇီဝိတိန္ဒြေ သည် ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် တို့အား " **ဇီဝိတိန္ဒြိယပစ္စယသတ္တိ**" ဖြင့် ကျေးဇူးပြု၏။

(၃) စိတ် ၊ ဇီဝိတ ၊ ဝေဒနာ ၊ သဒ္ဓါ ၊ ဝီရိယ ၊ သတိ ၊ ဧကဂ္ဂတာ ၊ ပညာ ဟူသော နာမ်ဣန္ဒြေ (၈) ပါး တို့သည် အတူဖြစ်ဖက်တရားတို့အားငင်း ၊ မိမိတို့ကြောင့်ဖြစ်ကြသော စိတ္တဇရုပ် ၊ ပဋိသန္ဓေ ကမ္မဇရုပ် တို့အားငင်း " **သဟဇာတိန္ဒြိယပစ္စယသတ္တိ**" ဖြင့် ကျေးဇူးပြုကြ၏။

## ❀ " အဓိပတိပစ္စည်း" နှင့် " ဣန္ဒြိယပစ္စည်း" ထူးခြားချက် ❀

" **အဓိပတိပစ္စည်း**" သည်...

- မိမိနှင့်အတူဖြစ်ဖက် တရားတို့အပေါ်၌ ပိုင်နိုင်စွာ (ပြိုင်ဘက်မရှိ) လွှမ်းမိုးအုပ်ချုပ်နိုင်သဖြင့် ပြည့်ရှင်မင်း ၊ စကြဝတေးမင်း နှင့် တူ၏။

" **ဣန္ဒြိယပစ္စည်း**" ကား...

- မိမိဆိုင်ရာ အမှုကိစ္စ၌သာ ပိုင်နိုင်အုပ်စိုးလွှမ်းမိုးနိုင်သဖြင့် မှူးကြီးမတ်ကြီး (ဝန်ကြီး) နှင့် တူ၏။

## ၁။ ဝတ္ထုပုရေဇာတိန္ဒြိယ

"ဝတ္ထုပုရေဇာတ" ဟူသည် ဝတ္ထုရုပ်တို့သည် ကျေးဇူးပြုအပ်သော ပစ္စယုပ္ပန်တရားများ မဖြစ် သေးမီ ရှေးဦးစွာကြိုတင်၍ ဖြစ်နှင့်ခြင်းကို ဆိုလို၏။ ထို့ကြောင့် ရှေးဦးစွာဖြစ်နှင့်၍ မိမိ ဆိုင်ရာ ကိစ္စများ၌ အစိုးရသော စက္ခုန္ဒြေ စသည့် ဣန္ဒြေငါးပါး ရုပ်တရားများကို "ဝတ္ထုပုရေဇာ တိန္ဒြိယပစ္စည်း" များဟု ခေါ်၏။

- "စက္ခုပသာဒဝတ္ထုရုပ်" သည် "မြင်ခြင်းကိစ္စ" ၌ မိမိကိုမှီ၍ဖြစ်သော "စက္ခု" ဝိညာဉ်စိတ် နှစ်ပါး နှင့် အတူဖြစ်ဖက် စေတသိက် (၇) ပါးအား ၎င်း ၊
- "သောတပသာဒဝတ္ထုရုပ်" သည် "ကြားခြင်းကိစ္စ" ၌ မိမိကိုမှီ၍ဖြစ်သော "သောတ" ဝိညာဉ်စိတ်နှစ်ပါးနှင့် အတူဖြစ်ဖက် စေတသိက် (၇) ပါးအား ၎င်း ၊
- "ဃာနပသာဒဝတ္ထုရုပ်" သည် "အနံ့ရခြင်းကိစ္စ" ၌ မိမိကိုမှီ၍ဖြစ်သော "ဃာန" ဝိညာဉ်စိတ် နှစ်ပါးနှင့် အတူဖြစ်ဖက် စေတသိက် (၇) ပါးအား ၎င်း ၊
- "ဇိဝှါပသာဒဝတ္ထုရုပ်" သည် "အရသာခံခြင်းကိစ္စ" ၌ မိမိကိုမှီ၍ဖြစ်သော "ဇိဝှါ" ဝိညာဉ် စိတ်နှစ်ပါးနှင့် အတူဖြစ်ဖက် စေတသိက် (၇) ပါးအား ၎င်း ၊
- "ကာယပသာဒဝတ္ထုရုပ်" သည် "ထိတွေ့ခြင်းကိစ္စ" ၌ မိမိကိုမှီ၍ဖြစ်သော "ကာယ" ဝိညာဉ် စိတ်နှစ်ပါးနှင့် အတူဖြစ်ဖက် စေတသိက် (၇) ပါးအား ၎င်း ...

... အစိုးရခြင်း "ဣန္ဒြိယပစ္စယသတ္တိ" ဖြင့် ကျေးဇူးပြု၏။

ဤတွင် "အစိုးရခြင်း" ဟူရာ၌ စက္ခုပသာဒစသည့် ပသာဒဝတ္ထုရုပ်တို့ အားကောင်း ထက်သန်ပါမှ စက္ခုဝိညာဉ်စသည့် ဝိညာဉ်စိတ်တို့သည် မြင်ခြင်းကိစ္စတို့၌ အားကြီးထက်သန်နိုင် ကြ၏။ အိုမင်းကြီးရင့်၍ ဇရာဖိစီးလာသောအခါ ပသာဒဝတ္ထုရုပ်ငါးပါးတို့ကို မှီ၍ဖြစ်ကြသည့် စက္ခုဝိညာဉ် စသည်တို့သည် မြင်ခြင်းကိစ္စစသည့် ကိစ္စတို့ကို အားနည်းကြ၏။

## ❀ ဟဒယဝတ္ထုရုပ် ❀

**မေး။** ။ဝတ္ထုပုရေဇာတ နှင့် ဝတ္ထုပုရေဇာတနိဿယပစ္စည်းတို့၌ ဟဒယဝတ္ထုရုပ်နှင့်တကွ ဝတ္ထုရုပ်ခြောက်ပါးကို ဟောပါလျှက် ဤဣန္ဒြိယပစ္စည်း၌ အဘယ့်ကြောင့် ဟဒယ ဝတ္ထုရုပ်ကို မဟောပါသနည်း?

ဟဒယဝတ္ထုရုပ်သည် ရှေးဦးစွာဖြစ်နှင့်၍ မနောဓာတ်၊ မနောဝိညာဏဓာတ်ဟူသော စိတ်(၇၉)ပါး တို့၏ မှီရာဖြစ်သော်လည်း ထိုဝိညာဉ်စိတ်တို့၌ အစိုးမရ။ စက္ခုပသာဒ စသည့် ရှေးပသာဒရုပ် ငါးခုတို့သည် မိမိတို့ကို မှီ၍ဖြစ်ကုန်သော စက္ခုဝိညာဉ်စသည့် ဝိညာဉ်စိတ်တို့ကို နှုံ့ခြင်း၊ ထက်ခြင်း စသည်ဖြစ်အောင် အမြဲစွမ်းဆောင်နိုင်သကဲ့သို့ ဤဟဒယဝတ္ထုရုပ်သည် မိမိကိုမှီ၍ ဖြစ်သော ဝိညာဏ် စိတ်များကို နှုံ့ခြင်း၊ ထက်ခြင်း စသည်ဖြစ်အောင် အမြဲမစွမ်းနိုင်။ အစိုးမရနိုင်။

- ❖ အမှီခံရခြင်း ၊
- ❖ ရှေးဦးစွာဖြစ်နှင့်ခြင်း ၊
- ❖ မိမိကိုမှီ၍ဖြစ်သည့် ဝိညာဉ်စိတ်ကို မိမိကိစ္စဖြင့် ထက်ခြင်း ၊ နှုံ့ခြင်းအရာ၌ အစိုးရခြင်း...

...ဟူသော အင်္ဂါသုံးပါးနှင့် ညီညွတ်မှသာ "ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း" ဖြစ်နိုင်သည်။ "ဟဒယ ဝတ္ထု" သည် နောက်ဆုံးအင်္ဂါနှင့် မညီညွတ်၍ "ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း" မဖြစ်နိုင်ခြင်း ဖြစ်၏။

## ၂။ ရူပဇီဝိတိန္ဒြိယ

သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ဇီဝိတသည် ရူပဇီဝိတ = ရုပ်သက် ၊ နာမဇီဝိတ = နာမ်သက် ဟူ၍ နှစ်မျိုးရှိ၏။ ဤရူပဇီဝိတိန္ဒြိယ၌ "ရူပဇီဝိတ = ရုပ်သက်" ကို ယူရမည်။ "နာမဇီဝိတ = နာမ်သက်" သည် "သဟဇာတိန္ဒြိယ" ၌ ပါဝင်၏။

ဇီဝိတရုပ်သည် ကမ္မဇရုပ်တို့၏ အသက်ဖြစ်၏။ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ပဋိသန္ဓေအခါ၌ ဖြစ်စေ ၊ ပဝတ္တိအခါ၌ ဖြစ်စေ ကမ္မဇရုပ်ကလာပ်တွေ ဖြစ်တိုင်း ဇီဝိတရုပ်ပါ၏။

ထိုဇီဝိတရုပ်သည် မိမိနှင့် တစ်ကလာပ်တည်းဖြစ်ကြသော ကမ္မဇရုပ်များကို အရှည်တည်တံ့စေရန် စောင့်ရှောက်၏။ အသက်၏ကိစ္စဖြင့် ကျေးဇူးပြု၏။ စောင့်ရှောက်ခြင်းကိစ္စ၌ အစိုးတရဖြစ်၏။

ထို့ကြောင့် ပဋိသန္ဓေ ၊ ပဝတ္တိအခါတို့၌ ဖြစ်သော ရုပ်ဇီဝိတသည် "ဣန္ဒြိယပစ္စည်း" ဖြစ်၏။ ထို ရုပ်ဇီဝိတသည် ကလာပ်တူ ကမ္မဇရုပ်ကို စောင့်ရှောက်မှု၊ အစိုးရမှုသာရှိ၍ "ဥပတ္ထမ္ဘက = ထောက်ပံ့ခြင်း" ကိစ္စတစ်ခုသာရှိ၏။ ကမ္မဇရုပ်ကို ဖြစ်စေခြင်း → "ဇနကသတ္တိ" မရှိ။

စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ ဃာနဒသကကလာပ်၊ ဇိဝှါဒသကကလာပ်၊ ကာယဒသကကလာပ်များ၌ "ဇီဝိတရုပ်" သည် ပါဝင်၏။ ထိုဒသကကလာပ်တို့၌ရှိသော ဇီဝိတရုပ်သည် မိမိနှင့် တစ်ကလာပ်တည်းဖြစ်သော မိမိမှကြွင်းကျန်သော ကမ္မဇရုပ်ကိုးခုတို့အား အရှည်တည့်တံ့စေရန် စောင့်ရှောက်ခြင်း "ဣန္ဒြိယသတ္တိ" ဖြင့် ကျေးဇူးပြု၏။

### ❀ ရုပ်ဇီဝိတကို သီးခြားထုတ်ဟောရခြင်း ❀

"ရုပ်ဇီဝိတ" သည် အတူဖြစ်ဖက် ကလာပ်တူ ကမ္မဇရုပ်တို့အား ကျေးဇူးပြုသော်လည်း နာမ်ဣန္ဒြေများကဲ့သို့ ဥပါဒ်အခိုက်၌ အထင်အရှား ကျေးဇူးမပြုနိုင်။ "ဩဇာရုပ်" ကဲ့သို့ ဌီအခိုက်ရောက်မှ စောင့်ရှောက်ထောက်ပံ့သောအားဖြင့် ကျေးဇူးပြု၏။ ထို့ကြောင့် "ရုပ်ဇီဝိတ" ကို သဟဇာတ၊ ပုရေဇာတ ဟူသော ဣန္ဒြိယပစ္စည်းနှစ်မျိုး၌ မထည့်သွင်းဘဲ သီးခြားထုတ်ဟော ရသည်။

# ၃။ သဟဇာတိန္ဒြိယ

ဇီဝိတ ၊ ဝေဒနာ ၊ သဒ္ဓါ ၊ ဝီရိယ ၊ သတိ ၊ ဧကဂ္ဂတာ ၊ ပညာ စေတသိက် (၇)ပါး ၊ "စိတ်" ဟူသော နာမ်ဣန္ဒြေတရားရှစ်ပါးတို့သည် အတူဖြစ်ဖက် စိတ် ၊ စေတသိက် ၊ စိတ္တဇရုပ် ၊ ကမ္မဇရုပ် တို့အား စောင့်ရှောက်ခြင်း ၊ အစိုးရခြင်းအားဖြင့် ကျေးဇူးပြုသောကြောင့် "သဟဇာတိန္ဒြိယ ပစ္စည်း" များ ဖြစ်ကြ၏။

၁။ "ဇီဝိတ" သည် "ဇီဝိတိန္ဒြေ" စေတသိက်ဖြစ်၍ အတူဖြစ်ဖက်တရားတို့ကို စောင့်ထိန်းခြင်း သဘောဖြစ်၏။ ယင်းသည် နာမ်တရားတို့၏ အသက်ဖြစ်၏။ စိတ် (၈၉)ပါးလုံး၌ အတူဖြစ်၏။

၂။ "ဝေဒနာ" သည် အာရုံ၏ အရသာကို ခံစားခြင်းသဘောဖြစ်၏။ စိတ်အားလုံး၌ အတူဖြစ်၏။

၃။ "သဒ္ဓါ" သည် ရတနာသုံးပါး ၊ ကံ, ကံ၏အကျိုး စသည်ကို ယုံကြည်ပြီး အတူဖြစ်ဖက် တရားတို့ကို ကြည်လင်စေတတ်၏။ သောဘနစိတ် (၅၉)ပါးတို့၌သာ အတူဖြစ်၏။

၄။ "ဝီရိယ" သည် အားထုတ်ခြင်း ၊ အားတက်သရောရှိခြင်းသဘော ဖြစ်၏။ စိတ် (၇၃)ပါးတို့၌ အတူဖြစ်၏။

၅။ "သတိ" သည် ရတနာသုံးပါး ၊ ကုသိုလ်တရားတို့ကို အောက်မေ့အမှတ်ရမှုသဘော ဖြစ်၏။ သောဘနစိတ် (၅၉)ပါးတို့၌သာ အတူဖြစ်၏။

၆။ "ဧကဂ္ဂတာ" သည် အာရုံတစ်ခုတည်း တည်နေခြင်း သဘောဖြစ်၏။ စိတ် (၈၉)ပါးလုံး၌ အတူ ဖြစ်၏။

၇။ "ပညာ" သည် အနိစ္စ စသည်ဖြင့် သိခြင်းသဘောဖြစ်၏။ "ပညိန္ဒြေ" ဟုလည်းခေါ်၏။ သောဘန စိတ် (၅၉)ပါးတို့တွင် ဉာဏ်ပါသောစိတ် (၄၇)ပါးတို့၌သာ အတူဖြစ်၏။

၈။ "စိတ်"သည် အာရုံကို သိခြင်းသဘောဖြစ်၏။ စိတ် (၈၉)ပါးရှိ၏။ ထိုစိတ် ဖြစ်တိုင်း၊ ချုပ်တိုင်း စေတသိက် (၅၂)ပါးတို့သည်လည်း လိုက်၍ ဖြစ်ကြ ၊ ချုပ်ကြ၏။

နာမ်က္ခန္ဓေရှစ်ပါးတို့သည် မိမိနှင့်အတူ ဖြစ်ဖက်တရားတို့၌ မိမိ၏သဘောသတ္တိအားဖြင့် အစိုးရမှု ရှိ၏။ နာမ်က္ခန္ဓေတရားရှစ်ပါးတို့တွင် စေတသိက် (၇)ပါး ပါဝင်၏။ ထိုတွင် ဇီဝိတ ၊ ဝေဒနာ ၊ ဧကဂ္ဂတာတို့သည် စိတ် (၈၉)ပါးလုံး၌ အတူဖြစ်၍ ကျန်စေတသိက်လေးပါးတို့သည် စိတ်အများစု၌သာ အတူဖြစ်ကြ၏။ ထိုသို့ စိတ်အများစု၌ ထိုစေတသိက် (၇)ပါးတို့သည် အတူ ဖြစ်ကြရာတွင် တစ်ပါးသည် ပစ္စည်းတရားဖြစ်ပါက စိတ်နှင့်တကွ ကျန်စေတသိက်(၆)ပါးတို့ သည် ပစ္စယုပ္ပန် ဖြစ်ကြ၏။

စိတ်တစ်ခုဖြစ်ပေါ်တိုင်း စေတသိက်များစွာတို့ အတူဖြစ်ကြရာ၌ က္ခန္ဒြိယပစ္စည်းထိုက်သည့် စေတသိက် (၇)ပါးတို့သည် ထိုက်သည့်အားလျော်စွာဖြစ်သောကြောင့် စိတ်သည် ပစ္စည်းတရား ဖြစ်လျှင် အတူဖြစ်ဖက် နာမ်က္ခန္ဓေစေတသိက်တရားတို့သည် ပစ္စယုပ္ပန်ဖြစ်ကြရ၏။ ထိုသို့ စိတ်၊ စေတသိက်များ ဖြစ်ကြရာ၌ စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်တို့သည်လည်း ပါဝင်ကြရ၏။ စိတ္တဇရုပ် တို့သည် ပစ္စည်း တရားမဟုတ် ၊ ပစ္စယုပ္ပန်သာ ဖြစ်၏။

ပဝတ္တိအခါ၌ လောဘမူစိတ် တစ်ခုခု ၊ အတူဖြစ်ဖက် စေတသိက်များ ၊ စိတ္တဇရုပ်များ ဖြစ်ကြရာတွင် ဇီဝိတိန္ဒြေသည် ပစ္စည်းဖြစ်လျှင် ကျန် စိတ် ၊ စေတသိက် ၊ စိတ္တဇရုပ် တို့သည် ပစ္စယုပ္ပန် ဖြစ်ကြ၏။

လောဘမူစိတ်နှင့်အတူဖြစ်သည့် ဝေဒနာ ၊ ဝီရိယ ၊ ဧကဂ္ဂတာဟူသော က္ခန္ဓေထိုက်သော စေတသိက်တစ်ခုခုက ပစ္စည်တရားဖြစ်လျှင် ကျန် စိတ် ၊ စေတသိက် ၊ စိတ္တဇရုပ် တို့သည် ပစ္စယုပ္ပန် ဖြစ်ကြ၏။

လောဘမူစိတ်သည် ပစ္စည်းတရားဖြစ်လျှင် ယင်းနှင့်အတူဖြစ်သည် က္ခန္ဓေထိုက်သော စေတသိက်များ ၊ စိတ္တဇရုပ်များသည် ပစ္စယုပ္ပန်တရား ဖြစ်ကြ၏။

ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်သာဖြစ်ပြီး ၊ စိတ္တဇရုပ် မဖြစ်သောကြောင့် ပစ္စယုပ္ပန်တရား၌ ကမ္မဇရုပ်ကို အမြဲထားရ၏။

ဖော်ပြပါ ကျေးဇူးပြုခြင်းတို့သည် ပဉ္စဝေါကာရ (၂၆)ဘုံနှင့်သာ ဆိုင်၏။ အရူပလေးဘုံ၌ နာမ်ဣန္ဒြေတရားတို့သည် အချင်းချင်းအားသာ ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ စိတ္တဇရုပ် ၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား ကျေးဇူးမပြုနိုင်။ အသညသတ်ဘုံ၌ နာမ်ဣန္ဒြေများ လုံးဝမဖြစ်သောကြောင့် ဣန္ဒြိယပစ္စည်း မဖြစ်နိုင်။

## ❁ ဣန္ဒြေများ ❁

ဣန္ဒြေသည် ငါးမျိုး ၊ ခြောက်မျိုး ၊ နှစ်ဆယ့်နှစ်မျိုးဟူ၍ ရှိ၏။

သူ့နေရာဌာနအလိုက် နားလည်သဘောပေါက်ဖို့ လိုပါ၏။ " ဣန္ဒြေရတယ် ၊ ဣန္ဒြေမရှိဘူး ၊ ဣန္ဒြေကို စောင့်ထိန်းပါ"ဟူသောစကားသည် " **စက္ခု ၊ သောတ ၊ ဃာန ၊ ဇိဝှါ ၊ ကာယ ၊ မန**" ဆိုသည့် "**ဣန္ဒြေခြောက်ပါး**" ကို ရည်ညွှန်း၏။ သီလပိုင်း၌ ဣန္ဒြိယသံဝရသီလသည် ရှိ၏။ ဣန္ဒြေကို စောင့်ထိန်းမှုဟူသည် အာရုံများ ကြုံလာသောအခါ မကြည့်ရ ၊ နားမထောင်ရဟူ၍ ဆိုလိုသည်မဟုတ်။ မျက်စိရှိလျှင် မြင်ရမှာ ၊ နားကလည်း ကြားစရာကို ကြားရမှာပါ။ အာရုံများ တွေ့ကြုံလာသောအခါ လောဘ ၊ ဒေါသ ၊ မောဟ စသော ကိလေသာတွေ မဖြစ်ရအောင် စောင့်ထိန်းမှုကို ဆိုလိုပါ၏။ ဤ " ဣန္ဒြေခြောက်ပါး" သည် " ဣန္ဒြိယပစ္စယော" ၌ အကျုံးဝင်၏။

ဗောဓိပက္ခိယတရား (၃၇)ပါး၌ ပါဝင်သော " **သဒ္ဓါ ၊ ဝီရိယ ၊ သတိ ၊ သမာဓိ ၊ ပညာ**" ဟူသော " **ဣန္ဒြေငါးပါး**" သည် အသိဉာဏ်ရဖို့အတွက် အလွန်အရေးကြီး၏။ သဒ္ဓါ နှင့် ပညာ ၊ ဝီရိယ နှင့် သမာဓိ ညီမျှအောင် ထိန်းပေးရ၏။ သတိဖြင့် ထိန်းပေးဖို့ လို၏။

သဒ္ဓါကို ပညာဖြင့် ထိန်းပေးရ၏။ မထိန်းနိုင်လျှင် မကြည်ညိုသင့်သောအရာများကို ကြည်ညို၊ စိတ်မဝင်စားသင့်သောအရာများကို စိတ်ဝင်စားသဖြင့် လွဲမှားတတ်၏။ ပညာမပါသည့်အတွက် ကြောင့် မျက်ကန်းယုံကြည်မှုမျိုး ဖြစ်တတ်၏။

ပညာကို သဒ္ဓါဖြင့် ထိန်းပေးရ၏။ မထိန်းနိုင်လျှင် ဝေဖန်မှု ၊ စီစစ်မှုတွေများပြီး ကောက်ကျစ်စဉ်းလဲတတ်၏။ အသိဉာဏ်ရှိပြီး ကောက်ကျစ်တတ်လျှင် အထိန်းရခက်၏။ ဆေးလွန်မှုကြောင့်ဖြစ်သည့်ရောဂါသည် အကုရခက်သကဲ့သို့ သဒ္ဓါမရှိဘဲ ပညာလွန်ကဲနေလျှင် အပြောရခက်၏။ သူသိ သူတတ် ဖြစ်နေသဖြင့် ပြောဆိုဖို့ ခက်ခဲ၏။ ထို့ကြောင့် သဒ္ဓါ နှင့် ပညာကို ညီမျှအောင် ထိန်းပေးရ၏။

ဝီရိယကို သမာဓိဖြင့် ထိန်းပေးရမည်။ မထိန်းနိုင်လျှင် အတိတ်အာရုံ ၊ အနာဂတ်အာရုံများ အပေါ်၌ အတွေးဝင်ပြီး ပျံ့လွင့်နေတတ်၏။ "ချုပ်မရှုရ ၊ လုပ်မရှုရ" ထိုအတွေးအာရုံများကို အတင်းထိန်းချုပ်ပြီး ရှုနေသည့် အဓိကကမ္မဋ္ဌာန်းကို လုပ်မရှုရဟူ၍ ဆိုလို၏။

သမာဓိကို ဝီရိယဖြင့် ထိန်းပေးရမည်။ မထိန်းနိုင်လျှင် အာရုံတစ်ခုတည်း စူးစိုက်ရှုနေရသဖြင့် ပျင်းရိငြီးငွေ့ကာ အိပ်ချင်ငိုက်မြည်းနေတတ်၏။ ထို့ကြောင့် ဝီရိယ နှင့် သမာဓိ ကို ညီမျှအောင် ထိန်းဖို့လို၏။ ဣန္ဒြေငါးပါးညီမျှဖို့ သတိဖြင့် ထိန်းပေးရမည်။ ဣန္ဒြေငါးပါး ညီမျှမှသာ သဘာဝတရားများကို အမှန်အတိုင်းသိမြင်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါ၏။ ဤဣန္ဒြေငါးပါးကိုလည်း "ဣန္ဒြိယပစ္စည်း" ၌ ဟောထား၏။

## ◆ ဣန္ဒြေ (၂၂) ပါး ◆

စက္ခုန္ဒြေမှ ကာယိန္ဒြေအထိ ဣန္ဒြေငါးပါးတို့သည် "ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း" တရား၌ ပါဝင် ၏။ ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတ ၊ နာမ်ဇီဝိတ ဟူ၍ နှစ်မျိုးရှိရာတွင် ရုပ်ဇီဝိတသည် "ရူပဇီဝိတိန္ဒြိယ ပစ္စည်း" တရား၌ ပါဝင်၏။ နာမ်ဇီဝိတသည် "သဟဇာတိန္ဒြိယပစ္စည်း" တရား၌ ဇီဝိတစေတသိက်ဖြင့် ပါဝင်၏။ မနိန္ဒြေသည် "သဟဇာတိန္ဒြိယပစ္စည်း" တရား၌ ပါဝင်၏။

သုခိန္ဒြေအစ ဥပေက္ခိန္ဒြေအထိ ဣန္ဒြေငါးပါးတို့သည် ခံစားမှုဝေဒနာချည်းသာဖြစ်၍ "သဟဇာ တိန္ဒြိယပစ္စည်း" တရား၌ ဝေဒနာစေတသိက်ဖြင့် ပါဝင်၏။

သဒ္ဓိန္ဒြေ ၊ ဝီရိယိန္ဒြေ ၊ သတိန္ဒြေ ၊ သမာဓိန္ဒြေ တို့သည် သဒ္ဓါ ၊ ဝီရိယ ၊ သတိ ၊ ဧကဂ္ဂတာ စေတသိက်များဖြစ်၍ "သဟဇာတိန္ဒြိယပစ္စည်း" တရား၌ ပါဝင်၏။

ပညိန္ဒြေ ၊ အနညာတညာဿာမီတိန္ဒြေ ၊ အညိန္ဒြေ ၊ အညာတာဝိန္ဒြေ တို့သည် ပညာစေတသိက် ချည်းသာဖြစ်၍ "သဟဇာတိန္ဒြိယပစ္စည်း" တရား၌ ပါဝင်၏။

## ❀ ဘာဝရုပ် ဣန္ဒြေနှစ်ပါးသည် ဣန္ဒြိယပစ္စည်း မထိုက်ခြင်း ❀

ဣတ္ထိန္ဒြေ ၊ ပုရိသိန္ဒြေ နှစ်ပါးတို့သည် ဣန္ဒြေ (၂၂) ပါးတို့၌ ပါဝင်လျက် အဘယ့်ကြောင့် "ဣန္ဒြိယပစ္စည်း" တရားများ၌ မပါဝင်ပါသနည်း။ "ဣန္ဒြိယပစ္စည်း" မထိုက်သနည်း?

တရားတစ်ခု၏ ပစ္စည်းတရားဖြစ်နိုင်ဖို့မှာ အကြောင်းသုံးမျိုးရှိ၏။

ထိုသုံးမျိုးတို့မှာ...

(၁) ဇကနသတ္တိ = ဖြစ်စေခြင်းသတ္တိ။

(၂) ဥပတ္ထမ္ဘကသတ္တိ = ထောက်ပံ့ခြင်းသတ္တိ။

(၃) အနုပါလနသတ္တိ = စောင့်ရှောက်ခြင်းသတ္တိ တို့ဖြစ်ကြ၏။

တရားတစ်ခုသည် ဤကိစ္စ (အကြောင်းတရား) သုံးမျိုးတို့တွင် တစ်ပါးပါးကိုရမှ ပစ္စည်းတရား ဖြစ်နိုင်၏။ ဘာဝရုပ်နှစ်ခုသည် ဤကိစ္စသုံးမျိုးတွင် တစ်မျိုးမျှပင် မရှိ။

ဣန္ဒြိယပစ္စည်း၌ အစိုးရခြင်းဟူသည် မိမိ၏ ပရမတ်သဘောတရား၌ အစိုးရခြင်းကို ဆိုလို၏။ ပညတ်တရားအပေါ်၌ အစိုးရခြင်းကို မဆိုလို။

ဘာဝရုပ်နှစ်ပါးတို့သည် အမ ၊ အထီး နှင့် ပတ်သက်သော အရိပ်အသွင် (လိင်) ၊ နိမိတ်သဏ္ဌာန် (နိမိတ္တ) ၊ ပုံဟန် (ကုတ္တ) ၊ အမူအရာ (အာကပ္ပ)ဟူသော အပေါ်ယံ ပညတ်သဘောတို့၌သာ အစိုးရကြသဖြင့် သာမန်ဣန္ဒြေတို့ကား ဖြစ်ကြ၏။

သို့ရာတွင်...

(၁) ထိုဘာဝရုပ်တို့သည် မည်သည့်ပရမတ်တရားအပေါ်၌ အစိုးရခြင်းမရှိ။

(၂) မည်သည့်ပရမတ်တရားတစ်ခုကိုမျှ ဇနကသတ္တိ ၊ ဥပတ္ထမ္ဘကသတ္တိ ၊ အနုပါလနသတ္တိ ဖြင့် ကျေးဇူးပြုနိုင်ခြင်း မရှိ။

(၃) ဣန္ဒြိယပစ္စည်းသည် အတ္ထိပစ္စည်း၏ သဘောသတ္တိရှိ၍ အတ္ထိပစ္စည်း၌ အကျုံးဝင်၏။

"အတ္ထိပစ္စည်း" ၏သဘောသည် ပစ္စည်း ၊ ပစ္စယုပ္ပန်တရားနှစ်မျိုးလုံး ဥပါဒ်အခိုက်မှာ ဖြစ်စေ ၊ ဌီအခိုက်မှာဖြစ်စေ ထင်ရှားရှိစေရမည်။ ဘာဝရုပ်နှစ်ပါးတို့သည် ပဋိသန္ဓေစိတ်ဖြစ်သည့် ခဏာ၌ပင် ကလလရေကြည်အဆင့်တည်းက ဖြစ်ပေါ်လာကြ၏။ ထိုပဋိသန္ဓေခဏာ၌ လိင်္ဂစသည် (ပညတ်တရား)တို့ မရှိကြသေး။

ဘာဝရုပ်ဖြစ်သည့်အခါ လိင်္ဂစသည်တို့က ထင်ရှားမရှိသေးသည့်အတွက် " အတ္ထိသဘော" မသက်ဝင်သောကြောင့် လိင်္ဂစသည်တို့အား " ဣန္ဒြိယသတ္တိ" ဖြင့် ကျေးဇူးမပြုနိုင်။ ဤအကြောင်း အခြင်းအရာတို့ကြောင့် ဘာဝရုပ်နှစ်ပါးတို့သည် ဣန္ဒြိယပစ္စည်းများ မဖြစ်နိုင်ခြင်း ဖြစ်၏။

ဘာဝရုပ်နှစ်ပါးတို့သည် တိတိကျကျအနုစိတ်၍ ဖော်ပြအပ်သော အဘိဓမ္မာပဋ္ဌာန်း နည်းအရ ဣန္ဒြိယပစ္စည်း မထိုက်သော်လည်း အကြမ်းနည်း (အပေါ်ယံနည်း)အားဖြင့် ဖော်ပြအပ် သော သုတ္တန်နည်းအရ အသွင်အပြင် လိင်္ဂစသည် ပညတ်တရားများ၌ အစိုးရခြင်းကိစ္စရှိသေးသောကြောင့် ဣန္ဒြေအမည်ရ ၍ ဣန္ဒြေ (၂၂) ပါး၌ ပါဝင်ကြ၏။

## ❀ " သဟဇာတိန္ဒြေ" နှင့် " အဓိပတိ" ထူးခြားမှု ❀

အဓိပတိတရားလေးပါးတို့တွင် စိတ်တစ်ခု၌ "ဆန္ဒအဓိပတိ" တပ်ခိုက် ကျန်သုံးပါးသည် အဓိပတိ မတပ်၊ နောက်လိုက်သာ ဖြစ်ရ၏။

သဟဇာတိန္ဒြိယတရား (၈) ပါး တို့သည်ကား စိတ်တစ်ခု၌ (၈) ပါးလုံးပါလျှင် တစ်ပြိုင်နက် တည်း ကျေးဇူးပြုနိုင်၏။

## ❀ ရုပ်ဇီဝိတိန္ဒြေ ကျေးဇူးပြုပုံ ❀

| အကြောင်း (ပစ္စည်း) | | အကျိုး (ပစ္စယုပ္ပန်) | |
|---|---|---|---|
| ရူပဇီဝိတိန္ဒြိယရုပ် | အဇ္ဈတ္တ | အဇ္ဈတ္တ | ရုပ်ဇီဝိတိန္ဒြေ ကြဉ် ကလာပ်တူ ကမ္မဇရုပ် (၉) ခု |

## ❀ ဇီဝိတရုပ်သည် ရုပ်တို့ကို အစိုးရခြင်း ❀

ရုပ်တရားတို့သည် ကံ ၊ စိတ် ၊ ဥတု ၊ အာဟာရ ဟူသော အကြောင်းတရားလေးပါး တို့ကြောင့် ဖြစ်လာကြ၏။ ထိုတွင် စိတ္တဇ ၊ ဥတုဇ ၊ အာဟာရဇရုပ်တို့သည် မိမိတို့၏ မူလ အကြောင်း စိတ် ၊ ဥတု ၊ အာဟာရတို့ ထင်ရှားရှိခိုက်သာ တည်နိုင်၍ ထိုအကြောင်းများ ချုပ်ငြိမ်း လျှင် ဆက်လက်၍ မဖြစ်တည်ကြ။

ကမ္မဇရုပ်သည်ကား အတိတ်ကပြုခဲ့သော ကံအဟောင်းကြောင့် ဤဘဝ၌ ပဋိသန္ဓေ တည်ချိန်မှစ၍ ကမ္မဇရုပ်များ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ ထိုကမ္မဇရုပ်များမှာ မူလအကြောင်း ဖြစ်သော အတိတ်ကံ နှင့် ကင်းသော်လည်း ထိုကံအရှိန်ကြောင့် နှစ်ပေါင်းရာထောင်ကြအောင် ဆက်လက်ဖြစ်ပေါ်၍ သက်တမ်းအတိုင်း တည်နိုင်ကြ၏။

ထိုသို့ တည်နိုင်ခြင်းသည် ကမ္မဇကလာပ်တိုင်းတွင် ပါဝင်သော ဇီဝိတရုပ်က "အနုပါလန သတ္တိ" ဖြင့် စောင့်ရှောက်ထားခြင်းကြောင့် ဖြစ်၏။

ထိုဇီဝိတရုပ်သည် မိမိနှင့်အတူဖြစ်ဖက် ကမ္မဇရုပ်များကို ကြာရှည်စွာတည်နိုင်အောင် အစိုးရသည်ဖြစ်၍ "ဣန္ဒြိယသတ္တိ" ဖြင့် ကျေးဇူးပြုထား၏။ ထိုဇီဝိတရုပ်ကိုပင် "ရုပ်ဇီဝိတ ပစ္စည်း" ဟု ခေါ်၏။ ဇီဝိတရုပ်သည် မိမိကိုယ်တိုင်လည်း ကမ္မဇရုပ်ပင် ဖြစ်၏။

## ❀ သဟဇာတိန္ဒြိယ ကျေးဇူးပြုပုံ ❀

| အကြောင်း (ပစ္စည်း) | အကျိုး (ပစ္စယုပ္ပန်) |
|---|---|
| ဇီဝိတ ၊ စိတ် ၊ ဝေဒနာ ၊ သဒ္ဓါ<br>ဝီရိယ ၊ သတိ ၊ ဧကဂ္ဂတာ ၊ ပညာ (၈) ပါး | စိတ် (၈၉) ၊ စေ (၅၂) ၊ စိတ္တဇရုပ် ၊ ကမ္မဇရုပ် |

ဇီဝိတ ၊ စိတ် ၊ ဝေဒနာ ၊ သဒ္ဓါ ၊ ဝီရိယ ၊ သတိ ၊ ဧကဂ္ဂတာ ၊ ပညာ → နာမ်ဣန္ဒြေတရား (၈) ပါး တို့သည် အတူဖြစ်ဖက် စိတ် ၊ စေတသိက် နာမ်တရားတို့ကို အစိုးရသကဲ့သို့ စိတ်ကြောင့် ဖြစ်ပေါ်လာ သော စိတ္တဇရုပ်တို့ကိုလည်း အစိုးရ၏။

ပဋိသန္ဓေအခိုက်၌ စိတ္တဇရုပ် မဖြစ်သေးချိန်တွင် ပဋိသန္ဓေစိတ်နှင့်အတူဖြစ်သော ကမ္မဇရုပ် ကိုလည်း အစိုးရလျှက် ကျေးဇူးပြု၏။

| အကြောင်း (ပစ္စည်း) | သချီ (၇) | | အကျိုး (ပစ္စယုပ္ပန်) |
|---|---|---|---|
| ဇီဝိတ ၊ စိတ် ၊ ဝေဒနာ ၊ သဒ္ဓါ ၊ ဝီရိယ ၊<br>သတိ ၊ ဧကဂ္ဂတာ ၊ ပညာ (၈) ပါး | ကု<br>ကု | ကု<br>အဗျာ | ကု (၂၁) ၊ စေ (၃၈)<br>ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| ဇီဝိတ ၊ စိတ် ၊ ဝေဒနာ ၊<br>ဝီရိယ ၊ ဧကဂ္ဂတာ (၅) ပါး | အကု<br>အကု | အကု<br>အဗျာ | အကု (၁၂) ၊ စေ (၂၇)<br>အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| ဇီဝိတ ၊ စိတ် ၊ ဝေဒနာ ၊ သဒ္ဓါ ၊<br>ဝီရိယ ၊ သတိ ၊ ဧကဂ္ဂတာ ၊ ပညာ (၈) ပါး | အဗျာ | အဗျာ | ဝိ (၃၆) ၊ ကြိ (၂၀) ၊ စေ (၃၈)<br>စိတ္တဇရုပ် ၊ ကမ္မဇရုပ် |

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော – ကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (၁)

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော - ကုသလာ ဣန္ဒြိယာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (၂)

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော – ကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဥ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (၃)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော – အကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော - အကုသလာ ဣန္ဒြိယာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (၂)

အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော – အကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (၃)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော – ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ စက္ခုန္ဒြိယံ စက္ခုဝိညာဏဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ သောတိန္ဒြိယံ သောတဝိညာဏဿ ...ပေ... ဃာနိန္ဒြိယံ ဃာနဝိညာဏဿ...ပေ... ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏဿ...ပေ... ကာယိန္ဒြိယံ ကာယ ဝိညာဏဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (၁)

(ပဋ္ဌာဝါရ၊ ၁၅၆-၇)

## "အချိန်ကာလ ၊ ဌာန ၊ ပုဂ္ဂိုလ်" နှင့် "ဣန္ဒြိယသတ္တိ"

"ဣန္ဒြိယသတ္တိ" တို့သည်...

- ကာလအားဖြင့် ပစ္စုပ္ပန်ကာလ၌ ကျေးဇူးပြု၏။
- ဘုံအားဖြင့် -

  "သဟဇာတိန္ဒြိယ" သည် အသညသတ်ဘုံမှတပါး ဘုံ (၃၀) ၊

  "ပုရေဇာတိန္ဒြိယ" သည် ပဉ္စဝေါကာရ (၂၆) ဘုံ ၊

  "ရူပဇီဝိတိန္ဒြေ" သည် အရူပ (၄) ဘုံမှတပါး (၂၇) ဘုံတို့၌
- ပုဂ္ဂိုလ် (၁၂) ယောက်တို့အား ကျေးဇူးပြု၏။

**စက္ခုနာ ရူပံ ပဿတိ။**

**မျက်စိအကြည်ဖြင့် ရုပ်အဆင်းအာရုံကို မြင်သိ၏။**

ရူပါရုံအဆင်းကို မြင်သိမှုသဘောသည် စက္ခုဝိညာဏ်စိတ်၏ ဒဿနကိစ္စ = မြင်သိခြင်းကိစ္စကို ဆောင်ရွက်မှုသာ ဖြစ်၏။ ငါ ၊ သူတစ်ပါး ၊ ယောကျာ်း ၊ မိန်းမ ၊ အတ္တကောင် ၊ ဝိညာဉ်ကောင်တို့က မြင်သိခြင်းမဟုတ်ဘဲ ထိုမြင်သိစိတ် (စက္ခုဝိညာဏ်စိတ်)သည် စက္ခုပသာဒဝတ္ထုရုပ်အပေါ်၌ "ပုရေဇာတသတ္တိ" ဖြင့် မှီ၍သာ ဖြစ်၏။

**စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။**

**မျက်စိအကြည်ကိုငင်း ၊ အဆင်းအာရုံကိုငင်း စွဲ၍ မြင်သိစိတ်သည် ဖြစ်ပေါ်၏။**

မြင်သိစိတ် အကျိုးတစ်ခု ဖြစ်ဖို့ရာ မျက်စိအကြည်နှင့် အဆင်းအာရုံအကြောင်းတို့က အာရမ္မဏ၊ ပုရေဇာတ ၊ နိဿယ ၊ အတ္ထိ ၊ ဣန္ဒြိယ သတ္တိတို့ဖြင့် ကျေးဇူးပြုပေးရ၏။

**စက္ခု ရူပေန သံဝါသာ ၊ ရာဂပုတ္တံ ဝိဇာယတိ။**

**မျက်စိအကြည်နှင့် အဆင်းအာရုံတို့ ပေါင်းဆုံတိုက်ဆိုင်မိခြင်းကြောင့်**

**" ရာဂ" ဟူသော သားသမီးကို မွေးဖွားလာ၏။**

နှစ်သက်စရာ ဣဋ္ဌာရုံကို တွေ့ကြုံရာ၌ သတိဉာဏ်လွတ်နေလျှင် ရာဂ ၊ မနှစ်သက်စရာ အနိဋ္ဌာရုံကို တွေ့ကြုံရာ၌ သတိဉာဏ်လွတ်နေလျှင် ဒေါသ စသော ကိလေသာများ ဝင်လာ၍ အကုသိုလ်ဖြစ်၏။

ဣဋ္ဌာရုံ ၊ အနိဋ္ဌာရုံများကို တွေ့ကြုံရာ၌ သတိဉာဏ်ဖြင့် နေတတ်လျှင် မြင်လျှင် မြင်ကာမျှ ၊ ကြားလျှင် ကြားကာမျှသာ ဖြစ်၍ ပျက်သွားသဖြင့် ကိလေသာများ မဝင်နိုင်၍ ကုသိုလ်ဖြစ်၏။

## ❁ တိပိဋကဓရဆရာတော် အရှင်ပေါဋ္ဌိလ၏ ကမ္မဋ္ဌာန်းရှုနည်း ❁

တိပိဋကဓရဆရာတော် အရှင်ပေါဋ္ဌိလမထေရ်သည် ခုနစ်နှစ်အရွယ်ရှိ သာမဏေငယ်လေးထံ၌ ကမ္မဋ္ဌာန်းနည်းကို တောင်းခံခဲ့ရာ သာမဏေငယ်က "အရှင်ဘုရား အပေါက်ခြောက်ပေါက်ရှိသော တောင်ပို့တစ်ခု၌ ဖွတ်ကြီးတစ်ကောင် ဝင်သွား၏။ ထိုဖွတ်ကြီးကို ဖမ်းလိုလျှင် ဝင်ပေါက်မှတစ်ခြားသော အပေါက် (၅)ခုကို ပိတ်၍ ဝင်ပေါက်တစ်ပေါက်တည်းဖြင့်သာ စောင့်ဖမ်းသည်ရှိသော် ထိုဖွတ်ကြီးကို မိနိုင်၏" ဟု ဖွတ်ဖမ်းနည်းဥပမာဖြင့် ကမ္မဋ္ဌာန်းရှုနည်းကို ပေးတော်မူ၏။

ဓမ္မပဒ ၊ ဋ္ဌ ၊ ဒု ၊ ၂၆၂ (၂၀) မဂ္ဂဝဂ်

ဤနည်းအတိုင်း သမထ ဝိပဿနာကမ္မဋ္ဌာန်းကို ရှုလိုသော ယောဂီပုဂ္ဂိုလ်သည် မိမိ၏စက္ခုဒွါရ စသော ဒွါရ (၅)ခုကို ပိတ်၍ မနောဒွါရ တစ်ပေါက်တည်းဖြင့်သာ ကမ္မဋ္ဌာန်းအာရုံကို ဖမ်းယူရှုမှတ် အားထုတ်လျှင် ဈာန် ၊ မဂ်ဖိုလ် တရားတို့ကို ရနိုင်၏။

❖ ❖ ❖ ❖ ❖ ❖

**ယောဂါ ဝေ ဇာယတီ ဘူရိ ၊ အယောဂါ ဘူရိ သင်္ခယော။**

**ဧတံ ဒွေဓာပထံ ဉတွာ ၊ ဘဝါယ ဝိဘဝါယစ။**

**တထာ’တ္တာနံ နိဝေသေယျ ၊ ယထာ ဘူရိ ပဝဍ္ဎတိ။**

(ဓမ္မပဒ ၊ ၂၈၂)

ကမ္မဋ္ဌာန်းအာရုံ၌ အားထုတ်မှုလုံ့လကြောင့် ပညာဖြစ်ပွား၏။ အားထုတ်မှုလုံ့လ မရှိခြင်းကြောင့် ပညာဆုတ်ယုတ်ကုန်ခမ်း၏။ ပညာဖြစ်ပွားခြင်း ၊ ပညာဆုတ်ယုတ်ခြင်း၏ ဤလမ်းသွယ်ကိုသိ၍ ပညာတိုးပွားသောလမ်းဖြင့် မိမိကိုယ်ကို သိမ်းသွင်းရ၏။

❖ ❖ ❖ ❖ ❖ ❖

## ❀ နာမ်က္ခန္ဓာတရားတို့ကို အသုံးချခြင်း ❀

နာမ်တရားတို့တွင် အစိုးရမှုသတ္တိရှိသော စိတ် ၊ ဝေဒနာ ၊ သဒ္ဓါ ၊ ဝီရိယ ၊ သတိ ၊ ဧကဂ္ဂတာ ၊ ပညာ၊ ဇီဝိတ တို့ကို မိမိအတွက် တန်ဖိုးရှိအောင် အသုံးချဖို့လိုပါ၏။

မျက်စိ စသော က္ခန္ဓာ (၆) ပါးတို့သည် မြို့တံခါး (၆) ပေါက်နှင့် တူကြ၏။

ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌ရှိသော သဒ္ဓါ ၊ သီလ ၊ သုတ စသည်တို့သည် မြို့တွင်း၌ အဖိုးတန်ရတနာနှင့် တူကြ၏။ လောဘ ၊ ဒေါသ ၊ မောဟ ၊ မာန စသော ကိလေသာ (၁၀)ပါးတို့ သည် လူဆိုး သူခိုးကြီး (၁၀) ဦးတို့နှင့် တူကြ၏။

မြို့တံခါးပေါက်တို့ကို လုံခြုံစွာ ပိတ်ဆို့နိုင်သူသည် လူဆိုးသူခိုးတို့၏ အန္တရာယ် မကျရောက်ဘဲ စည်းစိမ်ဥစ္စာရတနာတို့ဖြင့် ပြည့်စုံချမ်းသာသကဲ့သို့ မျက်စိစသော က္ခန္ဓာ (၆) ပါး တို့ကို သတိပညာ ဖြင့် စောင့်ရှောက်ထိန်းသိမ်းနိုင်လျှင် လောဘ ၊ ဒေါသ စသော ကိလေသာတို့ မဝင်ရောက် မနှောက်ယှက်နိုင်၊ သဒ္ဓါစသော သူတော်ကောင်းတရားများသည် တစ်နေ့တစ်ခြား တိုးပွားပြည့်စုံလာမည်။

## ❀ အဆုံးအမ စကား ❀

**မိမိက က္ခန္ဓာအကြိုက်ကို မလိုက်ရဘူး။**

**က္ခန္ဓာကသာ မိမိအကြိုက်ကို လိုက်ရမည်။**

သပြေကန်ပရိတ်ကြီး နိဿယသစ်ဆရာတော်

◈ ◈ ◈ ◈ ◈ ◈

## ❀ မီး (၁၁) မျိုးဖြင့် တောက်လောင်နေသော အရာများ ❀

ဂယာမြို့အနီး ဂယာသီသအရပ်၌ မြတ်ဗုဒ္ဓသီတင်းသုံးနေစဉ် ဥရုဝေလကဿပ ညီနောင် သုံးဦး အမှူးရှိသော ရဟန်းတစ်ထောင်တို့အား ဟောကြားတော်မူ၏။

“ရဟန်းတို့ အလုံးစုံသည် တောက်လောင်နေ၏။ ထိုတောက်လောင်နေသော အလုံးစုံ ဟူသည် အဘယ်နည်း? မျက်စိသည် တောက်လောင်နေ၏။ အဆင်းအာရုံတို့သည် တောက်လောင်နေ၏။ မြင်သိစိတ်သည် တောက်လောင်နေ၏။ မျက်စိအတွေ့သည် တောက်လောင်နေ၏။ မျက်စိအတွေ့ကြောင့်သာ ချမ်းသာခံစားမှု ၊ ဆင်းရဲခံစားမှု ၊ ချမ်းသာဆင်းရဲမဟုတ်သော ခံစားမှုတို့သည် တောက်လောင်နေ၏။ အဘယ်ဖြင့် တောက်လောင်နေသနည်း?”

**ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ အာဒိတ္တံ ၊**

**ဇာတိယာ ဇရာယ မရဏေန ၊**

**သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တံ။**

ရာဂမီး ၊ ဒေါသမီး ၊ မောဟမီး တို့ဖြင့် တောက်လောင်နေ၏။

မွေးခြင်း ၊ အိုခြင်း ၊ သေခြင်းမီးတို့ဖြင့် တောက်လောင်နေ၏။

စိုးရိမ်ပူဆွေးခြင်း ၊ ငိုကြွေးခြင်း ၊ ကိုယ်ဆင်းရဲခြင်း ၊ စိတ်ဆင်းရဲခြင်း ၊ ပြင်းထန်စွာ ပူလောင်ခြင်းမီးတို့ဖြင့် တောက်လောင်နေ၏။

ဤသို့ရှုမြင်သော အရိယာတပည့်သည် မျက်စိ၌လည်း ငြီးငွေ့၏။ အဆင်းအာရုံတို့လည်း ငြီးငွေ့၏။ မြင်သိစိတ်၌လည်း ငြီးငွေ့၏။ မျက်စိအတွေ့၌လည်း ငြီးငွေ့၏။ မျက်စိအတွေ့ကြောင့် ဖြစ်သောခံစားမှု၌လည်း ငြီးငွေ့၏။ ငြီးငွေ့လျှင် တပ်မက်မှုကင်း၏။ တပ်မက်မှုကင်းခြင်းကြောင့် လွတ်မြောက်၏။ လွတ်မြောက်လျှင် လွတ်မြောက်ပြီဟု သိသောဉာဏ်ဖြစ်၏။

**ခိဏ္ဍာ ဇာတိ ၊ ဝုသိတံ ဗြဟ္မစရိယံ ၊ ကတံ ကရဏီယံ ၊ နာပရံ ဣတ္ထတ္တာယာ'တိ ပဇာနာတိ။**

ဤသုတ်ကို ဟောကြားစဉ် ထိုရဟန်းတစ်ထောင်တို့၏စိတ်တို့သည် တစ်စုံတစ်ခုသော အာရုံကို မစွဲယူဘဲ အာသဝေါတရားတို့မှ လွတ်မြောက်သွားကြ၏။

(သံ ၊ ၂ ၊ ၂၅၂) အာဒိတ္တသုတ် ၊ သဠာယတနဝဂ္ဂသံယုတ်။

*အာဒိတ္တသုတ် ၊ ဥပယဝဂ် ၊ ခန္ဓဝဂ္ဂသံယုတ် (သံ ၊ ၂ ၊ ၅၈) ၌ ခန္ဓာငါးပါးသည် တောက်လောင်နေ၏ ဟု မိန့်တော်မူ၏။*

## စောင့်စည်းမှုအကျိုး

**စက္ခုနာ သံဝရော သာဓု ၊ သာဓု သောတေန သံဝရော။**
**ဃာနေန သံဝရော သာဓု ၊ သာဓု ဇိဝှါယ သံဝရော။** (ဓမ္မပဒ ၊ ၃၆၀)

**ကာယေန သံဝရော သာဓု ၊ သာဓု ဝါစာယ သံဝရော။**
**မနသာ သံဝရော သာဓု ၊ သာဓု သဗ္ဗတ္ထ သံဝရော။**
**သဗ္ဗတ္ထ သံဝရော ဘိက္ခု ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။** (၃၆၁)

အကုသိုလ်မဖြစ်စေရန် ဒွါရ (၆)ပါးတို့၌ သတိပညာဖြင့် စောင့်စည်းပိတ်ဆို့မှုသည် ကောင်း၏။ အလုံးစုံသော ဒွါရတို့၌ သတိပညာဖြင့် စောင့်စည်းပိတ်ဆို့သော ပုဂ္ဂိုလ်သည် ဆင်းရဲအားလုံးမှ လွတ်မြောက်နိုင်၏။

ဒွါရ (၆) ပါးတို့၌ အာရုံ (၆)ပါးတို့ ပေါင်းဆုံတိုက်ဆိုင်မိသောအခါ ကောင်းသောအာရုံမှာ လောဘမဖြစ်အောင် ၊ မကောင်းသောအာရုံမှာ ဒေါသမဖြစ်အောင် ၊ မောဟမဖြစ်အောင် သတိပညာဖြင့်နေသော ပုဂ္ဂိုလ်သည် ဒွါရတို့၌ စောင့်ရှောက်ပိတ်ဆို့တားမြစ်လုံခြုံစေခြင်းကို ပြုလုပ်၏။

စက္ခုဒွါရစသည်တို့၌ လောဘစသည့် ကိလေသာများ မဖြစ်သေး၍ စောင့်စည်းမှု၊ မစောင့်စည်းမှုတို့သည် မဖြစ်သေး။ ဇောစိတ်အစဉ်ဖြစ်မှသာ လောဘစသည့် ကိလေသာများ ဖြစ်၍ စောင့်စည်းမှု ကို လိုအပ်၏။

စောင့်စည်းသင့်ရာ၌ မစောင့်စည်းဘဲနေလျှင် မယုံကြည်မှု ၊ သည်းမခံနိုင်မှု ၊ ပျင်းရိမှု ၊ သတိလွတ်မှု အသိဉာဏ်မရှိမှု ဟူသော အကုသိုလ်တရားများကို ရနိုင်၏။ စောင့်စည်းသင့်ရာ၌ စောင့်စည်း၍ နေလျှင် ယုံကြည်မှု ၊ သည်းခံနိုင်မှု ၊ ဝီရိယရှိမှု ၊ သတိရှိမှု ၊ အသိဉာဏ်ရှိမှုဟူသော ကုသိုလ်တရားများကို ရနိုင်၏။

ကာယဒွါရဟူသည် ပသာဒဒွါရ ၊ စောပနဒွါရ နှစ်မျိုးကို ယူရမည်။ ထိုတွင် ပသာဒဒွါရ၌သာ စောင့်စည်းမှု ၊ မစောင့်စည်းမှုကို ဆိုလို၏။

လှုပ်ရှားမှု၏ တည်ရာအကြောင်းဖြစ်သော ကာယဒုစရိုက်သုံးပါးကို ကျူးလွန်ခြင်းသည် စောပနဒွါရ ဖြစ်၏။ သတိဉာဏ်လွတ်သဖြင့် အကုသိုလ်ဇောများဖြစ်နေလျှင် ထိုစောပနဒွါရကို စောင့်စည်းမှုမရှိ။ သတိဉာဏ်ရှိသဖြင့် ကုသိုလ်ဇောများဖြစ်နေလျှင် ထိုစောပနဒွါရကို စောင့်စည်းမှု ရှိသည်။

ဝါစာသည် ဝစီဝါစာ ၊ စောပနဝါစာ နှစ်မျိုးရှိ၏။ ဝစီဒုစရိုက်လေးပါးကို ကျူးလွန်ခြင်းသည် စောပနဝါစာ ဖြစ်၏။ အကုသိုလ်ဇောများဖြစ်နေလျှင် ထိုစောပနဝါစာကို စောင့်စည်းမှု မရှိ။ ကုသိုလ်ဇောများဖြစ်နေလျှင် ထိုစောပနဝါစာကို စောင့်စည်းမှုရှိ၏။

ဇောစိတ်မှ အခြားသောစိတ်များ၌ မနောဒုစရိုက်သုံးပါးသည် မဖြစ်။ ဇောစိတ်ဖြစ်ခိုက်၌သာ မနောဒုစရိုက်ဖြစ်သောကြောင့် သတိပညာဖြင့်နေလျှင် မနောဒွါရကို စောင့်စည်း၏။ သတိ

ပညာလွတ်နေပါမူကား မနောဒွါရကို စောင့်စည်းမှုမရှိ။(ဓမ္မပဒ ၊ ဋ္ဌ ၊ ၂ ၊ ၃၅၈) ပဥ္စဘိက္ခုဝတ္ထု (၂၅) ဘိက္ခုဝဂ်

**ဟတ္ထသံယတော ပါဒသံယတော ၊ ဝါစာသံယတော သံယတုတ္တမော။**

**အဇ္ဈတ္တရတော သမာဟိတော ၊ ဧကော သန္တုသိတော တမာဟု ဘိက္ခုံ။ (၃၆၂)**

လက် ၊ ခြေ တို့ကို စောင့်စည်းခြင်း ၊ နှုတ်ကို စောင့်စည်းခြင်း ၊ တစ်ကိုယ်လုံးကို စောင့်စည်းခြင်း အဇ္ဈတ္တ ကမ္မဋ္ဌာန်းအာရုံ၌ မွေ့လျော်၍ တည်ကြည်သော စိတ်ရှိခြင်း ၊ တစ်ယောက်တည်းနေ၍ ရသမျှဖြင့် ရောင့်ရဲနိုင်သူကို ရဟန်းဟူ၍ ဆိုကြ၏။

တစ်ကိုယ်လုံးကို စောင့်စည်းခြင်းဟူသော ကိုယ်ကိုလှုပ်ခြင်း၊ ဦးခေါင်းကိုမော့ခြင်း၊ မျက်မှောင်ကုတ်ခြင်း စသည်ကို မပြုလုပ်ခြင်းဖြစ်၏။

ဓမ္မပဒ ၊ ဋ္ဌ ၊ ၂ ၊ ၃၆၀) ဟံသဃာတကဘိက္ခုဝတ္ထု (၂၅) ဘိက္ခုဝဂ်

## ကုလန္ဒြေသိက္ခာရှိခြင်း (သန္တိန္ဒြိယော)

"ကုလန္ဒြေသိက္ခာရှိခြင်း" ဟူသည် မွေးရာပါဗီဇ တည်ငြိမ်သည့် ကုလန္ဒြေပါလာမှုကို ဆိုလိုရင်း မဟုတ်ဘဲ သတိပညာတို့ဖြင့် စောင့်ရှောက်ထိန်းသိမ်းနေမှုကိုသာ ဆိုလို၏။

# ဈာနပစ္စယော

## ဈာနပစ္စယောတိ

ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

### "ဈာန်"ဟူသည်...

**" စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန် ဈာန်ဟုခေါ်သတတ်။"**

(ပရမတ္ထသံခိပ်)

- အာရုံတစ်ခုတည်း၌ စူးစိုက်ပြီး အထူးမြဲမြံစွာ ထက်သန်သောစိတ်ဖြင့် ရှုနေမှုသဘောကို " **ဈာန်**" ဟု ခေါ်၏။
- **ဥပမာ** -
    - ♦ သစ်ပင်၊ တောင်ထိပ်ပေါ်သို့ တက်ရောက်ကြည့်သူသည် ပတ်ဝန်းကျင်မြင်ကွင်းကို ကျယ်ပြန့်ပြီး ထင်ရှားသဲကွဲစွာ မြင်ရသကဲ့သို့ ဈာန်တရားများသည်လည်း ကြာလေ အမြင်စူးစိုက်ပြီး ကြီးကျယ်လာ၏။
    - ♦ မုဆိုးသည် ချုံတစ်ခုအတွင်း၌နေ၍ မြှားဖြင့် သားကောင်ကို တည့်တည့်ချိန် သကဲ့သို့ ၎င်း၊ ဗျိုင်းသည် ရေအိုင်ကမ်းစမှာ နေ၍ ငြိမ်သက်စွာ ငါးကိုချောင်းနေသကဲ့သို့၎င်း၊ ထို့အတူ " **အာရုံနှင့် တည့်မတ်စူးစိုက်နေအောင် ချိန်၍ပေးခြင်းကိစ္စ**" သည် " **ဈာန်ကိစ္စ**" ဖြစ်၏။
- စိတ်တစ်ခု၏သက်တမ်းသည် ဥပါဒ် ဌီ ဘင် (ဖြစ် တည် ပျက်) သာရှိသဖြင့် အလွန် တိုတောင်းသည့် အချိန်ပိုင်းသာဖြစ်၏။ ထိုတိုတောင်းသည့်အချိန်မှာ ဖြစ်သောစိတ်

အားလုံးသည် သတ်မှတ်ထားသောအာရုံတစ်ခုတည်းအပေါ်၌ ထပ်ထပ်ပြီးဖြစ်နေမှုကို အာရုံကို စူးစိုက်ပြီး ရှုကြည့်နေသည်ဟုဆိုလို၏။

- ကောင်းသောအမှု ၊ မကောင်းသောအမှုတို့၌ စိတ်၏ဖြောင့်မတ်စွာ စူးစိုက်ခြင်းဟု ဆိုအပ်သော " ဈာန်၏ကိစ္စ" ဖြင့် ကျေးဇူးပြုသောတရားစုသည် " **ဈာနပစ္စည်း**" မည်၏။
- ကောင်းမှု ၊ မကောင်းမှုကိစ္စမှန်သမျှမှာ "ဈာနကိစ္စ" မပါလျှင် မပြီးစီးနိုင်။ ဈာန်၏အင်္ဂါ ငါးရပ်တို့ဖြင့် စိတ်ကိုတည်ငြိမ်အောင်ပြု၍ အာရုံတစ်ခုကို ထင်ရှားအောင်ပြုလျှက် စူးစိုက်ကပ်၍ ရှုပြီး ကာယကံအမှုကိုဖြစ်ဖြစ် ၊ ဝစီကံအမှုကိုဖြစ်ဖြစ် ၊ မနောကံအမှုကို ဖြစ်ဖြစ် ပြုလုပ်အပ် သောအမှုသည် တည့်မတ်စွာပြီးစီး၏။

| အကြောင်း (ပစ္စည်း) | အကျိုး (ပစ္စယုပ္ပန်) |
|---|---|
| ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ ဈာနင်တရား (၅) ပါး | ဒွေးပဥ္စဝိညာဏ် (၁၀) ကြဉ် စိတ် (၇၉)၊ စေ (၅၂) စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ် |

" ဒါနစသော ကုသိုလ်ကောင်းမှု" ၊ "သူ့အသက်သတ်ခြင်းစသော အကုသိုလ်မကောင်းမှု" တို့ကို ဈာန်၏အင်္ဂါရပ်များ၌ မပါဝင်၊ အားနည်းသောစိတ်ဖြင့် ပြုလုပ်ပေးသောကိစ္စသည် ထိရောက်အောင်မြင်မှု မရှိနိုင်။

## ❀ " ဈာန်အင်္ဂါ" နှင့် " ဈာန်" ❀

**ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ → တရား (၅) ပါး**တို့သည် အာရုံတစ်ခုကို စူးစိုက်ရှုမြင်နိုင်မှု ကိစ္စတစ်ခု၏ အစိတ်အပိုင်းအင်္ဂါများဖြစ်သောကြောင့် " **ဈာန်အင်္ဂါ**" ဟုခေါ်၏။

ဝင်ရိုး ဘီး အကွပ် စသည်တို့ကို လှည်း၏အင်္ဂါအစိတ်အပိုင်းခေါ်သကဲ့သို့ဖြစ်၏။

“ **ဈာန်အင်္ဂါ (၅) ပါးတို့၏ စုပေါင်းဆောင်ရွက်မှုကိစ္စ**” ကို “ **ဈာန်**” ဟုခေါ်၏။ အာရုံတစ်ခုကို ရှုးစိုက်နိုင်မှုသည် ဈာန်အင်္ဂါတစ်ခုချင်း၏ကိစ္စ မဟုတ်၊ ဈန်အင်္ဂါ (၅) ပါးတို့၏ စုစည်းမှုကိစ္စ ဖြစ်၏။

ဝင်ရိုး ဘီး အကွပ် စသော အင်္ဂါအစိတ်အပိုင်းတို့၏ စုစည်းတည်ဆောက်ထားမှုကိုသာ လှည်းဟု ခေါ်သကဲ့သို့ဖြစ်၏။

ဈာန်အင်္ဂါ (၅)ပါးတို့တွင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ → ရှေ့ဈာန်အင်္ဂါ (၄) ပါးတို့သည် မိမိတို့ ဆိုင်ရာကိစ္စကို ဆောင်ရွက်ပေးကြသဖြင့် နောက်ဆုံးဈာန်အင်္ဂါဖြစ်သည့် “ဧကဂ္ဂတာ” သည် အာရုံ တစ်ခုအပေါ်၌ တွဲကပ်နေသလိုဖြစ်အောင် ငြိမ်သက်စွာဖြင့် အာရုံကို ရှူးစိုက်ရှုနိုင်သောသတ္တိသည် “ဈာန်သတ္တိ” ဖြစ်၏။

## ❀ ဈာန်အင်္ဂါ (၅) ပါး နှင့် (၇) ပါး ❀

ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ → ဈာန်အင်္ဂါ (၅) ပါးတို့တွင် “ဝေဒနာ” စေတသိက် ကို တစ်ပါးတည်းယူ၍ ဈာန်အင်္ဂါ (၅)ပါးဟု ဆို၏။ ထိုဝေဒနာကို ခွဲခြားလျှင် **သုခ ဒုက္ခ သောမနဿ ဒေါမနဿ ဥပေက္ခာ** ဟု (၅) မျိုးကွဲပြား၏။

ထိုတွင် ဒွေပဥ္စဝိညာဏ် (၁၀) သည် ဈာန်မထိုက်သောတရားဖြစ်၍ ထိုဒွေပဥ္စဝိညာဏ်တွင်ရှိ သော ကာယဝိညာဏ်ဒွေ၌ “သုခဝေဒနာ” နှင့် “ဒုက္ခဝေဒနာ” တို့သည် ဈာန်အင်္ဂါ၌ မပါဝင်၊ ထို့ကြောင့် ဝေဒနာ (၅)ပါးတို့တွင် **သောမနဿ ဒေါမနဿ ဥပေက္ခာ** → ဝေဒနာ သုံးပါးကို ခွဲခြားယူ လျှင် ဈာန်အင်္ဂါ (၇) ပါး ဖြစ်၏။

သစ်ပင်ပေါ် တောင်ထိပ်ပေါ်သို့ တက်ရောက်သူသည် အရပ်လေးမျက်နှာမှ ထူးဆန်းသော အမျိုးမျိုးသော အရာဝတ္ထုများကို ကိုယ်တိုင်လည်း ကြည့်မြင်ရ၏။ မိမိမြင်သမျှကို အောက်မှာရှိသည့် လူများအားလည်း ပြောပြနိုင်၏။

ထို့အတူပင် ဝိတက်...စသော ဈာန်တရားတို့သည် အာရုံကို မိမိတို့လည်း စူးစိုက်စွာယူ၏။ အတူဖြစ်ဖက်တရားတို့လည်း မိမိတို့ကဲ့သို့ အာရုံကိုစူးစိုက်ဖို့ ဈာန်သတ္တိဖြင့် ကျေးဇူးပြုကြ၏။

ဝိတက်...စသည်တို့၏ ကူညီမှုဖြင့် အာရုံတစ်ခု၌ "ဧကဂ္ဂတာ" ကျ၍ သမာဓိ ရနေသည့်အခါ အတူဖြစ်ဖက်တရားတို့လည်း ထိုအာရုံ၌ စွဲမြဲစွာ အာရုံပြုကြရသည်။

## ❁ ဈာန်အင်္ဂါတို့၏ စွမ်းရည်များ ❁

(၁) "**ဝိတက်**" သည် အတူဖြစ်ဖက်တရားတို့ကို အာရုံသို့ ရှေ့ရှုတင်ပေးခြင်း၊ ချိန်ပေးခြင်း သဘော သတ္တိရှိ၏။ စိတ်ကို အာရုံ၌ မြဲစွာ နေစေ၏။

(၂) "**ဝိစာရ**" သည် ထိုဝိတက်က တင်ပေးလိုက်သည့် အာရုံမှ မခွာပဲ ရစ်ဝဲလှည့်လည်နေခြင်း၊ ထိုအာရုံကို အဖန်ဖန် အထပ်ထပ် သုံးသပ်နေခြင်း သဘောသတ္တိ ရှိ၏။ စိတ်ကို အာရုံ၌ ကောင်းစွာမြဲစွာ အတူနေစေ၏။

(၃) "**ပီတိ**" သည် ထို ဝိစာရက အဖန်ဖန် အထပ်ထပ် သုံးသပ်နေသော အာရုံ၌ ကောင်းစွာ နှစ်သက် မြတ်နိုးနေခြင်း သဘောသတ္တိရှိ၏။ စိတ်ကို အာရုံ၌ နှစ်သက်မြတ်နိုးနေအောင် ပြုတတ်၏။

(၄) "**ဝေဒနာ**" သည် ထိုပီတိက နှစ်သက်မြတ်နိုးနေသော အာရုံ၏ ကောင်း၊ မကောင်း၊ အလယ်အလတ်ဖြစ်သော အရသာကို သုံးဆောင်ခံစားခြင်း သဘောသတ္တိရှိ၏။ စိတ်ကို အာရုံ၌ ကောင်း၊ မကောင်း၊ အလယ်အလတ်ဖြစ်သော အရသာမှန်သမျှကို ခံစားခြင်းဖြင့် စွဲမြဲစွာ ဖွဲ့နှောင်တတ်၏။

(၅) “ **ကေဂ္ဂတာ**” သည် ထိုဝေဒနာက ခံစားနေသော အာရုံတစ်ခု၌ မလှုပ်မယှက် ငြိမ်သက်နေခြင်း သဘောသတ္တိရှိ၏။ စိတ်ကို အာရုံတစ်ခုတည်း၌ မပျံ့မလွင့် မလှုပ်မယှက် တည်ငြိမ်နေအောင်ပြု၍ ထားတတ်၏။

ဤသို့ သဘောသတ္တိများနှင့် ပြည့်စုံသည့် ဈာန်အင်္ဂါ (၅) ပါးတို့သည် စိတ်ကို တည်ငြိမ်အားကောင်းပြီး တန်ခိုးထက်မြက်အောင် ပြုလုပ်ပေးကြသည်။ ထို ဈာန်အင်္ဂါတို့ဖြင့် ထောက်ပံ့ထားအပ်သောစိတ်သည် ထက်သန်အားကောင်း၏။

ထိုသို့ သဘောရှိသောစိတ်ဖြင့် ကောင်းမှုကိုဖြစ်စေ၊ မကောင်းမှုကိုဖြစ်စေ ကံသုံးပါးလုံးကို ပြုလုပ်ပါလျှင် ပြုလုပ်အပ်သော ကိစ္စမှန်သမျှသည် မုချပြီးစီးအောင်ဖြစ်နိုင်၏။

## ❀ ဒွေပဉ္စဝိညာဏ် (၁၀) သည် ဈာနသတ္တိဖြင့် ကျေးဇူးမပြုခြင်း ❀

ဒွေပဉ္စဝိညာဏ် (၁၀) တို့သည် မိမိတို့မှီရာ စက္ခုစသော ပသာဒ ဝတ္ထုရုပ် (၅) ပါး အပေါ်သို့ ထိခိုက်လာသော အာရုံ (၅) ပါးတို့ကို ယူနိုင်သော၊ အာရုံကို သိရုံမျှဖြစ်သော စိတ်မျိုးဖြစ်သောကြောင့် “ဈာနသတ္တိ” ဖြင့် ကျေးဇူးမပြုနိုင်။

စိတ်တစ်ခုခုဖြစ်လာသောအခါ အခြားစေတသိက်များအပြင် ဈာန်အင်္ဂါစေတသိက်များသည် အတူဖြစ်ကြသောကြောင့် ဈာန်အင်္ဂါတရားတစ်ခုက “ပစ္စည်း” ဖြစ်လျှင်၊ ထို ဈာန်အင်္ဂါနှင့် အတူ ဖြစ်သောစိတ်၊ ကျန်ဈာန်အင်္ဂါစေတသိက်များ၊ အခြားစေတသိက်များ၊ စိတ္တဇရုပ်များသည် “ပစ္စယုပ္ပန်တရား” များ ဖြစ်ကြသည်။

လောဘမူစိတ်တစ်ခု၊ စေတသိက် (၁၉)၊ စိတ္တဇရုပ်များ အတူဖြစ်ကြရာ၌ ဝိတက်သည် “ပစ္စည်း” ဖြစ်လျှင် လောဘမူစိတ်တစ်ခု၊ ဝိတက်မှ ကျန်သော စေတသိက် (၁၈)၊ စိတ္တဇရုပ်များမှာ “ပစ္စယုပ္ပန်” ဖြစ်ကြ၏။

ထို့အတူ ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ အသီးသီးတို့သည် "ပစ္စည်း" တရားဖြစ်လျှင်၊ ထို လောဘမူစိတ်တစ်ခု၊ ကျန်သော စေတသိက် (၁၈)၊ စိတ္တဇရုပ်များမှာ "ပစ္စယုပ္ပန်" ဖြစ်ကြ၏။ အခြား စိတ်များဖြစ်ရာ၌လည်း အတူဖြစ်သော စေတသိက်များကို ကြည့်၍ အလားတူသိနိုင်၏။ ဤကား ပဝတ္တိအခါ၌ ကျေးဇူးပြုပုံဖြစ်၏။

ပဋိသန္ဓေအခါ၌မူ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ပုံမှာ စိတ္တဇရုပ်အစား ကမ္မဇရုပ်သည် ပစ္စယုပ္ပန် အဖြစ် ပါဝင်လာခြင်းသာ ထူး၏။

## ❀ ဈာန်စွမ်းရည်ရှိသော စိတ်များ ❀

စိတ် (၈၉)ပါး တို့တွင် ဒွေပဉ္စဝိညာဏ် (၁၀) တို့သည် ဝတ္ထုအာရုံတို့ တွေ့ဆုံထိခိုက်မှု အားကြီးသဖြင့် ပင်ကိုယ်ကပင် 'ဝိတက်' တင်စရာမလို၍ ဈာန်မထိုက်ပါ။ ကျန်စိတ် (၇၉) ပါး တို့၌ ဈာန်သတ္တိဖြင့် ကျေးဇူးပြုနိုင်၏။

အဘိဓမ္မတ္ထသင်္ဂဟ၌ကား မဟဂ္ဂုတ်စိတ် (၂၇)ပါးကိုသာ ဈာန်စိတ်ဟု သီးခြားခေါ်၏။ အကြောင်းမှာ ကာမစိတ်တို့သည် အကြောင်းတိုက်ဆိုင်ရုံမျှဖြင့်ပင် ဖြစ်နိုင်ကြ၏။ မဟဂ္ဂုတ်စိတ် တို့မှာ အကြောင်း တိုက်ဆိုင်ရုံမျှဖြင့် မဖြစ်ပေါ်နိုင်ကြ၊ စူးစိုက်ရှုနေမှသာ ဖြစ်ပေါ်လာနိုင်ကြ၏။ ပေါ်လာသောအခါ၌လည်း ကာမစ္ဆန္ဒ စသည်တို့ ဝေးကွာသဖြင့် ကြာရှည်စွာ တည်နိုင်၏။ ကာမစိတ်တို့ကဲ့သို့ အာရုံ အမျိုးမျိုးသို့ ပြောင်းလဲမှု မမြန်ပေ။

လောကုတ္တရာစိတ်တို့ကား နိဗ္ဗာန်အာရုံတစ်ခုတည်း၌ စူးစိုက် သက်ဝင်ပြီး ဖြစ်သောကြောင့် ဈာန်စိတ်ဟု သီးခြားမခေါ်တော့ပေ။

## ❀ ဈာန်စွမ်းရည် သတ္တိ (၂) မျိုး ❀

မဟဂ္ဂုတ်စိတ်တို့၌ရှိသော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ ဈာန်အင်္ဂါ (၅) ပါးတို့နှင့် ကာမစိတ်တို့၌ရှိသော ဈာန်အင်္ဂါ (၅) ပါးတို့သည် စွမ်းရည်သတ္တိခြင်း မတူညီနိုင်ကြပေ။

" မဟဂ္ဂုတ်စိတ်" တို့၌ ရှိသော ဈာန်အင်္ဂါ (၅) ပါးတို့သည် -

(၁) အာရုံကို စူးစိုက်ကပ်၍ ရှုခြင်းကိစ္စ။

(၂) ဈာန်၏ ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို လောင်ကျွမ်းစေခြင်း (ဖယ်ရှားခြင်း) ကိစ္စတို့ကို ဆောင်ရွက်နိုင်၏။

" ကာမစိတ်" တို့၌ရှိသော ဈာန်အင်္ဂါတို့သည်ကား

(၁) အာရုံကို စူးစိုက်ကပ်၍ ရှုနိုင်၏။

(၂) ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို လောင်ကျွမ်းစေခြင်း ကိစ္စသည် လုံးဝမရှိ။

ထို့ကြောင့် ကာမစိတ်တို့သည် အာရုံအမျိုးမျိုးတို့၌ အပြောင်းအရွှေ့များစွာ ဖြစ်ကြ၏။ ဈာန်၏ စွမ်းရည် သတ္တိ (၂) မျိုးလုံး မပြည့်စုံသဖြင့် ထိုကာမစိတ်တို့ကို တကယ့်ဈာန်စိတ်ဟုမခေါ်ရ၊ ဈာန်၏ စွမ်းရည် သတ္တိ (၂) မျိုးလုံးရှိသော မဟဂ္ဂုတ်စိတ်တို့ကိုသာ ဈာန်စိတ်အစစ်ဟု ခေါ်ရ၏။

## ဈာန်အင်္ဂါတို့၏ လောင်ကျွမ်း (ဖယ်ရှား) မှု စွမ်းရည်

၁။ ဝိတက်သည် ထိန မိဒ္ဓ နီဝရဏတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်၏။ ထို နီဝရဏတရားတို့ကို လောင်ကျွမ်းဖယ်ရှားစေ၏။

ထိန မိဒ္ဓ သည် ထိုင်းမှိုင်းတွေဝေခြင်းသဘော ဖြစ်၏။ အကြံအစည်ကင်းမဲ့သည့် လူပြိန်း လူအနှင့်တူ၏။ ဝိတက်ကား အတူဖြစ်ဖက်တရားများကို ပဋိဘာဂနိမိတ်အာရုံသို့ ရောက်၍ နေအောင် မနေမနားတင်ပေးသောသဘော ဖြစ်၏။ ထို့ကြောင့် ဝိတက်သည် ထိန မိဒ္ဓ နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဖက်ဖြစ်၏။ ဝိတက်ဈာနင်သည် ထိန မိဒ္ဓ နီဝရဏ တရားများကို စိတ်အစဉ်မှာ ဝင်မလာရအောင် လောင်ကျွမ်းဖယ်ရှားလျှက် ပဋိဘာဂနိမိတ် အာရုံသို့ စိတ်အစဉ်ကို တင်ပေးသည်။

၂။ ဝိစာရသည် ဝိစိကိစ္ဆာ နီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ထို နီဝရဏတရားကို လောင်ကျွမ်း ဖယ်ရှားစေ၏။

ဝိစိကိစ္ဆာသည် အာရုံတစ်ခု၌ ကောင်းစွာမနေဘဲ အာရုံများစွာ၌ ယုံမှားသံသယဝင် တတ်သော သဘောဖြစ်၏။ ထို့ကြောင့် ဝိတက်သည် တင်ပေးသော ပဋိဘာဂနိမိတ်အာရုံသို့ ရောက်နေသော စိတ်အစဉ်မှာ ဝိစိကိစ္ဆာ နှောင့်ယှက်နေလျှင် ထိုပဋိဘာဂနိမိတ်အာရုံသည် ပျောက်သွားနိုင်၏။

ဝိစာရကား အတူဖြစ်ဖက်တရားတို့ကို ပဋိဘာဂနိမိတ်အာရုံမှ ကွာမသွားအောင် ထိုပဋိဘာဂ နိမိတ်အာရုံကို ထပ်တလဲလဲ စွဲမြဲစွာ သုံးသပ်ခြင်းသဘောဖြစ်၏။ ထို့ကြောင့် ဝိစာရသည် ဝိစိကိစ္ဆာနှင့် ဆန့်ကျင်ဖက်ဖြစ်၏။ ဝိစာရစျာနင်သည် ဝိစိကိစ္ဆာ နီဝရဏတရားကို စိတ်အစဉ်မှာ ဝင်မလာရအောင် လောင်ကျွမ်းဖယ်ရှားလျှက် ပဋိဘာဂနိမိတ်အာရုံကို ထပ် တလဲလဲ သုံးသပ်နေ၏။

၃။ ပီတိသည် ဗျာပါဒ နီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ထို နီဝရဏကို လောင်ကျွမ်း ဖယ်ရှား စေ၏။

ဗျာပါဒသည် တရားကိုယ်အားဖြင့် ဒေါသပင်ဖြစ်သဖြင့် ခက်ထန်ကြမ်းတမ်းပြီး အာရုံကို မနှစ်သက်သော သဘောဖြစ်၏။ ထို့ကြောင့် ဝိစာရက ပဋိဘာဂနိမိတ်အာရုံကို အဖန်ဖန် အထပ်ထပ် သုံးသပ်နေသော်လည်း ဗျာပါဒက နှောင့်ယှက်နေသဖြင့် အာရုံကို မနှစ်သက်လျှင် ကြာရှည်စွာ သုံးသပ်ချင်မည်မဟုတ်။ ပီတိကား အာရုံကို နှစ်သက်မြတ်နိုး တတ်သောသဘော ဖြစ်၏။ ထို့ကြောင့် ပီတိသည် ဗျာပါဒနှင့် ဆန့်ကျင်ဖက်ဖြစ်၏။ ပီတိစျာနင်သည် ဗျာပါဒ နီဝရဏကို စိတ်အစဉ်မှာ ဝင်မလာအောင် ဖယ်ရှားလျှက် ပဋိဘာဂနိမိတ်အာရုံပေါ်၌ လွန်စွာ နှစ်သက်သဘောကျနေ၏။

၄။ သုခဝေဒနာသည် ဥဒ္ဓစ္စ + ကုက္ကုစ္စ နီဝရဏတရားတို့နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ထို နီဝရဏတရား တို့ကို လောင်ကျွမ်း ဖယ်ရှားစေ၏။

ဥဒ္ဓစ္စသည် အာရုံ၌ မကပ် ပျံ့လွင့်နေပြီး မငြိမ်သက်ခြင်း သဘောဖြစ်၏။ ကုက္ကုစ္စကား နောင်တရကာ ပူပန်နေခြင်းသဘောဖြစ်၏။ ထို့ကြောင့် ပဋိဘာဂနိမိတ်အာရုံ၌ စိတ်အစဉ်က နှစ်သက်အားရ ပီတိဖြစ်နေသော်လည်း သာယာဖွယ်အနေဖြင့် အာရုံကို မခံစားနိုင်လျှင် ငြိမ်သက်စွာ တည်ရှိနေနိုင်မည်မဟုတ်၊ ဥဒ္ဓစ္စ ကုက္ကုစ္စ တို့၏ နှောင့်ယှက်မှုကြောင့် အာရုံ၌မကပ် ပူပန်မှုတွေဝင်နေ၍ ပဋိဘာဂနိမိတ် အာရုံမှ ထွက်သွားလိမ့်မည်။

သုခကား ပဋိဘာဂနိမိတ်အာရုံ၏အရသာကို ခံစားလျှက် ငြိမ်သက်အေးချမ်းနေခြင်းသဘော ဖြစ်၏၊ ထို့ကြောင့် သုခ သည် ဥဒ္ဓစ္စ ကုက္ကုစ္စ တို့နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ သုခရှာန်သည် ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏတရားတို့ကို စိတ်အစဉ်မှာ ဝင်မလာရအောင် လောင်ကျွမ်းဖယ်ရှားလျှက် ပဋိဘာဂနိမိတ်အာရုံ၏အရသာကို ခံစားနေ၏။

၅။ သမာဓိသည် ကာမစ္ဆန္ဒနီဝရဏတရား၏ ဆန့်ကျင်ဘက် ဖြစ်၏။ ယင်း နီဝရဏတရားကို လောင်ကျွမ်းဖယ်ရှားစေ၏။

ကာမစ္ဆန္ဒသည် အာရုံ(၅)ပါး ကာမဂုဏ်တရားများကို နှစ်သက်သော လောဘ တဏှာပင်ဖြစ်၏။ နှစ်သက်ဖွယ်ရာ အာရုံ (၅) ပါး ကာမဂုဏ်တရားနောက်သို့ တကောက်ကောက် လိုက်ပါနေပြီး စိတ်ဓာတ်ကိုမတည်ငြိမ်အောင် ဖြစ်စေနိုင်သောသဘောဖြစ်၏။ ကာမစ္ဆန္ဒနီဝရဏက နှောင့်ယှက်လာလျှင် ဝိတက် ဝိစာရ ပီတိ သုခဝေဒနာတို့ ခံနိုင်ကြမည်မဟုတ်၊ ပဋိဘာဂနိမိတ်အာရုံမှ စိတ်အစဉ်သည် ခွါရလိမ့်မည်။

ဧကဂ္ဂတာကား ပဋိဘာဂနိမိတ်အာရုံတစ်ခုတည်း၌သာ ကပ်ငြိမ်းတည်နေခြင်းသဘောဖြစ်၏။ ထို့ကြောင့် ဧကဂ္ဂတာသည် ကာမစ္ဆန္ဒနီဝရဏနှင့် ဆန့်ကျင်ဘက် ဖြစ်၏။ ဧကဂ္ဂတာ ဈာနင်သည် ကာမစ္ဆန္ဒနီဝရဏကို စိတ်အစဉ်မှာ ဝင်မလာရအောင် လောင်ကျွမ်းဖယ်ရှားလျှက် ရှေ့ဈာနင် (၄)ပါးအတွက် ပဋိဘာဂနိမိတ်အာရုံပေါ်၌ စူးစိုက်ပြီး ကပ်တည်စေ၏။

"ဥပေက္ခာဝေဒနာ" သည် ငြိမ်သက်ခြင်းသဘောရှိသောကြောင့် သုခကဲ့သို့ ဥဒ္ဒစ္စ၊ ကုက္ကုစ္စ နီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်၏။

**မှတ်ချက်** ။ ။ အဝိဇ္ဇာနီဝရဏသည် ဈာန်တရားကို မဖုံးကွယ်တတ်၊ မဂ် ဖိုလ် စသည်ကိုသာ ဖုံးကွယ်တတ်၏။ ထို့ကြောင့် ဈာနင်တို့ဖယ်ရှားအပ်သော နီဝရဏတရားတို့တွင် အဝိဇ္ဇာ နီဝရဏ မပါဝင်၊ အနည်းငယ် ဖုံးကွယ်တတ်သောသတ္တိသည် ရှေ့နီဝရဏတရား (၅)ပါး တို့ကို ဖယ်ရှားရာ၌ ပါဝင်လေ၏။

(သဂြိုဟ်ဘာသာဋီကာ)

◈ ◈ ◈ ◈ ◈ ◈

| **အကြောင်း (ပစ္စည်း)** | **သင်္ချာ (၇)** | | **အကျိုး (ပစ္စယုပ္ပန်)** |
|---|---|---|---|
| ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ ဈာန်အင်္ဂါ (၅) ပါး | ကု<br>ကု | ကု<br>အဗျာ | ကု(၂၁)၊ စေ(၃၈) သမ္ပယုတ်ခန္ဓာ<br>ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ ဈာန်အင်္ဂါ (၅) ပါး | အကု<br>အကု | အကု<br>အဗျာ | အကု(၁၂) စေ(၂၇) သမ္ပယုတ်ခန္ဓာ<br>အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ ဈာန်အင်္ဂါ (၅) ပါး | အဗျာ | အဗျာ | ဒွေးပဥ္စ ကြဉ် ဝိ(၂၆) ကြိ(၂၀) စေ(၃၈)<br>စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် |

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော – ကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ဈာနပစ္စယေန ပစ္စယော။ (၁)

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော – ကုသလာနိ ဈာနင်္ဂါနိ စိတ္တ သမုဋ္ဌာနာနံ ရူပါနံ ဈာနပစ္စယေန ပစ္စယော။ (၂)

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော – ကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။ (၃)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော – အကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ဈာနပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော - အကုသလာနိ ဈာနင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဈာနပစ္စယေန ပစ္စယော။ (၂)

အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော – အကုသလာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။ (၃)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဈာနပစ္စယေန ပစ္စယော – ဝိပါကာဗျာကတာနိ ကိရိယာ ဗျာကတာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာနိ ဈာနင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။ (၁)

(ပဋ္ဌာဝါရ၊ ၁၅၇-၈)

ဤဈာနပစ္စည်းသည် သတ္တဝါတို့အား အစမထင် သံသရာမှစ၍ ရဟန္တာဖြစ်သည်အထိ ကောင်းကျိုး မကောင်းကျိုးကို ကောင်းစွာခံစားနိုင်ရန်အတွက် ကောင်းမှု မကောင်းမှုတို့ကို စိတ်အားထက်သန်စွာ ပြုလုပ်အောင် ကျေးဇူးပြုလျှက်ရှိကြ၏။

ဈာန်အင်္ဂါတရားတို့သည် နာမက္ခန္ဓာလေးပါးသာရှိသော အရူပ (၄) ဘုံ၌ စိတ္တဇရုပ် ကမ္မဇရုပ် တို့အား ကျေးဇူးမပြုနိုင်။ ရုပ်ခန္ဓာတစ်ခုသာရှိသော အသညသတ်ဘုံ၌ လုံးဝ ကျေးဇူးမပြုနိုင်။ ပဉ္စဝေါကာရ (၂၆) ဘုံတို့၌သာ ရုပ်နာမ်အပြည့်အစုံရှိသဖြင့် ကျေးဇူးပြုနိုင်၏။

## ❁ " ကာလ ၊ နေရာ ၊ ပုဂ္ဂိုလ် " တို့နှင့် " ဈာန်သတ္တိ " ❁

ဈာန်သတ္တိတို့သည်...

- ကာလအားဖြင့် ပစ္စုပ္ပန်အနေဖြင့် ကျေးဇူးပြု၏။
- ဘုံအားဖြင့် အသညသတ်မှတပါး ဘုံ (၃၀)
- နိရောဓသမာပတ်ဝင်စားဆဲပုဂ္ဂိုလ်မှတပါး ပုဂ္ဂိုလ်(၁၂)ရောက်လုံးတို့၏ အဇ္ဈတ္တသန္တာန်၌ ကျေးဇူးပြုနိုင်၏။

## ❁ အာရုံတစ်ခု၌ ဈာန်ဖြစ်ပုံ ❁

အာရုံတစ်ခုကို စွဲလမ်းထက်သန်စွာ ရှုကြံတွေးနေလျှင် ဈာန်ဝင်စားနေသည်ဟုဆိုနိုင်၏။

အသုဘရုပ်အလောင်းကိုမြင်ရ၍ မတင့်တယ်ပုံကို ဆင်ခြင်နေသူသည် အသုဘဈာန် ဝင်နေ၏။ နှစ်သက်မြတ်နိုးသူ တစ်ယောက်ကို စွဲလမ်းပြီး စူးစိုက်ကြည့်ရှုကြံတွေးနေသူမှာ ရာဂဈာန်ဝင်နေ၏။ စာအုပ်တစ်အုပ်ကို စိတ်ဝင်စားပြီးစူးစိုက်ဖတ်နေသူသည် စာဈာန်ဝင်နေ၏။ ဂိန်းကစားနည်းကို စွဲလမ်းစွာ မပြတ်ဆော့နေသူသည် ဂိန်းဈာန်ဝင်နေ၏။ ယင်းသို့အာရုံတစ်ခုကို စူးစိုက်ပြီး အရှုးအမူး ရှုမြင်ကြံစည်တွေးနေမှုကိုပင် ဈာန်ရှုနေခြင်း ဈာန်ဝင်နေခြင်း ဟုခေါ်နိုင်၏။

## ❁ " ကုသိုလ်ဈာန် " နှင့် " အကုသိုလ်ဈာန် " ❁

မကောင်းမှုအာရုံတစ်ခု၌ ဈာန်ဝင်နေသူသည် အကုသိုလ်ဈာန်ဝင်နေသူဖြစ်၏။ ထို အကုသိုလ်ဈာန်ကြောင့် ကောင်းကျိုးတို့ကို ရရှိခံစားနိုင်ခြင်းမရှိ ၊ အကုသိုလ်ဈာန်သဘောမှာ စူးစိုက်မှု သတ္တိသာပါ၍ လောင်ကျွမ်းဖယ်ရှားမှု သတ္တိမပါခြင်းကြောင့်ဖြစ်၏။

ဥပမာအားဖြင့် အနည်ထနေသောရေအိုင်၌ ရေအောက်ရှိသတ္တဝါများကို မမြင်နိုင် မတွေ့နိုင်သကဲ့သို့၊ ရေမှော်တို့ ဖုံးအုပ်နေသော ရေကန်အတွင်း၌ မှော်မဖယ်ထားသောရေကို အသုံးမပြုနိုင်သကဲ့သို့ ဖြစ်၏။

ကောင်းသောအာရုံတစ်ခု၌ ဈာန်ဝင်နေသူသည် ကုသိုလ်ဈာန်ဝင်နေသူဖြစ်၏။ ထိုဈာန် အာရုံကောင်းကြောင့် တန်ခိုးဣဒ္ဓိပါဒ် အမျိုးမျိုးနှင့် ကောင်းကျိုးများကို ရရှိခံစားနိုင်၏။ ကုသိုလ် ဈာန်၌ နီဝရဏတရားတို့ကို လောင်ကျွမ်းဖယ်ရှားမှုသတ္တိပါခြင်းကြောင့် ဖြစ်၏။

ဥပမာအားဖြင့် အနည်ထိုင်၍ ကြည်လင်နေသောရေအိုင်၌ ရေအောက်ရှိ သတ္တဝါများကို မြင်တွေ့နိုင်သကဲ့သို့၊ ရေမှော်တို့ ဖုံးလွှမ်းနေသော ရေကန်အတွင်း၌ မှော်ဖယ်ထားသောရေကို မိမိ လိုရာအသုံးပြုနိုင်သကဲ့သို့ဖြစ်၏။

**မေး။ ။** ဒွေပဉ္စဝိညာဏ် (၁၀) ၌ ရှိသော ဥပေက္ခာဝေဒနာ သုခဝေဒနာ ဒုက္ခဝေဒနာ တို့သည် အာရုံကို စူးစိုက်သော ဝေဒနာဟု မှတ်သားထားရမည်လားဟု မေးစရာရှိလာ၏။

ဒွေပဉ္စဝိညာဏ် (၁၀) ၌ ရှိသော ဥပေက္ခာ သုခ ဒုက္ခ ဝေဒနာများသည် စူးစိုက်ရှုနိုင်မှု စွမ်းရည် သတ္တိ မရှိသောကြောင့် ဈာနပစ္စည်းတို့၌ မပါဝင်ဟု မှတ်ရမည်။

## ❁ " ဈာနပစ္စည်း" ဟူသည်... ❁

သမထဈာန်ကိုသာ ဆိုလိုသည်မဟုတ်၊ သာမန်နေ့စဉ်ဘဝမှာ အာရုံကို စူးစိုက်ပြီး ပြုလုပ် ပြောဆို ကြံတွေးနေမှု မှန်သမျှကို ဆိုလို၏။

ဈာနပစ္စယောကို သမထကျင့်စဉ်ဖြင့် ရလာသောဈာန်တရားကိုသာ ဟောလိုရင်းမဟုတ်၊ အကုသိုလ်စိတ်နှင့် အတူဖြစ်သော ဝိတက် ဝိစာရ ပီတိ သုခဝေဒနာ ဧကဂ္ဂတာ တို့ကိုလည်း ဟောလို၏။

လိုရင်းချုပ်ရလျှင် သမထဈာန် နှင့် သာမန်ပြုလုပ်ပြောဆို ကြံတွေးခြင်းတို့ကို စူးစိုက်ထား ခြင်းများသည် " **ဈာနပစ္စယော**" ဟု မှတ်ရမည်။

## ❀ အကုသိုလ်ဝိတက် (၉) မျိုး ❀

**ကြမ်းကြုတ်သော အကြမ်းစားဝိတက် (၃) မျိုး**

၁။ ကာမဝိတက် = သက်ရှိသက်မဲ့ကို စွဲလမ်းကာ ရလိုမှု နှစ်သက်မှု စိတ်ကူးအတွေး မျိုးစုံ။

၂။ ဗျာပါဒဝိတက် = မိမိ၊ သူတစ်ပါးနှင့်စပ်၍ဖြစ်စေ၊ ရာသီဥတု စသည်ကြောင့်ဖြစ်စေ စိတ်ဆိုးစိတ်ပျက်မှု အတွေးမျိုးစုံ။

၃။ ဝိဟိံသာဝိတက် = သူတစ်ပါးကို ဒုက္ခရောက်အောင် နှိပ်စက်ဖို့ အတွေးမျိုးစုံ။

**သိမ်မွေ့သော အနုစားဝိတက် (၆) မျိုး**

၁။ ဉာတိဝိတက် = ဆွေမျိုးသားချင်းနှင့် ဆက်စပ်သောတွေးမှု။

၂။ ဇနပဒဝိတက် = တိုင်းပြည် မြို့ရွာနှင့် ဆက်စပ်သောတွေးမှု။

၃။ အမရာဝိတက် = မသေဖို့ရာအတွက် တွေးတောမှု။

- သေခြင်းကင်းပြီး ချမ်းသာဖို့အတွက်ဟု ယူဆပြီး ပင်ပန်းဆင်းရဲစွာ ကျင့်အပ်သော အကျင့်နှင့် ဆက်စပ်သောတွေးမှု။
- နတ်ပြည်ဖြစ်ဖို့ရာအတွက်ဟု ယူဆပြီး ပင်ပန်းဆင်းရဲစွာ ကျင့်အပ်သော အကျင့်နှင့် ဆက်စပ်သောတွေးမှု။
- တစ်ဖက်သတ် မရပ်တည်နိုင်သဖြင့် 'အမရ' မည်သော ငါးလို မပြတ်မသား ရှောင်လွှဲတတ် ငြင်းပယ်တတ်သော ဝိတက်။
- အမရာဝိက္ခေပဒိဋ္ဌိ = ဆုံးဖြတ်ချက် မချနိုင်သဖြင့် မပြတ်သားသော အယူဝါဒနှင့်တကွ ဖြစ်သောဝိတက်။

၄။ ပရာနုဒယတာ ပဋိသံယုတ္တဝိတက် = သူတစ်ပါးကို သနားသဖြင့် ကူညီပေးလိုမှုနှင့် စဉ်းစားတွေးတောခြင်း။

(မိမိကို သူတစ်ပါးက သနားပြီး ကူညီပေးချင်အောင် စဉ်းစားတွေးတောခြင်း)

၅။ လာဘာသက္ကာရသိလောက ပဋိသံယုတ္တဝိတက် = ပစ္စည်းလာဘ်လာဘရမှု၊ ရိုသေလေးစားမှု၊ နာမည်ကျော်ကြားမှုတို့နှင့် ဆက်စပ်သောတွေးတောမှု။

၆။ အနဝညတ္တိ ပဋိသံယုတ္တဝိတက် = မိမိအပေါ် သူတစ်ပါးက အထင်မသေးစေလိုသော တွေးတောမှု။

(စူဠနိဒ္ဒေသ၊ ၁၆၀)

## ❀ ကုသိုလ်ဝိတက် (၃) မျိုး ❀

၁။ နေက္ခမ္မဝိတက် = နှစ်သက်လိုစရာအာရုံများကို စွန့်လွှတ်သောအတွေး ၊ အလောဘ အတွေး။

၂။ အဗျာပါဒဝိတက် = သည်းခံခြင်း ၊ ခွင့်လွှတ်ခြင်း အတွေး။

၃။ အဝိဟိံသာဝိတက် = သနားကြင်နာခြင်းအတွေး။

## ❀ နေက္ခမ္မ (၅) မျိုး ❀

**ပဗ္ဗဇ္ဇာ ပဌမံ ဈာနံ ၊ နိဗ္ဗာနဉ္စ ဝိပဿနာ။**

**သဗ္ဗေပိ ကုသလာဓမ္မာ ၊ နေက္ခမ္မန္တိ ပဝုစ္စရေ။**

(ဣတိဝုတ်၊ ဋ္ဌ၊ ၁၀၉)

- ☑ အိမ်ထောင်အနှောင်အဖွဲ့မှ လွတ်မြောက်တတ်သောကြောင့် “**ရဟန်း**” အဖြစ်သည် နေက္ခမ္မ။
- ☑ နီဝရဏတရားတို့မှ လွတ်မြောက်တက်သောကြောင့် “ **ပဌမဈာန်**” သည် နေက္ခမ္မ။
- ☑ အလုံးစုံသော သင်္ခါရတရားတို့မှ လွတ်မြောက်တတ်သောကြောင့် “ **နိဗ္ဗာန်**” သည် နေက္ခမ္မ။
- ☑ နိစ္စ ၊ သုခ ၊ အတ္တ ၊ သုဘ ဟု ရှုတတ်သော အကုသိုလ်တရားတို့မှ လွတ်မြောက်တတ်သောကြောင့် “ **ဝိပဿနာ**” သည် နေက္ခမ္မ။
- ☑ နီဝရဏတရား ၊ ကိလေသာတရားတို့မှ လွတ်မြောက်သောကြောင့် “ **ဒုတိယဈာန်စသော ကုသိုလ် ၊ မဂ်ကုသိုလ်**” တို့သည် နေက္ခမ္မ။

## ❁ ဈာန်တရား၌ ဝေဒနာအားလုံးကို ဝိပဿနာ ရှုသင့် မရှုသင့် ❁

➢ ဈာန်တရား၌ သုခ (သောမနဿ) ဝေဒနာ၊ ဥပေက္ခာဝေဒနာ တို့သာ ရှိကြ၏။ ထို့ကြောင့် ဒုက္ခဝေဒနာကို ဝိပဿနာရှုဖို့မလိုပါ။

➢ ဈာန်မရဘဲ ဝိပဿနာသက်သက်ရှုရာ၌ ဝေဒနာအားလုံးကို ဝိပဿနာရှုရမည်။

## ❁ ဉာဏ်အမြင် မကြည်လင် မထင်ရှားခြင်း၊ ကြည်လင် ထင်ရှားခြင်း အကြောင်း ❁

သင်္ဂါရဝ ပုဏ္ဏားသည် ဗုဒ္ဓကို "အရှင်ဂေါတမ! တခါတရံ ကြာမြင့်စွာ လေ့ကျက်ထားသော ကျမ်းစာသည် ဉာဏ်အမြင်၌ မကြည်လင် မထင်ရှားဘဲ ရှိပါတယ်။ တခါတရံတွင်မူ ကြာမြင့်စွာ လေ့ကျက်မထားသော ကျမ်းစာသည် ဉာဏ်အမြင်၌ ကြည်လင်ထင်ရှားနေပါတယ်။ အဘယ့်ကြောင့် ထိုသို့ဖြစ်နေပါသလဲ?" ဟု မေးလျှောက်ရာ ဗုဒ္ဓက ...

> "ကာမရာဂ စသော နီဝရဏတရား ငါးပါးတို့သည် ထကြွနေသောအခါ၌ ကြာမြင့်စွာ လေ့ကျက်ထားသော ကျမ်းစာသည်ပင် ဉာဏ်အမြင်၌ မကြည်လင် မထင်ရှားဘဲ ရှိတတ်၏။ နီဝရဏတရား ငါးပါးတို့သည် ထကြွမနေသော အခါ၌မူ ကြာမြင့်စွာ လေ့ကျက်မထားသော ကျမ်းစာသည်ပင် ဉာဏ်အမြင်၌ ကြည်လင် ထင်ရှား၏"

ဟု ဖြေတော်မူ၏။

❖ ကြည်လင်နေသောရေခွက်ထဲ၌ အမဲ အဝါ စသော အရောင်တစ်မျိုးမျိုးကိုထည့်လျှင် မိမိ၏ မျက်နှာကို ကြည့်သောအခါ ကောင်းစွာမမြင်ရသကဲ့သို့ ကြည်လင်နေသော စိတ်ထဲ၌ "**ကာမစ္ဆန္ဒ**" (ရာဂ) အညစ်အကြေး ဖုံးနေသောအခါ...

☑ ဖြစ်ပေါ်နေသော "**ကာမစ္ဆန္ဒ**" **မှ လွတ်ကြောင်းတရား** (အသုဘ ပဌမဈာန်၊ ဝိပဿနာ၊ အရဟတ္တမဂ်တရား) ကို မသိသောအခါ၌...

*မိမိ၊ သူတစ်ပါး အကျိုးစီးပွားကို မသိမြင်နိုင်။*

❖ ရေကိုမီးဖြင့် အပူပေးသဖြင့် ဆူပွက် အငွေ့ထွက်နေချိန်တွင် ရေပူထဲ၌ ငုံ့ကြည့်သောအခါ မိမိ၏ မျက်နှာကို မမြင်ရသကဲ့သို့ "**ဗျာပါဒ**" အညစ်အကြေး ဖုံးနေသောအခါ...

☑ ဖြစ်နေသော "**ဗျာပါဒ**"**မှ လွတ်ကြောင်းတရား** (မေတ္တာစျာန် ၊ ဝိပဿနာ ၊ အနာဂါမိ မဂ်တရား) ကို မသိသောအခါ၌...

*မိမိ၊ သူတစ်ပါး အကျိုးစီးပွားကို မသိမြင်နိုင်။*

❖ ရေမှော် ရေညှိ ဖုံးနေသောရေကန်၌ ကြည့်လျှင် မိမိ၏ မျက်နှာကို မမြင်ရသကဲ့သို့ "**ထိန မိဒ္ဓ**" အညစ်အကြေး ဖုံးနေသောအခါ...

☑ "**ထိန မိဒ္ဓ**" **မှ လွတ်ကြောင်းတရား** (ဥပစာရ၊ အပ္ပနာ အာလောကသညာ၊ ဝိပဿနာ၊ အရဟတ္တမဂ်တရား)ကို မသိသောအခါ၌...

*မိမိ၊ သူတစ်ပါး အကျိုးစီးပွားကို မသိမြင်နိုင်။*

❖ လေပြင်းတိုက်ခတ်သဖြင့် လှိုင်းထသော ရေကန်ပြင်၌ ကြည့်လျှင် မိမိ၏ မျက်နှာကို မမြင်ရ သကဲ့သို့ "**ဥဒ္ဓစ္စ ကုက္ကုစ္စ**" အညစ်အကြေး ဖုံးနေသောအခါ...

☑ "**ဥဒ္ဓစ္စ ကုက္ကုစ္စ**"**မှ လွတ်မြောက်ကြောင်းတရား** (ကသိဏစျာန်စသောစျာန် အားလုံး၊ ဝိပဿနာ၊ အရဟတ္တမဂ်၊ အနာဂါမိမဂ်တရား)ကို မသိသောအခါ၌...

*မိမိ၊ သူတစ်ပါး အကျိုးစီးပွားကို မသိမြင်နိုင်။*

❖ အနယ်အမှုန်များစွာရှိသော ရေခွက်၊ ရွှံ့ညွန်အိုင်ထဲ၌ ကြည့်လျှင် မိမိ၏ မျက်နှာကို မမြင်ရ သကဲ့သို့ "**ဝိစိကိစ္ဆာ**" အညစ်အကြေး ဖုံးနေသောအခါ...

☑ "**ဝိစိကိစ္ဆာ**"**မှ လွတ်မြောက်ကြောင်းတရား** (ဓမ္မဝဝတ္ထာန = ကုသိုလ်စသော တရားတို့ကို ဟုတ်တိုင်းမှန်စွာ ဆုံးဖြတ်ချက်ချနိုင်ခြင်း [အကြောင်းနှင့်တကွ ဖြစ်သော ရုပ်နာမ်တရားတို့ကို ခွဲခြားနိုင်ခြင်း] [ဥပစာရ, အပ္ပနာ အဆင့်ရှိသော တရား]၊ ဝိပဿနာ၊ သောတာပတ္တိမဂ်တရား)ကို မသိသောအခါ၌...

*မိမိ၊ သူတစ်ပါး အကျိုးစီးပွားကို မသိမြင်နိုင်။*

(အံ၊ ၂၊ ၂၀၂၊ သင်္ဂါရဝသုတ်၊ ပဥ္စကနိပါတ်)

# ❁ ဈာန် (၂) မျိုး ❁

၁။ သမာပတ် ရှစ်ပါးသည် ပထဝီကသိုဏ်းစသော သမထနိမိတ်အာရုံကို ရှုခြင်းကြောင့် "**အာရမ္မဏူပနိဇ္ဈာန်**" မည်၏။

၂။ ဝိပဿနာ မဂ် ဖိုလ်တို့သည် "**လက္ခဏူပနိဇ္ဈာန်**" မည်၏။

- ➢ ဝိပဿနာသည် ရုပ်နာမ်တရားတို့ကို "အနိစ္စ"စသည့် လက္ခဏာရေးသုံးပါးဖြင့် ရှုတတ်သောကြောင့် "လက္ခဏူပနိဇ္ဈာန်"။
- ➢ မဂ်သည် ဝိပဿနာဉာဏ်ဖြင့် ပြုအပ်ပြီးသောကိစ္စကို မဂ်ဖြင့် ရှုတတ်သောကြောင့် "လက္ခဏူပနိဇ္ဈာန်"။
- ➢ ဖိုလ်သည် နိရောဓသစ္စာ၏ ငြိမ်းအေးသောလက္ခဏာကို ရှုတတ်သောကြောင့် "လက္ခဏူပနိဇ္ဈာန်။

(မဟာနိဒ္ဒေသ၊ ဋ္ဌ၊ ၁၁၂၊ သာရတ္ထ၊ ဋီ၊ ပ၊ ၃၆၃၊ သံ၊ ဋီ ၊ ပ ၊ အံ၊ ဋီ၊ တ၊ ၁၁၃)

# မဂ္ဂပစ္စယော

## မဂ္ဂပစ္စယောတိ

မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

### ❁ မဂ္ဂပစ္စည်း အဓိပ္ပါယ် ❁

**မဂ္ဂပစ္စယော = မဂ္ဂ + ပစ္စယော။**

**မဂ္ဂ** = လမ်းကြောင်း ။

➢ "**သမ္မာမဂ္ဂင်**" (ကုသိုလ်မဂ္ဂင်) များသည် သုဂတိသို့ ရောက်ဖို့ရာလမ်းကြောင်း ဖြစ်၏။

❖ ထို "သမ္မာမဂ္ဂင်လမ်း" ကို အတက်လမ်း ၊ သုဂတိ နိဗ္ဗာန်လမ်း ၊ အဆန်လမ်း ဟု ခေါ်၏။

➢ "**မိစ္ဆာမဂ္ဂင်**" (အကုသိုလ်မဂ္ဂင်) များသည် ဒုဂ္ဂတိသို့ ရောက်ဖို့ရာလမ်းကြောင်း ဖြစ်၏။

❖ ထို "မိစ္ဆာမဂ္ဂင်လမ်း" ကို အဆင်းလမ်း၊ ဒုဂ္ဂတိ အပါယ်လမ်း၊ အစုန်လမ်း ဟု ခေါ်၏။

**ထို "မဂ္ဂ" မည်သော တရားအပေါင်း၏ အစိတ်အင်္ဂါကို မဂ္ဂင်္ဂ = မဂ္ဂင် ဟု ခေါ်၏။**

ထိုထိုဂတိ ရောက်မည့်လမ်းကြောင်း တရားပေါင်းကို မဂ္ဂဆိုဘိ
ထို၏အင်္ဂါ အစိတ်မှာမူ "မဂ္ဂင်" ဟူ မှတ်ယူအမြဲခေါ်။

(အခြေပြု သင်္ဂြိုဟ်)

"**မဂ္ဂသဒ္ဒါ**" သည် "**လမ်းခရီး**" ကို ဆိုလို၏။
လမ်းခရီးနှင့်တူသော "**ပညာ**" စသည့်လမ်းစဉ်ကို "**မဂ္ဂ**" **(မဂ်)** ဟုခေါ်၏။

❖ ပကတိလမ်းခရီးသည် ကောင်းသောအရပ်သို့ငှင်း၊ မကောင်းသောအရပ်သို့ငှင်း ရောက်စေ တတ်၏။ ထို့အတူ "ပညာ" စသော "သမ္မာမဂ္ဂင်" တို့သည် ဒုဂ္ဂတိဘုံဘဝမှ သုဂတိဘုံဘဝ သို့ငှင်း၊ စိတ်၏ ညစ်နွမ်းခြင်းမှ ဖြူစင်ခြင်းသို့ငှင်း ရောက်စေတတ်၏။

❖ "ဒိဋ္ဌိ" စသော "မိစ္ဆာမဂ္ဂင်" တို့သည် သုဂတိဘုံဘဝမှ ဒုဂ္ဂတိဘုံဘဝသို့ငှင်း၊ စိတ်၏ ဖြူစင်ခြင်း မှ ညစ်နွမ်းခြင်းသို့ငှင်း ရောက်စေတတ်၏။

❖ ဤသို့ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ **ထိုထိုဘဝ ထိုထိုစိတ်ထားများသို့ ရောက်စေနိုင်အောင် ပို့ဆောင်နိုင်သောသတ္တိ**သည် "**မဂ္ဂပစ္စည်း**" ဖြစ်၏။

## ❀ မဂ္ဂပစ္စည်း၏ ဥပမာ ❀

ဤ "မဂ္ဂပစ္စည်း" ကို ရှေးဆရာမြတ်တို့သည် လှေသင်္ဘောနှင့်တူ၏ဟု မိန့်ကြ၏။ လှေသင်္ဘောသည် ဤဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ငှင်း၊ ဟိုဘက်ကမ်းမှ ဤဘက်ကမ်းသို့ငှင်း ပို့ဆောင်သကဲ့သို့၊ ထို့အတူ မဂ္ဂင်တရားတို့သည် သုဂတိမှ ဒုဂ္ဂတိသို့ငှင်း၊ ဒုဂ္ဂတိမှ သုဂတိသို့ငှင်း ပို့ဆောင်တတ်ကြ၏။

အမှန်စင်စစ်မှာမူ မဂ္ဂင်တရားတို့သည် သတ္တဝါတို့အား သုဂတိသို့ငှင်း၊ ဒုဂ္ဂတိသို့ငှင်း ရောက်စေတတ်သည့် လမ်းစဉ်ဖြစ်သောကြောင့် လမ်းခရီးနှင့်တူ၏ဟုဆိုလျှင် အဓိပ္ပါယ်ပေါ်လွင် ထင်ရှား၏။

"မဂ္ဂသဒ္ဒါ" သည် "လမ်းခရီး" ဟု အဓိပ္ပါယ်ဆိုလိုသောကြောင့် စဉ်းစားကြည့်လျှင် လွယ်လွယ်နှင့် ထိရောက်သည့် ဥပမာဖြစ်သည်ဟု ယူဆနိုင်၏။ "ပကတိလမ်းခရီး" သည် လမ်းပေါ်၌ သွားလာနေသူ ကို လိုရာအရပ်သို့ ပို့ဆောင်သကဲ့သို့၊ ထို့အတူ ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ တို့၌ရှိသော "မဂ္ဂင် တရား" တို့သည် အတူဖြစ်ဖက်တရားများကို လိုရာအာရုံ လိုရာကိစ္စသို့ ဆောင်ပို့နိုင်သော သတ္တိသည် "မဂ္ဂပစ္စည်း" ဖြစ်၏။

ဒုဂ္ဂတိဘုံဘဝ၊ သုဂတိဘုံဘဝသို့ငှင်း၊ နိဗ္ဗာန်သို့ငှင်း ပြေးသွားနေသော စိတ် စေတနာ ၏ လမ်းခရီးသဖွယ် ကျေးဇူးပြုတတ်သော တရားစုသည် "မဂ္ဂပစ္စည်း" ဖြစ်၏။

"စိတ်စေတနာ" ကို ဖြောင့်ဖြောင့်သွားစေရန်ငှင်း၊ ကောက်ကောက်သွားစေရန်ငှင်း ကျေးဇူးပြုတတ်သောတရားဟု ဆိုလို၏။

## ❀ မဂ္ဂင် (၁၂) ပါး ❀

| **သမ္မာမဂ္ဂင် (၈) ပါး** | **တရားကိုယ်** | **မိစ္ဆာမဂ္ဂင် (၄) ပါး** | **တရားကိုယ်** |
|---|---|---|---|
| သမ္မာဒိဋ္ဌိ | ပညာ | မိစ္ဆာဒိဋ္ဌိ | ဒိဋ္ဌိ |
| သမ္မာသင်္ကပ္ပ | ဝိတက် | မိစ္ဆာသင်္ကပ္ပ | ဝိတက် |
| သမ္မာဝါစာ | သမ္မာဝါစာ } ဝိရတီ (၃) ပါး | | |
| သမ္မာကမ္မန္တ | သမ္မာကမ္မန္တ } ဝိရတီ (၃) ပါး | | |
| သမ္မာအာဇီဝ | သမ္မာအာဇီဝ } ဝိရတီ (၃) ပါး | | |
| သမ္မာဝါယမ | ဝီရိယ | မိစ္ဆာဝါယာမ | ဝီရိယ |
| သမ္မာသတိ | သတိ | | |
| သမ္မာသမာဓိ | ဧကဂ္ဂတာ | မိစ္ဆာသမာဓိ | ဧကဂ္ဂတာ |
| **တူရာပေါင်းယူလျှင် မဂ္ဂင်တရားကိုယ် (၉) ပါး** | | | |

"**မဂ္ဂင်တရားကိုယ် (၉) ပါး**" တို့တွင်...

- **ပညာ စေတသိက်၊ ဝိရတီ စေတသိက် (၃) ပါး၊ သတိ စေတသိက်**
    - ❖ ဤငါးပါးတို့သည် ကုသိုလ်၊ ဝိပါက်၊ ကြိယာ စိတ်တို့၌သာ အတူတကွဖြစ်ကြ၏။
- **ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာ စေတသိက် (၃) ပါး** တို့သည်
    - ❖ အကုသိုလ်၊ ကုသိုလ်၊ ဝိပါက်၊ ကြိယာ စိတ်တို့၌ ထိုက်သည်အားလျော်စွာ အတူတကွ ဖြစ်ကြ၏။
- **ဒိဋ္ဌိ စေတသိက်** သည်ကား
    - ❖ အကုသိုလ်စိတ်၌သာ အတူတကွဖြစ်ကြ၏။
- **ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာ တို့သည်**
    - ❖ **ကုသိုလ်၊ ဝိပါက်၊ ကြိယာ စိတ်တို့၌ ဖြစ်လျှင်** "သမ္မာမဂ္ဂင်" များ ဖြစ်ကြ၏။
- **ထို ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာတို့သည်**
    - ❖ **အကုသိုလ်စိတ်၌ ဖြစ်လျှင်** "မိစ္ဆာမဂ္ဂင်" များ ဖြစ်ကြ၏။

" **မဂ္ဂင်တရားကိုယ် (၉) ပါး**" တို့တွင်...

- ➢ အချို့သော မဂ္ဂင်စေတသိက်တို့သည် အဟိတ်စိတ် (၁၈) ပါး တို့၌ အတူတကွ ဖြစ်ကြသော်လည်း ထိုစေတသိက်တို့သည် မဂ္ဂင်မထိုက်။
- ➢ မဂ္ဂင်တရားတို့သည် အဟိတ်စိတ် (၁၈)ပါးတို့အား "မဂ္ဂပစ္စယ" သတ္တိဖြင့် ကျေးဇူးမပြုနိုင်သောကြောင့် **သဟိတ်စိတ် (၇၁)ပါး**တို့အားသာ "**မဂ္ဂပစ္စယ**" **သတ္တိ**ဖြင့် ကျေးဇူးပြုကြ၏။

## ကျေးဇူးပြုခြင်းများ

၁။ "**အကုသိုလ်စိတ်**" များ၌ အတူတကွဖြစ်ကြကုန်သော လမ်းမှား လမ်းကောက် "မိစ္ဆာမဂ္ဂင်" တရားလေးပါးတို့ဖြင့် အကုသိုလ် ဒုစရိုက်မှုများကိုပြု၍ ဒုဂ္ဂတိဘုံဘဝသို့ ရောက်ရ၏။

၂။ "**ကုသိုလ်စိတ်**" များ၌ အတူတကွဖြစ်ကြကုန်သော လမ်းမှန် လမ်းဖြောင့် "သမ္မာမဂ္ဂင်" တရား ရှစ်ပါးတို့ဖြင့် ဒါန သီလ ဘာဝနာ → ကုသိုလ်သုစရိုက်တရား တို့ကိုပြု၍ သုဂတိဘုံဘဝသို့၎င်း၊ နိဗ္ဗာန်သို့၎င်း ရောက်ကြရ၏။

၃။ အကြောင်းဖြစ်သည့် ကုသိုလ်တရားကြောင့် ဖြစ်ရသော "**အကျိုးဝိပါက်စိတ်**" တို့၌ အတူတကွ ဖြစ်ကြသော "သမ္မာမဂ္ဂင်တရားရှစ်ပါး" တို့သည်လည်း "မဂ္ဂပစ္စည်း" ထိုက်ကြ၏။

၄။ "**ကြိယာစိတ်**" များ၌ အတူတကွဖြစ်ကြသော သမ္မာမဂ္ဂင်တရားရှစ်ပါးတို့သည် သုဂတိဘုံဘဝသို့ ဆောင်နိုင်သောတရားများဖြစ်သော်လည်း၊ ကိလေသာပြတ်၍ ဝဋ်လက်စငြိမ်းသတ် ပြီးသော ဘုရားရဟန္တာတို့သန္တာန်၌ ဖြစ်ရသောကြောင့် သုဂတိသို့ မဆောင်ပေ။

လောဘမူစိတ်တစ်ခု၌ ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိစေတသိက်တို့ အတူတကွဖြစ်ကြရာ၌ " ဝိတက်သည် ပစ္စည်း" ဖြစ်လျှင် → " လောဘမူစိတ်၊ ဝိတက် ကြဉ်သော စေတသိက် (၁၈)ပါး၊ စိတ္တဇရုပ်တို့သည် ပစ္စယုပ္ပန်" ဖြစ်ကြ၏။ " စိတ္တဇရုပ်" တို့သည် **အမြဲပစ္စယုပ္ပန်**ဖြစ်ကြ၏။ ပဋိသန္ဓေအခါ၌ ပစ္စယုပ္ပန်တရား၌ " ကမ္မဇရုပ်" ပါလာ၏။

| **အကြောင်း (ပစ္စည်း)** | **အကျိုး (ပစ္စယုပ္ပန်)** |
|---|---|
| ပညာ ဝိတက် ဝိရတီ (၃) ပါး၊ ဝီရိယ ၊ သတိ ၊ ဧကဂ္ဂတာ<br>ဒိဋ္ဌိ မဂ္ဂင်တရားကိုယ် (၉) ပါး | သဟိတ်စိတ် (၇၁)၊ စေ (၅၂)<br>စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် |

## ❖ ကျေးဇူးပြုပုံအကျယ် ❖

| **အကြောင်း (ပစ္စည်း)** | **သင်္ချာ (၇)** | | **အကျိုး (ပစ္စယုပ္ပန်)** |
|---|---|---|---|
| သမ္မာမဂ္ဂင် (၈) ပါး | ကု<br>ကု | ကု<br>အဗျာ | ကု (၂၁) စေ (၃၈) သမ္ပယုတ္တက္ခန္ဓာ<br>ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| မိစ္ဆာမဂ္ဂင် (၄) ပါး | အကု<br>အကု | အကု<br>အဗျာ | အကု (၁၂) စေ (၂၇) သမ္ပယုတ္တက္ခန္ဓာ<br>အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| သမ္မာမဂ္ဂင် (၈) ပါး | အဗျာ | အဗျာ | ဒွေပဉ္စ (၁၀) ကြဉ် ဝိ (၂၆) ကြိ (၂၀) စေ (၃၈)<br>စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် |

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော – ကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ မဂ္ဂပစ္စယေန ပစ္စယော။ (၁)

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော – ကုသလာနိ မဂ္ဂင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ (၂)

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော – ကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ (၃)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော – အကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တ ကာနံ ခန္ဓာနံ မဂ္ဂပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော – အကုသလာနိ မဂ္ဂင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ (၂)

အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော – အကုသလာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ (၃)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော – ဝိပါကာဗျာကတာနိ ကိရိယာဗျာကတာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာနိ မဂ္ဂင်္ဂါနိ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ (၁)

(ပဋ္ဌာဝါရ၊ ၁၅၈)

## ❁ " အချိန် ၊ နေရာ ၊ ပုဂ္ဂိုလ်" နှင့် " မဂ္ဂသတ္တိ" ❁

" မဂ္ဂသတ္တိ" တို့သည်...

- ကာလအားဖြင့် " ပစ္စုပ္ပန်" အနေဖြင့် ကျေးဇူးပြု၏။
- ဘုံအားဖြင့် " အသညသတ် မှတစ်ပါး ဘုံ (၃၀)" တွင်
- " နိရောဓသမာပတ်ဝင်စားဆဲပုဂ္ဂိုလ် မှတစ်ပါး ပုဂ္ဂိုလ်(၁၂) ယောက်လုံးတို့ သန္တာန်" ၌ ကျေးဇူးပြု၏။

◈ ◈ ◈ ◈ ◈ ◈

## ❁ " လမ်းစဉ်" နှင့် " ပန်းတိုင်" ❁

" မဂ္ဂင်တရားကိုယ်" စွမ်းအင်သတ္တိတို့သည် သံသရာဘဝခရီးတွင် သတ္တဝါတိုင်း လျှောက်လှမ်းနေရသည့် " **လမ်းစဉ်**" တို့ ဖြစ်ကြ၏။ လမ်းစဉ်ဆုံးလျှင် ဦးတည်ထားသည့် " **ပန်းတိုင်**" သို့ ရောက်မြဲ ဖြစ်၏။ ထိုဦးတည်ရာ " ပန်းတိုင်" သည် လျှောက်လှမ်းခဲ့သည့် " လမ်းစဉ်" အားလျော်စွာ ကွဲပြားမှု ရှိ၏။

- " **သမ္မာ လမ်းစဉ်**" ကို လျှောက်လှမ်းနေသူမှာ လမ်းဆုံးလျှင် " သုဂတိဘုံ ၊ နိဗ္ဗာန် ဟူသော ဦးတည်ရာပန်းတိုင်" သို့ ရောက်ရ၏။
- " **မိစ္ဆာ လမ်းစဉ်**" ကို လျှောက်လှမ်းနေသူမှာကား တစ်ဘဝလမ်းခရီးဆုံးသည်နှင့် " ဒုဂ္ဂတိဘုံသည် ဦးတည်ရာပန်းတိုင်" သဖွယ် ဖြစ်နေ၏။

သတ္တဝါတိုင်း လူတိုင်းသည် မိမိကြိုက်ရာပန်းတိုင်အတွက် ကိုယ်တိုင်လမ်းစဉ်ကို ရွေးချယ်၍ လျှောက်လှမ်းခွင့်ရှိနေကြ၏။

◈ ◈ ◈ ◈ ◈ ◈

## ❁ " လမ်းစဉ်မှန်" နှင့် " လမ်းစဉ်မှား" ❁

ဘဝသံသရာခရီးတွင် လျှောက်လှမ်းရမည့် လမ်းစဉ်သည်...

- သမ္မာလမ်းစဉ် နှင့်
- မိစ္ဆာလမ်းစဉ်

ဟု နှစ်မျိုးသာရှိ၏။

- " **သမ္မာလမ်းစဉ်**" သည် ဦးတည်ရာ " **ပန်းတိုင်မှန်**" ၏။
- " **မိစ္ဆာလမ်းစဉ်**" ကား ဦးတည်ရာ " **ပန်းတိုင်မှားယွင်း**" နေ၏။

***ထို့ကြောင့် ဦးတည်ရာပန်းတိုင်မှန်ဖို့အတွက် သမ္မာလမ်းစဉ်ကို ရွေးချယ်ပြီး လျှောက်လှမ်းတက်ဖို့ လို၏။***

◈ ◈ ◈ ◈ ◈ ◈

## ❁ " လမ်းမှန်" " လမ်းမှား" တို့၏ အကြောင်းတရား ❁

" လမ်းမှန်" " လမ်းမှား" တို့၏ မူလအကြောင်းရင်းမှာ " **ဒိဋ္ဌိ = အသိအမြင်အယူအဆ**" ဖြစ်၏။

→ **သမ္မာဒိဋ္ဌိ** = အသိအမြင်" **မှန်ကန်ခြင်း**" သည် လမ်းမှန်၏အကြောင်းဖြစ်၏။

- မူလတရားကိုယ်မှာ **ဝိဇ္ဇာ ဉာဏ် အလင်းရောင်** ဖြစ်၏။

→ **မိစ္ဆာဒိဋ္ဌိ** = အသိအမြင်အယူအဆ" **မှားယွင်းခြင်း**" သည် လမ်းမှား၏အကြောင်းဖြစ်၏။

- တရားကိုယ်မှာ **အဝိဇ္ဇာ မောဟ အမိုက်အမှောင်** ဖြစ်၏။

◈ ◈ ◈ ◈ ◈ ◈

## ❀ " သမ္မာဒိဋ္ဌိ" ဖြစ်ကြောင်း (၂) ပါး ❀

၁။ မိမိနှင့် သင့်တော်သော **သူတော်ကောင်းတရား ကြားနာရမှု**

(သူတစ်ပါးဟူသော **ဗဟိဒ္ဓ** အကြောင်းတရား)

၂။ **ယောနိသောမနသိကာရ** = သင့်တင့်စွာနှလုံးသွင်းမှု

(မိမိဟူသော **အဇ္ဈတ္တ** အကြောင်းတရား)

တို့ရှိလျှင် " **သမ္မာဒိဋ္ဌိ**" ဖြစ်ပေါ်လာနိုင်၏။

## ❀ " မိစ္ဆာဒိဋ္ဌိ" ဖြစ်ကြောင်း (၂) ပါး ❀

၁။ မိမိနှင့် မသင့်တော်သော **မသူတော်တရား ကြားနာမှု**

(သူတစ်ပါးဟူသော **ဗဟိဒ္ဓ** အကြောင်းတရား)

၂။ **အယောနိသောမနသိကာရ** = မသင့်တင့်စွာနှလုံးသွင်းမှု

(မိမိဟူသော **အဇ္ဈတ္တ** အကြောင်းတရား)

တို့ရှိလျှင် " **မိစ္ဆာဒိဋ္ဌိ**" ဖြစ်ပေါ်လာနိုင်၏။

## ❀ " ဒိဋ္ဌိ" ဖြစ်ကြောင်းတရား (၈) ပါး ❀

၁။ " ခန္ဓာငါးပါး" ကို အကြောင်းပြု၍ ဒိဋ္ဌိ ဖြစ်ခြင်း။

၂။ " အဝိဇ္ဇာ" ကို အကြောင်းပြု၍ ဒိဋ္ဌိ ဖြစ်ခြင်း။

၃။ " ဖဿ" ကို အကြောင်းပြု၍ ဒိဋ္ဌိ ဖြစ်ခြင်း။

၄။ " သညာ" ကို အကြောင်းပြု၍ ဒိဋ္ဌိ ဖြစ်ခြင်း။

၅။ " ဝိတက်" ကို အကြောင်းပြု၍ ဒိဋ္ဌိ ဖြစ်ခြင်း။

၆။ " အယောနိသောမနသိကာရ" ကို အကြောင်းပြု၍ ဒိဋ္ဌိ ဖြစ်ခြင်း။

၇။ " မကောင်းသည့် မိတ်ဆွေ(ဆရာ)" ကို အကြောင်းပြု၍ ဒိဋ္ဌိ ဖြစ်ခြင်း။

၈။ " မှားနေသည့်တရားကိုနာမိ၊ သင်ယူလေ့လာမိ၊ ဖတ်မိခြင်း" ကိုအကြောင်းပြု၍ဒိဋ္ဌိဖြစ်ခြင်း။

(ပဋိသမ္ဘိဒါမဂ္ဂ ၊ ၁၃၂)

**ခန္ဓာမသိ အဝိဇ္ဇာရှိ တွေ့ထိအမှတ်မှား။**

**သူယုတ်ပေါင်းသင်း နှလုံးသွင်းလွဲ ကြံခြင်းမမှန် ကြားနာပြန် ဧကန်တရားမှား။**

**ဤရှစ်ပါးတွင် တစ်ခုပင်ကြောင်း အမြင်ယွင်းဖောက် ဒိဋ္ဌိရောက် တောက်လျှောက် အပါယ်သွား။**

မိုးကုတ်ဆရာတော်ကြီး၏ အလင်္ကာကို
အနည်းငယ်ပြင်ထားသည်။

## ❀ မိစ္ဆာဒိဋ္ဌိ ❀

"**မိစ္ဆာဒိဋ္ဌိ = မှားယွင်းသည့်အယူအဆ**" သည် ဒီဃနိကာယ်၊ ဗြဟ္မဇာလသုတ်၌ (၆၂) မျိုးရှိ၏ ဟု ဟောထား၏။ ထို (၆၂) မျိုးတွင်...

- "ဥစ္ဆေဒဒိဋ္ဌိ" သည် (၇)မျိုးသာပါရှိ၏။
- ကျန်အားလုံးမှာ "သဿတဒိဋ္ဌိ" ချည်းသာဖြစ်၏။

အယူဝါဒများကို အကျဉ်းချုပ်ကြည့်လျှင်...

၁။ "**အဆိုးဝါးဆုံးအဆင့်ဖြစ်သည့် မိစ္ဆာဒိဋ္ဌိ**" တို့သည်...

(က) ကောင်းမှု၊ မကောင်းမှုတို့၏ ကောင်းကျိုးဆိုးကျိုးကို လက်မခံသည့် အယူအဆသည် "**နတ္ထိကဒိဋ္ဌိ**"၊

(ခ) လောကမှာကြုံတွေ့ရသည့် အကောင်းအဆိုးမှန်သမျှသည် အကြောင်းမရှိဘဲ သူ့ဖြစ်သလို ဖြစ်နေတယ်ဟု အကြောင်းကိုလက်မခံသည့် အယူအဆသည် "**အဟေတုက ဒိဋ္ဌိ**"၊

(ဂ) ကုသိုလ်ကံ အကုသိုလ်ကံ တို့ကို ပြုလုပ်သော်လည်း ပြုလုပ်ရာမရောက်ဟု ပြုလုပ်အပ်သောကံကို လက်မခံသည့်အယူအဆသည် " **အကိရိယဒိဋ္ဌိ**" တို့ ဖြစ်ကြ၏။

**သုဂတိဘုံဘဝနှင့် ကောင်းကျိုးချမ်းသာအားလုံးတို့ကို တားဆီးပိတ်ပင်တတ်**သည့်အဖြစ်ကြောင့် **အဆိုးဝါးဆုံး " မိစ္ဆာဒိဋ္ဌိ**" များ ဖြစ်ကြ၏။

ဤအယူအဆသုံးမျိုးရှိသူများကိုသာ " မိစ္ဆာဒိဋ္ဌိ" အစစ်ဟု ခေါ်ဆိုရသည်။

၂။ သုဂတိဘုံဘဝ နှင့် လောကီချမ်းသာသုခကို မတားဆီးသော်လည်း **မဂ် ဖိုလ် နိဗ္ဗာန် တို့ကို တားဆီးပိတ်ပင်**သည်၏ အဖြစ်ကြောင့် "ဒုတိယအဆင့်ဆိုရသည့် မိစ္ဆာဒိဋ္ဌိ" သည် " **အတ္တဒိဋ္ဌိ**" ဖြစ်၏။

- **အသက်ကောင် လိပ်ပြာကောင် ဝိညာဉ်ကောင် အတ္တကောင်**ဟု စွဲလမ်း ယုံကြည်နေမှုကို " အတ္တဒိဋ္ဌိ" ဟု ဆိုလို၏။ **သတ္တသညာ တစ်မျိုး**ပင်ဖြစ်၏။

  ဒြဗ်ဝတ္ထုထင်ရှားရှိခြင်းကို ဆိုလိုသည်မဟုတ်။

  - သက်ရှိ သက်မဲ့ အရာဝတ္ထုများကို ပြုလုပ် ဖန်တီးတတ်သည့် ကာရက-သဘော၊
  - ကောင်းဆိုးအမျိုးမျိုးကို ခံစားတတ်သည့် ဝေဒက-သဘော၊
  - သက်ရှိတို့၏ ခန္ဓာအိမ်ကို ပိုင်ဆိုင်အစိုးရသည့် သာမီ-သဘော၊
  - ခန္ဓာအိမ်တစ်ခု ပျက်စီးသွားသောအခါ နောက်ထပ်ခန္ဓာအိမ်အသစ်၌ ပြောင်းရွှေ့ပြီး အမြဲတည်နေတတ်သည့် နိဝါသီ-သဘော၊
  - ခန္ဓာကိုယ်ကြီးကို မိမိစီမံသည့်အတိုင်း လိုက်ပါစေနိုင်အောင် အစိုးရသည့် သယံဝသိ-သဘော ရှိသောအရာကို ဆိုလို၏။

- **ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးအစုအဝေးကြီးကို ငါ သူတစ်ပါး ယောကျာ်း မိန်းမ** စသည်ဖြင့် ထင်မှားပြီး စွဲလမ်းယုံကြည်ခြင်းသည် " အတ္တဒိဋ္ဌိ" ဖြစ်၏၊ **သတ္တသညာ တစ်မျိုး**ပင် ဖြစ်၏။

ဤ **သတ္တသညာ နှစ်မျိုးသည် " သက္ကာယဒိဋ္ဌိ" ဖြစ်၏။**

**" သက္ကာယဒိဋ္ဌိ"** သည် **ကံလမ်း ဈာန်လမ်းတို့ကို မပယ်ပါ**၊ ထို့ကြောင့် **သုဂတိဘုံဘဝ နှင့် လောကီချမ်းသာများကို ရနိုင်၏။**

## ❀ လမ်းစဉ်မှန် ❀

မြတ်ဗုဒ္ဓသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မြို့တွင်းသို့ ဆွမ်းခံကြွသောရဟန်းများကို ဘာသာခြား ပရိဗိုဇ်တို့သည်

" ငါ့ရှင်တို့... သင်တို့ဟာ ဘာအကျိုးအတွက် ရဟန်းဂေါတမထံ၌ အကျင့်မြတ်ကို ကျင့်သုံး နေကြသလဲ?" ဟုမေးကြသဖြင့်

ရဟန်းများက...

" ဆင်းရဲဒုက္ခကို ပိုင်းခြားသိလို၍ အကျင့်မြတ်ကို ကျင့်သုံးခြင်း ဖြစ်ကြတယ်" ဟု ဖြေကြားခဲ့ကြ၏။

ထိုသို့ဖြေခြင်းသည် မြတ်စွာဘုရား၏ဆုံးမဟောကြားမှုနှင့် လျော်ညီ မညီ မြတ်ဗုဒ္ဓကို မေး လျှောက်ကြရာ -

ဗုဒ္ဓက...

" ရဟန်းတို့... သင်တို့၏အဖြေသည် ငါဘုရား၏ဆုံးမ ဟောကြားမှု နှင့် လျော်ညီ၏၊ အကယ်၍ ဘာသာခြား ပရိဗိုဇ်တို့က

'ဤဆင်းရဲဒုက္ခကို ပိုင်းခြားသိဖို့ အကျင့်လမ်းစဉ်ရှိသလား' ဟု မေးခဲ့လျှင်...

'အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်လမ်းစဉ်ပင် ဖြစ်၏' ဟု ဖြေဆိုရမည်"

ဖြစ်ကြောင်းကို မိန့်တော်မူ၏။

ကိမတ္ထိယသုတ် (သံ၊ ၃၊ ၆) မဟာဝဂ္ဂသံယုတ်၊

(သံ၊ ၂၊ ၄၄၆) သဠာယတနဝဂ္ဂသံယုတ်။

"**မဂ္ဂင်ရှစ်ပါးလမ်းစဉ်" ကို ကျင့်သုံးမှသာ ဆင်းရဲဒုက္ခမှ ကောန်လွတ်မြောက်နိုင်၏**။ ဘ၀ ဆင်းရဲမှ လွတ်မြောက်ရာ နိဗ္ဗာန်သို့ ရောက်လိုသူသည် အာရုံငါးပါး ကာမဂုဏ်တရားများ အပေါ်၌ သာယာမက်မောပြီး ရပ်၍နေလျှင် မြုပ်သွားမည်၊ လမ်းမှားကျင့်သုံး၍နေလျှင်လည်း မြောသွား မည်၊ ရပ်၍မနေ မြော၍မသွားဘဲ မဂ္ဂင်ရှစ်တန် လမ်းစဉ်မှန်ဖြင့် ဧကန်မရပ်မနား ကျင့်ကြံအားထုတ် ပွားများနေရ၏။

မြတ်ဗုဒ္ဓသည် ရဟန်းများကို...

"ရဟန်းတို့... ဇေတဝန်ကျောင်းတိုက်အတွင်း၌ရှိသော မြက်၊ သစ်ရွက်များကို လူတို့သည် သယ်ယူမီးရှို့ကြလျှင် သင်တို့စိတ်မှာ နာကျင်ခံစားမှု ဖြစ်သလား?"

"မဖြစ်ပါ အရှင်ဘုရား"

"အဘယ့်ကြောင့် မဖြစ်သလဲ?"

"ဤ မြက်၊ သစ်ရွက်တို့သည် တပည့်တော်တို့၏ ကိုယ်ပိုင်ဥစ္စာ မဟုတ်သောကြောင့် ဖြစ်ပါတယ် အရှင်ဘုရား"

"ရဟန်းတို့... ထို မြက်၊ သစ်ရွက် ဥပမာလို သဘောထားပြီး သင်တို့သည် သင်တို့၏ခန္ဓာငါးပါး အပေါ်၌ ငါဥစ္စာ ငါ ငါ့အတ္တကောင်ဟူသော အစွဲကို စွန့်ပယ်(နိုင်အောင်ကျင့်) ကြလော့၊ ထိုသို့ စွန့်ပယ် (နိုင်အောင်ကျင့်)ခြင်းသည် အကျိုးစီးပွား ချမ်းသာခြင်းငှာ ဖြစ်လိမ့်မည်" ဟု မိန့်တော်မူ၏။

(သံ ၊ ၂ ၊ ၂၈) နတုမှာကံသုတ်၊ ခန္ဓဝဂ္ဂသံယုတ်။

## ❀ ရှစ်ဖြာမဂ္ဂင် အလုပ်ခွင် ❀

- အဋ္ဌင်္ဂိကမဂ်
  - ပုဗ္ဗဘာဂမဂ္ဂင်
    - သီလ
      - သမ္မာဝါစာ
      - သမ္မာကမ္မန္တ
      - သမ္မာအာဇီဝ
  - ကာရကမဂ္ဂင် / ပဉ္စင်္ဂိကမဂ်
    - သမာဓိ
      - သမ္မာဝါယာမ
      - သမ္မာသတိ
      - သမ္မာသမာဓိ
    - ပညာ
      - သမ္မာဒိဋ္ဌိ
      - သမ္မာသင်္ကပ္ပ

## ❀ မဂ္ဂင် (၂) မျိုး ❀

၁။ လောကီမဂ္ဂင်

၂။ လောကုတ္တရာမဂ္ဂင်

- ဝိပဿနာတရားကို အားထုတ်နေသော အခိုက်အတန့်၌ ဖြစ်နေသော မဂ္ဂင်ကို **"လောကီမဂ္ဂင်"** ဟု ခေါ်၏။
- မဂ်စိတ်နှင့်အတူဖြစ်သော မဂ္ဂင်ကို **"လောကုတ္တရာမဂ္ဂင်"** ဟု ခေါ်၏။

**"လောကီမဂ္ဂင်"**ကို အားထုတ်သောအခါ **"ပဉ္စင်္ဂိကမင်္ဂ"** **"အဋ္ဌင်္ဂိကမင်္ဂ"** ဟု နှစ်မျိုးရှိ၏။

- သီလဆောက်တည်ထားလျှင် **"အဋ္ဌင်္ဂိကမင်္ဂ"** ဖြစ်၏။
- သီလမဆောက်တည်လျှင် "ပဉ္စင်္ဂိကမင်္ဂ" ဖြစ်၏။

## ❀ သမ္မာဒိဋ္ဌိ (၆) မျိုး ❀

" **သစ္စာလေးပါးကို သိမြင်မှု**" သည် → "**သမ္မာဒိဋ္ဌိ**"

၁။ **ကမ္မဿကတာ သမ္မာဒိဋ္ဌိ**

"ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏"ဟု ယုံကြည်မှု အခြေခံရှိသည့် သိမြင်သော ဉာဏ်ဖြစ်၏။

အလှူသည် အကျိုးရှိ၏။ ကုသိုလ်ကံ၊ အကုသိုလ်ကံ တို့၏ အကျိုးသည်ရှိ၏။ ဤလောက၊ အခြားလောကသည် ရှိ၏။ မိဘဂုဏ်ကျေးဇူးသည် ရှိ၏။ နတ်ဗြဟ္မာတို့သည် ရှိ၏။ ဘုရားရဟန္တာတို့သည် ရှိ၏ ဟု ယုံကြည်သိမြင်သောဉာဏ် ကိုဆိုလို၏။

ပြုလုပ်နေသော ကိစ္စကို ကုသိုလ် ၊ အကုသိုလ် ဖြစ်မှုကို သိ၏။ ထို **ကုသိုလ် ၊ အကုသိုလ် တို့၏ အခြေခံအကြောင်းရင်းကို သိမြင်သော ဉာဏ်ဖြစ်၏။**

၂။ **ဈာန သမ္မာဒိဋ္ဌိ**

**ဈာန်ရသောအခါ၌ ဈာန်နှင့်အတူဖြစ်သော ပညာ**ကို **"ဈာန သမ္မာဒိဋ္ဌိ"** ဟုခေါ်၏။ ဈာန်စိတ်သည် မိမိသန္တာန်၌ ဖြစ်လာလျှင် ဈာန်ရ၏ဟု ဆိုရသည်။

## ၃။ ဝိပဿနာ သမ္မာဒိဋ္ဌိ

**ဝိပဿနာ အားထုတ်သောအခါ၌ ရရှိလာသည့် အသိဉာဏ်အမြင်**ကို **"ဝိပဿနာ သမ္မာဒိဋ္ဌိ"** ဟုခေါ်၏။ စာဖတ် တရားနာ လေ့လာပြီး သိသည့် အသိအမြင်မျိုးမဟုတ်၊ ရှုမှတ်နေသည့် အာရုံ၊ သင်္ခါရ သဘောတရားများကို ရှုမှတ်ရင်း " **အနိစ္စ ၊ ဒုက္ခ ၊ အနတ္တ**" ဟု အလိုလို အသိဉာဏ် ဖြစ်ပေါ်လာပြီး သိမြင်သည့် ဉာဏ်ကိုဆိုလို၏။

**လောက၌ ဖြစ်မှု ပျက်မှု မှန်သမျှသည် "သင်္ခါရ"ချည်းသာဖြစ်၏**၊ ဖြစ်မှု ပျက်မှုကို ကြာကြာမြင်လာလျှင် ဖြစ်မှု ပျက်မှုသည် နှိပ်စက်နေသည့် တရားပဲဟု အသိဉာဏ်တို့၌ အလိုလိုသဘောပေါက်လာ၏။ ဘယ်အာရုံကို ရှုရှု ဖြစ်မှု ပျက်မှုချည်းဟု စိတ်ထဲ၌ ဖြစ်ပေါ်နေလျှင် ငြီးငွေ့လာ၏။ ရှုရမှုသည် မကောင်းသလိုချည်း ဖြစ်နေ၏။ ဘယ်အရာမှ ကျေနပ်နှစ်သက်စရာမရှိဟု ဉာဏ်ဖြင့်သိမြင်ခြင်းကို "ဒုက္ခ"သဘောသိမြင်၏ ဟုဆိုရသည်။

"ဒုက္ခ"ဟူသည် နာကျင်ခံစားနေမှုသာ ဒုက္ခဟု ခေါ်ခြင်းမဟုတ်၊ ဝိပဿနာရှုသည့်အခါ ဖြစ်မှု ပျက်မှုကိုမြင်ပြီး **ဖြစ်မှု ပျက်မှုများ၏ နှိပ်စက်နေခြင်းဖြင့် ခံစားနေရမှု**ကို သိသော ဉာဏ်သည် **"ဒုက္ခ"**ကို သိနားလည်သောဉာဏ်ဖြစ်၏။

"အနိစ္စ"လည်း သိမြင်၏။ "ဒုက္ခ"လည်း သိမြင်၏ ဟုဆိုလျှင် "အနတ္တ"သဘောကို သိမြင်နိုင်၏။ မမြဲမှုကို မြဲအောင်ပြုလုပ်၍ မရသကဲ့သို့ ဖြစ်မှုပျက်မှုဖြင့် မပြတ်နှိပ်စက်ခံနေခြင်းကို ဖြစ်မှုပျက်မှုဖြင့် မပြတ်နှိပ်စက်မခံရအောင် ပြုလုပ်၍ တောင့်တ၍ မရနိုင်၊ ထို့ကြောင့် **ဘယ်အရာမှ အနှစ်သာရသည်မရှိဟု နားလည်သဘောပေါက်မှု**သည် **"အနတ္တ"** သဘောဖြစ်၏။

"အနတ္တ"၏ ဆန့်ကျင်ဘက်ဖြစ်သည့် "အတ္တ"ဟူသည် အမြဲတည်ရှိ၏။ ခန္ဓာကိုယ်တစ်ခုမှ တစ်ခုကို ပြောင်းသွား၏။ နောက်ဆုံး ကောင်းကင်ဘုံနိဗ္ဗာန်ကို ရောက်သွား၏။ ဗြဟ္မာကြီးနှင့် တွေ့ရ၏ဟု ယုံကြည်မှုဖြစ်၏။

ဝိပဿနာအားထုတ်သဖြင့် ဝိပဿနာဉာဏ်များဖြစ်ပြီး အမြင်မှန်ရလာသောအခါ လောက၌ "ရုပ်တရား" နှင့် "နာမ်တရား" သာ ရှိ၏။ ရှုမှတ်ခံရသည့် အာရုံနှင့် ရှုသိနေရသည့် သဘောသာ ရှိ၏ဟု နားလည်သဘောပေါက်၏။

### ၄။ မဂ္ဂ သမ္မာဒိဋ္ဌိ

**မဂ်အခိုက်အတန့်၌ ဖြစ်သော ဉာဏ်ပညာ**သည် **"မဂ္ဂ သမ္မာဒိဋ္ဌိ"** ဖြစ်၏။ **တရားထူး ရသည့် အခိုက်အတန့်၌ မဂ်စိတ်ဖြစ်၏**။ ထိုမဂ်စိတ်နှင့်အတူ မဂ္ဂင်ရှစ်ပါးသည် ဖြစ်၏။ ထိုမဂ္ဂင်ရှစ်ပါး ထဲမှ **"သမ္မာဒိဋ္ဌိ"**ကို ဆိုလို၏။

### ၅။ ဖလ သမ္မာဒိဋ္ဌိ

တရားထူးရသည့် အခိုက်အတန့်၌ ပထမဆုံးမဂ်စိတ် ဖြစ်၏။ **မဂ်စိတ်ဖြစ်ပြီး ဆက်တိုက်ပင် ဖိုလ်စိတ်ဖြစ်၏။** ထို **ဖိုလ်စိတ်နှင့်အတူဖြစ်သော မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိ**ကို **"ဖလ သမ္မာဒိဋ္ဌိ"** ဟု ခေါ်၏။

### ၆။ ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ

**ပစ္စဝေက္ခဏာဇောနှင့် အတူဖြစ်သော မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိ**သည် **"ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ"** ဖြစ်၏။

- ထိုသမ္မာဒိဋ္ဌိ(၆)မျိုးတို့တွင် **အရေးအကြီးဆုံး**သော သမ္မာဒိဋ္ဌိသည် **"ဝိပဿနာ သမ္မာဒိဋ္ဌိ"** ဖြစ်၏။
- "ကမ္မဿကတာ သမ္မာဒိဋ္ဌိ"ကို အခြေခံ၍ "ဝိပဿနာ သမ္မာဒိဋ္ဌိ"ကို ရအောင် အားထုတ်ရမည်။
- "ဝိပဿနာ သမ္မာဒိဋ္ဌိ"ကို ရအောင် အားထုတ်လျှင် "မဂ္ဂ သမ္မာဒိဋ္ဌိ" စသည်တို့ကို ရနိုင်၏။

## ❀ အနတ္တသဘောကို သိနိုင်ခြင်း ❀

အနိစ္စသဘော၊ ဒုက္ခသဘောတို့သည် မြတ်ဗုဒ္ဓ မပွင့်သော်လည်း သိမြင်နိုင်၏။ အနတ္တသဘောသည်ကား မြတ်ဗုဒ္ဓပွင့်တော်မူလာမှသာ သိမြင်နိုင်၏။ ထို့ကြောင့် **"အနတ္တ"သဘော သိမြင်အောင် ဝိပဿနာတရားကို ကြိုးစားအားထုတ်ရမည်။**

မြတ်ဗုဒ္ဓပွင့်တော်မူသည်ဖြစ်စေ ၊ မပွင့်တော်မူသည်ဖြစ်စေ "သင်္ခါရ"သဘောတရားတို့၏ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောများသည် ထင်ရှားရှိနေ၏၊ ထို သဘောတရားတို့ကို သတ္တဝါများသည် အဝိဇ္ဇာဖုံးလွှမ်းနေသဖြင့် မသိမြင်နိုင်။ ထို့ကြောင့် ယောဂီပုဂ္ဂိုလ်သည် "သမ္မာဒိဋ္ဌိ" ရအောင် အားထုတ်ရမည်။

## ❀ "ဈာနပစ္စယသတ္တိ" နှင့် "မဂ္ဂပစ္စယသတ္တိ" အထူး ❀

- **"ဈာနပစ္စည်း"**သည် အာရုံ၌ စိတ်ကို ဖြောင့်တန်းစွာ ပြုတတ်၏၊ စွဲမြဲအောင်ပြုတတ်၏။ ကသိုဏ်းနိမိတ်အစရှိသော နိမိတ်အာရုံ၌ စိတ်ကို စူးဝင်အောင် စူးစိုက်နေအောင် ပြုတတ်၏။
- **"မဂ္ဂပစ္စည်း"**သည်ကား သံသရာစခန်း ခရီးလမ်း၌ စေတနာကံကိုဒင်း၊ သံသရာမှလွတ်ရာ နိဗ္ဗာန်လမ်း၌ ဘာဝနာကံကိုဒင်း ဖြောင့်တန်းစွာပြုတတ်၏။ ခိုင်မြဲအောင် ပြုတတ်၏။ ကံအထမြောက်ခြင်းသို့ရောက်အောင် ပြုတတ်၏။ ဘုံဘဝ အထူးထူးသို့ ရောက်အောင် ပြုတတ်၏။ ဘုံဘဝမှ လွတ်မြောက်ရာ နိဗ္ဗာန်သို့ ရောက်အောင်ပြုတတ်၏။ ဤသို့ထူးကြသည်။

# သမ္ပယုတ္တပစ္စယော

## သမ္ပယုတ္တပစ္စယောတိ

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

## ❁ သမ္ပယုတ္တပစ္စည်း အဓိပ္ပါယ် ❁

**သမ္ပယုတ္တပစ္စယော** = သမ္ပယုတ္တ + ပစ္စယော။

**သမ္ပယုတ္တ** = သံ + ပ + ယုတ္တ။

**သံ** = ညီတူညီမျှ။

**ပ** = တစ်မျိုးနှင့်တစ်မျိုး မတူသောအမျိုးအစား။

**ယုတ္တ** = ယှဉ်တွဲနေသည့်သဘောတရား။

- သဘောလက္ခဏာအသီးသီး အမျိုးမျိုးဖြစ်နေကြသော စိတ် စေတသိက် ဟူသော နာမ်တရားတို့သည် ညီတူညီမျှ တစ်စုတည်း အဖြစ်ဖြင့် ယှဉ်တွဲရောနှော၍ ဖြစ်နေကြခြင်းသည် "**သမ္ပယုတ္တ**" ဖြစ်၏။
- စိတ် စေတသိက် ဟူသော နာမ်ခန္ဓာလေးပါးတို့သည် အညီအမျှ တစ်ပေါင်းတည်း အဖြစ်ဖြင့် ယှဉ်တွဲရောနှောလျက် ကျေးဇူးပြုမှုသဘောကို "**သမ္ပယုတ္တပစ္စည်း**" ဟုခေါ်၏။

## ❁ "သမ္ပယုတ္တပစ္စည်း" ၏ ဥပမာ ❁

"**သမ္ပယုတ္တပစ္စည်း**" ကို "စတုမဓု" အနေဖြင့် ဥပမာပြကြ၏။

ထောပတ် ပျားရည် သကာ(တင်လဲ) ဆီ ဟူသော အရသာအချိုအဆိမ့် လေးမျိုးကို အညီအမျှ ထည့်ပြီး သမအောင် ကျိုချက်ထားခြင်းသည် "စတုမဓု" ဖြစ်၏။ ယင်း "စတုမဓု" မှာ

ဤအရသာသည် ထောပတ်အရသာ၊ ဤအရသာကား ပျားရည်အရသာ စသည်ဖြင့် ခွဲခြား၍ မသိနိုင်အောင် ရောနှောသမနေသကဲ့သို့၊ ထို့အတူ နာမ်ခန္ဓာလေးပါးတို့သည် အတူတကွယှဉ်၍ တစ်ခုတည်းဖြစ်နေ သည့်အခါ ဤသဘောသည် ဝေဒနာက္ခန္ဓာ၊ ဤသဘောကား ဝိညာဏက္ခန္ဓာ စသည်ဖြင့် ခွဲခြား၍ မသိနိုင်အောင် ယှဉ်တွဲရောနှောသမနေကြ၏။

ထို့ကြောင့် "နာမ်ခန္ဓာလေးပါးတို့ အညီအမျှ အတူတကွ ယှဉ်တွဲရောနှောဖြစ်ကြရာ၌ အချင်းချင်း မဆန့်ကျင်ဘဲ တစ်ပါး၏သဘောကို တစ်ပါးကလိုက်လျောနိုင်သောသတ္တိ" သည် "**သမ္ပယုတ္တပစ္စည်း**" မည်၏။

"**စိတ် စေတသိက် ဟူသော နာမ်ခန္ဓာလေးပါး**" တို့သည် အဘယ်လက္ခဏာအင်္ဂါတို့ဖြင့် အတူတကွ ရောနှော၍ ဖြစ်နေကြသလဲဆိုလျှင် ထိုစိတ်စေတသိက်တို့သည်...

- ➢ အတူတကွ ဖြစ်ကြသောအခါ အားလုံးပင် အတူတကွ တပြိုင်နက်တည်း ဖြစ်ကြ၏။
- ➢ အတူတကွ တပြိုင်နက် တည်း ချုပ်ကြ၏။
- ➢ အာရုံတစ်ခု တည်းကိုသာ အာရုံပြုကြ၏။
- ➢ မှီရာဝတ္ထု တစ်ခုတည်း၌သာ မှီ၍ဖြစ်ကြ၏။

ဤသို့ "**ဖြစ်အတူ၊ ချုပ် (ပျက်) အတူ၊ အာရုံတူ၊ မှီရာဝတ္ထုတူ**" ဟူသော လက္ခဏာအင်္ဂါလေးရပ်နှင့် ပြည့်စုံလျက် ရောနှော၍ ဖြစ်နေကြ၏။

ဤလက္ခဏာ အင်္ဂါလေးရပ်နှင့် ပြည့်စုံမှသာ "**သမ္ပယုတ္တပစ္စည်း**" ဖြစ်နိုင်ကြ၏။ ယင်း လက္ခဏာအင်္ဂါလေးရပ်နှင့် ပြည့်စုံသောတရားတို့သည် စိတ်စေတသိက်ဟူသော နာမ်တရားတို့သာ ဖြစ်ကြ၏။

## ❀ သမ္ပယုတ္တပစ္စည်းကိုဟောရခြင်း ❀

ရုပ်ကလာပ်တစ်ခု၌ ပါရှိသော ရုပ်တရားတို့သည် ဖြစ်အတူ၊ ချုပ် (ပျက်) အတူ၊ တူသော မှီရာ မဟာဘုတ် ရှိကြ၍ "သမ္ပယုတ္တပစ္စည်း" ဖြစ်လေသလားဟု ယုံမှားဖွယ်ရှိ၍၊ ထိုယုံမှားဖွယ်ကို ပယ်ဖျောက် ရန် "သမ္ပယုတ္တပစ္စည်း" ကို ဟောရခြင်းဖြစ်၏။

လက္ခဏာအင်္ဂါလေးရပ်နှင့် ပြည့်စုံသည့်တရားမျိုးဖြစ်မှ "သမ္ပယုတ္တပစ္စည်း" ဖြစ်နိုင်၏။ "**ရုပ်တရား**" တို့ကား ထိုလက္ခဏာ အင်္ဂါလေးရပ်နှင့် မပြည့်စုံသဖြင့် "**သမ္ပယုတ္တပစ္စည်း**" **မဖြစ်နိုင်**။

"သဟဇာတပစ္စည်း" ၌ စိတ် စေတသိက် နာမ်ခန္ဓာလေးပါးနှင့် စိတ်ကြောင့်ဖြစ်ကြသည့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် တို့သည်၎င်း၊ ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ် စေတသိက်ဟူသော နာမ်ခန္ဓာလေးပါးနှင့် ဟဒယဝတ္ထုတို့သည်၎င်း၊ ရုပ်တရားအချင်းချင်းတို့သည်၎င်း အတူတကွ ဖြစ်ကြသဖြင့် "သဟဇာတ" တရားများ ဖြစ်ကြ၏။

ထို "သဟဇာတ" တရားတို့သည် အတူတကွဖြစ်ကြသည့် သမ္ပယုတ်တရားများ ဖြစ်ကြလေသလောဟု ယုံမှားသံသယကို ပယ်ဖျောက်ဖို့ ဤ "သမ္ပယုတ္တပစ္စည်း" ကို ထပ်၍ ဟောရခြင်း ဖြစ်၏။

အတူတကွဖြစ်တိုင်း "သမ္ပယုတ္တ" မဖြစ်ဟုမှတ်ရမည်။

ဤ "သမ္ပယုတ္တပစ္စည်း" သည် "ဣန္ဒြိယ" "ဈာန" "မဂ္ဂ" ပစ္စည်းများကဲ့သို့ ကိစ္စအထူးဖြင့် "ပစ္စည်း" ပြုထားသော တရားမဟုတ်၊ "သဟဇာတပစ္စည်း" မှခွဲ၍ အတူဖြစ်သော်လည်း "သမ္ပယုတ်" ဖြစ်သင့်မှ ဖြစ်၏ဟူသောအနေဖြင့် နာမ်ခန္ဓာတရားများ သက်သက်ကို သီးခြားပြသော ပစ္စည်းဖြစ်၏။

## ❀ စိတ် စေတသိက် တို့၏ " သမ္ပယုတ္တ" ဖြစ်ခြင်း ❀

အပြင် "ဗဟိဒ္ဓ" မှ အဆင်းရူပါရုံနှင့် မျက်စိအကြည်ဓာတ်တို့ ပေါင်းဆုံတိုက်ဆိုင်မိသော အခါ "မြင်သိစိတ် = စက္ခုဝိညာဉ်စိတ်" ဖြစ်၏။ ထိုစက္ခုဝိညာဉ်စိတ်နှင့်အတူ တပြိုင်နက်တည်းပင် "ဖဿ" "ဝေဒနာ" "သညာ" "စေတနာ" "ဧကဂ္ဂတာ" "ဇီဝိတိန္ဒြေ" "မနသိကာရ" စေတသိက် (၇)ခုတို့ ဖြစ်ကြ၏။

ထို "စက္ခုဝိညာဉ်စိတ်" နှင့် စေတသိက် (၇) ခု → ပေါင်း (၈) ခု တို့သည် တပြိုင်နက်တည်း ပင် အတူတကွ ဖြစ်ကြ၏။ တပြိုင်နက်တည်းပင် အတူတကွ ချုပ်ကြ၏။ "စက္ခုဝိညာဉ်စိတ်" သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုသကဲ့သို့ အတူဖြစ်ဖက် စေတသိက် (၇) ခု တို့သည်လည်း ထို ပစ္စုပ္ပန် ရူပါရုံကိုပင် အာရုံပြုကြ၏။

"စက္ခုဝိညာဉ်စိတ်" သည် စက္ခုပသာဒဝတ္ထုရုပ်ကို မှီ၍ဖြစ်သလို အတူဖြစ်ဖက် စေတသိက် (၇)ခုတို့သည်လည်း ယင်း "စက္ခုပသာဒဝတ္ထုရုပ်" ကိုပင် မှီ၍ဖြစ်ကြ၏။

ဤသို့ "**စက္ခုဝိညာဉ်စိတ်" နှင့် အတူဖြစ်ဖက် စေတသိက် (၇) ခု → ပေါင်း (၈) ခု** တို့သည်...

- အတူဖြစ်ခြင်း
- အတူချုပ်ခြင်း
- တူသောအာရုံရှိခြင်း
- တူသောမှီရာဝတ္ထုရုပ်ရှိခြင်း

လက္ခဏာအင်္ဂါလေးပါးတို့ဖြင့် ရောနှောလျှက် တစ်ခုစီခွဲခြား၍ မရအောင် တစ်ခုတည်းအဖြစ်ဖြင့် ယှဉ်တွဲပေါင်းစု၍ ဖြစ်လေ့ရှိကြ၏။

"သောတဝိညာဉ်စိတ်" စသည်တို့... ဖြစ်ကြရာ၌လည်း "စက္ခုဝိညာဉ်စိတ်" နည်းတူ မှတ်သားရမည်။

## ❀ ကျေးဇူးပြုခြင်း ❀

"သမ္ပယုတ္တပစ္စည်း"၌ စိတ်တစ်ခုဖြစ်ပေါ်တိုင်း အတူဖြစ်ဖက် ယှဉ်ဖက်စေတသိက်တို့ တစ်ပါတည်း ဖြစ်ပေါ်လာကြရာဝယ်... ထို စိတ်စေတသိက် တို့သည် အချင်းချင်းမဆန့်ကျင်ဘဲ တရား တစ်ပါးသည် တရားတစ်ပါးအား "**သမ္ပယုတ္တ ပစ္စယ**" သတ္တိဖြင့် အချင်းချင်းအပြန်အလှန် ကျေးဇူးပြု ကြသောကြောင့် တရားတစ်ပါးက "ပစ္စည်း" ဖြစ်လျှင် ကျန်တရားအားလုံးသည် "ပစ္စယုပ္ပန်" တရားများ ဖြစ်ကြ၏။

လောဘမူစိတ်တစ်ခုသည် ယှဉ်ဖက်စေတသိက်များနှင့် တပြိုင်နက်ဖြစ်ရာ၌ ဝိညာဏက္ခန္ဓာ သည် "ပစ္စည်း" ဖြစ်လျှင် ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဟူသော ကျန်စေတသိက် ခန္ဓာသုံးပါးတို့သည် "ပစ္စယုပ္ပန်" ဖြစ်ကြ၏။

ထို စေတသိက်ခန္ဓာ သုံးပါးတို့တွင် တစ်ပါးပါးသည် "ပစ္စည်း" ဖြစ်လျှင် ကျန် နာမ်ခန္ဓာ သုံးပါးတို့သည် "ပစ္စယုပ္ပန်" ဖြစ်ကြ၏။

ဤနည်းဖြင့် ဘဝအဆက်ဆက်၌ ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်စိတ်၊ ယှဉ်ဖက် စေတသိက် နာမ်ခန္ဓာတိုင်အောင် ကျေးဇူးပြုခြင်းကိုသိရမည်။

| **အကြောင်း (ပစ္စည်း) တရား** | **အကျိုး (ပစ္စယုပ္ပန်) တရား** |
|---|---|
| စိတ်(၈၉) စေ(၅၂) ဟူသော နာမ်ခန္ဓာ (၄) ပါး<br>၁ + ၃ + ၂ | နာမ်ခန္ဓာ အချင်းချင်း<br>၃ + ၁ + ၂ |

## ❖ " သမ္ပယုတ္တပစ္စည်း" ကျေးဇူးပြုခြင်း အကျယ် ❖

| အကြောင်း (ပစ္စည်း) တရား | သင်္ချာ(၃) | | အကျိုး (ပစ္စယုပ္ပန်) တရား |
|---|---|---|---|
| ကု(၂၁) စေ(၃၈) နာမ်ခန္ဓာ<br>(၁ + ၃ + ၂) | ကု | ကု | ကု(၂၁) စေ(၃၈) နာမက္ခန္ဓာ<br>(၃ + ၁ + ၂) |
| အကု(၁၂) စေ(၂၇) နာမ်ခန္ဓာ<br>(၁ + ၃ + ၂) | အကု | အကု | အကု(၁၂) စေ(၂၇) နာမက္ခန္ဓာ<br>(၃ + ၁ + ၂) |
| ဝိ(၃၆) ကြိ(၂၀) စေ(၃၈) နာမ်ခန္ဓာ<br>(၁ + ၃ + ၂) | အဗျာ | အဗျာ | ဝိ(၃၆) ကြိ(၂၀) စေ(၃၈) နာမက္ခန္ဓာ<br>(၃ + ၁ + ၂) |

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော – ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော – အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ (၁)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ သမ္ပယုတ္တပစ္စယေန ပစ္စယော – ဝိပါကာဗျာကတော ကိရိယာ ဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သမ္ပယုတ္တပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော။ (၁)

(ပဋ္ဌာဝါရ၊ ၁၅၈-၉)

## "သဟဇာတသတ္တိ" နှင့် "သမ္ပယုတ္တသတ္တိ"

- "**သဟဇာတသတ္တိ**" သည် နာမ်နှင့်ရုပ်တို့ အတူတကွ ဖြစ်နိုင်ရုံမျှသာ ကျေးဇူးပြု၏။
- "**သမ္ပယုတ္တသတ္တိ**" သည်ကား ဖြစ်တူ ချုပ်တူ အာရုံတူ မှီရာဝတ္ထုရုပ်တူ ဟူသော လက္ခဏာ အင်္ဂါ (၄) မျိုး ပြည့်စုံမှသာ ယှဉ်တွဲရောနှော၍ ကျေးဇူးပြု၏။

## "အညမညသတ္တိ" နှင့် "သမ္ပယုတ္တသတ္တိ"

- "**အညမညသတ္တိ**" သည် အချင်းချင်း အပြန်အလှန် ကျေးဇူးပြု၏။ သို့သော် အချင်းချင်း အပြန်အလှန်ဖြစ်တိုင်း အညီအမျှ "သမ္ပယုတ်" မဖြစ်နိုင်။ အညီအမျှ "**သမ္ပယုတ်**" ဖြစ်လျှင်ကား အချင်းချင်းအပြန်အလှန် "**အညမညသတ္တိ**" ရှိ၏။
- တပြိုင်နက် အတူတကွ ဖြစ်သောတရားတို့သည် "**သဟဇာတ**" ဖြစ်၏။ ထို့သို့ "သဟဇာတ" ဖြစ်မှသာ အချင်းချင်း အပြန်အလှန် "**အညမညသတ္တိ**" ဖြစ်နိုင်၏။ "**အညမည**" ဖြစ်နိုင်မှလည်း "**သမ္ပယုတ္တ**" ဖြစ်၏။

## ❀ "အချိန်" "နေရာ" "ပုဂ္ဂိုလ်" နှင့် "သမ္ပယုတ္တသတ္တိ" ❀

"သမ္ပယုတ္တသတ္တိ" တို့သည်...

- ➢ ကာလအားဖြင့် "ပစ္စုပ္ပန်" အနေဖြင့် ကျေးဇူးပြု၏။
- ➢ ဘုံအားဖြင့် "အသညသတ်ဘုံမှတပါး ဘုံ (၃၀)" ၌
- ➢ "နိရောဓ သမာပတ်ဝင်စားဆဲပုဂ္ဂိုလ် အသညသတ်ပုဂ္ဂိုလ်တို့မှ တပါး ပုဂ္ဂိုလ် (၁၂) ယောက်တို့၏ အဇ္ဈတ္တသန္တာန်" ၌ ကျေးဇူးပြု၏။

◈ ◈ ◈ ◈ ◈ ◈

## ❀ ပစ္စည်း အစုံသုံးစုံကို ဟောရခြင်း ❀

"**ပဋ္ဌာန်းတရားတော်နည်း**" တို့တွင်

- ➢ နာမ်တရားအချင်းချင်း ကျေးဇူးပြုခြင်း
- ➢ ရုပ်တရားအချင်းချင်း ကျေးဇူးပြုခြင်း
- ➢ နာမ်တရားသည် ရုပ်တရားအား ကျေးဇူးပြုခြင်း
- ➢ ရုပ်တရားသည် နာမ်တရားအား ကျေးဇူးပြုခြင်း

လေးမျိုးတို့နှင့် ပတ်သက်၍ အချို့နေရာများ၌ သံသယဖြစ်စရာများ ရှိကြ၏။

ထို သံသယများကို ပယ်ဖျောက်ရန် အလို့ငှာ အစုံလိုက်ရှိသော ပစ္စည်းများကို ဆက်၍ ဟောတော်မူ၏။ ထိုသို့သော "**ပစ္စည်း**" တို့သည် သုံးစုံရှိကြ၏။ ယင်းတို့မှာ...

(၁) "**သမ္ပယုတ္တ**" နှင့် "**ဝိပ္ပယုတ္တ**"

→ အချို့သော ပစ္စည်းတရားတို့သည် မိမိ၏ ပစ္စုပ္ပန်တရားတို့နှင့် ညီမျှစွာ ရောနှောလျှက် ယှဉ်၍ ဖြစ်ကြ၏။

- ◆ "**သမ္ပယုတ္တပစ္စည်း**" အရ စိတ်စေတသိက် အချင်းချင်း ကျေးဇူးပြုခြင်းကို ဆိုလို၏။

→ အချို့သော ပစ္စည်းတရားတို့သည် အတူတကွဖြစ်ကြသော်လည်း တစ်ခုနှင့်တစ်ခု ညီမျှစွာ ရောနှောယှဉ်တွဲ၍ မဖြစ်ကြ။

- " **ဝိပ္ပယုတ္တပစ္စည်း**" အရ ရုပ်တရားက နာမ်တရားအားဒင်း၊ နာမ်တရားက ရုပ်တရားအားဒင်း ကျေးဇူးပြုခြင်းကို ဆိုလို၏။

(၂) " **အတ္ထိ**" **နှင့်** " **နတ္ထိ**"

→ အချို့သော ပစ္စည်းတရားတို့သည် ထင်ရှားရှိနေခိုက်သာ ကျေးဇူးပြုကြ၏။

- " **အတ္ထိပစ္စည်း**" အရ နာမ်တရားအချင်းချင်းအားဒင်း၊ ရုပ်တရားအချင်းချင်းအားဒင်း၊ ပဋိသန္ဓေစိတ် နှင့် ဟဒယဝတ္ထု အချင်းချင်းအားဒင်း၊ ဝတ္ထုရုပ် (၆) ပါး နှင့် အာရုံ (၆)ပါး တို့က ဝိညာဉ် (၆) ပါး တို့အားဒင်း ကျေးဇူးပြုခြင်းကို ဆိုလို၏။

→ အချို့သော ပစ္စည်းတရားတို့သည် ထင်ရှားမရှိသည်ဖြစ်လျှက် တနည်း ချုပ်ပျောက်ပြီး နောက်မှ ကျေးဇူးပြုကြ၏။

- " **နတ္ထိပစ္စည်း**" အရ ရှေးရှေး စိတ် စေတသိက် နာမ်တရားတို့က နောက်နောက် စိတ် စေတသိက် နာမ်တရားတို့အား ကျေးဇူးပြုခြင်းကို ဆိုလို၏။

(၃) " **ဝိဂတ**" **နှင့်** " **အဝိဂတ**"

→ အချို့သော ပစ္စည်းတရားတို့သည် ကင်းကွာနေလျှက် တနည်း ထင်ရှားမရှိတော့ပဲလျက် ကျေးဇူးပြုကြ၏။

- " **ဝိဂတပစ္စည်း**" အရ " **နတ္ထိပစ္စည်း**" ကဲ့သို့ ကျေးဇူးပြုခြင်းကို ဆိုလို၏။

→ အချို့သော ပစ္စည်းတရားတို့သည် မကင်းကွာပဲလျှက် တနည်း အတူတကွထင်ရှားရှိခိုက်သာ ကျေးဇူးပြုကြ၏။

- " **အဝိဂတပစ္စည်း**" အရ " **အတ္ထိပစ္စည်း**" ကဲ့သို့ ကျေးဇူးပြုခြင်းကို ဆိုလို၏။

## ❀ "သမ္ပယုတ္တပစ္စည်း" ၏ အစွမ်းသတ္တိ ❀

"သမ္ပယုတ္တပစ္စည်း" သည် နာမ်ခန္ဓာအချင်းချင်းသာ ရောနှောဆက်ဆံ၏။

"သဟဇာတပစ္စည်း" "အညမညပစ္စည်း" တို့ကဲ့သို့ ရုပ်တရားအချင်းချင်းကား မရောနှော မဆက်ဆံ။

တစ်ဦးတစ်ယောက်ကို ဆက်ဆံသောအခါ စိတ်ဓါတ်ကို သိပြီးမှ တကယ်ရောနှော ဆက်ဆံသော မိတ်ဆွေစစ်မျိုးပမာ ဖြစ်၏။ ကိုယ်ပေါင်းစိတ်ခွါ တကယ်မရောနှောသော မိတ်ဆွေတုမျိုး မဟုတ်။

သတ္တဝါတို့သည် တစ်ဦးနှင့် တစ်ဦး ပေါင်းသင်းဆက်ဆံရောနှောကြရာ၌ ဓာတ်သဘော တူသူ အချင်းချင်းသာ ပေါင်းသင်းဆက်ဆံတတ်ကြ၏။

- ❖ သူတော်ကောင်းစိတ်ဓာတ်ရှိသူတို့သည် သူတော်ကောင်းစိတ်ဓာတ်ရှိသူ တို့နှင့်သာ ပေါင်းသင်း နေထိုင်ကြ၏။ သူယုတ်မာစိတ်ဓာတ်ရှိသူတို့နှင့်ကား မပေါင်းသင်း မနေနိုင်ကြ။ **(သမဏေန သမဏော)**
- ❖ သူယုတ်မာစိတ်ဓာတ်ရှိသူတို့သည် သူယုတ်မာစိတ်ဓာတ်ရှိသူတို့နှင့် ပေါင်းသင်းနေထိုင်ကြ၏။ သူတော်ကောင်းစိတ်ဓါတ်ရှိသူတို့နှင့်ကား မပေါင်းသင်း မနေနိုင်ကြ။ **(ဂေါဏေန ဂေါဏော)**

သူတော်ကောင်းနှင့် သူယုတ်မာတို့သည် ပေါင်းသင်းဆက်ဆံရောနှောရာ၌ စိတ်ဓာတ်ချင်း ကွာခြားသဖြင့် ရည်ရွယ်ချက်ချင်းလည်း ကွဲပြားခြားနားကြ၏။

- ❖ သူတော်ကောင်းတို့သည် ကိုယ်ကျိုးမကြည့်ဘဲ အများအကျိုးကိုသာကြည့်ပြီး ပေါင်းသင်း ဆက်ဆံသဖြင့် ပါရမီဖြည့်ဆည်းနေသည့် အတွင်းသဘောထင်ရှားကြ၏။
- ❖ သူယုတ်မာတို့ကား အများအကျိုးကို လုံးဝမကြည့်ဘဲ ကိုယ်ကျိုးသာ ရှေ့တန်းတင်ပြီး ပေါင်းသင်းဆက်ဆံသဖြင့် ပါရမီကင်းသည့် အပေါ်ယံသဘောထင်ရှားကြ၏။

## ❀ ပိုကောင်းသည့် အရာများ ❀

"အညမညသတ္တိ" ရှိဖို့ထက် "သဟဇာတသတ္တိ" ရှိဖို့က ပိုလိုအပ်၏။

"အညမည" သည် အရာကျဉ်း၍ အမြင်ကျဉ်း၏။ "သဟဇာတ" သည် "အညမည" ထက် အရာကျယ်၍ အမြင်ကျယ်၏။ ထို့ကြောင့်...

- ◆ **"အညမည" ထက် "သဟဇာတ" က ပိုကောင်း၏။**
- ◆ **"သဟဇာတ" ထက် "သမ္ပယုတ္တ" သဘောသည်ကား ပို၍လေးနက်သဖြင့် ခိုင်မြဲ၏။**

စိတ် စေတသိက် နာမ်တရားနှင့် စိတ်ကြောင့်ဖြစ်ကြသည့် စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့သည်ငှင်း၊ ပဋိသန္ဓေအခါ၌ ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည်ငှင်း၊ ရုပ်တရား အချင်းချင်းတို့သည်ငှင်း အတူတကွဖြစ်ကြသဖြင့် "သဟဇာတ" ဖြစ်ကြသော်လည်း "သမ္ပယုတ္တ" လက္ခဏာအင်္ဂါလေးပါး မရှိကြသဖြင့် "သမ္ပယုတ္တ" ကားမဖြစ်။ "သမ္ပယုတ္တ" လက္ခဏာ အင်္ဂါလေးပါးရှိမှသာ "သမ္ပယုတ္တ" ဖြစ်သဖြင့် ပို၍လေးနက်၍ ရောနှောဆက်ဆံမှုသည် ခိုင်မြဲ၏။

## ❀ ခေါတ်တူမှ အသွင်တူ ❀

လောက၌ အတူနေကြသည့် ပုဂ္ဂိုလ်တို့သည်...

၁။ သမသဒ္ဓါ = အခြေခံ ယုံကြည်ချက် တူရမည်။

၂။ သမသီလ = ကိုယ်ကျင့်တရား တူရမည်။

၃။ သမစိတ္တ = စိတ်သဘောထားတူရမည်။

၄။ သမပညာ = အသိအလိမ္မာဉာဏ်ပညာတူရမည်... ဟု ဗုဒ္ဓ မိန့်တော်မူ၏။

(အံ၊ ၁၊ ၃၇၂-၃) ပထမ သမဇီဝိသုတ်

ဤလေးချက်ကို သေချာလေ့လာကြည့်လျှင် စိတ်ကောင်းနှလုံးကောင်းရှိခြင်း ဆိုသည့် စိတ်ဓာတ်ပေါ်တွင် မူတည်နေ၏။ စိတ်ကောင်းရှိလျှင် အခြားအရာသုံးမျိုးလည်း ပြည့်စုံနိုင်၏။ စိတ်ဓာတ်တူလျှင် အသွင်တူ၏။ အသွင်တူလျှင်ကား ပြေူစုစောင်းမြောင်းမှု မရှိနိုင်သဖြင့် ခိုင်မြဲစွာ အတူနေနိုင်၏။ သမ္ပယုတ္တသဘောနှင့် နှိုင်းယှဉ်နိုင်၏။

## ❀ တွေ့ဆုံရင်းနှီးရခြင်းအကြောင်းရင်းများ ❀

လူသားများ၊ သတ္တဝါများ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရင်းနှီးရခြင်းအကြောင်းရင်းများမှာ...

၁။ ပုဗ္ဗေဝ သန္နိဝါသ = ရှေးဘဝများစွာက အတူနေထိုင်ခဲ့ဖူးခြင်း (ရှေးရေစက်)

၂။ ပစ္စုပ္ပန္နဟိတ = ယခုဘဝ၌ အကျိုးကိုဆောင်ရွက်ပေးခြင်း... တို့ ဖြစ်ကြ၏။

(ဇာ၊ ဌ၊ ဒု၊ ၂၁၅) (၂၃၇-သာကေတဇာတ်) (ဓမ္မ၊ ဋ္ဌ၊ ပ၊ ၁၁၆)

ဤနှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော အကြောင်းကြောင့် မိဘနှင့်သားသမီး၊ ဆရာနှင့် တပည့်၊ ညီအကို၊ မောင်နှမ၊ ဇနီးခင်ပွန်း စသည်ဖြင့် ဆက်စပ်တော်စပ်ပြီး တွေ့ဆုံရင်းနှီးကြ၏။ ထို့ကြောင့်ပင် ဗုဒ္ဓက " ဘဝသံသရာ၌ ဆွေမျိုးမတော်ဖူးသူမရှိ" ဟူ၍ မိန့်တော်မူ၏။

သူတော်ကောင်းပုဂ္ဂိုလ်များသည် မိမိနှင့် တွေ့ဆုံရင်းနှီးသော ပုဂ္ဂိုလ်ကို ဘဝသံသရာ တစ်လျှောက်တွင် ပါရမီဖြည့်ဆည်းပေးသည့် ပုဂ္ဂိုလ်အဖြစ် တန်ဖိုးထားကာ အကြောင်း တစ်စုံ တစ်ရာကြောင့်သော်လည်း စွန့်ခွာပစ်ပယ်ခြင်း ထုံးစံမရှိဘဲ ခိုင်မြဲစွာ အတူနေနိုင်ကြ၏။

# ဝိပ္ပယုတ္တပစ္စယော

## ဝိပ္ပယုတ္တပစ္စယောတိ

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

### ❀ ဝိပ္ပယုတ္တပစ္စည်း အဓိပ္ပါယ် ❀

**ဝိပ္ပယုတ္တပစ္စယော = ဝိ + ပယုတ္တ + ပစ္စယော။**

**ဝိ** = ဆန့်ကျင်ဘက်။

**ပယုတ္တ** = အတူတကွ တည်ရှိခြင်း။

**ဝိပ္ပယုတ္တ** = ဆန့်ကျင်ဘက်သဘာဝနှစ်ခု အတူတကွတည်ရှိနေခြင်း။

သို့သော်...

- ➢ တစ်ခုတည်းကဲ့သို့ ပေါင်းစပ်ထားခြင်း မဟုတ်။
- ➢ ပေါင်းစပ်၍မရသော သဘာဝတရားတွေသည် အတူတကွတည်ရှိပြီး အပြန်အလှန် အကျိုးပြု ကျေးဇူးပြုနေသော ပစ္စည်းတရားကို " **ဝိပ္ပယုတ္တပစ္စည်း**" ဟုခေါ်၏။

### ❀ " သမ္ပယုတ္တ သဘော" နှင့် " ဝိပ္ပယုတ္တ သဘော" ❀

- ➢ "**သမ္ပယုတ္တ သဘော**" သည် "နွားနို့ နှင့် ရေ" ရောသကဲ့သို့ မှီရာဝတ္ထုချင်းလည်းတူ၊ အာရုံပြုရာ ချင်းလည်းတူ၊ ဖြစ်ချိန်လည်းတူ၊ ပျက်ချိန်လည်းတူသော သဘာဝတရားတို့ သည် တစ်ခုတည်း ကဲ့သို့ ပေါင်းစပ်သွားခြင်းမျိုးဖြစ်၏။
- ➢ " **ဝိပ္ပယုတ္တ သဘော**" က "ဆီ နှင့် ရေ" ကဲ့သို့ ပေါင်းစပ်၍မရ၊ သို့သော် ရေပေါ်၌ ဆီရှိနေ သလို သဘာဝတရားနှစ်ခုတို့သည် အတူတည်ရှိနေခြင်းမျိုးဖြစ်၏။

တစ်နည်း... "**ဝိပ္ပယုတ္တ**" သည် "မရှိခြင်း၊ မရောနှောခြင်း" အဓိပ္ပါယ်ရှိ၏။

❖ "ဒိဋ္ဌိဂတဝိပ္ပယုတ္တံ" စသည်၌ → ဝိပ္ပယုတ္တသည် "မရှိခြင်း" ကို ဆိုလို၏။

❖ ဤ "ဝိပ္ပယုတ္တပစ္စယော" ၌ကား → "မရောနှောခြင်း" ကို ဆိုလို၏။

ထို့ကြောင့် အတူတကွတည်ရှိကြသော်လည်း သမ္ပယုတ္တလက္ခဏာ (၄)ပါး တို့နှင့် မရောနှောခြင်းသဘောသည် "**ဝိပ္ပယုတ္တ**" ဖြစ်၏။

## ❁ သဘာဝချင်းမတူသော တရားများ ❁

➢ "ရုပ်တရား" များသည် → နှေးကွေးစွာ ပြောင်းလဲကြ၏။

➢ "စိတ် စေတသိက် နာမ်တရား" များကား → လျင်မြန်စွာပြောင်းလဲကြ၏။

ထို့ကြောင့် သဘာဝချင်းမတူကြ။

**ရူပဓမ္မာနံ ဒန္ဓပရိဝတ္တိတာ** (ဒီ၊ ဋ္ဌ၊ ၁၊ ၂၄၈) (မ၊ ဋ္ဌ၊ ၁၊ ၃၅၉) (သံ၊ ဋ္ဌ၊ ၂၊ ၄၆၃)

**လဟုပရိဝတ္တံ ခေါ စိတ္တံ ဝုတ္တံ ဘဂဝတာ** (ဝိ၊ ၃၊ ၂၀၈-၉)

(၂၄) ပစ္စည်းသော စွမ်းရည်သတ္တိတို့သည် တစ်ခုစီဖြစ်နေကြခြင်း မဟုတ်ကုန်၊ သဘာဝ တရားတစ်ခုမှာ စွမ်းရည်သတ္တိသည် လေးခု ငါးခု ဖြစ်၏၊ အနည်းဆုံး နှစ်ခု ဖြစ်၏။ ထိုစွမ်းရည် သတ္တိများဖြင့် အကြောင်းအကျိုး ဆက်နွယ်ပြီး သက်ရှိသတ္တဝါ၊ သက်မဲ့အရာဝတ္ထု တို့သည် အပြန် အလှန် အထောက်အကူပြုပြီး တည်နေကြ၏။

➢ စကြာဝဠာလောကကြီးတစ်ခုလုံးသည် အကြောင်းတရားနှင့် ကင်းပြီးမဖြစ်နိုင်သော ကြောင့် "**သခ်ါရလောက**" ဖြစ်၏။

➢ အကြောင်းတရားများက ပေါင်းစပ်ပြီး အထောက်အကူပြုခံရသည့် အရာအားလုံးသည် "**သင်္ခတ**" ဖြစ်၏။ အတွေးအထင်မဟုတ်ဘဲ အကြောင်းတရားများက ပေါင်းစုပြီး ဖန်တီး ထားသည့် လောကကြီး၌ ရှိသမျှ အစစ်အမှန် သဘာဝတရားတို့သည် "**သင်္ခတ**" ဖြစ်၏။

➢ ထိုအစစ်အမှန်တရားများအပေါ်၌ အတွေးအထင်တို့သည် "**ပညတ်**" ဖြစ်၏။

➢ အကြောင်းတရားတို့က ပေါင်းစပ်ပြီး ပြုလုပ်ထားမှုကင်းသည့် တရားသည် "**အသင်္ခတ = နိဗ္ဗာန်**" ဖြစ်၏၊ ပြုလုပ်ထားသည့် အကြောင်းမရှိသောကြောင့် နိဗ္ဗာန်သည် ထာဝရမြဲ၏။ အကြောင်းတရားတို့ ပေါင်းစပ်ပြုလုပ်ထားမှုမှန်သမျှသည် ဘယ်တော့မှမမြဲဟုမှတ်ရမည်။

## ❀ အကြောင်းတရားနှင့်တကွ မမြဲခြင်း ❀

ရဟန်းတို့...

- ➢ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့သည် မမြဲ၊
- ➢ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို ဖြစ်စေတတ်သောအကြောင်းတို့သည်လည်း မမြဲ၊
- ➢ မမြဲသောအကြောင်းတရားကြောင့် ဖြစ်ပေါ်လာသော ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး တို့သည် အဘယ်မှာ မြဲပါ့မလဲ။

ဥပမာ ⏩ *သေတတ်သည့် မိဘကမွေးထားသော ပုဂ္ဂိုလ်မှန်လျှင် မသေဘဲ ဘယ်မှာရှိမလဲ။*

**ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယောပိဟေတု ရူပဿ ဥပ္ပါဒါယ, သောပိ အနိစ္စော။**

**အနိစ္စသမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော နိစ္စံ ဘဝိဿတိ။**

**ဝေဒနာ, သညာ, သင်္ခါရာ အနိစ္စာ၊ ဝိညာဏံ အနိစ္စံ။**

(သံ၊ ၂၊ ၂၀) သဟေတုအနိစ္စသုတ်၊ ခန္ဓဝဂ္ဂသံယုတ်။

**၄ မမြဲသောတရားသည် " အနိစ္စ " ။**

**၄ အနိစ္စတရားသည် " ဒုက္ခ " ။**

**၄ အနိစ္စတရား၊ ဒုက္ခတရားသည် " အနတ္တ " ။**

ရဟန်းတို့...

- ➢ ရုပ်တရားသည် မမြဲ၊
- ➢ မမြဲသောတရားသည် ဆင်းရဲ၏၊
- ➢ ဆင်းရဲသောတရားသည် ငါ သူတစ်ပါး အတ္တကောင် ဝိညာဏ်ကောင် မဟုတ်။
- ➢ ငါမဟုတ်သောတရားကို ငါ၏ဥစ္စာမဟုတ်၊
- ➢ ငါမဟုတ်၊ ငါ့အတ္တကောင်မဟုတ်ဟု ဟုတ်တိုင်းမှန်စွာ ပညာဉာဏ်ဖြင့် သိအောင်ရှုရမည်။

**ရူပံ ဘိက္ခဝေ အနိစ္စံ။ ယဒနိစ္စံ တံ ဒုက္ခံ။ ယံ ဒုက္ခံ တဒနတ္တာ၊ ယဒနတ္တာ တံ 'နေတံ မမ, နေသောဟမသ္မိ, နမေသောအတ္တာတိ' ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။**

(သံ၊ ၂၊ ၁၉) ယဒနိစ္စသုတ်၊ ခန္ဓဝဂ္ဂသံသုတ်။

## ❁ အကြောင်းနှင့်တကွ ဆင်းရဲခြင်း၊ အတ္တမဟုတ်ခြင်း ❁

**ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့သည် ဆင်းရဲ၏။ အတ္တမဟုတ်။**

- ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို ဖြစ်စေတတ်သော အကြောင်းတို့သည်လည်း ဆင်းရဲ၏။ "အတ္တ" မဟုတ်။
- ဆင်းရဲသော၊ အတ္တမဟုတ်သော အကြောင်းတရားကြောင့် ဖြစ်ပေါ်လာသော ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့သည် အဘယ်မှာချမ်းသာပါ့မလဲ။ အဘယ်မှာ "အတ္တ" ဟုတ်ပါ့မလဲ။
- အကြောင်းတရားက ဒုက္ခဖြစ်နေလျှင်... ဒုက္ခကြောင့်ဖြစ်လာသည့် အကျိုးတရားသည် ဘယ်မှာ သုခဖြစ်နိုင်မှာလဲ။

**ဒုက္ခသမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော သုခံ ဘဝိဿတိ။** (သံ၊ ၂၊ ၂၀) သဟေတုက ဒုက္ခသုတ်။

**အနတ္တသမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော အတ္တာ ဘဝိဿတိ။** (သံ၊ ၂၊ ၂၀) သဟေတုက အနတ္တသုတ်။

**အဇ္ဈတ္တိကာယတန (၆) ပါး၊ ဗာဟိရာယတန (၆) ပါး တို့ကိုလည်း**

**ခန္ဓာငါးပါးနည်းတူ ဟောထား၏။**

(သံ၊ ၂၊ ၃၄၄) အဇ္ဈတ္တာနိစ္စဟေတုသုတ်၊ အဇ္ဈတ္တဒုက္ခဟေတုသုတ်၊
အဇ္ဈတ္တာနတ္တဟေတုသုတ်။
(သံ ၊ ၂၊ ၃၄၅) ဗာဟိရာနိစ္စ ဟေတုသုတ် ၊ ဗာဟိရာဒုက္ခ ဟေတုသုတ်၊
ဗာဟိရာနတ္တ ဟေတုသုတ်၊ သဠာယတနဝဂ္ဂသံယုတ်။

“ **ဝိပ္ပယုတ္တ**” ဟူသည်...

**အတူတကွဖြစ်ကြ တွေ့ဆုံကြလျှက်လည်း အချင်းချင်း မနှီးနှော မရောခြင်း** အဓိပ္ပါယ်ရှိ၏။

- အတူတကွဖြစ်ကြသော်လည်း တရားတစ်ခုနှင့်တစ်ခု တစ်သားတည်းဖြစ်နေအောင် မရောဘဲ သူ့သဘောသူဆောင် အနေဖြင့်သာ ဆက်ဆံကြလျှက် ကျေးဇူးပြုတတ်သောပစ္စည်းသည် “ဝိပ္ပယုတ္တပစ္စည်း” ဖြစ်၏။
- ဤ “ဝိပ္ပယုတ္တပစ္စည်း” သည် “သမ္ပယုတ္တပစ္စည်း” ၏ ပြောင်းပြန်ဖြစ်၏။
  - ❖ အတူဖြစ်ခြင်း၊ အတူချုပ်(ပျက်)ခြင်း၊ အာရုံတူခြင်း၊ မှီရာဝတ္ထုတူခြင်း သမ္ပယုတ်အင်္ဂါလေးပါးတို့နှင့် မယှဉ်တွဲနိုင်သဖြင့် ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့ အချင်းချင်း မလိုက်လျောနိုင်သော သတ္တိသည် “ **ဝိပ္ပယုတ္တပစ္စည်း**” ဖြစ်၏။
- “သမ္ပယုတ်” သဘောဖြင့် မယှဉ်သောတရားတိုင်းကို “ဝိပ္ပယုတ်” ဟု မဆိုလို။ ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့ အတူတကွဖြစ်ကြ တွေ့ဆုံမိကြရာ၌ သမ္ပယုတ်ဖြစ်လေသလား ဟု ယုံမှားဖွယ်ဖြစ်နိုင်သော အရာများ၌သာ “သမ္ပယုတ်” မဟုတ်ကြောင်း သိစေဖို့ရာ “ဝိပ္ပယုတ္တ” ဟု ဟောတော်မူ၏။

## ❁ “ **ဝိပ္ပယုတ္တပစ္စည်း**” ၏ ဥပမာ ❁

- “ **ဝိပ္ပယုတ္တပစ္စည်း**” ကို အရသာခြောက်ပါး ရောစပ်ပုံနှင့်တူ၏ဟု ရှေးဆရာတို့သည် ဥပမာပြု ကြ၏။
- ချို, ချဉ်, ဖန်, ခါး, စပ်, ငန် အရသာ ခြောက်မျိုးရောစပ်ထားရာ၌ ပင်ကိုယ်သဘာဝချင်း မတူသဖြင့် ရောပင်ရောသော်လည်း ကိုယ့်သဘော ကိုယ်ဆောင်ကာ အရသာတစ်ခုနှင့်တစ်ခု မနှီးနှောကြ၍ အညီအမျှ ရောသမမှု မဖြစ်နိုင်သကဲ့သို့၊ ထို့အတူပင် ဤအရာ၌ ပစ္စည်းတရား၊ ပစ္စယုပ္ပန်တရားတို့ ရောနှောမိ တွေ့ဆုံမိကြသော်လည်း အချင်းချင်း မလိုက်

လျောနိုင်ကြသဖြင့် အညီအမျှ ရောသမမှု "သမ္ပယုတ်" သဘောမရှိ၊ "ဝိပ္ပယုတ်" သဘော သာရှိ၏။

➢ နာမ်တရားက ရုပ်တရားအားငှင်း၊ ရုပ်တရားက နာမ်တရားအားငှင်း ကျေးဇူးပြုရာတွင် ထိုရုပ်တရားနှင့် နာမ်တရားတို့ တစ်ခုနှင့်တစ်ခု အတူတကွ (သဟဇာတ်) ဖြစ်ကြသော်လည်း၊ တစ်ခုက တစ်ခုကိုမှီ၍ (နိဿယ) ဖြစ်ကြသော်လည်း၊ သမ္ပယုတ်သဘောဖြင့် အညီအမျှ ရောသမ၍မဖြစ်ဘဲ သဘောချင်းမတူသော်လည်း အတူမနေလျှင် မဖြစ်နိုင်၍ အတူနေရ သကဲ့သို့ ကိုယ်ပေါင်းစိတ်ခွါသဘောမျိုးဖြင့် အတူတကွဖြစ်နေကြ၏။

## ဝိပ္ပယုတ္တပစ္စည်း (၃) မျိုး

"**ဝိပ္ပယုတ္တပစ္စည်း**" သည်...

➢ သဟဇာတဝိပ္ပယုတ်

➢ ပုရေဇာတဝိပ္ပယုတ်

➢ ပစ္ဆာဇာတဝိပ္ပယုတ် ဟု သုံးမျိုးရှိ၏။

### ၁။ သဟဇာတဝိပ္ပယုတ်

ပဉ္စဝေါကာရ ပဋိသန္ဓေနာမ်ခန္ဓာလေးပါးနှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်းအားငှင်း၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သော အရူပဝိပါက်စိတ်လေးခု၊ ဒွေပဉ္စဝိညာဉ် (၁၀)၊ ရဟန္တာတို့၏ စုတိစိတ် ကြဉ်သော စိတ် (၇၅)၊ စေတသိက် (၅၂) ဟူသော ပဝတ္တိ၊ ပဋိသန္ဓေ နာမ်ခန္ဓာလေးပါးတို့သည် မိမိနှင့်အတူတကွဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားငှင်း "**သဟဇာတ ဝိပ္ပယုတ္တပစ္စယသတ္တိ**" ဖြင့် ကျေးဇူးပြုကြ၏။

## ၂။ ပုရေဇာတဝိပ္ပယုတ္တ

ပဝတ္တိအခါ၌ ဝတ္ထုရုပ် (၆) ပါး တို့သည် မိမိကိုမှီ၍ ဖြစ်သော နောက်နောက်သော ဝိညာဉ်ခြောက်ပါး နာမ်တရားတို့အား " **ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စယသတ္တိ**" ဖြင့် ကျေးဇူးပြုကြ၏။ (" ဝတ္ထုပုရေဇာတနိဿယ" နှင့် တူ၏။)

## ၃။ ပစ္ဆာဇာတဝိပ္ပယုတ္တ

ပဥ္စဝေါကာရဘုံ၌ အရူပဝိပါက်စိတ် လေးခုကြဉ်သော နောက်နောက်သော စိတ် (၈၅)၊ စေတသိက် (၅၂) နာမ်တရားတို့သည် ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်ခဲ့၍ ဌီသို့ရောက်နေသော စတုဇကာယရုပ်တရားအပေါင်းတို့အား " **ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စယသတ္တိ**" ဖြင့် ကျေးဇူးပြုကြ၏။

" ဝိပ္ပယုတ္တပစ္စည်း" သည် သဟဇာတ၊ ပုရေဇာတနိဿယ၊ ပစ္ဆာဇာတ ပစ္စည်းသုံးမျိုး တို့နှင့် ဆက်သွယ်နီးနွယ်နေ၏။ ယင်းပစ္စည်းများ၌ သမ္ပယုတ်ဖြစ်လေသလားဟု ယုံမှားဖွယ်ရှိသည့် နေရာများအတွက်၊ " သမ္ပယုတ်" မဟုတ် " ဝိပ္ပယုတ်" သာဖြစ်၏ဟု သိစေလို၍၊ ဤ " ဝိပ္ပယုတ္တပစ္စည်း" ကို ဟောတော်မူသဖြင့် ဤ" **ဝိပ္ပယုတ္တပစ္စည်း" သည် သီးခြားပစ္စည်းတစ်ခု မဟုတ်ဘဲ ထိုပစ္စည်းသုံးမျိုးထဲ၌ ပါဝင်နေ၏။**

ထို့ကြောင့်" ဝိပ္ပယုတ္တပစ္စည်း" ၌ ကိုယ်ပိုင်အမည်ရှေ့တွင် မြစ်ဖျားခံရာ ပစ္စည်းသုံးမျိုး၏ အမည် အသီးသီးကိုထည့်ပေးရပြီး " သဟဇာတဝိပ္ပယုတ်" " ပုရေဇာတဝိပ္ပယုတ်" " ပစ္ဆာဇာတ ဝိပ္ပယုတ်" ဟူ၍ အမည်သုံးမျိုးခဲ့ရ၏။

# ၁။ သဟဇာတဝိပ္ပယုတ်

"သဟဇာတဝိပ္ပယုတ်" ဟူသည် အတူတကွဖြစ်ကြသော နာမ်တရားနှင့် ရုပ်တရားတို့သည် တစ်ခုနှင့်တစ်ခု မရောမနှော တစ်သီးတစ်ခြားစီဖြစ်ကြလျက် ကျေးဇူးပြုခြင်းကို ဖော်ပြသော ပစ္စည်း ဖြစ်၏။

ဤ "သဟဇာတဝိပ္ပယုတ်" သည် ပစ္စည်းတစ်မျိုး သီးခြားမဟုတ်၊ သဟဇာတပစ္စည်းကြီးမှ ထုတ်၍ သဟဇာတမျိုးတို့ဖြစ်စဉ် ပဋိသန္ဓေ ကမ္မဇရုပ်၊ စိတ္တဇရုပ် တို့အား "သဟဇာတပစ္စည်း" တပ်သော ရုပ်နာမ်တရားစုကို ပိုင်းခြား၍ပြသော ပစ္စည်းဖြစ်၏။

ထိုရုပ်နာမ်တရားစုအရာ၌ "သမ္ပယုတ္တ" ဖြစ်လေသလောဟု ယုံမှားဖွယ်ရှိ၏။ ယင်းအရာ၌သာ "သမ္ပယုတ်" မဟုတ်ဟု ပြခြင်းငှါ ဤ "ဝိပ္ပယုတ္တပစ္စည်း" ကို ဟော၏။

ဤ "သဟဇာတဝိပ္ပယုတ္တပစ္စည်း ပစ္စယုပ္ပန်" တို့သည် သဟဇာတပစ္စည်း ပစ္စယုပ္ပန်၌ ပါဝင်ခဲ့၍ "သမ္ပယုတ်" လေလောဟု ယုံမှားဖွယ်ရှိသော တရားများဖြစ်၏။

## ❖ အကျယ် ရှင်းလင်းချက် ❖

(က) ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေကိစ္စတပ်သော စိတ် (၁၉)ခု တို့သည် ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်များနှင့်အတူ ဖြစ်ကြ၏။ ထို ပဋိသန္ဓေစိတ် နှင့် ပဋိသန္ဓေကမ္မဇရုပ် တို့သည် ပဋိသန္ဓေစိတ် ဖြစ်သည့် ဥပါဒ်ခဏ၌ အတူတကွ တွေ့ဆုံမိကြလေရာ အချင်းချင်း သမ္ပယုတ်များ ဖြစ်ကြလေသလားဟု ယုံမှားဖွယ်ရှိ၏။

(ခ) ပဉ္စဝေါကာရဘုံ၌ဖြစ်သော ပဋိသန္ဓေ စိတ်, စေတသိက် → နာမ်ခန္ဓာ နှင့် မှီရာ ဟဒယရုပ် တို့သည် ပဋိသန္ဓေခဏ၌ အတူတကွဖြစ်ပြီး တွေ့ဆုံမိကြ၏။ ထို ပဋိသန္ဓေနာမ်ခန္ဓာ နှင့် ဟဒယဝတ္ထုရုပ်တို့သည် သမ္ပယုတ်များ ဖြစ်လေသလားဟု ယုံမှားဖွယ်ရှိ၏။

(ဂ) ပဉ္စဝေါကာရဘုံ၌ ပဝတ္တိအခါဝယ် အရူပဝိပါက်စိတ် (၄) ခု၊ ဒွေပဉ္စဝိညာဏ် (၁၀) ကြဉ်သော စိတ် (၇၅)ပါး နှင့် စေတသိက် (၅၂)ပါး နာမ်ခန္ဓာတို့သည် မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ် တို့နှင့် အတူတကွဖြစ်ကြ တွေ့ဆုံမိကြ၏။ ထို စိတ် စေတသိက် → နာမ်တရားများနှင့် စိတ္တဇရုပ် တို့သည် သမ္ပယုတ် ဖြစ်လေသလားဟု ယုံမှားဖွယ်ရှိ၏။

သဟဇာတပစ္စည်း၌ ထိုအချက် (၃)ချက်တို့နှင့် အတူတကွ ဖြစ်ကြသည့်အတွက် သမ္ပယုတ် ဖြစ်လေသလားဟု ယုံမှားဖွယ်ရှိသောကြောင့် ယင်းယုံမှားဖွယ်ကို ပယ်ဖျောက်ရန် သမ္ပယုတ် မဟုတ်၊ "ဝိပ္ပယုတ်" သာ ဖြစ်၏ဟု ထုတ်ပြရ၏။

## ❖ ရုပ်တရားအချင်းချင်း သဟဇာတဝိပ္ပယုတ် ဖြစ်/မဖြစ် ❖

"သဟဇာတပစ္စည်း" ၌ ပစ္စည်း - ပစ္စယုပ္ပန် ဖြစ်မှု အသေးစိတ် အချက် (၆) ချက် ရှိလေရာ ယင်း(၆)ချက်တွင် "သမ္ပယုတ်" ဖြစ်လေသလားဟု ယုံမှားဖွယ်ဖြစ်သည့် အချက်သုံးချက်ကို အထက်၌ ဖော်ပြခဲ့၏။

ကျန်သုံးချက်တွင် တစ်ချက်မှာ စိတ် စေတသိက် → နာမ်ခန္ဓာလေးပါး အချင်းချင်း ကျေးဇူးပြုမှုမှာ ဧကန် "သမ္ပယုတ်" ဖြစ်၏၊ "ဝိပ္ပယုတ်" မဖြစ်နိုင်။

ကျန်နှစ်ချက်သည်ကား...

(၁) မဟာဘုတ်လေးပါးတို့သည် အချင်းချင်းအားရင်း၊

(၂) မဟာဘုတ်လေးပါးတို့သည် ဥပါဒါရုပ်တို့အားရင်း ကျေးဇူးပြုကြ၏။

အတူတကွဖြစ်ကြ၍ "သဟဇာတပစ္စည်း" ၌ပါသော ရုပ်တရားတို့သည် "သမ္ပယုတ်" လည်းမဟုတ်၊ "ဝိပ္ပယုတ်" လည်း မဟုတ်။ သဟဇာတ သက်သက်သာ ဖြစ်သောကြောင့် "သဟဇာတဝိပ္ပယုတ္တပစ္စည်း" ၌ မပါဝင်။

## ❖ သာဓကပြခြင်း ❖

ဓာတုကထာကျမ်း၌...

- နာမ်ခန္ဓာလေးပါးနှင့် သမ္ပယုတ်ဖြစ်ခြင်း
- နာမ်ခန္ဓာလေးပါးနှင့် ဝိပ္ပယုတ်ဖြစ်ခြင်း ဟူ၍...

"သမ္ပယုတ်" "ဝိပ္ပယုတ်" လက္ခဏာကို နာမ်ခန္ဓာနှင့်သာ ပတ်သက်ကြောင်း ဖော်ပြထား၏။

ထို့ကြောင့် မဟာဘုတ်လေးပါး အချင်းချင်းဖြစ်စေ၊ မဟာဘုတ် နှင့် ဥပါဒါရုပ်ဖြစ်စေ အတူဖြစ်ခြင်း၊ အတူချုပ် (ပျက်)ခြင်း၊ မှီရာ မဟာဘုတ်တူခြင်း ရှိကြသော်လည်း "သမ္ပယုတ်" "ဝိပ္ပယုတ်" နှစ်မျိုးလုံးပင် မဟုတ်သဖြင့် "**သဟဇာတ ဝိပ္ပယုတ္တပစ္စည်း**" ၌ မပါဝင်နိုင်ခြင်းဖြစ်၏။

ရုပ်တရားအချင်းချင်း သဘောတူဖြစ်၍ "ဝိပ္ပယုတ္တ" မခေါ်နိုင်၊ သမ္ပယုတ် အင်္ဂါလေးပါးနှင့် မညီ၍ "သမ္ပယုတ္တ" လည်း မခေါ်နိုင်ပါ။

## ၂။ ပုရေဇာတ ဝိပ္ပယုတ်

"ပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း" သည်...

- ဝတ္ထု ပုရေဇာတဝိပ္ပယုတ်၊
- ဝတ္ထာရမ္မဏ ပုရေဇာတဝိပ္ပယုတ် ဟု နှစ်မျိုးရှိ၏။

ထိုတွင်...

- "ဝတ္ထုပုရေဇာတ ဝိပ္ပယုတ်" သည် ဝတ္ထုပုရေဇာတ (ဝတ္ထုပုရေဇာတနိဿယ)နှင့်တူ၏။
- "ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ်" သည် ဝတ္ထာရမ္မဏပုရေဇာတ (ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ)နှင့် တူ၏။

ထိုပစ္စည်းများ၌ ပဉ္စဝေါကာရဘုံတွင် ပဝတ္တိအခါဝယ် ဝတ္ထုရုပ် (၆) ပါးတို့က မိမိတို့ကို မှီ၍ ဖြစ်ကြသော ဝိညာဉ် (၆) ပါးတို့အား ကျေးဇူးပြုကြသည်ဖြစ်ရာ ထိုပစ္စည်းအားလုံး၌ အစိတ်စိတ် ပါဝင်သည့် အမည်အသီးသီး၏ အနက်အဓိပ္ပါယ်တို့ကို ကြည့်လျှင် ပစ္စည်းတရားက ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုပုံကို ကောင်းစွာ နားလည်သဘောပေါက်သွားမည်။

(က) “ **ဝတ္ထု = မှီရာ**” ဟူသော အဓိပ္ပါယ်အရ…

→ ဝတ္ထုရုပ် (၆) ပါးတို့သည် ဝိညာဉ်စိတ် (၆)ပါးတို့၏ မှီရာတည်ရာဖြစ်ကြ၏။

(ခ) “ **ပုရေဇာတ = ရှေးဦးစွာ ကြိုတင်၍ ဖြစ်ခြင်း**” ဟူသော အဓိပ္ပါယ်အရ…

→ ထို ဝတ္ထုရုပ် (၆) ပါးတို့သည် ဆိုင်ရာဝိညာဉ် (၆)ပါးတို့ မဖြစ်သေးမီ ကြိုတင်၍ ဖြစ်ကြ၏။

(ဂ) “ **နိဿယ = မှီ၍နေခြင်း**” ဟူသော အဓိပ္ပါယ်အရ…

→ ဝိညာဉ်စိတ် (၆)ပါးတို့ သည် ဆိုင်ရာဝတ္ထုရုပ် (၆) ပါးတို့ကို အမှီပြု၍သာ ဖြစ်ကြ၏။

(ဃ) “ **ဝိပ္ပယုတ္တ = မရောနှော မယှဉ်တွဲခြင်း**” ဟူသော အဓိပ္ပါယ်အရ…

→ ဝတ္ထုရုပ် (၆) ပါး နှင့် ဝိညာဉ်စိတ် (၆)ပါးတို့ သည် ထိုသို့အမှီပြု၍ ပစ္စည်း - ပစ္စယုပ္ပန် ဖြစ်ကြသော်လည်း တစ်ခုနှင့်တစ်ခု မရောမနှော မယှဉ်တွဲပဲသာ ဖြစ်ကြ၏။

“သမ္ပယုတ္တသဘော” ဖြင့် ခွဲမရအောင် တစ်ခုတည်းအဖြစ်ဖြင့် သမပြီး ရောနှော၍ မဖြစ်ကြ။ ဝတ္ထုရုပ် (၆) ပါးတို့က တခြား၊ ဝိညာဉ်စိတ် (၆) ပါးတို့က တခြား ဤသို့သီးသန့်တခြားစီ တည်နေ ဖြစ်နေကြ၏။

## ❖ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ ❖

ဝတ္ထာရမ္မဏပုရေဇာတ (ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ)၌… ရှင်းပြခဲ့သည့်အတိုင်းပင် ဟဒယဝတ္ထုရုပ် ကို အာရုံပြု၍ ဝိပဿနာရှုသောအခါ၌၎င်း၊ ဟဒယဝတ္ထုရုပ်ကို သာယာသောအခါ စသည်တို့၌၎င်း၊ ယင်း ဟဒယဝတ္ထုရုပ်က မိမိကို အမှီပြု၍ အာရုံပြု၍ ဖြစ်ပေါ်လာကြသော မနောဒွါရာ ဝဇ္ဇန်း ၊ ကာမဇော (၂၉) ၊ တဒါရုံ (၁၁) ဟူသော မနောဝိညာဉ်စိတ်များနှင့် ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိရတီ (၃)၊ အပ္ပမညာ (၂) ကြဉ် စေတသိက် (၄၄) ပါးတို့အား သမ္ပယုတ်သဘော ဖြင့် ယှဉ်တွဲ ရောနှောမနေပဲ “ **ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စယ**” သတ္တိဖြင့် ကျေးဇူးပြု၏။

## ❖ အာရုံ (၆) ပါးတို့သည် ဝိပ္ပယုတ္တပစ္စည်းတရား၌ မပါဝင်ရခြင်း ❖

"**ပုရေဇာတပစ္စည်း**" ၌...

(က) ဝတ္ထုရုပ် (၆) ပါးတို့က ဝိညာဉ်စိတ် (၆)ပါးတို့အား ကျေးဇူးပြုခြင်းကို ဖော်ပြသော "ဝတ္ထုပုရေဇာတပစ္စည်း" ဟုငင်း၊

(ခ) အာရုံ (၆) ပါးတို့ကလည်း ထိုဝိညာဉ်စိတ် (၆)ပါးတို့အား ကျေးဇူးပြုခြင်းကို ဖော်ပြသော "အာရမ္မဏပုရေဇာတပစ္စည်း" ဟုငင်း...

ပစ္စည်းမျိုးခွဲ (၂)ခု ပါဝင်၏။

ထိုတွင် ဝတ္ထုရုပ် (၆) ပါးကဲ့သို့ပင် အာရုံ (၆) ပါးတို့ကလည်း မိမိတို့က ကျေးဇူးပြုအပ်သော ဝိညာဉ်စိတ် (၆)ပါးတို့နှင့် မရောမနှော တသီးတခြား ကင်းကွာနေကြသည်ဖြစ်၍ ထိုအာရုံ (၆) ပါးတို့ကိုလည်း "ဝိပ္ပယုတ္တပစ္စည်းတရားများ" ဟု ခေါ်ထိုက်သည်မဟုတ်ပါလားဟု မေးဖွယ်ရှိ၏။

အာရုံ (၆)ပါးတို့သည် ဝိညာဉ်စိတ် (၆)ပါးတို့နှင့် မယှဉ်ကြသည်မှာ၊ ဝိပ္ပယုတ်ဖြစ်ကြသည်မှာ အထူးပင် ထင်ရှား၏။ ယှဉ်တွဲဖြစ်ကြသည့် "သမ္ပယုတ်တရားများ" လေလား - ဟူ၍သာမက အတူတကွဖြစ်ဖက် "သဟဇာတ်တရားများ" လေလားဟူ၍ပင် သံသယဖြစ်ဖွယ်မရှိ။ အကြောင်းပြရပါမူ...

- ❖ အာရုံ (၆) ပါးတို့သည် အများအားဖြင့် ခန္ဓာကိုယ်ပြင်ပ "ဗဟိဒ္ဓ" ၌သာဖြစ်ကြပြီး
- ❖ ဝိညာဉ်စိတ် (၆) ပါး တို့ကား ခန္ဓာကိုယ်တွင်း "အဇ္ဈတ္တသန္တာန်" ၌သာ ဖြစ်ကြသောကြောင့် ဖြစ် ၏။

ထိုသို့အာရုံ (၆)ပါးတို့သည် ဝိညာဉ်စိတ် (၆)ပါးတို့နှင့် ဖြစ်ရာသန္တာန် ကွဲပြားနေ၍ "သဟဇာတ်" ပင် မဖြစ်နိုင်သော တရားမျိုးဖြစ်နေသဖြင့် "သမ္ပယုတ်" လေလား - ဟုမေးဖွယ်မရှိသောကြောင့်ပင် "ဝိပ္ပယုတ္တပစ္စည်း" တရား၌ မပါဝင်ခြင်းဖြစ်၏။

ဝတ္ထုရုပ် (၆) ပါး နှင့် ဝိညာဉ်စိတ် (၆)ပါးတို့သည်ကား ခန္ဓာကိုယ်တွင်း "အဇ္ဈတ္တသန္တာန်" ၌သာ မှီရာနှင့် အမှီတရားဖြစ်ကြလေသဖြင့် "သမ္ပယုတ်" လေလား - ဟု သံသယဖြစ်ဖွယ် ဖြစ်လာ၏။ ထိုသို့ ယုံမှားသံသယဖြစ်ဖွယ် ဖြစ်နိုင်လောက်သော တရားမျိုးကိုသာ သံသယပယ်ဖျောက်ဖို့အတွက် ဝတ္ထုရုပ် (၆) ပါးကိုသာ "ဝိပ္ပယုတ္တပစ္စည်း" ၌ ထည့်သွင်းရခြင်းဖြစ်၏။

# ၃။ ပစ္ဆာဇာတ ဝိပ္ပယုတ်

"ပစ္ဆာဇာတဝိပ္ပယုတ်" သည် "ပစ္ဆာဇာတပစ္စည်း" နှင့် အားလုံးတူ၏။

ထိုသို့တူပါလျက် ထပ်၍ ဟောရခြင်းသည် နောက်နောက်ဖြစ်သော စိတ် စေတသိက် တရားတို့သည် မိမိရှေ့က ဖြစ်နှင့်၍ ဌီအခိုက်၌ တည်ရှိသော ရုပ်တရားများနှင့် တွေ့ဆုံမိကြရာ ထို စိတ်စေတသိက် နာမ်တရားနှင့် ထိုရုပ်တရားတို့သည် "သမ္ပယုတ်" များဖြစ်လေသလားဟု ယုံမှားဖွယ်ရှိ၏။

"သမ္ပယုတ်" အင်္ဂါလေးရပ်နှင့်မညီသောကြောင့် "ဝိပ္ပယုတ်" ဟု ထုတ်ဖော်ဟောတော်မူ၏။

## ❖ "ပစ္စည်း" "ပစ္စယုပ္ပန်" ခွဲယူခြင်း ❖

(၁) ပဝတ္တိအခါ၌ လောဘမူစိတ်တစ်ခုခု၊ ယှဉ်ဖက်စေတသိက်များ ဟူသော နာမ်ခန္ဓာလေးပါးကြောင့် စိတ္တဇရုပ်များ ဖြစ်ကြရာ၌ နာမ်ခန္ဓာလေးပါးသည် ပစ္စည်း၊ စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။ အခြား စိတ် စေတသိက် နာမ်ခန္ဓာလေးပါးနှင့် စိတ္တဇရုပ် ဖြစ်ကြရာ၌ နည်းတူမှတ်ပါ။

(၂) ပဋိသန္ဓေအခါ ပဉ္စဝေါကာရ ပဋိသန္ဓေ တစ်ခုခု၊ ယှဉ်ဖက်စေတသိက်များ ဟူသော နာမ်ခန္ဓာလေးပါးနှင့် ဟဒယဝတ္ထုရုပ်တို့ အတူတကွဖြစ်ရာ၌ ပဋိသန္ဓေ နာမ်ခန္ဓာလေးပါးနှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနိုင်သောကြောင့် တရားတစ်ခုက "ပစ္စည်း" ဖြစ်လျှင် ကျန်တရားက "ပစ္စယုပ္ပန်" ဖြစ်၏။

(၃) ပဋိသန္ဓေ အခါဝယ် ပဉ္စဝေါကာရ ပဋိသန္ဓေ စိတ် တစ်ခုခု၊ ယှဉ်ဖက် စေတသိက်များ ဟူသော နာမ်ခန္ဓာလေးပါးနှင့် ပဋိသန္ဓေ ကမ္မဇရုပ်တို့ အတူဖြစ်ကြရာ၌ ပဋိသန္ဓေ နာမ်ခန္ဓာလေးပါးသည် "ပစ္စည်း"၊ ပဋိသန္ဓေ ကမ္မဇရုပ်သည် "ပစ္စယုပ္ပန်" ဖြစ်၏။

**မှတ်ချက်** ⏩ အရူပဝိပါက်စိတ် (၄) ခု၊ ဒွေပဉ္စဝိညာဉ် (၁၀)၊ ရဟန္တာတို့၏ စုတိစိတ်သည် ရုပ်ကို မဖြစ်စေနိုင်။ ထိုတွင် အရူပဝိပါက်စိတ် (၄)ခု တို့သည် အရူပ (၄) ဘုံ၌သာဖြစ်၍ ရုပ်ကို မဖြစ်စေနိုင်။

ဖော်ပြပါစိတ်တို့မှတပါး အခြားစိတ်တို့မှာ အရူပဘုံ၌ ဖြစ်ခိုက်တွင် ရုပ်ကို မဖြစ်စေနိုင်သော်လည်း ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ရုပ်ကို ဖြစ်စေနိုင်ကြ၏။ အသညသတ်ဘုံသည်လည်း နာမ်တရားလုံးဝမရှိ၍ ဤပစ္စည်းနှင့် မသက်ဆိုင်။

ဤပစ္စည်းသည် ရုပ်နာမ်နှစ်ပါးစုံတို့နှင့် ပတ်သက်နေသဖြင့် အရူပလေးဘုံ၊ အသညသတ်ဘုံတို့နှင့် မသက်ဆိုင်ပဲ ပဉ္စဝေါကာရဘုံနှင့် သက်ဆိုင်၏၊

## ❀ သဟဇာတဝိပ္ပယုတ် ❀

| အကြောင်း (ပစ္စည်း) တရား | သင်္ချာ | | အကျိုး (ပစ္စယုပ္ပန်) တရား |
|---|---|---|---|
| ကု(၂၁) စေ(၃၈) နာမ်ခန္ဓာ | ကု | အဗျာ | ကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| အကု(၁၂) စေ(၂၇) နာမ်ခန္ဓာ | အကု | အဗျာ | အကုသိုလ်ပြုအပ်သော စိတ္တဇရုပ် |
| အရူဝိ(၄) ဒွေပဉ္စ(၁၀) ကြဉ်<br>ဝိ(၂၂) ကြိ(၂၀) စေ(၃၈)<br>ပဉ္စဝေါကာရ ပဋိသန္ဓေ နာမ်ခန္ဓာ<br>အချင်းချင်း ပဉ္စဝေါကာရ<br>ပဋိသန္ဓေ နာမ်ခန္ဓာ ဟဒယဝတ္ထု | အဗျာ | အဗျာ | ဝိပါက် ကြိယာ ပြုအပ်သော စိတ္တဇရုပ်<br><br>ပဋိသန္ဓေ ကမ္မဇရုပ်<br><br>ပဉ္စဝေါကာရ ပဋိသန္ဓေ နာမ်ခန္ဓာ<br>ဟဒယဝတ္ထု |
| | အဗျာ | ကု | |
| | အဗျာ | အကု | |

**မှတ်ချက်** ⏩ အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ၊

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ၊

ဤနှစ်ချက်ကို " **ပုရေဇာတ နိဿယ**" အတိုင်း အရကောက်ယူရမည်။

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော – သဟဇာတံ, ပစ္ဆာဇာတံ။

**သဟဇာတာ** – ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ **ပစ္ဆာဇာတာ** – ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော – သဟဇာတံ, ပစ္ဆာဇာတံ။ **သဟဇာတာ** – အကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ **ပစ္ဆာဇာတာ** – အကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။(၁)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော – သဟဇာတံ, ပုရေဇာတံ, ပစ္ဆာဇာတံ။ **သဟဇာတာ** – ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ခန္ဓာ ကဋတ္တာရူပါနံ ဝိပ္ပယုတ္တပစ္စယေနပစ္စယော။ ခန္ဓာ ဝတ္ထုဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ **ပုရေဇာတံ** – စက္ခာယတနံ စက္ခုဝိညာဏဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဿ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော။ ဃာနာယတနံ ဃာနဝိညာဏဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ဇိဝှါ ယတနံ ဇိဝှါဝိညာဏဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ကာယာယတနံ ကာယဝိညာဏဿ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော။ ဝတ္ထု ဝိပါကာ ဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ **ပစ္ဆာဇာတာ** – ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော။ (၁)

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော – **ပုရေဇာတံ** ဝတ္ထု ကုသလာနံ ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ (၂)

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော – **ပုရေဇာတံ** ဝတ္ထု အကု သလာနံ ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ (၃)

(ပဉ္စာဝါရ၊ ၁၅၉-၁၆၀)

## ❖ ပုရေဇာတ ဝိပ္ပယုတ် ❖

| အကြောင်း (ပစ္စည်း) တရား | အကျိုး (ပစ္စယုပ္ပန်)တရား |
|---|---|
| ဝတ္ထုရုပ် (၆) ပါး | ဝိညာဏဓာတ် (၇) ပါး |

❀ *" ပုရေဇာတ " အတိုင်းပင် မှတ်ရမည်။*

## ❖ ပစ္ဆာဇာတ ဝိပ္ပယုတ် ❖

| အကြောင်း (ပစ္စည်း) တရား | အကျိုး (ပစ္စယုပ္ပန်)တရား |
|---|---|
| ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက် အရူပဝိပါက် (၄) ကြဉ် ပဌမဘဝင် စသော နောက်နောက်သော စိတ် (၈၅)၊ စေ (၅၂) | ပဋိသန္ဓေ စသော ရှေးစိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဧကဇ, ဒွိဇ, တိဇ, စတုဇကာယ - ဟူသော ရုပ်အပေါင်း |

❀ *" ပစ္ဆာဇာတ " နှင့် တူ၏။*

## ❀ " ဝိပ္ပယုတ္တသတ္တိ " ၏ အချိန်၊ နေရာ နှင့် ပုဂ္ဂိုလ် ❀

" **ဝိပ္ပယုတ္တသတ္တိ** " သည်...

- ကာလအားဖြင့် " ပစ္စုပ္ပန် " အနေဖြင့် ကျေးဇူးပြု၏။
- ဘုံအားဖြင့် " ပဉ္စဝေါကာရ (၂၆) ဘုံ " ၊
- " ပုဂ္ဂိုလ် (၁၂) ယောက်လုံးတို့၏ သန္တာန် " ၌ ကျေးဇူးပြုနိုင်၏။

## ❀ ဝိပ္ပယုတ္တ၏ စွမ်းအင် ❀

"သမ္ပယုတ်" နှင့် "ဝိပ္ပယုတ်" တို့သည် သဘောအားဖြင့် အချင်းချင်း ဆန့်ကျင်ဘက်များ ဖြစ်ကြ၏။

- ➢ "သမ္ပယုတ်သဘော" သည် အချင်းချင်း ရောနှော၍ ယှဉ်တွဲနေ၏။
- ➢ "ဝိပ္ပယုတ်သဘော" ကား အချင်းချင်း မရောနှောဘဲ ယှဉ်တွဲနေ၏။

~~~~~~~~~~~~~~~~~~~~~~~

- ❖ "သမ္ပယုတ်" သည် နာမ်တရား အချင်းချင်း ရောနှောပြီး ယှဉ်တွဲနေမှု ဖြစ်၏။
- ❖ "ဝိပ္ပယုတ်" ကား နာမ်တရား နှင့် ရုပ်တရား၊ ရုပ်တရား နှင့် နာမ်တရားတို့ အချင်းချင်း ရောနှောခြင်းမရှိဘဲ ယှဉ်တွဲနေမှုဖြစ်၏၊

ထို့ကြောင့်

- ◪ "သမ္ပယုတ်သဘောသတ္တိ" သည် စိတ်ပိုင်းဆိုင်ရာ စိတ်စွမ်းအင် သက်သက်ပေါင်းစပ် ယှဉ်တွဲမှု ဖြစ်၍၊
- ◪ "ဝိပ္ပယုတ်သဘောသတ္တိ" ကား စိတ်ပိုင်း နှင့် ရုပ်ပိုင်းတို့ မပေါင်းစပ်ဘဲ ယှဉ်တွဲနေမှု ဖြစ်၏။

~~~~~~~~~~~~~~~~~~~~~~~

မိမိနှင့် ပေါင်းသင်းနေသော သူငယ်ချင်းများ၊ မိသားစုများ၊ မိဘဆရာသမားများ စသည်တို့သည် မိမိနှင့် အတူနေသဖြင့် "သဟဇာတစွမ်းအင်" ရှိနေသည်မှာ သေချာ၏။ ထိုသို့ရှိသော်လည်း အပြန်အလှန် စောင့်ရှောက်မှုစွမ်းအား "အညမညသတ္တိ" ရှိဖို့မှာ ခက်ခဲ၏။

ထိုစွမ်းအင်ထက် စိတ်ဓာတ် အကြိုက်ချင်း စေတနာမေတ္တာ စသည်တို့ချင်း တူညီ၍ "သမ္ပယုတ္တသတ္တိ" ရှိဖို့မှာ အလွန်ပင်ခက်ခဲ၏။ ထိုသို့ အပြန်အလှန် စောင့်ရှောက်မှုမရှိ၊ အပေးအယူ မညီမျှဘဲ စိတ်ဓါတ်ချင်း၊ သီလ, သဒ္ဓါတရားရှိမှုချင်း စသည် ကွဲနေသူတို့သည် အတူတူနေထိုင်ကြ သော်လည်း "**လူပေါင်းစိတ်ခွါ**" "ဝိပ္ပယုတ္တစွမ်းအင်" ဖြင့်သာ နေထိုင်ဆက်ဆံခြင်းဖြစ်ကြ၏။

## ❀ သူတော်ကောင်းများ နေနည်း ❀

လူဖြစ်စေ၊ ရဟန်းဖြစ်စေ လူ့ဘဝရလာခိုက်မှာ အတူနေဖို့ အကြောင်းကံပါလာသဖြင့် ရေစက် ဆုံခဲ့ကြလျှင် “ **လူပေါင်းစိတ်ခွါ**” မနေထိုင်ကြဘဲ တစ်ဦးကို တစ်ဦး ဗြဟ္မစိုရ်တရားတို့ဖြင့် စောင့်ရှောက်ကူညီ၍ အေးအတူ ပူအမျှ အပေးအယူညီမျှလျှက် အချင်းချင်း သည်းခံပြီး အပြစ်မမြင် ချစ်ကြည်သောမျက်လုံးတို့ဖြင့်ကြည့်ကာ နေထိုင်ကြပါမူ မိမိတို့နေထိုင်သည့် ကမ္ဘာကြီးသည် ငြိမ်းချမ်းသာယာနေပါမည်။

## ❀ ဩဝါဒစကား ❀

“ ကိုရင်ဦးပဥ္စင်းတို့!”

“အခု တပည့်တော်တို့ ဒီကျောင်းတိုက်အတွင်းမှာ ဝါဆိုပြီး အတူနေကြတော့မယ်၊ ဒီလို အတူ နေထိုင်ကြတဲ့အခါ လူယုတ်လူညံ့နေထိုင်နည်း၊ လူတော်လူမြတ်နေထိုင်နည်းလို့ နှစ်မျိုးရှိပါ တယ်။

လူယုတ်လူညံ့တို့ နေထိုင်နည်းဆိုတာ ကြီးတဲ့ပုဂ္ဂိုလ်ကဖြစ်စေ၊ ရွယ်တူပုဂ္ဂိုလ်ကဖြစ်စေ၊ ငယ်တဲ့ပုဂ္ဂိုလ်ကဖြစ်စေ အတူနေပုဂ္ဂိုလ်အချင်းချင်း တစ်ပါးနှင့်တစ်ပါး အပြစ်တွေ့မြင်လာတဲ့ အခါ ပြောဆို ဆုံးမခြင်းမပြုဘူး၊ အပြစ်ကို ပြောဆိုဆုံးမလျှင်လဲ အပြစ်ကို ဝန်မခံ လက်မခံဘူး၊ အပြစ်ကို ဝန်ခံ လက်ခံပေမယ့်လဲ အဲဒီအပြစ်ကို နောင်မဖြစ်ရအောင် ထိန်းသိမ်းစောင့်ရှောက်မှုမရှိ၊ ကုစားမှု မရှိဘူး။ ထိုပုဂ္ဂိုလ်များ၏ နေထိုင်ခြင်းသည် လူယုတ်လူညံ့တို့၏ နေထိုင်မှုဖြစ်တယ်။

လူတော်လူမြတ်တို့ နေထိုင်နည်းဆိုတာကတော့ အတူနေပုဂ္ဂိုလ်အချင်းချင်း အပြစ်တွေ့ မြင်လာခဲ့လျှင် မေတ္တာနဲ့ ပြောဆိုတယ်၊ အပြောခံရတဲ့ ပုဂ္ဂိုလ်ကလဲ ဝန်ခံ လက်ခံတယ်၊ ဝန်ခံ လက်ခံတဲ့ အတိုင်းလဲ နောင်ဒီအပြစ်မျိုး ထပ်မံမဖြစ်ရအောင် လိုက်နာထိန်းသိမ်း စောင့်ရှောက် နေထိုင်တယ် ၊ ထိုပုဂ္ဂိုလ်များ၏ နေထိုင်ခြင်းသည် လူတော်လူမြတ်တို့ နေထိုင်မှုဖြစ်တယ်။

ဒါကြောင့် ကိုရင် ဦးပဥ္စင်းတို့ အတူတူနေကြတဲ့အချိန်မှာ လူယုတ်လူညံ့လို မနေကြနဲ့။ လူတော်လူကောင်းဖြစ်အောင် ကြိုးစားပြီးနေထိုင်ကြရမယ်၊ ဒီလိုနေထိုင်ကြမယ်ဆိုရင် မိမိအတွက်လဲ ဂုဏ်တက် ဆရာသမားအတွက်လဲ ဂုဏ်ထွက်၊ တိုက်တာ အတွက်လဲ ဂုဏ်လက် သာသနာတော်အတွက်လဲ ဂုဏ်ထက်ကြလိမ့်မယ်။"

အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် ဦးနာယကာဘိဝံသ

အသန္တသန္နိဝါသ၊ သန္တသန္နိဝါသ (အံ၊ ၁၊ ၇၇) ပုဂ္ဂလဝဂ်၊ ဒုကနိပါတ်ကို ကြည့်၍ မိန့်တော်မူ၏။

## ❀ မိဘ နှင့် သားသမီး နေထိုင်နည်း ❀

မိဘတို့သည် အသိအလိမ္မာ ဉာဏ်ပညာရှိသော သားသမီးတို့နှင့် အတူနေရသည့်အခါ "အညမညသတ္တိ"၊ "သမ္ပယုတ္တသတ္တိ" တို့ဖြင့် ကျေးဇူးပြုကြ၏၊

ဆိုးသွမ်းမိုက်မဲသည့် သားသမီးတို့နှင့် အတူနေရပါမူကား မပစ်ပယ်နိုင်သောကြောင့် သည်းခံပြီး "အညမညသတ္တိ"၊ "ဝိပ္ပယုတ္တသတ္တိ" တို့ဖြင့် ကျေးဇူးပြုကြ၏။

## ❀ "ဝိပ္ပယုတ္တပစ္စည်း" ကို သဘောပေါက်လျှင် "နာမရူပပရိစ္ဆေဒဉာဏ်" ရနိုင် ❀

ရုပ် နှင့် နာမ် တို့သည် အတူတကွဖြစ်နေသော်လည်း၊ အပြန်အလှန်ကျေးဇူးပြုနေကြသော်လည်း ရုပ်သဘောက တစ်ခြား၊ နာမ်သဘောက တစ်ခြားစီသာဖြစ်၏။ ဘယ်တော့မှ ပေါင်းစပ်ပြီး မဖြစ်ဟု နားလည်သဘောပေါက်ခြင်းသည် "နာမရူပပရိစ္ဆေဒဉာဏ်" ကိုသိမြင်ခြင်း ဖြစ်၏။

## ❀ "သမ္ပယုတ်" "ဝိပ္ပယုတ်" ဥပဒေ ❀

"သမ္ပယုတ္တပစ္စယော"၊ "ဝိပ္ပယုတ္တပစ္စယော" ဟူ၍ ပစ္စည်း (၂)ခုဖြင့် ရုပ်နှင့်နာမ် ခွဲခြားမှုမှာ...

- "**သမ္ပယုတ္တပစ္စည်း**" သည် **နာမ်ကို နာမ်ချင်းသာ ကျေးဇူးပြု၏**။ ဘယ်တော့မှ ရုပ်နှင့်နာမ် တို့သည် "သမ္ပယုတ္တ" မဖြစ်။
- "**ဝိပ္ပယုတ္တပစ္စည်း**" သည် **ရုပ်ကနာမ်ကို၊ နာမ်ကရုပ်ကို ကျေးဇူးပြု၏**၊ ဘယ်တော့မှ နာမ်ကိုနာမ် ချင်း "ဝိပ္ပယုတ္တ" မဖြစ်။

## ❀ "ပဋ္ဌာန်းဝိပဿနာ" သည် သာမန်အသိမျိုးမဟုတ်ခြင်း ❀

ပဋ္ဌာန်းနည်းဖြင့် ဝိပဿနာဉာဏ်ဖြစ်ခဲ့လျှင် အင်မတန်ခက်ခဲ နက်နဲသည့် အသိဉာဏ်မျိုး ဖြစ်၏။ သာမန်အသိဉာဏ်မျိုး မဟုတ်ပါ။ စွဲလမ်းနေသည့် ရုပ်နာမ်တရားများကို "သမ္ပယုတ်" "ဝိပ္ပယုတ်" အနေဖြင့် ခွဲခြားသိမြင်၍ နားလည်သဘောပေါက်ခြင်းသာ ဖြစ်၏။

သိမှုသဘောသည် နာမ်၊ မသိမှုသဘောကား ရုပ်ဟု သာမန်သဘောပေါက်ခြင်း မဟုတ်ဘဲ ပဝတ္တိအခါ၌... စိတ် နှင့် စိတ္တဇရုပ်များ၊ ပဋိသန္ဓေအခါ၌... ပဋိသန္ဓေဝိညာဉ် နှင့် ဟဒယဝတ္ထုရုပ်၊ ထိုသို့ ခွဲခြား၍ ခက်ခဲသည့် အလွန်သိမ်မွေ့သော တရားများကို "သမ္ပယုတ်" "ဝိပ္ပယုတ်" ခွဲခြား သိမြင်၍ ရုပ်နှင့်နာမ်ကို နားလည်သဘောပေါက်ခြင်းဖြစ်၏။

# ယုဂဠပစ္စည်း (စုံတွဲပစ္စည်းများ)

| | | |
|---|---|---|
| ကမ္မပစ္စယော | ၊ | ဝိပါကပစ္စယော။ |
| ပုရေဇာတပစ္စယော | ၊ | ပစ္ဆာဇာတပစ္စယော။ |
| သမ္ပယုတ္တပစ္စယော | ၊ | ဝိပ္ပယုတ္တပစ္စယော။ |
| အတ္ထိပစ္စယော | ၊ | နတ္ထိပစ္စယော။ |
| ဝိဂတပစ္စယော | ၊ | အဝိဂတပစ္စယော။ |

# အတ္ထိပစ္စယော

## အတ္ထိပစ္စယောတိ

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏ ဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

## ❀ အတ္ထိပစ္စည်း အစိပ္ပါယ် ❀

**အတ္ထိပစ္စယော = အတ္ထိ + ပစ္စယော။**

**အတ္ထိ** = ထင်ရှားရှိနေခြင်း။

"ထင်ရှားရှိသည်" ဖြစ်၍ ကျေးဇူးပြုတတ်သောသတ္တိသည် "အတ္ထိပစ္စည်း" ဖြစ်၏။ ထို့ကြောင့် အတ္ထိပစ္စည်း၌ အကြောင်း-ပစ္စည်းတရား၊ အကျိုး-ပစ္စယုပ္ပန်တရား နှစ်မျိုးလုံးပင် ပစ္စုပ္ပန်အခိုက်၌ ထင်ရှားရှိနေရမည်။

"ပစ္စုပ္ပန်အခိုက် ထင်ရှားရှိနေရမည်" ဟူသည်...

- ➢ ဥပါဒ် (ဖြစ်) အခိုက်မှာဖြစ်စေ၊
- ➢ ဌီ (တည်) အခိုက်မှာဖြစ်စေ၊
- ➢ ဘင် (ပျက်) အခိုက်မှာဖြစ်စေ... ခဏသုံးပါးလုံး၌ ထင်ရှားရှိနေရမည်ဟု ဆိုလို၏။

အကြောင်းတရားများသည် ထင်ရှားရှိနေ၏။ အကျိုးပြုမည့် သဘာဝတရားများ သည်လည်း ထင်ရှားရှိနေ၏။ ထိုသို့ ထင်ရှားရှိနေဆဲမှာ ထင်ရှားရှိနေဆဲဖြစ်သည့် အကျိုးတရားကို အထောက်အကူ ပြုနေသောပစ္စည်းသည် "အတ္ထိပစ္စည်း" ဖြစ်၏။

ရှိနေပြီးတရားကို ကျေးဇူးပြု၏ဟုဆိုခြင်းကြောင့် ထုတ်လုပ်ခြင်းမဖြစ်နိုင်။

## ❀ အကြောင်းတရား (၂) မျိုး ❀

(က) **ဇနကသတ္တိ**

❖ ဖြစ်စေတတ်သောအကြောင်းတရား။ (ထုတ်လုပ်သည့်အကြောင်းတရား) (ဖြစ်စေ)

(ခ) **ဥပတ္ထမ္ဘကသတ္တိ**

❖ အထောက်အကူပြုသည့် အကြောင်းတရား။ (တည်စေ)

ဥပမာ...

- ❖ မျိုးစေ့သည် အမြစ်နှင့် အညှောက်ကို "ထုတ်လုပ်ပေး" ၏။ **(ဇနကသတ္တိ)**
- ❖ အမြစ်နှင့်အညှောက်တို့ကို ဆက်လက်ရှင်သန်နေအောင် မြေ နှင့် ရေ (အလင်းရောင် နှင့် အပူ ငွေ့) တို့သည် "အထောက်အကူပြုပေး" နေကြ၏။ **(ဥပတ္ထမ္ဘကသတ္တိ)**

## ❀ အဋ္ဌကထာကျမ်းတို့ ဖွင့်ဆိုချက် ❀

ပစ္စုပ္ပန်သဘာဝအနေဖြင့် ထင်ရှားရှိနေသည့်တရားကို အထောက်အကူပြုနေသောတရား၏ သတ္တိထူးကို "**အတ္ထိပစ္စည်း**" ဟုခေါ်၏။

"အကြောင်းတရား" သည်လည်း ထင်ရှားရှိ၏။ "အကျိုးတရား" သည်လည်း ထင်ရှားရှိ၏။ ထိုသို့ "ထင်ရှားရှိခိုက်မှာ အထောက်အကူပြု၏" ဟုဆိုလို၏။

"အတ္ထိပစ္စည်း" သည် ထုတ်လုပ်သည့်ပစ္စည်း မဟုတ်ဘူးလားဆိုလျှင် ထုတ်လုပ်သည့်ပစ္စည်းလည်း ဟုတ်ပါ၏။ သို့သော် ထုတ်လုပ်ခြင်းထက် အထောက်အကူပြုခြင်းက ပိုပြီးစွမ်းအားထက်နေသဖြင့် "အထောက်အကူပြုသည်" ဟူသောစကားကို အဓိကထား၍ ပြောရခြင်းဖြစ်၏။

"အတ္ထိပစ္စည်း" ၏ သဘောသည်...

- ထင်ရှားရှိနေခိုက်မှာ ကျေးဇူးပြု၏။
- ထင်ရှားမရှိလျှင် ကျေးဇူးမပြုဟု မှတ်ရမည်။

## ❀ ရှိခြင်းသဘောတရား (၃) မျိုး ❀

"ထင်ရှားရှိခြင်း" "အတ္ထိ" သည် အမျိုးမျိုးရှိ၏။

'ငါ့မှာ ပြုလုပ်ထားခဲ့တဲ့ ကောင်းမှုကုသိုလ်တွေရှိတယ်' ဟု ပြောရာ၌... "ထင်ရှားရှိမှု" သည် ပစ္စုပ္ပန်အခိုက်အတန့် အားဖြင့် ထင်ရှားရှိခြင်းမဟုတ်။ အကျိုးမပေးရသေး၍ အကျိုးပေးသတ္တိ အစဉ်လိုက်ပါနေခြင်း "သန္တတိ" အားဖြင့် ထင်ရှားရှိနေခြင်းသာ ဖြစ်၏။

'ကိုယ်ကျိုးအတွက် ကျင့်တဲ့ပုဂ္ဂိုလ်ဆိုတာရှိတယ်' ဟု ပြောရာ၌... ပရမတ်သဘောကို ဆိုလိုရင်း မဟုတ်၊ လောကဝေါဟာရ ပညတ်အားဖြင့် ထင်ရှားရှိနေခြင်း "သမ္မုတိ" သာ ဖြစ်၏။

ဤ "အတ္ထိပစ္စည်း" ၌ ထင်ရှားရှိခြင်းသည် ဥပါဒ် ဌီ ဘင် ဟူသော ပစ္စုပ္ပန် "ခဏတ္တယ" သို့ ရောက်ဆဲတည်ဆဲ "ပရမတ္ထ" ထင်ရှားရှိခြင်းဖြစ်၏။

## ❀ အတ္ထိသတ္တိ ❀

"အတ္ထိသတ္တိ" သည် ဖြစ် တည် ပျက် "ခဏတ္တယ" အခိုက်အတန့်အားဖြင့် ထင်ရှားရှိခြင်းကို ဆိုလို၏။ ထိုခဏသုံးချက်တွင် "အတ္ထိသတ္တိ" သည် "တည်ခြင်း - ဌီ" အခိုက်အတန့် ၌ အလွန် ထင်ရှား၏။ "ဖြစ်ခြင်း - ဥပါဒ်"၊ "ပျက်ခြင်း - ဘင်" အခိုက်အတန့် ၌ ရှိခြင်းသည် မထင်ရှား။

ထို့ကြောင့် "အတ္ထိသတ္တိ" သည် ဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိ နှစ်မျိုးရှိသော်လည်း ဌီခဏအခိုက်အတန့်၌ "ဥပတ္ထမ္ဘကသတ္တိ" သာ ပြဌာန်း၏။ ဥပါဒ်အခိုက်အတန့် ထင်ရှားသောသတ္တိ ၌ "ဇနကသတ္တိ" သည် ပြဌာန်း၏။

## ❀ အတ္ထိဥပမာ ❀

မြင့်မိုရ်တောင် ပထဝီမြေကြီးတို့သည် မိမိတို့ထင်ရှားရှိခိုက်၌ ဆိုင်ရာမျိုးစေ့ကြောင့် ပေါက်သော သစ်ပင်တို့အား စိမ်းလန်းရှင်သန်အောင် ထောက်ပံ့ကျေးဇူးပြုသကဲ့သို့ "ထင်ရှားသော အရှိသတ္တိ" ဖြင့် ကျေးဇူးပြုခြင်း ဖြစ်၏။

## ❀ ပစ္စယ အဓိပ္ပါယ် ❀

သဘာဝတရားများ၌ အကြောင်းတရားများသည် ဖြစ်စေတတ်သည့် အကြောင်းတရား ရှိသလို အထောက်အကူပြုသည့် အကြောင်းတရားလည်းရှိ၏၊ အချို့ပစ္စည်းတို့သည် "ဇနကသတ္တိ" → ထုတ်လုပ်သည့် ဖြစ်စေသည့် စွမ်းရည်သတ္တိရှိ၏။ အချို့ပစ္စည်းတို့ကား အထောက်အကူပြုရုံ သက်သက်သာဖြစ်၏။ မထုတ်လုပ်နိုင် ။ ပစ္စယသဒ္ဒါ၏ အဓိပ္ပါယ်မှာ ဘယ်တရားပဲဖြစ်ဖြစ် ဖြစ်စေတတ်သည့် သတ္တိ၊ တည်စေတတ် (အထောက်အကူပြုတတ်) သည့် သတ္တိနှစ်ခုတို့တွင် တစ်ခုခုဖြင့် ကျေးဇူးပြုခြင်းဖြစ်၏။

## ❁ အတ္ထိပစ္စည်း (၅) မျိုး ❁

"အတ္ထိပစ္စည်း" သည်...

(၁) သဟဇာတတ္ထိ၊

(၂) ပုရေဇာတတ္ထိ၊

(၃) ပစ္ဆာဇာတတ္ထိ၊

(၄) ရူပအာဟာရတ္ထိ၊

(၅) ရူပဇီဝိတိန္ဒြိယတ္ထိ ဟူ၍ (၅)မျိုးရှိ၏။

~~~~~~~~~~~~~~~~~~~~~~~~

(၁) "**သဟဇာတတ္ထိ**" သည် သဟဇာတပစ္စည်းနှင့် တူ၏။

(၂) "**ပုရေဇာတတ္ထိ**" သည် "ဝတ္ထုပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတတ္ထိ၊ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ" ဟု (၃)မျိုးရှိ၏၊

- "ဝတ္ထုပုရေဇာတတ္ထိ" သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်းနှင့် တူ၏၊
- "အာရမ္မဏပုရေဇာတတ္ထိ" သည် အာရမ္မဏပုရေဇာတပစ္စည်းနှင့် တူ၏။
- "ဝတ္ထာရမ္မဏပုရေဇာတတ္ထိ" သည် ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းနှင့် တူ၏။

(၃) "**ပစ္ဆာဇာတတ္ထိ**" သည် ပစ္ဆာဇာတပစ္စည်းနှင့်တူ၏။

(၄) "**ရူပအာဟာရတ္ထိ**" သည် ရုပ်အာဟာရပစ္စည်းနှင့် တူ၏။

(၅) "**ရူပဇီဝိတိန္ဒြိယတ္ထိ**" သည် ရူပဇီဝိတိန္ဒြိယပစ္စည်းနှင့် တူ၏။

~~~~~~~~~~~~~~~~~~~~~~~~

## ❁ အတ္ထိပစ္စည်း၏ ဥပမာ ❁

"အတ္ထိပစ္စည်း" သည် "သစ်ပင်တို့အား ထောက်ပံ့သော မြေကြီး၊ မြင့်မိုရ်တောင်နှင့်တူ၏" ဟု ရှေးဆရာများ ဥပမာပေးကြ၏။

မြေကြီး၊ မြင့်မိုရ်တောင်တို့သည် မိမိတို့ထင်ရှားရှိခိုက်မှာ မိမိအပေါ်၌ ဆိုင်ရာမျိုးစေ့ကြောင့် ပေါက်နေသော သစ်ပင်တို့အား စိမ်းစိုလန်းဆန်းအောင် ထောက်ပံ့သကဲ့သို့၊ ထို့အတူပင် ဤ အတ္ထိပစ္စည်း တပ်သောတရားများသည်လည်း မိမိတို့ထင်ရှားရှိခိုက်မှာ မိမိတို့ကဲ့သို့ထင်ရှားရှိ နေသော တရားတို့အား ထောက်ပံ့သမှု ကျေးဇူးပြု၏။

"**အတ္ထိပစ္စည်း**" သည်...

(၁) **သဟဇာတတ္ထိ** = အတူတကွဖြစ်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊

(၂) **ပုရေဇာတတ္ထိ** = ရှေးဦးစွာဖြစ်နှင့်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊

(၃) **ပစ္ဆာဇာတတ္ထိ** = နောက်မှဖြစ်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊

(၄) **အာဟာရတ္ထိ** = လွန်စွာဆောင်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊

(၅) **ဣန္ဒြိယတ္ထိ** = အစိုးရ၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း... ဟူ၍

ပစ္စည်းမျိုးခွဲ ငါးခု၏ အဓိပ္ပါယ်ကို နားလည်ထားရမည်။

(၁) "သဟဇာတပစ္စည်း" သည် တစ်မျိုးတည်းရှိ၍ ယင်းနှင့် တူသော "အတ္ထိပစ္စည်း" ကို "**သဟဇာတတ္ထိ**" ဟု တစ်ခုတည်း ထား၏။

(၂) "ပုရေဇာတပစ္စည်း" မှာ "ဝတ္ထုပုရေဇာတ၊ အာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏပုရေဇာတ" ဟု မျိုးကွဲ သုံးခုရှိရာ ယင်းသုံးမျိုးလုံးနှင့် တူသောကြောင့် "အတ္ထိပစ္စည်း" ကိုလည်း "**ဝတ္ထုပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတတ္ထိ၊ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ**" ဟု အမည် သုံးမျိုးဖြင့် ခွဲခြားထား၏။

(၃) "ပစ္ဆာဇာတပစ္စည်း" သည် တစ်မျိုးတည်းရှိ၍ ယင်းနှင့်တူသော "အတ္ထိပစ္စည်း" ကိုလည်း "**ပစ္ဆာဇာတတ္ထိ**" ဟု တစ်မျိုးတည်းထား၏။

(၄) "အာဟာရပစ္စည်း" သည် "ရုပ်အာဟာရ၊ နာမ်အာဟာရ" ဟု နှစ်မျိုးရှိသော်လည်း၊ "နာမ်အာဟာရ" မှာ "သဟဇာတပစ္စည်း" မျိုးဖြစ်၍ "သဟဇာတတ္ထိ" ပစ္စည်းထဲ၌ပါဝင်ပြီး

ဖြစ်သောကြောင့်၊ ထိုအတွက် "နာမ်အာဟာရတ္ထိ" ဟု အမည် သီးခြားမဖော်ပြဘဲ ထူးခြားသော "ရုပ်အာဟာရ" အတွက်သာ "**ရုပ်အာဟာရတ္ထိ**" ဟု ခွဲ၍ ဖော်ပြခြင်းဖြစ်၏။

(၅) "ဣန္ဒြိယပစ္စည်း" သည် "သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ" ဟု ပစ္စည်းမျိုးခွဲ သုံးခုရှိရာ သဟဇာတိန္ဒြိယ မှာ "သဟဇာတပစ္စည်း" ထဲ၌ ပါဝင်သွားပြီးဖြစ်၍ ၎င်း၊ "ဝတ္ထုပုရေဇာတိန္ဒြိယ" သည် "ဝတ္ထုပုရေဇာတပစ္စည်း" ထဲ၌ ပါဝင်သွားပြီးဖြစ်၍၎င်း၊ ထို နှစ်မျိုးအတွက် "အတ္ထိပစ္စည်း" အမည်ကို သီးခြားဖော်မပြတော့ဘဲ ထူးခြားသော "ရူပဇီဝိတိန္ဒြိယ" အတွက်သာ "**ရူပဇီဝိတိန္ဒြိယတ္ထိ**" ဟု ခွဲခြားဖော်ပြခြင်းဖြစ်၏။

❖ ❖ ❖ ❖ ❖ ❖

## ❁ အကျယ်ရှင်းလင်းချက် ❁

### (၁) သဟဇာတတ္ထိ

- ထင်ရှားရှိသော စိတ်စေတသိက် ဟူသော နာမ်ခန္ဓာလေးပါးတို့သည် အချင်းချင်း "အတ္ထိပစ္စယ သတ္တိ" ဖြင့် ကျေးဇူးပြုကြ၏။
- ထို နာမ်ခန္ဓာလေးပါးတို့သည် မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အား ထင်ရှားရှိဆဲ "အတ္ထိသတ္တိ" ဖြင့် ကျေးဇူးပြုကြ၏။
- ပဉ္စဝေါကာရ ပဋိသန္ဓေစိတ် (စေတသိက်) တို့သည် မိမိနှင့်အတူဖြစ်သော ပဋိသန္ဓေ ကမ္မဇရုပ်တို့အား "အတ္ထိသတ္တိ" ဖြင့် ကျေးဇူးပြုကြ၏။
- ပဉ္စဝေါကာရ ပဋိသန္ဓေစိတ် (စေတသိက်) နှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်း "အတ္ထိသတ္တိ" ဖြင့် ကျေးဇူးပြုကြ၏။
- မဟာဘုတ် (၄)ပါးတို့သည် အချင်းချင်း "အတ္ထိသတ္တိ" ဖြင့် ကျေးဇူးပြုကြ၏။
- ယင်း မဟာဘုတ် (၄)ပါးတို့ကို မှီ၍ဖြစ်ကြသော ဥပါဒါရုပ်တို့အား "အတ္ထိသတ္တိ" ဖြင့် ကျေးဇူးပြုကြ၏။

## (၂) ဝတ္ထုပုရေဇာတတ္တိ

- ➢ စက္ခုပသာဒ...စသော ပသာဒဝတ္ထုရုပ် (၅) ခုတို့သည် မိမိတို့ကို မှီ၍ ဖြစ်ကြသော ဒွေပဥ္စဝိညာဉ် (၁၀)တို့အား ထင်ရှားရှိဆဲ "အတ္ထိသတ္တိ" ဖြင့် ကျေးဇူးပြုကြ၏။
- ➢ ပဋိသန္ဓေ...စသော ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်ဖြစ်သော ဟဒယဝတ္ထုရုပ်သည် နောက်နောက်ဖြစ်သော မနောဝိညာဉ်စိတ်များ (မနောဓာတ်၊ မနောဝိညာဏဓာတ်) အား "အတ္ထိသတ္တိ" ဖြင့် ကျေးဇူးပြု၏။
- ➢ သေခါနီးအခါ ဝီထိစိတ်ဖြစ်စဉ်၌ ထို ပသာဒဝတ္ထုရုပ်သည် ခုထိတိုင်အောင် စိတ်တို့အား "အတ္ထိသတ္တိ" ဖြင့် ကျေးဇူးပြု၏။

## (၃) အာရမ္မဏပုရေဇာတတ္တိ

- ➢ "အာရမ္မဏပစ္စည်း" အတိုင်းပင် ရူပါရုံသည် ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဉ် စသော ဝီထိစိတ်တို့ အား မိမိထင်ရှားရှိဆဲ "အတ္ထိသတ္တိ" ဖြင့် ကျေးဇူးပြု၏။
- ➢ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဟူသော အာရုံ (၄)ပါး တို့က ကျေးဇူးပြုပုံများကို နည်းတူသိရမည်။

**မှတ်ချက်** ⏩ ရုပ်နာမ်တရားတို့၏...

- ❖ သန္တတိပညတ် = အစဉ်မပြတ်ပဲ ဖြစ်နေခြင်း၊
- ❖ သမူဟပညတ် = အစိုင်အခဲ တုံးတိုင် မြေရေ ဖြစ်၍ နေခြင်း၊
- ❖ သဏ္ဌာနပညတ် = လူပုံ နတ်ဟန် တိရစ္ဆာန်နှင့် ပန်းမာလ်သစ်ပင် အမျိုးမျိုးဖြစ်၍နေခြင်း... တို့သည်

ဤ "အတ္ထိပစ္စည်း" "အဝိဂတပစ္စည်း" တို့၏ သတ္တိပင် ဖြစ်ကြ၏။

## ၄။ **ဝတ္ထာရမ္မဏာပုရေဇာတတ္ထိ**

➢ အာရုံပြုခံရသော ပစ္စုပ္ပန် ထင်ရှားရှိဆဲ ဟဒယဝတ္ထုရုပ်သည် မိမိကို အာရုံပြုသော မနောဒွါရာဝဇ္ဇန်း (၁)၊ ကာမဇော (၂၉)၊ တဒါရုံ (၁၁)၊ အဘိညာဉ် (၂) ဟူသော စိတ်များနှင့် ယှဉ်ဖက်စေတသိက် (၄၄) ခု တို့အား "**အတ္ထိသတ္တိ**" ဖြင့် ကျေးဇူးပြုကြ၏။

## ၅။ **ပစ္ဆာဇာတသတ္တိ**

➢ ဘဝသစ်အစ၌ ပဋိသန္ဓေဘဝင်စသော နောက်နောက်သော စိတ် (၈၅) ခုတို့သည် ပဋိသန္ဓေ စိတ်စသော ရှေးရှေးစိတ်အခိုက်၌ ဥပါဒ်ဖြစ်သော၊ ဌီ (တည်) ရှိဆဲ ရုပ်တို့အား နောက်မှဖြစ်၍ ထင်ရှားရှိဆဲ "**အတ္ထိသတ္တိ**" ဖြင့် ကျေးဇူးပြုကြ၏။

**မှတ်ချက်** ⏩ ရှေးရှေးသောစိတ်၌ ဥပါဒ်ဖြစ်ခဲ့ကြသော ရုပ်စုသည် နောက်နောက်စိတ် ဥပါဒ်ဖြစ်မှ "**ပစ္ဆာဇာတပစ္စည်း**" ကိုရ၍၊ ၎င်းသည် နောက်နောက်သော စိတ်၏ ပစ္စယုပ္ပန် ဖြစ်နိုင်၏။ နောက်နောက်သောစိတ်မဖြစ်မီ ပစ္စယုပ္ပန် မဖြစ်နိုင်ကုန်။ "**ပစ္ဆာဇာတ ပစ္စည်း**" အတိုင်းပင် မှတ်ရမည်။

## ၆။ **ရူပအာဟာရတ္ထိ**

➢ ပစ္စုပ္ပန်ရှိဆဲ ခဲဖွယ်ဘောဇဉ်၌ ပါရှိသည့် ဗဟိဒ္ဓဩဇာသည် ဌီ (တည်) ရှိနေဆဲဖြစ်သော အဇ္ဈတ္တ သန္တာန်၌ စတုဇရုပ်တို့အား "**အတ္ထိသတ္တိ**" ဖြင့် ကျေးဇူးပြု၏။

➢ ဗဟိဒ္ဓဩဇာ၏ အထောက်အပံ့ကိုရသော အဇ္ဈတ္တဩဇာသည် ဌီခဏ၌ မိမိရှိနေဆဲ ပစ္စုပ္ပန် ဖြစ်၍ စတုဇရုပ်တို့အား "**အတ္ထိသတ္တိ**" ဖြင့် ကျေးဇူးပြု၏။

## ၇။ **ရူပဇီဝိတိန္ဒြိယတ္ထိ**

➢ ပစ္စုပ္ပန် ထင်ရှားရှိနေဆဲ ဇီဝိတရုပ်သည် ကလာပ်တူ ပစ္စုပ္ပန် ကမ္မဇရုပ်တို့အား "**အတ္ထိသတ္တိ**" ဖြင့် ကျေးဇူးပြု၏။

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော – ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အတ္ထိပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ (၁)

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော – သဟဇာတံ, ပစ္ဆာဇာတံ။ **သဟဇာတာ** – ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ **ပစ္ဆာဇာတာ** – ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။ (၂)

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ (၃)

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော – အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အတ္ထိပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော – သဟဇာတံ, ပစ္ဆာဇာတံ။ **သဟ ဇာတာ** – အကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ **ပစ္ဆာဇာတာ** – အကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။ (၂)

အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော – အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ စိတ္တ သမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ (၃)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော = သဟဇာတံ, ပုရေဇာတံ, ပစ္ဆာဇာတံ, အာဟာရံ, ဣန္ဒြိယံ။ **သဟဇာတော** – ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ

ခန္ဓသာ စိတ္တ သမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋတ္တာ စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ ခန္ဓာ ဝတ္ထုဿ အတ္ထိပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အတ္ထိပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ အတ္ထိပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အတ္ထိပစ္စယေန ပစ္စယော။ မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ ဗာဟိရံ။ အာဟာရသမုဋ္ဌာနံ။ ဥတုသမုဋ္ဌာနံ။ အသညသတ္တာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အတ္ထိပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ အတ္ထိပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒွိန္နံ မဟာဘူတာနံ အတ္ထိပစ္စယေန ပစ္စယော။ မဟာဘူတာ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

**ပုရေဇာတံ -**

အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ... သောတံ။ ပေ။ ဃာနံ။ ပေ။ ဇိဝှံ။ ပေ... ကာယံ။ ပေ။ ရူပေ။ ပေ။ သဒ္ဒေ။ ပေ။ ဂန္ဓေ။ ပေ။ ရသေ။ ပေ။ ဖောဋ္ဌဗ္ဗေ ။ ပေ။ ဝတ္ထု အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ, ဒိဗ္ဗေန စက္ခုနာ ရူပံပဿတိ၊ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ။ ရူပါယတနံ စက္ခုဝိညာဏဿ အတ္ထိပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ။ ပေ။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ အတ္ထိပစ္စယေန ပစ္စယော။ စက္ခာယတနံ စက္ခုဝိညာဏဿ အတ္ထိပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏဿ။ ပေ။ ဃာနာယတနံ ဃာနဝိညာဏဿ။ ဇိဝှါယတနံ ဇိဝှါဝိညာဏဿ။ ပေ။ ကာယာယတနံ ကာယဝိညာဏဿ အတ္ထိပစ္စယေန ပစ္စယော။ ဝတ္ထု ဝိပါကာ ဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ **ပစ္ဆာဇာတာ** – ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။ **ကဗဠီကာရော အာဟာရော** ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။ **ရူပ ဇီဝိတိန္ဒြိယံ** ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ (၁)

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ **ပုရေဇာတံ** သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ သောတံ။ ပေ။ ဃာနံ။ ပေ။ ဇိဝှံ။ ပေ။ ကာယံ။ ပေ။ ရူပေ။ ပေ။ သဒ္ဒေပေ။ ဂန္ဓေ။ ပေ။ ရသေ။ ပေ။ ဖောဋ္ဌဗ္ဗေ။ ပေ။ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿန္တိ။ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏန္တိ။ ဝတ္ထု ကုသလာနံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ (၂)

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော – **ပုရေဇာတံ** စက္ခုံ အဿာဒေတိ၊ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ သောတံ။ ပေ။ ဃာနံ။ ပေ။ ဇိဝှံ။ ပေ။ ကာယံ။ ပေ။ ရူပေ။ ပေ။ သဒ္ဒေ။ ပေ။ ဂန္ဓေ။ ပေ။ ရသေ။ ပေ။ ဖောဋ္ဌဗ္ဗေ။ ပေ။ ဝတ္ထုံ အဿာဒေတိ၊ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ။ ပေ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဝတ္ထု အကုသလာနံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။(၃)

ကုသလော စ အဗျာကတော စ ဓမ္မာ ကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော – **သဟဇာတံ, ပုရေဇာတံ။** သဟဇာတော – ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ ပေ။ ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ (၁)

ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော – **သဟဇာတံ, ပစ္ဆာဇာတံ, အာဟာရံ, ဣန္ဒြိယံ။** သဟဇာတာ – ကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ ပစ္ဆာဇာတာ – ကုသလာ ခန္ဓာ စ ကဗဠီကာရော အာဟာရော စ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။ ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ ရူပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ (၂)

အကုသလော စ အဗျာကတော စ ဓမ္မာ အကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော – **သဟဇာတံ, ပုရေဇာတံ။** သဟဇာတော – အကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ အတ္ထိပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ (၁)

အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော – **သဟဇာတံ, ပစ္ဆာဇာတံ, အာဟာရံ, ဣန္ဒြိယံ။** သဟဇာတာ – အကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ ပစ္ဆာဇာတာ – အကုသလာ ခန္ဓာ စ ကဗဠီကာရော အာဟာရော စ ဣမဿ ကာယဿ အတ္ထိပစ္စယေန ပစ္စယော။ ပစ္ဆာဇာတာ – အကုသလာ ခန္ဓာ စ ရူပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ (၂)

(ပဋ္ဌာဝါရ၊ ၁၆၀-၃)

## "နိဗ္ဗာန်" သည် "အတ္ထိပစ္စည်း" ထိုက်-မထိုက်

"**နိဗ္ဗာန်**" သည် ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိနေ၍ "အတ္ထိပစ္စည်း" ထိုက်သည် မဟုတ်ပါလားဟု မေးဖွယ်ရှိ၏။

"**အတ္ထိ**" ဟူသောစကားကို စဉ်းစားလျှင် ထင်ရှားရှိသည့်အခါ "ပစ္စည်း" ထိုက်၍၊ ထင်ရှားမရှိသည့်အခါ "ပစ္စည်း" မထိုက်ရဟု အဓိပ္ပါယ်ထွက်နေ၏။

"**နိဗ္ဗာန်**" သည် ထိုကဲ့သို့ အဓိပ္ပါယ်နှစ်မျိုး မရ၊ အမြဲတမ်း ထင်ရှားရှိသောကြောင့် **"အတ္ထိပစ္စည်း" မထိုက်ပါ**။

ပစ္စည်းတစ်ခု၏သတ္တိသည် အခြားသောဆန့်ကျင်ဘက်ပစ္စည်း၏ သတ္တိကို ထောက်ဆလျှင် သာ၍ထင်ရှား၏။ "အတ္ထိ" ၏သတ္တိသည် "နတ္ထိပစ္စည်း" ၏ ဆန့်ကျင်ဘက်ဖြစ်၏။ "နတ္ထိ" သဘောမှာ ဥပါဒ်, ဠီ, ဘင် (ဖြစ်,တည်,ပျက်) အားဖြင့် ထင်ရှားရှိပြီးနောက် ချုပ်ပျောက်သွား၍ မရှိခြင်းသဘော ဖြစ်၏။

"**နိဗ္ဗာန်**" သည် ထိုကဲ့သို့ "နတ္ထိသတ္တိ" မရှိသဖြင့် နတ္ထိသတ္တိ၏ ဆန့်ကျင်ဖက်ဖြစ်သော **"အတ္ထိသတ္တိ" လည်းမရှိ**ဟု မှတ်ရမည်။

## ❁ " **အတ္ထိသတ္တိ** " နှင့် အချိန် ၊ နေရာ ၊ ပုဂ္ဂိုလ် ❁

" **အတ္ထိသတ္တိ** " သည်...

- ➢ အချိန်ကာလအားဖြင့် " ပစ္စုပ္ပန် " ၊
- ➢ ဘုံအားဖြင့် (၃၁)ဘုံ၊
- ➢ ပုဂ္ဂိုလ် (၁၂) ယောက်တို့၏ " အဇ္ဈတ္တ " " ဗဟိဒ္ဓ " သန္တာန်တို့၌ ကျေးဇူးပြု၏။

## ❁ " **အတ္ထိသတ္တိ** " ၏ စွမ်းအား ❁

" **အတ္ထိပစ္စယသတ္တိ** " သည် ပစ္စုပ္ပန်အချိန်၌ ဖြစ် တည် ပျက် စိတ်ဖြစ်စဉ် ခဏထင်ရှားရှိခိုက်သာ ကျေးဇူးပြု၏။

- ➢ " အကြောင်းပစ္စည်း " တရားသည်လည် " ထင်ရှားရှိခိုက် " ဖြစ်၏။
- ➢ " အကျိုးပစ္စယုပ္ပန် " တရားသည်လည်း " ထင်ရှားရှိခိုက် " ဖြစ်၏။

အကြောင်းရှိလျှက် အကျိုးမရှိသော်ငြား ၊ အကျိုးသာရှိလျှက် အကြောင်းမရှိသော်ငြား " အတ္ထိသတ္တိ " ဖြင့် ကျေးဇူးမပြု ၊ အကြောင်းအကျိုး နှစ်ဖက်လုံး ထင်ရှားရှိမှသာ " အတ္ထိသတ္တိ " စွမ်းအားသည်ရှိ၏။

နေ့စဉ်လူနေမှုဘဝ၌ " အတ္ထိသတ္တိ " သည် ထင်ရှား၏။

လူတိုင်း သန္တာန်မှာ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ထင်ရှားရှိကြ၏။ မျက်စိ, နား စသော ဒွါရ (ဝတ္ထု) (၆)ပါး ၊ အဆင်း, အသံ စသော အာရုံ (၆) ပါး တို့သည်လည်း ထင်ရှားရှိကြ၏။ ထို ခန္ဓာ(၅)ပါး ရုပ်နာမ်တရားစသည်တို့ကို ဇနီး ခင်ပွန်း၊ မိဘ သားသမီး၊ ဆရာ တပည့် ၊ ငါ, သူတစ်ပါး, ယောကျာ်း, မိန်းမ စသည်၊ အတ္တကောင် ဝိညာဉ်ကောင် စသည် ၊ ပစ္စည်းဥစ္စာ၊ ရာထူးအာဏာ စသည်တို့ဖြင့် စွဲလမ်းသာယာ နှစ်သက်မြတ်နိုးနေကြ၏။

သတိဉာဏ်မရှိလျှင် အကြောင်းအကျိုး တိုက်ဆိုင်သဖြင့် ဖြစ်ပေါ်လာသောထင်ရှားရှိသည့် ပရမတ် သဘာဝ တရားများကို တဏှာ၊ မာန၊ ဒိဋ္ဌိ တို့ဖြင့် ငါ့သား ငါ့သမီး ငါ့ပစ္စည်း၊ ငါ၊ အတ္တကောင်၊ ဝိညာဉ်ကောင်ဟု ထင်မှတ်သာယာစွဲလမ်း သိမ်းပိုက်နေမည်သာ ဖြစ်၏။

စွဲလမ်းမှုတွေရှိနေသမျှ စိုးရိမ်ပူဆွေးငိုကြွေးရပြီး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမှုတွေမှာလည်း မပြတ်ကြုံတွေ့နေရမည်။ ထိုစွဲလမ်းမှုများ အားကောင်းနေပါမူ အသက်ကြီးလာ၍ ရောဂါဝေဒနာများ ခံစားနေရခြင်း၊ သေဘေးကြုံရခြင်းများ ဖြစ်သည့်တိုင်အောင် ထိုစွဲလမ်းထားသည့် သက်ရှိသက်မဲ့ အရာများကို လွှတ်မချနိုင်ဘဲ စွဲမြဲစွာ ဆုပ်ကိုင်ထားရင်း ဘဝတစ်ခုကို အဆုံးသတ်လိုက်ရလျှင် ဘဝသံသရာ ဝဋ်ဆင်းရဲတွေကိုလည်း ဆက်တိုက်ခံရဖို့ သေချာနေပါလိမ့်မည်။

ထို့ကြောင့် တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲ များကို ကွာသွားဖို့ ပျောက်ကင်းဖို့ အကြောင်းအကျိုး တိုက်ဆိုင်သဖြင့် ဖြစ်ပေါ်လာသော ထင်ရှားရှိနေသည့် သဘာဝတရားများကို ထင်ရှားရှိနေခိုက်၌ အသိဉာဏ်ဖြင့် သိမြင်အောင် ကြိုးစားရမည်။ ထိုသဘာဝတရားတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို သိမြင်အောင် ကျင့်ကြံအားထုတ်ရမည်။

### ❁ **အဆုံးအမစကား** ❁

ဂန္ထေ ဉာတေပိ နော ကာယေ ၊ ဂါဟော ဂါဟတိ ပုဂ္ဂလံ။
ဂန္ထေ ဉာတေ အဉာတေဝါ ၊ ကာယေ ဉာတေ ဝိဂစ္ဆတိ။

ကိုယ်မှာမတတ် စာမှာတတ် ဂါဟတ်ကိုက်တက်သည်။
စာတတ်မတတ် ကိုယ်မှာတတ် ဂါဟတ်ပြတ်လေသည်။

(ပရမတ္ထစက္ခုကျမ်း၊ ၄၁)

မသိလျှင်တွယ် သိလျှင်ပြယ်
တွယ်သမျှဘေး ပြယ်မှပင်အေးမည်။

(အနာဂတဝင်ကျမ်း၊ ၃၆)

## ❀ "အတ္ထိပစ္စည်း" ၏ သဘောကို နားလည်ခြင်းအကျိုး ❀

(က) ဤ"အတ္ထိပစ္စည်း" သည်...

- ➢ သန္တတိပညတ်၊
- ➢ သမူဟပညတ်၊
- ➢ သဏ္ဌာနပညတ်... ဟူသော ပညတ် (၃)ပါး ကို ပယ်ဖျောက်နိုင်၏။

"အတ္ထိသတ္တိ" ဖြင့် ရုပ်နာမ်တရားတို့ အချင်းချင်းကျေးဇူးပြုနေသောကြောင့် လက်ခြေအင်္ဂါ၊ မျက်နှာပုံပန်း ဆန်းကြယ်သော "နိမိတ္တ" အမျိုးမျိုးတွေ ဖြစ်နေသည်ဟု ထင်ရ၏။

ရုပ်နာမ်တရားတို့၏ ပစ္စုပ္ပန်အနေမှာ တစ်ခုနှင့်တစ်ခု "အတ္ထိသတ္တိ" ဖြင့် ဖွဲ့စပ် ကျေးဇူးပြုထားခြင်းကြောင့် အထူးထူးသော နိမိတ်သဏ္ဌာန် ဟန်ပန်ပုံပန်း အဆန်းတကြယ် တွေ ဖြစ်၍ နေ၏။

"အတ္ထိပစ္စည်း" ၏ သတ္တိကို သေချာစွာ သိမြင်နိုင်လျှင် တခါတည်း ၎င်းနိမိတ်တို့ ပျက်စီးပျောက်ကွယ်နိုင်၏။ အချင်းချင်း ပစ္စည်း ပစ္စယုပ္ပန် အတ္ထိအနေဖြင့် စပ်ဖွဲ့ချိတ်ဆက် ရာ၌ "ပရမတ္ထတရား" တို့၏ ကျေးဇူးပြုသော "အတ္ထိသတ္တိ" ကို သိမြင်သဘောပေါက်လျှင် "နိမိတ္တသညာ" တို့သည် တခါတည်း ကြေကွဲပျက်စီး၏။ "နိမိတ္တ" ပျောက်လျှင် "အနိမိတ္တ" လမ်းပေါက်၏။

ထို့ကြောင့် "အတ္ထိပစ္စည်း" သည် "နိမိတ္တ" ကို ပျောက်အောင် ကြိတ်ချေဖျက်ဆီးဖို့ အရေးမှာ အလွန်အစွမ်းထက်လှသည့် ဝရဇိန်လက်နက်နှင့် တူ၏။

(ခ) ထိုသို့ ရုပ်နာမ်တရားတို့၏ အစဉ်ဖြစ်သော "သန္တတိ၊ သမူဟ၊ သဏ္ဌာန" ပညတ်သုံးပါးတို့ ဖန်ဆင်း၍ "နိမိတ္တ" ရှိသည့်အတွက်ကြောင့် ဤဝတ္ထုသည် တင့်တယ်လှပ၏။ ဤအရာ

သည် ချစ်ခင်နှစ်သက်ဖွယ်ရှိ၏… စသည်ဖြင့် "ပဏိဟိတ" တရား တိုးပွားနေ၏။ "နိမိတ္တ" မူလ အကြောင်းရင်း မရှိလျှင် "ပဏိဟိဟိတ" မရှိ။

နာမ်ရုပ်တရားတို့၏ "အတ္ထိပစ္စယသတ္တိ" ဖြင့် အချင်းချင်းကျေးဇူးပြုနေကြခြင်းကို လက်တွေ့ကျကျ ဉာဏ်ဖြင့် ဒိဋ္ဌသိမြင်လျှင် "နိမိတ္တ" မရှိသဖြင့် "ပဏိဟိတ" လည်း မရှိလေရာ သာယာဖွယ် ထင်မှတ်စရာ တစ်စုံတစ်ခုမျှ မရှိတော့ပါ။ "အတ္ထိပစ္စည်း" ကို သဘောပေါက်လျှင် "ပဏိဟိတ" ပျောက်ကွယ်၍ "အပ္ပဏိဟိတ" လမ်းပေါက်၏။

ထို့ကြောင့် "အတ္ထိပစ္စည်း" သည် "ပဏိဟိတ" ကို ပျောက်ကွယ်အောင် ချေဖျက်ဖို့ အတွက် ဝရဇိန်လက်နက်နှင့် တူ၏။

(ဂ) ယင်းသို့ ရုပ်နာမ်တရားတို့၏ အစဉ်ဖြစ်သော "သန္တတိ၊ သမူဟ၊ သဏ္ဍာန" ထင်မှားဖွယ်ရာ တို့ကြောင့်ပင် "ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အတန်တန်၊ တိရစ္ဆာန် အမျိုးမျိုးဟူသော လောက၌ ခေါ်ဝေါ်သုံးစွဲသော အတ္တစွဲ၊ အတ္တကောင် ဝိညာဉ်ကောင် အသက်ကောင်ဟူသော "အတ္တဒိဋ္ဌိ" တို့ဖြင့် ထင်မြင်အမှတ်မှားနေကြ၏။

အမှန်စင်စစ် "နိမိတ္တ" သည်ပင် မရှိဟု ဉာဏ်ဖြင့်သိမြင်လျှင် ငါ၊ သူတစ်ပါး စသော "လောကအတ္တစွဲ"၊ အတ္တကောင် စသော "အတ္တဒိဋ္ဌိ" စွဲသည် မရှိနိုင်။ "အတ္ထိပစ္စယသတ္တိ" ဖြင့် ဤတရားရှိခြင်းကြောင့် ဤတရားသည် တည်ရှိ၏။ ဤတရားတည်ရှိဖို့ ဤတရားက ကျေးဇူး ပြု၏… စသည်အားဖြင့်ပစ္စည်းဖြစ်ပုံကို ဉာဏ်ဖြင့်သိမြင်လျှင် လောကအတ္တစွဲ၊ အတ္တဒိဋ္ဌိစွဲများသည် မရှိ။ ထိုအစွဲများ၏ အခြေခံမူလနိမိတ်သည်ပင် မရှိသောကြောင့် ယင်းအစွဲများသည် ပျောက်ကွယ်သွား၏။

ထို့ကြောင့် "အတ္ထိပစ္စည်း" သည် လောကအတ္တစွဲ၊ အတ္တဒိဋ္ဌိစွဲများကို ချေဖျက်ဖို့ အတွက် ဝရဇိန်လက်နက်နှင့် တူ၏။ "အတ္ထိပစ္စယသတ္တိ" ကို ဉာဏ်ဖြင့် ရှင်းလင်းစွာ သိမြင်လျှင် "နိမိတ္တ" ကင်းကွာ၍ "ပဏိဟိတ" ပျောက်ကွယ်လျှက် "သုညတ" လမ်းသို့ တက်ရောက်၏။

(ဃ) ဤ "အတ္ထိပစ္စည်း" ကို ဝိပဿနာဉာဏ်ဖြင့် မသိမြင်ခြင်းကြောင့် ဒိဋ္ဌိအယူအဆ အမျိုးမျိုး ဖြစ်နေကြ၏။

ရူပါရုံတည်းဟူသော "ပုရေဇာတတ္ထိပစ္စည်း" နှင့် စက္ခုဝိညာဉ်စိတ်ဟူသော ပစ္စယုပ္ပန် တို့သည် ပစ္စည်း, ပစ္စယုပ္ပန်အဖြစ်ဖြင့် ကျေးဇူးပြုသည်ကို မသိမြင်သဖြင့် "ငါမြင်သည်" ဟု "ဒိဋ္ဌိ" ဖြစ်လေ၏။

သဒ္ဒါရုံစသည်တို့၌လည်း ဤနည်းတူပင် "ဒိဋ္ဌိ" ဖြစ်နေကြ၏။

ဤသို့ "အတ္ထိပစ္စယ" သတ္တိဖြင့် ပစ္စည်း၊ ပစ္စယုပ္ပန် ကျေးဇူးပြု၍ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ... မျိုးစေ့ကျ၍ ဘဝတစ်ပါး၌ "ပဋိသန္ဓေဝိညာဉ်" ဟူသော ရုပ်နာမ်တို့၏ "ဥပပတ္တိဘဝ" အဖန်ဖန် ဖြစ်ပေါ်နေကြသည်ကို "ငါဖြစ်နေပြန်ပြီ" ဟု "ဒိဋ္ဌိ" ဖြစ်ပြန်၏။

ထို့ပြင် "သဟဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိ" ပစ္စည်း တို့ဖြင့် အချင်းချင်းဖွဲ့စပ်ချိပ်တွဲ၍ အပေါင်းအစည်း ရုပ်ခဲနာမ်ခဲဖြစ်နေသည်ကို "ငါ၏ကိုယ်ထင် ငါပင်ကေန္တ" ဟု "ဒိဋ္ဌိ" ဖြစ်နေ၏။

(င) ဤသို့ ရုပ်နာမ်သင်္ခါရတို့၏ ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဖြစ်စဉ်ကို အတတ်ထင်ထင် ပိုင်းခြား သိမြင်စေသော ဤ "အတ္ထိပစ္စယသတ္တိ" ကို ကျနပိုင်နိုင်စွာ သိမြင်လေလျှင် ယုံမှား ကင်္ခါဝိစိကိစ္ဆာကွာပျောက်၍ "ကင်္ခါဝိတရဏဝိသုဒ္ဓိ" ပညာဉာဏ် ဖြစ်၏။

## ❀ "အတ္ထိပစ္စယသတ္တိ" ကို သိမြင်ခြင်း ❀

(၁) "အဆင်းရူပါရုံ" ဟူသော ပုရေဇာတတ္ထိပစ္စည်းကြောင့် မြင်သိစိတ် "ပစ္စယုပ္ပန်" ဖြစ်နေ၏။ အကြောင်းတရားကို အစွဲပြုပြီး အကျိုးတရားဖြစ်နေသော "ပဋိစ္စသမုပ္ပါဒ်" ဖြစ်၏။ "ငါမြင်သိသည် မဟုတ်" ဟု စက္ခုဒွါရ၌ ယုံမှားခြင်းကင်း၏။

*သောတဒွါရ... စသည်တို့၌လည်း နည်းတူသိမှတ်ရမည်။*

(၂) "သဟဇာတတတ္ထိပစ္စည်း" ကြောင့် ရုပ်နာမ်အစဉ် ဖြစ်နေ၏။ "ငါဖြစ်နေသည် မဟုတ်" ဟု သိ၏။

(၃) "ပစ္ဆာဇာတတ္ထိပစ္စည်း" ထိုက်သော နာမ်တရားတို့ကြောင့် "စတုသမုဋ္ဌာနိက" ရုပ်သည် တည်တံ့နေ၏။ "ငါတည်နေသည် မဟုတ်" ဟု သိ၏။

(၄) "အာဟာရတ္ထိပစ္စည်း" ထိုက်သောဩဇာကြောင့် "စတုသမုဋ္ဌာနိက" ရုပ်တရားတို့ အားအင်ပြည့်ဝရှင်ပြ၍နေ၏။ "ငါအင်အားပြည့်ဝ ရှင်ပြလန်းဆန်းနေသည်မဟုတ်" ဟု သိ၏။

(၅) "ဣန္ဒြိယတ္ထိပစ္စည်း" ထိုက်သော ရုပ်ဇီဝိတကြောင့် သတ္တဝါထင်စရာ အထည်ကိုယ်ဖြစ်သော ကမ္မဇရုပ်တို့ မပျက်ဘဲ ကြာရှည်စွာ အသက်ရှိကြသည့်အသွင်ဖြင့် တည်နေနိုင်၏။ "ငါတည်နေနိုင်သည် မဟုတ်" ဟု သိ၏။

ဤ "အတ္ထိပစ္စည်း" ၏သဘောကို ကျနသေချာစွာ သိမြင်လျှင် ယုံမှားသံသယ အမျိုးမျိုး ပျောက်ကွယ်၍ "ကင်္ခါဝိတရဏဝိသုဒ္ဓိ" ပညာဉာဏ်ဖြစ်၏။

ထိုဉာဏ်အမြင်ရှိသူသည် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကင်းကွာသဖြင့် စူဠသောတာပန်ဖြစ်၏ဟု ဝိသုဒ္ဓိမဂ် (၃၊ ၂၄၀) ၌ မိန့်ဆို၏။

"အတ္တိပစ္စည်း" ၏သဘောကို ဝိပဿနာဉာဏ်ဖြင့် သေချာစွာ သိမြင်လျှင် အလွန်အကျိုးများ၏။ ထို့ကြောင့် ဝိပဿနာဘာဝနာကို မိတ်ဆွေကောင်း ဆရာကောင်းတို့နှင့် ကြိုးစားအားထုတ်ရမည်။

## ❁ "ဣန္ဒြိယဗဒ္ဓရုပ်" ၊ "အနိန္ဒြိယဗဒ္ဓရုပ်" ❁

ရုပ်တို့သည်...

- စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ... စသော "ဣန္ဒြေ" တို့နှင့် ဆက်စပ်သောရုပ်ကို "**ဣန္ဒြိယဗဒ္ဓရုပ်**"
- စက္ခုန္ဒြေ၊ သောတိန္ဒြေ စသော "ဣန္ဒြေ" တို့နှင့် မဆက်စပ်သောရုပ်ကို "**အနိန္ဒြိယဗဒ္ဓရုပ်**"

... ဟု နှစ်မျိုးရှိကြ၏။

အဘိဓမ္မာ၌ ဣန္ဒြိယဗဒ္ဓရုပ်ကလာပ်ရှိလျှင် သက်ရှိဖြစ်၏။ သစ်ပင်သည် ရုပ်ဇီဝိတိန္ဒြေ မရှိသဖြင့် သက်မဲ့ဖြစ်၏။

အသညသတ်ဘုံမှာ ရုပ်သက်သက်သာ ဖြစ်နေသော်လည်း သက်မဲ့ရုပ်မျိုးမဟုတ်။ "ရုပ်ဇီဝိတိန္ဒြေ" နှင့် "ကမ္မဇရုပ်" တို့ရှိနေကြ၏။ သက်မဲ့လေလားဟု သံသယဖြစ်ဖွယ်ရှိနေ၍ "အသညသတ္တ" ဟု သတ္တပုဒ်ထည့် ဟောတော်မူသောကြောင့် အသညသတ်ဗြဟ္မာတို့သည် (၃၁)ဘုံတို့၌ ရှိသော သတ္တဝါတို့ထဲတွင် ပါဝင်ကြ၏။

ထို့ကြောင့်...

- "ဣန္ဒြိယ" ရုပ်ရှိလျှင် → သက်ရှိ၊
- "ဣန္ဒြိယ" ရုပ်မရှိလျှင် → သက်မဲ့ ... ဟု ဆုံးဖြတ်ကြ၏။

## ❁ "အတ္ထိပစ္စည်း" ၏ "ဥပတ္ထမ္ဘကသတ္တိ" သည် ယေဘုယျဖြစ်ခြင်း ❁

**"စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။"**

- စိတ်စေတသိက်တရားတို့သည် "စိတ္တဇရုပ်" ကို ဖြစ်စေ၏။ ထုတ်လုပ်၏။
- စိတ်သည်...
  - ❖ ရုပ်ကိုမထုတ်လုပ် မဖြစ်စေသည့်စိတ် (ဒွေပဉ္စဝိညာဉ် (၁၀)၊ အရူပဝိပါက်(၄)၊ ရဟန္တာတို့၏ စုတိစိတ်)
  - ❖ ရုပ်ကို ထုတ်လုပ်ဖြစ်စေတတ်သည့် စိတ် (ကျန်စိတ်များ)

... ဟု နှစ်မျိုးရှိ၏။

- ရုပ်ကိုထုတ်လုပ်ဖြစ်စေတတ်သည့် စိတ်တို့သည် စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် စိတ်၏ ဥပါဒ်ခဏ၌ စိတ်လည်းဖြစ်၊ ရုပ်ကိုလည်းဖြစ်စေ၏။ ထို့ကြောင့် "အတ္ထိပစ္စည်း"ကို "ဥပတ္ထမ္ဘကသတ္တိ" ဟု အဋ္ဌကထာကျမ်းများ၌ ဖွင့်ပြမှုများသည် ယေဘုယျစကားဟု မှတ်ရမည်။

## ❁ (၂၄)ပစ္စည်းကို အကျဉ်းချုံးခြင်း ❁

အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌... "(၂၄)ပစ္စည်းကို အကျဉ်းချုံးလျှင် အာရမ္မဏပစ္စည်း၊ ဥပနိဿယ ပစ္စည်း၊ ကမ္မပစ္စည်း၊ အတ္ထိပစ္စည်း → (၄)ပစ္စည်းထဲမှာ ထိုက်သလိုဝင်သွား၏" ဟု မိန့်ဆို၏။

ထိုထက်ချုံးရလျှင် စာပေကျမ်းဂန်များ၌ မပြထားသော်လည်း အတ္ထိ၊ နတ္ထိ → နှစ်မျိုးထဲ ဝင်သွား၏။ အတွေးအခေါ်နှင့်ပတ်သက်သည့် "သဿတဝါဒ" သည် "အတ္ထိ"၊ "ဥစ္ဆေဒဝါဒ" သည် "နတ္ထိ" များကို ဆိုလိုသည်မဟုတ်။

သဘာဝတရားသည်...

- ➢ မိမိဖြစ်နေခိုက် ရှိနေခိုက်၌ ကျေးဇူးပြုလျှင် "အတ္ထိပစ္စည်း"
- ➢ မိမိမရှိမှ ပျောက်ကွယ်သွားမှ ကျေးဇူးပြုလျှင် "နတ္ထိပစ္စည်း"

... ဟု ဆိုလို၏။

## ❁ "အရှိတရား" နှင့် "အဖြစ်တရား" ❁

- ➢ "စိတ်၊ စေတသိက်၊ ရုပ်" တရားတို့သည်...
    - ❖ "အရှိတရား" လည်းဖြစ်၏၊ "အဖြစ်တရား" လည်းဖြစ်၏။
- ➢ "နိဗ္ဗာန်" သည်...
    - ❖ "အရှိတရား" သက်သက်သာ ဖြစ်၏။

## ❁ ပစ္စုပ္ပန် (၃) မျိုး ❁

- ➢ ဥပါဒ် ဌီ ဘင် → ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော စိတ်၊ စေတသိက်၊ ရုပ်တို့သည် "**ခဏပစ္စုပ္ပန်**" ဖြစ်၏။
- ➢ မွေးသည်မှစ၍ သေသည်တိုင်အောင် မပြတ်ဖြစ်နေသည့် ရုပ်ဖြစ်စဉ် နာမ်ဖြစ်စဉ်များသည် "**သန္တတိပစ္စုပ္ပန်**" ဖြစ်၏။
- ➢ ဘဝတစ်ခုဖြင့် ပိုင်းခြားအပ်သော ရုပ်နာမ်အပေါင်းသည် "**အဒ္ဓါပစ္စုပ္ပန်**" ဖြစ်၏။

## ❀ "သင်္ခတတရား" နှင့် "အသင်္ခတတရား" ❀

➢ "ခဏပစ္စုပ္ပန်" အနေဖြင့် ဖြစ်ပေါ်လာသည့် စိတ်၊ စေတသိက်၊ ရုပ်တို့သည် ဉာဏ်မျက်စိဖြင့် စစ်ဆေးကြည့်လျှင် "ပရမတ္ထ" အားဖြင့် ထင်ရှားရှိကြ၏။ အကြောင်းကို အစွဲပြု၍ ဖြစ်ပေါ်လာကြ၏။ **(သင်္ခတတရား)**

➢ "နိဗ္ဗာန်" သည်ကား ဥပါဒ် ဌီ ဘင် မရှိသဖြင့် မပျက်စီးဘဲ အမြဲရှိနေ၏။ **(အသင်္ခတတရား)**

## ❀ "အတ္ထိပစ္စည်း" နှင့် "ဥစ္ဆေဒဒိဋ္ဌိ" ❀

"အတ္ထိပစ္စည်း" ကို ဘယ်ပုဂ္ဂိုလ်များအတွက် ဟောသလဲဆိုလျှင်...

- "ဥစ္ဆေဒ" အယူရှိသည့် ပုဂ္ဂိုလ်တွေအတွက် ဟောခြင်းဖြစ်၏။

စုတိ = သေပြီး၊ ပဋိသန္ဓေ = မွေးလာခြင်းကို မသိမမြင်နိုင်သည့် ပုဂ္ဂိုလ်များသည် သေပြီးလျှင် ပြတ်သွားကြ၏၊ ဤရုပ်နာမ်ဖြစ်မှုသည် တစ်ဘဝသာ ဖြစ်၏ဟု - "**ဥစ္ဆေဒဒိဋ္ဌိ**" ဖြစ်နေကြ၏။

စိတ် စေတသိက် ရုပ်တရားတို့သည် ဥပါဒ် ဌီ ဘင် အနေဖြင့် ထင်ရှားဖြစ်ပေါ်ပြီး "အတ္ထိသတ္တိ" (အရှိတရား) ဖြင့် ကျေးဇူးပြုနေ၏ဟု ဉာဏ်မျက်စိဖြင့်မြင်၍ နားလည်သဘောပေါက်လျှင် "ဥစ္ဆေဒဒိဋ္ဌိ" အယူအဆများ ပြောင်းသွား၏။

# အဝိဂတပစ္စယော

## အဝိဂတပစ္စယောတိ

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စယေန ပစ္စယော။
စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော။
ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော။
စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတပစ္စယေန ပစ္စယော။
မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။
သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။
ဃာနာယတနံ ဃာနဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။
ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။
ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။
သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။
ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။
ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။
ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။
ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

## ❀ " အဝိဂတပစ္စည်း" နှင့် "အတ္ထိပစ္စည်း" လုံးဝတူခြင်း ❀

"အဝိဂတပစ္စည်း" သည် "အတ္ထိပစ္စည်း" နှင့် ပစ္စည်းတရား၊ ပစ္စယုပ္ပန်တရား အရကောက် အနေဖြင့်လုံးဝတူ၏။

ထို့ကြောင့် "အတ္ထိပစ္စည်း" ကိုလေ့လာပြီး "အဝိဂတပစ္စည်း" ကို ဆက်လက်လေ့လာလျှင် ကောင်း၏။ "အဝိဂတပစ္စည်း" ၏သဘောသည် "အတ္ထိပစ္စည်း" ၏သဘောကို ရှင်းပြရာ၌ လွန်စွာ အထောက်အကူပြုသဖြင့် ဤပစ္စည်းနှစ်ခုတို့၏ သဘောကို ပေါင်း၍လေ့လာပါက ပို၍ အကျိုး သက်ရောက်မှုရှိမည်။

- ➢ "အတ္ထိ" သဒ္ဒါသည် "ထင်ရှားရှိခြင်း" ဟူသော အဓိပ္ပါယ်ရှိ၏။
- ➢ "အဝိဂတ" သဒ္ဒါကား "မကင်းသေး၊ မချုပ်သေးမီ" ဟူသော အဓိပ္ပါယ်ရှိ၏။

ထို့ကြောင့် -

- "အတ္ထိသဘော" သည် ပစ္စည်း၊ ပစ္စယုပ္ပန်တရား နှစ်ပါးလုံး "ပစ္စုပ္ပန်အခိုက်၌ ထင်ရှားရှိ" နေ ရမည်။
- "အဝိဂတပစ္စည်းသဘော" သည်လည်း ပစ္စည်း၊ ပစ္စယုပ္ပန် နှစ်ပါးလုံး "ပစ္စုပ္ပန်အခိုက်၌ ပရမတ္ထသဘောမှ မကင်းသေး ၊ မချုပ်ပျောက်သေးမီရှိ" နေရမည်။

တနည်းပြောရလျှင်...

- ❖ 'ပရမတ္ထတရား ထင်ရှားရှိနေသည့် အခိုက်အတန့်၌ ကျေးဇူးပြုတတ်သော သတ္တိ' သည် "အတ္ထိပစ္စယသတ္တိ" ဖြစ်၏။
- ❖ 'ပရမတ္ထသဘောမှ မကင်းသေး မချုပ်သေးမီ ပစ္စုပ္ပန်ရှိနေဆဲအဖြစ်ဖြင့် ကျေးဇူးပြုတတ် သော သတ္တိ' သည် "အဝိဂတပစ္စယသတ္တိ" ဖြစ်၏။

ဤပစ္စည်းနှစ်ခုတို့တွင် ပစ္စည်းတစ်ခု၏ သဘောအဓိပ္ပါယ်သည် အခြားပစ္စည်းတစ်ခု၏ သဘောအဓိပ္ပါယ်ကို ထပ်ဆင့်၍ ရှင်းပြနေသလိုဖြစ်၏။

" အတ္ထိ = ရှိ၏" ဟူသည် ဘယ်လောက်အတိုင်းအတာအထိ ရှိနေတာလဲ... ဟု မေးစရာရှိ၍ " ကင်းကွာသွားခြင်း မရှိသေးမီ အရှိ" ဟု ထပ်မံရှင်းပြလိုသဖြင့် " အဝိဂတပစ္စယော" ဟု ဟော၏။

## ❀ " အဝိဂတပစ္စည်း" ၏ ဥပမာ ❀

" အဝိဂတပစ္စည်း" သည် " မဟာသမုဒ္ဒရာနှင့် တူ၏" ဟု ရှေးပညာရှိတို့ မိန့်ကြ၏။

မဟာသမုဒ္ဒရာရေသည် မကုန်ခန်းသေးသမျှ ကာလပတ်လုံး သမုဒ္ဒရာ၌ နေကြသော ငါးလိပ် စသည်တို့အား အသက်ရှင်သန် တည်နေကြဖို့ရာ ကျေးဇူးပြုသကဲ့သို့၊ ထို့အတူပင် " အဝိဂတပစ္စည်း" သည် " မကင်းသေး၊ မချုပ်ပျောက်သေးမီ" ကျေးဇူးပြု၏။

- " အတ္ထိပစ္စည်း" သည် မြေကြီး နှင့် သစ်ပင် (ပစ္စည်း နှင့် ပစ္စယုပ္ပန်) နှစ်ဖက်လုံး ပစ္စုပ္ပန် အခိုက်၌ ထင်ရှားရှိနေကြမှသာ ကျေးဇူးပြုနိုင်သကဲ့သို့... " အဝိဂတပစ္စည်း" သည်လည်း မဟာ သမုဒ္ဒရာ နှင့် ငါးလိပ် (ပစ္စည်း နှင့် ပစ္စယုပ္ပန်) နှစ်ဘက်လုံး မပျက်သုဉ်းမီ အခါ၌သာ ကျေးဇူး ပြု၏။
- " အတ္ထိပစ္စည်း" သည် ငါးမျိုးရှိသကဲ့သို့... " အဝိဂတပစ္စည်း" မှာလည်း ငါးမျိုးရှိ၏။

## ❀ " အတ္ထိ" နှင့် " အဝိဂတ" ထူးခြားချက် ❀

" **အတ္ထိ = ထင်ရှားရှိခြင်း**" နှင့် " **အဝိဂတ= မကင်းပျောက်ခြင်း**" တို့သည် " အဓိပ္ပါယ် တရားကိုယ်" အရတို့ မကွဲပြားကြသော်လည်း၊ ပရမတ္ထတရားတို့၏ ဖြစ် တည် ပျက် ဟူသော " ပစ္စုပ္ပန် ခဏသုံးပါးသဘော" အနေဖြင့် ထင်ရှားရှိနေမှု သဘောသည် " အတ္ထိပစ္စယသတ္တိ" ဖြစ်၏။ ထိုပရမတ္ထတရားတို့၏ ပစ္စုပ္ပန်အခိုက်အတန့်၌ ကိုယ်ပိုင်သဘောသတ္တိများ မကင်းသေး မချုပ်ပျောက်မီ သဘောသည် " အဝိကတပစ္စယသတ္တိ" ဖြစ်၏။

ဥပမာပြရလျှင်... ငါး နှင့် ရေ လိုဖြစ်၏။

ရေသည် ထင်ရှားစွာ တည်ရှိနေဆဲတွင် ရေတွင်နေကြသော ငါးတို့အား အသက်ရှင်သန်နေဖို့ အတွက် "အတ္ထိသတ္တိ" ဖြင့် ကျေးဇူးပြု၏။

ငါးတို့သည် ရေနှင့်ကင်း၍ အသက်ရှင်နေဖို့ မဖြစ်နိုင်။ ငါးတို့အား ရေသည် မကင်းကွာ မကင်းကောင်းသည်ဖြစ်၍ "အဝိဂတသတ္တိ" ဖြင့် ကျေးဇူးပြု၏။

"အတ္ထိပစ္စည်း" ကို ဟောတော်မူပြီး၍ ဆန့်ကျင်ဘက်အနေဖြင့် "နတ္ထိပစ္စည်း" ကို ဟောတော်မူ၏။ "ဝိဂတပစ္စည်း" ကို ဟောတော်မူပြီး၍ ဆန့်ကျင်ဘက်အနေဖြင့် "အဝိဂတ ပစ္စည်း" ကို ဟောတော်မူ၏။

- " **ဝိဂတ = ကင်းခြင်း**" သည် " **နတ္ထိ = မရှိခြင်း**" နှင့် သဘောတူ၏။
- " **အဝိဂတ = မကင်းခြင်း**" သည် " **အတ္ထိ = ရှိခြင်း**" နှင့် သဘောတူ၏။

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဝိဂတပစ္စယေန ပစ္စယော။

ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။

တယော ခန္ဓာ ဧကဿ ခန္ဓဿ အဝိဂတပစ္စယေန ပစ္စယော။ ဒွေခန္ဓာ ဒွိန္နံ ခန္ဓာနံ အဝိဂတပစ္စယေန ပစ္စယော။ (သံခိတ္တံ)

(ပဥ္စာဝါရ၊ ၁၆၄)

# နတ္ထိပစ္စယော

## နတ္ထိပစ္စယောတိ

သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

### နတ္ထိပစ္စည်း အဓိပ္ပါယ်

"**နတ္ထိသဒ္ဒါ**" သည် "ထင်ရှားရှိခြင်း → အတ္ထိသဒ္ဒါ" နှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး... "**မရှိခြင်း၊ ထင်ရှားမှုမရှိခြင်း**" ဟု အဓိပ္ပါယ်ရှိ၏။ ဆီမီးငြိမ်းသွားခြင်းသည် အမိုက်အမှောင်ဖြစ်ရန် အခွင့်အရေး ပေးသကဲ့သို့၊ ထို့အတူ "**ရှေးရှေးတရားတို့သည် မရှိခြင်းဖြင့် နောက်နောက်တရားတို့အား ဖြစ်စေရန် ကျေးဇူးပြုခြင်း**" သည် "**နတ္ထိပစ္စည်း**" ဖြစ်၏။

"**မရှိဘဲနှင့်ကျေးဇူးပြုခြင်း**" ကို ဆိုလို၏။

ထို့ကြောင့် ချုပ်ပျောက်လေပြီးသော ရှေးရှေး စိတ် စေတသိက် → နာမ်တရားတို့သည် နောက်နောက်သော စိတ် စေတသိက် → နာမ်တရားတို့အား "**နတ္ထိပစ္စယသတ္တိ**" ဖြင့် ကျေးဇူးပြု၏။

"နတ္ထိ" ၏ "မရှိခြင်းသဘော" သည် "နဂိုကတည်းက ဘာမျှမရှိခြင်း - အဘာဝပညတ်" ကို ဆိုလိုသည်မဟုတ်၊ ပစ္စုပ္ပန်ခဏအနေဖြင့် ထင်ရှားရှိနေသော နာမ်တရားတို့သည် သက်တမ်းစေ့၍ ချုပ်ပျောက်သွားသဖြင့် နဂိုကရှိနေသောတရားတို့ မရှိသည့်သဘောကိုသာ ဆိုလို၏။

ထို့ကြောင့် "အတ္ထိ" နှင့် "နတ္ထိ" တို့သည် ဆန့်ကျင်ဘက်သဘောဖြစ်သည့် "စုံတွဲပစ္စယသတ္တိ" များ ဖြစ်ကြ၏။

"နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်း" တို့သည် "အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း" တို့နှင့် ပစ္စည်း၊ ပစ္စယုပ္ပန် ကျေးဇူးပြုပုံ အားလုံးတူကြ၏။

| အကြောင်း (ပစ္စည်း) တရား | အကျိုး (ပစ္စယုပ္ပန်) တရား |
|---|---|
| ရဟန္တာတို့၏ စုတိစိတ်ကြဉ် ရှေးရှေး၌ဖြစ်သော စိတ် (၈၉)၊ စေ (၅၂) | ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နောက်နောက်၌ဖြစ်သော စိတ် (၈၉)၊ စေ(၅၂) |

| အကြောင်း (ပစ္စည်း) တရား | အကျိုး(ပစ္စယုပ္ပန်)တရား |
|---|---|
| စက္ခုဝိညာဉ် ဒွေး၊ | သမ္ပဋိစ္ဆိုင်း ဒွေး (မနောဓာတ်) |
| သဗ္ဗစိတ္တသာဓာရဏ စေ (၇) | ဆန္ဒ ပီတိ ဝီရိ ကြဉ် အညစေ(၁၀) |
| သမ္ပဋိစ္ဆိုင်း ဒွေး၊ | သန္တီရဏ (၃)၊ |
| ဆန္ဒ ပီတိ ဝီရိ ကြဉ် အညသမာန်းစေ(၁၀) | ဆန္ဒ ပီတိ ဝီရိ ကြဉ် အညသမာန်းစေ(၁၀) |

## ❀ "အနန္တရပစ္စည်း" နှင့် "နတ္ထိပစ္စည်း" ထူးခြားမှု ❀

စိတ္တနိယာမသဘောအတိုင်း ရှေ့စိတ်များဖြစ်ပြီးသည်၏ အခြား၌ နောက်စိတ်များ ဖြစ်ဖို့ ကြားကာလမရှိဘဲ ကျေးဇူးပြုမှုသည် "အနန္တရပစ္စယသတ္တိ" ဖြစ်၏။

နောက်စိတ်များ ဖြစ်ဖို့အတွက် ရှေးစိတ်များ ချုပ်ပျောက်သွားသည်ဖြစ်၍ ကျေးဇူးပြုမှုသည် "နတ္ထိပစ္စယသတ္တိ" ဖြစ်၏။

"နတ္ထိပစ္စည်း" ၏ အချိန်ကာလ၊ နေရာ၊ ပုဂ္ဂိုလ် တို့သည် "အနန္တရပစ္စည်း" နှင့် တူ၏။

## ❀ "နတ္ထိပစ္စည်း" ၏ စွမ်းအင် ❀

"အတ္ထိသတ္တိ" ၏ အရှိစွမ်းအင်ဖြင့် ကျေးဇူးပြုမှုသည် ပကတိမျက်စိဖြင့် မြင်တွေ့ရသကဲ့သို့ ထင်ရှား၏။

"နတ္ထိသတ္တိ" ၏ မရှိစွမ်းအင်ဖြင့် ကျေးဇူးပြုမှုမှာ ပကတိမျက်စိဖြင့်ကြည့်လျှင် အမှောင်ထဲ၌ ကြည့်ရသကဲ့သို့ မထင်ရှား၍ အသိခက်လှ၏။ ဉာဏ်မျက်စိဖြင့် ကြည့်တတ်မှသာ သိမြင်နိုင်သော အရာဖြစ်၏။

အများသိထားကြသည်မှာ နာမ်တရားများ ချုပ်ပျောက်သွားသဖြင့် ဘာမျှမရှိ၊ ဘာမျှမရှိတော့လျှင် ဘာသတ္တိမျှ မကျန်ရစ်ဟုဖြစ်၏။

မြတ်ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ဖြင့် နာမ်တရားများ ချုပ်ပျောက်သွားသော်လည်း နောက်စိတ်များဖြစ်ဖို့အတွက် " နတ္ထိသတ္တိ" ဖြင့် ကျေးဇူးပြု၏ - ဟု ဟောတော်မူ၏။

ဥပမာ - တိုင်းပြည်၏ခေါင်းဆောင်တစ်ဦးသည် တိုင်းသူပြည်သားတွေကို ကျေးဇူးပြုမှုမှာ သူထင်ရှားရှိနေဆဲအချိန်၌လည်း ကျေးဇူးပြု၏။ သူမရှိတော့သည့် အချိန်၌လည်း ကျေးဇူးပြု၏။

ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသော တရားတော်များသည် သတ္တဝါအားလုံးအတွက် သက်တော် ထင်ရှားရှိနေစဉ် အချိန်၌လည်း ကျေးဇူးများ၏။ ပရိနိဗ္ဗာန်စံပြီးအချိန်၌လည်း ကျေးဇူးများ၏။

ကျေးဇူးပြုမှုသည်...

- ရှိနေဆဲမှာ ကျေးဇူးပြုခြင်း၊
- မရှိတော့မှ ကျေးဇူးပြုခြင်း ဟု နှစ်မျိုးရှိ၏။

## ❁ " နတ္ထိပစ္စည်း" နှင့် " သဿတ ဒိဋ္ဌိ" ❁

" အတ္ထိပစ္စယော" ကိုသာဟောလျှင် ရုပ်တရား နာမ်တရားများသည် အမြဲရှိကြ၏။ မပျက်စီးကြဟု " သဿတဒိဋ္ဌိ" အယူ ဖြစ်နိုင်၏။

" နတ္ထိပစ္စယော" ကို ဆက်ဟောသဖြင့် ထိုတရားတို့သည် ရှိကြသော်လည်း ပျက်စီးကြ၏ဟု နားလည်သဘောပေါက်လျှင် " သဿတဒိဋ္ဌိ" အယူအဆသည် ပျောက်ပျက်နိုင်၏။

" ဥဘော အန္တေ အနုပဂ္ဂမ္မ" ဟူသော ဓမ္မစကြာတရားတော်၌ပါသော အစွန်းနှစ်ဖက်မှ လွတ်ဖို့အတွက် မြတ်ဗုဒ္ဓသည် " အတ္ထိပစ္စယော" ၊ " နတ္ထိပစ္စယော" ဟု ဟောတော်မူခြင်းဖြစ်၏။

## ۞ "အသေကြပ်ခြင်း" နှင့် "အသေချောင်ခြင်း" ۞

အတွင်းသန္တာန်၌ရှိသော ဒွါရ(၆)ပါး နှင့် အပြင်သန္တာန်၌ရှိသော အာရုံ(၆)ပါးတို့ အကြောင်း ပေါင်းဆုံတိုက်ဆိုင်မိခြင်းကြောင့် အသိဝိညာဉ်စိတ် (၆)ပါးတို့သည် သတ္တဝါတို့ သန္တာန်မှာ မွေးရာမှ သေသည်တိုင်အောင် ဖြစ်ပေါ်ပြီး ပျောက်ပျက်နေကြ၏။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲများလည်း ခံစား နေကြရ၏။ ကိုယ်ဖြစ်ချင်သလို မဖြစ်ဘဲ သူဖြစ်ချင်သလိုသာ ဖြစ်နေကြ၏။

ယင်းသဘာဝ ဖြစ်စဉ်များကို ဉာဏ်ပါသော သတိဖြင့် ကောင်းစွာမမြင်နိုင်ခြင်းကြောင့် သတ္တဝါတို့သည် တဏှာဒိဋ္ဌိ တို့ဖြင့် သာယာစွဲလမ်းနေကြ၏။ ထိုသို့ သာယာစွဲလမ်းမှုတို့ အားကောင်းနေလျှင် အနှောင်အဖွဲ့များသည် ရုန်း၍ မရနိုင်အောင် ခိုင်မြဲနေကြ၏။

ယင်းသို့ ခိုင်မြဲနေသည့်အတွက် ဘဝတစ်ခု အဆုံးသတ်သည့် အချိန်၌ ပိုင်ဆိုင်ထားသည့် အရာများကို လွှတ်မချနိုင်သဖြင့် အသေကြပ်မည်။ အသေကြပ်လျှင်တော့ ဒုဂ္ဂတိဘဝသို့ သွားရမည်မှာ သေချာ၏။

ထိုသဘာဝဖြစ်စဉ်များကို ဉာဏ်ပါသော သတိဖြင့် သိမြင်အောင်ရှုမြင်နိုင်ပါမူ တဏှာဒိဋ္ဌိ တို့ဖြင့် သာယာစွဲလမ်းမှုများ ကင်းကွာလာကြမည်။ ထိုသို့ ကင်းကွာလာမှသာ အနှောင်အဖွဲ့များကို ရုန်းထွက်နိုင်၏။

ယင်းသို့ ရုန်းထွက်နိုင်လျှင် ဘဝတစ်ခု အဆုံးသတ်သည့်အချိန်၌ ပိုင်ဆိုင်ထားသည့် အရာ အားလုံးကို လွှတ်ချနိုင်သဖြင့် အသေချောင်မည်။ အသေချောင်လျှင်တော့ သုဂတိဘဝသို့ ရောက်ရဖို့ သေချာ၏။

◈ ◈ ◈ ◈ ◈ ◈

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ နတ္ထိပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ နတ္ထိပစ္စယေန ပစ္စယော။ (သံခိတ္တံ)

(ပဋ္ဌာဝါရ၊ ၁၆၃)

◈ ◈ ◈ ◈ ◈ ◈

# ဝိဂတပစ္စယော

## ဝိဂတပစ္စယောတိ

သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပဋ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

## ဝိဂတပစ္စည်း အဓိပ္ပါယ်

" ဝိဂတသဒ္ဒါ" သည် " အဝိဂတသဒ္ဒါ" ၏ ဆန့်ကျင်ဘက်ဖြစ်ပြီး

- " ချုပ်ကင်းခြင်း ကင်းပျောက်ခြင်း" ဟု အဓိပ္ပါယ် ရှိ၏။

နေရောင် ပျောက်ကွယ်သွားခြင်းသည် လရောင်ဖြစ်ပေါ်ဖို့ရာ ကျေးဇူးပြုသကဲ့သို့၊ ထို့အတူပင် ရှေးရှေးနာမ်တရားတို့သည် ကင်းချုပ်ပျောက်ကွယ်မှုဖြင့် နောက်နောက် နာမ်တရား တို့အား " ဖြစ်ခွင့် ပေးမှု" ကျေးဇူးပြုခြင်းသည် " ဝိဂတပစ္စည်း" ဖြစ်၏။

ထို့ကြောင့် ကင်းချုပ်ပျောက်ကွယ်ပြီးသော ရှေးရှေးစိတ်စေတသိက် နာမ်တရားတို့သည် မိမိတို့ ကင်းချုပ်ပျောက်ကွယ်သွားသဖြင့် နောက်နောက်စိတ်စေတသိက် နာမ်တရားတို့အား " ဝိဂတပစ္စယ" သတ္တိဖြင့် ကျေးဇူးပြုခြင်းကိုဆိုလို၏။

## " နတ္ထိပစ္စည်း" နှင့် " ဝိဂတပစ္စည်း"

" နတ္ထိပစ္စည်း" နှင့် " ဝိဂတပစ္စည်း" တို့သည် ကျေးဇူးပြုပုံ သဘောလက္ခဏာအားဖြင့် တူညီကြသော်လည်း သတ္တိအားဖြင့် မတူညီကြ။

- " နတ္ထိ" သဘောသည် ချုပ်ပြီးသည်၏ အခြားမဲ့၌ ဘာမှမရှိတော့ခြင်း သဘောဖြစ်၏။
- " ဝိဂတ" သဘောကား ကင်းမှုချုပ်မှုဖြစ်၏။

~~~~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~~

❖ မိမိ၏ မရှိခြင်းမျှဖြင့် နောက်တရားများ ဖြစ်ပေါ်ဖို့ ကျေးဇူးပြုခြင်းသည် "နတ္ထိပစ္စည်း" ဖြစ်၏။

❖ မိမိ၏ သဘောသတ္တိ မကင်းပျောက်ခြင်းကြောင့် ဖြစ်ခွင့်မရသော နောက်နောက်တရားတို့အား မိမိသဘောသတ္တိကင်းပျောက်ခြင်းဖြင့် ကျေးဇူးပြုခြင်းသည်" ဝိဂတပစ္စည်း" ဖြစ်၏။

~~~~~~~~~~~~~~~~~~~~~~~~~

➔ ချုပ်သွားပြီးနောက် မရှိတော့မှ ဖြစ်ခြင်းကို " နတ္ထိ" ဟုခေါ်၏။

➔ ချုပ်သွားခြင်းကိုလုံးဝကင်းပြီးတော့ပြတ်စဲသွားခြင်းဖြစ်သောကြောင့် " ဝိဂတ" ဟု ခေါ်၏။

" မရှိမှု" နှင့် " ကင်းမှု" သည် ကျေးဇူးပြုခြင်းအတူတူဖြစ်သည် မဟုတ်ပါလား - ဟု မေးစရာရှိ၏။

စက္ခုဝိညာဉ်စိတ်က သမ္ပဋိစ္ဆိုင်းကို ကျေးဇူးပြုခြင်းသည် စက္ခုဝိညာဉ်စိတ်က ဥပါဒ် ဌီ ဘင် အနေဖြင့် ဖြစ်တည်ပျက်ပြီး၊ စက္ခုဝိညာဉ်စိတ် မရှိတော့မှ သမ္ပဋိစ္ဆိုင်းသည် ဖြစ်ခွင့်ရခြင်း ဖြစ်၏။ စက္ခုဝိညာဉ်စိတ်မရှိတော့သဖြင့် သမ္ပဋိစ္ဆိုင်းဖြစ်ခြင်းသည် " နတ္ထိပစ္စယ" သတ္တိဖြင့် ကျေးဇူးပြု၏။

စက္ခုဝိညာဉ်စိတ်က မရှိတော့ပေမယ့်လည်း စက္ခုဝိညာဉ်စိတ်၏သတ္တိသည် မကင်းသေးလျှင် သမ္ပဋိစ္ဆိုင်းသည် မဖြစ်နိုင်ပါ။ စက္ခုဝိညာဉ်စိတ် မရှိခြင်းသာမဟုတ်ဘဲ စက္ခုဝိညာဉ်စိတ်၏ သတ္တိသည်လည်း ကင်းမှသာ သမ္ပဋိစ္ဆိုင်းဖြစ်ခြင်းသည် " ဝိဂတပစ္စယ" သတ္တိဖြင့် ကျေးဇူးပြု၏။

" နတ္ထိပစ္စည်း" သည် အဘာဝမတ္တေန = မရှိခြင်းမျှပင် ကျေးဇူးပြု၏။ " ဝိဂတပစ္စည်း" ကား မရှိ တော့ပေမယ့် သဘောသတ္တိ မကင်းသေးလျှင် ကျေးဇူးမပြု၊ သဘောသတ္တိလည်း ကင်းရှင်းမှ ကျေးဇူးပြု၏။

## ❀ အစိပ္ပါယ်တူ ပစ္စည်းများကို ဟောရခြင်း ❀

➢ အနန္တရ နှင့် သမနန္တရ၊

➢ နတ္ထိ နှင့် ဝိဂတ၊

➢ အတ္ထိ နှင့် အဝိဂတ တို့ကို...

အရတူပါသော်လည်း ဒေသနာ ဝိလာသ၊ ပုဂ္ဂလဇ္ဈာသယအားဖြင့် နှစ်မျိုးဟောတော်မူ၏။
~~~~~~~~~~~~~~~~~~~~~~~~~

မြတ်ဗုဒ္ဓသည် တရားဟောတော်မူရာတွင် တရားနာသူ ဝေနေယျတို့အား အဇ္ဈာသယ ပါရမီ ဓာတ်ခံ လိုအင်ဆန္ဒအားလျော်စွာ ဟောကြားတော်မူ၏။ ထို့သို့ ဟောကြားတော်မူရာ၌ ဝေနေယျ သတ္တဝါအမျိုးမျိုးတို့၏ လိုအင်ဆန္ဒ အကြိုက်ကိုလိုက်၍ အဓိပ္ပါယ်တူသော်လည်း ပါဠိသဒ္ဒါ ကွဲပြားသော တရားတော်အချို့ကို အခါအားလျော်စွာ ဟောကြားတော်မူ၏။

ဥပမာအားဖြင့်... အချို့ပုဂ္ဂိုလ်သည် "အနန္တရပစ္စည်း" ကို ဟောရုံမျှဖြင့် သဘောပေါက်၏။ အချို့ပုဂ္ဂိုလ်ကား "သမနန္တရပစ္စည်း" ကို ဆက်ဟောပြမှ သဘောကျ၏။

ထိုပစ္စည်းတို့သည် အရကောက်တူသော်လည်း သတ္တိချင်းကား ကွဲပြားကြ၏။ ယင်းပစ္စည်း တို့၏ သတ္တိများကို ရှေးပညာရှိတို့သည် ခက်ခဲနက်နဲစွာ ဖော်ပြကြ၏။ မည်သို့ပင်ဖြစ်စေ သဘော တရား တစ်မျိုးကို လူအများက နားလည်နိုင်သည့် ဝေါဟာရနှစ်မျိုး သုံးမျိုး လေးမျိုး စသည်ဖြင့် ပြောဆိုဟောကြားလျှင် ထိုသဘောတရား၊ ထိုသဘောတရား၏ အဓိပ္ပါယ် အတိအကျ အပြည့်အစုံ ကို သေချာစွာ နားလည်နိုင်စေဖို့အတွက် များစွာအထောက်အကူ ကျေးဇူးပြု၏။

## ❀ "ဟာကွက် ပျော့ကွက်" မရှိသည့်တရား ❀

သိမ်မွေ့ခက်ခဲနက်နဲလှသော အဘိဓမ္မာတရားတော်တို့ကို အဓိပ္ပါယ်ဆင်တူဝေါဟာရများစွာ တို့ဖြင့် တန်ဆာဆင်ပြီး အဘိဓမ္မပိဋကတ၌ ဟောတော်မူ၏။ အဓိပ္ပါယ်ထပ်ဆင့် ရှင်းပြသကဲ့သို့ ရှိသဖြင့် အဓိပ္ပါယ်ရင်း အဓိပ္ပါယ်မှန်ကို တိကျစွာ သိနိုင်ရေး၌ များစွာအထောက်အကူပြု၏။

ထို့ကြောင့် အဘိဓမ္မာတရားတော်ကို ဟောကြားထားမှုမှာ ဆင်ခြေဆင်လက်တို့ဖြင့် ချေဖျက်၍ မရနိုင်အောင် ဟာကွက် ပျော့ကွက်များမရှိ၊ အဖက်ဖက်တွင် ပြည့်စုံခိုင်လုံပြီး အလွန်ပင် တိကျ၏။

## ❀ လေ့လာရခြင်း အကျိုး ❀

ရှေးရှေးနာမ်တရား အဟောင်းအဟောင်းတို့သည် နောက်နောက်နာမ်တရား အသစ်အသစ် တို့အား အနမတဂ္ဂသံသရာမှစ၍ နိဗ္ဗာန်သို့ စံဝင်သည့်တိုင်အောင် "မြစ်ရေအလျဉ်ကဲ့သို့" ၄င်း၊

“ဆီမီးအလျှံကဲ့သို့”ငှင်း၊ စက်ဘီးကဲ့သို့”ငှင်း ... ခဏမခြား မရပ်မနားဖြစ်နေကြစေဖို့ အနန္တရသတ္တိ၊ သမနန္တရသတ္တိ၊ နတ္ထိသတ္တိ၊ ဝိဂတသတ္တိ တို့ဖြင့် ကျေးဇူးပြုနေကြ၏။

ဤပစ္စည်းလေးပါးတို့ကို ကောင်းစွာလေ့လာသဘောပေါက်ကြလျှင် နာမ်တရားတို့၏ ထူးဆန်းအံ့ဩဖွယ် ဖြစ်စဉ်သဘောသဘာဝများကို သေချာနားလည်နိုင်ကြမည်။

ပဋ္ဌာန်းဒေသနာတော်သည် သဘာဝတရားများ၏ အကြောင်းအကျိုးဆက်စပ်မှုကို ဟောကြားတော်မူခြင်းဖြစ်၏။ သဘောဝတရားများကို နားလည်သဘောပေါက်လျှင် အယူဝါဒ မှားယွင်းခြင်းက လွတ်မြောက်နိုင်၏။

မှန်ကန်သည့် အယူအဆရှိသဖြင့် “ဒိဋ္ဌိဝိသုဒ္ဓိ”ပညာဖြစ်နိုင်၏။ သက်ရှိသက်မဲ့ အရာ အားလုံးတို့သည် အကြောင်းအကျိုး ဆက်စပ်ဖြစ်နေ၏ဟု နားလည်နေလျှင် သံသယတွေအားလုံး ကို ကျော်လွှန်နိုင်ပါ၏။ “ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်”ဖြစ်၏။

အကြောင်းအကျိုး ဆက်စပ်နေသည့် သဘာဝတရားများကို “ဘာဝနာမယဉာဏ်”ဖြင့် မမြင်နိုင်သေးရင် သံသယတရားတွေက မိမိတို့စိတ်ထဲ၌ ရှိနေအုံးမည်။ အယူအဆမှားများ သံသယများမှ လွတ်မြောက်ကြဖို့ ကိုယ့်အားကိုယ်ကိုးပြီး ကြိုးစားအားထုတ်ကြမှသာ “ပညာဝိသုဒ္ဓိ” စခန်းသို့ ရောက်နိုင်၏။

◈ ◈ ◈ ◈ ◈ ◈

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဝိဂတပစ္စယေန ပစ္စယော။
ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ ဝိဂတပစ္စယေန ပစ္စယော။ (သံခိတ္တံ)

(ပဉာဝါရ၊ ၁၆၃)

◈ ◈ ◈ ◈ ◈ ◈

# ပဋ္ဌာန်း ၂၄ ပစ္စည်း

## ❁ အုပ်စုကြီး (၉) မျိုး ❁

ပဋ္ဌာန်း (၂၄)ပစ္စည်းတို့ကို အခြေခံသဘောလက္ခဏာ အမျိုးအစားတူရာပေါင်း၍ အုပ်စုကြီး (၉)မျိုး ရှိကြ၏။

၁။ သဟဇာတမျိုး

၂။ အာရမ္မဏမျိုး

၃။ အနန္တရမျိုး

၄။ ပကတူပနိဿယမျိုး

၅။ ဝတ္ထုပုရေဇာတမျိုး

၆။ ပစ္ဆာဇာတမျိုး

၇။ နာနက္ခဏိကကမ္မမျိုး

၈။ ရူပအာဟာရမျိုး

၉။ ရူပဇီဝိတိန္ဒြိယမျိုး

(၁) **သဟဇာတမျိုး (၁၅) ပါး**

(က) **သဟဇာတငယ် (၇) ပါး**

၁။ ဟေတု
၂။ သဟဇာတာဓိပတိ
၃။ သဟဇာတကမ္မ
၄။ နာမ်အဟာရ
၅။ သဟဇာတိန္ဒြိယ
၆။ ဈာန
၇။ မဂ္ဂ

(ခ) **သဟဇာတလတ် (၄)ပါး**

၈။ အညမည
၉။ ဝိပါက
၁၀။ သမ္ပယုတ္တ
၁၁။ သဟဇာတဝိပ္ပယုတ္တ

(ဂ) **သဟဇာတကြီး (၄) ပါး**

၁၂။ သဟဇာတ
၁၃။ သဟဇာတနိဿယ
၁၄။ သဟဇာတတ္ထိ
၁၅။ သဟဇာတအဝိဂတ

(၂) **အာရမ္မဏမျိုး (၁၁) ပါး**

(က) **အာရမ္မဏမျိုး (၆) ပါး**

၁။ အာရမ္မဏ
၂။ အာရမ္မဏာဓိပတိ
၃။ အာရမ္မဏူပနိဿယ
၄။ အာရမ္မဏပုရေဇာတ
၅။ အာရမ္မဏပုရေဇာတတ္ထိ
၆။ အာရမ္မဏပုရေဇာတအဝိဂတ

(ခ) **ဝတ္ထာရမ္မဏမျိုး (၅) ပါး**

၇။ ဝတ္ထာရမ္မဏပုရေဇာတ
၈။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ
၉။ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ
၁၀။ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ
၁၁။ ဝတ္ထာရမ္မဏပုရေဇာတအဝိဂတ

**မှတ်ချက်** 🗎 အချို့မှူ၌ အာရမ္မဏမျိုး (၈) ပါးသာရှိ၏။

ဝတ္ထာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ၊

ဝတ္ထာရမ္မဏပုရေဇာတအဝိဂတ → ပစ္စည်း (၃)ပါးတို့သည်

ဝတ္ထာရမ္မဏပုရေဇာတနိဿယ နှင့် လုံးဝတူသဖြင့် အမည်မျှပင်

ထည့်သွင်းဖော်မပြခြင်းဖြစ်၍ အာရမ္မဏမျိုး (၈)ပါးသာရှိ၏။

(၃) **အနန္တရမျိုး (၇) ပါး**

| | |
|---|---|
| ၁။ အနန္တရ | ၂။ သမနန္တရ |
| ၃။ အနန္တရူပနိဿယ | ၄။ အာသေဝန |
| ၅။ အနန္တရကမ္မ | ၆။ နတ္ထိ |
| ၇။ ဝိဂတ | |

**မှတ်ချက်** 🗎 အချို့မှူမှာ အနန္တရကမ္မသည် နာနက္ခဏိကကမ္မထဲ၌ ပါဝင်နေ၍ ယင်းကို သီးခြားမဖော်ပြသောကြောင့် အနန္တရမျိုး (၆) ပါး သာ ရှိ၏။

(၄) **ပကတူပနိဿယမျိုး (၂) ပါး**

၁။ (သုဒ္ဓ) ပကတူပနိဿယ၊ (မိဿက) ပကတူပနိဿယ

၂။ ဗလဝနာနက္ခဏိကကမ္မ

(၅) **ဝတ္ထုပုရေဇာတမျိုး (၆) ပါး**

| | |
|---|---|
| ၁။ ဝတ္ထုပုရေဇာတနိဿယ | ၂။ ဝတ္ထုပုရေဇာတ |
| ၃။ ဝတ္ထုပုရေဇာတိန္ဒြိယ | ၄။ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ |
| ၅။ ဝတ္ထုပုရေဇာတတ္ထိ | ၆။ ဝတ္ထုပုရေဇာတအဝိဂတ |

(၆) **ပစ္ဆာဇာတမျိုး (၄) ပါး**

| | |
|---|---|
| ၁။ ပစ္ဆာဇာတ | ၂။ ပစ္ဆာဇာတဝိပ္ပယုတ္တ |
| ၃။ ပစ္ဆာဇာတတ္ထိ | ၄။ ပစ္ဆာဇာတအဝိဂတ |

(၇) **နာနက္ခဏိက ကမ္မမျိုး (၁) ပါး**

၁။ (ဗလ၀) (ဒုဗ္ဗလ) နာနက္ခဏိက ကမ္မ

(၈) **ရူပအာဟာရမျိုး (၃) ပါး**

၁။ ရူပအာဟာရ

၂။ ရူပအာဟာရ အဝိဂတ

၃။ ရူပအာဟာရတ္ထိ

(၉) **ရူပဇီဝိတိန္ဒြိယမျိုး (၃) ပါး**

၁။ ရူပဇီဝိတိန္ဒြိယ

၂။ ရူပဇီဝိတိန္ဒြိယတ္ထိ

၃။ ရူပဇီဝိတိန္ဒြိယ အဝိဂတ

## ❁ ကျေးဇူးပြုသောသတ္တိများ ❁

ပစ္စည်း (၂၄) ပါးတို့တွင် ပါဝင်သော စွမ်းအင်သတ္တိတို့သည်

(၁) နာမ်ပရမတ်တရား

(၂) ရုပ်ပရမတ်တရား

(၃) ပညတ်တရား ... ဟု (၃)မျိုးတို့သာရှိကြ၏။

ထို့ကြောင့် မည်သည့် စွမ်းအင်သတ္တိကို ကြည့်လျှင် ဖြစ်ဖြစ်

- ရုပ်တရားဖြင့် ကျေးဇူးပြုသောသတ္တိ
- နာမ်တရားဖြင့် ကျေးဇူးပြုသောသတ္တိ
- ရုပ်နာမ်၊ နာမ်ရုပ် ပေါင်း၍ ကျေးဇူးပြုသောသတ္တိ
- ပညတ် နာမ် ရုပ် ပေါင်း၍ ကျေးဇူးပြုသောသတ္တိများကို တွေ့ကြရမည်ဖြစ်၏။

## ❀ (၆)ရာသီ ဝေဖန်ခြင်း ❀

| အစဥ် | ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စယသတ္တိ | သင်္ချာ |
|---|---|---|---|---|
| ၁ | နာမ် (စိတ်၊ စေ) | နာမ် (စိတ်၊ စေ) | အနန္တရ၊ သမနန္တရ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ | ၆ |
| ၂ | နာမ် (စေ) | နာမ် (စိတ်၊စေ) ရုပ် | ဟေတု၊ ကမ္မ၊ ဝိပါက၊ ဈာန၊ မဂ္ဂ | ၅ |
| ၃ | နာမ် (စိတ်၊ စေ) | ရုပ် | ပစ္ဆာဇာတ | ၁ |
| ၄ | ရုပ် | နာမ် | ပုရေဇာတ | ၁ |
| ၅ | ပညတ်<br>နာမ် (စိတ်၊စေ၊နိဗ္ဗာန်)<br>ရုပ် | နာမ် | အာရမ္မဏ၊ ဥပနိဿယ | ၂ |
| ၆ | နာမ် (စိတ်၊ စေ) / ရုပ် | နာမ်ရုပ် | အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ | ၉ |

**မှတ်ချက်** 🗎 ပစ္စယနိဒ္ဒေသတွင်… ဝိပါကပစ္စည်း၌ နာမ်တရားသည် နာမ်တရားအား ကျေးဇူးပြုခြင်းကို ဟောထားသော်လည်း

🗎 ပဥှာဝါရတွင်… ဝိပါကပစ္စည်း၌ နာမ်တရားသည် နာမ်ရုပ်တရားတို့အား ကျေးဇူးပြုခြင်းကို ဟောထားတော်မူ၏။

## ❁ နာမ်ပစ္စည်း၊ ရုပ်ပစ္စည်း၊ နာမ်ရုပ်ပစ္စည်း (၃) မျိုးခွဲခြင်း ❁

ပဋ္ဌာန်းတရားတော်၌...

(က) နာမ်သက်သက်ပစ္စည်း (၂၃) ပါး

(ခ) ရုပ်သက်သက်ပစ္စည်း (၂၀) ပါး

(ဂ) ရုပ်နာမ်နှစ်ပါးပစ္စည်း (၉) ပါး

(က) **နာမ်သက်သက်ပစ္စည်း (၂၃) ပါး**

၁။ ဟေတု

၂။ သဟဇာတာဓိပတိ

၃။ အနန္တရ

၄။ သမနန္တရ

၅။ အနန္တရူပနိဿယ

၆။ ပစ္ဆာဇာတ

၇။ အာသေဝန

၈။ သဟဇာတကမ္မ

၉။ အနန္တရကမ္မ

၁၀။ ပကတူပနိဿယကမ္မ

၁၁။ နာနက္ခဏိကကမ္မ

၁၂။ ဝိပါက

၁၃။ နာမ်အာဟာရ

၁၄။ သဟဇာတိန္ဒြိယ

၁၅။ ဈာန

၁၆။ မဂ္ဂ

၁၇။ သမ္ပယုတ္တ

၁၈။ သဟဇာတဝိပ္ပယုတ္တ

၁၉။ ပစ္ဆာဇာတဝိပ္ပယုတ္တ

၂၀။ ပစ္ဆာဇာတတ္ထိ

၂၁။ နတ္ထိ

၂၂။ ဝိဂတ

၂၃။ ပစ္ဆာဇာတအဝိဂတ

(ခ) **ရုပ်သက်သက်ပစ္စည်း (၂၀) ပါး**

၁။ ဝတ္ထုပုရေဇာတနိဿယ
၂။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ
၃။ အာရမ္မဏပုရေဇာတ
၄။ ဝတ္ထုပုရေဇာတ
၅။ ဝတ္ထာရမ္မဏပုရေဇာတ
၆။ ရုပ်အာဟာရ
၇။ ပုရေဇာတိန္ဒြိယ
၈။ ရူပဇီဝိတိန္ဒြိယ
၉။ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ
၁၀။ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ
၁၁။ အာရမ္မဏပုရေဇာတတ္ထိ
၁၂။ ဝတ္ထုပုရေဇာတတ္ထိ
၁၃။ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ
၁၄။ ရုပ်အာဟာရတ္ထိ
၁၅။ ရူပဇီဝိတိန္ဒြိယတ္ထိ
၁၆။ အာရမ္မဏပုရေဇာတအဝိဂတ
၁၇။ ဝတ္ထုပုရေဇာတအဝိဂတ
၁၈။ ရူပဇီဝိတိန္ဒြိယအဝိဂတ
၁၉။ ရုပ်အာဟာရအဝိဂတ

(ဂ) **ရုပ်နာမ်နှစ်ပါးပစ္စည်း (၉) ပါး**

၁။ အာရမ္မဏ
၂။ အာရမ္မဏာဓိပတိ
၃။ သဟဇာတ
၄။ အညမည
၅။ သဟဇာတနိဿယ
၆။ အာရမ္မဏူပနိဿယ
၇။ ပကတူပနိဿယ
၈။ သဟဇာတတ္ထိ
၉။ သဟဇာတအဝိဂတ

## ❀ စွမ်းအင်သတ္တိ (၂၄) ပါးတို့ကို စွမ်းအင်သတ္တိ (၄) ပါးဖြင့် ချုံ့ပြခြင်း ❀

စွမ်းအင်သတ္တိ (၂၄) ပါး တို့ကို သဘောတူရာ ပေါင်းထည့်လျှင်...

(၁) အာရမ္မဏသတတ္တိ (၂) ဥပနိဿယသတ္တိ

(၃) ကမ္မသတ္တိ (၄) အတ္ထိသတ္တိ

ဟု စွမ်းအင်သတ္တိ (၄) ပါး သာရှိ၏ဟူ၍ " အဘိဓမ္မတ္ထသင်္ဂဟ" ၌ မိန့်၏။

(၁) " **အာရမ္မဏသတ္တိ**" ၌ အာရမ္မဏမျိုး (၈)ပါး [အာရမ္မဏမျိုး (၁၁) မျိုး] ပါဝင်၏။ ပရမတ် ပညတ် ပစ္စည်း တရားဟူသမျှသည် စိတ်စေတသိက်တို့၏ အာရုံများသာဖြစ်၏။

- ➢ အာရုံမှလွတ်သော တရားမရှိသောကြောင့် စွမ်းအင်သတ္တိအားလုံးသည် " အာရမ္မဏ သတ္တိ" ၌ အကျုံးဝင်၏။ (ဋီကာကျော်၊ ၂၅၂)

(၂) " **ဥပနိဿယသတ္တိ**" ၌ အနန္တရမျိုးသည် အနန္တရူပနိဿယမျိုး အဖြစ်ဖြင့်၎င်း၊ ပကတူပ နိဿယမျိုးသည် ပကတူပနိဿယမျိုးအဖြစ်ဖြင့်၎င်း (၉)မျိုး ပါဝင်၏။

- ➢ မိမိတို့ဆိုင်ရာ အကျိုးပစ္စယုပ္ပန်တရားတို့၏ အားကြီးသောမှီရာ အကြောင်းတရား များသာဖြစ်သောကြောင့် စွမ်းအင်သတ္တိအားလုံးသည် " ဥပနိဿယသတ္တိ" ၌ အကျုံးဝင်၏။ (ဋီကာကျော်)

(၃) " **ကမ္မသတ္တိ**" ၌ ဗလဝကံ, ဒုဗ္ဗလကံဖြစ်သော နာနက္ခဏိကကမ္မတို့ ပါဝင်၏။

- ➢ သင်္ခါရလောက၏ဖြစ်ပျက်နေမှုသည် ကံသာအကြောင်းရှိသောကြောင့် စွမ်းအင် သတ္တိအားလုံးသည် " ကမ္မသတ္တိ" ၌ အကျုံးဝင်၏။ (ဋီကာကျော်)

(၄) " **အတ္ထိသတ္တိ**" ၌ သဟဇာတမျိုးသည် သဟဇာတတ္တိအဖြစ်ဖြင့်၎င်း၊ ဝတ္ထုပုရေဇာတမျိုး သည် သဟဇာတတ္တိအဖြစ်ဖြင့်၎င်း၊ ရုပ်အာဟာရမျိုးသည် ရူပအာဟာရတ္ထိ အဖြစ်ဖြင့်၎င်း၊ ရူပဇီဝိတိန္ဒြိယ မျိုးသည် ရူပဇီဝိတိန္ဒြိယသတ္တိအဖြစ်ဖြင့်၎င်း ပါဝင်၏။

- ➢ ပစ္စည်းတရားအားလုံးသည် ပရမတ္ထအားဖြင့်၎င်း၊ ပညတ်အားဖြင့်၎င်း ထင်ရှားရှိ သည် သာဖြစ်သောကြောင့် " အတ္ထိသတ္တိ" ၌ အကျုံးဝင်၏။ (ဋီကာကျော်၊ ၂၅၂)

## ❁ စွမ်းအင်သတ္တိ (၂၄) ပါး တို့ကို ကာလ (၃) ပါး ဖြင့်ဝေဖန်ခြင်း ❁

(၁) ပစ္စုပ္ပန်ဖြစ်၍ ကျေးဇူးပြုသော စွမ်းအင်သတ္တိ (၁၅)ပါး

(၂) အတိတ်ဖြစ်၍ ကျေးဇူးပြုသော စွမ်းအင်သတ္တိ (၅)ပါး

(၃) ပစ္စုပ္ပန် အတိတ် ဖြစ်၍ ကျေးဇူးပြုသော စွမ်းအင်သတ္တိ (၁)ပါး

(၄) တေကာလိက နှင့် ကာလဝိမုတ် ဖြစ်၍ ကျေးဇူးပြုသော စွမ်းအင်သတ္တိ (၃)ပါး

ဟူ၍ စွမ်းအင်သတ္တိ (၂၄) ပါးတို့ကို လေးမျိုးဖြင့် ခွဲခြားဝေဖန်ကြ၏။

### ◆ ပစ္စုပ္ပန်ဖြစ်၍ ကျေးဇူးပြုသော စွမ်းအင်သတ္တိ (၁၅) ပါး ◆

| | | |
|---|---|---|
| ၁။ ဟေတု | ၂။ သဟဇာတ | ၃။ အညအည |
| ၄။ နိဿယ | ၅။ ပုရေဇာတ | ၆။ ပစ္ဆာဇာတ |
| ၇။ ဝိပါက | ၈။ အာဟာရ | ၉။ ဣန္ဒြိယ |
| ၁၀။ ဈာန | ၁၁။ မဂ္ဂ | ၁၂။ သမ္ပယုတ္တ |
| ၁၃။ ဝိပ္ပယုတ္တ | ၁၄။ အတ္ထိ | ၁၅။ အဝိဂတ |

### ◆ အတိတ်ဖြစ်၍ ကျေးဇူးပြုသော စွမ်းအင်သတ္တိ (၅) ပါး ◆

| | | |
|---|---|---|
| ၁။ အနန္တရ | ၂။ သမနန္တရ | ၃။ အာသေဝန |
| ၄။ နတ္ထိ | ၅။ ဝိဂတ | |

### ◆ အတိတ်ပစ္စုပ္ပန် ဖြစ်၍ ကျေးဇူးပြုသော စွမ်းအင်သတ္တိ (၁) ပါး ◆

"ကမ္မသတ္တိ" သည် "သဟဇာတကမ္မ" ၊ "နာနက္ခဏိကကမ္မ" ဟု နှစ်မျိုးရှိ၏။ ထိုတွင်...

- ➢ "သဟဇာတကမ္မ" သည် ထင်ရှားရှိဆဲ ပစ္စုပ္ပန်အခိုက်၌ ကျေးဇူးပြု၏။
- ➢ "နာနက္ခဏိကကမ္မ" သည် လွန်ပြီးသောအတိတ်ဖြစ်၍ ကျေးဇူးပြု၏။

### ◆ "တေကာလိက"နှင့်"ကာလလဝိမုတ်"ဖြစ်၍ ကျေးဇူးပြုသော စွမ်းအင်သတ္တိ(၃)ပါး ◆

"အာရမ္မဏသတ္တိ" ၌...

- စိတ်၊ စေတသိက်၊ ရုပ် ဟူသော အာရုံ (၆) ပါး တို့သည် "ကာလသုံးပါး" (တေကာလိက) ဖြစ်၍ ကျေးဇူးပြု၏။
- နိဗ္ဗာန်၊ ပညတ် တို့သည် "ကာလဝိမုတ်" ဖြစ်၍ ကျေးဇူးပြုကြ၏။

"အဓိပတိသတ္တိ" ၌...

- "သဟဇာတာဓိပတိ" သည် "ပစ္စုပ္ပန်" ဖြစ်၍ ကျေးဇူးပြု၏။
- "အာရမ္မဏာဓိပတိ" တွင် နိဗ္ဗာန်သည် "ကာလဝိမုတ်" ဖြစ်၍ ကျေးဇူးပြု၏။
- ကျန်တရားများသည် "ကာလသုံးပါး" ဖြစ်၍ ကျေးဇူးပြု၏။

"ဥပနိဿယသတ္တိ" ၌...

- "အာရမ္မဏူပနိဿယ" သည် "အာရမ္မဏာဓိပတိ" ကဲ့သို့ "ကာလဝိမုတ်" "တေကာလိက" ဖြစ်၍ ကျေးဇူးပြု၏။
- "အနန္တရူပနိဿယ" သည် "အတိတ်" ဖြစ်၍ ကျေးဇူးပြု၏။
- "ပကတူပနိဿယ" တွင်
  - (နိဗ္ဗာန်) ပညတ် သည် "ကာလဝိမုတ်" ၊
  - ကျန်တရားများသည် "တေကာလိက" ဖြစ်၍ ကျေးဇူးပြု၏။

## ❀ (၂၄) ပစ္စည်းကို သတ္တိသုံးပါးဖြင့် ဝေဖန်ခြင်း ❀

(၂၄) ပစ္စည်းတို့တွင်...

- အချို့သည် "ဇနကသတ္တိ" ရှိကြ၏။
- အချို့မှာ "ဥပတ္ထမ္ဘကသတ္တိ" ရှိကြ၏။
- အချို့သည်ကား "ဇနကသတ္တိ ၊ ဥပတ္ထမ္ဘကသတ္တိ" နှစ်မျိုးလုံးရှိကြ၏။

❖ "**ဇနကသတ္တိ**" ဟူသည်... ပစ္စယုပ္ပန်တရားများကို

- ဥပါဒ်ခဏ၌ ဖြစ်ပေါ်စေအောင်သာ ကျေးဇူးပြုနိုင်၏။
- ဌီအခိုက်အတန့်၌ တည်တံ့အောင် ကျေးဇူးမပြုနိုင်။

❖ "**ဥပတ္ထမ္ဘကသတ္တိ**" ဟူသည်မှာ... ပစ္စယုပ္ပန်တရားတို့အား

- မိမိကိုယ်တိုင် ဖြစ်ပေါ်လာစေအောင် ကျေးဇူးမပြုနိုင်ဘဲ ဆိုင်ရာအကြောင်းတို့ကြောင့် ဖြစ်ပေါ်လာပြီးသော တရားစုကို ဌီအခိုက် ၊ ဘင်အခိုက်တို့၌ တည်တံ့အောင် ထောက်ပံ့ နိုင်သောသတ္တိမျိုး ဖြစ်၏။

❖ "**ဇနကသတ္တိ ၊ ဥပတ္ထမ္ဘကသတ္တိ**" တို့ဟူသည် ပစ္စယုပ္ပန်တရားတို့အား

- ဖြစ်ပေါ်လာအောင်လည်း "ဇနကသတ္တိ" ဖြင့် ကျေးဇူးပြုနိုင်သကဲ့သို့၊
- တည်တံ့အောင်လည်း "ဥပတ္ထမ္ဘကသတ္တိ" ဖြင့် ကျေးဇူးပြုနိုင်၏။

## ◆ "ဇနကသတ္တိ" ရှိသော (၅) ပစ္စည်း ◆

| | | |
|---|---|---|
| ၁။ အနန္တရ | ၂။ သမနန္တရ | ၃။ အာသေဝန |
| ၄။ နတ္ထိ | ၅။ ဝိဂတ | |

## ◆ "ဥပတ္ထမ္ဘကသတ္တိ" ရှိသော (၁) ပစ္စည်း ◆

၁။ ပစ္ဆာဇာတ

## ◆ "ဇနကသတ္တိ ၊ ဥပတ္ထမ္ဘကသတ္တိ" နှစ်မျိုးရှိသော (၁၈) ပစ္စည်း ◆

| | | |
|---|---|---|
| ၁။ ဟေတု | ၂။ အာရမ္မဏ | ၃။ အဓိပတိ |
| ၄။ သဟဇာတ | ၅။ အညမည | ၆။ နိဿယ |
| ၇။ ဥပနိဿယ | ၈။ ပုရေဇာတ | ၉။ ကမ္မ |
| ၁၀။ ဝိပါက | ၁၁။ အာဟာရ | ၁၂။ ဣန္ဒြိယ |
| ၁၃။ ဈာန | ၁၄။ မဂ္ဂ | ၁၅။ သမ္ပယုတ္တ |
| ၁၆။ ဝိပ္ပယုတ္တ | ၁၇။ အတ္ထိ | ၁၈။ အဝိဂတ |

## ❀ (၂၄) ပစ္စည်းကို ဘုံသုံးမျိုးဖြင့် ဝေဖန်ခြင်း ❀

(၁) **ပဉ္စဝေါကာရဘုံ**

ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးရှိသော ပဉ္စဝေါကာရဘုံ၌ (၂၄)ပစ္စည်းလုံးကိုရ၏။ ပစ္စည်းတရားက ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုနိုင်၏။ ပစ္စည်းတရားက ကျေးဇူးပြုပေးသည့် ပစ္စယုပ္ပန်တရားစုတို့ ဖြစ်နိုင်၏။

(၂) **စတုဝေါကာရဘုံ**

နာမ်ခန္ဓာလေးပါးသာရှိသော စတုဝေါကာရဘုံ၌ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ ပစ္စည်းသုံးမျိုးတို့မရနိုင်၊ ကျန်သော(၂၁)ပစ္စည်းတို့သာ ရနိုင်၏။

ပစ္စည်းတရားက ကျေးဇူးပြုပေးသည့် ပစ္စယုပ္ပန်တရားတို့ဖြစ်နိုင်၏။ ထိုမရသည့် ပစ္စည်းသုံးမျိုးတို့၌ ပစ္စည်းတရားမှာဖြစ်စေ၊ ပစ္စယုပ္ပန်တရားမှာဖြစ်စေ ရုပ်တရားပါဝင်နေသောကြောင့် ဖြစ်၏။

(၃) **ဧကဝေါကာရဘုံ**

ရုပ်ခန္ဓာတစ်ပါးတည်းသာရှိသော ဧကဝေါကာရဘုံ၌ သဟဇာတ၊ အညမည၊ နိဿယ၊ နာနက္ခဏိကကမ္မ၊ ရူပဇီဝိန္ဒြိယ၊ အတ္ထိ၊ အဝိဂတပစ္စည်း (၇)မျိုးသာရနိုင်၏။ ထိုပစ္စည်းတို့၌ ပစ္စည်း၊ ပစ္စယုပ္ပန် နှစ်မျိုးလုံးမှာ ပစ္စယုပ္ပန်အနေဖြင့် ရုပ်တရား ပါဝင်သောကြောင့်ဖြစ်၏။

**မှတ်ချက်** 🗎 "နာနက္ခဏိကကမ္မ" ၌ ပစ္စည်းနာမ်တရားသည် အတိတ်ဖြစ်ပြီး၊ ပစ္စယုပ္ပန်၌ ရုပ်ပါသောကြောင့် ရခြင်းဖြစ်၏။

🗎 ဗဟိဒ္ဓဥတုဇရုပ်များ၌ သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ပစ္စည်း ငါးမျိုးသာရနိုင်၏။ သစ်ပင်တောတောင်စသည့် သက်မဲ့လည်းဖြစ်၊ ကံကြောင့် မဟုတ်ဘဲ ရုပ်သဘာဝတရားအရ ဖြစ်ကြရသော အရာတို့၌ပါရှိသော ရုပ်ကလာပ်တို့မှာ မဟာဘုတ်ရုပ်တို့က အချင်းချင်းအားရင်း၊ ဥပါဒါရုပ်တို့အားရင်း ကျေးဇူးပြု ခြင်းကို သိနိုင်၏။

## ❀ (၂၄) ပစ္စည်းတို့ကို သန္တာန်နှစ်ပါးဖြင့် ဝေဖန်ခြင်း ❀

### ◆ "အဇ္ဈတ္တသန္တာန်" ၊ "ဗဟိဒ္ဓသန္တာန်" နှစ်ပါးလုံးဖြစ်သော ပစ္စည်း (၁၀) ပါး ◆

| | | |
|---|---|---|
| ၁။ အာရမ္မဏ | ၂။ အဓိပတိ | ၃။ သဟဇာတ |
| ၄။ အညမည | ၅။ နိဿယ | ၆။ ဥပနိဿယ |
| ၇။ ပုရေဇာတ | ၈။ အာဟာရ | ၉။ အတ္ထိ |
| ၁၀။ အဝိဂတ | | |

### ◆ "အဇ္ဈတ္တသန္တာန်" ၌သာဖြစ်သော ပစ္စည်း (၁၄) ပါး ◆

ကျန်သော ပစ္စည်း (၁၄) ပါး ဖြစ်၏။

## ❀ (၂၄) ပစ္စည်း တို့ကို "သင်္ခတ" ၊ "အသင်္ခတ" ဝေဖန်ခြင်း ❀

### ◆ "သင်္ခတ" ၊ "အသင်္ခတ" ဖြစ်သော ပစ္စည်း (၃) ပါး ◆

| | | |
|---|---|---|
| ၁။ အာရမ္မဏ | ၂။ အဓိပတိ | ၃။ ဥပနိဿယ |

### ◆ "သင်္ခတ" သာဖြစ်သော ပစ္စည်း (၂၁) ပါး ◆

ကျန်သောပစ္စည်း (၂၁) ပါး ဖြစ်၏။

## ❀ ယုဂနဒ္ဓ = အစုံဖြစ်သောပစ္စည်းများ ❀

၁။ "အနန္တရ" နှင့် "သမနန္တရ" တို့သည်...

- ➢ အဓိပ္ပါယ်အနက်တူ ပါဠိကွဲသော အစုံပစ္စည်းတို့ဖြစ်ကြ၏။

၂။ "နိဿယ" နှင့် "ဥပနိဿယ" တို့သည်...

- ➢ ပါဠိတူ အဓိပ္ပါယ်အနက်ကွဲ အစုံပစ္စည်းတို့ဖြစ်ကြ၏။

၃။ "ပုရေဇာတ" နှင့် "ပစ္ဆာဇာတ" တို့သည်...

- ➢ ကာလဆန့်ကျင်ဘက် အစုံပစ္စည်းတို့ဖြစ်ကြ၏။

၄။ "သမ္ပယုတ္တ" နှင့် "ဝိပ္ပယုတ္တ" ၊ "အတ္ထိ" နှင့် "နတ္ထိ" ၊ "ဝိဂတ" နှင့် "အဝိဂတ" တို့သည်...

➢ အချင်းချင်းဆန့်ကျင်ဘက် အစုံပစ္စည်းတို့ဖြစ်ကြ၏။

၅။ "ကမ္မ" နှင့် "ဝိပါက" တို့သည်...

➢ အကြောင်းအကျိုး အစုံပစ္စည်းတို့ဖြစ်ကြ၏။

## ❀ အဘိဓမ္မာတရားတော်၏ အနှစ်သာရ ❀

အဘိဓမ္မာတရားတော်၏ အနှစ်သာရသည်...

- ❖ နာမရူပပရိစ္ဆေဒဉာဏ်
- ❖ ပစ္စယပရိဂ္ဂဟဉာဏ်
- ❖ ယထာဘူတဉာဏ်
- ❖ ဓမ္မဋ္ဌိတိဉာဏ်
- ❖ သမ္မာဒဿနဉာဏ်

များကို သိမြင်ဖို့ ဖြစ်၏။

"**ယထာဘူတဉာဏ်**" ဟူသည်...

◆ ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်ဖြစ်၏။

"**ဓမ္မဋ္ဌိတိဉာဏ်**" ဟူသည်...

◆ ရုပ်နာမ်တရားတို့၏ တည်ကြောင်းတရားကို သိသောဉာဏ်ဖြစ်၏။

"**သမ္မာဒဿနဉာဏ်**" ဟူသည်...

◆ မဖောက်မပြန် မှန်စွာသိသောဉာဏ်ဖြစ်၏။

"**ယထာဘူတဉာဏ်**" ၊ "**ဓမ္မဋ္ဌိတိဉာဏ်**" ၊ "**သမ္မာဒဿနဉာဏ်**" တို့သည်...
"**ကင်္ခါဝိတရဏဉာဏ်**" ၏ အမည်တို့သာ ဖြစ်ကြ၏။

# ဆုတောင်းပတ္ထနာ

ဤကုသလ မြတ်ပုညကြောင့် မဂ္ဂဖလ ရပါစေ။

ဓမ္မရတနာ ဤကမ္ဘာ မှန်စွာဖြန့်နိုင်စေ။

စကြာဝဠာ တိုင်အောင်သာ မှန်စွာဖြန့်နိုင်စေ။

သတ္တဝါမှန်သမျှ တရားရ ဒုက္ခပေါင်းမှ လွတ်ပါစေ။

ဤကုသလ ဖို့ဘာဂ မိဘဆရာ ရပါစေ။

သတ္တဝါများစွာ နတ်ဗြဟ္မာ မှန်စွာရပါစေ။

သတ္တဝါအားလုံး စိတ်နှလုံး ရွှင်ပြုံးချမ်းသာကြပါစေ။

ဦးဃောသိတာဘိဝံသ

မေတ္တာနန္ဒဝိဟာရ ဆရာတော်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၃)ရက်။

ဓမ္မဒါနအလှူရှင်

နှစ်ဖက်သော မိဘများအား အမှူးထား၍

ကိုအောင်သန်း + မသွယ်ဇင်စိုး

သား Ryan မောင် မိသားစု